၁ ၉၄၉

ငါးရာ့ငါးဆယ်

နိပါတ်တော်စကားပြေ

ဆဋ္ဌမတွဲ

{ သတ္တကနိပါတ် ပဏ္ဏကဇာတ်မှ-ဒသကနိပါတ်
ဃဋပဏ္ဍိတဇာတ် အထိ၊ ဇာတ်ပေါင်း ၅၄။ }

မဟာပညာဗလ-ပဌမကျော်ဦးကြီးဖေ
ရေးသားစီရင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈
H 382—A [ဟံသာဝတီ]

နိဒါန်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ သူတော် ကောင်း ဘုရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။

နိပါတ်တော်

ငါးရာ့ငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရား ဟော ကြားတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ တွင် ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်အဝင်အပါ ပါဠိဇာတ် ပါဠိတော်ပင် ဖြစ်ပါသည်၊ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး အခဏ်းပေါင်း နှစ်ဆယ့်တခဏ်း၊ ဇာတ်ပေါင်း ငါးရာ့သုံးဆယ်ခုနစ်ဇာတ် တို့ဖြင့် တန်ဆာဆင်ကာ ဟောကြား ထားပါသည်၊ မဟာ နိပါတ် ဇာတ်ပေါင်း တဆယ် ဇာတ်ကြီး ဆယ်ဖွဲ့ တို့နှင့် ပေါင်းလျှင် ငါးရာ့လေးဆယ်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်၊ အခေါ်အဝေါ်လွယ်ကူစေရန် ဇာတ်သုံးဇာတ် လျော့နေ သော်လည်း ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ်ဝေါ် စမှတ်ပြုကြပါသည်။

အဋ္ဌကထာ

ပါဠိဇာတ် အဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်- အရှင်မဟာ ဗုဒ္ဓဃောသ မထေရ် ပြုစီရင်တော်မူသည်၊ သာသနာသက္ကရာဇ် (၉၃၀) လောက်တွင် မြန်မာပြည် အောက်ပိုင်း သထုံမြို့သို့ ရောက်လာသည်၊ သာသနာ

သက္ကရာဇ် (၁၆၀၀) ကျော်၊ ကောဇာသက္ကရာဇ်(၄၀၀) ကျော်လောက်တွင် မြန်မာပြည်အထက်ပိုင်း ပုဂံပြည်သို့ အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် တပြည်လုံး တဖြည်းဖြည်းပျံ့နှံ့ခဲ့ပါသည်။

ဋီကာများ

ပါဠိဇာတ်ဋီကာတို့တွင်လီနတ္ထပကာသနီမည်သောဋီကာ ဟောင်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့ ဗဒရတိတ္ထကျောင်း၌ သီတင်းသုံးတော်မူသော ဆရာဓမ္မပါလမထေရ် ပြုစီရင် တော်မူသည်၊ အသမ္ဘောဟဝိလာသိနီမည်သော ဋီကာသစ် ကိုကား၊ မြန်မာပြည်ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်း လက်ထက် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက်တော်၌ သီတင်းသုံးတော်မူသော "ပညာသာမိ သိရိကဝိဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ မောင်းထောင်ကြီးရွာ ဇာတိ ဒုတိယမောင်းထောင် ဆရာတော် ပြုစီရင်တော် မူပါသည်။

နိသျှနှင့်ဂဏ္ဌိများ

ပါဠိဇာတ် ပါဠိတော် နိသျှနှင့် အဋ္ဌကထာနိသျှများကို ဆရာတော် အသီးသီးတို့ စီရင်တော်မူကြသည်၊ ဇာတက- ဝိသောဓနီခေါ် ပါဠိဇာတ်ဂဏ္ဌိကို စစ်ကိုင်းမြို့ ထူပါရုံစေတီ တော်ဒါယကာ နရပတိမင်းလက်ထက် ပင်းယမြို့ စကား အင်းရွာဇာတိ အရိယဝံသဓမ္မသေနာပတိမထေရ် ပြုစီရင် တော်မူပါသည်။

ဝတ္ထုများ

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုကို ဒီပဲယင်းမြို့ မုံတိုင်ဆရာတော်ပြုစီရင်တော်မူသည်ဟု ပိဋကတ်သမိုင်းတွင် အဆိုရှိသည်၊ စာအုပ်ရိုက်၍ ယခုသုံးစွဲလျက်ရှိသော ငါးရာ့ငါးဆယ်နိပါတ် ဇာတ်ဝတ္ထုကိုကား၊ ဘိုးတော်မင်းတရားသက်ထက် ကောဇာသက္ကရာဇ် (၁၁၈၁) ခုတွင် မင်္ဂလာဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူသော "ကဝိန္ဒာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒုတိယ ညောင်ကန်ဆရာတော်- ပြုစီရင်တော်မူပါသည်။

အနှစ်သာရများ

ထိုငါးရာ့ငါးဆယ် နိပါတ် ဇာတ် ဝတ္ထုတို့မှာ ဓမ္မကြောင်း, လောကကြောင်း, ရာဇကြောင်း စုံလင်လှသည်၊ စီးပွါးရေး, ကြီးပွါးချမ်းသာရေး, ကျန်းမာရေး, ပညာဉာဏ်ဗဟုသုတတိုးပွါးရေး, လိမ္မာယဉ်ကျေးရေး, ပေါင်းသင်းဆက်ဆံရေး စသည်တို့နှင့် ပြည့်နှက်လျက်ရှိသည်၊ မှတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် အနှစ်သာရအမျိုးမျိုးနှင့် ပြည့်စုံလှလောက်သည်၊ ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုတို့၌ လိမ္မာကျွမ်းကျင်ပါလျှင်၊ သူတပါးတို့ မှိခိုအားထားရာ, ကိုးကွယ်ရာ, ဆည်းကပ်ပူဇော်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး တဦးဖြစ်လာနိုင်ပါသည်။

ရှေးခေတ်အခါ

ရှေးခေတ်အခါက ပျို့, ကဗျာ, လင်္ကာ, ချေင်း, မော်ကွန်း, သမိုင်း, သံပိုင်း, ရတု, သီချင်းကြီး, သီချင်းခံ, ကြိုး, ပတ်ပျိုး,

ယိုးဒယားစသည်တို့ကို ဖန်တီးကြသော ကဗျာ့ပါရဂူကြီးတို့မှာ၊ ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတခုခုကိုပင်မူတည်ကြရသည်၊ ဝတ္ထု, ပုံပြင်, ပြဇာတ်စသည်တို့ကို ရေးသားကြသော ပညာရှိတို့လည်း ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတို့ကို အမှီပြု၍ ရေးသားကြရသည်၊ ကပြသောပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခန်း, လွမ်းခန်း, ဆွေးခန်း၊ အကြမ်း,အနု,ဇာတ်လမ်း, ဇာတ်ကွက်ဖော်၍ သရုပ်တင်ကာ လူအများရှုစားချင်လောက်အောင်လည်း ထိုငါးရာ့ငါးဆယ်နိပါတ် ဝတ္ထုတို့ကိုပင် ကပြအသုံးခံကြရပါသည်။

အခက်အခဲများ

ယခုခေတ်အခါ၌ကား ရှေးခေတ်အခါ ပညာရှိတို့လို ပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေးဟောင်းဖြစ်သော ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နိသျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်ကြသောကြောင့် ပညာဗဟုသုတလိုလားရှာမှီးသူများ အတွက် အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ ရှေးဟောင်းဖြစ်သော နိပါတ်ဇာတ်နိသျ, ဝတ္ထုစကားပြေတို့လည်း ဇာတ်ပါဠိတော်,ဇာတ်အဋ္ဌကထာပါဠိတို့၏ဘာသာပြန်များသာဖြစ်သဖြင့် စကားဝါကျအထပ်ထပ်ပါနေခြင်း, မပြေမပြစ်ရှိခြင်း, ကျယ်ဝန်းခြင်း, ပါဠိနှင့်အနက်ရောထွေးနေခြင်း, စကားအသုံးအနှုန်း ရှေးကျနေခြင်းတို့ကြောင့် ယခုခေတ်လူများ လွယ်ကူစွာမသိနိုင်၊ မသုံးစွဲနိုင်၊ သို့အတွက် အကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅) နှစ်လောက်

ကာပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှားသော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည်ခဲ့ပါသည်၊ သို့သော်လည်း အလုပ်ချိန်မရ အကြောင်းမညီညွတ်သဖြင့် အထမမြောက်ခဲ့ပါ။

သူဌေး ဦးညွန့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးအေးငြိမ်း၍လာသောအခါ ရှေးအခါက ကြံစည်ခဲ့ဘူးသော နိပါတ်တော်စကားပြေကို ရေးသားရန် တဖန်သတိရပြန်၏၊ ထိုအခါ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရှင် သူဌေးဦးညွန့်အား ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ ရေးသားရန် ပြောကြားပါ၏၊ သူဌေးဦးညွန့်လည်း ရတနာသုံးပါးကို လေးစားယုံကြည်လျက် အစလသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ဖြစ်သည့်အလျောက်အမြန်ရေးသားပါရန်တိုက်တွန်းပါ၏၊အကျွန်ုပ်လည်း နှစ်ပေါင်းများစွာ ကြံစည်လာခဲ့သော အကြံအစည်ကြီး ပြီးမြောက်ပေပြီ၊ မိမိ၏ပညာဉာဏ်ကို အရင်းခံကာ အတိုင်းမသိ အကျိုးများသော ဓမ္မဒါနကုသိုလ်ကြီးကို ပြုရပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မနေမနား ရေးသားလာခဲ့ရာ၊ ထိုနိပါတ်တော်စကားပြေသည် ဘေးရန်ကင်းလျက် တဆယ့်ရှစ်လပြည့်သောအခါပြီးစီးအောင်မြင်ခြင်းသို့ရောက်ခဲ့ပါသည်။

ဥယျောဇဉ်

အို–ပညာရှိ သူတော်ကောင်း အပေါင်းတို့.... အနှစ်သာရနှင့်ပြည့်ဝစုံလင်သော ဤနိပါတ်တော် စကားပြေကို ကြည့်ရှုလေ့ကျက် မှတ်သားကြပါကုန်၊ လောကီ, လော

ကုတ္တရာ ပညာဗဟုသုတနှင့် ပြည့်စုံကြလျက် လူအများတို့ အားထားမှီခိုရာဖြစ်ကြပါကုန်၊ ပစ္စုပ္ပန်,သံသရာ,အတ္တ,ပရ နှစ်ဝသော အကျိုးတို့ကို သည်ပိုးရွက်ဆောင် ကြပါကုန်ဟု ကောင်းမြတ်သော စိတ်ဖြင့် နှိုးဆော် တိုက်တွန်း အပ်ပါ သတည်း။

ဦးကြီးဖေ-ပဋ္ဌမကျော်

မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၁။ ကုက္ကုဝဂ်

၄၀၁ ပဏ္ဏကဇာတ် ... ၁

မိဖုရားကိုပေးပြီးမှ စိုးရိမ်ပူဆွေးလွန်း၍ သွေးသွန်ရောဂါဖြစ်နေသောမင်းအား ဥပါယ်တမျဉ်ဖြင့် ရောဂါပျောက်စေသော ပညာရှိအမတ်သုံးဦးအကြောင်း။

၄၀၂ သတ္တုဘသ္တဇာတ် ... ၉

ခရီးသွား ပုဏ္ဏားအို၏သားရေအိတ်ထဲတွင် ရန်သူမြွေဟောက် ဝင်ရောက်နေသည်ကိုစွဲ၍ "လမ်းမှာနေလျှင်သင်သေမည်၊ အိမ်သို့ရောက်လျှင် သင့်မယားသေမည်"ဟု ရုက္ခစိုးနတ်ပြောသောစကားကို ဖြေရှင်းသော ပညာရှိအကြောင်း။

၄၀၃ အဋ္ဌိသေနကဇာတ် ... ၁၃

ဘိတ်ကြားသော်လည်းတောင်းလျှင်မုန်းတတ်သည်ဖြစ်၍ မတောင်းဘဲနေသော အဋ္ဌိသေနရသေ့ အကြောင်း၊

၄၀၄ ကပိဇာတ် ... ၂၀

ရန်သူရှိသည်ကိုသိသဖြင့် ဥယျာဉ်မှ ထွက်ခွါသွားသောမျောက်မင်းနှင့် မထွက်ခွါဘဲနေသော မျောက်တို့အကြောင်း။

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၄၀၅ ဗကဇာတ် ၃၃

အယူလွဲမှားသော ဗကဗြဟ္မာအား အတိတ်က ဖြစ်ခဲ့သောအကြောင်းအရာအဋ္ဌုပ္ပတ်ကို ဟောပြခြင်းအကြောင်း။

၂။ ဂန္ဓာရဝဂ်

၄၀၆ ဂန္ဓာရဇာတ် ... ၄၃

ဆားထုပ်သိုမှီသည်ကိုကဲ့ရဲ့ပြစ်တင်ဆုံးမသော ဂန္ဓာရဆရာရသေ့အား ပြန်လှန်ပြောဆိုမိ၍ ကန်တော့တောင်းပန်သော ဝေဒေဟရသေ့အကြောင်း။

၄၀၇ မဟာကပိဇာတ် ... ၅၀

မိမိကိုယ်ကိုနွယ်ကြိုးဖြင့်ခြည်လျက် မျောက်အပေါင်းကိုဘေးရန်မှလွတ်စေသော မျောက်မင်းနှင့် မျောက်မင်းအပေါ် အမြင့်ပေါ်မှခုန်ချသောမျောက်ယုတ်မာတို့အကြောင်း။

၄၀၈ ကုမ္ဘကာရဇာတ် ... ၅၉

မင်း ၄-ဦးတို့ ပစ္စေကဗုဒ္ဓါဖြစ်ခြင်းအကြောင်းနှင့် အိုးထိန်းသည်လင်မယား ရဟန်းပြု၍တောထွက်ခြင်းအကြောင်း။

၄၀၉ ဒဠှဓမ္မဇာတ် ... ၇၀

အမှုကိစ္စကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်နိုင်သောအခါ ချီးမြှောက်၍ မထမ်းဆောင်နိုင်သောအခါ ပစ်ပယ်နှိမ့်ချသောဒဠှဓမ္မမင်းအား အပြစ်ဆိုသော ဆင်မအကြောင်း။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၁၀	သောမဒတ္တဇာတ် ...	၇၇
	သားအဖြစ်မွေးမြူထားသော ''သောမဒတ္တ'' ဆင်ငယ်သေဆုံး၍ ငိုကြွေးပူဆွေးနေသော ရသေ့အား သိကြားမင်းတရားပြသခြင်းအကြောင်း။	
၄၁၁	သုသီမဇာတ် ...	၈၂
	ဗြဟ္မဒတ်မင်းသည် မယ်တော်၏ အလိုပြည့်ရန် ထီးနန်းစွန့်၍ သုသီမပုရောဟိတ်နှင့်မယ်တော်တို့အား နန်းတင်ရာ မကြာမီ သုသီမမင်း တောထွက်သွားခြင်းအကြောင်း။	
၄၁၂	ကောဋသိမ္ဗလိဇာတ် ...	၈၉
	ဂဠုန်ငှက်ကြီးနားသည်ကို မကြောက်ရွံ့ မတုန်လှုပ်၊ ညောင်သီးစားသည့် ငှက်မငယ်နားကာမှ ကြောက်ရွံ့တုန်လှုပ်သော လက်ပံပင်စောင့် ရုက္ခစိုးအကြောင်း။	
၄၁၃	ဓူမကာရီဇာတ်	၉၄
	ရှေးကဖြစ်ဘူးသော ဓူမကာရီပုဏ္ဏားဝတ္ထုကို ညွှန်ပြလျက် စစ်သည်သူရဲဟောင်းတို့ကို ချီးမြှောက်လျှင် စစ်အောင်မြင်နိုင်ကြောင်း မင်းအား ဆိုဆုံးမသောအကြောင်း။	
၄၁၄	ဇာဂရဇာတ်	၉၉
	''နိုးသောသူတို့အတွင်း၌ အိပ်သောသူ၊ အိပ်သောသူတို့အတွင်း၌ နိုးသောသူသည် အဘယ်သူဖြစ်သနည်း''ဟု ရုက္ခစိုးမေးသောပြဿနာကိုဖြေဆိုသောရသေ့အကြောင်း။	

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၁၅ ကုမ္မာသပိဏ္ဍိဇာတ် ၁၀၄
"မင်းကြီး၏ ထီးနန်း စည်းစိမ်ကို ရခြင်း,မိဖုရား၏ လှပတင့်တယ်ခြင်း အကြောင်း ရင်းများကား မုယောမှိုလှူခဲ့ခြင်းနှင့် သီလစောင့်ထိန်းခဲ့ခြင်းတို့ပင်တည်း" ဟု ဇာတိဿရဉာဏ်ဖြင့် အမှန်သိမြင်ကြသော မင်းမိဖုရားတို့အကြောင်း၊

၄၁၆ ပရန္တပဇာတ် ... ၁၁၄
သတ္တဝါတို့၏ စကားသံကိုသိသော မင်းသားနှင့် မင်းကြီးကိုသတ်သော ပရန္တပကျွန်တို့အကြောင်း။

အဋ္ဌကနိပါတ်

၄၁၇ ကစ္စာနိဇာတ် ... ၁၂၉
တရားသေပြီ ဟုဆို၍ သုသာန်၌ သပိတ်သွတ်နေသော ကစ္စည်းအနွယ်ဝင်အမယ်အိုကို သိကြားမင်း မေးမြန်းခြင်းအကြောင်း။

၄၁၈ အဋ္ဌသဒ္ဒဇာတ် ၁၃၅
ညဉ့်အိပ်ချိန်ဝယ် အသံကြီး ၈-ပါးကို ကြား၍ ကြောက်လန့်သဖြင့် ယဇ်ပူဇော်ပွဲပြုရန် စီရင်သော ဗာရာဏသီမင်းအား အသံ ၈-ပါး၏ အကြောင်းရင်းအမှန်ကို ရသေ့သူမြတ်ညွှန်ပြခြင်းအကြောင်း။

၄၁၉ သုလသာဇာတ် ... ၁၄၆
မိမိအား သတ်မည့် ခိုးသားကြီးကို မိန်းမတို့၏ တန်ဖိုးဉာဏ်ဖြင့် ခိုးသားကြီးကို သတ်နိုင်သော

ဦးရေ အကြောင်းအရာ စာမျက်နှာ

ကြောင့် တောင်စောင့်နတ် ချီးကျူးခြင်း ခံရသော သုလသာ ပြည့်တန်ဆာမအကြောင်း။

၄၂၀ သုမင်္ဂလဇာတ် ... ၁၅၄

သုမင်္ဂလမည်သော ဥယျာဉ်စောင့်သည် မင်းကြီး ကိုးကွယ်ထားသော အရှင်ပစ္စေကဗုဒ္ဓါကို ပစ်သတ် ပါလျက် ဒေါသထွက်စဉ် အပြစ်ဒဏ် မစီရင်သော မင်းအကြောင်း။

၄၂၁ ဂင်္ဂမာလဇာတ် ၁၆၁

၁၂-ယူဇနာတွင် ရှိသော ပဲဝက်မျှ အသပြာကို ယူဆောင်ရန်သွားသည့် ရေသည်ယောက်ျားအား မင်းစည်းစိမ် ထက်ဝက်ခွဲပေးသော ဥဒယမင်းနှင့် ဂင်္ဂါမာလ ဆေတ္တာသည် ရှင်ပစ္စေကဗုဒ္ဓါတို့ အကြောင်း။

၄၂၂ စေတိယဇာတ် ၁၇၀

စေတိယမင်းသည် ပညာသင်ဘက်သူငယ်ချင်းကို ငဲ့ကွက်ကာ ပုရောဟိတ်ရာထူးပေးလို၍ အကြီးကို အငယ်,အငယ်ကိုအကြီးဟု မုသားဆိုသဖြင့် မြေမျို ခြင်းအကြောင်း။

၄၂၃ ဣန္ဒြိယဇာတ် ... ၁၇၉

ဣန္ဒြေအလိုလိုက်၍ ပြည့်တန်ဆာမတို့၌ တပ်စွန်း မိသဖြင့် ရှာန်လျှောသော ရသေ့အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၂၄ အာဒိစ္စဇာတ် ... ၂၀၁
အလှူဒါနသည် မီးလောင် နေသော အိမ်မှ မလောင်မီ ထုတ်ဆောင်ထားသော ပစ္စည်းနှင့် တူသည် စသည်ဖြင့် ဟောကြားသော ရှင်ပစ္စေကဗုဒ္ဓါ နှင့် မင်းတို့အကြောင်း။

၄၂၅ အဋ္ဌာနဇာတ် ၂၀၈
လောက၌ မဖြစ်နိုင်သော အကြောင်းအရာ များစွာကို ပမာဆောင်လျက် ပြည့်တန်ဆာမနှင့် ပေါင်းဖေါ်ရန် ငြင်းပယ်သော ရသေ့အကြောင်း။

၄၂၆ ဒီပိဇာတ် ၂၁၅
ကြမ်းထမ်းယုတ်မာသောသစ်ထံပါးတွင် ကြောင်း ကျိုးပြ၍ အသနားခံသော်လည်း အချည်းနှီးဖြစ်ရ သော ဆိတ်မအကြောင်း။

နဝကနိပါတ်

၄၂၇ ဂိဇ္ဈဇာတ် ... ၂၂၁
ဘခင်လင်းတ၏ အဆုံးအမကိုမနာယူဘဲ အလွန် မြင့်စွာပျံသဖြင့် ဝေရမ္ဘလေဝှေ့၍ သေရသော လင်းတအကြောင်း။

၄၂၈ ကောသမ္ဗီဇာတ် ... ၂၂၆
[ပဉ္စကနိပါတ် အဍ္ဎဝဂ် ဒီဃိတိ ကောသလမင်းနှင့်တူပြီ။]

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၂၉ မဟာသုဝဏ္ဏရာဇ ဇာတ် ... ၂၃၂

အလွန်ရောင့်ရဲနိုင်၍ ရေသဖန်းပင်ခြောက် မှုံ့ကို စားကာနေသော ကျေးမင်းအကြောင်း။

၄၃၀ စူဠသုဝဏ္ဏရာဇ ဇာတ် ၂၃၇

[မဟာသုဝဏ္ဏရာဇ ဇာတ်နှင့်မသူးပြီ။]

၄၃၁ ဟရိတစဇာတ် ... ၂၄၁

မိဖုရား၏ ကိုယ်တွင်းသားကိုမြင်ရ၍ ရာန်လျော ပြီးလျှင် ကာမဂုဏ် လွန်ကျူးမိသော ဟရိတစ ရသေ့အကြောင်း။

၄၃၂ ပဒကုသလဇာတ် ... ၂၄၉

အမိဘီလူးမထံမှ မန္တန်ကိုရ၍ ခြေရာကောက် အတတ်၌လိမ္မာသောပဒကုသလလုလင်အကြောင်း။

၄၃၃ လောမသ ကဿပဇာတ် ... ၂၅၂

အကျင့်လွန်ကဲ၍ သိကြားမင်း ဖျက်ဆီးအပ်သော လောမသရသေ့အကြောင်း။

၄၃၄ စက္ကဝက္ကဇာတ် ၂၆၀

ရွှေအဆင်းရှိသော စက္ကဝက်ငှက်နှင့် ကျီးမဲတို့ အဆင်းလှပခြင်းအကြောင်းရင်းနှင့်စပ်လျက် ပြောဆို သောအကြောင်း။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ

၄၃၅ ဟလိဒ္ဒိရာဂဇာတ် ... ၂၈၆

လူ့ဘောင်သို့သွားမည်ကြံသော ရသေ့ငယ်အား နန္ဒင်းဆိုးကဲ့သို့ ဝါတတ်, လိမ်တတ်, ကြွားတတ်သူ စသည်ကိုးပေါင်းထိုက်ဟု မှာကြားဆုံးမသောအဘ ရသေ့အကြောင်း။

၄၃၆ သမုဂ္ဂဇာတ် ၂၉၁

ဒါနေဝရက္ခိုသ်သည် မိန်းမကို စောင့်လို၍ ကြုပ်နှင့်ထည့်ကာ ဝမ်းတွင်း၌ ထားသော်လည်း မလုံခြုံ ဝိဇ္ဇာဓိုရ်လွှန်ကျူးနေသည်ကို ဒိဗ္ဗစက္ခုရသေ့ ပြောဆိုခြင်းအကြောင်း။

၄၃၇ ပူတိမံသဇာတ် ၂၉၈

ဆိတ်မကို စားလို၍ သေဟန် ဆောင်နေသော မြေခွေးသည် ခေါင်းထောင်ကြည့်မိသဖြင့် ဆိတ်မသိ၍ အကြံပျက်ခြင်းအကြောင်း။

၄၃၈ ဒဒ္ဒရဇာတ် ... ၃၀၄

မဗေဒင်တတ်သော ခါပညာရှိသည် လုလင်တို့အား ဗေဒင်သင်ပေးခြင်းအကြောင်း။

ဒသကနိပါတ်

၄၃၉ စတုဒ္ဒါရဇာတ် ... ၃၁၂

လူစင်စစ်က ဝေမာနိက နတ်မယ်တို့နှင့် စည်းစိမ်ခံစားရပါလျက် မရောင့်ရဲနိုင်ဘဲ ရှေ့ဆက်သွားရာ သင်ဝုန်းစက် ငရဲတွင် ဆင်းရဲကြီးစွာ ခံရသော မိတ္တဝိန္ဒကအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၄၀ ကဏှဇာတ် ... ၃၂၁
ဆုပေးလာသော သိကြားမင်းအား ပစ္စည်းရေး နှင့်စပ်သောဆုကို မတောင်းဘဲ ကိုယ်ကျင့်ကောင်း မွန်ရေးနှင့် စပ်သောဆုကိုသာ တောင်းသော ကဏှရသေ့အကြောင်း။

၄၄၁ စတုပေါသထိယဇာတ် ၃၂၉
[အထက်ပုဏ္ဏကဇာတ်နှင့်တူ၏။]

၄၄၂ သင်္ခဇာတ် ... ၃၂၉
လှေပျက်၍ သမုဒ္ဒရာတွင် မျောပါနေသော သင်္ခ ပုဏ္ဏားကို ရှင်ပစ္စေကဗုဒ္ဓါအား ထီးဘိနပ် လှူခဲ့သော ကောင်းမှုကြောင့် မဏိမေခလာ နတ်သမီးသည် ရတနာလှေ ဖန်ဆင်း၍ ကယ်တင်ခြင်းအကြောင်း။

၄၄၃ စူဠဗောဓိဇာတ် ... ၃၃၉
လူ့ဘဝက မယားဖြစ်ခဲ့သည့် ရသေ့မကို မိမိ ရှေ့တွင် အတင်းဗလက္ကာရပြု၍ မင်းကြီး သိမ်းပိုက် သော်လည်း စဉ်းငယ်မျှ ဒေါသအမျက် ပြင်ပမထွက် သော ဗောဓိရသေ့အကြောင်း။

၄၄၄ ကဏှဒီပါယန ဇာတ် ... ၃၄၉
သားငယ်မြွေကိုက်၍ မြွေဆိပ်တက်နေရာ ဆရာ ရသေ့သည် "ရသေ့ဘဝ၌ မမွေ့လျော်ဘဲ နေ၏" ဟူ၍၎င်း၊ သူကြွယ်သည်"သဒ္ဓါတရားမရှိဘဲ လှူနေရ ၏"ဟူ၍၎င်း၊ အိမ်ရှင်မသည်"မချစ်ဘဲ သူကြွယ်နှင့် ပေါင်းနေရ၏"ဟူ၍၎င်း သစ္စာဆိုသဖြင့် မြွေဆိပ် ကင်းခြင်းအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၄၅ နိဂြောဓဇာတ် ၃၇၃
ကြက်၏ဆူ ဖြိုးသော အသားကိုစားရသူမင်းဖြစ်၍ ကြိုသော အသားကိုစားရသူ စစ်သူကြီးဖြစ်ပြီး အရိုးကပ်အသားကို စားရသူ ဘဏ္ဍာစိုး ဖြစ်ခြင်းအကြောင်း။

၄၄၆ တက္ကလဇာတ် ... ၃၇၃
ယုတ်မာ ကြမ်းထမ်းသော မိခင်ကို ယဉ်ကျေးသိမ်မွေ့အောင် နည်းပရိယာယ်ဖြင့် ဆုံးမသော သားပညာရှိအကြောင်း။

၄၄၇ မဟာဓမ္မပါလဇာတ် ... ၃၈၄
တရွာလုံး တရားစောင့်သဖြင့် ငယ်ရွယ်သူများ သေရိုးမရှိ၊ အသက်ကြီးမှ သေကြရသော ဓမ္မပါလ ရွာသူ ရွာသားများအကြောင်း။

၄၄၈ ကုက္ကုဋဇာတ် ... ၃၉၄
အဆွေခင်ပွန်းဖွဲ့၍ မပေါင်းသင်း ထိုက်သော သူတို့၏ လက္ခဏာ အမူအရာကို ပြောဆိုပြီးလျှင် စွန်အား ပြေးစေသော ကြက်မင်းအကြောင်း။

၄၄၉ မဋ္ဌကုဏ္ဍလီဇာတ် ... ၃၉၈
သားသေ၍ ပူဆွေးငိုကြွေးနေသော ဘခင်အား သားဖြစ်သော နတ်သားသည် နည်းပရိယာယ်ဖြင့် အငိုစဲ၍ ပူပွဲငြိမ်းစေသောအကြောင်း။

၄၅၀ ဗိလာရကောသိယဇာတ် ... ၄၀၄
ဆွေစဉ်မျိုးဆက် ပေးမြဲဖြစ်သော အလှူဝတ်ကို ဖျက်သဖြင့် သိကြားမင်း သတိရစေသော သူဌေးအကြောင်း။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၅၁	စက္ကဝါကဇာတ် ... အဆင်းလှပသော အကြောင်းနှင့် အဆင်းမလှပသောအကြောင်းကို ကျိုးအားပြောဆိုသော စက္ကဝက်ငှက် အကြောင်း။	၄၁၆
၄၅၂	ဘူရိပညဇာတ် ... [အထက်မဟာဥမင်္ဂဇာတ်နှင့်တူ၏။]	၄၂၀
၄၅၃	မဟာမင်္ဂလဇာတ် ... မင်္ဂလာတရား ၈-ပါးကိုဟောကြားသော ဆရာရသေ့ကြီးအကြောင်း။	၄၂၀
၄၅၄	ဃဋပဏ္ဍိတဇာတ် ... ကံသမင်းမျိုး, ဝါသုဒေဝ-ဗလဒေဝမင်းမျိုးတို့ ပျက်စီးရခြင်းနှင့် ဃဋပဏ္ဍိတပညာရှိအကြောင်း။	၄၃၁

ငါးရာ့ငါးဆယ်

နိပါတ်တော်စကားပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနှင့် ပဋိညာဉ်

(၁) မုနိန္ဒမုခသရဇေ၊
နိပါတ ပဒုမေ သုဘေ။
ဖုလ္လိံသု ဇာတကသုမာ၊
နာနာ ဇနာလိစုမ္ဗိတာ။ ။

(၂) ဝိဘူသိယ ဌေတေ သုမေ၊
သုဂန္ဓေ မမ မတ္တကေ။
အတ္တာယ သုတကာမာနံ၊
ဝက္ခံ နိပါတစုဏ္ဏိယံ။ ။

(၃) ကေဝိသတိ ခဏ္ဍေဟိ၊
မဏ္ဍိတံ အတ္ထသံဟိတံ။
သတ္တတိံသပဥ္စသတ၊
ဇာတကေဟိ သုလက္ခိတံ။ ။

(၄) သုဏန္တု တံ သာရဏိယံ၊
သာဓူနံ ကဏ္ဏ ဘူသနံ။
ဗဟုဿုတေဟိ သမ္ပုဏ္ဏံ၊
ပညဝန္တေဟိ မာနိတံ။ ။

(၅) ဝဏ္ဏံ တံ သုဏာဏ္ဌာနံ၊
လောကုတ္တရာ စ လောကိယာ။
အတ္ထာ ဟိတာ သုခါ သဗ္ဗေ၊
နဒီသောတာ ဒိနေဒိနေ။ ။

(၁) မုနိန္ဒမုခသရဇေ၊ မုနိင္ဂါးဝ၊ အစိုးရသည့်၊ဘုရား ခံတွင်း၊ အိုင်တို့မင်းဝယ်၊ ထင်လင်းလှစွာ၊ ပေါက်ပွား၍ လာထသော။ သုဘော၊ ကောင်းမြတ်စံပယ်၊ တင့်တယ်စွာ သော။ နိပါတပဒုမေ၊ ကေ, ဒုက၊စသည်တည်ရှိ၊ အသီတိ အဆုံး၊ ပေါင်းရုံးဟောဘော်၊ နိပါတ်တော်အစုံ၊ ပဒုမာ ကြာရုံ၌။ နာနာဇနာလိစုမ္ဗိတာ၊ အထူးထူး အထွေထွေ၊ ရှိသေညွတ်ရုံး၊ လူသုံးပါးတည်းဟူသော ပျားပိတုန်းတို့၊ စားသုံးစုပ်နမ်းအပ်ကုန်သော။ ဇာတကသုမာ၊ အပဏ္ဏ က၊ စသည်မည်ဆန်း၊ ပဒုမာကြာပန်းတို့သည်။ ဖုလ္လိံသု၊ ကားကားစွင့်စွင့်၊ မားမားတင့်လျက်၊ ပွင့်ကြလေကုန်ပြီ။

(၂-၃) သုဂန္ဓေ၊ ခေတ်တွင်းအာဏာ၊ ကောင်းစွာ လှိုင်လှိုင်၊ တကြိုင်ကြိုင်သင်းပျံ့၊ ကောင်းသော ရန့်ရှိကုန် သော။ တေသုမေ၊အပဏ္ဏကာ၊စသည်မည်ဆန်း၊ထိုပဒုမာ ကြာပန်းတို့ကို။ မမ၊ ကြီးဖေပဌမကျော်၊ မည်ခေါ်သမုတ်၊ အကျွန်ုပ်၏။ မတ္တကေ၊ အမြတ်အင်္ဂါ၊ စဉ်လာမပျက်၊ ဦးခေါင်းထက်၌။ ဝိဘူသိယ၊ ဝေဝေဆာဆာ၊ ရှိစေ၍ပါ၊ ကောင်းစွာရှင်လန်း၊ ပန်ဆင်မြန်း၍။ သုတကာမာနံ၊ကြား မြင်လိုလား၊အမျိုးသားတို့၏။အတ္ထာယ၊လောကုတ်,လော ကီ၊ နှစ်လီအကျိုးပွားတိုးစေခြင်းငှါ။ ကေဝိသတိခဏ္ဍေဟိ၊ ကေကနိပါတ်အစ၊ အသီတိနိပါတ်အဆုံး၊ ပေါင်းရုံးတင့်

ဆန်း၊ နှစ်ဆယ့်တခဏ်းတို့ဖြင့်။ မဏ္ဍိုတံ၊ စုံစုံလင်လင်၊ တန်ဆာဆင်အပ်သော။ အတ္တသံဟိတံ၊ အကျိုးစီးပွါး၊ ထွန်းကားအစဉ် စပ်ယှဉ်သော။ သတ္တတိံသ ပဋ္ဌသတဇာတကေဟိ၊ ငါးရာ့သုံးဆယ်၊ စွန်းကယ်ခုနစ်ဖြာ၊ ဇာတ်များစွာတို့ဖြင့်။ လက္ခိတံ၊ သေချာပိုင်းခြား၊ မှတ်သားအပ်သော။ နိပါတစုဏ္ဏိယံ၊ ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။ အဟံ၊ ငါသည်။ ဝက္ခံ၊ ရေးသားပြဆိုပေအံ့။

(၄) သာရဏိယံ၊ အသက်ထက်ဆုံး၊ ရွှင်ပြုံးအောက်မေ့အပ်သော။ သာဓုနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၏။ ကဏ္ဏာဘူသနံ၊ နား၌ဆင်ရာ၊ တန်ဆာသဘွယ်ဖြစ်သော။ ဗဟုဿုတေဟိ၊ များများဖြင်ဖြင်၊ ကြားအမြင်တို့နှင့်။ သမ္ပုဏ္ဏံ၊ စုံလင်ကုံလုံ၊ ကောင်းစွာပြည့်စုံသော။ ပညဝန္တေဟိ၊ ဝရဇိနိ်တနဲ၊ ဖေါက်ခွဲသိမြင်၊ ပညာရှင်တို့သည်။ မာနိတံ၊ မြတ်နိုး စုံမက်အပ်သော၊ တံနိပါတစုဏ္ဏိယံ၊ ထိုငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။ သာဓဝေါ၊ လောကုတ်, လောကီ၊ နှစ်လီအစီးအပွါး၊ လိုလားကြသော သူတော်ကောင်း တို့သည်၊ သုဏန္တု၊ ရိုသေလေးစား၊ သဒ္ဒါပွားလျက်၊ နာကြားကြပါစေကုန်သတည်း။

(၅) တံ၊ ထိုငါးရာ့ငါးဆယ်၊ နိပါတ်တော် စကားပြေကို။ သုဏန္တာနံ၊ ရိုသေလေးစား၊ သဒ္ဒါပွါးလျက်၊ နာကြားကုန်သောသူတို့အား။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ နဒီသောတာဝ၊ အဟုန်ဒီးဒီး၊ စီးဆင်းအစဉ်၊ မြစ်ရေအလျှဉ်ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ လောကုတ္တရာစ၊ လော

ကုဿရာလည်း ဖြစ်ကုန်သော။ လောကိယာစ၊ လောကီလည်းဖြစ်ကုန်သော။ အတ္တာစ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းသော အကျိုးတို့သည်၎င်း။ ဟိတာစ၊ ကြီးကြီးထွားထွား၊ ကောင်းသော အစီးအပွါးတို့သည်၎င်း။ သုခါစ၊ ကြီးကျယ်လှစွာ၊ ကောင်းသောချမ်းသာတို့သည်၎င်း။ ဝဍ္ဎန္တု၊ ကိုးစားလောက်အောင်၊ တန်ခိုးထွားလျက်၊ တိုးပွားပါစေကုန်သတည်း။

ငါးရာ့ငါးဆယ်

နိပါတ်တော်စကားပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဆဋ္ဌမတွဲ

၄၀၁-ပဏ္ဍကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘဝသည်နှမ်း
စိတ်စွဲလမ်း

နတ် လူတို့ ဆရာ ဖြစ်ခတော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် မယားဟောင်းသည် ဖြားယောင်းအပ်သည်ဖြစ်၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါးကို အကြောင်း ပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မိဖုရားလိုမှု
မင်းကြီးရှု

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် မဒ္ဒဝမင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍

ထိုဘုရားအလောင်းအား သေနက သတို့သားဟု အမည်မှည့်ကုန်၏၊ သေနက သတို့သားသည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကို သင်ကြားပြီးလျှင် ဗာရာဏသီပြည်၌ပင် မဒ္ဒဝမင်းအား အကျိုးအကြောင်းကို ပြ၍ ဆုံးမတတ်သော ပညာရှိအမတ်ဖြစ်လေ၏၊ မြို့အလုံး၌ နေ့,လကဲ့သို့ ထင်ရှား၏။

ထိုအခါ ပုရောဟိတ်သားသည် မင်းကြီးကို ခစားအံ့သောငှါ သွားသည်ရှိသော် တန်ဆာဆင်အပ်သော မြတ်သော အဆင်းရှိသော မင်းကြီးမိဖုရားကို မြင်လျှင် အလွန်တပ်စွန်းသော စိတ်ရှိသဖြင့် အိမ်သို့ ရောက်သောအခါ အစာအာဟာရကို ဖြတ်ကာ အိပ်၍သာနေ၏၊ အဆွေခင်ပွန်းတို့မေးသောအခါ ထိုအကြောင်းကို ပြောကြား၏၊ မင်းကြီးလည်း အခစားလာသည်ကို မမြင်၍ မေးပြန်ရာ ထိုအကြောင်းကို ပြောကြားကြသဖြင့် ပုရောဟိတ်သားကို ခေါ်စေ၍ "အမောင်···· ငါသည် သင့်အား မိဖုရားကို ခုနစ်ရက်ပေးထားမည်၊ ခုနစ်ရက်စေ့သောအခါ ပြန်၍ ငါ့ထံခေါ်ခဲ့"ဟု မှာထား၍ မိဖုရားကို ပေးလိုက်၏။

မိဖုရားလွှမ်းဆွတ် ရောဂါကပ်

ပုရောဟိတ် သားလည်း ဝမ်းမြောက်ဝမ်းသာ မိဖုရားကို ဆောင်ယူ၍ သွားလျှင် အိမ်တွင် မိဖုရားနှင့်တကွ အလိုရှိတိုင်းမွေ့လျော်၍နေရာတဦးနှင့်တဦးအလွန်တပ်စွန်းသော စိတ်ရှိသဖြင့် မခွဲနိုင်ကြတော့ဘဲ ခုနစ်ရက် မလည်မီပင် မိဖုရားနှင့် တိုင်ပင်ညီညွတ်၍ တစုံ တယောက်သောသူမျှ မသိရအောင် တိုင်းတပါးသို့ ထွက်ပြေးကြကုန်၏၊ လူတို့

သည် လေသွားရာလမ်းကို မသိသကဲ့သို့ ငှင်းတို့သွားရာ လမ်းကို မသိကြကုန်။

မင်းကြီးလည်း ပုရောဟိတ်သားနှင့် မိဖုရားတို့ ထွက်ပြေးကြောင်းကို သိတော်မူလျှင် တမြို့လုံး စည်လည်စေ၍ ရှာဖွေစေသော်လည်း မတွေ့မမြင်တော့ချေ၊ ထိုအခါမင်းကြီးအား မိဖုရားကိုလွမ်းဆွတ်သဖြင့် သည်းစွာသော စိုးရိမ်ပူဆွေးခြင်းသည် ဖြစ်ခဲ့၏၊ စိတ်နှလုံးပူလောင်သည့်အတွက် သွေးယိုစီးလျက် ဝမ်းသွေးသွန်သော ရောဂါသည်ဖြစ်လေ၏၊ အလွန်တတ်မြောက် လိမ္မာသော သမားတော်ကြီးတို့လည်း မကုသနိုင်ကုန်။

ရောဂါကုစဉ် ဥပါယ်ဆင်

ထိုအခါ သေနက အမတ်သည် ဤမင်းကား အနာရောဂါမရှိ၊ မိဖုရားကိုမှီ၍ ဖြစ်သော စိတ္တဇ ရောဂါသာရှိ၏၊ ငါသည် ဥပါယ်တမျဉ်ဖြင့် ပျောက်အောင် ကုစားမည်ဟု ကြံစည်လျက် အာယုရ,နှင့် ပက္ကုသ ပညာရှိအမတ်နှစ်ယောက်ကို ခေါ်၍"အမတ်မင်းတို့....အကျွန်ုပ်တို့မင်းကြီးမှာ မိဖုရားကိုမှီ၍ စိတ္တဇရောဂါ စွဲကပ်ခဲ့ပြီ၊ မင်းကြီးသည် အလွန်ကျေးဇူးများ၏၊ အကျွန်ုပ်တို့ ပျောက်ကင်းအောင် ကုသကြမည်၊ မင်းရင်ပြင်၌ ပွဲသဘင်ကြီးကို ပြုလုပ်၍ သန်လျက် မျိုတတ်သူတို့ကို အမျိုခိုင်းမည်၊ထိုအခါ မင်းကြီးသည်မြင်လျှင်သန်လျက်မျိုသည်ထက်ခက်ခဲသောအမှုရှိသေးသလောဟု မေးလိမ့်မည်၊ ထိုအခါ အဆွေအာယုရက ဤမည်သော ဥစ္စာကို ပေးမည်ဟု ဆိုခြင်းသည် သန်လျက်မျိုခြင်းထက် ခက်ခဲသော အမှုဖြစ်ပါသည်ဟု ဖြေဆိုပါ၊

နောက်ထိုထက် ခက်ခဲသော အမှုရှိသေးသလော ဟု မေးလိမ့်ဦးမည်၊ ထိုအခါ အဆွေပဏ္ဍိတ ပေးမည် ဟု ဝန်ခံထားသောအတိုင်း ပေးခြင်းသည် ထိုထက် ခက်ခဲသောအမှုဖြစ်သည်ဟု ဖြေဆိုပါ၊ ထိုထက် အလွန်မေးလျှင် အကျွန်ုပ်ဖြေဆိုမည်"ဟု တိုင်ပင်ကြကုန်၏။

သန်လျက် မျိုအတတ် မင်းမေးလတ် ပညာရှိအမတ်ကြီး သုံးဦးတို့သည် တိုင်ပင်ညီညွတ်သည့် အတိုင်း မင်းရင်ပြင်၌ သဘင်ကြီးကို ပြုလုပ်စေကုန်၏၊ မင်းကြီးထံသွား၍ စိတ်ဆင်းရဲခြင်း ပျောက်ကင်းချမ်းသာရန် ပွဲသဘင်သို့ ပင့်ဆောင်ကြကုန်၏၊ မင်းကြီးလည်း ပညာရှိအမတ်သုံးဦးနှင့်အတူ လေသာပြူတင်းကို ဖွင့်လျက် ပွဲသဘင်ကို ကြည့်ရှုလေ၏၊များစွာသော လူတို့သည် မိမိတို့ကျွမ်းကျင်တတ်မြောက်သော အတတ်ပညာကို ပြကြကုန်၏၊ ယောကျ်ားတယောက်သည် လက်သုံးဆယ့်သုံးသစ်ရှည်လျား၍ အသွားထက်လှသောသန်လျက်ကို မျိုလေ၏၊မင်းကြီးမြင်လျှင် အလွန်အံ့ဩကာ—

"အို—အာယုရပညာရှိ···· ပဏ္ဍာကတိုင်းသားဖြစ်သော ယောကျ်ားတယောက်သည် အသွားထက်လျက် သွေးကိုသောက်တတ်သောသန်လျက်ကြီးကို ပရိသတ်အလယ်မှာ မျိုဘိ၏၊ ထိုသန်လျက်ကိုမျိုခြင်းထက် ခက်ခဲသော အရာဌာန ရှိသေးသလော၊ငါ့အားပြောကြားပါ"—

ဟု အာယုရပညာရှိအား မေးလေ၏။

အမတ်လျှောက်မှ သက်သာရရ

အာယုရပညာရှိအမတ်လည်း မင်းကြီး အား စိုးရိမ်မှုသက်သာရာရစေလို၍—

"မဒ္ဒဝ အနွယ်ဖြစ်သော အရှင်မင်းကြီး.... ထိုယောက်ျားကား လောဘကြောင့် သွေးကို သောက်တတ်သော သန်လျက်ကြီးကို မျိုချရာ၏၊ တစုံတယောက်သော သူသည် ပေးမည်ဟူသော စကားကိုဆိုရာ၏၊ ထိုပေးမည်ဟူသော စကားကို ဆိုခြင်းသည် သန်လျက်ကြီးကို မျိုချခြင်းထက် ခက်ခဲပါ၏၊အလုံးစုံအခြားဖြစ်သောအရာဌာနကား လွယ်ကူ၏ဟု သိတော်မူပါ"—

ဟု မင်းကြီးအား ဖြေကြားလေ၏၊ မင်းကြီးသည် အာယုရပညာရှိစကားကို ကြားလျှင် ငါသည်ပုရောဟိတ် သားအား မိမိဖုရားကိုပေးမည်ဟုဆိုခဲ့၏၊ စင်စစ်ငါသည် အလွန်ခက်ခဲသော အရာဌာနကိုပြုခဲ့၏ဟု စဉ်းစားဆင်ခြင် စဉ်လျှင် မင်းကြီး၏စိုးရိမ်ပူဆွေးခြင်း စိတ္တဇရောဂါသည် အနည်းငယ် သက်သာလေ၏။

နောက်ထပ်တဖန် မင်းမေးပြန်

ထိုနောင်မှ မင်းကြီးသည် ပေးမည် ဟူသောစကားကို ဆိုခြင်းထက် ခက်ခဲ သော အရာဌာန ရှိသေးသလောဟု ကြံစည်ပြန်ကာ—

"အို-ပက္ကုသပညာရှိ.... တရား၌လိမ်မာသော အာယုရပညာရှိသည် ပြဿနာကို ဖြေဆိုအပ်ပြီ၊ ယခုသင်ပက္ကုသကိုမေးဦးမည်၊ထိုပေးမည်ဟူသော

စကားကိုဆိုခြင်းထက် အလွန်ခက်ခဲသော အရာဌာန ရှိသေးသလော၊ ငါ့အားဖြေကြားပါ''–

ဟုပဏ္ဍုသပညာရှိအားမေးပြန်၏၊ ထိုအခါ ပဏ္ဍုသပညာရှိသည်–

''အို-မဒ္ဒဝအနွယ်ဖြစ်သော မင်းကြီး····လူတို့သည် အကျိုးမရှိသောစကားကိုမှီ၍ အသက်မမွေးကြကုန်၊ ပေးပြီး၍လည်း မတပ်စွန်းပြန်ရာ၊ ပေးခြင်းကား ဤမည်သောဥစ္စာကို ပေးမည်ဟူသောစကားကိုဆိုခြင်းထက် ခက်ခဲပါ၏၊ အလုံးစုံအခြားဖြစ်သော အရာဌာနကား လွယ်ကူ၏ဟု သိတော်မူပါ''–

ဟုမင်းကြီးအား ဖြေကြားပြန်၏၊ထိုအခါမင်းကြီးသည် ငါကား ပုရောဟိတ်သားအား မိဖုရားကိုပေးမည်ဟူသောစကားကို ဆိုသည့်အတိုင်း ပေးခဲ့ပေ၏၊ စင်စစ် ငါသည် ခက်ခဲသော အရာဌာနကို ပြုပေ၏ဟု စဉ်းစားဆင်ခြင်စဉ် လျှင် မင်းကြီး၏ စိတ္တဇရောဂါသည် အလွန်သက်သာ၍ လာလေ၏။

မင်းကြီးအမေးကို သေနကဖြေဆို

ထိုနောင် သေနကသုခမိန်ထက် ပညာရှိသော သူမည်သည် မရှိ၊ ၎င်းအား မေးဦးမည်ဟု ကြံစည်လျက်–

''အို-သေနကပညာရှိ·· တရား၌လိမ္မာသော ပဏ္ဍုသပညာရှိသည် ပြဿနာကို ဖြေဆိုအပ်ပြီ၊ ယခုအခါ သေနကပညာရှိကို မေးဦးမည်၊ပေးခြင်း

ထက် ခက်ခဲသော အရာဌာန ရှိသေးသလော၊
ငါ့အား ဖြေကြားပါ”—

ဟု သေနကပညာရှိအား မေးပြန်၏၊ သေနကပညာရှိ
သည်—

“မဒ္ဒဝအနွယ်ဖြစ်သော မင်းကြီး.... အနည်း
ငယ်ဖြစ်စေ, အများဖြစ်စေ အလှူကိုလှူဒါန်းရာ၏၊
လှူပြီး၍ကား နောင်တတဖန် ပူပန်ခြင်းကို မပြုရာ၊
ပေးခြင်းထက် နောင်တတဖန် မပူပန်ခြင်းကား
ခက်ခဲလှပါ၏၊ အလုံးစုံအခြားဖြစ်သော အရာ
ဌာနကား လွယ်ကူ၏ဟု သိတော်မူပါ”—
ဟု မင်းကြီးအား ဖြေကြားပြန်၏။

စိုးရိမ်ငြိမ်းအေး စည်းစိမ်ပေး

ထိုအခါ မင်းကြီးသည် ငါကားပုရော
ဟိတ်သားအား မိဖုရားကို ပေးပြီး၍
မိမိစိတ်ကို ခိုင်ခံ့အောင် မထားနိုင်၊
စိုးရိမ်ပူပန်မိ၏၊ စိုးရိမ် ပူပန်ခြင်းကား မလျော်ကပတ်၊
မိဖုရားသည် ငါ့ကိုချစ်ပါမူ ဤစည်းစိမ်ကိုစွန့်၍ မပြေး
ပေရာ၊ ငါ့ကိုမချစ်၍ ပြေးလေသောမိဖုရားဖြင့် အဘယ်
အကျိုးရှိအံ့နည်းဟု ကြံစည်လျက်—

“အို-ပညာရှိတို့.... အာယုရ ပညာရှိသည်
ပြဿနာကိုဖြေဆိုအပ်ပြီ၊ ထိုနောင် ပက္ကုသပညာရှိ
လည်း ပြဿနာကိုဖြေဆိုအပ်ပြီ၊ ထိုသို့ ဖြေဆိုကြ
သော်လည်း သေနကပညာရှိပြဿနာကို ဖြေဆိုခြင်း

ကား အလုံးစုံသော ပညာရှိတို့ ဖြေဆိုခြင်းကို
လွှမ်းမိုး၍ တည်ပေ၏''—

ဟု သေနကပညာရှိအား ချီးမွမ်းအံ့ဩလေ၏၊ များစွာသော စည်းစိမ်ဥစ္စာတို့ကိုလည်း ပေးလေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ ငြိုးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ် ပစ္စုပ္ပန်, နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမိဖုရားကြီးသည်-ယခုအခါမယားဟောင်း။
※ မဒ္ဒဝမင်းကြီးသည်-ငြိုးငွေ့သောရဟန်း။
※ အာယုရပညာရှိသည်-မောဂ္ဂလာန်။
※ ပက္ကုသပညာရှိသည်-သာရိပုတ္တရာ။
※ သေနကပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မယားပေးပြီး၊အပူကြီး၊မင်းကြီးမဒ္ဒဝ။
(၂) စိတ်ကြောင့်ဖြစ်လျှင်း၊ဝမ်းသွေးဆင်း၊ထန်ပြင်းရောဂါရ။
(၃) ပညာရှိများ၊သုံးဦးသား၊ကုစားချမ်းသာရ။

ပဏ္ဍကဇာတ်ပြီး၏။

၄၀၂—သတ္တုဘသ္တဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ပညာအရာ လွန်ကဲစွာ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ်မြတ်စွာဘုရား၏ ပညာပါရမီကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မင်းဆရာပုဏ္ဏား ဟောညွှန်ကြား

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဇနကမင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ထိုဘုရားအလောင်းအား သေနက သတို့သား ဟူသောအမည်ကိုမှည့်ကုန်၏၊ ထိုသေနကသ တို့သားသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ် ပညာ သင်ကြားပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်လာ၍ မင်းကြီးထံ ခစားဖူးမြင်သောအခါ မင်းကြီးသည် အမတ် ရာထူးကိုပေး၍ များစွာသောစည်းစိမ်ကိုလည်း ပေးလေ၏။

ထိုသေနက အမတ်သည် မင်းကြီးအား အကျိုး အကြောင်းကိုပြ၍ ဆုံးမတတ်သော ပညာရှိ အမတ်ဖြစ်၏၊ နူးညံ့ သာယာသော စကားရှိ၏၊ တရားဟော ဓမ္မကထိက ဖြစ်၏၊ အလှူပေးခြင်း သီလဆောက်တည်ခြင်း စသော ကုသိုလ်ကမ္မပထတို့၌ တည်စေ၏၊ တိုင်းပြည် အလုံးသည် ဘုရားပွင့်သော အခါကဲ့သို့ဖြစ်၏၊ လဆုတ်ပက္ခ, လဆန်း

ပက္ခတို့၌ မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့ကို စည်းဝေးစေ၍ ရတနာပလ္လင်ထက်၌နေ၍ ဘုရား၏တင့်တယ်ခြင်းကဲ့သို့ တရားဟော၏။

မရောင့်ရဲခြင်းတရားဆယ့်ခြောက်ပါး

ထိုအခါ ပုဏ္ဏားအို တယောက်သည် ဗာရာဏသီ ပြည်၏ အနီး ဖြစ်သော ပုဏ္ဏားရွာ တခုတွင် နေ၏၊ မယားပုဏ္ဏေးမကား အသက်အရွယ်ငယ်လှ၏၊ကာမဂုဏ်အကျင့်ဝယ် လင်အိုကြီးနှင့်မရောင့်ရဲနိုင်သဖြင့် ပုဏ္ဏားတယောက်နှင့် လွန်ကျူးသောအကျင့်ကို ကျင့်လေ့ရှိ၏။

မရောင့်ရဲနိုင်သောဝတ္ထု ၁၆-ပါး

မရောင့်ရဲသောဝတ္ထုတို့ကား—

(၁) သမုဒ္ဒရာသည် ခပ်သိမ်းသော မြစ်ရေ တို့ဖြင့် မရောင့်ရဲခြင်း။

(၂) မီးသည် မီးစာဖြင့် မရောင့်ရဲခြင်း။

(၃) မင်းသည် တိုင်းပြည်ဖြင့် မရောင့်ရဲခြင်း။

(၄) သူမိုက်သည် ယုတ်မာသောအကျင့်ဖြင့် မရောင့်ရဲခြင်း။

(၅) မိန်းမသည် မေထုန်မှီဝဲခြင်း, တန်ဆာဆင်ခြင်း, သားဘွားခြင်းတို့ဖြင့် မရောင့်ရဲခြင်း။

(၆) ပုဏ္ဏားသည် ဗေဒင်ဖြင့်မရောင့်ရဲခြင်း။

(၇) ဈာန်ရ ပုဂ္ဂိုလ်သည် သမာပတ်ဖြင့် မရောင့်ရဲခြင်း။

(၈) သေက္ခပုဂ္ဂိုလ်သည် နိဗ္ဗာန်ဖြင့် မရောင့်ရဲခြင်း။

(၉) အလိုနည်းသောပုဂ္ဂိုလ်သည် ခုတင်ဖြင့် မရောင့်ရဲခြင်း။
(၁၀) လုံ့လရှိသောပုဂ္ဂိုလ်သည် လုံ့လဖြင့် မရောင့်ရဲခြင်း။
(၁၁) တရားဟော ပုဂ္ဂိုလ်သည် ဆွေးနွေးခြင်းဖြင့် မရောင့်ရဲခြင်း။
(၁၂) ရဲရင့်သော ပုဂ္ဂိုလ်သည် ပရိသတ်ဖြင့် မရောင့်ရဲခြင်း။
(၁၃) သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သည် သံဃာကိုလုပ်ကျွေးခြင်းဖြင့် မရောင့်ရဲခြင်း။
(၁၄) အလှူပေးသော ပုဂ္ဂိုလ်သည် စွန့်ကြဲခြင်းဖြင့် မရောင့်ရဲခြင်း။
(၁၅) ပညာရှိသည် တရားနာခြင်းဖြင့် မရောင့်ရဲခြင်း။
(၁၆) ပရိသတ်လေးပါးသည် ဘုရားကို ဖူးမြင်ခြင်းဖြင့် မရောင့်ရဲခြင်း—

ဟူ၍ တဆယ့်ခြောက်ပါးရှိကုန်၏။

ပရိယာယ်နိုင်းဆို ပုဏ္ဏားအို

ထိုပုဏ္ဏေးမယ်လည်း မေထုန် အကျင့်ဖြင့် မရောင့်ရဲ နိုင်လေ၊ ပုဏ္ဏားကြီးကို အရပ် တပါးသို့ သွားစေ၍ ယုတ်မာသောအကျင့်ကို လွတ်လွတ်လပ်လပ် ကျင့်လို၏၊ တနေ့သ၌ မျက်နှာမသာသဖြင့် အိပ်သည်ရှိသော် ပုဏ္ဏားကြီးကမေးလျှင် ကျွန်မိန်းမ ကျွန်ယောကျ်ား အလိုရှိကြောင်းကို ပြောဆိုလေ၏၊ ထိုအခါ ပုဏ္ဏားကြီးသည် ငါတို့မှာပစ္စည်းဥစ္စာမရှိဟု ပြောဆိုလျှင် အလှူခံထွက်၍ ရသော ဥစ္စာဖြင့်

ဝယ်ယူခဲ့ရမည်ဟု ပြောဆိုပြန်၏၊ ပုဏ္ဏားကြီးသည် ကောင်း ပြီ၊ရိက္ခာကို စီရင်လော့ဟု ပြောဆို၏၊ ပုဏ္ဏေးမလည်း မုံ့ဆုပ်တို့ကို ပြုလုပ်ပြီးလျှင် သားရေအိတ်၌ ထည့်၍ ပေး လေ၏။

ပုဏ္ဏားအိုအိတ်ကို မြွေဝင်နို

ပုဏ္ဏားကြီးသည် သားရေအိတ်ကို ယူ ဆောင်လျက် အိမ်မှထွက်၍ မြို့ရွာနိဂုံး တို့၌ လှည့်လည်ကာ အလှူခံလတ်သော် အသပြာ ခုနစ်ရာရ၍ ဤအသပြာခုနစ်ရာဖြင့် ကျွန်မိန်းမ ကျွန်ယောကျ်ားကို ဝယ်လောက်ပြီဟု မိမိနေရာ ရွာသို့ ပြန်လာသည်ရှိသော် ရေချမ်းသာရာအရပ်သို့ ရောက်လျှင် သစ်ပင်ရင်းတွင် သားရေအိတ်ကိုချ၍ အိတ်ကိုဖြေကာ မုံ့ကို စားပြီးလျှင် သားရေအိတ်ကို မပိတ်ခဲ့ဘဲ ရေအိုင်သို့ ရေ သောက်ရန်သွား၏၊ ထိုအခါ သစ်ပင်ခေါင်း၌ နေသော မြွေဟောက်သည် မုံ့နံ့ရ၍ ထွက်လာပြီးလျှင် သားရေ အိတ်တွင်းသို့ဝင်၍ မုံ့ကိုစားလျက်အိပ်လေ၏၊ ပုဏ္ဏားကြီး လည်း ရေသောက်ရာမှပြန်လာလျှင် အိတ်တွင်းကိုမကြည့် မူ၍ အမှတ်မဲ့အိတ်ကိုပိတ်ကာ ယူဆောင်၍သွားလေ၏။

ရုက္ခစိုးသတိပေး ပုဏ္ဏားသေဘေး

ခရီးလမ်းအကြားဝယ် သစ်ပင်တခုတွင် နေသော ရုက္ခစိုးနတ်သည် သစ်ခွ၌ ထိုင်လျက်"အို-ပုဏ္ဏားကြီး.... ဤခရီး လမ်းအကြားတွင်နေပါမူ သင်ပုဏ္ဏားကြီး သေရလိမ့်မည်၊ ယနေ့ အိမ်သို့ရောက်အောင်သွားပါမူ မယားသေရလိမ့် မည်"ဟုပြောဆိုပြီးလျှင် ကွယ်ပျောက်လေ၏၊ ပုဏ္ဏားကြီး သည် ကြည့်ရှုလတ်သော် ရုက္ခစိုးနတ်ကိုမမြင်၊ သေရမည့်

ဘေးမှကြောက်သောကြောင့် မကြီတတ်၊ ထောက်တည်ရာ မရတော့ဘဲ ငိုကြွေးလျက်သွားရာ ဗာရာဏသီ မြို့တော် တံခါးသို့ ရောက်လေ၏။

ထိုနေ့ကား ပန္နရသီဥပုသ်နေ့ဖြစ်၍ သေနကသုခမိန် သည် တရားဟောလျက်နေ၏၊ ပုဏ္ဏားကြီးသည် တရားနာ သွားသူတို့ကိုမြင်လျှင် မေးလေ၏၊လူတို့လည်း သေနကသုခ မိန်သည် တရားဟောလျက်နေ၏၊ တရားနာရန်သွားကြ ကြောင်းကို ပြောဆိုကြကုန်၏၊ ထိုအခါ ပုဏ္ဏားကြီးသည် လူတို့စကားကိုကြားလျှင် ပညာရှိ တရားဟောသတတ်၊ ပညာရှိတို့မည်သည်မှာ စိုးရိမ်ပူဆွေးခြင်းကို ပယ်ဖျောက် နိုင်၏၊ ငါသွား၍တရားနာရလျှင် ကောင်းမည်ဟုကြံစည် ကာ တရားပွဲသို့သွား၍ ပရိသတ်အလယ်သို့ဝင်ကာ တရား ဟောပလ္လင်အနီးတွင် သားရေအိတ်ကိုထမ်းပိုးကာ ငိုကြွေး လျက်နေ၏။

စိုးရိမ်ပူဆွေး ပညာရှိမေး

သေနကသုခမိန်လည်း ရေတံခွန်ကျဆင်း သည့်အလား တရားကို ဟောလေ၏၊ လူအများလည်း ဝမ်းမြောက် ဝမ်းသာ ကောင်းချီးပေးကြကုန်၏၊ထိုအခိုက် သားရေအိတ်ကိုထမ်း ပိုးကာငိုလျက်နေသော ပုဏ္ဏားကြီးကိုမြင်လျှင် တရားဟော မည်ဟု ပုဏ္ဏားကြီးကိုခေါ်၍—

"အို-ပုဏ္ဏားကြီး.... သင့်ကို ငါတိုက်တွန်း၏၊ သင်ကား စိတ်မတည်ကြည်၊ ဣန္ဒြေပျက်လှ၏၊ မျက်စိ လည်း ပျက်လှ၏၊ ရေပေါက်တို့ကဲ့သို့ မျက်ရည် ပေါက်တို့သည် ယိုစီးဘိ၏၊သင့်မှာ ဘယ်ဥစ္စာပျက်

စီးဆုံးရှုံးသနည်း၊ ဤအရပ်သို့ ဘာကိုတောင့်တ၍
လာသနည်းပြောဆိုပါ''—

ဟု ပုဏ္ဏားကြီးအား သာယာစွာသောအသံဖြင့် ပြောဆိုမေးမြန်းလေ၏၊ ထိုအခါပုဏ္ဏားကြီးသည်—

''အို-သေနကသုခမိန်....အကျွန်ုပ်အား ရုက္ခစိုးနတ်သည်-အိုပုဏ္ဏားကြီး ယနေ့မယားနှင့်သင်တို့နှစ်ယောက်သည် သေကြရလိမ့်မည်၊ အိမ်သို့ရောက်အောင်သွားပါမူ မယားသေရလိမ့်မည်၊ မသွားဘဲဤခရီးလမ်းတွင်နေပါမူ သင်ပုဏ္ဏားကြီးသေရလိမ့်မည်ဟု ပြောဆိုပါ၏၊ သို့အတွက် အကျွန်ုပ်ဆင်းရဲပင်ပန်းလှပါ၏၊ အကျွန်ုပ်အား ထိုသေရခြင်းအကြောင်းကို ပြောကြားပါ''—

ဟု သေနကသုခမိန်အား မိမိစိုးရိမ် ဆင်းရဲခြင်းအကြောင်းကို ပြောဆိုကာ ရုက္ခစိုးနတ် ပြောသော စကားအဓိပ္ပါယ်ကို မေးမြန်းလေ၏။

ပညာရှိဆင်ခြင်ခြင်းရာမြင်

သေနကသုခမိန်သည် ပုဏ္ဏားကြီးစကားကိုကြားလျှင် ဉာဏ်ကွန်ရက်ကို ဖြန့်၍ကြည့်ရှုဆင်ခြင်လတ်သော် သတ္တဝါတို့သေရခြင်းအကြောင်းကား များလှ၏၊ သို့ပင်များသော်လည်း ဤပုဏ္ဏားကြီးမှာ ယနေ့ခရီးအကြားတွင်နေလျှင် အဘယ်ကြောင့်သေရမည်နည်း၊ အိမ်သို့သွားလျှင်အဘယ်ကြောင့် မယားသေရမည်နည်းဟု ကြံစည်စဉ်းစားလေ၏၊ ထိုသို့ကြံစည်စဉ်းစားစဉ်လျှင် သားရေအိတ်ကိုမြင်၏၊ ဤသားရေအိတ်တွင်း၌ မုချ မြွေဟောက်ဝင်၍ နေသည်ဖြစ်

လိမ့်မည်၊ ပုဏ္ဏားကြီးသည် အိတ်ကိုဖွင့်၍မုံ့ကိုစားပြီးလျှင် မပိတ်ဘဲ ရေသောက်ရန်သွားလိမ့်မည်၊ ထိုအခါမြွေသည် မုံ့နံ့ရ၍အိတ်တွင်းသို့ဝင်လျက်မုံ့ကိုစားလိမ့်မည်၊ ရေသောက်ပြီးပြန်လာသောအခါ အိတ်တွင်းသို့မကြည့်ရှုဘဲ အိတ်ကိုပိတ်၍ ယူဆောင်သွားလိမ့်မည်၊ ခရီးလမ်းကြားတွင်နေ၍ တဘန်အိတ်ကိုဖွင့်၍ မုံ့ကိုစားပြန်လျှင် မြွေကိုက်၍ပုဏ္ဏားကြီးသေလိမ့်မည်၊အိမ်သို့ရောက်သွားပြန်လျှင်လည်း ရောက်လျှင် အိတ်ကိုမယားလက်သို့ပေးသောအခါ မယားသည် ဖွင့်ကြည့်ပြန်လျှင်လည်း မြွေကိုက်၍မယားသေလိမ့်မည်၊သို့အတွက် ရက္ခစိုးနတ်ပြောသည်ဖြစ်လိမ့်မည်ဟု ထက်မြက်သောဉာဏ်ဖြင့်ထိုးထွင်းကာ အကြောင်းမှန်ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိမြင်သည့်အလား ပိုင်းခြားသိမြင်လေ၏။

အမတ်ကြီးတွေး ဖြစ်ကြောင်းမေး

ထိုနောက် သေနကသုခမိန်သည်ပုဏ္ဏားကြီးလင်မယား သေရမည့် အကြောင်းမှန်ကို ပိုင်းခြား၍ သိပြီးလျှင် ပရိသတ်လေးပါးတို့အလယ်၌—

"အို-ပုဏ္ဏားကြီး···· သတ္တဝါတို့ သေရခြင်းအကြောင်းကား များစွာရှိသည်ကို ကြံစည်စဉ်းစားမိ၏၊ သို့ရာတွင် သင်တို့လင်မယား သေရခြင်းအကြောင်းကား အခြားမဟုတ်၊ သင်ပုဏ္ဏားမသိ ခိုက် သားရေအိတ်တွင်းသို့ မြွေဟောက် ဝင်နေသည်ဟု ငါကြံစည်အောက်မေ့၏"—

ဟု ပုဏ္ဏားကြီးအား သေရခြင်း၏အကြောင်းဖြစ်သော အမေးပြဿနာကို ဖြေကြားလေ၏၊ မိမိထင်မြင် ယူဆ

သောအတိုင်း မှန်သည်မမှန်သည်ကို သိမြင်ထင်ရှားစေလိုသဖြင့်—

အိတ်ကိုဖွင့်ပြ မြွေတွေ့ရ

တဘန်ပုဏ္ဏားကြီးအား— "အို-ပုဏ္ဏားကြီး····သင့်အိတ်တွင်း၌ မုံ့ရှိသလား" ဟုမေး၏၊ "ရှိပါသည်" ဟု ပြော၏၊ "ယနေ့နံနက်စာမုံ့ကို စားသလား"ဟု မေး၏၊ "စားပါသည်"ဟုပြော၏၊ "ဘယ်အရပ်၌စားသနည်း"ဟု မေး၏၊ "သစ်ပင်ရင်း၌ စားပါသည်" ဟုပြော၏၊ "မုံ့စားပြီး ရေသောက်သွားသောအခါ အိတ်ကိုပိတ်ခဲ့သလား"ဟုမေး၏၊ "မပိတ်ခဲ့ပါ"ဟုပြော၏၊ "ပြန်လာ၍ အိတ်ကို ပိတ်သောအခါ အိတ်ကို ကြည့်သလား"ဟုမေး၏၊"မကြည့်မိပါ"ဟု ပြော၏၊ ဤသို့ မေးမြန်းပြီးလျှင် "ပုဏ္ဏားကြီး····သင်ရေသောက်သွားခိုက် မုံ့နံ့ရ၍ မုချမြွေဟောက် ဝင်နေပြီ"ဟု ပြောဆို ဆုံးဖြတ်ကာပရိသတ်အလယ်မှာပင်—

"အို-ပုဏ္ဏားကြီး···· လှံကန်တခုကိုယူ၍ အိတ်ကိုပုတ်လော့၊ အဆိပ်တံထွေးများ၍ လျှာနှစ်ခွရှိသော မြွေဟောက်ကို ကြည့်ရှုလော့၊ ယခုသင်၏ ယုံမှားတွေးတောခြင်းကို ပယ်ဖျောက်လော့၊ သင်မုံ့အိတ်ကိုဖြေ၍ မြွေဟောက်ကို ရှုကြည့်လော့"—

ဟု ပုဏ္ဏား ကြီးအား အိတ်တွင်း၌ မြွေဟောက် ရှိကြောင်းကို လက်တွေ့ပြလေ၏။

ပညာရှိချီးမွမ်း အံ့မခမ်း

ပုဏ္ဏားကြီးလည်း သေနက သုခမိန်စကားကိုကြားလျှင် အလွန် ထိတ်လန့်ကြောက်ရွံ့လျက် သားရေအိတ်ကိုချ၍ ဖွင့်ပြီးလျှင် လှံကန်ဖြင့် ပုတ်ခတ်လေ၏၊ မြွေဟောက်သည်



P.16 လမ်းမှာနေက သင်သေမည်၊အိမ်ရောက်ချေက မယားသေမည်ဟု နတ်ဆိုစကားကို ပညာရှိဖြေရှင်းလိုက်ပုံ

အိတ်တွင်းမှထွက်ကာပါးပျဉ်းထောင်၍ လူအများကိုကြည့်ရှုလျက်နေ၏၊ ထိုအခါ သုခမိန့်ဖြေကြားခြင်းကား သဗ္ဗညုဘုရား၏ ဖြေကြားခြင်းကဲ့သို့ ဖြစ်လေ၏၊ လူအများလည်း သုခမိန်အား ချီးကျူးကြကုန်၏၊ ကောင်းချီးပေးကြကုန်၏၊ ပုဇော်သောအားဖြင့် ပုဆိုးဦးရစ်ခေါင်းပေါင်း စသည်တို့ကို ပစ်ကြကုန်၏၊ အံ့သြကာလက်ဖျားခါကြကုန်၏၊ တခဲနက်သောမိုးယံကြီး ရွာသွန်းသည့်အလား၊ ရတနာမိုးယံကြီး ရွာသွန်းလေ၏၊ ကောင်းချီးပေးသော အသံကား မြေကြီးကွဲမျှဖြစ်လေ၏။

ဤသို့လျှင် သေနကသုခမိန်သည် ပုဏ္ဏားကြီး၏ ခက်ခဲနက်နဲလှသောပြဿနာကိုဖြေဆိုပြီးသည်ရှိသော်အလမ္ပာယ်ယောကျ်ားတယောက်သည် မြွေဟောက်၏ ခံတွင်းကို ဖွင့်ချည်ပြီးလျှင် မြွေဟောက်ကိုယူ၍ တောထဲတွင် လွှတ်လိုက်၏။

ပုဏ္ဏားအိုချီးမွမ်းအကုန်ပေးကမ်း

ထိုနောက် ပုဏ္ဏားကြီးသည် မင်းကြီးသို့ ချဉ်းကပ်၍ အောင်စေ သတည်း၊ အောင်စေ သတည်းဟု လက်အုပ်ချီလျက်—

“မြတ်သောမင်းကြီး…. အရှင် မင်းကြီးကား ကောင်းမွန် မြင့်မြတ်သော ပညာဉာဏ် ရှိသော သေနကသုခမိန်ကို တွေ့မြင်ခွင့်ရပေ၏၊ သေနကသုခမိန်ကို တွေ့မြင်ရခြင်းကား အရှင်မင်းကြီးအား ကောင်းသောရခြင်းဖြစ်ပေ၏”—

ဟု ဇနကမင်းကြီးအား ချီးကျူးပြီးလျှင်သားရေအိတ်မှ အသပြာခုနစ်ရာတို့ကို ထုတ်၍—

"ဒိုး-သေနကသုခမိန်… သင်ကား ကိလေသာ မရှိ၊တရားအလုံးစုံကိုသိမြင်သော သဗ္ဗညုဘုရားပင် ဖြစ်လေသလား၊ သင်၏ ပညာဉာဏ်ကား အလွန် အံ့ဘွယ်သရဲ ဖြစ်သော သဗ္ဗညုတ ဉာဏ်ကဲ့သို့ပင် အားရှိလေသလား၊ ငါ၌ရှိသော ဤခုနစ်ရာသော အသပြာတို့ကို သင်အားပေးလှူပါ၏၊ အမှန်အား ဖြင့် သင်ပေးသောကြောင့် ငါ့အသက်ကို ယနေ့ ရအပ်ပေပြီ၊ထို့ပြင် မယား၏ချမ်းသာခြင်းကိုလည်း သင်သည်ပင် ပြုအပ်ပေပြီ"-

ဟု သုခမိန်အား ချီးကျူး၍ နှစ်သက်ဝမ်းသာ ပေးခြင်း ဖြင့် အသပြာခုနစ်ရာတို့ကို ပေးလှူလေ၏။

ထိုနောက် "ဒိုး-သုခမိန်… အကျွန်ုပ်မှာ နောက်ထပ် အလှူခံလှည့်လည်လျှင် ဤအသပြာ ခုနစ်ရာမျှလောက်ကို ရရှိဘို့မခဲယဉ်းပါ၊ ယူတော်မူပါ"ဟု အတင်းတောင်းပန် **လေ၏**။

အသပြာသိမ်းမှု မှာကြားပြု

သုခမိန်သည် ပုဏ္ဏားကြီးစကားကိုကြား လျှင် အလှူခံရလာသော အသပြာကို သိမ်းဆည်းထားရန် မှာကြားလို၍-

"ဒိုး-ပုဏ္ဏားကြီး…ပညာရှိ သုခမိန်တို့မည် သည်ကား ဆန်းကြယ်၍ ကောင်းစွာပြောဆိုအပ် သောစကားတို့ဖြင့် အဘိုးအခကို မယူကြကုန်၊ ဒို ပုဏ္ဏားကြီး…ငါ့ထံမှ သုံးရာသော အသပြာတို့ကို

ပင် သင့်အားပေးပါ၏၊ သင်သည် ထိုအသပြာတို့ကို
လည်း ယူ၍အိမ်သို့သွားပါလော့”-

ဟု ပြောဆိုကာ မိမိကပင် အသပြာ သုံးရာဖြည့်၍ ပုဏ္ဏားကြီးအား အသပြာ တထောင်ပြည့်အောင် ပေးလေ၏၊ ထိုနောင်မှ သုခမိန်သည် ပုဏ္ဏားကြီးအား- “ပုဏ္ဏားကြီး....သင့်ကို ဘယ်သူ ဥစ္စာရှာခိုင်းသနည်း”ဟု မေး၏၊ “သုခမိန်.... မယား ခိုင်းပါသည်” ဟုပြော၏၊ “မယားမှာ အသက်ကြီးပြီလား”ဟုမေး၏၊“ငယ်ပါသေးသည်”ဟုပြော၏၊ “ငယ်လျှင် လင်ငယ်နှင့်လွန်ကျူးခြင်းကို ပြုရာ လွတ်လွတ်လပ်လပ်ပြုလို၍ သင့်ကို ဥစ္စာရှာခိုင်းသည်၊ ဤအသပြာတထောင်ကို အိမ်သို့ယူသွားလျှင် မယားသည် လင်ငယ်အား ပေးလိမ့်မည်၊ ထိုကြောင့် တနေရာရာမှာ ထား၍ အိမ်သို့သွားလော”ဟု မှာထား၍ ပုဏ္ဏားကြီးကိုလွှတ်လိုက်၏။

မယားပြောမှု လင်ငယ်ယူ

ပုဏ္ဏားကြီးလည်း သွား၍ ရွာအနီးသို့ ရောက်လျှင် သစ်ပင်ရင်းတခု၌ ဥစ္စာကို ထား၍ ညအခါ အိမ်သို့သွား၏၊မယားလည်း လင်ငယ်နှင့် မွေ့လျော်ကာနေ၏၊ ပုဏ္ဏားကြီးလည်း အိမ်တံခါးသို့ရောက်လျှင် ရှင်မဟုလှမ်း၍ခေါ်၏၊ မယားလည်း ပုဏ္ဏားကြီးအသံကို ကြား၍ ပြန်လာမှန်း သိလျှင် ဆီမီးတိုင်ကိုငြိမ်း၍ အိမ်တံခါးကိုဖွင့်၏၊ပုဏ္ဏားကြီးဝင်လာသည်ရှိသော် လင်ငယ်ကိုအမှတ်ပေးကာ အပြင်သို့ ထွက်စေ၏၊ မယားလည်းပုဏ္ဏားကြီးအိတ်ကိုဖွင့်၍ကြည့်ရာ တစုံတခုကိုမမြင်၍“အရှင်....အလှူခံ၍ အဘယ်မျှရခဲ့သနည်း” ဟု မေး၏၊“ရှင်မ..အသပြာတထောင်ရခဲ့သည်”ဟု ပြော

၏၊ "အဘယ်မှာနည်း" ဟုမေး၏၊ "ရွာ၏အပြင်မည်သည့် သစ်ပင်ရင်းတွင် ထားခဲ့သည်၊ နက်ဖြန်မှ ယူပေးမည်" ဟု ပြောလေ၏၊ မယားလည်း သွား၍ လင်ငယ်အား ဥစ္စာထား ရာအရပ်ကိုပြောကြား၏၊ လင်ငယ်လည်းသွား၍ ယူလေ၏။

ပညာရှိနည်းပေး ပြန်ရရေး

ပုဏ္ဏားကြီးလည်း နံနက်မိုးလင်းသော အခါ ထားခဲ့သော ဥစ္စာကို သွား၍ယူ သည်ရှိသော် ဥစ္စာ မရှိတော့ သဖြင့် သုခမိန်ထံသို့ သွားပြန်၏၊ သုခမိန်လည်း ပုဏ္ဏားကြီးလာ သည်ကိုမြင်လျှင် "ပုဏ္ဏားကြီး.... အဘယ်ကြောင့် လာ သနည်း" ဟုမေး၏၊ "သုခမိန်....ဥစ္စာမရှိတော့ပါ"ဟုပြော ၏၊ "သင့်....မယားကို ပြောကြားသလော" ဟု မေး၏၊ "ပြောကြားခဲ့ပါသည်" ဟု ပြောလျှင် မယားသည် လင်ငယ်အား ပြောကြားသောအဖြစ်ကို သိ၍ "ပုဏ္ဏား ကြီး....သင့်မယားအား ဆရာပုဏ္ဏားရှိသလော"ဟု မေး ၏၊ "ရှိပါသည်"ဟုပြော၏၊ "သင့်မှာကော ဆရာပုဏ္ဏား ရှိသလော"ဟု မေး၏၊ "ရှိပါသည်" ဟု ပြောကြား၏၊ ထိုအခါ သုခမိန်သည် ပုဏ္ဏားကြီးအား ခုနစ်ရက်စာ လုံလောက်အောင် ရိက္ခာတို့ကိုပေးပြီး၍"ပုဏ္ဏားကြီး.... ရှေးဦးနေ့၌ သင့်ဆရာပုဏ္ဏား ခုနစ်ယောက်၊ သင့်မယား ဆရာ ပုဏ္ဏား ခုနစ်ယောက် အားလုံးဆယ့်လေးယောက် တို့ကို ပင့်ဘိတ်၍ ဆွမ်းကျွေးလော၊ နောက်နောက်သော နေ့တို့၌ သင့်ဘက်က တယောက် မယားဘက်က တယောက်စီ လျှော့၍ကျွေး၊နောက်ဆုံး ခုနစ်ရက်မြောက် နေ့ဝယ် သင့်ဘက်ကတယောက်၊ မယားဘက်ကတယောက်

သာကျန်လိမ့်မည်၊ နေ့စဉ်လာ၍ စားသော ပုဏ္ဏားကို မှတ်၍ ငါ့အား ပြောကြားပါ”ဟု မှာ၍လွှတ်လိုက်ပြန်၏။

ပညာရှိအစွမ်း သူခိုးဖမ်း

ပုဏ္ဏားကြီးလည်း သုခမိန် နည်းပေးသော အတိုင်း ဆွမ်းကျွေး ပြီးလျှင် တဘန် သုခမိန်ထံလာ၍ နေ့စဉ်မပြတ် စားသောပုဏ္ဏားကို မည်သည့် ပုဏ္ဏားဖြစ်ကြောင်း ပြောကြား၏၊ သုခမိန်လည်း ထိုပုဏ္ဏားကို မင်းချင်းတို့ကို စေလွှတ်၍ ဘမ်းစေပြီးလျှင် “ပုဏ္ဏား····သင်သည် ဤမည်သော သစ်ပင်ရင်းမှ ဤပုဏ္ဏားကြီး၏ အသပြာတထောင်ကို ယူသလော”ဟုမေး၏၊“ပညာရှိ မယူပါ”ဟု ပြော၏၊ “ပုဏ္ဏား···· ငါ့ကို သေနက သုခမိန် ဖြစ်သည်ကို မသိသလော၊ သင့်ထံမှ ယခုယူဆောင်စေမည်၊မှန်မှန်ပြော”ဟု ခြိမ်းချောက်လေလျှင်၊“ပညာရှိ··ယူမိပါသည်”ဟုဟုတ်မှန်သောအတိုင်း ပြောကြားရလေ၏။

ဥစ္စာပြန်ရ ဆိုဆုံးမ

ထိုအခါ သုခမိန်သည် ပုဏ္ဏားကြီးအား “ပုဏ္ဏားကြီး····ဤပုဏ္ဏေးမ ယယ်ကိုပင် မယားပြုလိုသလော၊ အခြားပုဏ္ဏေး မကိုမယားပြုလိုသလော”ဟုမေး၏၊“သုခမိန်····ဤပုဏ္ဏေး မငယ်ကိုပင် မယားပြုလိုပါသည်”ဟု လျှောက်ထားလျှင် သုခမိန်သည် ပုဏ္ဏေးမငယ်ကို ခေါ်စေ၍ ပုဏ္ဏားကြီးအား အပ်နှင်းပြီးလျှင် အသပြာတထောင်ကိုလည်း သူခိုးပုဏ္ဏား လက်မှ ယူဆောင်စေကာ ပြန်၍အပ်နှင်းပြီးလျှင် မြို့တော်၌ စည်လည်စေ၍ သူခိုးပုဏ္ဏားအား မင်း... ပြီးလျှင် ပုဏ္ဏေးမငယ်အားလည်း

၁၄၉၉

ဤကဲ့သို့ ယုတ်မာသော အမှုကို မပြုကျင့်ရန် မင်းအာဏာကိုပြ၍ ပုဏ္ဏားကြီးအားလည်း ကြီးစွာသော အခြံအရံကိုပေး၍ မိမိထံ၌ နေစေ၏။

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်စသည်တို့၌ တည်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏားကြီးသည်- ယခုအခါ အာနန္ဒာ။

※ ရုက္ခစိုးနတ်သည်- သာရိပုတ္တရာ။

※ ပရိသတ်သည်-ဘုရားပရိသတ်။

※ သေနက သုခမိန်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော် မူသတည်း။

ဆောင်ပုဒ်

(၁) ပညာရှိကား လူအများ၊ အားထားကိုးကွယ်ရာ။

(၂) ပညာမျက်စိ၊ အမြင်ရှိ၊ သိရခက်ခဲစွာ။

(၃) ပညာရှိထံ၊ ဆည်းကပ်ပြန်၊ ဘေးရန်လွတ်မြဲသာ။

(၄) သေနကဘက်၊ပုဏ္ဏားပျက်၊ အသက်ချမ်းသာရှာ။

သတ္တုဘတ္တဇာတ်ပြီး၏။

၄၀၃—အဋ္ဌိသေနဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

တောင်းခံမှုများ မလိုလား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အာဠဝီပြည်ကို အမှီပြု၍ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးတော်မူစဉ် ကုဋိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[မဏိကဏ္ဍ ဇာတ်နှင့်တူပြီ။]

အတိတ်ဝတ္ထု၊

ရသေ့မြတ်ကို မင်းကြည်ညို

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် နိဂုံးရွာ တခုဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အဋ္ဌိသေနဟူသော အမည်ကို မှည့်ကုန်၏၊ ထိုအဋ္ဌိသေနသတို့သားသည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားပြီးလျှင် နောက်အဘို့၌ ကာမဂုဏ်တို့၏ အပြစ်ကိုမြင်၍ တောထွက်ကာ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ ပြီးလျှင် ဟိမဝန္တာအရပ်တွင် ကြာမြင့်စွာနေလေ၏။

တနေ့သ၌ ချဉ်ဆား မှီဝဲအံ့သောငှါ ဗာရာဏသီပြည်သို့ သွား၍ မင်းဥယျာဉ်၌ တညးခိုလျက် နက်ဖြန်မြို့တွင်းသို့ ဆွမ်းခံဝင်လတ်သော် မင်းရင်ပြင်သို့ ရောက်လေ၏၊မင်းကြီးသည် မြင်လျှင် ရသေ့၏ ဣရိယာပုထ်တို့၌ ကြည်ညိုသဖြင့် ပြာသာဒ်ပေါ်သို့ပင့်ပြီးလျှင် ဆွမ်းဘောဇဉ်တို့ဖြင့်လုပ်ကျွေး၍ ဥယျာဉ်တော်၌ အမြဲသီတင်းသုံးရန် ပင့်ဘိတ်၏။

ဆရာရသေ့အား မင်းဖိတ်ကြား

အဂ္ဂိသေန ရသေ့သည် ဆိတ်ဆိတ်နေလျက် ဝန်ခံတော်မူ၏၊ ဆွမ်းဘုဉ်းပေးပြီးလျှင် ဉယျာဉ်တော်သို့ ကြွလေ၏၊ မင်းကြီးသည် ဆရာရသေ့ထံ တနေ့နှစ်ကြိမ် သုံးကြိမ်ခစား၏၊တရားတော်ကို ကြားနာရသဖြင့် ကြည်ညို၍ "အရှင်ဘုရား....မင်းအဖြစ်မှစ၍ အလိုရှိရာဝတ္ထုကို တောင်းတော်မူပါ၊ လှူဒါန်းပါမည်"ဟု ဘိတ်မန်လေ၏၊ ရသေ့ကား ဤဝတ္ထုကို အလိုရှိသည် ဟု ဘယ်အခါမျှမတောင်းလေ၊သူတောင်းစားတို့ကား အလိုရှိရာ ဝတ္ထုကိုတောင်းကြကုန်၏၊မင်းကြီးလည်း ငြိတွယ်ခြင်းမရှိဘဲ ပေးလှူ၏။

မင်းကြီးလျှောက်ထား ကြောင်းရာများ

တနေ့သ၌မင်းကြီးသည်သူတောင်းစားတို့ကား အလိုရှိရာ ဝတ္ထုကို တောင်းကြကုန်၏၊ အရှင် အဂ္ဂိသေနရသေ့ကား ဘိတ်မန်သောနေ့မှစ၍ ယနေ့တိုင် မည်သည့်ဝတ္ထုကိုမျှမတောင်းလေ၊ ဤအရှင်ကား ပညာရှိ၏၊ ဉပါယ်၌လိမ်မာ၏၊ အကြောင်းကိုမေးမည်ဟု ကြံစည်လျက် ရသေ့ထံသို့ရောက်လျှင်—

"အရှင်အဂ္ဂိသေန.... အကျွန်ုပ်နှင့် မသိကုန်သော သူတောင်းစားတို့သည် အကျွန်ုပ်ထံ အညီအညွတ်လာကြ၍ လိုရာဝတ္ထုကိုတောင်းကြကုန်၏၊ အရှင်အဂ္ဂိသေနကား အဘယ်ကြောင့် အကျွန်ုပ်ကို မတောင်းပါသနည်း"—

ဟု ရသေ့အား မေးလျှောက်လေ၏။

ရသေ့မိန့်ကြား
တောင်းမှုများ

ရသေ့လည်း မင်းကြီး လျှောက်ထားသောစကားကိုကြားလျှင်—

"မင်းကြီး… တောင်းသောသူကိုပေးသောသူသည် မချစ်မနှစ်သက်အပ်ပါ၊ မပေးသော သူကိုလည်း တောင်းသောသူသည် မချစ်မနှစ်သက်အပ်ပါ၊ ထို့ကြောင့် ငါသည် မမုန်းပါစေသတည်းဟုသင်မင်းကြီးကို မတောင်းပါ"—

ဟု မင်းကြီးအား မတောင်းခြင်းအကြောင်းကို မိန့်ကြားတော်မူ၏။

သဗ္ဗါတရားရှိမှု
လျှောက်ထားပြု

ထိုအခါ မင်းကြီးသည် ရသေ့၏စကားကိုကြားလျှင်—

"အရှင်အဋ္ဌိသေန… တောင်း၍ အသက်မွေးသောရဟန်းပုဏ္ဏားကား တောင်းသင့်သောအခါ၌ တောင်းသင့်သော ဝတ္ထုပစ္စည်းကိုမတောင်း၊ ထိုမတောင်းသောသူသည် သူတပါးအား ကောင်းမှုကိုယုတ်လျော့စေ၏၊ မိမိလည်း ချမ်းသာစွာအသက်မမွေးရ"။

"အရှင်အဋ္ဌိသေန… တောင်း၍ အသက်မွေးသော ရဟန်းပုဏ္ဏားကား တောင်းသင့်သောအခါ၌တောင်းကာ သင့်သောဝတ္ထုပစ္စည်းကိုတောင်း၏၊ ထိုတောင်းသောသူသည် သူတပါးအား ကောင်းမှုကိုရရှိစေ၏၊ မိမိလည်း ချမ်းသာစွာ အသက်မွေးရ၏"။

"အရှင်အဋ္ဌသေန....သူတော်ကောင်းတို့သည် လာကုန်သော သူတောင်းစားတို့ကိုမြင်၍ အမျက် မထွက်ကုန်၊ အကျွန်ုပ်သည် မြတ်သော အကျင့်ရှိ သောအရှင်ဘုရားကို ကြည်ညိုပါ၏၊ အရှင်ဘုရား သည် အလိုရှိရာဝတ္ထုပစ္စည်းကို တောင်းတော်မူပါ၊ မြတ်သော မင်းအဖြစ်ကိုပင် အလိုရှိပါမူ ပေးလှူ ပါမည်"—

ဟု ရသေ့အား လျှောက်ထားကာ ဘိတ်မန်လေ၏။

အရိယာကျင့်မှု နှလုံးပြု

ရသေ့သည် တစုံတခုသောဝတ္ထုပစ္စည်း ကိုမျှ မတောင်းလေဟု မိမိအလိုကို လျှောက်ထားသည်ရှိသော် ရသေ့သည် မင်းကြီးအားတောင်းခြင်းမှာ ရဟန်းတို့ အလေ့အကျင့်မ ဟုတ်၊ လူတို့အလေ့အကျင့်သာဖြစ်ကြောင်း ရဟန်းတို့မှာ အလွန်အသက်မွေးဖြူစင်ကြောင်းကို ပြလိုသည်ဖြစ်၍—

"မင်းကြီး..စင်စစ်ဘုရားစသောပညာရှိတို့ကား မတောင်းကုန်၊ ပညာရှိသော ဒါယကာတို့သည် ရဟန်းတို့အလိုကိုသိကြရမည်၊ အရိယာသူတော် ကောင်းတို့ကား ရည်ညွှန်း၍ရပ်လေ့ရှိကုန်၏၊ ဤသို့ ရပ်ခြင်းမှာ အရိယာတို့တောင်းခြင်းဖြစ်၏"—

ဟုမင်းကြီးအား ဘုရားစသောအရိယာသူတော်ကောင်း တို့၏ အလေ့အကျင့်ကိုဟောတော်မူ၏။

မင်း၏လှူပြု ဖြင်းပယ်မှု

မင်းကြီးသည် ရသေ့၏တရားစကားကို ကြားနာရလျှင် "အရှင်ဘုရား....ပညာ ရှိသောဒါယကာသည် ရဟန်းတို့အလို

ကိုသိ၍ လှူရပါမူ အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့အား ဤမည်သော ၀တ္ထုပစ္စည်းကို လှူဒါန်းပါမည်”ဟု လျှောက်ထားလိုပြန်သဖြင့်–

“အရှင်ဘုရား…. အရှင်ဘုရားအား နွားလားဥသဘနှင့်တကွ နွားနီမတထောင်ကိုလှူဒါန်းပါ၏၊ အရှင်ဘုရား၏ တရားစကားတို့ကို ကြားနာရ၍ မြတ်သော အကျင့်ရှိသောသူသည် မြတ်သော အကျင့်ရှိသော အရှင်ဘုရားအား အဘယ်ကြောင့် မပေးလှူဘဲ ရှိပါအံ့နည်း”–

ဟု တဖန်လျှောက်ထားပြန်၏၊ ထိုအခါ အင္ဂသေနရသေ့သည် “မင်းကြီး….ငါကားရဟန်းဖြစ်သည်၊ ပလိဗောဓ ကြောင့်ကြမရှိ”ဟု အလှူမခံဘဲမြစ်ပယ်တော်မူ၏။

မင်းကြီးလည်း ရသေ့၏အဆုံးအမ၌တည်၍ ကုသိုလ်ကောင်းမှုတို့ကိုပြုကာ သေလွန်သည့်အခြားမဲ့၌ နတ်ပြည်သို့လားရ၏၊ ဆရာရသေ့လည်း မယုတ်သောဈာန်ရှိသည်ဖြစ်၍ သေလွန်သည့်အခါ ဗြဟ္မာပြည်သို့လားရ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြတော်မူသည်၏ အဆုံး၌ များစွာသောရဟန်းတို့သည် သောတာပတ္တိဖိုလ်စသည်တို့၌ တည်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....
※ ထိုအခါ မြင်းကြီးသည်- ယခုအခါ အာနန္ဒာ။
※ အင်္ဂုဒ္ဓိသေနရသေ့သည်- ငါဘုရားဖြစ်လာပြီ”–
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တောင်းသူမုန်းမြဲ၊ မပေးလဲ၊ မုန်းမြဲမမွတာ။
(၂) အခါ,ပုဂ္ဂိုလ်၊ ဝတ္ထုကို၊ တောင်းလိုဆင်ခြင်ရာ။
(၃) တောင်းခြင်းလူလေ့၊ ရဟန်းလေ့၊ ရပ်၍ရည်ညွှန်းကာ။
(၄) အလိုကိုသိ၊ ပညာရှိ၊ လျှာသင့်လျော်ရာ။

အင်္ဂုဒ္ဓိသေနကဇာတ်ပြီး၏။

၄၀၄-ကပိဇာတ်

ပန္နရသမဝဂ်

ဒေဝဒတ်ပျက်စီးမှု ဟောကြားမြဲ

နတ်လူတို့ ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြေမျိုသည်ရှိသော် ပရိသတ်နှင့်တကွပျက်စီးလေ၏၊ ရဟန်းတို့သည် တရားသဘင်ဝယ် ဒေဝဒတ် ပရိသတ်နှင့် တကွ ပျက်စီးခြင်း၏အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူလျှင် ထိုအကြောင်းကို သိတော်မူ၍ “ရဟန်းတို့....ယခုအခါ၌သာ ဒေဝဒတ်သည် ပရိသတ်နှင့်တကွ ပျက်စီးသည်မဟုတ်၊ ရှေးအခါ၌လည်း ပျက်စီးဘူးပြီ” ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မျောက်ယုတ်ကျင့်မှု ရန်ငြိုးဖြ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် မျောက်မျိုး၌ဖြစ်၍ မျောက်ငါးရာခြံရံကာ မင်းဥယျာဉ်တော်၌ နေ၏၊ ဒေဝဒတ်အလောင်း မျောက်သည်လည်း မျောက်ငါးရာခြံရံကာ မင်းဥယျာဉ်တော်၌ပင် နေ၏။

တနေ့သ၌ ပုရောဟိတ်သည် ဥယျာဉ်တော်သို့သွားကာ ရေချိုး၍ တန်ဆာဆင်ပြီးထွက်လတ်သော် လျှပ်ပေါ်သော မျောက်တကောင်သည် ဥယျာဉ်တော် တံခါးတိုင် ထိပ်မှ နေ၍ ပုဏ္ဏားဏ်ထိပ်၌ ကျင်ကြီးစွန့်၍ချ၏၊ တဘန်မော်၍ ကြည့်ပြန်လျှင် မျက်နှာ၌စွန့်၍ချပြန်၏၊ထိုအခါပုဏ္ဏားသည် "ယခုငါ့အပေါ် ကျင်ကြီးစွန့်၍ချခဲ့သည် နှိုစေဦး၊မကြာမီ သိစေမည်"ဟု မျောက်တို့၌ ရန်ငြိုးဖွဲ့ကာ ခြိမ်းချောက်ပြီးလျှင် တဘန် ရေချိုး၍ ပြန်လေ၏။

မျောက်မင်းလိမ္မာ ရွှေ့ပြောင်းကာ

မျောက်မင်းသည် ပုဏ္ဏားခြိမ်းချောက်၍ မျောက်တို့၌ရန်ငြိုးဖွဲ့သွားကြောင်း သိလေလျှင် မျောက်တို့ကို ခေါ်၍ "အမောင်တို့···· ရန်သူတို့နေရာအရပ်၌ နေခြင်းငှါမသင့်၊ အရပ်တပါးသို့ သွားကြကုန်"ဟု ပြောဆိုဆုံးမ၍ မျောက်တထောင်ကို ဥယျာဉ်တော်မှ နှင်ထုတ်၏၊ အဆုံးမခက်သောမျောက်သည် မိမိအခြံအရံ မျောက်ငါးရာကို ယူ၍ နောက်မှသိရမည်ဟု ဥယျာဉ်တော်၌သာနေ၏၊မျောက်မင်းကား မိမိအခြံအရံငါးရာကိုယူ၍ တောသို့ဝင်၏။

ဆင်မီးလောင်နာ ဆေးနည်းရှာ

တနေ့သ၌ စပါးထောင်းသော ကျွန်မသည် စပါးကိုနေပူလှန်းထားရာ ဆိတ်တကောင်လာ၍စားလျှင် မီးစဖြင့် ထ၍ ရိုက်လေ၏၊ ဆိတ်သည် ကိုယ်ကို မီးလောင်သဖြင့် ပူလောင်လတ်သော် ပြေးလွှားကာ ဆင်တင်းကုပ်အနီးတွင်မှီလျက်ရှိသော မြက်ကုဋိနံရံကို ကိုယ်ဖြင့်ပွတ်သတ်လေ၏၊ထိုအခါ ဆိတ်မွေး၌လောင်နေသောမီးသည်မြက်ကုဋိကိုကူးစက်၍ လောင်လေ၏၊ ၎င်းမှတဘန် ဆင်တင်းကုပ်ကိုကူးစက်၍လောင်ပြန်၏၊ ထိုအခါ ဆင်တို့ကျောက်ကုန်းများကိုလောင်ပြန်၏၊ ဆင်ဆရာတို့သည် မီးလောင်နာတို့ကို ကုစားကြသော်လည်း မပျောက်ကင်းနိုင်သဖြင့် မင်းကြီးအား လျှောက်ထားကြကုန်၏။

မျောက်တို့သတ်ရန် ပုဏ္ဏားကြံ

ပုရောဟိတ်လည်း မျောက်တို့ကိုဘမ်း၍သတ်ရန် နည်းလမ်းကို စုံစမ်းရှာဖွေ၍နေစဉ် မင်းကြီးထံ အခစားရောက်လျှင် မင်းကြီးသည် "ဆရာ···· ဆင်တို့မီးလောင်နာတို့ကို ဆင်ဆရာတို့ မကုစားနိုင်သဖြင့် လျှောက်ထားလာကြသည်၊ ဆင်ဆေးကို သိပါသလော"ဟု မေးလေ၏၊ ထိုအခါပုရောဟိတ်သည် အချက်ကောင်းရပြီဟု အောက်မေ့ကာ "အရှင်မင်းကြီး···· သိပါသည်၊ ဆင်နာကို ကုသရာ၀ယ် မျောက်ဆီထက်ကောင်းသော ဆေးမရှိပါ"ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း အဟုတ်မှတ်ထင်ကာ လေးသမားတို့ကို ဆင့်ဆိုပြီးလျှင် ဥယျာဉ်တော်ရှိ မျောက်တို့ကိုသတ်၍ မျောက်ဆီကိုယူစေ၏။

ပျက်စီးသမှု ညည်းညူပြ

ထိုအခါ လေးသမားတို့သည် ငါးရာသော မျောက်တို့ကို ပစ်၍သတ်ကြကုန်၏၊ မျောက်ကြီးတကောင်သည်မြှားမှန်သော်လည်း ရုတ်တရက်မလဲဘဲ မျောက်မင်း ရှိရာသို့လာ၍ လဲလျက်သေလေ၏၊မျောက်တို့သည် ထိုအကြောင်းကို မျောက်မင်းအားပြောကြားကြကုန်၏၊ ထိုအခါမျောက်မင်းသည် မျောက်အပေါင်းကိုအလယ်၌ထား၍—

"အို-မျောက်အပေါင်းတို့···· ပညာရှိ မည်သည် ရန်သူရှိရာအရပ်၌ တရက် နှစ်ရက်မျှလည်း မနေရာ၊ ရန်သူရှိရာအရပ်၌ နေခြင်းသည် ဆင်းရဲလှ၏။

စင်စစ် ပေါ့ပျက်သောစိတ်ရှိသော ထိုစိတ်ပေါ့ပျက်သောသူ၏ အတုကိုယူ၍ ကျင့်သောသူအားဘေးရန်သည် ဖြစ်၏၊ မျောက်တကောင်ကြောင့် မျောက်အပေါင်း ပျက်စီးခြင်းကိုပြုအပ်၏။

မိုက်လျက်ပညာရှိဟု မှတ်ထင်ကာ မျောက်အပေါင်းကို ဆောင်သောသူသည် မိမိအလိုသို့လိုက်၍သေသည်ကို မြင်ရသကဲ့သို့ ဤမျောက်သေသည်ကိုကြည့်ရှုကုန်လော"—

ကျိုးနှစ်ဖြာသိ ပညာရှိ

အားရှိသော မျောက် အပေါင်းကိုဆောင်သော သူမိုက်သည် မကောင်း၊ ငှက်တိန်ညင်ကဲ့သို့ ဆွေမျိုးတို့ စီးပွားမဲ့ကိုဆောင်၏၊ အားရှိသော မျောက်အပေါင်းကိုဆောင်သော ပညာရှိကားကောင်း၏၊တာဝတိံသာ

နတ်တို့ အရှင်ဖြစ်သော သိကြားမင်းကဲ့သို့ ဆွေမျိုးတို့အစီးအပွားကိုဆောင်၏။

မိမိ၏ သီလ, ပညာ, အကြားအမြင်ကို သိမြင်သောသူသည် မိမိ သူတပါး နှစ်ပါးစုံတို့၏ အကျိုးစီးပွားကိုကျင့်နိုင်၏။

ထိုကြောင့်မိမိကိုယ်ကို၊သီလ၌ရင်း,ပညာ၌ရင်း, အကြားအမြင်၌ရင်း နှိုင်းယှဉ်၍ ပညာရှိသည် အပေါင်း အဘော် ကိုလည်း ဆောင်ရာ၏၊ တယောက်ထီးလည်းကျင့်ရာ၏"—

ဟု မျောက်အပေါင်းအား နည်းပရိယာယ်ဖြင့် ဟောကြားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဆိုနိုင်ခက်သောမျောက်သည်-ယခုအခါ ဒေဝဒတ်။

※ ဆိုနိုင်ခက်သောမျောက်၏ပရိသတ်သည်-ဒေဝဒတ်၏ပရိသတ်။

※ မျောက်ပညာရှိ၏ ပရိသတ်သည်- ငါဘုရား၏ ပရိသတ်။

※ မျောက်ပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရန်သူရှိပေ၊အရပ်မြေ၊မနေပညာဝါ။
(၂) ပညာရှိမူ၊အများသူ၊ဆောင်ယူထိန်းသိမ်းရာ၊
(၃) သူမိုက်တို့မူ၊အများသူ၊မယူမထိန်းရာ။
(၄) သူမိုက်ဦးစီး၊ကျိုးမပြီး၊ကျိုးပြီးပညာဝါ။

ကပိဇာတ်ပြီး၏။

၄၀၅-ဗကဇာတ်

ပန္နရသနိပါတ်

ဗကဗြဟ္မာအယူမှား၏ဟူ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အာဘဿရ ဘုံ၌ဖြစ်သော ဗကဗြဟ္မာကြီးအား ဤတရားသည်မြဲ၏၊ စုတေခြင်း သဘောမရှိ၊ ဤတရားမှတပါး ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်းဖြစ်သော နိဗ္ဗာန်မည်သည် မရှိ၊ ဤသို့စသောအယူကိုယူ၏။

ထိုဗကဗြဟ္မာကြီးသည် အောက်ဈာန်ကိုရ၏၊ ရှေး၌ ဈာန်ကိုပွါးစေ၍ ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၏၊ ထိုဘုံမှတဖန် သုဘကိဏှာဘုံ၌ဖြစ်၏၊ ထိုဘုံမှတဖန် အာဘဿရဘုံ၌ဖြစ်၏၊ ထိုဘုံ၌ အထက်ဗြဟ္မာဘုံမှ စုတေကို မအောက်မေ့နိုင်၊ ပဋိသန္ဓေကိုလည်း မအောက်မေ့နိုင်၊ ထိုနှစ်ပါးသော စုတေ ပဋိသန္ဓေကိုမမြင်၍ ဤသို့သောအယူကို ယူ၏။

ဗကအမှား ညွှန်ပြကြား

မြတ်စွာဘုရားသည် ထိုဗကဗြဟ္မာ၏ စိတ်အကြံကိုသိတော်မူလျှင် ဗြဟ္မာ့ဘုံသို့ ကြွတော်မူ၏၊ ဗကဗြဟ္မာသည်မြတ်စွာ ဘုရားကို မြင်တော်မူလျှင်"အရှင်ဘုရား…. ကြွလာတော်မူပါ၊ ကြွလာတော်မူခြင်းသည် ကောင်းပါ၏၊မကြွလာသည်မှာ ကြာမြင့်ပြီ"ဟု ပဋိသန္ဓာရစကား လျှောက်ထားပြီးလျှင် "အရှင်ဘုရား….ဤတရားသည်မြဲ၏၊ စုတေခြင်းမရှိ၊ ပဋိသန္ဓေမနေ၊ မအို၊ တဘန်မဖြစ်၊ ဤတရားထက်လွန်မြတ်သော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော နိဗ္ဗာန်တရားမည်သည် မရှိ"ဟု မိမိအယူရှိသည့်အတိုင်း လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏စကားကို ကြား၍ "အချင်းတို့…. ဗကဗြဟ္မာသည် အဝိဇ္ဇာနှင့် ပြည့်စုံစွတကား၊ ဗကဗြဟ္မာသည် အဝိဇ္ဇာနှင့်ပြည့်စုံစွတကား၊ အနိစ္စသာလျှင် ဖြစ်ပါလျက် နိစ္စဟုဆိုဘိ၏၊တပါးသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော တရား ထင်ရှားရှိပါလျက် မရှိဟုဆိုဘိ၏"ဟုမိန့်တော်မူ၏။

ဗက ထင်မှား ဘုရားလျှောက်ကြား

ဗကဗြဟ္မာသည် မြတ်စွာဘုရားစကားကိုကြားလျှင် အရှင်ဂေါတမသည် မေးစိစစ်လိမ့်မည် ဟု ကြံစည်ကာ အားနည်းသော သူခိုးသည် နှစ်ချက်သုံးချက် ရိုက်ကာမျှဖြင့် ငါသည်ပင်လျှင် သူခိုးလော၊ ဤသူလည်း သူခိုးတည်း၊ ဤသူလည်း သူခိုးတည်းဟု အပေါင်း အဘော် အလုံးစုံ ပြောကြားသကဲ့သို့ မိမိနှင့်အယူဝါဒတူကုန်သောအပေါင်း အဘော် အလုံးစုံတို့ကို ပြောကြားလိုသည်ဖြစ်၍—

"အို-အရှင်ဂေါတမ····ကုသိုလ်ကောင်းမှုရှိသော ခုနစ်ကျိပ်ရှစ်ယောက်သော အကျွန်ုပ်တို့သည် မိမိတို့အလိုအတိုင်း ဖြစ်ကြကုန်၏၊ ပဋိသန္ဓေနေခြင်း, အိုခြင်းမှ လွန်မြောက်ကြကုန်၏၊ ပညာဖြင့်ရောက်အပ်သော ဤဗြဟ္မာပြည်၌ဖြစ်ခြင်းကား အဆုံးစွန်သောဖြစ်ခြင်းတည်း၊ လူများစွာတို့သည် အကျွန်ုပ်တို့ကဲ့သို့ ဖြစ်ရလို၏ဟုတောင့်တကြကုန်၏"—

ဟု မြတ်စွာဘုရားအား လျှောက်ထားလေ၏။

အသက်ပိုင်းခြား ဘုရားဟောကြား

ထို့နောင် မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏ မမြဲသောအဖြစ်ကို သိစေလိုသဖြင့်—

"အို-ဗကဗြဟ္မာ····သင်ကားသင်၏အသက်ကို ရှည်လှ၏ဟု အောက်မေ့ မှတ်ထင်နေ၏၊ သင်၏အသက်ကား တိုတောင်းလှ၏၊ ရှည်သည်မဟုတ်"။

"အို-ဗကဗြဟ္မာ····ငါသည် သင်၏အသက်ကို နိရဗ္ဗုဒတသိန်းရှိသော အဟဟမျှအတိုင်းအရှည်မျှသာ ကြွင်း၏ဟုသိ၏"—

ဟု အသက်အပိုင်းအခြားကို မိန့်တော်မူ၏။

အတိတ်လျှောက်ထား ဘုရားဟောကြား

ထိုအခါ ဗကဗြဟ္မာသည် သူ၏နောက်အတိတ် အကြောင်းကို လျှောက်ထားလို၍—

"အို-ရှင်ဂေါတမ··သင်တို့သည် ငါကားအဆုံးမရှိသောတရားကို မြင်သောဘုရားဖြစ်၏၊ပဋိသန္ဓေနေခြင်း,အိုခြင်း,စိုးရိမ်ပူဆွေးခြင်းတို့ကိုလွန်မြောက်၏ဟုဝန်ခံဘိ၏။

ထိုသို့ဖြစ်ခဲ့သော် အကျွန်ုပ်၏ရှေး၌ဖြစ်ဘူးသော အကျင့်သီလကား အဘယ်နည်း၊ ထိုအကျင့်သီလကို အကျွန်ုပ်လည်း သိရာ၏၊ ထိုအကျင့်သီလကို ပြောကြားတော်မူပါ''—

ဟုလျှောက်ထားတောင်းပန်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဗကပြဟ္မာအား အောက်ပါအတိတ်ဇာတ်တို့ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊

ကုန်သည်များဒုက္ခ ရသေ့ကယ်မ

လွန်လေပြီးသောအခါတခုသောကမ္ဘာ၌ သင်ဗကပြဟ္မာသည် ရသေ့ဖြစ်၏၊ ထိုအခါ သဲကန္တာရ၌ နေလျက် သဲကန္တာရ၌ သွားကုန်သော များစွာသောသူတို့အား ရေကို ဆောင်၍ပေးလေ့ရှိ၏။

တနေ့သ၌ လှည်းကုန်သည်တဦးသည် လှည်းငါးရာတို့နှင့် ထိုသဲကန္တာရ၌သွား၏၊ လူတို့သည် ကျယ်ဝန်းသော သဲကန္တာရ၌ အရှေ့, အနောက်, တောင်,မြောက် အရပ်မျက်နှာတို့ကို မမှတ်နိုင်ဘဲ ခုနစ်ရက် ပတ်လုံး အစာအာဟာရပြတ်လျက် အပူဖြင့်နှိပ်စက်သဖြင့် ငါတို့မုချသေကြရမည်ဟု အောက်မေ့လျက် နွားတို့ကို ချွတ်ပြီးလျှင် လှည်းအောက်၌ အိပ်ကြကုန်၏။

ထိုအခါ ရသေ့သည် ဆင်ခြင်လတ်သော် လှည်းကုန်သည်တို့ကိုမြင်၍ ဤလှည်းကုန်သည်တို့သည် ငါ၏မျက်မှောက်၌ မပျက်စီးစေကုန်သတည်းဟု နှလုံးသွင်းကာ မိမိ တန်ခိုးအာနုဘော်ဖြင့် ဂင်္ဂါမြစ်ရေကို အပေါ်သို့ပံ့

၍ လှည်းကုန်သည်တို့ ရှေးရှုစီးစေပြီးလျှင် အနီးဖြစ်သော အရပ်၌လည်း တောအုပ်တခုကို ဘန်ဆင်းလေ၏။

လူတို့သည် ရေကို အလိုရှိတိုင်း သောက် ချိုးလျက် ရောင့်ရဲစေပြီးလျှင် တောအုပ်မှမြက်တို့ကိုရိတ်ကာ နွားတို့ကို ကျွေး၍ရေတို့ကိုတိုက်ကြကုန်၏၊ ထင်းတို့ကိုယူကာ ထိုတော အုပ်ကိုမှတ်၍ ဿကန္တာရကို လွန်မြောက်စေကုန်၏။

အတိတ်ဆောင်ပြ နောက်ဘ၀ ထိုအကြောင်းကိုရည်၍ မြတ်စွာဘုရား သည် ဗကဗြဟ္မာကို ဆိုးမလိုသဖြင့်—

"အို-ဗကဗြဟ္မာ....သင်သည် ရေဝတ်၍ အပူဖြင့် အလွန်နှိပ်စက်ကာ ပင်ပန်းသော လူများစွာ တို့ကို ရေသောက်စေ၏၊ သင်၏ ရှေး၌ဖြစ်သော ထိုအကျင့်သီလကို ငါဘုရားသည် အိပ်မက်မြင်၍ အိပ်ရာမှနိုးသော ယောကျ်ားကဲ့သို့ အောက်မေ့ နိုင်၏"—

ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဝတ္ထုတခုကို ဆောင်တော်မူ၏။

နောက်အခါ ထိုရသေ့သည် ပစ္စန္တရစ်ရွာတခုကို အမှီ ပြုကာ မြစ်အနီး တောအုပ်၌နေပြန်၏၊ ဘနေ့သ၌ တောင် ပေါ်၌နေသော သူခိုးတို့သည် အောက်သို့ ဆင်းသက်ကြ လျက် ရွာကို လုယက်ဖျက်ဆီးကာ လူများစွာတို့ကို ဘမ်း ကုန်၍ တောင်ပေါ်သို့ တက်စေပြီးလျှင် ခရီးအကြားတွင် သူလျှိုကိုထားကာ တောင်ခေါင်းသို့ဝင်၍ ထမင်းချက်လျက် နေကြကုန်၏။

ရသေ့ပရိယာယ်
လူများကယ်

ထိုအခါရသေ့သည် ကျွဲနွားစသည်တို့၏ ဝင်း,ယောက်ျား, မိန်းမ, သူငယ်စသည် တို့၏ဝင်း ကျယ်စွာသော ညည်းညူသံကို ကြား၍ ဤသတ္တဝါတို့သည် ငါမြင်စဉ် မပျက်စီးစေကုန် သတည်းဟု အောက်မေ့ ဆင်ခြင်လျက် မိမိ၏ တန်ခိုး အာနုဘော်ဖြင့် ကိုယ်ခန္ဓာအတ္တဘောကိုစွန့်၍ မင်းအသွင် ဘန်ဆင်းကာ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် ခြံရံ ကာ စစ်ထိုးစည်ကိုတီးစေလျက် ထိုသူတို့ နေရာအရပ်သို့ သွားလေ၏။

သူလျှို့တို့မြင်လျှင် သူခိုးတို့အား ပြောကြားကုန်၏၊ ထိုအခါ သူခိုးတို့သည် ငါတို့အား မင်းနှင့်တကွ စစ်ထိုး ခြင်းငှါမသင့် ဟု ဆောင်ယူခဲ့သော ဥစ္စာအလုံးစုံကို စွန့် လွှတ်၍ ထမင်းကိုပင် မစားနိုင်ကြတော့ဘဲ အမြန်ပြေးကြ ကုန်၏။

ဗကဆုံးမ
အတိတ်ပြ

ရသေ့သည် အလုံးစုံသော သူတို့ကို ဆောင်ယူပြီးလျှင် မိမိတို့ရွာ၌ တည်စေ ကုန်၏၊ထိုအကြောင်းကိုရည်၍ မြတ်စွာ ဘုရားသည်—

"အို-ဗကပြဟ္မာ... သင်သည် ဧဏိမြစ်နား၌ ဘမ်းဆီးကာယူဆောင်ထားသော သူအပေါင်းကို လွှတ်စေခဲ့ပြီ၊ သင်၏ရှေး၌ ဖြစ်သော ထိုအကျင့် သီလကို ငါဘုရားသည် အိပ်မက်မြင်၍ အိပ်ရာမှ နိုးသော ယောက်ျားကဲ့သို့ အောက်မေ့နိုင်၏"—

ဟု မိန့်တော်မူကာ အတိတ်ဝတ္ထုတခုကို ဆောင်တော် မူပြန်၏။

နောက်အခါ ထိုရသေ့သည် ဂင်္ဂါမြစ်နား၌ နေပြန်၏။ ထိုအခါ လူတို့သည် လှေနှစ်စင်း သုံးစင်းကို ဘောင်ဖွဲ့၍ ဘောင်ပေါ်တွင် ပန်းမဏ္ဍပ်ဆောက်လုပ်ပြီးလျှင် ထမင်း ငါး အမဲ အရက် သေစာတို့ကို သောက်စားကုန်လျက် ကမ်းတဘက်သို့ သွားကုန်၏၊ စားကြွင်းသောက်ကြွင်း ဖြစ်သော ထမင်း ငါး အမဲ သေရည်တို့ကိုလည်း ဂင်္ဂါမြစ်၌ ပင်ချကြကုန်၏။

ဂဠုန်သဘွယ်
နဂါးရန်ကယ်

ဂင်္ဂါ မြစ်၌နေသော နဂါးမင်းသည် လူတို့ စားကြွင်း သောက်ကြွင်းတို့ကို ငါ၏အထက်၌ချရမည်လားဟု အမျက် ထွက်လျက် လူခပ်သိမ်းကိုဘမ်း၍ ဂင်္ဂါမြစ်၌ နစ်ကာသတ်မည်ဟု ပိန်းကောလှေကြီးပမာဏရှိသောကိုယ်အတ္တဘော ကိုဘန်ဆင်း၍ ရေကိုခွဲလျက် ပါးပျဉ်းကိုထောင်ကာ လူတို့ ရှေ့တွင် သွားလေ၏၊ လူတို့သည် နဂါးမင်းကို မြင်လျှင် သေရမည့်ဘေးမှ ကြောက်သဖြင့် တပြိုက်နက် သည်းစွာ သော အသံဖြင့် ငိုကြွေး အော်ဟစ်ကြကုန်၏။

ရသေ့သည် ထိုလူတို့ ငိုကြွေးအော်ဟစ်ကြသောအသံကို ကြားလျှင် နဂါးမင်းအမျက် ထွက်သည်ကို သိ၍ ငါ့မျက် မှောက်တွင် မပျက်စီးစေသတည်းဟု ကြံစည်ကာ လျင်မြန် စွာ ဈာန်ဝင်စား၍ မိမိ၏တန်ခိုးအာနုဘော်ဖြင့် ဂဠုန် သဏ္ဍာန်ဘန်ဆင်း၍ နဂါးရှိရာသို့ သွားလေ၏၊ နဂါးမင်း လည်း ဂဠုန်ကိုမြင်လျှင် သေဘေးမှ ကြောက်သဖြင့် ရေတွင် ငုပ်လေ၏။

နောက်ကြောင်းဘဝ ထုတ်ဘော်ပြ

ထိုအခါ လူတို့သည် အသက်ဘေးမှ ချမ်းသာရာ ရကြကုန်၏၊ ထိုအကြောင်းကို ရည်၍ မြတ်စွာဘုရားသည်—

"အို—ဗက ဗြဟ္မာ….သင်သည် ဂင်္ဂါရေအယဉ်၌ ကြမ်းကြုတ်သော နဂါးသည် လူတို့ကို ပျက်စီးစေရန် အားအစွမ်းဖြင့် ဘမ်းမည့်လှေကို လွတ်မြောက်စေပြီ၊ သင်၏ ရှေး၌ဖြစ်သော သီလအကျင့်ကို ငါဘုရားသည် အိပ်မက်မြင်၍ အိပ်ရာမှ နိုးသော ယောကျ်ားကဲ့သို့ အောက်မေ့နိုင်၏"—

ဟု မိန့်တော်မူကာ အတိတ်ဝတ္ထုတခုကို ဆောင်တော်မူပြန်၏။

ထိုနောက် သင်ဗကဗြဟ္မာသည် ကေသဝရသေ့ဖြစ်သောအခါ၌ ငါဘုရားသည် တပည့်ကြီး ကပ္ပရသေ့ဖြစ်၏၊ အမှုကြီးငယ်ကို ဆောင်ရွက်၏၊ သင့်အား နာရဒအမတ်သည် ဗာရာဏသီပြည်မှဟိမဝန္တာသို့ဆောင်ယူခဲ့ရာ အနာရောဂါကို ပျောက်စေ၏။

အမတ်မေးမြန်း ရသေ့ဖြေကြား

ထိုနာရဒအမတ်သည် နှစ်ကြိမ်မြောက် ဟိမဝန္တာသို့ လာသောအခါ အနာရောဂါပျောက်ကင်းနေသော ကေသဝရသေ့ကိုမြင်၍—

"ဘုန်းတော်ကြီးသော အရှင် ကေသဝရသေ့…အလိုရှိရာ ဝတ္ထုအလုံးစုံနှင့် ပြည့်စုံသော လူမင်းကို စွန့်၍ အဘယ်ကြောင့် ကပ္ပရသေ့၏သင်္ခမ်းကျောင်း၌ မွေ့လျော်ပါသနည်း"—

ဟု လျှောက်ထား၏၊ ထိုအခါ ကေသဝ ရသေ့သည်—

"အိုး- နာရဒအမတ်.... ကပ္ပရသေ့၏ သိမ်မွေ့သော ကျောင်း၌ ကောင်းမြတ်၍ နှလုံးမွေ့လျော်ဘွယ် ဖြစ်သော သစ်ပင်တို့သည် ရှိကုန်၏၊ ကောင်းစွာ ပြောဆိုအပ်သော ကပ္ပရသေ့၏ စကားသည်လည်း ငါ့ကို မွေ့လျော်စေ၏"-

ဟု နာရဒအမတ်အား ပြန်ကြားပြောဆိုလေ၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် ကပ္ပရသေ့ဖြစ်စဉ် ရောဂါပျောက်ငြိမ်းစေသည့် အဖြစ်ကိုပြတော်မူ၏၊ ဤသို့ပြတော်မူခြင်းဖြင့် ဗကဗြဟ္မာကို လူ့ပြည်၌ ပြုခဲ့ဘူးသော ကောင်းမှုကုသိုလ် အလုံးစုံကို မှတ်စေတော်မူ၏။

ဗကဗြဟ္မာရှုံးရ
ကံတော့ဝန်ချ

ထိုအခါ ဗကဗြဟ္မာသည် မိမိပြုခဲ့ဘူးသော ကောင်းမှုကုသိုလ် အလုံးစုံကို သတိရသဖြင့်-

"အိုး-အရှင်ဂေါတမ....သင်သည် အကျွန်ုပ်၏ အသက်အတိုင်း အရှည်ကို စင်စစ် သိမြင်ပေ၏၊ တပါးသောတရားကိုလည်းသိမြင်ပေ၏၊ထို့ကြောင့် ဘုရားဖြစ်တော်မူ၏၊ အရှင်ဘုရား၏ ဤထွန်းပသော ကိုယ်ရောင်တော်သည် ဗြဟ္မာပြည်၌လည်း ထွန်းပစေလျက် တည်တော်မူ၏"-

ဟု မြတ်စွာဘုရားအား ချီးကျူးကာ လျှောက်ထားပြန်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ကိုယ်တော်၏ဂုဏ်ကျေးဇူးတော်ကို သိစေလျက် တရားဟောတော်မူ၍ သစ္စာကို ပြသည်၏အဆုံး၌ ဗြဟ္မာတသောင်းတို့သည် တကျာဒိဋ္ဌိတို့

ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရား လေးပါးတို့မှ ကင်း
လွတ်ကုန်၏။

ထိုနောက် မြတ်စွာဘုရားသည် ဗြဟ္မာများစွာတို့၏
ကိုးကွယ်ရာ ဖြစ်၍ ဗြဟ္မာပြည်မှ ဇေတဝန်ကျောင်းတော်သို့
ကြွတော်မူပြီးလျှင် ထိုဓမ္မဒေသနာကိုပင် ဗြဟ္မာတို့အား
ဟောကြားသောနည်းဖြင့် ရဟန်းတို့အား ဟောကြား
တော်မူပြန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်
သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကေသဝရသေ့သည်-ယခုအခါ ဗကဗြဟ္မာ။
※ ကပ္ပရသေ့သည်- ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ အမြဲတည်နေ၊ မစုဝေ၊ သန္ဓေမရှိပါ။

၂။ ဝဋ်မှထွက်ရန်၊ တရားမှန်၊ ကေန်မရှိပါ။

၃။ အယူလွဲမှား၊ ဗကအား၊ ဘုရားချွတ်သည်သာ။

ဗကဇာတ်ပြီး၏။

၄၀၆–ဂန္ဓာရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

သန္နိဓိအမှု ကဲ့ရဲ့ပြ နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် အရံစောင့်ကို လွတ်စေလိုသဖြင့် ဗိမ္ဗိသာရမင်းကြီးအား တန်ခိုးပြတော်မူသောကြောင့် လူတို့ကြည်ညိုသဖြင့် ငါးပါးသောဆေးတို့ကို လှူဒါန်းကုန်၏၊ ထိုအခါ ပိလိန္ဒဝစ္ဆမထေရ်သည် ထိုဆေးပစ္စည်းတို့ကို မိမိပရိသတ်အား ပေးကမ်းချီးမြှောက်လေ၏။

ပိလိန္ဒဝစ္ဆမထေရ်၏ ပရိသတ်သည် သုံးစား၍မကုန်နိုင်သဖြင့် များစွာသောဆေးပစ္စည်းတို့ကို နက်ဖြန်သန်ဘက်သုံးဆောင်ဘို့ရန် သိုမှီး၍ထားကြကုန်၏၊ လူတို့မြင်လျှင် ကဲ့ရဲ့ပြစ်တင် ကြသောကြောင့် မြတ်စွာဘုရားသည် (သန္နိဓိကာရ)သိက္ခာပုဒ်ကိုပညတ်တော်မူ၍ "ရဟန်းတို့.... ရှေးပညာရှိတို့သည် ပဉ္စသီမျှကိုသာစောင့်သုံးသောသာသနာပရသေ့ဖြစ်လျက် ဆားမျှကိုပင် သိုမှီးခြင်းကိုကဲ့ရဲ့ပြစ်တင်ကုန်သေး၏၊သာသနာတော်တွင်း၌ ရဟန်းဖြစ်ပါလျက် နက်ဖြန်သန်ဘက်အလို့ငှါဆေးပစ္စည်းတို့ကိုသိုမှီးခြင်းသည်မသင့်" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

လကိုကြည့်၍မိန်း ရာဟုဖမ်း လွန်လေ ပြီးသောအခါ ဂန္ဓာရတိုင်းဝယ် ဘုရားအလောင်းသည် ဂန္ဓာရ

မင်းဖြစ်၍ တရားသဖြင့်မင်းပြု၏၊ ထိုအခါ ဝေဒေဟတိုင်း၌လည်း ဝေဒေဟမင်းသည် မင်းပြုလျက်ရှိလေ၏၊ ထိုမင်းနှစ်ပါးတို့သည် တဦးနှင့်တဦး မမြင်ဘူးကြကုန်သော်လည်း အလွန်ချစ်ကျွမ်းဝင်သော(အဒိဋ္ဌသဟာယ)အဆွေခင်ပွန်းဖြစ်ကြကုန်သတတ်။

ထိုအခါ လူတို့သည် အနှစ်သုံးသောင်း အသက်ရှည်ကြကုန်၏၊ ရံခါ၌ဂန္ဓာရမင်းသည် လပြည့်နေ့တွင် ဥပုသ်ဆောက်တည်လျက် ပြာသာဒ်အပြင်၌နေ၍ လေသာ ပြူတင်းကိုဖွင့်ပြီးလျှင် အရှေ့လောကဓာတ်ကို ကြည့်လျက် အမတ်တို့အား တရားနှင့်စပ်သောစကားကို ပြောဟောကာနေ၏၊ ထိုခဏ၌ အလွန် ကြည်လင် တောက်ပသော လပြည့်ဝန်းကို ရာဟုဖမ်းလေ၏၊ လရောင်သည် ကွယ်ပြောက်ခဲ့၏၊ အမတ်တို့သည် လရောင်ကိုမမြင်လတ်သော် ရာဟုဖမ်းသည့်အဖြစ်ကို မင်းကြီးအား လျှောက်ထားကြကုန်၏။

လပမာ၍
ရဟန်းပြု

မင်းကြီးသည် လကိုကြည့်စဉ်လျှင် ဤလရောင်သည် အာဂန္တုက ဖြစ်သော အညစ် အကြေးဖြင့် ညစ်နွမ်း ဘိ၏၊ ငါ့အားလည်း မင်းစည်းစိမ်သည် အညစ်အကြေးဖြစ်၏၊ ငါသည် ရာဟုဖမ်းသောလကဲ့သို့ ညစ်နွမ်းရာ၏၊ မလျှောက်ပတ်၊ ထွန်းလင်းသော လပြည့်ဝန်းကဲ့သို့ ဖြစ်လာအောင် မင်းစည်းစိမ်ကို စွန့်လွှတ်၍ ရဟန်းပြုမည်၊ သူတပါးတို့ကို ဆုံးမ၍နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊မင်းစည်းစိမ်၌ ငြိတွယ်ခြင်းမရှိ၊ မိမိကိုယ်ကိုသာ ဆုံးမတော့မည်၊ ဤ

အကျင့်သာလျှင် လျှောက်ပတ်၏ဟုကြံစည်၍အမတ်တို့အား မင်းစည်းစိမ်ကို အပ်နှင်းပြီးလျှင် ရသေ့ရဟန်းပြု၍ ဈာန် အဘိညာဉ်ကိုဖြစ်စေလျက် ဟိမဝန္တာအရပ်၌ နေလေ၏။

မိတ်ဆွေရဟန်းပြု နောက်လိုက်မှု

ဝေဒေဟ မင်းလည်း ကုန်သည်တို့နှင့် ကြုံကြိုက်၍ အဆွေ ခင်ပွန်းဖြစ်သော ဂန္ဓာရမင်းကြီးအကြောင်းကို မေးမြန်းရာ ရသေ့ရဟန်းပြုကြောင်း သိလေလျှင် ဂန္ဓာရမင်းကြီး နည်းတူ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ကာ ရသေ့ရဟန်း ပြုပြီးလျှင် ဟိမဝန္တာအရပ်၌ နေလေ၏၊ ထိုရသေ့နှစ်ပါး တို့သည် နောက်အဘို့၌ အတူတကွ ပေါင်းမိကြကုန်၏၊ အဆွေခင်ပွန်း အဖြစ်ကိုကား မသိကြကုန်၊ နှစ်သက်ဝမ်း မြောက်လျက် အညီအညွတ် ကောင်းသောအကျင့်ကိုကျင့် ကြကုန်၏။

မိတ်ဆွေချင်းတွေ့ တောပျော်မှု

တနေ့သ၌ ဝေဒေဟရသေ့သည် ဂန္ဓာရ ရသေ့ထံ ခစား၏၊ သစ်ပင်ရင်းဝယ် လပြည့်နေ့၌ အကြောင်း အကျိုးနှင့် စပ်ယှဉ်သော စကားတို့ကို ပြောဆိုနေကြစဉ် ထွန်းလင်း သော လမင်းကို ရာဟုဖမ်းလေ၏၊ ဝေဒေဟ ရသေ့သည် လကိုရာဟုဖမ်းသည်ကို မြင်လျှင် "ဆရာ···· လကို ဖမ်းသူ သည် အဘယ်သူနည်း"ဟုမေး၏၊ "တပည့်···· ရာဟုဖြစ် သည်၊လ၏တခုသော အညစ်အကြေးတည်း၊ လကိုမထွန်း ပစေ၊ ငါသည်တညသောအခါ ရာဟုဖမ်းသော လကိုမြင် ၍ အကျွတ်တရားကိုရကား မင်းစည်းစိမ်ကို စွန့်လွှတ်၍ ရသေ့ရဟန်းပြုခဲ့သည်"ဟုပြော၏၊"ဆရာ··သင်သည်ဂန္ဓာရ

မင်းလော”ဟုမေး၏၊မှန်သည်၊ “ဆရာ….အကျွန်ုပ်လည်း ဝေဒေဟမင်းတည်း၊ ဆရာနှင့် အကျွန်ုပ်တို့သည် တဦးနှင့် တဦးမမြင်ဘူးဘဲ အဆွေခင်ပွန်း ဖြစ်ကြသည်မဟုတ်လော” ဟုပြော၏၊“တပည့်…သင်သည် အဘယ်ကိုအကြောင်းပြု၍ ရသေ့ရဟန်းပြုသနည်း”ဟုမေး၏၊“ဆရာ‥အကျွန်ုပ်သည် ဆရာတို့ ရသေ့ရဟန်းပြုသည်ဟု ကြားလျှင် ရသေ့ရဟန်း အဖြစ်ကား အလွန်ကျေးဇူးကြီးလှသည်ဟု ယုံကြည်ကာ ဆရာတို့ကို အကြောင်းပြု၍ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်၍ ရသေ့ရဟန်းပြုပါသည်”ဟု ပြောဆိုလေ၏၊ ထိုအခါမှစ၍ ရသေ့နှစ်ပါးတို့သည် ရှေးအခါကပင် အဆွေခင်ပွန်း ဖြစ်ခဲ့ဘူးကြောင်းကိုသိ၍ အတိုင်းထက်အလွန် ညီညွတ် ဝမ်းမြောက်စွာ နေကြကုန်၏။

ချဉ်ဆားကျန်များ သိုမှီးထား

နောက်အခါ ရသေ့ နှစ်ပါး တို့သည် ချဉ်ဆား မှီဝဲလို၍ ပစ္စန္တ ရွာတခုသို့ သွားကြကုန်၏၊ လူတို့သည် ဣရိယာပုထ်ဘို့၌ ကြည်ညိုကုန်၍ သစ်ရွက်မိုးကျောင်း ဆောက်လုပ်လှူဒါန်းကာ ဆွမ်းဘောဇဉ်တို့ကို လှူဒါန်းကြကုန်၏၊ ခရီးအကြား၌ ဆွမ်းစားစရပ်ကိုလည်းဆောက်လုပ်ကြကုန်၏၊ ရသေ့တို့သည် ဆွမ်းစားပြီးလျှင် မိမိတို့နေရာအရပ်သို့သွားကုန်၏၊လူတို့သည် ဆွမ်းအာဟာရကို လှူဒါန်းသည်ရှိသော် ရံခါ ခွက်၌ဆေးကိုထည့်၍လှူဒါန်းကြကုန်၏၊ ရံခါသစ်ရွက်၌ဆားကိုထုတ်၍ လှူဒါန်းကြကုန်၏၊ ရံခါ ဆားမပါသော အာဟာရကို လှူဒါန်း ကြကုန်၏၊ ဝေဒေဟ ရသေ့သည် တနေ့သ၌ ဆားထုပ်ကို ဆွမ်းစားစရပ်သို့ ယူဆောင်ခဲ့၍ သုံးဆောင်ပြီးလျှင် ကြွင်းကျန်သောဆားကို နက်ဖြန် သန်

ဘက်အတွက် ရည်မှန်းကာ စရပ်ခေါင်မိုး၌ ထိုး၍ထား လေ၏။

ပလိဗောဓမှု ကဲ့ရဲ့ပြီ

တနေ့သ၌ ဆားမရှိသောအာဟာရကို ရသည်ရှိသော် ဝေဒေဟ ရသေ့သည် ဆွမ်းခွက်ကို ဂန္ဓာရ ရသေ့အားပေး၍ စရပ်ခေါင်မိုးကြားတွင်ထားသော ဆားကိုယူ၍ ဆရာအား ပေးပြန်၏၊ ထိုအခါ ဂန္ဓာရရသေ့သည် "တပည့်ယနေ့ လူတို့ဆားမလှူကုန်၊အဘယ်မှရသနည်း"ဟု မေး၏၊"ဆရာ… ရှေးအခါ လူတို့ဆားများစွာလှူကြသည်၊ ထိုအခါ အကျွန်ုပ်သည် ဆားမရှိသောနေ့၌အသင့်ရရှိရန်ဟု ကြွင်းကျန်သော ဆားကို သိမ်း၍ထား၏"ဟုပြောဆိုလေ၏၊ထိုအခါ ဂန္ဓာရ ရသေ့သည်"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သောသူ- သင်သည် ယူဇနာသုံးရာရှိသော ဝေဒေဟတိုင်းကြီးကို စွန့်လွှတ်ပြီး ရသေ့ရဟန်းပြုကာ ပလိဗောဓမရှိသည်အဖြစ်သို့ ရောက်နေပါလျက် ဘာမဟုတ်သောဆား၌ တပ်စွန်းဘိသည်"ဟု ခြိမ်းချောက်လျက်—

> "အို-ဝေဒေဟရသေ့…. သင်သည် ပြည့်သော ရွာမပေါင်း သောင်းခြောက်ထောင်နှင့် ရတနာ ရွှေငွေဆန်ရေစပါးပြည့်သော ကျီကျတို့ကိုစွန့်လွှတ်ခဲ့ပါလျက် ယခုအခါအနည်းငယ်မျှသော ဆားကို သိုမှီသိမ်းထားခြင်းကို ပြုဘိ၏"—

ဟု ကဲ့ရဲ့ ပြစ်တင် ဆုံးမလေ၏။

ဆရာဆုံးမပြန် သည်းမခံ

ထိုအခါ ဝေဒေဟရသေ့သည် ကဲ့ရဲ့ပြစ်တင်ခြင်းကို သည်းမခံနိုင်တော့ဘဲ ဆန့်ကျင်ဘက်ဖြစ်ကာ—

"ဆရာ···· ဆရာလည်း သူတပါးကိုမဆုံးမလို
မိမိကိုယ်ကိုသာဆုံးမတော့မည်ဟု ရတနာရွှေငွေတို့
ဖြင့်ပြည့်သော ဂန္ဓာရတိုင်းကြီးကိုစွန့်လွှတ်ကာ ရ
ဟန်းပြုခဲ့ပါလျက် ယခုအခါ အဘယ်ကြောင့်
အကျွန်ုပ်ကို ဆုံးမသနည်း"—

ဟု ဂန္ဓာရရသေ့အား ပြန်လှန်၍ စောဒနာလေ၏၊ ဂန္ဓာရရသေ့သည် ဝေဒေဟရသေ့စကားကိုကြားပြန်လျှင်—

"အို-ဝေဒေဟရသေ့····ငါကားတရားသဘော
ကိုသာပြောဆိုပေ၏၊ တရားသဘောမဟုတ်သည်ကို
မနှစ်သက်၊ တရားသဘောကို ပြောဆိုသောငါ့အား
မကောင်းမှုသည် မလိမ်းကျံပေ"—

ဟု ထပ်မံ၍ ပြောဆို ဆုံးမပြန်၏။

ဆုံးမခက်လှ ဝေဒေဟ

ထိုအခါဝေဒေဟရသေ့သည်ဆရာဆုံးမမှုကို ပယ်လိုစိတ်ရှိသည်ဖြစ်၍—

"ဆရာ···· တစုံတခုသောအကြောင်းဖြင့် သူတ
ပါးအား အမျက်ထွက်စေ၏၊ အကယ်၍ အကျိုး
များသော်လည်း ထိုကဲ့သို့သောစကားကို ပညာရှိ
တို့ မပြောဆိုရာ"—

ဟု ဆရာဂန္ဓာရရသေ့အား ချုပ်ချယ်သော စကား၊ ကြမ်းကြုတ်သောစကားကို မပြောဆိုသင့်ကြောင်းကို တဘန်ထပ်မံ၍ ပြောဆိုပြန်၏၊ ထိုအခါ ဂန္ဓာရရသေ့သည်—

"အို-ဝေဒေဟရသေ့···· အဆုံးအမ ခံရသော
သူသည် အမျက်ထွက်သည်ဖြစ်စေ၊မထွက်သည်ဖြစ်

စေ၊ ဖွဲ့ကဲ့သို့လွင့်သည်ဖြစ်စေ၊ တရားသဘောကိုပြော ဆိုသောငါ့အား မကောင်းမှုသည်မလိမ်းကျံပေ''— ဟု ဝေဒေဟရသေ့အား ထပ်မံပြောဆိုဆုံးမပြန်၏။

ဆရာဆုံးမ တောင်းပန်ရ

ထို့နောက် ဂန္ဓာရရသေ့သည် အိုးထိန်း သည်သည် အိုးတို့ကို အဘန်ဘန်ခတ်၍ စိမ်းသောအိုးတို့ကိုမယူဘဲ ကျက်သော အိုးတို့ကိုယူသကဲ့သို့ အဘန်ဘန်နှိပ်၍ ဆုံးမလိုပြန်သဖြင့်—

''အို-ဝေဒေဟ ရသေ့.... ဤသတ္တဝါတို့အား ဉာဏ်ပညာသည်ငင်း, ပညာရှိ အဆုံးအမကို မှီ၍ ကောင်းစွာကျင့်သောအကျင့်သည်ငင်း အကယ်၍ မရှိငြားအံ့၊များစွာသောလူအပေါင်းသည်တောထဲ ၌ ကျွဲကန်းကဲ့သို့ ဖေါက်လွဲ ဖေါက်ပြန် ကျင့် ရာ၏၊ဤလောက၌အချို့သောသူတို့သည်ဆရာသမား တို့ထံ၌ ကောင်းစွာသင်ကြားအပ်ကုန်၏၊ထိုကြောင့် ဆုံးမအပ်ပြီးသောဝိနည်းရှိသည်ဖြစ်၍ ကောင်းမွန် တည်ကြည်စွာ မတိမ်းမစောင်း ကျင့်နိုင်ကုန်၏''— ဟုဆုံးမပြန်၏၊ထိုအခါဝေဒေဟရသေ့သည် ဆုံးမသော တရားစကားကို ကြည်ညိုလှသဖြင့် ''ဆရာ.... ဤနေ့မှစ၍ အကျွန်ုပ်အား ဆုံးမပါ၊အဘန်ဘန်ဆုံးမပါ၊အကျွန်ုပ်သည် သည်းမခံတတ်သော သဘောရှိသည်ဖြစ်၍ ဆရာကိုပြန်လှန် ပြောဆိုမိပါ၏၊ အကျွန်ုပ်အပြစ်ကို သည်းခံပါ''ဟု ရှိခိုး၍ ကန်တော့လေ၏။

ပရိက်ဖြိုကြ သမာပတ်ရ

ထိုရသေ့နှစ်ပါးတို့သည် ညီညွတ်စွာနေ ကုန်လျက် တဘန် ဟိမဝန္တာသို့ ပြန်ကြ ကုန်၏၊ ဟိမဝန္တာသို့ရောက်လျှင် ဂန္ဓာရ

ရသေ့သည် ဝေဒေဟရသေ့အားကသိုဏ်းပရိကံကိုသင်ပြ၍၊ ဝေဒေဟရသေ့လည်း သင်ပြသောနည်းအတိုင်း ကသိုဏ်း ပရိကံကိုအားထုတ်သဖြင့်အဘိညာဉ်သမာပတ်ကိုဖြစ်စေ၏။

ဤသို့ နှစ်ပါးသောရသေ့တို့သည် မယုတ်လျော့သော ဈာန်ရှိကုန်သည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့ လားကြရကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါဝေဒေဟရသေ့သည်-ယခုအခါအာနန္ဒာ။

※ ဂန္ဓာရရသေ့သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပစ္စည်းအများ၊ သိုမှီးထား၊ လူများအလေ့သာ။
(၂) ကြောင့်ကြမထား၊ ပစ္စည်းများ၊ စွန့်သွားရဟန်းမှာ။
(၃) ဆားမျှသော်လည်း၊ မသိမ်းဆည်း၊ အရည်းပီသစွာ။

ဂန္ဓာရဇာတ်ပြီး၏။

၄၀၇— မဟာကပိဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

ဆွေမျိုးအတွက် ကျင့်ကြံလျက်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည်

တရားသဘင်ဝယ် မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်တို့ အကျိုးငှါ ကျင့်ခြင်းအကြောင်းကိုစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... ငါဘုရားသည် ယခုအခါ၌သာ ဆွေတော်မျိုးတော်တို့၏ အကျိုးကိုကျင့်သည်မဟုတ်၊ ရှေးအခါ၌လည်း ကျင့်တော်မူဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

သရက်ပင် မှီခနေ မျောက်အများ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မျောက်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် လုံးရပ်သဏ္ဍာန်အားအစွမ်းနှင့်ပြည့်စုံ၏၊ ဆင်ပြောင်ငါးစီးအားကိုဆောင်နိုင်၏၊ မျောက်ရှစ်သောင်း အခြံအရံရှိသည်ဖြစ်၍ ဟိမဝန္တာ၌နေ၏၊ ဂင်္ဂါမြစ်အနီးဝယ် အခက်အရွက်နှင့် ပြည့်စုံ၍ တောင်ထွတ်ကဲ့သို့ ကြီးမားသော *သရက်ပင်ကြီးလည်း တည်ရှိ၏၊ ထိုသရက်ပင်ကြီး၌ နတ်၌ဖြစ်သောအနံ့အရသာနှင့်ပြည့်စုံသော အသီးတို့သည်ရှိကုန်၏၊ ထိုအသီးတို့သည် အလွန်ကြီးသဖြင့် အချို့ အိုးစရည်းပမာဏရှိကုန်၏။

ထိုသရက်ပင်ကြီး၌ အကိုင်းအခက်များစွာရှိခဲ့ရာ တခုသော အကိုင်းအခက်မှအသီးတို့သည်ကြည်းကုန်း၌ကျကုန်၏၊ တခုသော အကိုင်းအခက်မှအသီးတို့သည် ဂင်္ဂါမြစ်၌

---

* ပညောင်ပင်ကြီး....ဟူ၍လည်းဆိုကြသည်။

ကျကုန်၏၊ နှစ်ခုသော အကိုင်းအခက်တို့အလယ်၌ဖြစ်သော အသီးတို့သည် သစ်ပင်ရင်း၌ ကျကုန်၏။

သရက်သီးဖူးများ စောင့်ရှောက်ထား

မျောက်မင်းသည် မျောက်အပေါင်းနှင့်တကွသရက်သီးတို့ကိုစား၍နေ၏၊တပါးသောအခါ ရေ၌ကျသောသရက်သီးကိုမှီ၍ ငါတို့အား ဘေးရန်ဖြစ်လတံ့ဟုသိ၍ ရေထက်၌ရှိသော အကိုင်းအခက်ကို အသီးတလုံးမျှမကြွင်းကျန်စေဘဲ အပွင့်မှစ၍ စားလည်းစားစေ၏၊ဆွတ်ခူး၍လည်းပစ်စေ၏၊ ဤသို့ပြုလုပ်စေငြားသော်လည်းမျောက်ရှစ်သောင်းတို့မမြင်နိုင်သော ခါချဉ်ထုပ်အတွင်းမှ သရက်သီးမှည့် တလုံးသည် မြစ်ရေ၌ကြွေကျလေ၏။

ရသာထူးကဲ သရက်သီးစွဲ

ထိုသရက်သီးသည် မြစ်ရေစုန်၌ မျောလတ်သော် မြစ်၏ အထက်အောက်၌ ကွန်ဖြင့် ဖွဲ့ကာ ရေကစား နေသော ဗာရာဏသီမင်းကြီး၏အထက်၌ ဖွဲ့သော ကွန်၌ မိလေ၏၊ မင်းကြီး ရေကစားပြီး၍ တံငါတို့သည် ရေထဲမှကွန်ကို ပေါ်လတ်သော် သရက်သီးကြီးကိုရသဖြင့် မင်းကြီးအား ဆက်သကုန်၏၊ မင်းကြီးသည် ဤအသီးကား မည်သည့်အသီးနည်းဟု မေးသော်လည်း မသိကြကုန်၊ မုဆိုးတို့ကို ခေါ်၍ မေးပြန်သော် သရက်သီး ဖြစ်ကြောင်း လျှောက်ထားကြကုန်၏၊ မင်းကြီးသည် ထားငယ်ဖြင့်ခွဲ၍ မုဆိုးတို့ကို ရှေးဦးစွာစားစေ၏၊ နောက်မှ မိမိသုံးဆောင်တော်မူ၏၊ နောက်မှ မောင်းမများနှင့်အမတ်ကြီးများ နဲနဲစီစားစေ၏၊ သရက်သီး အရသာသည် စားလျှင်စားချင်း မင်းကြီး၏ တကိုယ်လုံး၌ ပျံ့နှံ့၍တည်လေ၏။

မင်းကိုယ်တိုင်ရောက် သရက်ပင်စောင့်

မင်းကြီးသည် သရက်သီး အရသာ၌ အလွန် တပ်နှစ်သက်သဖြင့် သရက်ပင်ရှိရာ အရပ်ကို မုဆိုးတို့ကို မေးလေ၏၊ မုဆိုးတို့လည်း မင်းကြီးအား ဟိမဝန္တာအရပ် ဂင်္ဂါမြစ်အနီး၌ရှိကြောင်းကိုလျှောက်ထားကြကုန်၏၊ မင်းကြီးသည် မုဆိုးတို့ကို လမ်းညွှန်ပြစေလျက် လှေဖေါင်တို့ကို ဖွဲ့၍ စစ်သည်ဗိုလ်ပါအပေါင်းခြံရံလျက် မြစ်ညာသို့ ဆန်တက်၍ သွားလေ၏၊ သရက်ပင်သို့ရောက်လျှင် မုဆိုးတို့သည်ညွှန်ပြကြကုန်၏၊ မင်းကြီးသည် လှေဖေါင်တို့ကို မြစ်ကမ်း၌ထားခဲ့၍ သရက်ပင်ရှိရာအရပ်သို့ သွားပြီးလျှင် သရက်ပင်အောက်တွင် အိပ်လျက် သရက်သီးတို့ကို စားလေ၏၊ ညဉ့်အခါ၌ မီးညှိထွန်း၍ အရပ်လေးမျက်နှာတို့၌ အစောင့်အရှောက်တို့ကိုထား၏။

မျောက်မင်းသည် ညဉ့်အခါလူတို့အိပ်ပျော်စဉ်မျောက်ရှစ်သောင်းနှင့်တကွ သရက်ပင်သို့သွား၍ သရက်သီးတို့ကို စား၏၊ မင်းကြီးနိုး၍ လေးသမားတို့ကို ခေါ်ပြီးလျှင် "အမောင်တို့.... မျောက်တို့ မပြေးနိုင်အောင် စောင့်ကြကုန်၊ နက်ဖြန် သရက်သီးနှင့် မျောက်တို့ကို စားမည်"ဟု အမိန့်ပေးလေ၏၊ လေးသမားတို့လည်း လေးမြှားတို့ကို အသင့်ပြင်ကာ စောင့်၍နေကြကုန်၏။

မျောက်မင်းကြံပြု ကယ်ဆယ်မှု

မျောက်တို့သည် လေးသမားတို့ စောင့်နေသည်ကို မြင်လျှင် သေဘေးမှ ကြောက်သဖြင့် မျောက်မင်းထံ ကပ်၍ လေးသမားတို့ စောင့်နေကြောင်း ပြောကြား ကုန်၏၊

မျောက်မင်းလည်း အမောင်တို့ မကြောက်ကြလင့်၊ ငါသည် သင်တို့အား အသက်ကိုပေးမည်ဟု ပြောဆိုကာ ဖြောင့် ဖြောင့်တက်သော သစ်ကိုင်းသို့တက်၍ အဖျားသို့ ရောက်လျှင် မည်မျှလောက်ကွာဝေးသည်ဟု တိုင်းထွာရင်းခုန်ချရာ လေးအပြန်တရာ ဝေးကွာသော ဂင်္ဂါတဘက်ကမ်းရှိ ခြုံတခုအထက်၌ကျလေ၏၊ ခြုံမှဆင်းသက်ပြီးလျှင် ခုန်ချရာအရပ်ကား မည်မျှလောက်ဝေးသည်ဟု တိုင်းထွာပြီးဖြစ်၍ ကြိမ်နွယ်တခုကိုဖြတ်၍ယူပြီးလျှင် ဤမျှသည် ကောင်းကင်အထက်၌တည်လိမ့်မည်၊ ဤမျှသည် သစ်ပင်အမြင့်၌ တည်လိမ့်မည်ဟု နှစ်ပါးသောအရပ်ကိုသာမှတ်၍ မိမိခါးတွင် ဖွဲ့ချီရာအရပ်ကို မမှတ်မိ သတိမရချေ။

အမျိုးဘေးကင်းမှု တံတားပြု

မျောက်မင်းသည် ကြိမ်နွယ်ကို ယူ၍ အစွန်းတခုကိုခိုင်ခံ့သော သစ်ပင်တခု၌ ဖွဲ့ချည်လျက် အစွန်းတခုကို မိမိခါး၌ ဖွဲ့ချည်ပြီးလျှင် လေဖြင့်ဖြတ်သော တိမ်တိုက်ကဲ့သို့ သရက်ပင်ကြီးသို့ ခုန်တက်လေ၏။

ထိုအခါ မိမိခါးတွင်ချည်သောအရပ်ကို မမှတ်မိ သတိမရသောကြောင့် ကြိမ်နွယ်တိုနေသဖြင့် သရက်ပင်ကြီး၏ အကိုင်းကို တိုက်ရိုက်မချည်နိုင်တော့ဘဲ ကိုယ်တပြန်စာမျှ ဝေးကွာနေရကား သရက်ကိုင်းကို လက်နှစ်ဘက်တို့ဖြင့် မြဲမြံစွာကိုင်ထားလျက် မိမိကိုယ်ပါဆက်၍ တံတားခင်းထားသည့်အလား ဖြစ်နေသဖြင့် အသက်ကို စွန့်ကာ မျောက်အပေါင်းကို မိမိကျောပေါ်က လျှောက်၍ ကြိမ်နွယ်တမ်းဖြင့် ပြေးကြရန် အမိန့်ပေးလေ၏။

P.55 ဒေဝဒတ်လောင်းမျောက်မိုက်သည် မျောက်အပေါင်းနှင့်မိမိအား ကယ်ဆယ်သည့်မျောက်မင်းအပေါ် တအားခုန်ချပုံ

အပေါင်းလွတ်အိ မျောက်မင်းမိ

မျောက်တို့လည်း မျောက်မင်းကို ရှိခိုး ကန်တော့ ကန်လျက် ကျောပေါ်က လျှောက်၍ ကြိမ်နွယ်တမ်းဖြင့်ပြေးကာ ဂင်္ဂါမြစ်တဘက်သို့ ကူးသဖြင့် အသက်ချမ်းသာရာ ရကြ ကုန်၏၊ ထိုအခါ မျောက်ရှစ်သောင်းတို့တွင် အပါအဝင် ဖြစ်သော ဒေဝဒတ်အလောင်း မျောက်သည် ဤအခါ ငါ့ရန်သူပျက်စီးသည်ကိုမြင်ရတော့မည်ဟုနှလုံးသွင်းလျက် ရိုးရိုးမလျှောက်ဘဲ မြင့်သောသစ်ကိုင်းသို့တက်၍ မျောက် မင်းကျောပေါ်သို့ တအား ခုန်ချကာ ဘဲသွားလေ၏၊ မျောက်မင်းလည်းထိုဒဏ်ရာဖြင့် နှလုံးကွဲလျက် သည်းထန် စွာဝေဒနာရောက်၍ အဘော်မရှိ တကောင် တည်းသာ ကျန်ရစ်လေ၏။

မျောက်မင်းစေတနာ ကြည်ညိုစွာ

ဗာရာဏသီ မင်းကြီးသည် မအိပ်ဘဲ မျောက်တို့ ပြုလုပ်သော အမူအရာ အလုံးစုံကိုမြင်၍ ဤမျောက်ကြီးကား မိမိအသက်ကိုပင် ပမာဏမထားဘဲ ပရိသတ်ကို ချမ်းသာ အောင်ပြုပေသည်ဟု ကြံစည်လျက် အိပ်လေ၏၊ အိပ်ရာမှ နိုး၍ မိုးလင်းလတ်သော် မျောက်မင်းကို အလွန်နှစ်သက် ကြည်ညိုသဖြင့် မျောက်မင်းကို သတ်ရန်မသင့်၊ ဥပါယ် တမျဉ်ဖြင့်သက်သာရာရစေ၍ လုပ်ကျွေးမည်ဟု မြစ်တွင်း၌ ဖေါင်ကိုထားကာ ဖေါင်ပေါ်၌ ငြမ်းဆင်ပြီးလျှင် မျောက် မင်းကိုဖြည်းညှင်းသာယာစွာချစေ၍ ကျောကုန်း၌ ဖန်ရည် ဖြင့် ကျတ်ထုပ်ထိုး၍ ရေကိုသောက်စေပြီးလျှင် သွေ့ ခြောက်သောကိုယ်ကို အကြိမ်တထောင်ချက်သော ဆီဖြင့် လိမ်းကျံဆုပ်နယ်စေလျက် အိပ်ရာအပြင်ဝယ် နူးညံ့သော

သိုးရေကိုခင်းစေ၍ အိပ်စေပြီးလျှင် မိမိမူကား နိမ့်သော နေရာ၌နေလျက်—

"အို-မျောက်မင်း… အသင်ကား ကိုယ်ကို တံတားပြု၍ ဤမျောက်တို့ကို အသက်ဘေးမှ ချမ်းသာအောင်ကူးသွားစေ၏၊ သင်သည် ထိုမျောက်တို့နှင့် အဘယ်သို့ တော်စပ်သနည်း၊ ထိုမျောက်တို့လည်း သင်နှင့်အဘယ်သို့တော်စပ်သနည်း"—

ဟု မျောက်မင်းကို မေးမြန်းလေ၏။

ကယ်ဆယ်မှုလုံ့လ မင်းပြောပြ

မျောက်မင်းလည်း မင်းကြီးစကားကို ဖြေကြားလိုသည်ဖြစ်၍—

"ရန်သူကို နှိမ်နင်းသောမင်းကြီး… အကျွန်ုပ်သည် မျောက်အပေါင်းကို ရွက်ဆောင်လျက် မျောက်တို့ကိုအစိုးရသောမင်းဖြစ်၏၊ သင်မင်းကြီးတို့ကို ကြောက်သဖြင့် စိုးရိမ်ခြင်း နှိပ်စက်သော မျောက်တို့၏ အကျိုးငှါ မိမိကိုယ်ကို လေးအပြန် တရာကွာဝေးသောအရပ်သို့ခုန်လွှား၍ ထိုအရပ်မှ ကြိမ်နွယ်စွန်းတခုကို ခါး၌ဖွဲ့ချည်ကာ လေကြောင့်ပြတ်သောတိမ်တိုက်ပမာ လျင်သော အဟုန်ဖြင့် ခုန်လွှားကာ သရက်ပင်သို့ ကပ်ပါ၏၊ သို့သော်လည်း သရက်ပင်သို့မရောက်နိုင်သဖြင့် ကောင်းကင်၌ကိုယ်ကိုဆန့်၍ လက်တို့ဖြင့် သရက်ကိုင်းကို ဆွဲထားရပါ၏။

စောင်း၌ သီအပ်သော စောင်းညှို့ကဲ့သို့နွယ်နှင့် သရက်ကိုင်းကို ဆွဲငင်လျက်ရှိသော အကျွန်ုပ်

ကိုယ်ကို မျောက်အပေါင်းတို့ ခြေတို့ဖြင့် နင်းကုန်လျက် ချမ်းသာရာအရပ်သို့ သွားကြကုန်၏”။

မျောက်မင်းဆုံးမသေဆုံးရ

အကျွန်ုပ်သည် မျောက်တို့ မင်းအဖြစ်ကိုပြုအပ်ပြီ၊ ထိုမျောက်တို့၏ချမ်းသာရာကို ပြုလုပ်အပ်ပြီ၊ ထိုကြောင့်ကြိမ်နွယ်ဖြင့်ဖွဲ့ချည်ခြင်းသည် အကျွန်ုပ်ကိုမပူပန်စေပါ၊သတိရှိသော အကျွန်ုပ်အား သေခြင်းသည် ပူပန်စေမည်မဟုတ်ပါ။

“ရန်သူတို့ကို ဆုံးမတတ်သော မင်းကြီး.... သင်မင်းကြီးအား ဤဥပမာကို ပြောဆိုအပ်ပြီ၊ ထိုဥပမာကို နာယူပါလော့၊ မင်းမည်သည် တိုင်းနိုင်ငံသူ, ယာဉ်စီးသူရဲ, စစ်သည်ဗိုလ်ပါ ရွာနိဂုံးအလုံးစုံသော သူတို့၏ ချမ်းသာကို ရှာရမည်၊ မင်းမည်သည် ဉာဏ်ပညာနှင့် ပြည့်စုံသည် ဖြစ်ရမည်”–

ဟုမင်းကြီးအား အကြောင်းအကျိုးပြ၍ ဆုံးမပြီးလျှင် သေလွန်လေ၏။

ခေါင်းခွံချီမပူဇော်ကြ

ထိုအခါမင်းကြီးသည်အမတ်တို့ကိုခေါ်စေ၍ ဤမျောက်မင်း၏ အလောင်းကို “မင်း၏အလောင်းကို သင်္ဂြိုဟ်သကဲ့သို့ သင်္ဂြိုဟ်ကုန်လော့ ဟု အမိန့်ပေးပြီးလျှင် မောင်းမအပေါင်းကိုလည်း အဝတ်နီကိုဝတ်၍ ဆံပင်ကို ဖရိုဖရဲကြဲလျက် ဆီမီးတိုင်လက်စွဲကာ မျောက်မင်းကိုခြံရံ၍သုသာန်သို့လိုက်ကြကုန်လော”ဟု အမိန့်ပေးလေ၏။

အမတ်တို့နှင့် မင်းမောင်းမတို့လည်း မင်းကြီးအမိန့်အတိုင်း ပြုလုပ်ကြလျက် ထင်းအစည်းတရာတို့ဖြင့်မျောက်မင်း၏အလောင်းကို မီးသဂြိုဟ်ပြီးလျှင် ဦးခေါင်းခွံကိုယူ၍ မင်းကြီးအား ဆက်သကြကုန်၏၊ မင်းကြီးသည် မျောက်မင်း၏ သင်းချိုင်း၌ စေတီတည်စေပြီးလျှင် ပန်းဆီမီးတို့ဖြင့် ပူဇော်၍ ဦးခေါင်းခွံကို ရွှေချကာ လှံဖျား၌ထား၍ ရှေ့တော်မှ ဆောင်ယူစေပြီးလျှင် ပန်းနံ့သာတို့ဖြင့်ပူဇော်၍ မြို့တော်သို့ရောက်လျှင် လှံကိုမင်းအိမ်တံခါး၌ ထား၍ မြို့အလုံးကို တန်ဆာဆင်ကာ ခုနစ်ရက်ပတ်လုံး ပူဇော်ပြန်၏။

ထိုနောင်မှ ဦးခေါင်းခွံဓာတ်ကိုယူ၍စေတီတည်ပြီးလျှင် အသက်ထက်ဆုံး ပန်းနံ့သာတို့ဖြင့်ပူဇော်လျက်မျောက်မင်း၏ အဆုံးအမ၌တည်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် တရားသဖြင့် မင်းပြုကာသေလွန်သည်အဆုံး၌ နတ်ပြည်သို့ လား၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့…

※ ထိုအခါဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။

※ ပြစ်မှားသောမျောက်သည်-ဒေ၀ဒတ်။

※ မျောက်မင်းပရိသတ်သည်-ဘုရားပရိသတ်။

※ မျောက်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မင်းမည်သည်ကား၊လူအများ၊စီးပွါးဆောင်ရွက်ရာ။
(၂) စိုးရိမ်ပူဆွေး၊အသက်ဘေး၊ ကယ်ရေးမင်းတို့တာ။
(၃) ဆွေမျိုးအတွက်၊စွန့်အသက်၊ ဆောင်ရွက်မျှော်ပမာ။

မဟာကပိဇာတ်ပြီး၏။

၄၀၈-ကုမ္ဘကာရဇာတ်

ပဌမပြန်ဝဏ္ဏ

တဏှာပေါက်ပြန်မှု နှိမ်နင်းပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည်သား အမျိုးသား ရဟန်းငါးရာတို့သည် ညဉ့်သန်းခေါင်ယာမ်အခါ ကာမဝိတက်ကို ကြံစည်လျက် ကိလေသာနှိပ်စက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသိတော်မူ၍အာနန္ဒာကိုခေါ်ပြီးလျှင် ရဟန်းတို့ကို စည်းဝေးစေ၍ "ရဟန်းတို့···· ကိလေသာအလိုသို့ မလိုက်သင့်၊ ကိလေသာ ပွါးသည်ရှိသော် ပျက်စီးတတ်၏၊ရဟန်းမည်သည် အနည်းငယ်သောကိလေသာကိုပင် နှိပ်စက်အပ်၏၊ ရှေးပညာရှိတို့သည် အနည်းငယ်သောအာရုံကို မြင်ကုန်၍ ကိုယ်တွင်း၌ရှိသော ကိလေသာကိုနှိပ်စက်ကာ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေဘူးကုန်ပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

အသီးများလှ ပျက်စီးရ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဗာရာဏသီ မြို့တံခါးရွာတွင် အိုးထိန်းသည် အမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ပစ္စည်းဥစ္စာကိုဖြစ်စေ၍ အိမ်ထောင်ပြုလျက် အိုးထိန်းသည် အမှုဖြင့် အသက်မွေး၍ သားတယောက်နှင့် သမီးတယောက်ကို ရလေ၏။

ထိုအခါ ကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကရဏ္ဍကမင်းသည် အခြံအရံများစွာဖြင့် ဥယျာဉ်တော်သို့ သွားသည်ရှိသော် ဥယျာဉ်တံခါးဝယ် အသီးမှည့်သော သရက်ပင်ကိုမြင်လျှင် ဆင်ပေါ်မှ သရက်သီးတခိုင်ကို ဆွတ်ခူးကာ မင်္ဂလာကျောက်ဖျာ၌ သုံးဆောင်၏၊ မှူး, မတ်, ပုဏ္ဏားစသော သူတို့လည်း မင်းကြီးသည် ဦးဦးဖျားဖျား သုံးဆောင်ပြီးပြီဟု သရက်သီးတို့ကို ပစ်ခတ်ဆွတ်ခူး၍ စားသောက်ကြကုန်၏၊ သရက်ပင်သည် အကိုင်းအခက်တို့ ကျိုးပဲ့ကာ စနောင့်စနင်းဖြစ်လျက် နေ၏။

ခြံရံများလှ သံဝေရ

မင်းကြီးလည်း တနေ့ပတ်လုံး ဥယျာဉ်ကစားပြီးလျှင် ညချမ်းအခါ ဥယျာဉ်တော်မှ ထွက်သည်ရှိသော် အကိုင်းအခက်စနောင့်စနင်းဖြစ်၍ မတင့်တယ်သော သရက်ပင်ကို မြင်လျှင် သရက်ပင်ရင်း၌ရပ်လျက် ဤသရက်ပင်ကား နံနက်အခါက အကိုင်းအခက် အရွက်အသီးနှင့် ပြည့်စုံလျက် တင့်တယ်လှသည်၊ ယခုအခါ အကိုင်းအခက်တို့

စနောင့်စနင်း ဖြစ်လျက် မတင့်တယ်ဟု ကြံစည်၍ အရပ်တပါးသို့ ကြည့်ပြန်လျှင် အသီးမရှိသော သရက်ပင်ကို မြင်ပြန်၍ ဤသရက်ပင်ကား အသီးမရှိ၍မပျက်စီး၊အကိုင်းအခက်အရွက်နှင့် ပြည့်စုံလျက် ပတ္တမြားတောင်း ကဲ့သို့ တင့်တယ်စွာ တည်ပေ၏၊ ဤသရက်ပင်ကား အသီးရှိ၍ ပျက်စီးရပေ၏၊ လူ့အဖြစ်သည် အသီးရှိသော သရက်ပင်နှင့် တူ၏၊ ရဟန်းအဖြစ်သည် အသီးမရှိသော သရက်ပင်နှင့်တူ၏၊ ဥစ္စာရှိသူအား ဘေးရှိ၏၊ ဥစ္စာမရှိသူအား ဘေးမရှိ၊ ငါလည်း အသီးမရှိသောသရက်ပင်ကဲ့သို့ ဖြစ်ရာ၏ဟု-အသီးရှိသော သရက်ပင်ကို အာရုံပြုကာ ဝိပဿနာကို ပွားလတ်သော် ပစ္စေကဗောဓိဉာဏ်ကိုရ၍ ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။

ထီးနန်းစွန့်ပြေး ဟိမဝန္တာသွား

ထိုအခါအမတ်တို့သည်သရက်ပင်ရင်း၌ ရပ်နေသောမင်းကြီးကို'အရှင်မင်းကြီး-ရပ်နေသည်မှာ ကြာမြင့်ပြီ'ဟု မေး၏၊ "အမတ်တို့ …ငါ မင်းမဟုတ်ပြီ၊ ပစ္စေကဗုဒ္ဓါတည်း" ဟုပြော၏၊"အရှင်မင်းကြီး….ပစ္စေကဗုဒ္ဓါတို့ကား အရှင်မင်းကဲ့သို့မဟုတ်ကုန်"ဟုပြော၏၊ "အမတ်တို့…အဘယ်သို့သဘော ရှိကုန်သနည်း"ဟု မေး၏၊ "အရှင်မင်းကြီး….ဆံမုတ်ဆိတ်မရှိ၊ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကုန်၏"ဟု လျှောက်ထားကြကုန်၏၊ထိုခဏ၌ပင်မင်းကြီးသည် လက်ဖြင့် ဦးခေါင်းကို သုံးသပ်လတ်သော် လူ၏အသွင်ပျောက်လျက် သက်နှုံးသုံးထည်ကိုဝတ်ရုံကာ သပိတ်,ပဲကြိုပ်,အပ်,ခါးပန်း, ရေစစ်, ပရိက္ခရာရှစ်ပါးနှင့်တကွ ဝါခြောက်ဆယ်ရပြီး မထေရ်ကြီးကဲ့သို့ ရဟန်းအသွင်ထင်ရှားဖြစ်လာ၏၊ ထို

နောက် ကောင်းကင်၌ ရပ်လျက် လူအများကို အဆုံးအမ ပေးကာ ကောင်းကင်ခရီးဖြင့်ပင် ဟိမဝန္တာ နန္ဒမူလိုဏ်သို့ ကြွလေ၏။

လက်ကောက် သံကြားမှု သံဝေဂပြု

ထိုမှတပါး ဂန္ဓာရတိုင်း တက္ကသိုလ် ပြည်ဝယ် နဂ္ဂဇိမင်းသည် မြတ်သော ပြာသာဒ် အပြင်ဝယ် လက်တဘက် တဘက်၌ ပတ္တမြား လက်ကောက် တခုစီ ဝတ်လျက် နံ့သာသွေးနေသော မိန်းမငယ်တယောက် ကို မြင်လျှင် ဤလက်ကောက်တို့ကား တခုစီဖြစ်၍ အချင်း ချင်း မထိသောကြောင့် မမြည်ကြကုန် ဟု အောက်မေ့ လျက် ကြည့်ရှု၍ နေ၏၊ထိုအခိုက် မိန်းမငယ်သည် လက်ျာ ဘက်မှ လက်ကောက်ကို လက်ဝဲဘက်၌ဝတ်ကာ နံ့သာ သွေးပြန်၏၊ ထိုအခါ လက်ဝဲဘက်ရှိ လက်ကောက်သည် အဘော်ရသဖြင့် (ချက်ချက်) အသံကို ပြုလေ၏၊ မင်းကြီး သည် လက်ကောက် နှစ်ခုတို့ ထိခိုက်သဖြင့် အချင်းချင်း အသံပြုသည်ကိုကြားလျှင်–

ဖြစ်ပျက်ဆင်ခြင် ဗောဓိ ဉာဏ်မြင်

ဤလက်ကောက်တို့ကား တခုစီဝတ် ထားသောအခါ မထိ၊ အသံမပြု၊ အဘော်ကို စွဲ၍ထိ၏၊ အသံပြု၏၊ ထို အတူ သတ္တဝါတို့လည်း တယောက်ထီးဘည်းနေလျှင်မထိ ကုန်၊ ရန်မဖြစ်ကုန်၊ နှစ်ယောက်သုံးယောက် နေကြလျှင် ထိကုန်၏၊ ရန်ဖြစ်ကုန်၏၊ ငါလည်း ဂန္ဓာရတိုင်း၌ နှစ်ပြည် ထောင်သောသူတို့ကို စီရင်ရ၏၊ တခုထည်းသော လက် ကောက်အသွင် သူတပါးကို မစီရင်တော့ဘဲ မိမိကိုယ်ကို သာ စီရင်၍ နေရန်သင့်၏ဟု နှလုံးသွင်းကာ ထိသော

လက်ကောက်ကို အာရုံပြု၍ လက္ခဏာရေး သုံးပါးသို့ တင်ကာ ဝိပဿနာကို ပွားလတ်သော် ထိုင်မြဲတိုင်းပင် ပစ္စေကဗုဒ္ဓါဖြစ်၍ လူအများကို အဆုံးအမ ပေးပြီးလျှင် နန္ဒမူလိုဏ်သို့ကြွလေ၏။

သားတစ်ပမာ ယင်းတကျော

ထိုမှတပါး ဝေဒေဟတိုင်း မိထိလာပြည်ဝယ် နိမိမင်းသည် နံနက်စာစားပြီးသော် အမတ်ပေါင်း ခြံရံလျက် ဖွင့်ထားသော လေသာပြူတင်းပေါက်ဖြင့် ခရီးအကြားကို ကြည့်ရှုလျက်နေ၏၊ ထိုအခါ စွန်တကောင်သည် အမဲဈေးမှသားတစ်ကို ချီ၍ ပျံသွားရာ လင်းတစသော ငှက်တို့သည် သားတစ်ဟူသော အကြောင်းကြောင့် ခြံရံကုန်လျက် နှုတ်သီးဖြင့်ဆိတ် အတောင်ဖြင့်ခတ် ခြေသည်းဖြင့်ကုပ်၍ လိုက်ကြကုန်၏၊ ထိုအခါ သားတစ်ကိုချီသော စွန်သည် သည်းမခံနိုင်တော့သဖြင့် သားတစ်ကို ချ၍ပြေး၏၊ ငှက်တကောင် ကောက်၍ချီပြန်၏၊ လိုက်ကြပြန်၏၊ချ၍ပြေးပြန်၏၊ တကောင်ကောက်၍ ချီပြန်၏၊လိုက်ကြပြန်၏၊ ချ၍ပြေးပြန်၏။

တကျော်စွန့်ပစ် ဘုရားလောင်ဖြစ်

ဤသို့သော အခြင်းအရာကိုမြင်၍ ဤငှက်တို့တွင် သားတစ်ကို ချီသောငှက်သာ ဆင်းရဲရ၏၊သားတစ်ကိုပစ်ချသော ငှက်သည် ချမ်းသာ၏၊ ထိုအတူ ကာမဂုဏ် ငါးပါးကို ယူသောသူသည် ဆင်းရဲ၏၊ မယူသောသူသည် ချမ်းသာ၏၊ ငါ့မှာလည်း တသောင်းခြောက်ထောင်သော မောင်းမတို့ရှိ၏၊ စွန်သည် သားတစ်ကို စွန့်လွှတ်သကဲ့သို့ ငါသည်

လည်း ကာမဂုဏ် ငါးပါးကို စွန့်လွှတ်ရန်သင့်သည် ဟု နှလုံးသွင်းကာ ဝိပဿနာကို ပွားလတ်သော် ပစ္စေကဗုဒ္ဓါဖြစ်၍ လူအများကို အဆုံးအမပေးပြီးလျှင် နန္ဒမူလိုဏ်သို့ကြွလေ၏။

တဏှာအတွက်ပေ အသက်သေ

ထိုမှတပါး ဥတ္တရပဉ္စာလတိုင်း ကပိလမြို့ဝယ် ဒုမ္မုခမင်းသည် နံနက်စာ စားပြီးသော် အမတ်အပေါင်း ခြံရံလျက် လေသာပြူတင်းကို ဖွင့်ကာ မင်းရင်ပြင်သို့ ကြည့်ရှုလျက်နေ၏၊ ထိုအခိုက် နွားခြံကိုဖွင့်ကုန်၏၊ နွားလားဥသဘတို့ ခြံမှထွက်ကာ ကိလေသာအစွမ်းဖြင့် နွားမတကောင်ကို ဝိုင်းအုံ၍ လိုက်ကြကုန်၏၊ ထိုဥသဘတို့တွင် ဦးချိုရှိသော ဥသဘကြီးတကောင်သည် ကိလေသာ၌ ဝန်တိုခြင်းနှိပ်စက်သဖြင့် ဥသဘတကောင်၏ ပေါင်ကြား၌ ခွေ၏၊အခွေခံရသော ဥသဘ၏ ခွေရာအရပ်မှ အူတို့သည် ထွက်ကုန်၏၊ ထိုဥသဘသည် ထိုအရပ်၌ပင် သေလေ၏။

ကာမဂုဏ်စွန့်မိ ပစ္စေကဗောဓိ

မင်းကြီးသည် သေသော ဥသဘကို မြင်၍ ဤသတ္တဝါတို့ကား တိရစ္ဆာန်ကို အစပြု၍ ကိလေသာကြောင့် ဆင်းရဲခြင်းသို့ ရောက်ရကုန်၏၊ ဤဥသဘသည် ကိလေသာကိုမှီ၍ သေရ၏၊ တပါးသော သတ္တဝါတို့လည်း ကိလေသာအစွမ်းဖြင့် တုန်လှုပ်ကုန်၏၊ ငါသည်လည်း တုန်လှုပ်စေတတ်သောကိလေသာကို ပယ်ခြင်းငှါသင့်၏ဟု ကြံစည်ကာ ဝိပဿနာကို ပွားသည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်၍ လူအများကိုအဆုံးအမပေးပြီးလျှင် နန္ဒမူလိုဏ်သို့ကြွလေ၏။

ပစ္စေကလေးပါး မေးလျှောက်ကြား

ထိုအခါ တနေ့သ၌ ပစ္စေကဗုဒ္ဓါ လေးဆူတို့သည် ဟိမဝန္တာ နန္ဒမူလိုဏ်မှ ကောင်းကင်ခရီးဖြင့် ဆွမ်းခံကြွလာကြရာ ဗာရာဏသီမြို့ တံခါးအနီး အိုးထိန်းသည် အိမ်တံခါးသို့ ရောက်ကြကုန်၏၊ အိုးထိန်းသည်လည်း ပစ္စေကဗုဒ္ဓါတို့ကိုမြင်လျှင် အလွန်ကြည်ညိုသဖြင့် အိမ်ပေါ်သို့ပင့်လျက် ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေးလေ၏၊ ဆွမ်းဘုဉ်းပေးပြီးလျှင် အိုးထိန်းသည်သည် မထေရ်ကြီးမှစ၍ တဆူစီ မထေရ်လေးဆူတို့အား "အရှင်ဘုရားသည် အဘယ်အာရုံကို မြင်၍ ရဟန်းပြုသနည်း"ဟု လေးဆူလုံး စေ့အောင် လျှောက်ထားလေ၏။

အာရုံမြင်ရ ပြန်ဟောပြ

ထိုပစ္စေကဗုဒ္ဓါ လေးဆူတို့တွင် မထေရ်ကြီးဖြစ်သော ကရဏ္ဍုက ပစ္စေကဗုဒ္ဓါသည်—

"အိုးထိန်းသည်…ငါကားကရဏ္ဍုကမင်းဖြစ်၏၊ ဥယျာဉ်တော်ဝယ် သရက်တော အလယ်၌ စိမ်းညိုစည်ပင်လျက် အသီးနှင့် ပြည့်စုံသော သရက်ပင်ကို အသီးကြောင့် စနှောင့်စနင်း ပျက်စီးနေသည်ကို မြင်ခဲ့၏၊ထိုသရက်ပင်ကိုမြင်၍ရဟန်းပြုကာ ဆွမ်းခံသောအကျင့်ကို ကျင့်ပေ၏"—

ဟု အိုးထိန်းသည်အား ဟောကြားလေ၏။

မထေရ်အာရုံ ဟောမိန့်ပုံ

ထို့နောက် ဒုတိယ မထေရ်ဖြစ်သော နဂ္ဂဇိပစ္စေကဗုဒ္ဓါသည်—

"အိုးထိန်းသည်…. ငါကား နဂ္ဂဇိမင်းဖြစ်၏၊ နှံ့သာသွေးသောမိန်းမငယ်သည် ပြေပြစ်သောပတ္တမြားလက်ကောက်ကို တဘက်တခုစီဝတ်ဆင်ထားသောအခါအသံမပြု၊တဘက်ထည်းပေါင်းဝတ်ဆင်ထားသောအခါ အဘော်ကိုစွဲ၍ အသံပြု၏၊ ထိုလက်ကောက်ကိုမြင်၍ ရဟန်းပြုကာ ဆွမ်းခံသောအကျင့်ကို ကျင့်ပေ၏"—

ဟု အိုးထိန်းသည်အား ဟောကြားပြန်၏။

နောက်ကြောင်းနိမိတ် ဟောဘော်မိန့်

ထို့နောက် တတိယမထေရ်ဖြစ်သော နိမိပစ္စေကဗုဒ္ဓါသည်—

"အိုးထိန်းသည်…. ငါကား နိမိမင်းဖြစ်၏၊ သားတစ်ကိုချီ၍ပျံသော စွန်တကောင်ကို သားတစ်ကြောင့် ငှက်အပေါင်းတို့လိုက်၍ ထိုးဆိတ် ပုတ်ခတ်ကုပ်ဖဲ့ကြကုန်၏၊ ထိုငှက်ကိုမြင်၍ ရဟန်းပြုကာ ဆွမ်းခံသောအကျင့်ကို ကျင့်ပေ၏"—

ဟု အိုးထိန်းသည်အား ဟောကြားပြန်၏။

တရားဟောပြ ဝမ်းမြောက်လှ

ထို့နောက် စတုတ္ထ မထေရ်ဖြစ်သော ဒုမ္မုခပစ္စေကဗုဒ္ဓါသည်—

"အိုးထိန်းသည်…. ငါကား ဒုမ္မုခမင်းဖြစ်၏၊ ကိလေသာ၏အစွမ်းဖြင့် နွားမတကောင်ကို ဝိုင်းအုံကာလိုက်နေသော ဥသဘတို့တွင် အားနှင့်ပြည့်စုံ၍ တုန်လှုပ်သော လဘ့်ရှိသောဥသဘကြီးသည် ကိလေသာ၌ဝန်တို၍ ဥသဘတကောင်ကိုခွေသည်ကို မြင်ရ

ဓ၏၊ ထိုဥသဘကိုမြင်၍ ရဟန်းပြုကာ ဆွမ်းခံသော
အကျင့်ကို ကျင့်ပေ၏”—

ဟု အိုးထိန်းသည်အား ဟောကြားပြန်၏။

ထိုအခါ အိုးထိန်းသည်သည် ပစ္စေကဗုဒ္ဓါ လေးဆူတို့ တရားတော်ကို ကြားနာရ၍ အရှင်ဘုရားတို့သည် ကောင်း ကုန်စွ၊ ကောင်းကုန်စွ၊ ထိုထိုအာရုံ၌ကား အရှင်ဘုရားတို့ နှင့်သာ လျောက်ပတ်ကုန်၏ဟု ချီးကျူး၏၊ ပစ္စေကဗုဒ္ဓါ လေးဆူတို့သည် တရားဟောပြီးလျှင် ကြွကုန်၏။

**မယားတိုင်ပင်
ရဟန်းပြုချင်**

အိုးထိန်းသည်လည်း ပစ္စေကဗုဒ္ဓါတို့ ကြွကုန်လတ်သော် မယားကို ခေါ်၍ “ရှင်မ···· ဤပစ္စေကဗုဒ္ဓါ လေးဆူတို့ သည် မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြုကြသည်၊ ငါတို့မှာ အခ စားလုပ်၍ အသက်မွေးရကုန်၏၊ အိမ်၌နေသဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ သင်သည် သားသမီးငယ်တို့ကိုကျွေးမွေး ထောက်ပံ့ကာ အိမ်၌နေရစ်လော့”ဟု ပြောဆိုလိုရကား—

“အို-ရှင်မ···· ကလိင်္ဂတိုင်းကို အစိုးရသော က ရဏ္ဍကမင်း၊ဂန္ဓာရတိုင်းကိုအစိုးရသော နဂ္ဂဇိမင်း၊ ဝေဒေဟတိုင်းကိုအစိုးရသော နိမိမင်း၊ ပဉ္စာလ တိုင်းကိုအစိုးရသော ဒုမ္မုခမင်း၊ ဤမင်းလေးပါး တို့သည် တိုင်းနိုင်ငံကိုစွန့်လွှတ်၍ ပလိဗောဓမရှိ ရဟန်းပြုကြကုန်ပြီ”။

“အို-ရှင်မ···· ဤပစ္စေကဗုဒ္ဓါအလုံးစုံတို့ကား ဝိသုဒ္ဓိနတ်ဖြစ်သော ရှေးရှေး ပစ္စေကဗုဒ္ဓါတို့နှင့်တူ ကုန်၏၊ရှေးရှေးပစ္စေကဗုဒ္ဓါအတူလာကုန်၏၊မီးလျှံ သည် တောက်ပသကဲ့သို့ တောက်ပကုန်၏၊ ရှင်မ

ငါလည်း ရုပ်ရုံအစရှိသော ကာမဂုဏ်တို့ကို စွန့်လွှတ်၍ ရဟန်းပြုကာ တယောက်ထီးတည်း ကျင့်တော့အံ့”—

ဟု မယားအား ပြောကြား လေ၏။

နှစ်ဦးညီညာ ရဟန်းပြုရှာ

မယားလည်း လင်အိုးထိန်းသည်ပြောကြားသောစကားကိုကြားလျှင်—

“အို-အရှင်…အကျွန်ုပ်လည်း နောက်ကာလ၌ အဆုံးအမကို ရသည်မဖြစ်ရာ၊ ထို့ကြောင့် ဤရဟန်းပြုရအံ့သောကာလသည် ရှိခဲ့၏၊တပါးသောကာလသည်မရှိသည်သာတည်း၊ငှက်ခတ်ယောကျ်ားလက်မှ လွတ်သောငှက်မကဲ့သို့ အကျွန်ုပ်သည်လည်း ရဟန်းပြုကာ တယောက်ထီးတည်း ကျင့်တော့အံ့”—

ဟု လင်အားပြန်၍ပြောကြား၏၊လင်ယောကျ်ားလည်း မယားစကားကိုကြားလျှင် ဆိတ်ဆိတ်သာနေ၏၊ မယားကား ငါသည် လင်ယောကျ်ားကိုလှည့်စား၍ ရှေးဦးစွာ ရဟန်းပြုတော့မည်ဟု နှလုံးသွင်းလျက် “အရှင်…ရေဆိပ်သို့သွားမည် သူငယ်တို့ကိုကြည့်ရှုရစ်ပါ”ဟု ပြောဆိုလျက် အိုးကိုယူ၍ ရေခတ်သွားသကဲ့သို့ ပြုလျက် ထွက်ပြေး၍ မြို့အနီးဖြစ်သော ပရိဗိုဇ်မတို့ကျောင်းသို့ သွား၍ ပရိဗိုဇ်ရဟန်းပြုလေ၏။

သားသမီးငယ်များ အပ်နှင်းသွား

အိုးထိန်းသည်လည်း မယားပြန်မလာတော့သည်ကို သိ၍ သူငယ် တို့အား ကောင်းစွာ စောင့်ရှောက် မွေးမြူ၏၊

နောက်အခါသူငယ်တို့ကြီး၍ဆားပေါ့,ဆားငန်,အကောင်း, အဆိုး, ဆင်းရဲချမ်းသာကို သိမြင်လိမ့်မည်သောအခါ ၍သူငယ်တို့ကား မိမိဓမ္မတာအားဖြင့်အသက်ရှည်စွာမွေးမြူနိုင်လောက်ပြီ၊ ငါလည်း ရဟန်းပြုဘို့အချိန်တန်ပြီဟု ကြံစည်လျက် သားနှင့်သမီးတို့ကို ဆွေမျိုးဉာတိတို့အား အပ်နှင်းခဲ့ပြီးလျှင် ဆွေမျိုးဉာတိတို့ငိုကြွေးစဉ်လျှင် မြို့မှထွက်၍ ရဟန်းပြုကာ မြို့အနီး၌ပင်နေလေ၏။

ဈာန်ချမ်းသာခံစား ဖြဟ္မာ့ရွာလား

တနေ့သ၌ ဗာရာဏသီမြို့တွင်း၌ ဆွမ်းခံသွားစဉ်ပရိဗိုဇ်မကိုတွေ့လေ၏၊ ပရိဗိုဇ်မှသည် ရှိခိုး၍ "အရှင်ဘုရား….သားသူငယ်တို့ကို ဖျက်ဆီးအပ်ကုန်ယောင်တကား"ဟု လျှောက်ထားလေ၏၊ လင်ရဟန်းလည်း—

"နှမ….ငါကား သူငယ်တို့ကိုမဖျက်ဆီးပါ၊ အစိမ်း,အကျက်,ဆားပေါ့,ဆားငန်,ချမ်းသာဆင်းရဲကိုသိသော သူငယ်တို့အမူအရာကိုမြင်၍ အသက်မွေးနိုင်လောက်ပြီဟု စွန့်လွှတ်ကာ ရဟန်းပြုခဲ့၏၊ သင်သည် ဆွမ်းခံသောအကျင့်ကို ကျင့်လော့၊ ငါလည်း ကျင့်ပါအံ့"—

ဟု ပရိဗိုဇ်မကိုဆုံးမ၍ လွှတ်လိုက်၏၊ ပရိဗိုဇ်မလည်း ရှိခိုး၍ မိမိအလိုရှိရာအရပ်သို့သွားလေ၏၊ ထိုနေ့မှစ၍ ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့သည် အချင်းချင်းမတွေ့မြင်ကြရကုန်၊ အိုးထိန်းရဟန်းလည်း ဈာန်အဘိညာဉ်ကိုဖြစ်စေ၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

မြတ်စွာဘုရားသည် ဓမ္မဒေသနာကိုဆောင်၍ သစ္စာကို ပြသည်၏အဆုံး၌ ငါးရာသောရဟန်းတို့သည် အရဟတ္တ ဖိုလ်၌တည်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါသမီးသည်-ယခုအခါ ဥပ္ပလဝဏ်။

※ သားသည်- ရာဟုလာ။

※ ပရိဗိုဇ်မသည်- ရာဟုလာမယ်တော်။

※ ပရိဗိုဇ်သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) နည်းပါးကိလေ၊ မပွားစေ၊ သေအောင်သတ်ကြရာ။

(၂) ကိလေသာပွား၊ ဆင်းရဲများ၊ လည်ငြားသံသရာ။

(၃) အိုးထိန်းလင်မယား၊ တောထွက်သွား၊အံ့ားကျပစ္စေကာ။

ကုမ္ဘကာရဇာတ်ပြီး၏။

၄၀၉—ဒဠှဓမ္မဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဆွမ်းခံကြွသွား ဆင်လျှောက်ထား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည်ကို အမှီပြု၍ ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥဒေနမင်း၏ ဘဒ္ဒဝတီဆင်မသည် အမှု

ကိစ္စသို့မဆောင်ရွက်နိုင်၍ အိုမင်းသောကာလ၌ မင်းထံမှ အခြီအရံ ပူဇော်သက္ကာရကို မရတော့သဖြင့် ကိုးကွယ်ရာ မရှိသည်ဖြစ်၍ တောအရပ်၌ ဆပ်သွားတို့ကို စားလျက် အသက်မွေးရ၏။

တနေ့သ၌ထိုဆင်မသည် မြတ်စွာဘုရား ဆွမ်းခံကြွလာသည်ကိုမြင်လျှင် ခြေတော်ရင်း၌ဝပ်၍ "ဘုန်းတော်ကြီးသောမြတ်စွာဘုရား.... အကျွန်ုပ်သည်နုပျို၍ အမှုကိစ္စကို ရွက်ဆောင်နိုင်သော ကာလ၌ ငါ့မှာ ဤဆင်မကို မှီ၍ အသက်ကိုရင်း, တိုင်းပြည်ကိုရင်း, မိဖုရားကိုရင်း ရပေ၏ ဟု များစွာသော စည်းစိမ် အခြီအရံကို ပေး၍ ပူဇော်သက္ကာရကိုပြုဘိ၏၊ အမှုကိစ္စကိုမဆောင်ရွက်နိုင်၍ အိုမင်းသောကာလ၌ စည်းစိမ်အခြီအရံ ပူဇော်သက္ကာရကိုဖြတ်၍ ထားသဖြင့် ကိုးကွယ်ရာမရှိဖြစ်ကာ တော၌ ဆင်းဆင်းရဲရဲ အသက်မွေးရပါ၏၊ ထိုဥဒေနမင်းအား ပြုမြဲတိုင်းစည်းစိမ် အခြီအရံ ပူဇော်သက္ကာရကို ပြုအောင်မိန့်တော်မူပါ" ဟု ငိုကြွေးကာ တောင်းပန်လျှောက်ထားခလေ၏။

ဘုရားမိန့်ဟ
စည်းစိမ်ရ

ထိုအခါ မြတ်စွာဘုရားသည် ဘဒ္ဒဝတီဆင်မအား သင်သွားလေ၊ ရှေးပကတိအတိုင်း ပြုအောင် အမိန့်ပေးမည် ဟု ဝန်ခံတော်မူ၍ ဥဒေနမင်း၏ အိမ်တံခါးသို့ ကြွတော်မူ၏၊ ဥဒေနမင်းသည် မြတ်စွာဘုရားနှင့်တကွသံဃာတော်တို့ကို ပင့်၍ဆွမ်းကပ်လှူ၏၊ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေး၍ အနုမောဒနာပြုပြီးလျှင် ဥဒေနမင်းအား "မင်းကြီး.... ဘဒ္ဒဝတီဆင်မ ဘယ်မှာနည်း"ဟု မေး၏၊ "အရှင်ဘုရား..

မသိပါ''ဟုလျှောက်၏၊ ''မင်းကြီး… ကျေးဇူးများသော သူတို့အားအခြံအရံကိုပေး၍ အိုမင်းသောအခါ အခြံအရံကိုသိမ်းယူခြင်းသည် မသင့်လျော်၊ သူ့ကျေးဇူးကိုသိခြင်းငှါ ဆပ်ခြင်းငှါသင့်၏၊ယခုအခါ ဘဒ္ဒဝတီဆင်မသည်ဆင်းဆင်း ရဲရဲဖြစ်၍ အသက်မွေးရသည်၊ ပေးမြဲတိုင်းစည်းစိမ် အခြံအရံကိုပေး၍ ပူဇော်သက္ကာရကို ပြုလော့'' ဟု မိန့်တော်မူပြီးလျှင် ကျောင်းတော်သို့ ကြွလေ၏၊ မင်းကြီးလည်း မြတ်စွာဘုရား မိန့်တော်မူသောအခါ ဘဒ္ဒဝတီ ဆင်မ၏ ကျေးဇူးကိုသတိရ၍ ပေးမြဲတိုင်းသော စည်းစိမ် အခြံအရံကိုပေးစေ၍ ပူဇော်သက္ကာရကို ပြုတော်မူ၏၊ ထိုအခါမှစ၍ ဘဒ္ဒဝတီဆင်မအား ချမ်းချမ်းသာသာ အသက်မွေးရ၏။

ရဟန်းတို့သည်တရားသဘင်၌ဘဒ္ဒဝတီဆင်မအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် ''ရဟန်းတို့…. ငါဘုရားသည် ယခုအခါ၌သာ ဘဒ္ဒဝတီဆင်မ၏ ကျေးဇူးကို ဘော်ပြ၍ ပကတိအတိုင်း စည်းစိမ် အခြံအရံကို ရစေသည်မဟုတ်၊ ရှေးအခါ၌လည်းရစေဘူးပြီ''ဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ကျေးဇူးမသိပြောင်း မင်းပစ်ထား

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဒဠှဓမ္မမင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ထိုမင်း ထံ၌ အမတ်ဖြစ်လေ၏၊ ထိုမင်းအား အားအစွမ်းနှင့် ပြည့်စုံသော ဩဋ္ဌဗျာဓိမည်သော ဆင်မတကောင်လည်း

ရှိ၏၊ တနေ့ချင်းယူဇနာတရာကို သွားနိုင်၏၊ တမန်သည်တို့ အမှုကိုပြု၏၊ စစ်ထိုး၏၊ ရန်သူထိုကိုနှိမ်နင်း၏။

မင်းကြီးသည် ဩဠှမ္ဗျာမိဆင်မအား အလွန်ကျေးဇူးများသည်ဟု များစွာသော စည်းစိမ်အခြံအရံကို ပေး၏၊ ပူဇော်သက္ကာရကိုပြု၏၊ ဒိုမင်းသောကာလ၌ကား ပေးပြီးသော စည်းစိမ်အခြံအရံကို သိမ်းယူတော်မူ၏၊ ထိုအခါ ဩဠှမ္ဗျာမိဆင်မသည် ကိုးကွယ်ရာမရှိဖြစ်၍ တောအရပ်ဝယ် မြက်သစ်ရွက်တို့ကိုစားကာ ဆင်းဆင်းရဲရဲ အသက်မွေးရ၏။

ဆင်မဖမ်းလေ မင်းနိုင်းစေ

ထိုအခါ မင်းကြီးအိမ်၌ အိုးတို့သည် မလောက်ကုန်၊မင်းကြီးသည် အိုးထိန်းသည်ကို ခေါ်စေ၍ "အချင်း.... အိုးမလောက်သတတ်" ဟု ပြော၏၊ "အရှင်မင်းကြီး....မှန်ပါ၏၊ နွားချေး ဆောင်ယူသောလှည်း၌ တပ်၍ မောင်းဘို့ နွားမရပါ"ဟုလျှောက်၏၊ "အချင်း.... ဩဠှမ္ဗျာမိဆင်မ ဘယ်မှာနည်း"ဟု မေး၏၊ "အရှင်မင်းကြီး ....တော၌ အလိုလိုလှည့်လည်နေပါ၏"ဟု ပြော၏၊ "အချင်း....ထို ဆင်မကိုယူ၍ နွားချေးလှည်း၌တပ်၍ မောင်းလေ့"ဟု အမိန့်ပေး၏၊ အိုးထိန်းသည်လည်း ဆင်မကိုယူ၍ နွားချေး လှည်း၌တပ်လျက် မောင်းလေ၏၊ ဩဠှမ္ဗျာမိ ဆင်မလည်း အလွန်ဆင်းရဲ၏။

ကျေးဇူးသိရန် အမတ်တောင်းပန်

တနေ့သ၌ ဩဠှမ္ဗျာမိဆင်မသည် မြို့မှထွက်၍ ညအခါ မြို့သို့ ပြန်ဝင်သော အမတ်ကြီးကို မြင်လျှင် ခြေရင်း၌ဝပ်

ကာ ရှိခိုး၍ "အရှင်.... မင်းကြီးသည် အကျွန်ုပ်ကို နုပျို သောကာလ၌ စည်းစိမ် အခြံအရံကိုပေး၍ ယခု အိုမင်း သောကာလ၌ကား ပေးပြီးသော စည်းစိမ် အခြံအရံကို ယုတ်သိမ်း၍ထားပါ၏၊ အမှတ်မရပါ၊ ကိုးကွယ်ရာမရှိ၊ တော၌မြက်သစ်ရွက်တို့ကိုစား၍အသက်မွေးရပါ၏၊ သည် တွင်မကသေး နွားချေးလှည်းကို ဆွဲရန် အိုးထိန်းသည် လက်သို့ ပေးထားပါ၏။

အရှင်မှတပါး ကိုးကွယ်ရာမရှိပါ၊ မင်းကြီးသည် အကျွန်ုပ်၏ကျေးဇူးကိုသတိရ၍ ပေးမြဲတိုင်းသော စည်းစိမ် အခြံအရံကို ပကတိအတိုင်း ပြန်၍ပေးအောင် စောင့် ရှောက်တော်မူပါ"ဟု ပြောဆိုတောင်းပန်ကာ—

"အရှင်.... အကျွန်ုပ်သည် အမှုကိစ္စကို ရွက် ဆောင်၍ ရင်၌သန်လျက်ကိုဖွဲ့လျက် စစ်ထိုးရာ၌ လုံ့လပြုခြင်းကား ဒဓိဝါဟမင်း၏စိတ်ကို အကယ်၍ မနှစ်သက်စေပါမူ အဘယ်သူသည် နှစ်သက်စေနိုင် ပါမည်နည်း။

အကျွန်ုပ်၏ အားထုတ်အပ်သော ယောကျ်ား ကောင်းအမှုကိုငင်း, စစ်ထိုးရာ၌ ကောင်းစွာပြုလုပ် အပ်သည်ကိုငင်း, တနေ့ ယူဇနာတရာ အရောက် သွား၍ ပြုအပ်သော တမန်သည် အမှုကိုငင်း ဒဓိဝါဟမင်းသည် မသိယောင်တကား။

အကျွန်ုပ်မှာ အဆွေ ခင်ပွန်းမရှိ ကိုးကွယ် အားထားရာမရှိ၍ သေရယောင် တကား၊ ထို ကြောင့် နွားချေးလှည်းကို ရှန်းရသောအမှုကိစ္စကို

ဆောင်ရွက်ရန် မင်းကြီးသည် အိုးထိန်းသည်အား
ပေးအပ်ထား၏”—

ဟု အမတ်ကြီးအား ပြောကြားလေ၏။

ကျေးဇူးသိအောင်ရှေ့ရှုဆောင်

အမတ်ကြီးလည်း ဩဠှဗျာဓိ ဆင်မ၏ စကားကိုကြားလျှင်“ဩဠှဗျာဓိ….သင်မစိုးရိမ်လင့်၊ ငါသည် မင်းကြီးအား ပြောဆို၍ သင့်အား ပေးမြဲတိုင်းသောစည်းစိမ် အခြံအရံကိုပြန်၍ရစေမည်”ဟုပြောဆိုကာ မြို့တွင်းသို့ဝင်၍ နံနက်စာစားပြီးသော် မင်းကြီးထံဆည်းကပ်၍ ဩဠှဗျာဓိဆင်မ၏ဂုဏ်ကျေးဇူးတို့ကိုပြောဆိုပြီးလျှင် “အရှင်မင်းကြီး…. ဩဠှဗျာဓိဆင်မအဘယ်မှာနည်း”ဟုမေး၏၊“အမတ်ကြီး.. နွားချေးလှည်းရှုန်းရန် အိုးထိန်းသည်အား ပေးထား၏” ဟုပြော၏၊“အရှင်မင်းကြီး…အရှင်မင်းကြီးတို့ပြုအပ်သော အမှုသည် မလျောက်ပတ်”ဟုပြစ်တင်ပြောဆိုပြီးလျှင်—

“အရှင်မင်းကြီး….လူတို့သည် မိမိတို့လိုလားတောင့်တသူကို လိုလားတောင့်တနေသမျှ ကာလပတ်လုံး ဆည်းကပ်ပေါင်းသင်းကုန်၏၊ သင်မင်းကြီးသည် ဩဠှဗျာဓိကိုစွန့်ပစ်သကဲ့သို့ အကျိုးမရှိသောအခါ စွန့်ပစ်ကြကုန်၏”။

“အရှင်မင်းကြီး…. ရှေးဦးစွာ မိမိအကျိုးစီးပွါးကို ဆောင်ရွက်ဘူးသော ကျေးဇူးရှင်အား ပြန်လှန်ပေးဆပ်ရမည်၊ ကျေးဇူးတို့ကို မသိသောသူ၏ လိုလားတောင့်တအပ်သော အကျိုးစီးပွါးတို့သည် ဆုတ်ယုတ်ပျက်စီးကုန်၏၊ ရှေးဦးစွာ မိမိ

အကျိုးစီးပွါးကို ဆောင်ရွက်ဘူးသော ကျေးဇူးရှင်အား ပြန်လည်ပေးဆပ်ရမည့် ကျေးဇူးတုံ့ကို သိသောသူ၏ လိုလားတောင့်တအပ်သော အကျိုးစီးပွါးတို့သည် ဖြစ်ထွန်းတိုးပွါးကုန်၏"။

ဩဠဗျာဓိဆင်မ စည်းစိမ်ပြန်ရ

"အို-အချင်းတို့··ငါသည်ထိုအကြောင်းကြောင့် သင်တို့အား ပြောဆိုပေ၏၊ ဤအရပ်သို့ စည်းဝေး ရောက်လာကြကုန်သော သင်တို့ အလုံးစုံသည် သူပြုဘူးသော ကျေးဇူးကိုသိကုန်လော၊ နတ်ပြည်၌ ကြာမြင့်စွာနေကြကုန်လော"–

ဟု မင်းကြီးမှစ၍ စည်းဝေးရောက်လာ ကြသောသူတို့အား အဆုံးအမပေးလေ၏၊ မင်းကြီးလည်း အမတ်ကြီး၏ ဆုံးမစကားကိုကြားလျှင် မိမိ၌ပြုခဲ့ဘူးသောကျေးဇူးကို သတိရ၍ ဩဠဗျာဓိဆင်မအား ပေးမြဲတိုင်းသောစည်းစိမ်အခြံအရံကို ပကတိအတိုင်းပြန်၍ ပေးတော်မူ၏၊ အမတ်ကြီး၏ အဆုံးအမ၌တည်လျက်ကြာမြင့်စွာကုသိုလ်ကောင်းမှုကို အားထုတ်ဆည်းပူး၍ သေလွန်သည့် အခြားမဲ့၌ နတ်ပြည်သို့လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ ဩဠဗျာဓိသည်··ယခုအခါဘဒ္ဒဝတီ။

※ မင်းကြီးသည်-အာနန္ဒာ။
※ အမတ်ကြီးသည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မလိုမပေါင်း၊လိုရုံပေါင်း၊မိတ်ကောင်းမဟုတ်ပါ။
(၂) ကျေးဇူးရှိသား၊မသိငြား၊ကျိုးကားပျက်စီးရာ။
(၃) ကျေးဇူးရှိသား၊သိပြန်ငြား၊ကျိုးကားဖြစ်ထွန်းရာ။

ဒဠှဓမ္မဇာတ်ပြီး၏။

၄၁၀-သောမဒတ္တဇာတ်

ပဋိပြန်ဝတ္ထု

တပည့်ကြောင်းပြု ပူဆွေးမှု နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းကြီး တပါးသည် မိမိရှင်ပြုထား၍ ကျေးဇူးများသော သာမဏေ သေလွန်သည်ရှိသော် မရဏာဃတိကမ္မဋ္ဌာန်းကို မစီးဖြန်းနိုင်ဘဲ ငိုကြွေးမြည်တမ်း၍သာနေ၏။

ရဟန်းတို့သည် တရား သဘင်၌ ထိုရဟန်းကြီး အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့.... ဤရဟန်းကြီးသည် ယခုအခါ ၌သာ ဤသာမဏေသေလွန်သည်ရှိသော် ငိုကြွေးမြည်တမ်းသည် မဟုတ်၊ ရှေးအခါ၌လည်း ငိုကြွေးမြည်တမ်းဘူးပြီ" ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော် မူသတည်း။

အတိတ်ဝတ္ထု

ဆင်ငယ်မွေးထား သေလွန်ခြား

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်လေ၏၊ ထိုအခါကာသိကရွာ၌နေသော ပုဏ္ဏားတယောက်သည် များစွာသော စည်းစိမ်ဥစ္စာရှိ၏၊ တနေ့သ၌ ကာမဂုဏ်စွန့်လွှတ်၍ တောထွက်ပြီးလျှင် ဟိမဝန္တာသို့ဝင်ကာ ရသေ့ ရဟန်းပြု၍ တော၌ဖြစ်သောသစ်သီးကြီးငယ်ဖြင့်သာ မျှတကာနေ၏။

တနေ့သ၌ သစ်သီးကြီးငယ် ရှာဖွေရန် သွားသည်ရှိသော် ဆင်ငယ်တကောင်ကိုတွေ့၍ ကျောင်းသို့ဆောင်ယူလျက် သားအမှတ်ဖြင့် မွေးမြူလေ၏၊ ထိုဆင်ငယ်အားသောမဒတ် ဟူသောအမည်ကိုမှည့်၍ မြက်သစ်ရွက်တို့ကို စားစေ၏၊ အရွယ်သို့ရောက်လတ်သော် ကြီးသောကိုယ်ရှိ၏၊ တနေ့သ၌အစားများသဖြင့် အစာမကျေခြင်းကြောင့် အားနည်းသော ရောဂါဖြစ်လေ၏၊ ရသေ့လည်း ဆင်ကို ကျောင်း၌ထား၍ သစ်သီးကြီးငယ် ရှာဖွေရန် သွား၏၊ ရသေ့ပြန်မရောက်သေးမီ ဆင်ငယ်သည် သေလွန်လေ၏။

ရသေ့သောက ပူဆွေးလှ

ရသေ့သည် သစ်သီးကြီးငယ်ရှာဖွေသွားရာမှ ပြန်လာသောအခါ ခရီးဦးကြိုဆိုနေကြဖြစ်သော ဆင်ငယ် သောမဒတ်ကို မမြင်လျှင်—

"အလုံးအရပ်နှင့် ပြည့်စုံသော အို-ချစ်သား သောမဒတ်....သင်သည် ရှေးအခါ ငါ့ကိုတော၌

ဝေးရွာလာ၍ ခရီးဦးကြိုဆိုခဲ့၏၊ ယခုအခါ သင့်ကို
ငါမမြင်၊အဘယ်အရပ်သို့ သွားသနည်း''—

ဟု ငိုကြွေးမြည်တမ်းလျက် လာလတ်သော် စင်္ကြံဦး၌ လဲ၍ သေနေသော ဆင်ကို မြင်လျှင် လည်ဘက်၍—

''အို-သောမဒတ်····သေ၍ အိပ်နေသောဆင်
ကား အခြားဆင်မဟုတ်ပေ၊ သင်သောမဒတ်
ဖြစ်ခဲ့၏တကား၊ မာလောနွယ် ညွန့်ကြီးကို
ဖြတ်ကာ မြေ၌ ချထားသကဲ့သို့ သင်သောမဒတ်
သည် မြေ၌အိပ်၍ ဩော်··သေခဲ့လေပြီတကား''—

ဟု ငိုကြွေးမည်တမ်းပြန်၏။

သံယောဇဉ်ခွဲလှ မြေမရ

ထိုခဏ၌ သိကြားမင်းသည် လူ့ပြည်သို့ ကြည့် လတ်သော် ငိုကြွေးနေသော ရသေ့ကိုမြင်လျှင် ဤရသေ့ကား သားမယားကို စွန့်၍ ရဟန်းပြုခဲ့ပါလျက် ဤဆင်ငယ်ကိုသားအမှတ်ဖြင့် ငိုကြွေးဘိ၏၊ သံဝေဂရစေ၍ သတိဖြစ်စေမည်ဟု ရသေ့ကျောင်းသို့သွား၍ ကောင်းကင်၌ တည်လျက်—

''အို-ရသေ့··သေလေပြီးသောသူကို စိုးရိမ်ပူဆွေး
ငိုကြွေး မြည်တမ်းခြင်းသည် လူအဖြစ်မှ လွတ်၍
ရဟန်းအဖြစ်နှင့်ပြည့်စုံသော သင့်အား မကောင်း
ပါ''—

ဟု ရသေ့အားပြောဆို သတိပေးလေ၏၊ ရသေ့လည်း သိကြားမင်းစကားကို ကြားလျှင်—

''အို-သိကြားမင်း···· လူဖြစ်စေ၊ သားငှက်
တိရစ္ဆာန်ဖြစ်စေ ပေါင်းဘော်ခြင်းကြောင့် စိတ်

နှလုံး၌ ချစ်ခြင်းဖြစ်နေသော သတ္တဝါကို မစိုးရိမ်ခြင်းငှါ မတတ်နိုင်ပါ''–

ဟု သိကြားမင်းအား ပြောဆိုပြန်၏။

စိုးရိမ်မှုရေး သတိပေး

ထိုအခါသိကြားမင်းသည် ရသေ့ငိုကြွေးနေသည့်အဖြစ်ကို သတိပေးလို၍–

''အိုရသေ့....သေဆဲဖြစ်သောသူ,သေပြီးသောသူ,သေလတံ့သောသူတို့ကိုငိုကြွေးမြည်တမ်းလျက် မျက်ရည်ယိုစီးသောသူတို့ကား မျက်ရည်ပြတ်သောနေ့မည်သည် မရှိခဲ့ရာ၊ ငိုကြွေးမြည်တမ်းခြင်းကိုအကျိုးမရှိဟု ပညာရှိသူကောင်းတို့ ပြောဆိုကြသောကြောင့်သင်သည်မငိုကြွေးမမြည်တမ်းပါလင့်၊

''အိုရသေ့....စင်စစ် ငိုကြွေး မြည်တမ်းသဖြင့် ပစ္စုပ္ပန်ဘဝမှ ကင်းပြတ်သေလွန်ပြီးသော သူသည် အကယ်၍ထလာပါမူ ငါတို့အလုံးစုံသည် စည်းဝေး၍ အချင်းချင်း၏ ဆွေမျိုးဉာတိတို့ကို ငိုကြွေးမြည်တမ်းပါကုန်အံ့''–

ဟု ရသေ့အား ဆုံးမပြန်၏။

သိကြားဟောပြ တရားရ

ရသေ့သည် သိကြားမင်းစကားကိုကြားလျှင် သတိရ၍ စိုးရိမ်သောက ကင်းပျောက်လျက် မျက်ရည်တို့ကိုသုတ်ကာ–

''အို-သိကြားမင်း.... ထောပတ်ဖြင့် သွန်းလောင်းအပ်သော မီးကို ရေဖြင့် သွန်းလောင်းသကဲ့သို့ စင်စစ် သောကမီးဖြင့် ပြောင်ပြောင်တောက်နေသောငါ့ကို အလုံးစုံသော စိုးရိမ်ခြင်းကို ငြိမ်းစေဘိ၏။

သင်သိကြားမင်းသည် သောကဖြင့် နှိပ်စက် သောငါ၏သား၌ စိုးရိမ်ခြင်းကို ပယ်ဖျောက်ပေ၏၊ ငါ့အား စိတ်နှလုံး၌ စူးဝင်နေသော သောကတည်း ဟူသော ငြောင့်ကို သင်သိကြားမင်းသည် နုတ်အပ် စွတကား”—

“အို-သိကြားမင်း…. သင်၏ စကားကို ကြား နာရ၍ ငါသည် သောကတည်းဟူသော ငြောင့်ကို နုတ်အပ်ပေပြီ၊ စိုးရိမ်သောက ကင်းပေပြီ၊ စိတ် နောက်ကျုခြင်းမရှိ၊ မစိုးရိမ် မပူဆွေး မငိုကြွေး တော့ပါ”—

ဟု သိကြားမင်းအား ချီးကျူးစကား ပြောကြားလေ ၏၊ သိကြားမင်းလည်း ရသေ့ကို ဆုံးမပြီး၍ မိမိနေရာ တာဝတိံသာသို့ သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓိဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ဆင်ငယ်သည်-ယခုအခါ သာမဏေငယ်။

※ ရသေ့သည်-ရဟန်းကြီး။

※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သေပြီးသေမည်၊ ငိုကြွေးသည်၊ မျက်ရည်မစဲရာ။

(၂) ဆွေသားမျိုးတူ၊ ငိုကြွေးမှု၊ သေသူမထရာ။

(၃) ငိုကြွေးသော်ငြား၊ ကျိုးမများ၊ တရားသက်ဝင်ရာ။

သောမဒတ္တ ဇာတ်ပြီး၏။

၄၁၁—သုသီမ ဇာတ်

ပစ္စုပ္ပန်ဝတ္ထု

တောထွက်မှုများ ချီးမွမ်းငြား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

သားတော် ဖွားဘက် ချစ်ခင်လျက်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုမင်း၏ ပုရောဟိတ် မယားဝမ်း၌ ဖြစ်လေ၏၊ဘွားမြင်သောနေ့၌ မင်းကြီးအားလည်းသားတော်ဘွားမြင်လေ၏၊ထိုသူငယ်နှစ်ယောက်တို့တွင် ပုရောဟိတ်သားအား သုသီမသတို့သား,မင်းသားအားဗြဟ္မဒတ္တသတို့သားဟု အမည်မှည့်ကြကုန်၏၊ ဗာရာဏသီမင်းသည် သားတော်နှင့် တနေ့တည်း ဘွားမြင်သော

ပုရောဟိတ်သားကိုယူ၍ သားတော်နှင့်အတူ နို့ထိန်းတို့ထံ အပ်နှံ၍ အတူတကွ ကြီးစေကုန်၏။

သားတော်မင်းပြု မှိုကြည့်ရှု

သတို့သား နှစ်ယောက်တို့သည် အရွယ်သို့ ရောက်လတ်သော် နတ်သားတို့တမျှ အလွန် အဆင်းလှကုန်၏၊ တက္ကသိုလ်ပြည်၌လည်း အတူတကွ ပညာသင်ကြားကုန်၏၊ ပညာတတ်မြောက်၍ မင်းသား အိမ်ရှေ့မင်း ဖြစ်သောအခါ၌ အတူတကွ စားသောက်ကုန်၏၊ မင်းကြီးသေလွန်၍ မင်းသား မင်းအဖြစ်ကိုရသောအခါ ဘွားဘက်တော်ဖြစ်သော ပုရောဟိတ်သား သုသီမကို ပုရောဟိတ်ရာထူး၌ ထား၏၊ များစွာသော စည်းစိမ်အခြံအရံကို ပေးလေ၏၊ တနေ့သ၌ မင်းကြီးသည် မြို့ကိုတန်ဆာဆင်စေ၍ မင်္ဂလာဆင်တော်၌ ပုရောဟိတ်နှင့်အတူစီးပြီးလျှင် လကျာ်ရစ် လှည့်တော်မူ၏။

ပုဏ္ဏားစွဲလမ်းသော် မင်းမယ်တော်

ထိုအခါ မယ်တော် မိဖုရားကြီးသည် သားတော် မင်းမြတ်၏ အသရေကို ကြည့်ရှုမည်ဟု လေသာပြူတင်းကိုဖွင့်၍ ကြည့်ရှုလတ်သော် ပုရောဟိတ်ကို မြင်လျှင် အလွန်တပ်စွန်းတိမ်းညွတ်သော စိတ်ရှိသည်ဖြစ်၍ ပုရောဟိတ်ကို မရလျှင် အသေခံတော့မည်ဟု နှလုံးသွင်းလျက် အိပ်ရာတိုက်ခန်းသို့ ဝင်ကာ အစာအာဟာရကို ဖြတ်၍ မထသော အိပ်ခြင်းဖြင့် အိပ်လေ၏။

မင်းကြီးလည်း မယ်တော်ကိုမမြင်၍မေးရာ မကျန်းမာကြောင်းလျှောက်ကြလျှင် အိပ်ခန်းသို့ ကိုယ်တော်တိုင်သွားလျက် ရှိခိုး၍မေးမြန်းလျှင် မယ်တော်သည်ရှက်၍ တစုံတရာမပြောကြားဘဲ ဆိတ်ဆိတ်သာနေသဖြင့် အိပ်ခန်းတွင်း

မှထွက်၍ မင်းနေရာ၌နေပြီးလျှင် မိဖုရားကြီးအားမေးမြန်းစေ၏။

မိခင်စိတ်သွင်
မင်းစီစဉ်

မိဖုရားကြီးလည်း မယ်တော်ထံသွား၍ ကျောကုန်းကိုဆုပ်နယ်လျက် မေးလေ၏၊ မိန်းမတို့သည် မိန်းမတို့အား လျှို့ဝှက်အပ်သောစကားကို မလျှို့ဝှက်ကြကုန်၊ ထို့ကြောင့် မယ်တော်သည် ချွေးမတော်မိဖုရားကြီးအား ဟုတ်မှန်သောအတိုင်း ပြောကြားလေ၏၊မိဖုရားလည်း အကြောင်းမှန်ကိုသိရလျှင် မင်းကြီးအား လျှောက်ထားလေ၏၊ မင်းကြီးသည် "ထိုသို့ဖြစ်စေပုရောဟိတ်ကိုမင်းမြှောက်ကာ မယ်တော်ကို မိဖုရားကြီးပြုစေမည်၊ မယ်တော်ကိုနှစ်သိမ့်စေလော"ဟု မိဖုရားကိုစေခိုင်းပြန်၏၊မိဖုရားကြီးလည်း မယ်တော်ထံ တဘန်သွားလျက် မင်းကြီးမှာလိုက်တိုင်းပြောကြား၍ နှစ်သိမ့်စေ၏။

ပုဏ္ဏားနှင့်မိခင်
မင်းမြှောက်တင်

မင်းကြီးလည်း ပုရောဟိတ်ကိုခေါ်စေ၍ အကြောင်းစုံပြောကြားပြီးလျှင်– "အဆွေ···· ငါ့အမိ အသက်ကိုကယ်ပါ၊ သင့်ကိုမင်းမြှောက်မည်၊ အမိကို မိဖုရားကြီးမြှောက်မည်၊ ငါ- အိမ်ရှေ့မင်းလုပ်မည်"ဟု ပြောဆိုလေ၏၊ ပုရောဟိတ်လည်း "အရှင်မင်းကြီး···· မလျော်ပါ၊ ဤလိုပြုလုပ်ရန်မတတ်နိုင်ပါ"ဟု ငြင်းပယ်လေ၏၊ အဘန်ဘန်တောင်းပန်၏၊ ပုရောဟိတ်လည်း အဘန်ဘန်ငြင်းပယ်၏၊ နောက်ဆုံးတွင် ပုရောဟိတ်သည် ဝန်ခံလေ၏၊ မင်းကြီးသည် ပုရောဟိတ်ကို မင်းမြှောက်လေ၏၊ မိမိမှုကား မင်းအဖြစ်ကိုစွန့်လွှတ်၍ အိမ်ရှေ့မင်းအဖြစ်ကိုယူ၏။

ပုဏ္ဏားဖြစ်မြင်တော့ထွက်ချင်

နောက်အခါ၌ ပုရောဟိတ်သည် မင်းစည်းစိမ်ကိုခံစားနေသော်လည်း နေကွမခတ်ခံအားကြီးသော ယောကျ်ားမြတ်ဖြစ်သည်အားလျော်စွာ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ မွေ့လျော်ခြင်းမရှိ ငြီးငွေ့လှသဖြင့် ရသေ့ရဟန်းပြုရန်ကိုသာ စိတ်တော်ညွတ်လျက် မိဖုရားကြီးနှင့် မမွေ့လျော်တော့ဘဲ တယောက်ထီးတည်းသာနေတော်မူ၏၊ နန်းတော်၌နေရသော်လည်း နှောင်အိမ်၌နေရသော သူကဲ့သို့ရင်း, ချိုင့်၌နေရသောကြက်ကဲ့သို့ရင်း အလွန် ကြပ်တည်းကျဉ်းမြောင်းလျက်ရှိလေ၏။

ပရိယာယ်ပြောဆိုမွေ့လျော်လို

ထိုအခါ မိဖုရားကြီးသည် "ဤမင်းကြီးကား ငါနှင့်မမွေ့လျော် တယောက်တည်းသာနေ၏၊ ဤမင်းကြီးကား အသက်အရွယ်ငယ်သေး၏၊ နုပျိုသေး၏၊ ငါကားကြီးရင့်အိုမင်းလှ၏၊ ငါ့ဦးခေါင်း၌ ဆံဖြူတို့သည်ထင်ကုန်၏၊ အကယ်၍ငါသည် မင်းကြီးဦးခေါင်း၌ဆံဖြူထင်သည်ဟုမုသားဆို၍ တခုသောဥပါယ်ကိုပြုကာ သိစေ၍ ငါနှင့်မွေ့လျော်ရစေမူကား ကောင်းလေစွ"ဟုကြံစည်၏၊တနေ့သ၌မိဖုရားကြီးသည် မင်း၏ဦးခေါင်း၌ သန်းရှာသကဲ့သို့ပြု၍ "အရှင်မင်းကြီး....အရှင်မင်းကြီးကားအိုမင်းပြီ၊ ဦးခေါင်း၌ဆံဖြူသည်ထင်လာ၏"ဟု လျှောက်၏၊ "ရှင်မ....ဆံဖြူသည်ထင်လျှင်နုတ်၍ ငါ့လက်၌ထားလော့"ဟု ဆို၏၊ ထိုအခါမိဖုရားကြီးသည် မင်း၏ဦးခေါင်းမှ ဆံပင်နက်တခုကိုနုတ်၍ စွန့်ပစ်ပြီးလျှင် မိမိဦးခေါင်းမှ ဆံပင်ဖြူကိုနုတ်၍ မင်းကြီးလက်၌ထားလေ၏။

ဆံဖြူကိုပြ သံဝေဂရ

မင်းကြီးသည် ဆံဖြူကိုမြင်လျှင် အလွန်ထိတ်လန့်တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍ ရွှေပြားနှင့်တူသော နဖူးပြင်မှ ချွေးတို့သည် တဖြိုင်ဖြိုင်ကျဆင်းကုန်လျက်–

"အို-သုသိမ···· ရှေးအခါ သင်၏ ဦးခေါင်း၌ ဆံပင်တို့သည် မည်းနက်သောအဆင်းရှိကုန်၏၊ ယခုအခါ ဖြူသောအဆင်းရှိကုန်၏၊ ထိုဆံဖြူတို့ကိုမြင်၍ ကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ကိုကျင့်လော့၊ မြတ်သောအကျင့်ကိုကျင့်သုံးရန် အချိန်တန်ပြီ"–

ဟု မိမိကိုယ်ကို တိုက်တွန်းနှိုးဆော်ကာ မြတ်သောအကျင့်ကိုကျင့်ခြင်း၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးမြွက်ဆိုလေ၏။

မိဖုရားလိမ်ဥာဏ် ချောက်တောင်းပန်

ထိုအခါမိဖုရားကြီးသည်"ငါကား မင်းကြီးကို တပ်စွန်းအောင် ပြုလုပ်မည်ဟု ကြံစည်၍ ပြုလုပ်ပါလျက် မတပ်စွန်းအောင်ပြုလုပ်ရာသို့ရောက်နေပေပြီ"ဟု ထိတ်လန့်တုန်လှုပ်လျက်–

"အရှင်မင်းကြီး···· ဤဆံဖြူကား အကျွန်ုပ်၏ ဆံဖြူဖြစ်ပါ၏၊ မင်းကြီး၏ဆံဖြူမဟုတ်ပါ၊ အကျွန်ုပ်၏ ဦးခေါင်း၌ပေါက်သော ဆံဖြူဖြစ်ပါ၏၊ အကျွန်ုပ်သည် အကျိုးကို ပြုမည်ဟု မုသားဆိုမိပါ၏၊ အပြစ်ကို သည်းခံတော်မူပါ"။

"အရှင်မင်းကြီး···· ပေါက်သစ်စ ဖြစ်သော အညှောက်သည် ရှုချင်စဖွယ်ရှိသကဲ့သို့ အရှင်မင်း

ကြီးသည်လည်း နှပျို၍ ရှချင်စဘွယ်ရှိပါ၏၊ မင်း
အဖြစ်ကိုလည်း ပြုတော်မူပါ၊ အကျွန်ုပ်ကိုလည်း
ကြည့်ရှုတော်မူပါ၊ နောင်အခါမှအကျိုးရှိသော
ရဟန်းအဖြစ်ကို မပြုပါလင့်”—

ဟု မင်းကြီးအားနှပျိုသောအကြောင်းကို ချီးကျူးကာ ရဟန်းမပြုရန် တောင်းပန်လေ၏။

တဏှာချစ်ခင်
အပြစ်မြင်

မင်းကြီးသည် မိဖုရားကြီး၏စကားကို ကြားလျှင် “ရှင်မ···· သင်ဆိုတိုင်းဖြစ်ခဲ့၏တကား၊ ငါအရွယ် အိုလာသော အခါဆံပင်တို့သည်ပိုက်ဆံလျှော်ကဲ့သို့ဖြူဖွေးသည်ဖြစ်ရာ၏၊ ရှင်မ သူငယ်တို့၏ရင်း အဆင်းအရွယ်နှင့်ပြည့်စုံသော မင်းသမီးတို့၏ရင်း အဆင်းဘောက်ပြန်ပျက်စီးခြင်းကို ငါမြင်ရ၏၊ ခန္ဓာကိုယ်သည် ပျက်စီးခြင်းအဆုံးရှိ၏”ဟု ပြောဆိုပြီးလျှင် တဘန် ဘုရား၏တင့်တယ်ခြင်းဖြင့်—

“ရှင်မ····ငါကား တကိုယ်လုံး ပြေပြစ်သော
အဆင်းရှိ၍ ကောင်းသောကိုယ်,ကောင်းသောခါးရှိ
သောသတို့သမီးကိုမြင်ရ၏၊ လေပြေလေညှင်းတိုက်
ခတ်အပ်သော် ထိုမှ၍မှ လှုပ်ရှားသောသန္တာမည်း
ကဲ့သို့ရှိသောထိုမိန်းမသည် ယောကျ်ားတို့၌ ကိလေ
သာ၏ အစွမ်းဖြင့် ဖြားယောင်းသကဲ့သို့ ဖြစ်၏၊
မွေးဘွားသည်မှ နောက်အခါ၌ အသက်ရှစ်ဆယ်
ရွယ် ကိုးဆယ်ရွယ်ရှိသော ထိုမိန်းမကို တောင်ဝှေး
လက်စွဲကာ တုန်တုန်လှုပ်လှုပ် အိမ်အခြင်ကဲ့သို့

ကုန်းကွသောကိုယ်ရှိသည်ဖြစ်၍ သွားလေသည်ကို မြင်ရ၏”—

ဟု မိဖုရားကြီးအား မိန်းမတို့၌သာယာဘွယ်ဟူသော အဿာဒ,အပြစ်ဟူသော အာဒီနဝကို ဟောကြားလေ၏။

ထီးနန်းစွန့်လျက် တောသို့ထွက် နောက်တဖန် မိမိသည် မင်းစည်းစိမ်ကိုစွန့်လွှတ်၍ နန်းတော်၌ မနေလိုသဖြင့်—

“ရှင်မ····ငါသည် ထိုမိန်းမတို့၏ အဿာဒ, အာဒီနဝတို့ကို ကြံစည်လျက် အိပ်ရာအလယ်၌ တယောက်ထည်းရှု၏၊ ငါသည်လည်း ထိုအတူ ဖြစ်ရမည်ဟု ရှုလျက် အိမ်၌မမွေ့လျော်ပေ၊ မြတ်သောအကျင့်ကို ကျင့်ရမည့်အခါ ဖြစ်၏၊ အိမ်၌ နေသောသူတို့၏ မွေ့လျော်ခြင်းကား စွဲလမ်းရာ ဖြစ်သော ကြိုးနှင့်တူ၏၊ ပညာရှိတို့ကား ထိုကာမဂုဏ်၌မွေ့လျော်ခြင်းကိုဖြတ်၍ကာမဂုဏ်ချမ်းသာကို စွန့်ပယ်ကြလျက် မငဲ့ကွက်ဘဲ သွားကြကုန်၏”။

ဟု တရားဟောကာ အဆွေပြဟ္မဒတ်မင်းကို ခေါ်၍ မင်းအဖြစ်ကိုအပ်နှင်းပြီးလျှင် ဆွေမျိုးဉာတိတို့ ငိုကြွေးစဉ်လျှင် မင်းစည်းစိမ်ချမ်းသာတို့ကို စွန့်လွှတ်ကာ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် မယုတ်လျော့သောဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ပြဟ္မာ့ပြည်သို့လားရ၏။

ဤဒေသနာတော်ကိုဆောင်ကာ သစ္စာကိုပြ၍ များစွာသော လူအပေါင်းတို့အား အမြိုက်အဖျော်ကို တိုက်ကျွေးတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မိဖုရားကြီးသည်- ယခုအခါ ရာဟုလာမယ်တော်။

※ ပြဟ္မဒတ်မင်းသည်-အာနန္ဒာ။

※ သုသိမမင်းကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကာမဂုဏ်ငြီး၊ကျွတ်လုနီး၊မင်းကြီးသုသိမ။
(၂) သက်ကြီးသောမူ၊မှတ်စေဟူ၊ဆံဖြူလိမ်၍ပြ။
(၃) ကျိုးပြုသော်ငြား၊မိဖုရား၊ကျိုးကားဘယ်မှာရ။
(၄) ဆံဖြူကိုမြင်၊သံဝေဝင်၊အလျင်တောသို့ကြွ။

သုသိမဇာတ်ပြီး၏။

၄၁၂—ကောဠသိမ္ဗလိဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

ညောင်ပင်ပမာ ကိလေသာ — နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကိလေသာနှိပ်စက်သော ရဟန်းငါးရာတို့ကို မြင်တော်မူလျှင်စည်းဝေးစေ၍ "ရဟန်းတို့···· ရှိရှာအပ်သည်နှင့် ယှဉ်သောအရာ၌ ရှိရှာအပ်၏၊ ကိလေသာတို့မည်သည် တိုးပွါးသည်ရှိသော်

ညောင်ပင်သည် အခြားသစ်ပင်တို့ကို လွှမ်းမိုးသကဲ့သို့ လွှမ်းမိုးတတ်ကုန်၏''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသဘည်း။

အတိတ်ဝတ္ထု။

နဂါးဂဠုန်သုတ် ညောင်ပင်ပြုတ်

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ကြီးစွာသော လက်ပံပင်ဝယ် ရုက္ခစိုးနတ်ဖြစ်လေ၏၊ ထိုအခါ ဂဠုန်တကောင်သည် ကိုယ်ခန္ဓာ အတ္တဘောကို ယူဇနာ တရာ့ငါးဆယ် ရှိအောင် ဘန်ဆင်း၍ သမုဒ္ဒရာရေကို နှစ်ဖြာကွဲစေပြီးလျှင် အလံတထောင် ရှည်လျားသော နဂါးမင်းတကောင်ကို အမြီးမှသုတ်ယူ၍ စားပြီးသော အစာတို့ကို အန်ထွက်စေပြီးလျှင် လက်ပံပင်ကြီးသို့ ပျံလေ၏၊ နဂါးမင်းသည် ကိုယ်ကိုတွဲလျားချ၍လိုက်ရာ ဂဠုန်မင်း လက်မှ လွတ်မြောက်ရန် လမ်း၌ရှိသော ပညောင်ပင်ကြီး ကို ကိုယ်ဖြင့်ရစ်ပတ်ကာ ဆွဲထား၏၊ ဂဠုန်မင်းသည် တအားဆွဲရာ ပညောင်ပင်နှင့်တကွ ကျွတ်၍ပါလေ၏။

ငှက်မအန္တရာယ် တုန်လှုပ်ဘွယ်

လက်ပံပင်ကြီးသို့ရောက်လျှင် နဂါးမင်း၏ဝမ်းကိုခွဲကာနဂါးဆီကိုဝအောင်စား၍ကြွင်းကျန်သောအကောင်ကိုသမုဒ္ဒရာ၌ ပစ်ချ၏၊ ပညောင်ပင်၌ပါလာသော ငှက်မတကောင် သည် ပညောင်ပင်မှ လွတ်လပ်သော် ရုက္ခစိုးနတ်နေရာ လက်ပံပင်ကြီးခွကြားတွင် နားလေ၏။

ထိုအခါ ရုက္ခစိုးနတ်သည် ငှက်မကိုမြင်လျှင် "ဤငှက်မ ငယ်ကား ငါ၏သစ်ပင်ခွကြား၌ ကျင်ကြီးစွန့်လတ့်၊ ထိုကျင် ကြီးမှ ပညောင်ပင်, သို့မဟုတ် ညောင်ကြပ်ပင်သည် မုချ ပေါက်လတ့်၊ ထိုညောင်ပင်သည် ကြီးပွါး၍အလုံးစုံလွှမ်း မိုးလတ်သော် လက်ပံပင်ကြီး ပျက်စီးလတ့်၊ ထိုအခါငါ၏ ဗိမာန် ပျက်စီးလတ့်"ဟု ကြံစည်ကာ ထိတ်လန့်သဖြင့် တုန်လှုပ်လေ၏၊ ရုက္ခစိုးနတ်တုန်လှုပ်ခြင်းကြောင့် လက်ပံ ပင်ကြီးလည်း အမြစ်ရင်းတိုင်အောင် တုန်လှုပ်လေ၏။

လက်ပံပင်လှုပ်ရေး ဂဠုန်မင်းမေး ထိုအခါဂဠုန်မင်းသည် တုန်လှုပ်သော လက်ပံပင်စောင့် ရုက္ခစိုးနတ်ကို မြင် လျှင်—

"အို-လက်ပံပင်စောင့်ရုက္ခစိုး····ငါကား အလံ တထောင်ရှည်လျားသော နဂါးကြီးကိုယူ၍လာ၏၊ ကိုယ်ကြီးလှသော နဂါးနှင့် ဆောင်ယူလာသော ငါ့ကိုမြင်၍သင်သည် မထိတ်လန့် မတုန်လှုပ်ပါဘဲ လျက် ငါဆောင်ယူခဲ့သော ပညောင်ပင်တွင်ပါ လာသော ငှက်ငယ်မကို မြင်၍ အဘယ်ကြောင့် ထိတ်လန့်တုန်လှုပ်ဘိသနည်း"—

ဟု ရုက္ခစိုး နတ်မင်းအား ဇ္ဇလြေမဆည်နိုင်အောင် တုန်လှုပ်ခြင်း၏ အကြောင်းရင်းကို မေးလေ၏။

ဖြစ်ဆဲအန္တရာယ် တားမြစ်ဘွယ် ထိုအခါ ရုက္ခစိုးနတ်မင်းသည် နောင် မိမိဖြစ်လတ့်သော အန္တရာယ်ကို တား မြစ်လို၍—

"အို-ဂဋ္ဌုန်မင်း…. သင်ကား အသားကိုစား၏၊ ဤငှက်မယ်ကား အသီးကိုစား၏၊ ဤငှက်မယ်သည် ပညောင်စေ့,ညောင်ဗုဒ္ဓဟောစေ့,ညောင်ကြပ်စေ့,ရေသဖန်းစေ့တို့ကိုစားပြီး၍ ငါ၏လက်ပံပင်ခွကြား၌ ကျင်ကြီးစွန့်လတ့ံ။

ငါ၏အနီး လေဆိတ်ရာ လက်ပံပင် ခွကြားဝယ် ထိုပညောင်ပင်, ညောင်ဗုဒ္ဓဟောပင်, ညောင်ကြပ်ပင်,ရေသဖန်းပင်တို့သည် ပေါက်ကုန်လတ့ံ၊ ထိုသစ်ပင်တို့သည် လက်ပံပင်ကြီးကို မြဲးယှက်လွှမ်းမိုး ကုန်လတ့ံ၊ ငါ့ကို သစ်ပင်မရှိအောင် ဗိမာန်မရှိအောင် ပြုကုန်လတ့ံ"။

ရောက်ဆဲဒုက္ခတားမြစ်ရ

"မျိုးစေ့ကိုဆောင်ယူခဲ့သော ဤငှက်မယ်မှ ဖြစ်သော ညောင်ပင် စသော သစ်ပင်တို့သည် လွှမ်းမိုးသတ်ဖြတ်အပ်သော မြေတောင်စသည်တို့၌ ပေါက်၍ အမြစ်ပင်စည်နှင့်ပြည့်စုံသော အခြား သစ်ပင်တို့လည်း ရှိကုန်၏။

အခွကြား၌ ပေါက်သော ပညောင်ပင်စသော သစ်ပင်တို့သည် ကြီးမားစွာသော တောစိုးပင်ကိုလည်း လွှမ်းမိုးနိုင်ကုန်၏၊ ဂဋ္ဌုန်မင်း….ငါသည် ထို လာလတ့ံသော ဘေးကို မြင်သောကြောင့် ထိတ်လန့်တုန်လှုပ်ပါ၏"—

ဟု ဂဋ္ဌုန်မင်းအား မိမိထိတ်လန့် တုပ်လှုပ်ခြင်း အကြောင်းရင်းကို ပြောကြားလေ၏၊ ထိုအခါဂဋ္ဌုန်မင်းသည်—

"အို-ရုက္ခစိုး.... ရှုံ့ရှာအပ်သည်ကို ရှုံ့ရှာ၏၊ လာလတံ့သောဘေးကိုစောင့်ရှောက်ရာ၏၊ပညာရှိသည် လာလတံ့သောဘေးအားဖြင့် ပစ္စုပ္ပန်တမလွန်လောကနှစ်ပါးကိုရှုရာ၏"—

ဟု ရုက္ခစိုးနတ်မင်းအား ပြောဆိုချီးကျူးပြီးလျှင် မိမိအာနုဘော်ဖြင့် ငှက်မငယ်ကို လက်ပံပင်မှ ပြေးစေ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဂဠုန်မင်းသည်-ယခုအခါ သာရိပုတ္တရာ။

※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) နည်းငယ်သော်ငြား၊ကိလေသာ၊ပွားလျှင်ပျက်စီးရာ။
(၂) ရှုံ့ရှာသင့်က၊ ရှုံ့ရှာရ၊ ရှေးကပညာဝါ။
(၃) နဂါးဖမ်းတက်၊ဂဠုန်ငှက်၊ကြီးလျက်မရှုံ့ရှာ။
(၄) လက်ပံခွဝယ်၊နားငှက်ငယ်၊ကြီးကျယ်ကြောက်ရှုံ့ရှာ။

ကောဋသိမ္ဗလိဇာတ်ပြီး၏။

၄၁၃—ဓူမကာရီဇာတ်

ပစ္စုပ္ပန်ဝတ္ထု

သူရဲသစ်မြှောက်စား စစ်ရှုံးခြင်း

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလ မင်းကြီးသည် အစဉ်အဆက် လာသော သူရဲဟောင်းတို့ အား ချီးမြှောက်ထောက်ပံ့ခြင်းမပြုဘဲ အသစ်ရောက်လာသော အာဂန္တုက သူရဲတို့အားသာ ချီးမြှောက်ထောက်ပံ့ခြင်းကိုပြု၏။

ထိုအခါ ပစ္စန္တရစ်ဝယ် သူခိုးတို့ ဖျက်ဆီးသည်ရှိသော် မင်းကြီးသည် စစ်သည်ဗိုလ်ပါနှင့်တကွ သွား၍ စစ်ထိုးရာ သူရဲဟောင်းတို့သည် ချီးမြှောက်ထောက်ပံ့ခြင်းကို ရသော သူရဲသစ်တို့စစ်ထိုးလိမ့်မည်၊ သူရဲသစ်တို့လည်းသူရဲဟောင်း တို့စစ်ထိုးလိမ့်မည် ဟု တဦးကိုတဦး တွက်ကပ်ကာ စစ် မထိုးဘဲနေကြကုန်၏၊ သူခိုးတို့သည် မင်းကြီးကိုအောင်မြင် ကုန်၏။

မင်းကြီးသည် ငါကား သူရဲသစ်တို့အား ချီးမြှောက် ထောက်ပံ့ခြင်းကြောင့် စစ်ရှုံးကြောင်းကိုသိလျှင် သာဝတ္ထိ ပြည်သို့ပြန်ခဲ့၍ နံနက်စာစားပြီးသော် မြတ်စွာဘုရားထံ ချဉ်းကပ်လျက် မိမိစစ်ရှုံးခဲ့ခြင်းအကြောင်းရင်းကို လျှောက် ထားလေ၏၊မြတ်စွာဘုရားသည်“မြတ်သောမင်းကြီး··ယခု အခါ သင်မင်းကြီးသာ သူရဲသစ်တို့အား ချီးမြှောက် ထောက်ပံ့ခြင်းကြောင့် စစ်ရှုံးသည် မဟုတ်၊ ရှေးအခါ မင်းတို့လည်း စစ်ရှုံးဘူးကုန်ပြီ” ဟု မိန့်တော် မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ချင်းချင်းခြင်းကြ
စစ်ရှုံးရ

လွန်လေ ပြီးသော အခါ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည်ဝယ် ယုဓိဋ္ဌိလအနွယ် ဖြစ်သော ဓနဥ္စယကောရဗျမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုရောဟိတ် အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အတတ်ပညာ သင်ကြားပြီးလျှင် အဘပုရောဟိတ် လွန်သဖြင့် ထိုဓနဥ္စယ ကောရဗျမင်း၏ အကျိုးအကြောင်းကိုပြု၍ ဆုံးမတတ်သောပုရောဟိတ်ဖြစ်လေ၏၊ ထိုပုရောဟိတ်ကို ဝိဓုရ ပညာရှိဟုအမည်မှည့်ကုန်၏။

ထိုအခါ ဓနဥ္စယမင်းသည် သူရဲဟောင်း တို့အား ချီးမြှောက် ထောက်ပံ့ခြင်းကိုမပြုဘဲ သူရဲသစ်တို့အားသာ ချီးမြှောက်ထောက်ပံ့လေ၏၊ တနေ့သ၌ ပစ္စန္တရစ်၌ သူခိုးတို့ဖျက်ဆီးလတ်သော် မင်းကြီးသည် စစ်သည် ဗိုလ်ပါနှင့်တကွသွား၍ စစ်ထိုးရာ သူရဲဟောင်းတို့သည် သူရဲသစ်တို့စစ်ထိုးလိမ့်မည်၊ သူရဲသစ်တို့လည်း သူရဲဟောင်းတို့ စစ်ထိုးလိမ့်မည် ဟု အချင်းချင်း တွက်ကပ်ကြလျက် စစ်မထိုးကြသဖြင့် မင်းကြီးသည် ရှုံးနိမ့်လေ၏။

စိုးရိမ်မှုတွေး
ပညာရှိမေး

ထိုအခါ မင်းကြီးသည် ဣန္ဒပတ္ထနဂိုရ်ပြည်သို့ပြန်၍ "ငါကား သူရဲဟောင်းတို့အား မချီးမြှောက်မထောက်ပံ့ဘဲ သူရဲသစ်တို့အားသာ ချီးမြှောက်ထောက်ပံ့သောကြောင့် စစ်ရှုံးရသည်"ဟု ကြံစည်အောက်မေ့လျက် နေ၏။

တနေ့သ၌ မင်းကြီးသည် "ငါသာလျှင် ဤသို့ပြုမိ၍ ရှုံးသလော၊ အခြားမင်းတို့လည်း ဤသို့ပြုကြ၍ ရှုံးဘူးသေးသလော"ဟု ကြံစည်ကာနေခိုက် မင်းကြီးကိုခစားရန်လာသော ဝိဓုရပညာရှိကိုမြင်လျှင်—

"အို— ပုရောဟိတ် ပုဏ္ဏား.... အဘယ်သူတယောက်သည် များစွာစိုးရိမ်သနည်း၊သင်ပုဏ္ဏားသည် သိပါ၏လော"—

ဟု ယုမိဌိလ အနွယ်၌ဖြစ်၍ သုစရိုက်တရားကို ချစ်ခင်သော ကောရဗျမင်းကြီးသည် ပုရောဟိတ်ပုဏ္ဏားကို မေးလေ၏။

ပုရောဟိတ်သည် မင်းကြီး၏ စကားကို ကြားလျှင် "မင်းကြီး.... သင်မင်းကြီးတို့ စိုးရိမ်ခြင်းသည် အဘယ်မျှလောက် စိုးရိမ်ဘိသနည်း၊ သင်ကဲ့သို့ စိုးရိမ်သူများလည်း ရှေးအခါ ရှိခဲ့ဘူးသည်"ဟုလျှောက်ထားပြီးလျှင်အောက်ပါဝတ္ထုကို ဆောင်လေ၏။

အသစ်ချီးမြှောက်
သေဘေးရောက်

ရှေးအခါ ဓူမကာရီမည်သော ဆိတ်ထိန်းပုဏ္ဏားသည် ဆိတ်များစွာ တို့ကို ယူဆောင်၍ တောအရပ်၌ ထိန်းကျောင်းလျက် လုံခြုံသောခြံကိုပြုလုပ်၍ထား၏၊ မှက် ခြင် ယင်ရဲတို့ မကိုက်အောင် မီးကိုင်း, အခိုးကိုင်း ပြုလုပ်၍ ချီးမြှောက်ထောက်ပံ့၏၊ ဆိတ်တို့မှရသော နို့ရည်ကို စားသောက်သုံးဆောင်ကာနေ၏၊ ထိုအခါ ထိုအရပ်သို့ ရွှေအဆင်းရှိသော သရဘမည်သောသားတို့သည် လာကြကုန်၏၊ ပုဏ္ဏားသည် သရဘမည်သော သားတို့ကိုမြင်လျှင်

ဆိတ်တို့အား ချီးမြှောက်ထောက်ပံ့ခြင်းကို မပြုတော့ဘဲ အသစ်ရောက်လာသောသရဘမည်သောသားတို့အားသာ ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုလေ၏။

ဆိတ်တို့လည်း ပုဏ္ဏားထံမှ ချီးမြှောက်ထောက်ပံ့ခြင်းကို မရလတ်သော် ပျက်စီးကြကုန်၏၊ သရဘမည်သော သားတို့လည်း တန်ဆောင်မုန်းလအခါ ရောက်လတ်သော် ပြေး၍ ဟိမဝန္တာသို့ ဝင်ကုန်၏၊ ဓူမကာရီ ပုဏ္ဏားသည် သရဘသားတို့ကို မမြင်ရလျှင် စိုးရိမ်ပူဆွေးကာ ဖြော့တော့သော အနာစွဲကပ်လျက် နောက်ဆုံးတွင် သေခြင်းသို့ရောက်လေ၏။

မိတ်ဟောင်းပစ်ထား ပျက်စီးငြား မြတ်သောမင်းကြီး ထိုဓူမကာရီပုဏ္ဏားသည်သင်မင်းကြီးတို့ထက် အဆပေါင်းရာထောင်မျှ စိုးရိမ်ပူဆွေးခြင်းသို့ရောက်ကာ ပျက်စီးဘူးကြောင်းကို ဥဒါန်းဆောင်၍ ပြလိုသဖြင့်—

"မြတ်သောမင်းကြီး.... ဝါသေဋ္ဌ အနွယ်ဖြစ်သော ဓူမကာရီပုဏ္ဏားသည်- ဆိတ်အပေါင်းနှင့်တကွ များစွာသော မီးစာတို့ကို ယူဆောင်လျက် တော၌နေ၍ နေ့ညဉ့်ပတ်လုံး မပျင်းမရိအခိုးကို ပြုဘိ၏"—

"ထိုဓူမကာရီ ပုဏ္ဏား၏ အခိုးနံ့ကြောင့် မှက်ခြင်ယင်ရဲတို့ နှိပ်စက်ခြင်းကို ခံရသော သရဘသားတို့သည် မိုးလပတ်လုံးနေရန် ထိုပုဏ္ဏားထံသို့လာကြကုန်၏။

ပုဏ္ဏားသည် ထိုသရဘသားတို့ကို ချစ်ခင်၍ ချီးမြှောက် ထောက်ပံ့သဖြင့် ဆိတ်တို့သွားခြင်း လာခြင်းကို မသိကုန်၊ ဆိတ်တို့သည် ပျက်စီးကြကုန်၏”။

မိတ်သစ်ရှောင်လျှင် သေပွဲဝင်

ထိုသရဘသားတို့သည် တန်ဆောင်မုန်းလအခါ တော၌ မှက်ခြင်ယင်ရဲတို့ မရှိလတ်သော် တောင်ချောက်ကြားသို့ရင်း မြစ်တို့၏ အမွန်အစသို့ရင်း ပြေးဝင်ကုန်၏။

ထိုပုဏ္ဏားသည် သွားလေသော သရဘသားတို့ကိုရင်း,ပျက်စီးလေပြီးသော ဆိတ်တို့ကိုရင်း မြင်၍ ပိန်ချုံးကာ အဆင်းမလှ ဖြော့တော့သော အနာစွဲကပ်လေ၏။

ဤသို့ အတွင်းသား လူဟောင်းတို့ကို ပြင်ပပြု၍ အပြင်ပမှလာသော လူသစ်ကို ချစ်ခင်သဖြင့် ချီးမြှောက် ထောက်ပံ့သော သူသည် ဓူမကာရီပုဏ္ဏားကဲ့သို့ တယောက်ထီးတည်း များစွာစိုးရိမ်ရ၏”—

ဟု မင်းကြီးအား ဓူမကာရီပုဏ္ဏားဝတ္ထုဖြင့် ဆုံးမကာ သတိရစေ၏။

ပညာရှိ ဆုံးမ ကြည်ညိုလှ

မင်းကြီးသည် ဝိဓုရပညာရှိအားအလွန်ကြည်ညိုသဖြင့် စည်းစိမ်ဥစ္စာ များစွာကို ပေးလေ၏၊ မင်းကြီးသည် ထိုအခါမှစ၍ အတွင်းသားဖြစ်သော သူဟောင်းတို့အား ချီးမြှောက် ထောက်ပံ့ခြင်းကို ပြု၏၊ ဒါနသီလစသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ သေလွန်သောအခါ နတ်ပြည်သို့ လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကောရဗျမင်းသည်-ယခုအခါအာနန္ဒာ။

※ ဓူမကာရီပုဏ္ဏားသည်-ကောသလမင်း။

※ ဝိဓုရပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တွင်းလူ ပြင်လူ၊ရှိပြန်မူ၊တွင်းလူချီးမြှောက်ရာ။

(၂) ပြင်လူမြှောက်ချီး၊ မူမပြီး၊ ချည်းနှီး ပျက်တတ်စွာ။

(၃) တွင်းပြင်မျှတ၊ ချီးမြှောက်က၊ ကိစ္စပြီးကြောင်းသာ။

ဓူမကာရီ ဇာတ်ပြီး၏။

၄၁၄-ဇာဂရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ကိုယ်ကျိုးပြည့်စုံ အများလုံခြုံ နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သောတာပန်သီတင်းသည် တယောက်သည် လှည်းငါးရာဖြင့် သာဝတ္ထိပြည်မှ တခုသော ကန္တာရ ခရီးသို့သွား၏၊ထိုကန္တာရဝယ် ရေချမ်းသာရာ အရပ်သို့ ရောက်လျှင် နွားတို့ကို ချွတ်၍ လှည်းစခန်းချလေ၏၊ လှည်းသမားတို့သည် ချက်ပြုတ်စား

သောက်ပြီးလျှင် မော‌ပန်းသဖြင့် အိပ်ကြကုန်၏၊ သီတင်းသည်ကား လှည်းစခန်းအနီး သစ်ပင်ရင်း၌ ညဉ့်သုံးယာမ်ပတ်လုံး ဆောက်တည်လျက် စင်္ကြံသွားကာနေ၏။

လှည်းသွားသတိပေး၊ နိုးသားပြေး

ထိုအခါ လက်နက် အပြည့်အစုံ ယူဆောင်ကာ လုယက်သတ်ဖြတ်ရန် လာကြသော သူခိုးတို့သည် စင်္ကြံသွားနေသော သီတင်းသည်ကို မြင်၍ ထိုသူအိပ်မှ လုယက် သတ်ဖြတ်ကြမည်ဟုစိုင်းရံ၍ စောင့်ကြကုန်၏၊သီတင်းသည်သည် တညဉ့်လုံး မအိပ်ပေ၊နံနက်မိုးသောက်သောအခါ သူခိုးတို့သည် လုယက်သတ်ဖြတ်ခွင့် မရသဖြင့် ယူခဲ့တိုင်းသော လက်နက်တို့ကို စွန့်ပစ်ကာ "အို-လှည်းသမားတို့....သင်တို့သည် တညဉ့်လုံး စင်္ကြံသွားနေသောယောကျ်ားကြောင့် ချမ်းသာရကြသည်၊ ထိုယောကျ်ားကို ပူဇော်ချီးမြှောက်ကြလော့" ဟု အော်ဟစ်ပြောဆိုကာ ဘဲသွားကြကုန်၏။

ကျေးဇူးကြီးလှ ကြည်ညိုကြ

လူတို့လည်း အိပ်ရာမှ နိုး၍ သူခိုးတို့ စွန့်ပစ်ခဲ့သော လက်နက်တို့ကို မြင်လျှင် အလွန် ထိတ်လန့်ကာ ငါတို့မှာ ဤသီတင်းသည်ကြောင့် အသက်စည်းစိမ်ကို ရပေသည် ဟု ကျေးဇူးတင်ကာ သီတင်းသည်အား များစွာသော ပူဇော်သက္ကာရကို ပြုကြကုန်၏၊သီတင်းသည် မိမိတို့လိုရာအရပ်သို့ သွားကာကိစ္စပြီးလျှင် သာဝတ္ထိပြည်သို့ပြန်ရောက်၍ မြတ်စွာဘုရားထံဆည်းကပ်ကာ ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို လျှောက်လေ၏၊ မြတ်စွာဘုရားလည်း "သီတင်းသည်.... သင်သည်ပင်လျှင် မအိပ်ဘဲစောင့်ရှောက်၍ ကျေးဇူးအထူး

ကိုရသည် မဟုတ်၊ ရှေးအခါပညာရှိတို့လည်း နိုးကြားသည် ဖြစ်၍ ကျေးဇူးအထူးကို ရဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

လူ့ဘောင်စွန့်ခွါ တရားရှာ

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် အိမ်ထောင်ပြုကာ နေ၏၊ နောက်အဘို့၌ တောထွက်၍ ရသေ့ရဟန်းပြုလျက် ဈာန် အဘိညာဉ်ကို ဖြစ်စေပြီးလျှင် ဟိမဝန္တာအရပ်ဝယ် ရပ် ခြင်း သွားခြင်း ဣရိယာပုထ်နှစ်ခုဖြင့်သာ အချိန်ကုန်စေ၍ ညဥ့်အခါ မအိပ်ဘဲ စင်္ကြံသွားလျက်သာနေ၏။

ပြဿနာမေးရန် နတ်တောင်းပန်

စင်္ကြံဦးရှိ သစ်ပင်၌ နေသော ရုက္ခစိုး နတ်သမီးသည် ရသေ့ကို အလွန်ကြည် ညို၍ သစ်ခွ၌နေလျက်—

"အို-ရှင်ရသေ့....ဤလောက၌ အဘယ်သူသည် နိုးသူတို့အတွင်း၌ အိပ်သူမည်သနည်း၊ အဘယ်သူ သည် အိပ်သူတို့အတွင်း၌ နိုးသူ မည်သနည်း၊ အကျွန်ုပ် မေးသော ပြဿနာကို သိပါသလား၊ အဘယ်သူ ဖြေဆိုနိုင်ပါသနည်း''—

ဟု ရသေ့အား ပြဿနာကို မေးလေ၏၊ ရသေ့လည်း ရုက္ခစိုးနတ်သမီးစကားကိုကြားလျှင်—

"အို-ရုက္ခစိုးနတ်သမီး…. ငါကား- နိုးသော ရဟန္တာတို့အတွင်း၌ အိပ်သောသူမည်၏၊ အိပ်သောပုထုဇဉ်တို့အတွင်း၌ နိုးသောသူမည်၏၊ ငါသည် သင်မေးသောပြဿနာကို သိ၏၊ငါသည်သင့်ပြဿနာကို ဖြေဆိုနိုင်၏"–

ဟု ရုက္ခစိုးနတ်သမီးအား ဖြေကြားလေ၏။

ပြဿနာမေးမြန်း ရသေ့ဖြေကြား

ထိုအခါ နတ်သမီးသည် အရှင်ရသေ့အား ပြဿနာကို ချျောက်ထား လိုသဖြင့်–

"အို- ရှင်ရသေ့…. သင်သည် နိုးသော သူတို့အတွင်း၌ အဘယ်သို့ အိပ်သောသူ မည်သနည်း၊ အိပ်သောသူတို့အတွင်း၌ အဘယ်သို့ နိုးသောသူ မည်သနည်း၊ သင်သည်အဘယ်သို့လျှင် အကျွန်ုပ် မေးသော ပြဿနာ သိသနည်း၊ အဘယ်သို့လျှင် ကျွန်ုပ်၏ပြဿနာကို ဖြေဆိုနိုင်သနည်း"–

ဟု ရသေ့အား တဘန်ခွဲခြား၍မေးပြန်၏၊ရသေ့လည်း-

"အို-နတ်သမီး…. မဂ်ဖြင့် လာသော သီလ, ဣန္ဒြိယသံဝရသီလ, လောကုတ္တရာတရားကိုးပါးကို မသိသော ပုထုဇဉ်တို့သည် အိပ်ပျော်ခြင်းဖြင့် မေ့လျော့သောသူတို့ မည်ကုန်၏၊ ထိုသူတို့ အတွင်း၌ ငါကား နိုးသောသူမည်၏။

ရာဂ,ဒေါသ,မောဟစသော ကိလေသာတို့ကင်းကုန်သော ရဟန္တာတို့သည် နိုးသော သူတို့မည်ကုန်၏၊ ထိုသူတို့အတွင်း၌ ငါကား အိပ်ပျော်သော

သူမည်၏၊ ဤသို့ နိုးသော ရဟန္တာတို့ အတွင်း၌ ငါကားအိပ်ပျော်၏၊ အိပ်ပျော်သော ပုထုဇဉ်တို့ အတွင်း၌ ငါကား နိုးကြား၏၊ ငါသည် ဤသို့ သင်၏ပြဿနာကိုသိ၏၊ငါသည် ဤသို့သင့်ပြဿနာ ကိုဖြေဆိုနိုင်၏”—

ဟု နတ်သမီးအား တဘန်ခွဲခြား၍ဖြေဆိုသည်ရှိသော်-

ပြဿနာဖြေဆို လွန်ကြည်ညို

နတ်သမီးသည် ရသေ့ ဖြေကြားသော စကားကို နာကြားရသဖြင့် အလွန်နှစ် သက်သည်ဖြစ်၍—

“အို-ရှင်ရသေ့····ကောင်းစွ၊သင်သည်နိုးသော ရဟန္တာတို့ အတွင်း၌ အိပ်ပျော်၏၊ အို-ရှင် ရသေ့····ကောင်းစွ၊ သင်သည် အိပ်ပျော်သော ပုထုဇဉ်တို့အတွင်း၌ နိုးကြား၏၊ အို-ရှင်ရသေ့···· ကောင်းစွ၊ အကျွန်ုပ်မေးသောပြဿနာကိုသိပေ၏၊ အို-ရှင်ရသေ့····ကောင်းစွ၊အကျွန်ုပ်၏ ပြဿနာကို ဖြေဆိုနိုင်ပေ၏”—

ဟု ရသေ့အား ချီးကျူး ထောမနာပြုကာ မိမိဗိမာန် တွင်းသို့ ဝင်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်- ရဟန်းတို့····

※ ထိုအခါ နတ်သမီးသည်-ယခုအခါ ဥပ္ပလဝဏ်။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပုထုဇဉ်လေ့၊ ကုသိုလ်မေ့၊ အိပ်၍နေသူမည်။
(၂) ကုသိုလ်မမေ့၊ ရိယာလေ့၊ နိုး၍နေသူမည်။
(၃) နိုးသူအထဲ၊ အိပ်သော်လဲ၊ အိပ်ထဲနိုးသူမည်။

ဇာဂရဇာတ်ပြီး၏။

၄၁၅—ကုမ္မာသပိဏ္ဍိဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

ဘုရားရှုခါနီး ဗိတ်ပြုမ်း — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလ မင်းကြီး၏ မလ္လိကာမိဖုရားကြီးကား သာဝတ္ထိ ပြည်ဝယ် ပန်းသည်ကြီး တဦး၏ သမီး ဖြစ်၏၊ ထိုသတို့သမီးကား မြတ်သောအဆင်းကိုဆောင်၏၊ အလွန်ပညာကြီး၏၊

တဆယ့်ခြောက်နှစ် အရွယ် ရှိသောအခါ တနေ့သ၌ သူငယ်မတို့နှင့်အတူ ပန်းဉယျာဉ်သို့ သွားလတ်သော် ပန်းတောင်း၌ မုယောမုံ့ သုံးဆုပ်ကို ထည့်၍ သွား၏၊ မလ္လိကာသည် မြို့တွင်းမှထွက်သောအခါ ကိုယ်ရောင်တော်ကိုလွှတ်လျက် ရဟန်းအပေါင်း ခြံရံကာ ဆွမ်းခံကြွလာသော မြတ်စွာဘုရားကိုမြင်လျှင် အလွန် ကြည်ညိုသဖြင့် ပါလာသော မုယောမုံ့ သုံးဆုပ်ကိုလှူ၏၊ မြတ်စွာဘုရားလည်း အလှူခံတော်မူ၏၊ မလ္လိကာလည်း လှူပြီးလျှင် ခြေတော်အစုံကို ရှိခိုး၍ နှစ်သက်ခြင်း ပီတိကို ဖြစ်စေလျက် ဈောက်ပတ်သောအရပ်၌ တည်နေ၏။

ဘုရားပြုံးမှု ဗျာဒိတ်ပြု

ထိုအခါ မြတ်စွာဘုရားသည် မလ္လိကာကိုကြည့်တော်မူပြီးလျှင် ပြုံးတော်မူ၏၊ ရှင်အာနန္ဒာသည် ပြုံးတော် မူခြင်းအကြောင်းကို လျှောက်ထား၏၊ မြတ်စွာ ဘုရားသည် "ချစ်သား-အာနန္ဒာ....ဤမလ္လိကာသည်မုယောမုံ့ လှူရသောကုသိုလ်ကောင်းမှုကြောင့် ယနေ့ပင်လျှင် ကောသလမင်းကြီး၏မိဖုရားကြီးဖြစ်လတံ့"ဟုဗျာဒိတ်ကြားတော်မူ၏၊ မလ္လိကာလည်း ပန်းအရံသို့ သွားလေ၏၊ မြတ်စွာဘုရားလည်း ဆွမ်းခံကြွတော်မူ၏။

မင်းကြီးမြင်ကောက် မိဖုရားမြှောက်

ထိုနေ့ ကောသလမင်းကြီးသည် အဇာတသတ်မင်းနှင့် စစ်ထိုး၍ ရှုံးသဖြင့် မြင်းစီး၍ ပြေးလေရာ ပန်းအရံအနီးသို့ ရောက်လျှင် မလ္လိကာ၏ သီချင်းသံကိုကြားရကား အလွန်တပ်စွန်းသော စိတ်ရှိသဖြင့် ပန်းအရံအတွင်းသို့ မြင်းကို မောင်းနှင်၍သွား၏၊ ဘုန်းတန်ခိုး ကြီးမားသော မလ္လိကာသတို့သမီးကား မင်းကြီးကို မြင်သော်လည်း မပြေးဘဲ မြင်း၏နှာခေါင်းကို ဆီးကြို၍ကိုင်၏။

မင်းကြီးလည်း အရှင်ရှိသလော ဟုမေးရာ မရှိကြောင်းကိုလျှောက်ထားလျှင် မြင်းပေါ်မှဆင်းသက်၍ မလ္လိကာ၏ ရင်ခွင်ဝယ်အိပ်လျက် တခဏမျှအပန်းဖြေ၏၊ အပန်းပြေလျှင် မလ္လိကာကို မြင်းပေါ်၌ တင်ဆောင်လျက် မြို့တွင်းသို့ ဝင်ပြီးလျှင် မိဘအိမ်သို့ပို့၏၊ ညအခါ ယာဉ်ဖြင့် နန်းတော်သို့ယူစေပြီးလျှင် ရတနာအစု၌ထား၍ မိဖုရားကြီးမြှောက်လေ၏၊မလ္လိကာ ကား မိဖုရားကြီး ဖြစ်ပြီးလျှင် လင်ကို

နတ်ကဲ့သို့ရှိသေ၏၊ စကြာမင်း မိဖုရားကဲ့သို့ ခစားလုပ်ကျွေး၏၊ မင်းကြီးလည်း အလွန်ချစ်မြတ်နိုးတော်မူ၏။

တနေ့သ၌ရဟန်းတို့သည် တရားသဘင်ဝယ် မလ္လိကာသည် မုယောမှုံ့သုံးဆုပ်ကိုလှူခြင်းကြောင့် မိဖုရားကြီးဖြစ်ရကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင်"ရဟန်းတို့....မလ္လိကာမှာ သဗ္ဗညုဘုရားအားလှူဒါန်းရခြင်းကြောင့် မိဖုရားကြီးဖြစ်သည်မှာ မအံ့ဩလောက်သေး၊ ရှေးအခါ ပစ္စေကဗုဒ္ဓါအား လှူရခြင်းကြောင့် ယူဇနာသုံးရာရှိသော ကာသိတိုင်း၌မင်းစည်းစိမ်ကိုရဘူးပြီ"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

မုံ့ဆွမ်းလှူလောင်း ဆုမွန်တောင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သူဆင်းရဲမျိုး၌ဖြစ်၍ အရှယ်သို့ရောက်လတ်သော် သူဌေးတဦးကိုအမှီပြုကာ အခစားလုပ်၍ အသက်မွေးရ၏။

တနေ့သ၌ သူဆင်းရဲသည် ငါ့မှာနံနက်စာတို့ ဖြစ်လိမ့်မည်ဟု ဈေးမှ မုယောမှုံ့လေးခုတို့ကိုယူ၍ အမှုလုပ်ရာသို့သွားသည်ရှိသော် ဗာရာဏသီပြည်သို့ ဆွမ်းခံသွားသော ပစ္စေကဗုဒ္ဓါ လေးဆူတို့ကိုမြင်လျှင် သဲတို့ကိုလေးပုံပုံ၍ အထက်၌ သစ်ခက်တို့ကိုခင်းပြီးလျှင် ပစ္စေကဗုဒ္ဓါတို့ကိုပင့်၍ အစဉ်အတိုင်းသီတင်းသုံးစေပြီးလျှင် သစ်ရွက်တို့ဖြင့် ရေကိုဆောင်ယူကာရေစက်ချ၍ ပစ္စေကဗုဒ္ဓါတဆူအား မုယော

မုံ့ဆုပ် တဆုပ်စီလှူပြီးလျှင် ရှိခိုး၍ "အရှင်ဘုရားတို့.... အကျွန်ုပ်သည် ဤမုယောမုံ့ဆုပ်တို့ကိုလှူရသောကောင်းမှုကြောင့် ဘဝဆက်တိုင်း သူဆင်းရဲတို့အမျိုး၌ မဖြစ်ရပါစေ၊ သဗ္ဗညုတဉာဏ်ကို သိခြင်း၏အကြောင်းဖြစ်ပါစေ"ဟု ဆုတောင်းလေ၏။

ဆုတောင်းပြည့်လှ အတိတ်ဥာဏ်ရ

ပစ္စေကဗုဒ္ဓါလေးဆူတို့လည်း မုယောမုံ့တို့ကို သူဆင်းရဲရှေ့မှာပင် ဘဉ်းပေးပြီးလျှင် အနုမောဒနာပြု၍ နန္ဒမူလိဏ်သို့ ကြွကုန်၏၊ သူဆင်းရဲလည်း ပစ္စေကဗုဒ္ဓါတို့ကို မျက်စိတဆုံးဖူးမျှော်ပြီးလျှင် မိမိအလှူကိုအောက်မေ့၍ ပီတိဖြစ်ကာ အမှုလုပ်ရာသို့သွားလေ၏၊ ထိုနေ့မှစ၍ ထိုကောင်းမှုကို အသက်ထက်ဆုံးအောက်မေ့၍သေလွန်သောအခါမုယောမုံ့လှူသောကောင်းမှုကြောင့် ဗြဟ္မဒတ်မင်းကြီး၏မိဖုရားကြီးဝမ်း၌ဖြစ်၍ ဗြဟ္မဒတ္တသတို့သားဟု အမည်မှည့်ကုန်၏၊ ထိုဗြဟ္မဒတ္တမင်းသားသည် ခြေဖြင့်သွားနိုင်သောအခါမှစ၍ "ငါကား.... ဤဗာရာဏသီပြည်မှာပင် သူရင်းငှါးဖြစ်၍ အမှုလုပ်သွားရာ ပစ္စေကဗုဒ္ဓါလေးဆူတို့ကိုမြင်၍ မုယောမုံ့လေးဆုပ်တို့ကို လှူသောကောင်းမှုကြောင့် မင်းမျိုး၌ဖြစ်ရ၏"ဟု ကြည်လင်သောကြေးမုံပြင်ဝယ် မျက်နှာရိပ်ထင်သကဲ့သို့ ရှေးဘဝတွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာအလုံးစုံကို ဇာတိဿရဉာဏ်ဖြင့် သိမြင်လေ၏။

အတိတ်ကံကြောင်းပြ ဝမ်းမြောက်မှု

ထိုမင်းသားသည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကိုသင်ကြားပြီးလျှင် အိမ်ရှေ့မင်းအဖြစ်ကိုရ၍ နောက်အခါ အဘမင်းကြီးသေလွန်လျှင် မင်း

အဖြစ်ကိုရလေ၏၊ ကောသလမင်း၏သမီးတော်ကို ဆောင်ယူကာ မိဖုရားကြီးပြုလေ၏၊ နန်းတက်မင်္ဂလာပြုသောနေ့၌ မြို့အလုံးကို နတ်မြို့ကဲ့သို့တန်ဆာဆင်၍ ထီးဖြူဆောင်းမိုး အပ်သော ရာဇပလ္လင်ပေါ်တွင်နေလျက် ငါ့မှာ ထီးနန်းစည်းစိမ် ဂုဏ်သိမ်ကြက်သရေ အခြွေအရံတို့ကို ရခြင်းကား အခြားအကြောင်းကြောင့်မဟုတ် ရှင်ပစ္စေကဗုဒ္ဓါလေးဆူ တို့အား မုယောမုံ့ဆုပ်လေးဆုပ်ကို လှူခဲ့ဘူးသောကောင်းမှုကုသိုလ်ကြောင့် ရပေသည်ဟု ဝမ်းမြောက်ဝမ်းသာ ဖရဏာပီတိ ဥမ်းဆီထိသကဲ့သို့ တကိုယ်လုံးပျောင်းအိလျက် လူအပေါင်းတို့အလယ်၌—

"အချင်းတို့····မြတ်သောပစ္စေကဗောဓိဉာဏ် အမြင်ရှိသော ပစ္စေကဗုဒ္ဓါတို့၌ လက်အုပ်ချီခြင်း, ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, အရိုအသေပြုခြင်း, လှူဒါန်းခြင်းစသည်တို့ကား နည်းသောအကျိုးရှိသည် မဟုတ်၊ အစေးမရှိ တင်လဲမထည့်ဘဲ လုပ်သော မုယောမုံ့၏အကျိုးကို ကြည့်ရှုပါလော။

များစွာသော ဆင်,နွား,မြင်း,ပတ္တမြားစသော ဥစ္စာ ခုနစ်ပါးသောစပါးမျိုး အလုံးစုံသောမြေအပြင် နတ်သမီးနှင့်တူသောမိန်းမများ ဤဆိုအပ်ပြီး သောအကျိုးတို့ကို ကြည့်ရှုပါလော၊ ဤအကျိုးတို့ ကား မုယောမုံ့ကို လှူဒါန်းခြင်းကြောင့် ရသော အကျိုးတို့တည်း"—

ဟု ပြောဆိုကာ ဥဒါန်းကျူးလေ၏၊ ထိုနေ့မှစ၍ မင်းကြီးသီဆိုသော ဥဒါန်းသီချင်းကိုသာလျှင် ဤသီချင်းကား

ငါတို့မင်းကြီး နှစ်သက်မြတ်နိုးသော သီချင်းဖြစ်သည်ဟု စွဲ လမ်းကာ တိုင်းသူပြည်သားတို့လည်း ထိုထိုအရပ် ဇာတ်ပွဲသဘင်တို့၌ သီဆိုကြကုန်၏၊ ဤသို့ကာလရှည်လျားလတ်သော် မိဖုရားကြီးသည်ထိုသီချင်းဂါထာ၏အနက်အဓိပ္ပါယ်ကိုသိလိုသော်လည်း မင်းကြီးကိုမမေးဝံ့ ဆိတ်ဆိတ်သာနေရ၏။

မင်းကြီးဂါထာကို ဆုယူလို

တနေ့သ၌ မင်းကြီးသည် မိဖုရားကြီးအား ဂုဏ်ကျေးဇူးတစုံတခု၌ ကြည်ညိုနှစ်သက်သဖြင့် "ရှင်မ···· သင့်အားငါဆုပေးမည်၊ လိုရာဆုကိုယူလော"ဟု ပြော၏၊ "အရှင်မင်းကြီး····ကောင်းပြီ ယူမည်"ဟုပြော၏၊ "သင့်အားဆင်မြင်းစသည်တို့တွင် အဘယ်ကိုပေးရမည်နည်း"ဟုမေး၏၊ "အရှင်မင်းကြီး···· အကျွန်ုပ်အား မပြည့်စုံခြင်းမည်သည်မရှိပါ၊ ဆင်မြင်းစသည်တို့ကို အလိုမရှိပါ၊ အကယ်၍ပေးလိုပါမူ သင်မင်းကြီးတို့သီဆိုအပ်သော သီချင်းဂါထာ၏အနက်အဓိပ္ပါယ်ကိုသာ ပြောကြားပါ"ဟု လျှောက်၏၊ "ရှင်မ····ဤဆုဖြင့် ဘယ်အကျိုးရှိမည်နည်း၊ တပါးသောဆုကိုယူပါ"ဟုပြော၏၊ "အရှင်မင်းကြီး···· တပါးသောဆုကိုအလိုမရှိပါ၊ ဤဆုကိုသာအလိုရှိပါ၏"ဟု လျှောက်၏၊ "ရှင်မ···· ကောင်းပြီ ပြောဆိုမည်၊ သို့သော်လည်း သင်တယောက်ထီးအား ဆိတ်ကွယ်ရာ၌မပြောဆိုလို၊ မြို့အလုံး၌ စည်လည်စေ၍ မင်းအိမ်တံခါး၌ ရတနာ မဏ္ဍပ်ဆောက်လုပ်ပြီးလျှင် ရတနာပလ္လင်ကိုခင်းစေ၍ ပလ္လင်ထက်၌နေလျက် အလုံးစုံသောသူတို့အား ပြောဆိုဟောကြားမည်"ဟု ဝန်ခံလေ၏။

မိဖုရားလျှောက်ထား မင်းဟောကြား

မိဖုရားကြီးလည်း မင်းကြီးပြောဆိုသည့်အတိုင်း ပြုလုပ်စေပြီးလျှင် "အရှင်မင်းကြီး.... စီမံ၍ပြီးပါပြီ၊ ကြွတော်မူပါ" ဟု ပင့်ဘိတ်၍ ပလ္လင်၌နေစေပြီးလျှင်—

"ကုသိုလ်ကိုအလိုရှိ၍ တိုင်းနိုင်ငံကိုကြီးပွါးစေတတ်သော အရှင်မင်းကြီး.... အရှင်မင်းကြီးသည် သီချင်းဂါထာကို အလွန်နှစ်သက်ဝမ်းမြောက်စွာ အမြဲမပြတ်ဆိုဘိ၏၊ ထိုသီချင်းဂါထာ၏ အနက်ကို မေးမြန်းပါ၏၊ ဖြေကြားတော်မူပါ"—

ဟု မင်းကြီးအား ပရိသတ်ဗိုလ်ထု၏ အလယ်တွင် လျှောက်ထားလေ၏၊ ထိုအခါ မင်းကြီးသည်—

"ရှင်မ.... ငါသည် ရှေးအခါ ဤဗာရာဏသီပြည်၌ပင်လျှင် မထင်ရှားသော သူဆင်းရဲမျိုး၌ဖြစ်၍ သူတပါးအမှုကိစ္စ၌ အခစားပြုလုပ်ကာအသက်မွေးလျက် သီလကိုစောင့်သုံးခဲ့ဘူးပြီ"၊

"ရှင်မ....ငါသည် အမှုလုပ်ရာသို့ သွားသည်ရှိသော် မဂ်ဖိုလ်မှလာသော အကျင့်သီလနှင့်ပြည့်စုံလျက် အာသဝေါတရားလေးပါးမရှိငြိမ်းချမ်းသော အရှင်ပစ္စေကဗုဒ္ဓါလေးဆူတို့ကို ဖူးမြင်ရပြီ"။

"ရှင်မ....ငါသည် ထိုပစ္စေကဗုဒ္ဓါ လေးဆူတို့၌ စိတ်ကိုကြည်ညိုစေ၍ သစ်ရွက် အခင်း၌ သိတင်း သုံးစေပြီးလျှင် မိမိလက်တို့ဖြင့် မုယောမုံ့လေးဆုပ်တို့ကို လှူဒါန်းခဲ့ဘူးပြီ"။

"ရှင်မ.... ငါ၏ဤသို့သဘောရှိသော အကျိုးသည် မုယောမုံ့လေးဆုပ်ကိုလှူဒါန်းရသောကုသိုလ်၏အကျိုးဖြစ်သည်၊ မြေအပြင်ကိုအစိုးရ၍ ပြည့်စုံမွန်မြတ်သော ဤမင်းစည်းစိမ်ကို ခံစားရပြီ"–

ဟုမိဖုရားကြီးအမှူးရှိသော ပရိသတ်တို့အား ကောင်းကင်အလယ်တွင် လပြည့်ဝန်းကို ထင်စေဘိသကဲ့သို့ ထင်ရှားစွာ သီချင်းဂါထာ၏ အနက် အဓိပ္ပါယ်ကို ဟောကြားလေ၏။

မင်းကြီးစေတနာ ချီးကျူးကာ

ထိုအခါ မိဖုရားကြီးသည် မင်းကြီး၏ တရားစကားကို ကြားနာရလျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍–

"ကုသိုလ်ကို အလိုရှိသော အရှင်မင်းကြီး.... လှူဒါန်း၍သာ စားတော်မူပါ၊ ဒါနစသောကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ပါလင့်၊ ပဋိရူပဒေသဝါသစသော စက်လေးပါးကိုလည်ပါစေလော့၊ တရားကိုစောင့်ပါလော့"–

ဟုမင်းကြီးအား ချီးကျူးကာ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ရန် တိုက်တွန်းလေ၏။

"အို-တင့်တယ်လှပသောကောသလမင်းကြီး၏ သမီးတော်....ငါသည် အရိယာတို့ သွားလာလေ့ကျက်အပ်သော ဒါနဟူသော လမ်းခရီးကိုအဘန်တလဲလဲသွားပါအံ့၊ ငါသည်ရဟန္တာတို့ကို ဖူးမြင်ခြင်းငှါ နှစ်သက်မြတ်နိုးလှပါ၏"–

ဟုမိဖုရားကြီးအား ပြောဆိုဝန်ခံလေ၏။

မိဖုရားအတိတ်ကံ စစ်မေးပြန်

ထိုအခါ မင်းကြီးသည် မိဖုရားကြီး၏ လှပ တင့်တယ်ခြင်း စည်းစိမ် အခြံအရံ ပေါများခြင်းကို ကြည့်ရှုပြီးလျှင် "ရှင်မ····ငါ၏ရှေးကပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှုကို ပြောကြားအပ်ပြီ—

"အို-လှပတင့်တယ်သော ကောသလမင်းကြီး၏သမီးတော်···· သင်သည် နတ်သမီးနှင့် တူ၏၊ မောင်းမတို့အလယ်၌သိကြားမင်း၏ မိဖုရားကဲ့သို့ တင့်တယ်လှ၏၊ရှေးအခါ အဘယ်ကောင်းမှုကိုပြုခဲ့ဘူးသနည်း၊အဘယ်ကြောင့်အဆင်းလှသနည်း"—ဟုမိဖုရားကြီးကို တဘန်မေးမြန်းပြန်၏။

ရှေးအတိတ်ကံများ အကျိုးခံစား

မိဖုရားကြီးလည်း မင်းကြီး ကဲ့သို့ပင် ရှေးဘဝက အဖြစ်အပျက်ကို သိနိုင်သော ဇာတိဿရဉာဏ်ကို ရရှိပေ၏၊ ထိုကြောင့် မင်းကြီးမေးသောစကားကို ကြားလျှင်—

"အရှင်မင်းမြတ်····အကျွန်ုပ်လည်း ရှေးအခါ သူကြွယ်မျိုး၏ အစေအပါးကျွန်မဖြစ်၍ ကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်ရှောက်ခဲ့ပြီ၊ သီလနှင့်ပြည့်စုံခဲ့ပြီ၊ တရားသဖြင့်အသက်မွေးခဲ့ပြီ၊ ထိုကြောင့်လှပတင့်တယ်ရှုချင်စဖွယ်အဆင်းရှိပါ၏"။

"အရှင်မင်းမြတ်···· ထိုအခါ အကျွန်ုပ်သည် ကိလေသာကိုဖျက်ဆီးပြီးသော အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းခံကြွလာစဉ် ဝေစုရသော ထမင်းကို ကိုယ်တိုင် နှစ်သက်ဝမ်းမြောက်စွာ လှူဒါန်းခဲ့ဘူးပြီ၊

အကျွန်ုပ်၏ ဤသို့ သဘောရှိသော အကျိုးသည် ဝေစုရသောထမင်းကို လှူဒါန်းရသော ကုသိုလ် ကောင်းမှု၏ အကျိုးဖြစ်ပါ၏”–

ဟုမင်းကြီးအား မိမိရှေးဘဝကပြုခဲ့ဘူးသော ကောင်း မှုကံကို ထင်ရှားစွာ ဖြေဆိုလေ၏။

နှစ်ဦးသဗ္ဗါ လွန်ကဲစွာ

ဤသို့လျှင်မင်းကြီးနှင့်မိဖုရားကြီးတို့သည် မိမိ မိမိတို့၏ ကောင်းမှုကံကို အကျယ် အားဖြင့်ပြောဆိုပြီးလျှင် မြို့တံခါးလေး မျက်နှာ မြို့လယ် နန်းတော်တံခါး ဤခြောက်ဌာနတို့၌အလှူ တင်းကုပ် ခြောက်ဆောင်တို့ကို ဆောက်လုပ်နေစဉ် ဇမ္ဗူ ဒိပ်တကျွန်းလုံး ကျော်ကြားစေလျက် အလှူကြီးကိုပေးလှူ ကုန်၏၊ သီလကိုဆောက်တည်ကုန်၏၊ ဥပုသ်ကိုစောင့်သုံး ကုန်၏၊အသက်၏အဆုံး၌ နတ်ပြည်သို့ လားကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ မိဖုရားကြီးသည်- ယခုအခါ ရာဟုလာ မယ်တော်။

※ မင်းကြီးသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အလှူပေးကြဲ၊ စောင့်သီလ၊ သုံးကြဉ်ပုဒ်ကို။
(၂) သူတော်အများ၊ နိဗ္ဗာန်သွား၊ မမှားလမ်းရိုးကို။
(၃) ဘဝသံသရာ၊ ကျင်လည်ကာ၊ လိုရာပြည့်သကို။

ကုမ္မာသပိဏ္ဍိဇာတ်ပြီး၏။

၄၁၆-ပရန္တပဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်ကြံမှု
သတ်ရန်ပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ရန် ကြံစည်အားထုတ်ခြင်းကို အကြောင်းပြု၍အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

သားကိုပြစ်ရှာ
သတ်ဘိုရာ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရား အလောင်း သည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခ ဆရာကြီးထံ၌ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြား၏၊ အထူးအားဖြင့် *သဗ္ဗရုတဇာနနမန္တရားကိုလည်း

---

* သဗ္ဗရုတဇာနနမန္တရား… အလုံးစုံသော လူ တိရစ္ဆာန် သတ္တဝါတို့မြည်တွန်ပြောဆိုသော ဘာသာစကားကို သိနားလည်သောမန္တရား—ဂါထာ။

သင်ကြား၏၊တတ်မြောက်သောအခါ ဆရာအဘိုဖြစ်သော အသပြာတို့နှင့် ပူဇော်ကန်တော့ပြီးလျှင် ဗာရာဏသီပြည်သို့ပြန်၏၊ အဘမင်းကြီးသည် သားတော် ပြန်ရောက်လာလျှင် အိမ်ရှေမင်းအရာ၌ထား၏၊ သို့သော်လည်းမင်းသားကိုသတ်ရန်ကြံစည်လျက်သာနေ၏၊အနည်းငယ်မျှမမြင်လို။

မြေခွေးမစကား မင်းသားကြား

ထိုအခါ မြေခွေးမ တကောင်သည် ညအခါ လူတို့အိပ်ကုန်စဉ် သားငယ်နှစ်ကောင်တို့ကို ခေါ်ယူလျက် ရေပြွန်ပေါက်ဖြင့် မြို့တွင်းသို့ဝင်၍ ကျက်စားလေ၏၊ အိမ်ရှေမင်း၏ နန်းပြာသာဒ် အိပ်ရာတိုက်ခန်းအနီး၌ စရပ်တဆောင်ရှိ၏၊ ထိုစရပ်၌ ခရီးသွား ညှော်သည် ယောကျ်ားသည် သားရေဘိနပ်ကိုချွတ်၍ အင်းပျဉ်တွင်အိပ်၏၊ မြေခွေးငယ်တို့သည် ဆာလောင်သဖြင့် မြည်ကုန်၏၊ မြေခွေးမသည် "ချစ်သားတို့.... အသံမပြုကြလင့်၊ ခရီးသွား ယောကျ်ားအိပ်ပျော်သောအခါ ဘိနပ်ကိုစားရလိမ့်မည်"ဟု မိမိဘာသာဖြင့် ပြောလေ၏။

မင်းသားမြစ်လတ် မြေခွေးငတ်

အိမ်ရှေမင်းသည်မန္တရား၏အာနုဘော်ဖြင့် မြေခွေးမပြောသော စကားကိုသိနားလည်၍ လေသာပြူတင်းကိုဖွင့်၍ "စရပ်၌လူရှိသလော"ဟုမေးရာ ရှိကြောင်းလျှောက်ထားလျှင်"သင်၏ဘိနပ်ကို မြေ၌ချွတ်ထားလျှင် ယူ၍အပေါ်မှာဆွဲထားပါလေ" ဟု အမိန့်ပေးသဖြင့် ခရီးသွားယောကျ်ားလည်း ဘိနပ်ကိုယူ၍ ဆွဲထားလိုက်၏၊မြေခွေးမလည်း အိမ်ရှေမင်းအား အမျက်ထွက်လေ၏။

သားငယ်ငြိမ်လို ခွေးမဆို

တနေ့သ၌ မြေခွေးမသည် ရှေးနည်းအတူ မြို့သို့ဝင်၍ ကျက်စား ပြန်၏၊ ထိုအခိုက် သူရာယစ်သောသူတယောက်သည် ရေသောက်မည်ဟု ရေကန်သို့ ဆင်းသက်ရာ ရေနစ်၍သေဆုံးလေ၏၊ ထိုယောကျ်ား၌ ဝတ်ထားသော ပုဆိုးနှစ်ထည်, အသပြာတထောင်၊ လက်စွပ်တကွင်းရှိ၏၊ ထိုအခါ မြေခွေးမသည် ဝတ်မွတ်၍ မြည်နေသော သားငယ်တို့ကို "ချစ်သားတို့....အသံမပြုကြလင့်၊ ရေကန်တွင်း၌ လူတယောက်သေဆုံး၏၊ ၎င်း၌ပုဆိုးနှစ်ထည် အသပြာတထောင် လက်စွပ်တကွင်းရှိ၏၊ ထိုလူသေ အသားကို စားရလိမ့်မည်" ဟု ပြောလေ၏။

သူသေဆယ်ငြား မြှုပ်နှံထား

အိမ်ရှေ့မင်းလည်း ရှေးနည်းအတူ မြေခွေးမပြောသော စကားကိုသိ၍ ပြူတင်းပေါက်ကို ဖွင့်ပြီးလျှင်"စရပ်တွင် လူရှိသလော"မေး၍ရှိကြောင်းကိုလျှောက်ထားရာ"အမောင်... ရေကန်တွင်း၌ လူတယောက်သေဆုံး၍နေသည်၊ ၎င်း၌ပါသော ပုဆိုးနှစ်ထည် အသပြာတထောင် လက်စွပ်တကွင်းကိုယူ၍ အလောင်းကောင်ကိုလည်း မပေါ်နိုင်အောင် ရေတွင်မြှုပ်လော့" ဟု ပြောလေ၏၊ ခရီးသွားယောကျ်ားလည်း ထ၍ ရေကန်တွင်းသို့ ဆင်းပြီးလျှင် ပုဆိုးနှစ်ထည် အသပြာတထောင် လက်စွပ်တကွင်းကိုယူ၍ လူသေကောင်ကို ရေတွင် မပေါ်နိုင်အောင် မြှုပ်၍ထားခဲ့၏။

ရန်ငြိုးဖွဲ့လောက် ခွေးမြိန်းချောက်

ထိုအခါ မြေခွေးမသည် အိမ်ရှေ့မင်းအား သင့်အတွက်ကြောင့် ယခင်နေ့၌လည်း သားငယ်တို့သည် သားရေဘိနပ်

ကို မစားရကုန်၊ ယနေ့လည်း သူသေကောင်ကို မစားရကုန်၊ သုံးရက်မြောက်နေ့၌ သင်တို့ တိုင်းပြည်ကို စစ်ထိုးရန် ပြည်နီးချင်း မင်းလာ၍ဝိုင်းလိမ့်မည်၊ အဘမင်းကြီးက သင့်ကို စစ်ထိုးခိုင်းလိမ့်မည်၊ စစ်ထိုးရာ၌ သင့်ဦးခေါင်း ပြတ်လိမ့်မည်၊ ထိုအခါ ငါသင့်လယ်ချောင်း သွေးကို သောက်၍ ရန်တုံ့ကိုဖြေမည်ဟု ပြောဆိုကာ ပြင်းစွာ အမျက်ထွက်လျက် ရန်ငြိုးဖွဲ့၍ အိမ်ရှေ့မင်းကို ခြိမ်းချောက်ပြီးလျှင် သွားလေ၏။

မင်းသားရှောင်လျက် မြို့ပြင်ထွက်

နောက်သုံးရက်မြောက်နေ့၌ မြေခွေးမ ပြောသောအတိုင်း ပြည်နီးချင်းမင်းသည် စစ်သည် ဗိုလ်ပါနှင့်တကွ လာ၍ စစ်ထိုးရန်မြို့ကို ဝိုင်း၏၊ထိုအခါအဘမင်းကြီးသည် အိမ်ရှေ့မင်းအား“အမောင်··စစ်ထိုးသွားချေ”ဟု ပြော၍ “ခမည်းတော်···အကျွန်ုပ်သည် မကောင်းသော နိမိတ်တခုကို မြင်ရ၏၊ မသွားဝံ့ပါ၊ အသက်ဘေးကို ကြောက်ရသည်”ဟု လျှောက်၏၊ “အမောင်····သေသော်ရှင်း,မသေသော်ရှင်း ငါ့အားကိစ္စမရှိ၊ သွားသာသွားလော့”ဟု အတင်းအဓမ္မ စေခိုင်းလေ၏။

အိမ်ရှေ့မင်းသည် ဗိုလ်ပါပရိသတ်ကို ယူ၍ ရန်သူမင်းရှိရာ တံခါးဖြင့် မထွက်ဘဲ အခြားတံခါးဖြင့် ထွက်လေ၏၊ တမြို့လုံး အိမ်ရှေ့မင်းနောက်သို့ လိုက်၍ ထွက်ကြသဖြင့် တိတ်ဆိတ်လျက် အချည်းနှီးဖြစ်လေ၏။

တိုင်းပြည်ဆုံးရှုံး မင်းကြီးပုန်း

အိမ်ရှေ့မင်းလည်း သင့်တင့်ရာအရပ်၌ သစ်တပ်တည်၍နေ၏၊ မင်းကြီးလည်း အိမ်ရှေ့မင်း ထွက်၍ အချည်းနှီး ဖြစ်

သောမြို့ကိုမြင်လျှင် ကြီးရာမရသဖြင့် ငါ့အသက်ကို ငါစောင့်ရှောက်တော့မည်ဟု မိဖုရားကြီး, ပုရောဟိတ်, ခြေရင်းအလုပ်အကျွေး ပရန္တပကျွန်တို့ကိုခေါ်၍ ညတွင်းချင်းပင် မထင်ရှားသော အသွင်ဖြင့် မြို့မှထွက်၍ တောသို့ဝင်လျက် ပုန်းလျှိုး၍နေလေ၏၊အိမ်ရှေ့မင်းလည်း အဘမင်းကြီးထွက်ပြေးသည်ကိုသိလျှင်မြို့သို့ဝင်၍စစ်ထိုးကာ ရန်သူမင်းကိုပြေးစေပြီးလျှင် တိုင်းပြည်အလုံးကို သိမ်းယူကာ မင်းပြုလေ၏။

မိဖုရားဖေါက်ပြန် မင်းသတ်ရန်

အဘမင်းကြီးလည်း တောသို့ ရောက်လျှင် မြစ်ကမ်းနားဝယ် သစ်ရွက်မိုး စရပ်ဆောက်လုပ်၍ သစ်သီးကြီးငယ်ဖြင့် မျှတကာနေ၏၊ နေ့စဉ် ပုရောဟိတ်နှင့် မင်းကြီးသည် သစ်သီးရှာသွားရ၏၊ ပရန္တပကျွန်နှင့် မိဖုရားကြီးသည် စရပ်တွင်နေရစ်ရ၏၊မင်းကြီးကိုစွဲ၍ မိဖုရားကြီး၌ ကိုယ်ဝန်တည်လေ၏၊မိဖုရားကြီးသည် ပရန္တပကျွန်နှင့် မပြတ်ပေါင်းဘော်ရခြင်းကြောင့် အလွန်အကျွမ်းဝင်လေ၏၊ တနေ့သ၌ မိဖုရားကြီးသည် ပရန္တပကျွန်အား မင်းကြီးသိလတ်သော် သင်နှင့်ငါ မုချသေရလတံ့၊ သို့အတွက် မင်းကြီးကိုသတ်ရမည်၊"အရှင်မိဖုရား…အဘယ်သို့သတ်မည်နည်း" ဟု မေး၏၊ "အမောင်….မင်းကြီးသည် သန်လျက်နှင့် ရေလဲကို ယူစေ၍ သင့်ကိုရေချိုးခေါ်သွားသောအခါ သင်သည်မင်းကြီးမေ့လျော့စဉ် သန်လျက်ဖြင့် ခုတ်၍သတ်ပြီးလျှင် မြေ၌ မြှုတ်၍လာခဲ့လော့" ဟု အကြံဉာဏ်ပေးလေ၏။

မင်းကြီးသတ်ကာ ကျွန်ပြန်လာ

တနေ့သ၌ ပုရောဟိတ်သည် သစ်သီးရှာသွားလတ်သော် မင်းကြီးရေချိုးနေကျဆိပ်အနီးရှိ သစ်ပင်တပင်သို့ တက်၍

သစ်သီးကို ဆွတ်ခူးလျက် နေ၏၊ ထိုအခိုက် မင်းကြီးသည် ပရန္တပကျွန်ကို သန်လျက်ရေလဲကို ယူခဲ့စေ၍ ရေချိုးရန် မြစ်ဆိပ်သို့သွားလေ၏၊ မင်းကြီးရေချိုး၍ မေ့လျော့နေစဉ် မင်းကြီးကိုသတ်ရန်လည်ပင်းကို မြစွာကိုင်၍ သန်လျက်ကို မိုး၏၊ မင်းကြီးလည်းသေဘေးမှ ကြောက်သဖြင့် ဟစ်အော်၏၊ ပုရောဟိတ်ကြား၍ ကြည့်လတ်သော် မင်းကြီးကိုသတ် နေသော ပရန္တပကို မြင်လျှင် ထိတ်လန့်သဖြင့် ကိုင်ထားသော သစ်ခက်ကိုလွှတ်ကာ အောက်သို့ဆင်း၍ ခြုံတခုတွင် ပုန်းအောင်း၍ နေ၏၊ ပရန္တပသည် ပုရောဟိတ်လွှတ်လိုက်သော သစ်ခက်သံကို ကြား၍ မင်းကြီးကို သတ်ပြီးလျှင် မြေ၌မြှုပ်၍ သစ်ခက်သံကြားရာ အရပ်သို့ သွား၍စုံစမ်းလတ်သော် တစုံတရာကို မမြင်သဖြင့် ရေချိုးပြီးလျှင် စရပ်သို့ ပြန်လေ၏။

ပုဏ္ဏားမမြင်ယောင် ကန်းဟန်ဆောင်

ပုရောဟိတ်သည် ပရန္တပပြန်သွားသော အခါ ပုန်းအောင်းရာမှ ထွက်၍ လာလတ်သော် မင်းကြီးသတ်၍ မြှုပ်သော တွင်းကို သိ၍ ရေချိုးပြီးလျှင် သေဘေးမှ ကြောက်သဖြင့် ကန်းဟန်ဆောင်ကာ စရပ်သို့ပြန်လေ၏၊ ထိုအခါ ပရန္တပသည် ပုဏ္ဏားကို မြင်လျှင် "ပုဏ္ဏားကြီး....အသင်ဘာဖြစ်လာသနည်း" ဟုမေးသောအခါ ပုဏ္ဏားကြီးသည် မမြင်မသိဟန်ဆောင်၍ "အရှင်မင်းကြီး.... အကျွန်ုပ်သည် သစ်သီးရှာရင်း တောင်ပို့တခုတွင် နားနေရာ မြွေမှုတ်လိုက်သဖြင့် မျက်စိမမြင်တော့ပါ ကန်းပါပြီ" ဟု ပြော၏၊ ပရန္တပလည်း ငါ့ကိုမသိတော့၍ မင်းကြီးပင်မှတ်ထင်နေသည် ဟု ယုံကြည်လျက် "ပုဏ္ဏား....မစိုးရိမ်နှင့်၊ သင်တို့ကို ငါလုပ်

ကျွေးမည်''ဟု ဝန်ခံပြီးလျှင် သစ်သီးကြီးငယ် ရှာဖွေကာ ကျွေးမွေးလေ၏။

ချင်းချင်းမေးပြေား ပုဏ္ဏားကြား

တနေ့သ၌ မိဖုရားကြီးသည် သားယောက်ျားကို ဖွားမြင်၏၊ သားတော်လည်း သိကြား လိမ္မာသော အခါ ပရန္တပ ကျွန်ကိုပင် အဘရင်းဟု မှတ်ထင်၍ နေလေ၏၊ တနေ့သ၌ မိုးသောက်ထအခါ မိဖုရားသည် ပရန္တပကျွန်းအား ''မင်းကြီးကို သတ်သောအခါ တစုံတယောက်သောသူ မြင်သလော'' ဟု မေး၏၊ ထိုအခါ ပရန္တပကျွန်သည်—

''အရှင်မ.... အကျွန်ုပ်ကို တစုံတယောက်မျှ မမြင်ပါ၊ စင်စစ်ကား မင်းကြီးကို သတ်သောအခါ သစ်ခက်လှုပ်သံ ကြားလိုက်ရ၏၊ လူကြောင့်လှုပ်သည်၊တိရစ္ဆာန်ကြောင့် လှုပ်သည်ကို မသိပါ၊ ထိုကြောင့် သစ်ခက်လှုပ်ရာမှ အကျွန်ုပ်အားမကောင်းကျိုးသည် ရောက်လာလတ့်၊ ဘေးသည်ရောက်လာလတ့်''—

ဟု မိဖုရားကြီးအား ဖြစ်သမျှအကြောင်းကို ပြောကြားလေ၏၊ ပရန္တပကျွန်နှင့် မိဖုရားကြီးတို့ ပုရောဟိတ်အိပ်ပျော်နေသည်မှတ်၍ ပြောကြားကြကုန်၏၊ ပုရောဟိတ်ကားအိပ်မပျော်ချေ၊ ပြောသမျှစကား အလုံးစုံကို ကြားရ၏။

ပရိယာယ်သိလို ပုဏ္ဏားသီဆို

တနေ့သ၌ ပုရောဟိတ်သည် ပရန္တပကျွန် သစ်သီးရှာသွားလတ်သော် မိမိပုဏ္ဏေးမကို အောက်မေ့ သတိရ၍ မြည်တမ်းသည့်အလား—

"အချင်းတို့····လှုပ်သောသစ်ခက်သည် ပရန္တပ ကျွန်ကို ကြိုလိုဖြေ့တွေ့အောင် ပြုသကဲ့သို့၊ နှစ်ယူဇနာသုံးယူဇနာထက်၌နေသောပုဏ္ဏားမ၌တပ်စွန်း ခြင်းကာမသည် စင်စစ် ငါ့ကို ကြိုလိုဖြေ့တွေ့ အောင်ပြုလိမ့်မည်တကား"—

ဟုပုဏ္ဏားကြီးသည် ပါဠိဂါထာကိုသာ သီဆိုမြည် တမ်း၏၊ အနက်ကိုကားမသီဆိုလေ၊ ထို့ကြောင့်ဂါထာ၏ အနက် အဓိပ္ပါယ်သည် မိဖုရားကြီး၌ မထင်ရှားလေ၊ ထိုအခါ မိဖုရားကြီးသည် "ပုဏ္ဏားကြီး···· အဘယ်သို့ ဆိုဘိသနည်း"ဟု မေးသောအခါ အနက် အဓိပ္ပါယ်ကို လိုးလွဲကာ ပြောကြားလေ၏။

ဥပါယ်နည်းဖြင့် သီဆိုပြန်

တဘန် တနေ့သောအခါ ပုဏ္ဏားကြီး သည် ပရိယာယ်နည်းဖြင့် ပရန္တပ ကျွန် ပြုလုပ်သော အမှုကိုပြောလိုသဖြင့်—

"အချင်းတို့··လှုပ်သောသစ်ခက်သည် ပရန္တပ ကျွန်ကို ကြိုလိုဖြေ့တွေ့အောင်ပြုသကဲ့သို့ ရွာ၌ နေရစ်၍ ကဲ့ရဲ့ဘွယ်မရှိ၊ နှစ်သက်ဘွယ် အဆင်းရှိ သော မယားပုဏ္ဏေးမသည် ငါ့ကို စိုးရိမ်အောင် ကြိုလိုဖြေ့တွေ့အောင် ပြုလိမ့်မည်တကား"—

ဟုပါဠိဂါထာကို သီဆိုမြည်တမ်းပြန်၏၊ တဘန်တနေ့ သောအခါ၌လည်း ပုရောဟိတ်သည်—

"အချင်းတို့····လှုပ်သောသစ်ခက်သည်ပရန္တပ ကျွန်ကို ကြိုလိုဖြေ့တွေ့အောင် ပြုသကဲ့သို့ မျက် ရေးကွက်ထားသဖြင့် စိမ်းညိုသော မျက်တောင်

ရှိသော ပုဏ္ဏေးမ၏ ပြိုးရယ်ခြင်းနှင့် သာယာစွာ
ပြောဆိုသော စကားတို့သည် ငါ့ကို ကြိုး ဖြေ၍
တော့အောင် ပြုလိမ့်မည်တကား”—

ဟု ပါဠိဂါထာကို သီဆိုမြည်တမ်းပြန်၏။

ဖြစ်ကြောင်း သဘော မင်းသားငယ်ပြော

နောက်အဘို့၌ မင်းသားသည် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ပုရောဟိတ်သည်မင်းသားကိုတောင်ဓေ့းစွန်းကိုကိုင်စေ၍ ရေချိုးဆိပ်သို့သွားကာ မျက်စိတို့ကို ဖွင့်၍ ကြည့်လေ၏၊ မင်းသားသည် ပုရောဟိတ်၏ မျက်စိတို့ကို မြင်လျှင် “ပုဏ္ဏားကြီး.... သင်၏မျက်စိကန်းသည် မဟုတ်လော”ဟုမေး၏၊ “အရှင်မင်းသား....မကန်းပါ၊ အသက်ကို စောင့်ရှောက်လို၍ ကန်းဟန်ဆောင် နေပါသည်” ဟု ပြောပြီးလျှင် “အရှင်မင်းသား.... သင့်အဘကို သိ၏လော အဘယ်သူနည်း”ဟုမေး၏၊ “ပုဏ္ဏားကြီး.... ပရန္တပဖြစ်ပါသည်” ဟု ပြော၏၊ “အရှင်မင်းသား.... သင့်အဘကား ပရန္တပမဟုတ်၊ ဗာရာဏသီ မင်းကြီးဖြစ်သည်၊ ပရန္တပကား-သင်တို့အစေခံကျွန်ဖြစ်သည်၊ သင့်အမိသည် ပရန္တပ နှင့် မှားယွင်းသော အကျင့်ကို ကျင့်ကာ ဤအရပ်၌ သင့်အဘမင်းကြီးကိုသတ်၍ မြှုပ်စေ၏၊ အရိုးတို့ကိုကြည့်လော”ဟု ဖေါ်ထုတ်၍ ပြလေ၏၊ မင်းသားအား ကြီးစွာသော စိုးရိမ်ပူဆွေးခြင်းသည် ဖြစ်လေ၏။

ကျွန်ကိုသတ်ရေး ပုဏ္ဏား နည်းပေး

ထိုအခါမင်းသားသည် “ပုဏ္ဏားကြီး.. ယခု အဘယ်သို့ ပြုရအံ့နည်း” ဟု မေး၏၊ “အရှင့်သား....ပရန္တပသည်

ဤအရပ်၌လျှင် သင့်အဘကို သန်လျက်ဖြင့် သတ်ဘိ၏၊ သင်လည်း ထိုပရန္တပကို ဤအရပ်၌ပင် သန်လျက်ဖြင့် သတ်လော''ဟု အကြောင်းအလုံးစုံကို ပြောကြားပြီးလျှင် မင်းသားကိုနှစ်ရက်သုံးရက်သန်လျက်ကိုင်နည်း ခုတ်နည်း တို့ကို သင်ပြလေ၏။

ကျွန်ဆက်ဒါးတင် ကြိမ်းမောင်းစဉ်

တနေ့သ၌ မင်းသားသည် သန်လျက်နှင့် ရေလဲကိုယူ၍ ပရန္တပအားရေချိုးသွားရန်ပြောကြား၏၊ ပရန္တပလည်း ''ချစ်သား....သွားမည်ဟုဆို၍ လိုက်လေ၏၊ ရေဆိပ်သို့ရောက်လျှင် ပရန္တပသည် ရေချိုးရန်မြစ်သို့သက်ဆင်း၏၊ ထိုအခါ မင်းသားသည် လက်ျာလက်ဖြင့် သန်လျက်ကိုကိုင်၍ လက်ဝဲလက်ဖြင့် ဥဿျှောင်ကိုမြဲစွာကိုင်လျက်''ဟယ်—ကျွန်ယုတ်.. သင်သည်ဤအရပ်၌လျှင် ငါ့အဘကိုဥဿျှောင်ကိုကိုင်၍ ဟစ်အော်စဉ်ပင် သန်လျက်ဖြင့် ခုတ်၍သတ်ဘိ၏၊ ငါလည်းသင့်ကိုထိုနည်းအတူ ပြုလုပ်မည်''ဟု ကြိမ်းမောင်း၏။

သေဘေးကြောက်ပြန် ကျွန်တောင်းပန်

ပရန္တပကျွန်လည်း သေဘေးမှကြောက်သဖြင့် မိမိပြုခဲ့သောအမှုကို မင်းသားအားတောင်းပန်လို၍--

''အမောင်.... သစ်ခက်လှုပ်သော အသံသည် သင့်ထံသို့ လာလေယောင်တကား၊ သစ်ခက်လှုပ်သောအသံသည် သင့်အားပြောကြားလာယောင်တကား၊ သစ်ခက်လှုပ်စေသောသူသည် သင့်အား ထိုအကြောင်းကိုပြောကြားယောင်တကား''—

သစ်ခက်လှုပ်သောအခါ လူကြောင့် လှုပ်သည် တိရစ္ဆာန်ကြောင့်လှုပ်သည်ဟု ငါမသိခဲ့၊ထို့ကြောင့်

မိုက်စွာသောငါ့အား ဘေးဖြစ်လိမ့်မည်ဟု အကြံ
ဖြစ်ခဲ့ဘူး၏၊ ထိုဘေးသည် သင်နှင့်တကွလာယောင်
တကား”—

ဟု ငိုကြွေးမြည်တမ်းလေ၏။

ဤကိုသုတ်သင် တိုင်းပြည်ဝင် — ထိုနောင်မှမင်းသားသည် ပရန္တပကျွန်အား မိမိဘခင်သတ်သကဲ့သို့ ပြုလုပ်လိုသဖြင့်—

“ဟယ် ပရန္တပကျွန်….ထိုအတူ သင်သိဘိ၏၊ သင်သည် ငါ၏အဘကို သတ်ဘိ၏၊ သတ်ပြီး၍ သစ်ခက်တို့ဖြင့် ဖုံးလွှမ်းဘိ၏၊ သင့်အား ဘေးသည် ရောက်လိမ့်မည်”-

ဟုကြိမ်းမောင်းပြီးလျှင် ထိုအရပ်၌ပင် သန်လျက်ဖြင့် ခုတ်သတ်၍ မြေ၌မြှုပ်ကာ သစ်ခက်တို့ဖြင့် ဖုံးလွှမ်းခဲ့၍ သန်လျက်ကိုရေဆေး၍ရေချိုးပြီးလျှင် စရပ်သို့ပြန်လေ၏၊ ရောက်လျှင် ပုရောဟိတ်အား ပရန္တပကို သတ်ခဲ့သော အကြောင်းကို ပြောကြားပြီးလျှင် အမိကိုလည်း ဆဲရေးလေ၏၊ ထိုနောက် ဤအရပ်၌နေ၍ အကျိုးမရှိဟုပြောဆို ဘိုင်ပင်ပြီးလျှင် အမိနှင့်ပုရောဟိတ်ကိုခေါ်၍ ဗာရာဏသီပြည် အစ်ကိုမင်းကြီးထံသွားလေ၏၊ အစ်ကိုမင်းကြီးလည်း ညီတော်မင်းသားရောက်လျှင် အိမ်ရှေ့မင်းရာထူးကို ပေး၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကာ သေလွန်သည့် အခြားမဲ့၌ နတ်ပြည်သို့ လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါအဘမင်းကြီးသည်-ယခုအခါဒေဝဒတ်။
※ အိမ်ရှေ့မင်းသားသည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဘခင်ဖြစ်လျက်၊သားကိုမျက်၊ပျက်ဘို့ကြံရက်လေ။
(၂) သားကားပြည်စိုး၊ဘလူဆိုး၊ကျွန်မျိုးသတ်၍သေ။
(၃) သူ့မကောင်းကြံ၊ကိုယ့်ဘေးဒဏ်၊အမှန်ထိမြဲပေ။

ပရန္တပဇာတ်ပြီး၏။

၄၁၇—ကစ္စာနိဇာတ်

ပဉ္စပနိပါတ်။

အမိမြတ်နိုးလှ နတ်တမျှ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ အမျိုးသားငယ်တယောက်သည် အကျင့်သီလနှင့် ပြည့်စုံ၏၊ အဘသေလွန်သောအခါ အမိကို အိမ်ဦးနတ်ကဲ့သို့ အရိုအသေလုပ်ကျွေး၏။

အမျိုးသားငယ်၏အမိသည် “ချစ်သား.... သင့်အား တပါးသောအိမ်ထောင်မှုကိစ္စ ရှိသေးသည်၊ အမျိုးသမီး တယောက်ကိုယူပါ”ဟု ပြော၏၊ “မိခင်....အကျွန်ုပ်သည် မိမိစီးပွားချမ်းသာကို မတောင့်တပါ၊ မိခင်ကိုသာ လုပ်ကျွေးလိုပါ၏၊ အကျွန်ုပ်မှတပါး မိခင်ကိုအဘယ်သူ လုပ်

ကျွေးမည်နည်း”ဟု ပြော၏၊ “ချစ်သား…. အမျိုး၏ တိုးပွားခြင်းကို ပြုသင့်၏မဟုတ်လော”ဟု မေး၏၊ “မိခင်…. အမျိုး၏ တိုးပွားခြင်းကို အလိုမရှိပါ၊ အမိသေလွန်လျှင် ရဟန်းပြုပါမည်”ဟု ပြောဆို၏၊ မိခင်သည် သားကို အဘန်ဘန်တောင်းပန်၍ အမျိုးသမီးတယောက်ကိုအိမ်သို့ ယူဆောင်ပြီး လက်ထပ်လေ၏။

မိခင်ရှိသေ
လင်ချစ်လေ

နောက်အခါ အမျိုးသမီးသည် ငါ့လင်ကား အမိကို အလွန်အားထုတ်၍ လုပ်ကျွေးပေသည်၊သို့အတွက် ငါသည် လင်ကိုယ်စားပြု၍ လုပ်ကျွေးမည်၊ ထိုသို့ လုပ်ကျွေးလျှင် လင်သည် ငါ့ကိုနှစ်သက်မြတ်နိုး၍ ငါပြောဆိုတိုင်းလိုက်နာပေမည်ဟု ကြံစည်လျက် ယောက္ခမအား အလွန်အားထုတ်လျက် လုပ်ကျွေးလေ၏၊ အမျိုးသားလည်း မိမိမိခင်ကိုလုပ်ကျွေးသောမယားအား နှစ်သက်မြတ်နိုးသဖြင့် ရသမျှသော ပစ္စည်းဥစ္စာတို့ကို မယားအားသာ အပ်နှင်းလေ၏၊ ထိုအခါ မယားသည် ပစ္စည်းဥစ္စာဟူသမျှ ငါ့ကိုပင် အပ်နှင်းဘိသည်၊ ကေန် မိခင်ကို နှင်ထုတ်လိုသည်ဖြစ်လိမ့်မည်ဟု အထင်လွဲ၍ မိခင်အား ဆန့်ကျင်ဘက်ပြုလေ၏။

ချွေးမစိတ်ယုတ်
ဆန့်ကျင်လုပ်

တရံတခါ အလွန်အေးသော ထမင်းယာဂု ခဲဘွယ်ကိုပေး၏၊ အေးလှသည်ဆိုပြန်လျှင် အလွန်ပူသော ထမင်းယာဂုခဲဘွယ်ကိုပေးပြန်၏၊တရံတခါအလွန်ဆားပေါ့သော အစာအာဟာရကိုပေး၏၊ဆားပေါ့သည်ဆိုပြန်လျှင်အလွန်ဆားငန်သော အစာအာဟာရကို ပေးပြန်၏၊ တရံတခါ

အလွန်အေးသောရေကို ချိုးစေ၏၊ အေးသည်ဆိုပြန်လျှင် အလွန်ပူသောရေကို ချိုးစေပြန်၏၊ ဤသို့စသည်ဖြင့် ဆန့်ကျင်ဘက်ကိုသာပြုလုပ်၍နေ၏၊ မိခင်ကအေးသည် ပူသည် စသည်ကိုပြောပြန်လျှင်လည်း လုပ်ပေးသမျှမကျေနပ်နိုင်၊ ချေးများလှသည်၊ ဤသက်ကြီးအိုမနှင့် ဘယ်သူမျှအတူ နေနိုင်မည်မဟုတ် စသည်ဖြင့် အိမ်နီးချင်း ကြားလောက်အောင် ရေရွတ်အော်ဟစ်၏။

မယားစိတ်မိုက်
လင်ကုန်းတိုက်

တနေ့သ၌ ချွေးမသည် ယနေ့သက်ကြီး အိုမအား သားနှင့် မုန်းတီးအောင် ရန်တိုက်မည်ဟု ကြံစည်လျက် လင်ယောကျ်ားသွားခိုက် တအိမ်လုံး နှပ်, တံတွေး, ချွဲခန်း စသော အညစ်အကြေးတို့ဖြင့် ပေကျံနေအောင် ပြုလုပ်ထား၏၊ လင်ယောကျ်ားလာသောအခါ "အရှင်....အရှင့် မိခင်ပြုလုပ်ထားသည်ကိုကြည့်ရှုလော၊ နေ့ရှိသမျှဆန့်ကျင်ဘက်ချည်းပြုလုပ်နေသည်၊ သူသဘောကျအောင် မလုပ်ကျွေးတတ်တော့ပြီ၊ မည်သူမျှသည်းခံနိုင်မည်မဟုတ်၊ ဤလို ယုတ်မာသောသူနှင့် တအိမ်ထည်း မနေနိုင်၊ သို့အတွက် ဤသက်ကြီးအိုမကိုလည်း အိမ်မှနှင်ထုတ်လော၊ သို့မဟုတ် အကျွန်ုပ်ကိုလည်း နှင်ထုတ်လော" ဟု မိခင်ကို အပြစ်တို့လျက် လုပ်ကြံပြောဆိုကုန်းတိုက်လေ၏။

သားအမိနှင့်ခွဲမရ
ကန့်တော့ဝန်ချ

အမျိုးသားသည် မယားယုတ်စကားကို ကြားလျှင် အကျင့်သီလနှင့် ပြည့်စုံသူဖြစ်၍ မယားယုတ် ကုန်းတိုက်တိုင်း ယုံကြည်ခြင်းမရှိဘဲ မယားအား "ရှင်မ.... သင်ကား

ငယ်ရွယ်သေး၏၊တနေရာမှာသွား၍ အသက်မွေးနိုင်သည်၊ မိခင်ကား အားနည်းလှ၏၊ ငါမှတပါး ကိုးကွယ်ရာမရှိ၊ သို့အတွက် မနေနိုင်လျှင် သင်ဆင်းသွားလော့'' ဟု အိမ်မှ နှင်ထုတ်လေ၏၊ ထိုအခါ မယားသည် လင့်စကားကိုကြား လျှင် ဤသားအမိကို ငါအချစ်ပျက်အောင်ကုန်းမတိုက်နိုင်၊ ငါသည် မိဘအိမ်၌နေပြန်ကလည်း မုဆိုးမ၏ နေခြင်းမျိုး ဖြင့် ဆင်းဆင်းရဲရဲနေရပေမည်၊ သို့အတွက် ငါသည် ရှေး နည်းအတိုင်း လုပ်ကျွေးတော့မည်ဟု ကြံစည်ကာ အိမ်မှ မဆင်းဘဲ အလွန်အားထုတ်၍ လုပ်ကျွေးမြဲ လုပ်ကျွေး ပြန်၏။

ထိုနောက် အမျိုးသားသည် မြတ်စွာဘုရားထံ ဆည်း ကပ်၍ မိမိမယားအကြောင်းကိုလျှောက်ထား၏၊ မြတ်စွာ ဘုရားသည်''သီတင်းသည်····သင်သည် ယခုအခါထိုမိန်းမ စကားကို မလိုက်နာပေ၊ရှေးအခါ၌ကား ထိုမိန်းမစကား ကိုလိုက်နာ၍ မိခင်အိုကို နှင်ထုတ်ထားရာ ငါ့ကိုမှီ၍တဘန် အိမ်သို့ဆောင်ယူပြီးလျှင် လုပ်ကျွေးဘူးပြီ'' ဟု မိန့်တော် မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူ သတည်း။

အတိတ်ဝတ္ထု၊

မိဘဝတ်ပြု ချစ်ခင်မှု

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် မထင်ရှားသော အမျိုးသား တယောက်သည် အဘသေလွန်သောအခါ အမိကို အိမ်ဦး နတ်ကဲ့သို့ ရှိသေစွာလုပ်ကျွေး၏၊ အမိသည် အိမ်ထောင်

P ၁၂၉ သားမိုက်သည် အမိအိုကြီးအား မယားကုန်းတိုက်သည်ကို ယုံကြည်ကာ အိမ်မှနှင်ပစ်ချနေပုံ

ပြုရန်အလိုမရှိသော သားအား အဘန်တလဲလဲ တောင်းပန်ကာ အမျိုးသမီးတယောက်ကို အိမ်သို့ ဆောင်ယူ၍ အိမ်ထောင်ပြုစေ၏၊ အမျိုးသမီးသည် ရှေးဦးစွာ လင်၏အမိကို အထူးဂရုစိုက်၍လုပ်ကျွေး၏၊ လင်လည်းမြတ်နိုးသဖြင့် ပစ္စည်းဥစ္စာအလုံးစုံကိုအပ်နှင်း၏။

အမိနှင့်သားမိုက်မယားကုန်းတိုက်

မယားသည် နောက်အခါ အမိအိုကို နှင်ထုတ် စေလိုသဖြင့် အကောက်ကြံကာ ဆန့်ကျင်ဘက် ပြု၍သာ နေ၏၊ ကောင်းစွာမလုပ်ကျွေးလေ၊ အမိအိုကို အပြစ်ရှာ၍သာ ယောကျ်ားအား အချစ်ပျက်အောင် ကုန်းတိုက်၏၊ တနေ့သောအခါ မယားသည် အမိအိုအပြစ်ကို လည်ဆယ်၍ ပြောကာ "အရှင်....အရှင့် အမိသည် ယုတ်မာလှ၏၊ အတူမနေနိုင်၊ အိမ်မှ အရှင့်အမိအိုကိုလည်း နှင်ထုတ်လော၊ သို့မဟုတ် အကျွန်ုပ်ကိုလည်း နှင်ထုတ်လော" ဟု ပြောဆိုကုန်းတိုက်ပြန်လေ၏။

မိခင်နှင်လိုက်သားလူမိုက်

ထိုအခါ ယောကျ်ားသည် မယားယုတ်စကားကိုယုံကြည်၍ အမိအား"မိခင်... သင်သည် ဤအိမ်၌ အမြဲ ခိုက်ရန်ပြုဘိ၏၊ ဤအိမ်မှထွက်၍ အလိုရှိရာအရပ်၌ နေလေ"ဟု ပြောဆိုကာ နှင်ထုတ်လေ၏၊ အမိအိုလည်း ကောင်းပြီဟု ပြောဆိုကာ ငိုကြွေးလျက် အိမ်မှထွက်၍ သူကြွယ်တဦးအိမ်၌ အခစား အခစေခံလုပ်ကာ ဆင်းရဲစွာ အသက်မွေးရရှာ၏။

ယောက္ခမ အိမ်မှထွက်သောကာလ၌ ချွေးမ၌ ကိုယ်ဝန် တည်လေ၏၊ ချွေးမလည်း အပြစ်ကိုရှာနေရာ ပြောစရာ အချက်ကောင်းရသည့်အနေဖြင့် ယုတ်မာသော သက်ကြီး အိုမအိမ်၌နေသောအခါ ကိုယ်ဝန်မရ၊ မနေသောအခါ ကိုယ်ဝန်ရခဲ့၏ဟု လင်ယောကျ်ားအားရင်း အိမ်နီးချင်း တို့အားရင်း အမြဲပြောဆိုလျက်နေ၏။

တရားသေသည်ဟု အမယ်အို

နောက်အခါ သားယောကျ်ားကို ဘွား မြင်၍ မယားသည် လင်ယောကျ်ားကို "အရှင်.... အရှင့်အမိ သက်ကြီးအိုမ အိမ်၌နေသောအခါ သားမရ၊ မနေသောအခါမှရသည်၊ သို့အတွက် သင့်အမိ ယုတ်မာသည့်အဖြစ်ကို သိပါလော" ဟု အပြစ်ကိုပြ၍ ပြောဆိုပြန်၏။

ယောက္ခမ သက်ကြီးအိုမလည်း မိမိကို အိမ်မှနှင်ထုတ် သောကာလ၌ သားရသည်ဟု ကြားရ၍ "လောက၌ မုချ တရားသေသည်ဖြစ်လိမ့်မည်၊ အမိကို သတ်ပုတ်ညှဉ်း ဆဲကာ အိမ်မှနှင်ထုတ်၍သားမရပေရာ၊ချမ်းသာ၍အသက် မရှည်တန်ရာ၊ ငါသည် တရားသေ၍ ဆွမ်းသွတ်မည်" ဟု ကြံစည်၍ မုံ့,ဆန်,ထင်း,အိုး,ယောက်မစသည် အစုံအလင် ယူ၍သုသာန်သို့သွား၍ လူသေဦးခေါင်းခွံသုံးခုကိုခုံလှော်က် လုပ်ကာ မီးမွှေးပြီးလျှင် ရေသို့ဆင်းသက်ကာ ဦးခေါင်း လျှော်၍ အဝတ်ဖြူကိုဝတ်လျက် ခုံလှော်ကထားရာသို့လာ ကာ ဆံထုံးကိုဖြေ၍ ဆန်ဆေးရန် ပြင်ဆင်လျက်နေ၏။

အမယ်အိုပြုရေး သိကြားမေး

ထိုအခါသိကြားမင်းသည် လူ့ပြည်သို့ ကြည့်လတ်သော် သုသာန်ဝယ် တရား သေဆွမ်းသွတ်ရန် ဆန်ဆေး နေသော

သက်ကြီးအိုမကိုမြင်လျှင် ငါသည် ထိုသက်ကြီးအိုမကို ကြည့်ရှုစောင့်ရှောက်မည်ဟု ကြံစည်ကာ ပုဏ္ဏားအသွင်ဖြင့် အနီးတွင်ရပ်လျက်—

“အို-ကစ္စည်းအနွယ် ဖြစ်သောရှင်မ.... သင်သည် စင်ကြယ်သောအဝတ်ဖြူကိုဝတ်၍ စိုစွတ်သောဆံရှိလျက် လူ့ဦးခေါင်းခွံခုံလှောက်တို့၌ ထမင်းအိုးကိုတည်ထားကာ နှမ်းတို့ကိုကြိတ် ဆန်တို့ကိုဆေးကျောကာ ဘယ်အတွက်ကြောင့် နှမ်းထမင်းချက်သနည်း”—

ဟု သက်ကြီးအိုမအား မေးလေ၏။

သိကြားအမေး အဖြေပေး　　သက်ကြီးအိုမသည် သိကြားမင်း မေးသောစကားကို ကြားလျှင် မိမိပြုလုပ်သောအမှုကိုကြားလို၍—

“အို-ပုဏ္ဏား....ကောင်းစွာချက်အပ်သော ဤနှမ်းထမင်းသည် စားရလိမ့်မည်မဟုတ်၊ တရားသည်သေလွန်ခဲ့၏၊ ယနေ့ငါသည် သုသာန်အလယ်၌ တရားသေ၍ ဆွမ်းသွတ်ခြင်းကိုပြုမည်”—

ဟုသိကြားမင်းအား ပြောကြားလေ၏၊ထိုအခါသိကြားမင်းသည်—

“အို- ကစ္စည်းအနွယ်ဖြစ်သောရှင်မ.... သင်သည် စိစစ်၍အမှုကိစ္စကိုပြုလော၊ တရားသေသည်ဟူ၍ သင့်အား အဘယ်သူပြောကြားသနည်း၊ အတုမရှိ အာနုဘော်ရှိ၍ တရားမင်းမြတ်ဖြစ်လျက်

မျက်စိအမြင် တထောင်ကိုဆောင်သော သိကြား
မင်း ဘယ်အခါမျှမသေပါ"—

ဟု သက်ကြီးအိုမအား တရားမသေကြောင်းကို ပြော ကြားလေ၏။

ဖြစ်ကြောင်းဘဝ ရှင်းလင်းပြ

ထိုအခါ မိမိဖြစ်ပျက်သော အကြောင်းကို ပုဏ္ဏားအားပြောလိုသဖြင့် သက်ကြီးအိုမသည်—

"အို-ပုဏ္ဏား.... ဤတရားသေရာ၌ ငါ့မှာ ယုံမှားကင်းခြင်းသည်မြဲ၏၊ တရားသေရာ၌ ယုံမှားမရှိ၊ ယခုအခါ ယုတ်မာသော တရားရှိသော သူတို့သည်သာလျှင် ချမ်းသာကြကုန်၏၊အမှန်အားဖြင့် ငါ့ချွေးမသည်မြုံခဲ့၏၊ ထိုချွေးမသည် ငါ့ကိုသတ်ပုတ်ညှဉ်းဆဲ၍ အိမ်မှနှင်ထုတ်သောအခါ သားကို ဘွားမြင်ခဲ့၏၊ ယခုအခါချွေးမသည် အိမ်ရှိပစ္စည်းအလုံးစုံကို အစိုးရ၏၊ ငါမူကား နှင်ထုတ်ခြင်းကိုခံရသဖြင့် တယောက်ထီးတည်းဖြစ်ရ၏"—

ဟု သိကြားမင်းအား တရားသေခြင်း၏အကြောင်းရင်းကို ရှင်းလင်း၍ ပြောပြန်၏။

အမယ်အိုလိုကြ သိကြားဖြည့်ရ

ထိုနောင်မှ သိကြားမင်းသည် တရားမသေသည် အဖြစ်ကို အမယ်အိုအား ပြောလိုသဖြင့်—

"အို- ကစ္စည်းအနွယ်ဖြစ်သောရှင်မ.... ငါသိကြားမင်းသည် အသက်ရှင်၍နေပါ၏၊ မသေလွန်သေးပါ၊ သင့်အတွက် ဤအရပ်သို့လာခဲ့ပါ၏၊ အ

ကယ်၍ချွေးမသည် သင့်ကိုသတ်ပုတ်ညှဉ်းဆဲ၍ အိမ်မှနှင်ထုတ်သောကြောင့် သားကိုဘွားမြင်သည်ဖြစ်အံ့၊ သားနှင့်တကွပြာကဲ့သို့ လွင့်ပျောက်ပျက်စီးအောင်ပြုပါလော”–

ဟု သက်ကြီးအိုမအား တရားမသေကြောင်းကို ရှင်းလင်း၍ ပြောဆိုပြန်၏၊ ထိုအခါသက်ကြီးအိုမသည်–

“အို-သိကြားမင်း···· သင်သည် ငါ၏အတွက် သာ၍အရပ်သို့ အကယ်၍လာခဲ့သည်ဖြစ်ပါအံ့၊ငါ, ငါ၏သား, ငါ၏ချွေးမ, ငါ၏မြေး ဤလေးယောက်လုံးပင် အိမ်၌ ဝမ်းမြောက်ဝမ်းသာ နေလိုပါကုန်၏”–

ဟု သိကြားမင်းအား မိမိအလိုရှိရာဆန္ဒကို ပြောကြားပြန်၏။

မေတ္တာစိတ်သွင်း သည်းခံခြင်း

သိကြားမင်းလည်းမေတ္တာတရားဟောကြား၍အမယ်အိုအားမှာကြားလို၍–

“အို-ကစ္စည်းအနွယ်ဖြစ်သောရှင်မ···· သင်တို့လေးယောက် အိမ်၌ ဝမ်းမြောက်ဝမ်းသာ နေလိုပါအံ့၊ သတ်ပုတ်နှင်ထုတ်သော်လည်း ငယ်သူတို့၌ သင်သည် မေတ္တာတရားကိုမစွန့်ပါအံ့၊ သင်, သင်၏သား, သင်၏ချွေးမ, သင်၏မြေးဤလေးယောက်တို့သည်အိမ်၌ ဝမ်းမြောက်ဝမ်းသာနေကြလော့”–

ဟု သက်ကြီးအိုမအား ပြောဆိုပြီးလျှင် မိမိ၏အာနုဘော်ဖြင့် ကောင်းကင်၌ရပ်၍ “အရှင်မ···· သင်သည်မ

ကြောက်လင့်၊ သင့်သားနှင့်ချွေးမတို့သည် ငါ၏အာနုဘော်ဖြင့် သင့်ထံသို့လိုက်လာ၍ ကန်တော့ဝန်ချပြီးလျှင် အိမ်သို့ခေါ်ယူကြလိမ့်မည်၊ သတိနှင့်နေလော”ဟု မှာထား၍ မိမိနေရာ တာဝတိံသာသို့သွားလေ၏။

ချင်းချင်းတူနေ ပျော်ရှင်ပေ

သားနှင့်ချွေးမတို့လည်း သိကြားမင်း၏ အာနုဘော်ဖြင့် အမိ၏ဂုဏ်ကျေးဇူးကို သတိရ၍ ငါတို့အမိသည် အဘယ်မှာနည်းဟု လူတို့ကိုမေး၍ သုသာန်သို့သွားကြောင်းကိုသိလျှင် သုသာန်သို့သွား၍ အမိကိုမြင်လျှင် ခြေရင်း၌ဝပ်ကုန်၍ “မိခင်…. အကျွန်ုပ်တို့အပြစ်ကို သည်းခံတော်မူပါ”ဟု ကန်တော့တောင်းပန်ကြ၏၊ အမိသည် မြေးငယ်ကိုယူ၍ ချီပွေ့ကာ အိမ်သို့ပြန်ပြီးလျှင် သားအမိမြေးအဘွားလေးယောက်တို့သည် ထိုအခါမှစ၍ ဝမ်းမြောက်ဝမ်းသာ ညီညွတ်စွာနေကြကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သီတင်းသည်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ အမိလုပ်ကျွေးသောသူသည်- ယခုအခါ အမိကိုလုပ်ကျွေးသောသီတင်းသည်။

※ မယားသည်- သီတင်းသည်၏မယား။
※ သိကြားမင်းသည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဒိ,ဘနှစ်ဆူ၊ လုပ်ကျွေးမှု၊ သူမြတ်ဓမ္မတာ။
(၂) ဒိခင်,ဘခင်၊ ကျွေးမွေးလျှင်၊ ဘေးစင်ရန်ပေါင်းကွာ။
(၃) ကျေးဇူးသိငြား၊ သမီးသား၊ ကြီးပွါးချမ်းအေးစွာ။

ကဏှာနိဇာတ်ပြီး၏။

၄၁၈-အဋ္ဌသဒ္ဒဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ညဥ့်ခါသံကြား မင်းလျှောက်ထား

နတ်လူ့ဘို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလ မင်းကြီးသည် ညဥ့်သန်းခေါင်ယံတွင် ကြားအပ်သော ကြောက်မက်ဘွယ်သော အသံကြီးရှစ်မျိုးတို့ကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မင်းကြည်ညိုလေ ဥယျာဉ်နေ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကုဋေ ရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်

လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားပြီးလျှင် အမိအဘတို့သေလွန်သောအခါ စည်းစိမ်ဥစ္စာအလုံးစုံကို စွန့်ပယ်၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် သစ်သီး ကြီးငယ်ဖြင့်မျှတကာနေ၏၊နောက်အခါ ချဉ်ဆားမှီဝဲလိုသဖြင့် လူတို့နေရာသို့ သွားလတ်သော် ဗာရာဏသီပြည်သို့ ရောက်၍ မင်းကြီး၏ ဥယျာဉ်တော်မှာပင်နေ၏။

ညဉ့်အခါမင်းကြားအသံများ

ထိုအခါ ဗာရာဏသီ မင်းကြီးသည် အသရေရှိသော အိပ်ရာတွင် အိပ်နေစဉ် ညဉ့်သန်းခေါင်ယာမ် အခါ၌ ကြောက်မက်ဘွယ်သော အသံကြီး ရှစ်မျိုးတို့ကို ကြားရ၏၊ ထိုအသံကြီးရှစ်မျိုးတို့ကား—

(၁) ဥယျာဉ်တော်၌ ဗျိုင်းမြည်သော အသံ။

(၂) ဆင်တင်းကုပ် တုရိုင်တိုင်၌ ကျီးမမြည်သော အသံ။

(၃) နန်းတော်အထွတ်၌ နေသော ယုန်မည်သော ပိုးမြည်သောအသံ။

(၄) နန်းတော်၌ မွေးထားသော ဥဩမ မြည်သော အသံ။

(၅) နန်းတော်၌ မွေးထားသော သမင်မြည်သော အသံ။

(၆) နန်းတော်၌ မွေးထားသော မျောက်မြည်သော အသံ။

(၇) နန်းတော်၌ မွေးထားသော ကိန္နရာမြည်သော အသံ။

(၈) နန်းတော်အထက်၌ ပစ္စေကဗုဒ္ဓါ ဥဒါန်းကျူးသောအသံတို့ ဖြစ်ကုန်၏။

ပုဏ္ဏားတို့လျှောက်တင် ယဇ်စီရင်

မင်းကြီးသည် ထိုအသံကြီး ရှစ်မျိုးတို့ကို ကြား၍ အလွန်ထိတ်လန့်ရကား နက်ဖြန်နံနက်၌ ပုဏ္ဏားတို့ကို မေးလေ၏၊ ပုဏ္ဏားတို့သည် သင်မင်းကြီး အန္တရာယ်ဖြစ်လိမ့်မည်၊ အန္တရာယ်လွတ်ငြိမ်းအောင် သဗ္ဗစတုက္က ယဇ်ကို ပူဇော်လော့ဟု လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း ပုဏ္ဏားတို့အား အလိုရှိတိုင်းပြုကြကုန်ဟု ခွင့်ပြုလေ၏၊ ပုဏ္ဏားတို့လည်း နှစ်သက်ရွှင်လန်းသည်ဖြစ်၍ မင်းကြီးနန်းတော်မှ ထွက်ပြီးလျှင် ယဇ်ပူဇော်ရန် စီရင်အားထုတ်ကြကုန်၏၊ ထိုယဇ်ကို စီရင်သော ပုဏ္ဏားတို့တွင် အကြီးဖြစ်သော ပုဏ္ဏား၏တပည့် ပုဏ္ဏားလုလင်သည် ပညာဉာဏ်ရှိ၏၊ လိမ္မာ၏။

ပုဏ္ဏားပညာရှိ မြစ်တားဘိ

ထိုပုဏ္ဏားလုလင်သည် "ဆရာကြီး.... ဤသို့ ရုန့်ရင်းကြမ်းကြုတ်စွာ သတ္တဝါများစွာ ပျက်စီးခြင်းအမှုကို မပြုပါလင့်" ဟု ပြော၏၊ "အမောင်....သင်သည် ဘာကိုသိသနည်း၊ ယဇ်ပူဇော်ခြင်းကား တစုံတရာ အကျိုးမရှိသော်လည်း ငါးအမဲများစွာကို စားသောက်ကြရလတံ့" ဟု ပြော၏၊ "ဆရာကြီး....ဝမ်းကိုမှီ၍ ငရဲများသော အမှုကို မပြုသင့်ပါ" ဟု တားမြစ်လေ၏၊ ထိုအခါ ပုဏ္ဏားတို့သည် "ဤလုလင်ကား ငါတို့လာဘ်လာဘကို ဖျက်ဆီးသည်"ဟု အမျက်ထွက်ကြကုန်၏၊ ပုဏ္ဏားလုလင်သည် အခြားပုဏ္ဏားတို့ကို ကြောက်ရွံ့သဖြင့် သည်လိုဆိုလျှင် သင်တို့သာ ငါးအမဲ

များများစားရသော အမှုကို ပြုလုပ်ရစ်ကြကုန်၊ အကျွန်ုပ်ကား မပြုလုပ်လိုဆို၍ မြို့မှထွက်ကာ တားမြစ်နိုင်သော တရားစောင့်သော ရဟန်းပုဏ္ဏားတို့ကိုရှာဖွေလျက် သွားရာ ဥယျာဉ်တော်သို့ ရောက်လေ၏။

ရသေ့မြတ်ထံသွား မေးလျှောက်ကြား

ရသေ့ကို မြင်လျှင် လုလင်ပုဏ္ဏားသည် ရှိခိုး၍ "အရှင်ဘုရား…. အရှင်ဘုရားတို့အား သတ္တဝါတို့၌ သနားခြင်း အဘယ်ကြောင့် မရှိပါသနည်း၊ ယခုအခါ မင်းကြီးသည် များစွာသော သတ္တဝါတို့ကိုသတ်၍ ယဇ်ပူဇော်စေပါ၏" ဟု လျှောက်၏၊ "လုလင်….အဘယ်ကြောင့် ယဇ်ပူဇော်စေသနည်း" ဟု မေး၏၊"အရှင်ဘုရား ….ညဉ့်သန်းခေါင်ယာမ်အခါ အသံကြီးရှစ်မျိုးကို ကြားရ၍ ကြောက်ရွံ့ထိတ်လန့်သဖြင့် ပုဏ္ဏားတို့ကို မေးမြန်းရာ အန္တရာယ်ဖြစ်လိမ့်မည်၊ လွတ်ငြိမ်းအောင် ယဇ်ပူဇော်ရမည်ဆို၍ပူဇော်စေပါ၏၊ အသံကြီးရှစ်မျိုး ဖြစ်ခြင်း အကြောင်းရင်းကို သိပါသလော"ဟုလျှောက်၏၊"လုလင်…ငါသိ၏၊သို့သော် မင်းကြီးကို ငါမသိ၊လာ၍မေးလျှင် ငါပြောကြားမည်"ဟု ပြော၏၊ "အရှင်ဘုရား….သည်လိုဆိုလျှင် ဤနေရာ၌ ငံ့ဆိုင်းတော်မူပါ၊ အကျွန်ုပ်သွား၍ ခေါ်ပါမည်"ဟု လျှောက်ထားပြီးလျှင် မင်းကြီးထံ အမြန်သွား၍ မင်းကြီးကို အကျိုးအကြောင်းကို ပြောဆိုလျှောက်ထားကာ ရသေ့ထံ ခေါ်၍ လာလေ၏။

အသံ၏သဘော အသီးသီးဟော

မင်းကြီးသည် ရသေ့ထံသို့ ရောက်လျှင် ရှိခိုးသစ္စာရှိခိုး၍ ပဋိသန္ထာရစကားပြောကြားပြီးလျှင် "အရှင်ဘုရား….အရှင်

ဘုရားတို့သည် အကျွန်ုပ်ကြားသော အသံကြီးရှစ်မျိုးတို့ ဖြစ်ခြင်း အကြောင်းရင်းကို သိကုန်၏ဟူသည် မှန်ပါသလော”ဟု လျှောက်၏၊ “မြတ်သောမင်းကြီး.... မှန်ပါသည်”ဟုပြော၏၊ “အရှင်ဘုရား..သိလျှင်အကျွန်ုပ်အား မိန့်ကြားတော်မူပါ”ဟု လျှောက်ထား တောင်းပန်လေ၏၊ ထိုအခါ ရသေ့သည် အဘိညာဉ်ဖြင့် ကြည့်ရှုဆင်ခြင်၍ အစဉ်အတိုင်း ပြောကြားလေ၏။

ဗျိုင်းမြည်သံ

“မင်းကြီး.... ပဌမ အသံကြီးကား–သင်၏ ဥယျာဉ်ဟောင်းဝယ် ဗျိုင်းတကောင်ရှိ၏၊ ထိုဗျိုင်းသည် အစာကို မစားရ၍ ဆာမွတ်ခြင်း နှိပ်စက်သောကြောင့် မြည်တွန်ခြင်းဖြစ်၏၊ ထိုအသံကို ကြားရခြင်းကြောင့် မင်းကြီး၌ တစုံတရာ အန္တရာယ်မရှိပါ”။

အဓိပ္ပါယ်

ဤရေကန်ကား ရှေးအခါ ဗျိုင်း၄မ်း၍ ငါးများ စွာရှိခဲ့၏၊ ရေပြွန်ဖြင့် သွင်းအပ်သော ရေလည်း များပြားလှ၏၊ ငါ၏အဘိုးဖြစ်သော ဗျိုင်းမင်း၏ နေရာဖြစ်ပေ၏၊ ယခုငါ့မှာ ဘားဖြင့်သာ မျှတ တင်းတိမ်ရ၏၊ဤနေရာကို စွန့်၍လည်း မသွားနိုင်။

“မင်းကြီး..ဗျိုင်းသည် ငတ်မွတ်ခြင်းဖြင့် နှိပ်စက်ခြင်းကြောင့် မြည်တွန်ခြင်းဖြစ်၏၊ သို့အတွက် ဥယျာဉ်ကို သုတ်သင်ကာ ကန်ကို ရေပြည့်အောင် သွင်းလော့” ဟု မိန့်တော်မူ၏၊ မင်းကြီးသည် ရသေ့အမိန့်ရှိတိုင်းပြုလုပ်ရန် အမတ်တယောက်ကို စေခိုင်းလေ၏။

ကျီးမမြည်သံ

"မင်းကြီး....ဒုတိယ အသံကြီးကား—သင်၏ ဆင်တင်းကုပ် တုရိုင်တိုင်၌ နေသော ကျီးမတကောင်သည် မိမိ၏ သားငယ်တို့၌ စိုးရိမ်ခြင်းကြောင့် မြည်တွန်ခြင်းဖြစ်၏၊ တစုံတရာ အန္တရာယ်မရှိပါ"။

အဓိပ္ပါယ်

သီလမရှိသော ဗန္ဓုရဆင်ထိန်း၏ ကျန်သော မျက်စိတဘက်ကို ဘယ်သူဘောက်ပါအံ့နည်း၊ ငါ, ငါ၏သားသမီး, ငါ၏အသိုက်တို့ကို အဘယ်သူသည် ချမ်းသာအောင် ပြုပါအံ့နည်း။

"မင်းကြီး....သင်၏ဆင်တင်းကုပ် တုရိုင်တိုင်၌နေသော ကျီးမတကောင် ရှိ၏၊ တုရိုင်တိုင်၌ အသိုက် ပြုလုပ်၍ အဥတို့ကို ဥထားရာ သားငယ်တို့ပေါက်၍ နေကုန်၏၊ မျက်စိတဘက်ကန်း ဗန္ဓုရမည်သော ဆင်ထိန်းသည် အထွက်အဝင် အသိုက်ကို ပုတ်ခတ်မိ၏၊ ကျီးမသည် မိမိ သားငယ်တို့ကို စိုးရိမ်သောကြောင့် ဆင်ထိန်းကို ဆဲရေးကာမြည်တွန်ဘိ၏၊ သင်မင်းကြီးသည် ကျီးမကိုသနားလျှင် ဆင်ထိန်းကို တားမြစ်လော့"ဟု မိန့်တော်မူ၏၊ မင်းကြီးလည်း ဗန္ဓုရကိုခေါ်၍ ဆဲရေးပုတ်ခတ်ကာရာထူးမှချပြီးလျှင် တပါးသောသူကို ဆင်ထိန်းခန့်လေ၏။

ယုဇာပိုးအသံ

"မင်းကြီး...တတိယအသံကြီးကား- သင်၏ ပြာသာဒ် အထွတ်၌ ယုဇာမည်သော ပိုးတကောင် နေခဲ့၏၊ ထိုပိုးသည် အကာကိုစား၍ အကာကုန်လျှင် အနှစ်ကိုလည်း

မစားနိုင်၊ အစာမစားရ၍ ထွက်လည်း မထွက်နိုင်၊ ထို ကြောင့်မြည်တွန်ခြင်းဖြစ်၏၊ တစုံတရာအန္တရာယ်မရှိပါ"။

အဓိပ္ပါယ်

ပြာသာဒ်အထက်၌ အကာတွေရှိ၏၊ ထိုအကာ ဟူသမျှ ကုန်ခဲ့ပြီ၊ အကာကိုစား၍ကုန်သောယုဏာ မည်သောငါသည် အနှစ်ကိုစား၍မမွေ့လျော်နိုင်။

"မင်းကြီး….ပိုးသည် အစာစားစရာမရှိ၍ ထိုအရပ် မှ ထွက်လိုသော်လည်း မထွက်နိုင်သောကြောင့် မြည် တွန်ဘိ၏၊ ထိုပိုးကို ထုတ်စေလော့" ဟု မိန့်တော်မူ၏၊ မင်းကြီးလည်း ယောကျ်ားတယောက်ကိုခေါ်၍ ထိုပိုးကို ဥပါယ်တမျဉ်ဖြင့် ထုတ်စေ၏။

ဥဒြမအသံ

"မင်းကြီး…စတုတ္ထ အသံကြီးကား- သင်၏နန်းတော်၌ မွေးထားသော ဥဒြမတကောင်ရှိ၏၊ ထိုဥဒြမသည် မိမိ နေဘူးသော တောအုပ်ကို အမှတ်ရ၍ ပျင်းရိသဖြင့် ဘယ် အခါ ချိုင့်မှထွက်၍ တောအုပ်သို့ သွားရပါအံ့ နည်းဟု မြည်တွန်ခြင်းဖြစ်၏၊ တစုံတရာအန္တရာယ်မရှိပါ"။

အဓိပ္ပါယ်

ငါသည် မင်းကြီး၏နန်းတော်မှ လွတ်မြောက် ၍သွားပြီးလျှင် သစ်ခက်တို့၌ နားနေရသည်ဖြစ်၍ မိမိကိုယ်ကို ဘယ်အခါ မွေ့လျော် ပျော်ပါးစေရ အံ့နည်း။

"မင်းကြီး….ဥဒြမသည် ငြီးငွေ့ပျင်းရိ၏၊ ထိုဥဒြမကို ချိုင့်တွင်းမှလွှတ်လော့"ဟု မိန့်တော်မူ၏၊ မင်းကြီးလည်း ဥဒြမကို လွှတ်စေ၏။

သမင်အသံ

"မင်းကြီး…. ပဉ္စမအသံကြီးကား- သင်၏နန်းတော်၌ မွေးထားသော သမင်တကောင်ရှိ၏၊ ထိုသမင်သည် မိမိ မယား သမင်မကို အောက်မေ့လွမ်းဆွတ်၍ ပျင်းရိသော ကြောင့် မြည်တွန်ခြင်းဖြစ်၏၊ တစုံတရာအန္တရာယ်မရှိပါ"။

အဓိပ္ပါယ်

ငါသည် မင်း၏နန်းတော်မှ လွတ်မြောက်၍ သွားပြီးလျှင် သမင်အပေါင်း၏ ရှေ့မှသွားလျက် ရေဦးတို့ကို အဘယ်အခါ သောက်ရပါအံ့နည်း။

"မင်းကြီး…ထိုသမင်ကိုလွှတ်လော့"ဟု မိန့်တော်မူ၏၊ မင်းကြီးလည်း သမင်ကို လွှတ်စေ၏။

မျောက်အသံ

"မင်းကြီး…. ဆဋ္ဌအသံကြီးကား-သင်၏ နန်းတော်၌ မွေးထားသော မျောက်တကောင် ရှိ၏၊ ထိုမျောက်သည် ဟိမဝန္တာဝယ် မျောက်မနှင့် ကာမဂုဏ်၌ မက်မော၍ သွားနေခိုက် ဘဒ္ဒကမုဆိုးသည် ဘမ်းယူခဲ့ပြီ၊ ယခုအခါ ပျင်းရိ၍ ဟိမဝန္တာသို့သွားလိုသောကြောင့် မြည်တွန်ခြင်း ဖြစ်၏၊ တစုံတရာအန္တရာယ်မရှိပါ"။

အဓိပ္ပါယ်

ကာမဂုဏ်တို့ဖြင့် အလွန်ရစ်၍ ကာမဂုဏ်တို့ ဖြင့် တပ်စွန်းလျက် ကာမဂုဏ်တို့ဖြင့် တွေဝေနေ သောငါ့ကို တိုင်းပြည်၏ပြင်ပ၌ဖြစ်သောမုဆိုးသည်

တောမှ ဘမ်းယူခဲ့ပြီ၊ သင့်အား ကောင်းခြင်း မင်္ဂလာဖြစ်ပါစေ။

"မင်းကြီး…မျောက်ကိုလည်းလွှတ်လော့"ဟုမိန့်တော်မူ၏၊ မင်းကြီးလည်း မျောက်ကိုလွှတ်စေ၏။

ကိန္နရာအသံ

"မင်းကြီး….သတ္တမအသံကြီးကား-သင်၏နန်းတော်၌ မွေးထားသော ကိန္နရာတကောင်ရှိ၏၊ ထိုကိန္နရာသည် တော၌နေစဉ် တနေ့သောအခါ တောင်ထိပ်သို့ တက်၍ ပန်းနံ့သာတို့ဖြင့် ပျော်မြူးနေခိုက် နေဝင်၍ မှောင်လတ်သော် တောင်အောက်သို့ဆင်းရာ ကိန္နရာမသည် ကြင်နာစွာ လက်ကိုကိုင်၍ မချွတ်ချော်ရအောင် ဆင်းစေသော ကျေးဇူးကို အောက်မေ့သဖြင့် ကိလေသာနှင့် စပ်ကာ ကိန္နရာမကို လွမ်းဆွတ်သောကြောင့် မြည်တွန်ခြင်းဖြစ်၏၊ တစုံတရာအန္တရာယ်မရှိပါ"။

အဓိပ္ပါယ်

ငါ့မယားကိန္နရီမသည် ငါ့ကို မမြင်အောင်ပြုလုပ်သော မှောင်မိုက်ထဲ၌ မြင့်မောက်လှသော တောင်ထွတ်မှဆင်းရာ သခင်… ကျောက်၌ခြေမချော်စေလင့် ဟု နူးညံ့သောစကားဖြင့် ပြောဆိုကာ လက်ဖြင့်ကိုင်၍ ဆင်းသက်စေပြီ။

"မင်းကြီး….ကိန္နရာဖိုသည် ကိန္နရာမကို လွမ်းဆွတ်၍နေသည်၊ လွှတ်လော့"ဟု မိန့်တော်မူ၏၊ မင်းကြီးလည်း ကိန္နရာဖိုကို လွှတ်စေ၏။

ပစ္စေကဗုဒ္ဓါဥဒါန်းကျူးသံ

"မင်းကြီး....အဋ္ဌမအသံကြီးကား-ပစ္စေကဗုဒ္ဓါတဆူသည် အာယုသင်္ခါရလွှတ်ချိန်ဝယ် အလောင်းကို သဂြိုဟ်သည့်အတွက် သတ္တဝါအများ အကျိုးရှိအောင် ကြွတော်မူလာရာ သင်၏နန်းတော်ထက် ကောင်းကင်သို့ ရောက်သောအခါ ဝမ်းမြောက်ဝမ်းသာ ဥဒါန်း ကျူးရင့်ခြင်းဖြစ်၏၊ တစုံတရာအန္တရာယ်မရှိပါ"။

အဓိပ္ပါယ်

နိဗ္ဗာန်ကိုမြင်ပြီးသောငါကား- စင်စစ် နောက်ထပ်တဖန် အမိဝမ်း၌ပဋိသန္ဓေ နေရခြင်းမရှိတော့ပြီ၊ ယခုဘဝငါ၏အမိဝမ်း၌ ပဋိသန္ဓေ နေရခြင်းကား အဆုံးစွန်ဖြစ်သော ပဋိသန္ဓေနေရခြင်းပေတည်း၊ ငါ့အားဘဝသစ်၌ ဖြစ်ခြင်း၄ါ သံသရာအစဉ်သည် ကုန်ဆုံးခဲ့ပြီ။

"မင်းကြီး....ပစ္စေကဗုဒ္ဓါအရှင်သည် ယခုအခါသင်၏ဥယျာဉ်တော်တွင် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ရင်း၌ ပရိနိဗ္ဗာန် ပြုပေလိမ့်မည်" ဟု မိန့်တော်မူကာ မင်းကြီးခေါ်၍သွားရာ ပစ္စေကဗုဒ္ဓါ၏ အလောင်းကိုတွေ့လေ၏၊ မင်းကြီးလည်း ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို ပန်းနံ့သာတို့ဖြင့်ပူဇော်၍ နံ့သာထင်းပုံထက်၌ တင်ကာ မီးသဂြိုဟ်ပြီးလျှင် ဓာတ်တော်တို့ကို လမ်းခရီးလေးဆုံ၌ လူနတ်တို့အကျိုး၄ါ စေတီတည်ထားကိုးကွယ်လေ၏။

သေဘေးလွတ်ဘွယ် ရသည့်ကယ်

မင်းကြီးသည် မိမိကြားသောအသံကြီးရှစ်မျိုး၏ ဖြစ်ခြင်း အကြောင်းရင်းကို သက်သေ သာဓကနှင့်တကွ ကြားနာ

တွေ့မြင်ရသဖြင့် ယုံကြည်ကာ ယဇ်ပူဇော်ခြင်းကို စွန့်ပယ်တော်မူ၍ "အလုံးစုံသော သတ္တဝါတို့ကို မသတ်ရ" ဟု ဘေးမဲ့ ပေးတော်မူ၏၊ တပြည်လုံးသိအောင် စည်လည်စေ၏၊ သတ္တဝါတို့လည်း ရသေ့ကိုအမှီပြု၍ အသက်ဘေးမှ ချမ်းသာကုန်၏၊ ရသေ့လည်း မင်းကြီးကို အဆုံးအမ ပေးပြီးလျှင် ဟိမဝန္တာသို့ပြန်လေ၏၊ မယုတ်သော ဈာန်ရှိသည် ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားရ၏။

ကောသလမင်းကြီးလည်း ကြားရသော အသံကြီးတို့ကြောင့် တစုံတရာ ဘေးအန္တရာယ်မရှိကြောင်း သိလျှင် ယဇ်ပူဇော်ခြင်းကို စွန့်ပယ်စေ၍ သတ္တဝါတို့အား ဓမ္မိတဒါန ပေးတော်မူ၏၊ မြို့ကိုလည်း စည်လည်စေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။

※ ပုဏ္ဏားလုလင်သည်—သာရိပုတ္တရာ။

※ ရသေ့သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သက်သတ်၍သာ၊ ပူဇော်ရာ၊ ပယ်ရှားရေးကြောင်းမှတ်။

(၂) ပုဏ္ဏားထိုထို၊ လာဘ်ကိုလို၊ ယဇ်ကိုပူဇော်တတ်။

(၃) ပညာရှိများ၊ ဟောညွှန်ကြား၊ အများသေဘေးလွတ်။

အဋ္ဌသဒ္ဒဇာတ်ပြီး၏။

၄၁၉–သုလသာဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

ဥယျာဉ်ပျော်ပါး ကျွန်မသွား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အနာထပိဏ် သူဌေး၏ သုလသာမည်သော ကျွန်မတယောက်ရှိသတတ်၊ ထိုကျွန်မသည် အလွန်ခွန်အားကြီး၏၊ တနေ့သ၌ပွဲသဘင် ခံနေစဉ် ကျွန်မသည် မိမိသခင်ဖြစ်သော ပုညလက္ခဏာဒေဝီသူဌေးမထံ အဘိုးတသိန်းထိုက်တန်သော တန်ဆာကို ငှါးရမ်းဝတ်ဆင်လျက် ကျွန်မငါးရာခြံရံ၍ ပျော်ပါးကစားရန် ဥယျာဉ်သို့သွားလေ၏။

တန်ဆာယူလို ခိုးသားဆို

ထိုအခါသူခိုးတယောက်သည်သုလသာ၌ဆင်မြန်းထားသော တန်းဆာတို့ကို သုလသာကိုသတ်၍ ခိုးယူလို သဖြင့် စကားပြောလျက် အတူလိုက်၏၊ ဥယျာဉ်တော်သို့ ရောက်လျှင် ငါး,အမဲ, သေအရက်တို့ကိုပေး၏၊ သုလသာလည်း မိမိကိုကိလေသာဖြင့် မွေလျော်လို၍ပေးသည်ဟု ထင်မှတ်ကာ ယူ၍စားသောက်လျက် ဥယျာဉ်ကစား၏၊ သုလသာသည် စုံစမ်းမည်ဟု ညချမ်းအခါ ကျွန်မအပေါင်း အိပ်လတ်သော် သူခိုးထံချဉ်းကပ်၏၊ သူခိုးသည် "ရှင်မ.... ဤနေရာကား လျှို့ဝှက်သောနေရာမဟုတ်၊ရှေ့သို့ သွားဦးမည်"ဟု လည်ဆယ်၍ ပြောလေ၏။

ခိုးသားသတ်ကာ သုလသာ

သုလသာလည်း ဤအရပ်ကား လျှို့ဝှက်သောအမှုကို ပြုခြင်းငှါ သင့်လျော်ပါလျက် ကေန်ငါ့ကိုသတ်၍ ဆင်ထား

သော တန်ဆာကို ယူလိုသည် ဖြစ်လိမ့်မည်၊ ရှိစေဦး၊ထို ယောက်ျားကိုဆုံးမမည်ဟုကြံစည်လျက် “အရှင်….သူရာ မူးယစ်သဖြင့် တကိုယ်လုံးချောက်ချား၍နေ၏၊ ရေသောက် ပါရစေဦးဆိုကာ ရေတွင်း၌ရေခတ်ရန် အိုးနှင့်ကြိုးကိုပေး လိုက်၏၊ သူခိုးလည်း အဟုတ်မှတ်၍ ကြိုးဖြင့်အိုးကိုချည်၍ ရေငင်ရန် ရေတွင်းထဲသို့ချ၏၊ ကိုယ်ကိုကုန်း၍ ရေငင်လတ် သော် ခွန်အားကြီးသော သုလသာကျွန်မသည် လက်နှစ် ဘက်တို့ဖြင့် သူခိုး၏တင်ပါးကို တအားတွန်းကာ ရေတွင်း ထဲသို့စောက်ထိုးကျစေပြီးလျှင်“ငမိုက်ခွေး… သင်ဤမျှဖြင့် မသေသေး”ဆို၍ အုတ်ခဲကြီးတခုကိုယူကာ သူခိုးဦးခေါင်း ပေါ်သို့ချပြန်၏၊ သူခိုးလည်း ရေတွင်းထဲမှာပင်သေလေ၏။

ဖြစ်ကြောင်းသဘော သခင်မပြော

ထိုနောက် အိမ်သို့ပြန်လာ၍ သခင်မ အား တန်ဆာတို့ကို ပြန်ပေးပြီးလျှင် “သခင်မယနေ့အကျွန်ုပ်မှာ ဤတန်ဆာ တို့ကြောင့် သေလုမတတ် ဖြစ်ရသည်”ဟု ပြောဆိုကာ အကြောင်းစုံပြန်၍ ပြောကြားလေ၏၊ အနာထပိဏ်သူဌေး ကြီးကြားလျှင် မြတ်စွာဘုရားထံ သွား၍ လျှောက်ထား ပြန်၏၊ ထိုအခါ မြတ်စွာဘုရားသည် “သူဌေးကြီး….ဤ ကျွန်မသည် ယခုအခါ၌သာ ခဏခြင်းဖြစ်သော ပညာနှင့် ပြည့်စုံသည်မဟုတ်၊ရှေးအခါ၌လည်း ပြည့်စုံဘူးပြီ၊ဤသူခိုး ကို ဤကျွန်မသည် ယခုအခါ၌သာ သတ်သည်မဟုတ်၊ရှေး အခါ၌လည်း သတ်ဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

သူခိုးဖမ်းရေး မင်းမိန့်ပေး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် သုလသာမည်သော ပြည့်တန်ဆာမသည် အခြံအရံငါးရာရှိ၏၊ အသပြာတထောင်ပေး၍ တညဉ့်အဘို့ သွားလာရကုန်၏။

ထိုဗာရာဏသီပြည်၌ပင် သတ္တုကမည်သော သူခိုးကြီးလည်းရှိ၏၊ ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်၏၊ ညဉ့်အဘို့ မင်းအိမ်သို့ဝင်ကာ အလိုရှိတိုင်း ခိုးယူလေ့ရှိ၏၊ ပြည်သူတို့သည် စည်းဝေး၍ မင်းကြီးအား လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း မြို့စောင့်ကိုခေါ်၍ သူခိုးကြီးကို မိအောင်ဖမ်း၍ ဦးခေါင်းကို ဖြတ်ကြကုန်ဟု အမိန့်ပေးလေ၏။

ခိုးသားမြင်စွမ်း သုလသာစွဲလမ်း

မြို့စောင့်လည်း ထိုထိုအရပ်၌ လူကိုစုထား၍ ဘမ်းဆီးစေရာ သူခိုးကြီးကိုမိလျှင် လက်ပြန်ကြိုး ချီလျက် ခရီးလေးဆုံတိုင်းတို့၌ ကြိမ်လုံးဖြင့်ရိုက်နှက်၍ သုသာန်သို့ဆောင်၏။ ထိုအခါ သူခိုးကြီးကိုမိပြီဟု တမြို့လုံးချောက်ချားသွား၏၊ သုလသာလည်း လေသာပြူတင်းဖြင့် ကြည့်ရှုလတ်သော် လမ်းလယ်၌ သူခိုးကြီးကိုမြင်လျှင် အလွန် တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ မိမိထံလာ၍ ညစဉ် အသပြာတထောင်ပေး၍မွေ့လျော်နေကျဖြစ်သော သူဌေးသားကို လှည့်ပတ်ဖြားယောင်း၍ ညတွင်းချင်းပင် ခိုးသူသတ်ထံ အသပြာတထောင်ပေးစေ၍ သူခိုးကြီးကို လွတ်အောင်ဆောင်ရွက်စေ၏။

မိန်းမပရိယာယ်
နိုးသားလဲလှယ်

ခိုးသူသတ်လည်း အသပြာတထောင်ကို ယူကာ ပေးလာသော သူဌေးသားကို သူခိုးကြီးပြုလုပ်၍ သတ်ပြီးလျှင် သူခိုးကြီးကိုကားလွှတ်၍ သုလသာ ပြည့်တန်ဆာမထံ သွားစေ၏၊ သူခိုးကြီးလည်း အသက်ဘေးမှ လွတ်မြောက်လျှင် ကျေးဇူးရှင် သုလသာထံ သွားကာ သုလသာနှင့် အတူ လင်မယားအဖြစ်ဖြင့် ပေါင်းသင်းကာ နေ၏၊ သုလသာလည်း သူခိုးကြီးရောက်သောအခါမှစ၍ ပြည့်တန်ဆာမ အမှုကိုပယ်စွန့်ကာ မိန်းမကောင်းပြု၍ သူခိုးကြီးနှင့်အညီ အညွတ်နေ၏။

မယားလှည့်စား
ခေါ်၍သွား

သူခိုးကြီးသည် သုလသာနှင့်နေ၍ သုံးလေးရက်လွန်လတ်သော် ငါသည် ဤအရပ်၌မနေနိုင်၊ လက်ချည်းသက်သက်လည်းမပြေးနိုင်၊ သုလသာ၏တန်ဆာလည်း အဘိုးတသိန်းထိုက်တန်၏၊ ၎င်းကိုသတ်၍ ယူပြေးမည်ဟုကြံစည်လျက် တနေ့သ၌ သုလသာနှင့်အတူနေစဉ် "ရှင်မ.... ငါ့ကို သူသတ်ဆောင်ယူသွားသောအခါ ဤမည်သောတောင်၌ရှိသောရုက္ခစိုးနတ်ကို အကျွန်ုပ်အားစောင့်ရှောက်ပါ၊ လွတ်မြောက်လာလျှင် ပူဇော်ပါမည်ဟု ဝန်ခံကတိပြုထား၏၊ ထိုရုက္ခစိုးနတ်သည် မပူဇော်သဖြင့် ငါ့အားခြိမ်းချောက်ဘိ၏၊ သို့အတွက် ပူဇော်ဘွယ်တို့ကိုစီမံပါ"ဟု လည်ဆယ်၍ ပြောလေ၏၊ သုလသာလည်းအဟုတ်တကယ်မှတ်၍ ပူဇော်ဘွယ်တို့ကိုစီမံပြီးလျှင် အဝတ်တန်ဆာဆင်ဝတ်ကာ သတ္တုကကိုခေါ်၍ အခြွေအရံနှင့်တကွ ပူဇော်ရန်သွားကြ၏။

လိမ်လည်၍ခေါ် တောင်ထိပ်ပေါ်

တောင်ခြေရင်းသို့ရောက်လျှင် သတ္တုကသည် "ရှင်မ.... ရက္ခစိုးနတ်သည် လူအများကိုမြင်သော် ပူဇော်သက္ကာရကို ခံမည်မဟုတ်၊ တို့လင်မယားနှစ်ယောက်တည်းသွားမည်" ဟု အခြွေအရံတို့ကို တောင်ခြေရင်း၌နေခဲ့စေ၍ သုလသာအား ကန်တော့ပွဲကိုရွက်စေ၍ မိမိမူကား လက်နက်ငါးပါးကိုယူဆောင်လျက် တောင်ထိပ်သို့တက်ပြီးလျှင် အသူတရာမှုနက်သော တောင်ကမ်းပါးပြတ်၌ မှီ၍ပေါက်နေသော သစ်ပင်ရင်းသို့ရောက်သောအခါ ကန်တော့ပွဲကိုချစေ၏။

ထိုအခါ သုလသာသည် "အရှင်.... ရက္ခစိုးနတ်ကို ပူဇော်မည်လော"ဟုမေး၏၊ "ရှင်မ...ငါသည်ရက္ခစိုးအား ပူဇော်ရန်လာသည်မဟုတ်၊ သင့်ကိုသတ်၍ တန်ဆာတို့ကို ယူရန်လာ၏၊ ယခုချွတ်၍ အပေါ်ရုံပုဆိုးနှင့်ထုပ်လော့"ဟု ပြော၏၊ "အရှင်.... အဘယ့်ကြောင့်သတ်မည်နည်း"ဟု မေး၏၊"ဥစ္စာကို လိုချင်သောကြောင့် သတ်မည်"ဟုပြောဆိုလေ၏။

ကျေးဇူးပြောလည်း အချည်းနှီး

ထိုအခါ သုလသာသည် "အရှင်.... အသက်ကိုကယ်ဆယ်ခဲ့သောကျေးဇူးကို အောက်မေ့ပါ"ဟု ပြောဆိုပြီးလျှင်—

"အရှင်....အရှင့်အား ကောင်းခြင်း မင်္ဂလာ
ဖြစ်ပါစေ၊ အရှင့်အား ရွှေလည်ရွဲတန်ဆာကိုရင်း
များစွာသော ပုလဲ ကျောက်မျက်ရွဲတန်ဆာတို့ကို
ငင်းယူပါ၊ အကျွန်ုပ်ကိုလည်း ကျွန်မိန်းမဟု လူတို့
အလယ်ပြောကြားပြီး ပေါင်းသင်းဆက်ဆံပါ"—

ဟု သတ္တုကအား ပြခဲ့ဘူးသော ကျေးဇူးကိုသိစေရန်

ပစ္စည်းကိုယူ၍ လူကိုလည်းပေါင်းသင်းရန် အပ်နှင်းကာ တောင်းပန်လေ၏၊ ထိုအခါ သတ္တုကသည်-

"အို-ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသော ရှင်မ.... သင်သည် ဝတ်ဆင်ထားသောတန်ဆာတို့ ကိုချွတ်လော၊ ပြင်းထန်စွာမငိုကြွေးလင့်၊ ငါကား ဥစ္စာရှင်ကိုမသတ်ဘဲ ဥစ္စာကိုယူဘူးသည်မရှိ"-

ဟု သုလသာအား ကျေးဇူးကိုမသိ၊ ငဲ့ညှာခြင်းလည်း မရှိဘဲ အာဏာသံဖြင့် တင်းမာစွာပြောလေ၏။

နိုးသားချော့ပြော ပရိယာယ်နှော

ထိုအခါ သုလသာလည်း ဉာဏ်ပညာ နှင့်ပြည့်စုံ၍ ပရိယာယ်ကို နားလည်သူ ဖြစ်ရကား တခဏခြင်းဖြစ်သောဉာဏ် ဖြင့် အကြောင်းကိုပြောပြလျက် ရှိခိုး၍တောင်းပန်သော် လည်း အသက်ကိုချမ်းသာပေးမည်မဟုတ်၊ ငါသည်ဥပါယ် တမျဉ်ဖြင့် ကမ်းပါးပြတ်သို့တွန်းချ၍ သူခိုးကြီးကိုသတ် မည်ဟု ကြံစည်လျက်-

"အရှင်.... အကျွန်ုပ်သည် ငယ်ရွယ်စဉ် သတိ ရနိုင်သောအခါမှစ၍ သိကြားလိမ္မာသောအရွယ် သို့ရောက်သည်တိုင်အောင် အရှင်ထက်ချစ်ခင်သော လင်ယောကျ်ားကို မတွေ့ခဲ့ဘူးပါ"။

"အရှင်.... လာပါဦးလော၊ အရှင့်ကိုလည်း ဘက်ပါဦးမည်၊ လက်ျာရစ်လှည့်ပါဦးမည်၊ ယခု အခါ နောက်ထပ်တဘန် အကျွန်ုပ်နှင့်အရှင်

ပေါင်းသင်း မွေလျော်နိုင်ခြင်း ရှိတော့မည် မဟုတ်ပါ''—

ဟု လှည့်ကာ ပတ်ကာ ပြောဆိုဖြားယောင်းလေ၏၊ သတ္တုကလည်း အလိုကိုမသိ၍ အဟုတ်ထင်မှတ်လျက် လည်ကိုအဘက်ခိုင်းလေ၏။

ဥပါယ်ဆင်လတ် ခိုးသားသတ်

သုလသာလည်း လည်ကိုဘက်ကာ သုံးကြိမ် လက်ျာရစ်လှည့်ပြီးလျှင် ''အရှင်···· ယခုအခါအရှင့်ကို အရပ်လေးမျက်နှာတို့၌ရှိခိုးဦးမည်''ဟုဆို၍ခြေဖမိုး၌ဦးတင်ကာသတ္တုက၏မောင်းတို့ကိုရှိခိုးလျက် နောက်သို့ဆုပ်၍ ရှိခိုးယောင်ပြုပြီးလျှင် အငေးကိုကြည့်လျက် ခိုးသူကြီး၏နောက်မှ ခြေနှစ်ဘက်တို့ကိုကိုင်ကာ ဦးစောက်ထား၍ အသူတရာနက်သောချောက်သို့တွန်းချလိုက်၏၊ ခိုးသူကြီးလည်း ချောက်ထဲတွင် မှုန့်မှုန့်ညက်ညက်ကြေ၍ သေဆုံးလေ၏။

ပရိယာယ်ကြံကောင်း အောင်မြင်ကြောင်း

ထိုအခါ တောင်ထိပ်၌နေသောရုက္ခစိုးနတ်သည် သုလသာပြုလုပ်သော အမှုအရာကိုမြင်၍—

''အချင်းတို့···· အရာခပ်သိမ်းတို့၌ ယောကျ်ားသာလျှင် ပညာရှိသည်မဟုတ်၊ မိန်းမလည်း ပညာရှိပေ၏၊ ထိုထိုအရာ၌ အထူးသဖြင့်မြော်မြင်ပေ၏။

အရာခပ်သိမ်းတို့၌ ယောကျ်ားသာလျှင်ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း ပညာရှိပေ၏၊ လျင်မြန်စွာ အကျိုးစီးပွားကို ကြံစည်နိုင်ပေ၏။

မိမိကိုယ်တိုင် သေဝပါးနိုးဖြစ်လျက် စင်စစ် ထိုခိုးသူကြီး၏သေကြောင်းကို လျင်မြန်စွာကြံစည်နိုင်

ပေ၏၊ မြွားဖြင့် သားကောင်ကို ပစ်သတ်သကဲ့သို့ သုလသာလည်း သတ္တုကကို သတ်လေ၏။

ရုက္ခစိုးချီးမွမ်း ပညာစွမ်း

ဤလောက၌ အကျိုးစီးပွားကို လျင်မြန်စွာမသိမမြင်ပညာနုံ့ နွေးသောသူသည် တောင် ကမ်းပါး၌ ခိုးသူကြီး ကဲ့သို့ သေရ၏။

ဤလောက၌ အကျိုးစီးပွားကို လျင်မြန်စွာ သိမြင်နိုင်သောသူသည် (သုလသာသည်) သတ္တုကမှ လွတ်မြောက်သကဲ့သို့ ရန်သူဘေးမှ လွတ်မြောက်ရ၏''—

ဟု သုလသာအား ချီးကျူးလေ၏၊ သုလသာလည်း ခိုးသူကြီးကိုသတ်ပြီးလျှင် တောင်ထိပ်မှဆင်းသက်ကာ မိမိအခြွေအရံများထံသွားလတ်သော်အခြွေအရံတို့က''အရှင့်သားကားအဘယ်မှာနည်း''ဟု မေးမြန်းကြလျှင် ''အရှင့်သားကို မမေးကြလင့်''ဟု ပြောဆိုပြီးလျှင် ရထားစီး၍ မြို့တွင်းသို့ ဝင်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါသုလသာသည်-ယခုအခါသုလသာကျွန်မ။

※ သတ္တုကသည်-ခိုးသူကြီး။

※ တောင်စောင့်နတ်သည်- ငါဘုရားဖြစ်လာပြီ''—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခပ်သိမ်းသောရာ၊ ယောက်ျားသာ၊ ပညာရှိမဟူ။
(၂) မိန်းမသည်ပင်၊ အထူးမြင်၊ ဉာဏ်ရှင်ဖြစ်၏ဟူ။
(၃) သေဝနီးပါး၊ ဘေးရန်များ၊ လွတ်ကြောင်းဥပါယ်ကူ။
(၄) အကျိုးဖြစ်အင်၊ လျင်စွာမြင်၊ သက်ရှင်ကြီးပွားဟူ။
(၅) ဖြစ်မည့်အရေး၊ ဉာဏ်မြင်သေး၊ ဘေးတွေ့ပျက်လိမ့်ဟူ။

သုလသာဇာတ်ပြီး၏။

၄၂၀—သုမင်္ဂလဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ကျိုးကြောင်းစဉ်းစား မင်းကျင့်တရား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော် မူစဉ် ရာဇောဝါဒ သုတ်ကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ပစ္စေကဗုဒ္ဓါမှ မင်းကြီးရှု

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော်ဘုရားအလောင်းသည်ဗြဟ္မဒတ် မင်း၏မိဖုရားကြီးဝမ်း၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အဘမင်းကြီး သေလွန်သဖြင့် မင်းအဖြစ်ကို ရလေ၏၊ မင်းကြီးသည် အလှူကြီးကို ဖြစ်စေ၏၊ ထိုမင်းကြီးအား သုမင်္ဂလမည်သော ဥယျာဉ်စောင့်သည်ရှိလေ၏။

ထိုအခါ ပစ္စေကဗုဒ္ဓါတဆူသည် ဟိမဝန္တာနန္ဒမူလိုဏ်မှ ဒေသစာရီ လှည့်လည်တော်မူရာ ဗာရာဏသီ ပြည်သို့ ရောက်လျှင် ဥယျာဉ်တော်၌တည်းခို၍ နံနက်အခါ မြို့တွင်းသို့ဆွမ်းခံဝင်လတ်သော် မင်းကြီးအိမ်တံခါးသို့ရောက်လျှင် မင်းကြီးမြင်တော်မူ၍ အလွန်ကြည်ညိုသဖြင့် နန်းတော်သို့ ပင့်ဘိတ်ကာ ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ကပ်လှူလေ၏၊ ပစ္စေကဗုဒ္ဓါလည်း ဆွမ်းအနုမောဒနာ ပြုတော်မူ၏။

မင်းကြည်ညိုလတ်နိစ္စဘတ်

မင်းကြီးသည် အနုမောဒနာကို ကြားရလျှင် အလွန်ကြည်ညို၍အမြဲကိုးကွယ်လိုသဖြင့် ဥယျာဉ်တော်၌သီတင်းသုံး၍ နန်းတော်၌ အမြဲဆွမ်းဘုဉ်းပေးရန် လျှောက်ထားလေ၏၊ ပစ္စေကဗုဒ္ဓါလည်း မင်းကြီး အကျိုးစီးပွားကို ငဲ့ညှာတော်မူသဖြင့် သည်းခံခွင့်ပြုတော်မူ၏၊မင်းကြီးလည်းပစ္စေကဗုဒ္ဓါ ဥယျာဉ်တော်သို့ ကြွလျှင် ကိုယ်တိုင်လိုက်ပါ၍ နေ့သန့်ရာ ညဥ့်သန့်ရာနေရာထိုင်ခင်း အဆောက်အဦတို့ကို စီရင်စေ၍ ပစ္စေကဗုဒ္ဓါအား အမြဲ လုပ်ကျွေးရန် ဥယျာဉ်စောင့် သုမင်္ဂလအား အပ်နှင်းတော်မူ၏၊သုမင်္ဂလလည်းရိုသေစွာ လုပ်ကျွေးလေ၏။

အရံစောင့်ပန်ကြားခရီးသွား

တနေ့သ၌ ပစ္စေကဗုဒ္ဓါသည် သုမင်္ဂလကိုခေါ်၍ "ဒါယကာ....ငါသည် ဤမည်သောရွာသို့သွားလိုသည်၊ နှစ်ရက်သုံးရက်နေ၍ ပြန်လာမည်၊ မင်းကြီးအား ပြောကြားပါ" ဟု မှာထား၍ ကြွလေ၏၊ ပစ္စေကဗုဒ္ဓါလည်း နှစ်ရက်သုံးရက် ထိုရွာ၌ နေပြီးလျှင် ညချမ်းသောအခါ နေဝင်

လတ်သော် ဥယျာဉ်တော်သို့ ပြန်ရောက်လေ၏၊ သက်နိုး သပိတ်ကို သိုမှီးကာ ကျောက်ဖျာ၌ ထိုင်လျက် နေ၏၊ သုမင်္ဂလလည်း ပစ္စေကဗုဒ္ဓါ ပြန်ရောက် လာသည်ကို မသိလေ။

သားကောင်ထင်မှား ပစ်ခတ်ခြင်း

ထိုနေ့တွင် သုမင်္ဂလအိမ်သို့ ဧည့်သည် တို့သည်ရောက်လာကြကုန်၏၊သုမင်္ဂလ လည်း ဟင်းလျာ အတွက် ဥယျာဉ် တော်၌ ဘေးမဲ့ပေးထားသော သမင်တို့ကို ပ်မည်ဟု လေး မြှားကိုယူ၍ ဥယျာဉ်တော်သို့ သွား၍၊ ပစ္စေကဗုဒ္ဓါကို မြင်လျှင် သမင်ကြီးဖြစ်လိမ့်မည်ဟု ထင်မှတ်၍ လေးဖြင့် ပစ်လေ၏၊ ပစ္စေကဗုဒ္ဓါကလည်း မြှားမှန် လတ်သော် ဦးခေါင်းခြုံကိုဖွင့်ကာ သုမင်္ဂလ–ဟု လှမ်း၍ ခေါ်တော်မူ၏။

မြှားဒဏ်ထိမှု ပရိနိဗ္ဗာန်ပြု

သုမင်္ဂလလည်း ထိုအခါမှ ပစ္စေကဗုဒ္ဓါ မှန်းသိ၍ အလွန်ကြောက်ရွံ့ထိတ်လန့် လျက်ရှိခိုးကာ“အရှင်ဘုရား····အရှင် ဘုရား ပြန်ရောက်သည်ကို မသိပါ၊ သမင်ကြီးထင်မှတ်၍ ပစ်မိပါ၏၊အပြစ်မယူသည်းခံတော်မူပါ”ဟု ဝမ်းနည်းစွာ လျှောက်ထား တောင်းပန်လေ၏၊ ပစ္စေကဗုဒ္ဓါလည်း “သုမင်္ဂလ···ပစ်မိသည်ဖြစ်စေတော့၊ ယခုအခါအဘယ်သို့ ပြုအံ့နည်း၊ လာ၍မြှားကိုသာနုတ်ပေလော့”ဟု မိန့်တော် မူ၏၊ သုမင်္ဂလ လည်း ရှိခိုး၍ မြှားကိုနုတ်၏၊ ပစ္စေကဗုဒ္ဓါ လည်း အားကြီးသောဝေဒနာဖြင့် ခဏခြင်းပင် ပရိနိဗ္ဗာန် ပြုလေ၏။

ရှာပနသပ္ပါယ် စေတီတည်

သုမင်္ဂလလည်း မင်းဒဏ်ကို ကြောက်သဖြင့် သားမယားနှင့်တကွ အရပ်တပါးသို့ပြေးလျက် ပုန်းလျှိုး၍နေရှာလေ၏၊ နတ်တို့အာနုဘော်ကြောင့် ပစ္စေကဗုဒ္ဓါပရိနိဗ္ဗာန်ပြုလေပြီဟု တမြို့လုံး တပြိုင်နက်တည်း အုတ်အုတ် ကျက်ကျက်ဖြစ်လေ၏၊ လူတို့သည် ဥယျာဉ်တော်သို့ သွားကြ၍ ဥယျာဉ်စောင့်ကိုမမြင်လျှင် ဥယျာဉ်စောင့်သည် ပစ္စေကဗုဒ္ဓါကို သတ်၍ပြေးကြောင်းကို မင်းကြီးအား လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း စစ်သည်ဗိုလ်ပါနှင့်တကွ ဥယျာဉ်တော်သို့ သွားကာ ခုနစ်ရက်ပတ်လုံး အလောင်းတော်ကို များစွာ ပူဇော်သက္ကာရပြုပြီးလျှင် မီးသဂြိုဟ်၍ ဓာတ်တော်တို့ကိုယူကာ စေတီတည်၍ ကိုးကွယ်လေ၏။

မင်းကြီးစိတ်ပြေ ခေါ်နိုင်းလေ

သုမင်္ဂလလည်း တနှစ် လွန်လတ်သော် မင်းကြီးကိုစုံစမ်းရန်အမတ်တယောက်ကိုစေလွှတ်၏၊ အမတ်လည်း မင်းကြီးထံ သုမင်္ဂလ၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ၏၊ မင်းကြီးလည်း ဆိတ်ဆိတ်သာ နေ၏၊ နှစ်နှစ် လွန်ပြန်သော် စုံစမ်းစေပြန်၏၊ ဆိတ်ဆိတ်သာနေပြန်၏၊ သုံးနှစ်လွန်၍ စုံစမ်းသောအခါ မင်းကြီး၏ စိတ်သည် နူးညံ့လျက်အမျက်ပြေနေသည်ကိုသိ၍ သုမင်္ဂလအား ခေါ်စေ၏၊ မင်းကြီးလည်း ဥယျာဉ်စောင့်ကို ပဋိသန္ထာရစကား ပြောကြားပြီးလျှင် "သုမင်္ဂလ....ငါ၏ အရှင်ပစ္စေကဗုဒ္ဓါကို အဘယ့်ကြောင့် သတ်သနည်း" ဟု မေး၏၊ "အရှင်မင်းကြီး.... အကျွန်ုပ်သည် ပစ္စေကဗုဒ္ဓါကို မသတ်ဝံ့ပါ၊ စင်စစ်ကား သမင်ကြီးထင်မှတ်၍ ပစ်မိကြောင်းကို လျှောက်ထားလေ

၍''၊ထိုအခါ မင်းကြီးသည် ယုံကြည်သဖြင့် ဥယျာဉ်စောင့် ခန့်ငြိတိုင်း ခန့်တော်မူ၏။

ကျိုးကြောင်းကြည့်၍ မင်းကျင့်မှု

ထိုအခါ အမတ်သည် မင်းကြီးအား ''မြတ်သောမင်းကြီး…မင်းကြီးတို့သည် နှစ်ကြိမ်တိုင်အောင် သုမင်္ဂလ၏သတင်းစကားကြားသောအခါ ဆိတ်ဆိတ်သာနေ၍ သုံးကြိမ်မြောက်ကြားသောအခါမှ ခေါ်စေပြီး ချီးမြှောက်တော်မူသနည်း'' ဟု လျှောက်၏၊ ထိုအခါမင်းကြီးသည်—

''အမတ်မင်း…. မင်းမည်သည် မိမိကိုယ်ကို အမျက်ထွက်နေသည်ကို သိလျှင် အလျင်အမြန်ဒဏ်ကို မပေးရာ၊ အကြောင်းမဟုတ် မလျောက်ပတ်သော ဒဏ်ကိုပြုကြကုန်ဟု ဆိုမိလျှင် သူတပါးအား ပြင်းစွာဆင်းရဲခြင်းကို ဆိုမိရာ၏။

မိမိ၏စိတ် ကြည်လင်ခြင်းကို သိ၍ သူတပါး၏အကျိုးနှင့် အပြစ်ကို ဆင်ခြင်နိုင်သောအခါ ဤသည်ကား အကျိုးဖြစ်သည်၊ ဤသည်ကား အပြစ်ဖြစ်သည်ဟု ကိုယ်တိုင် ဆင်ခြင်ပြီးနောက်မှ သူတပါးအပြစ်အားလျော်စွာ ဒဏ်ကိုပေးရာ၏''။

အဂတိလိုက်စား အပါယ်လား

''လောက၌ မင်းမည်သည် အဂတိလေးပါးသို့ မလိုက်စားသည်ဖြစ်၍ သင့်သည် မသင့်သည်ကို စူးစမ်းဆင်ခြင်ရာ၏၊ ထိုမင်းသည် မိမိကိုဖင်း,သူတပါးကိုဖင်း မပူလောင်စေ၊ ဂုဏ်ကျေးဇူး အခြံအရံ အကျော်အစောကို

စောင့်ရှောက်သော မင်းသည် ကြက်သရေမှ မဆုတ်ယုတ်လေ။

မစူးစမ်း မဆင်ခြင်ဘဲ အဂတိလေးပါးသို့ လိုက်စားကာ အလျင်အမြန် ဒဏ်ပေးသော မင်းတို့သည် ဂုဏ်ကျေးဇူးမဲ့ကုန်လျက် အသက်ကို စွန့်ကြရကုန်၏၊ ဤပစ္စုပ္ပန်ဘဝမှ သေလွန်သည်ရှိသော် ဒုဂ္ဂတိဘဝသို့ လားကြရကုန်၏"။

ကျိုးနှစ်ပါးကြည်ရှု ချီးကျူးမှု

"ကောင်းသောအကျင့်စာရိတ္တ ရှိသော ရှေးမင်းတို့ ကျင့်မြဲဖြစ်သော မင်းကျင့်တရား ဆယ်ပါး၌ မွေ့လျော်သောမင်းတို့သည် ကာယဒွါရ, ဝစီဒွါရ မနောဒွါရတို့ဖြင့် ကြီးမြတ်ကုန်၏၊ ငြိမ်းချမ်းခြင်း သီလ သမာဓိ၌ တည်သော မင်းတို့သည် နှစ်ပါးသော လူ့ပြည် နတ်ပြည်သို့ လားကြရကုန်၏။

ငါကားယောကျ်ား မိန်းမတို့ကို အစိုးရသော မင်းဖြစ်၏၊ အကယ်၍ အမျက်ထွက်လာပါမူ မိမိကိုယ်ကို တားမြစ်၍ ထားဦးမည်၊ သင့်သော အကြောင်းဖြင့် လူအပေါင်းကို သနားညှာတာလျက် ဒဏ်ကိုပေးလေ၏"—

ဟု အမတ်အား မိမိ၏ ဂုဏ်ကျေးဇူးကို ပြောကြားလေ၏၊ ဂုဏ်ကျေးဇူးကိုသာ ချီးကျူးကြကုန်၏။

မင်းချီးကျူးပြဆုတောင်းမှု

ထိုအခါ သုမင်္ဂလ ဥယျာဉ်စောင့်သည် မင်းကြီးကို ရှိခိုး၍ လက်အုပ်ချီကာ—

"မြတ်သောမင်းကြီး… အရှင်မင်းကြီးကို အခြံအရံနှင့် ပြည့်စုံခြင်း သိရှိသည်ဖြင့်, ဘုန်းပညာဖြစ်သော လက္ခဏာသည်ဖြင့် ဘယ်အခါမျှ မစွန့်ပါစေသတည်း။

အရှင်မင်းကြီးသည် အမျက်မထွက် စိတ်တော်ကြည်လင်လျက် မဆင်းရဲဘဲ နှစ်ပေါင်း တရာပတ်လုံး စောင့်ရှောက်နိုင်ပါစေသတည်း"။

"မြတ်သော မင်းကြီး…. အရှင်မင်းကြီးသည် ဆိုအပ်ခဲ့ပြီးသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံလျက် မင်းကျင့်တရား ဆယ်ပါး၌ တည်ကာ ဆိုလွယ်ပြောလွယ်သော စကားရှိသည်ဖြစ်၍ အမျက်မထွက်ဘဲ ချမ်းသာစွာ မိမိစိုးပိုင်သော တိုင်းနိုင်ငံကို မနှိပ်စက်မူ၍ ဤဘဝမှ သေလွန်သည် ရှိသော် သုဂတိဘဝသို့ လားပါစေသတည်း"။

သည်းထန်စွာ ရွာသွန်းသော မိုးသည် မိုးရေဖြင့် မြေကြီးကို ငြိမ်းအေးစေသကဲ့သို့၊ ထို့အတူ ကောင်းစွာ ဆောင်အပ်သော အကြောင်းဖြင့်၎င်း ကောင်းသော စကားဖြင့်၎င်း ကုသိုလ်ကမ္မပထ ဆယ်ပါးဖြင့်၎င်း အသင့်အတင့်သော အကြောင်း ဥပါယ်၌ လိမ္မာသဖြင့်၎င်း ဆိုဆုံးမလျက် ချောက်ခြားနေသော လူအပေါင်းကို ငြိမ်းအေးအောင်ပြုနိုင်ပါစေသတည်း"—

ဟု မင်းကြီး၏ ဂုဏ်ကျေးဇူးကိုပင် ချီးကျူးလျက် ဆုတောင်း မေတ္တာပို့လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သုမင်္ဂလသည်- ယခုအခါ အာနန္ဒာ၊

※ မင်းကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အမျက်ထွက်ပြန်၊ လျင်အမြန်၊ မင်းဒဏ်မပေးရာ။
(၂) စိတ်၌ကြည်လင်၊ ကျိုး,ပြစ်မြင်၊ ဆင်ခြင်ပေးကြရာ။
(၃) အဂတိများ၊ မလိုက်စား၊ တရားစောင့်ကြရာ။
(၄) အပါယ်လမ်းကြဉ်၊ နတ်လမ်းယှဉ်၊ အစဉ်မင်းဘို့မှာ။

သုမင်္ဂလ ဇာတ်ပြီး၏။

၄၂၁-ဂင်္ဂမာလဇာတ်

ပစ္စုပ္ပန်၀တ္ထု

သီလစောင့်မှု ဟောကြားပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဥပုသ်စောင့် သောသူတို့ကို ခေါ်တော်မူ၍ ''သီတင်းသည်တို့....သင်တို့ ဥပုသ်စောင့်သုံးခြင်းကား ကောင်းသောအမှုကို ပြုပေ၏၊ အလှူကိုလည်း ပေးကြကုန်၊ သီလကိုလည်း ဆောက်တည် ကြကုန်၊ မေတ္တာ ဘာ၀နာကိုလည်း ပွါးများကြကုန်၊

ရှေးပညာရှိ တို့သည် နေ့ထက်ဝက် စောင့်သုံးရသော ဥပုသ်ကံကိုအမှီပြု၍ ကြီးစွာသော မင်းစည်းစိမ်ကိုရဘူးကုန်ပြီ”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

သူဌေးအိမ်ရှိသမျှ သီလစောင့်ကြ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ထိုပြည်၌ သုစိပရိဝါရမည်သောသူဌေးသည် ရှိသတတ်၊ ထိုသူဌေးသည် ဥစ္စာကုဋေ ရှစ်ဆယ်ကြွယ်ဝ၏၊ ကုသိုလ်ကောင်းမှု၌ မွေ့လျော်၏၊ သူဌေးသည်၎င်း, သူဌေးကတော်သည်၎င်း, အယုတ်သဖြင့် နွားကျောင်းသားတို့သည်၎င်း တအိမ်လုံးလဆန်း၌ ရှစ်ရက်, ဆယ့်တစ်ရက်,လပြည့်အားဖြင့် သုံးရက်၊ ထို့အတူလဆုတ်၌လည်း သုံးရက်အားဖြင့် တလဝယ် ခြောက်ရက်သော နေ့တို့၌ ဥပုသ်စောင့်သုံးလေ့ရှိကုန်၏။

သူဆင်းရဲအစားအလုပ်သွား

ဘုရားအလောင်းလည်း သူဆင်းရဲဖြစ်၍ အခစား ပြုလုပ်လျက် ငြိုငြင်သဖြင့် ဘဝသက်မွေးရ၏၊ တနေ့သ၌ သုစိပရိဝါရသူဌေးအိမ်သို့ သွား၍ သူဌေးကြီးထံ ခစားရှိခိုး၍ အခစားလုပ်ရန် ခွင့်ပန်၏၊သူဌေးကြီးလည်းလုပ်ရန်ခွင့်ပြု၏၊ အခြားသူတို့ အမှုလုပ်လို၍ လာသောအခါ ဥပုသ်စောင့်နိုင်သူတို့ကိုသာ ပြောဆို၍ လက်ခံ ခွင့်ပြုသော်လည်း သူဆင်းရဲကို တစုံတရာမပြောဆိုဘဲ လက်ခံခွင့်ပြုလိုက်၏။

သူဆင်းရဲသည် ထိုအခါမှစ၍ သူဌေးအိမ်၌ ရှိသမျှအမှုကိစ္စတို့ကို မခိုမကပ်ဘဲ သက်စွန့်ကြိုးပမ်း ဆောင်ရွက်၏၊ နံနက်စောစောထ၍ အမှုလုပ်ရာအရပ်သို့ သွားပြီးလျှင် ညချမ်းမှ အိမ်သို့ပြန်ရ၏၊ ဥပုသ်နေ့ ရောက်လတ်သော် တအိမ်လုံး စောစောက ထမင်းချက်၍ စားသောက်ကြပြီးလျှင် ဥပုသ်ဆောက်တည်ကာ မိမိတို့နေရာ၌နေ၍ သီလကို ဆင်ခြင်ကြကုန်၏။

နေ့ဝက်တွင်မှ သီလဆောက်တည်

သူဆင်းရဲလည်း ဥပုသ်နေ့မှန်း ဥပုသ်ဆောက်တည်ရမှန်း မသိ၍ စောစောကလျှင် အမှုလုပ်ရာအရပ်သို့ သွား၍ အမှုလုပ်ပြီး ညချမ်းအခါ အိမ်သို့ပြန်လာရာ "အချင်းတို့.. ယနေ့တအိမ်လုံး တိတ်ဆိတ်နေသည်၊ အဘယ်သို့သွားကြသနည်း"ဟု မေး၏၊ "အမောင်.... ဥပုသ်ဆောက်တည်ကြသဖြင့် သီလကိုဆင်ခြင်၍နေသည်"ဟု ပြောကုန်၏။

သူဆင်းရဲလည်း ထိုအခါမှ ထိုအိမ်တွင် ဥပုသ်ဆောက်တည်မှန်းသိ၍ သီလရှိသူတို့အထဲ၌ · ငါတယောက်ထည်း ကြောင်တက်တက်နေ၍ မလျော်၊ ညရောက်ပြီ၊ ဥပုသ်ဆောက်တည်၍ ဖြစ်ဦးမည်လောဟု ကြံစည်ကာ သူဌေးကြီးထံသွား၍မေးလေ၏၊ ထိုအခါ သူဌေးကြီးလည်း နေ့တဝက်ဥပုသ်ရသေးကြောင်း ပြောဆိုသဖြင့် သူဆင်းရဲသည် သူဌေးကြီးထံမှာပင် ဥပုသ်ဆောက်တည်ကာ မိမိနေရာသို့ သွား၍ သီလကို ဆင်ခြင်လျက်နေ၏။

ကိုယ့်သက်မထောက် သီလစောင့်

ညဉ့်ပစ္ဆိမယာမ်သို့ ရောက်လတ်သော် သူဆင်းရဲသည် အလုပ်လုပ်ရသည်ကလည်း အလွန်မောပန်းလျက် နံနက်

စောစောမှစ၍ အစာလည်း အနည်းငယ်မျှပင် မစားရသဖြင့် ကမ္ဗောဇမ်းမီးတောက်လောင်လျက် *သတ္တကလေတို့သည် ထကြွသောင်းကျန်းကုန်၏၊ သူဌေးကြီးကဆေးတို့ကိုယူဆောင်၍ အစားခိုင်းသော်လည်း နေ့ထက်ဝက်ဥပုသ်မျှကို မဖျက်လို အသက်သေသည်တိုင်အောင် ဥပုသ်ဆောက်တည်တော့မည်ဟု ပြောဆို၍ မစားဘဲ နေ၏၊ အချက်တက်လတ်သော် သတိမရတော့ဘဲ မေ့မြော၍သွားလေ၏၊ အိမ်သားတို့လည်း သေတော့မည်ဆဲဆဲဖြစ်သဖြင့် အိမ်ရှေ့ခန်းသို့ ထုတ်၍ထားကြကုန်၏။

သီလတန်ခိုး
တိုင်းပြည်စိုး

ထိုအခိုက် ဗာရာဏသီ မင်းကြီးသည် မင်း၏ အသရေဖြင့် မြို့ကိုလှည့်လည်၍ လာတော်မူရာ သူဌေးကြီး အိမ်ရှေ့သို့ ရောက်လေ၏၊ သူဆင်းရဲလည်း မင်းကြီး၏ အသရေကို မြင်လျှင် လိုချင်သော လောဘဖြစ်၍ တောင့်တမိ၏၊ ထိုအခိုက်စုတေလျှင် နေ့တဝက် ဥပုသ်ဆောက်တည်ရသောကုသိုလ်ကံကြောင့် ဗာရာဏသီမင်းကြီး၏ မိဖုရားကြီးဝမ်း၌ ဖြစ်လေ၏၊ ဆယ်လစေ့၍ ဘွားမြင် လတ်သော် သတို့သားကို ဥဒယမင်းသားဟု အမည်မှည့်ကုန်၏။

ထိုဥဒယမင်းသားသည် အရွယ်သို့ ရောက်လတ်သော် ရှေးဘဝက အဖြစ်အပျက်ကိုသိမြင်နိုင်သော ဇာတိဿရဉာဏ်ဖြင့် ဆင်ခြင်သောအခါ နေ့တဝက် စောင့်သုံးခဲ့ဘူးသော ဥပုသ်ကံကိုသတိရ၍ "ငါရရှိသောအကျိုးကား ကြီးကျယ်မြင့်မြတ်လှ၏၊ ကုသိုလ်ကံကား သေးနုပ်လှ၏" ဟု

---

* သတ္တကလေ…ဓားလက်နက်နှင့်တူသော လေ၊ လေသင်မုန်း။

မပြတ် ဥဒါန်းကျူးရင့်၏၊ အဘမင်းကြီး လွန်လတ်သော် မင်းအဖြစ်ကိုရ၍ ကြီးကျယ်မြင့်မြတ်လှသော မင်း၏အသရေကိုကြည့်ပြီးလျှင် ထိုဥဒါန်းကို မကြာမကြာကျူးရင့်လေ့ရှိ၏။

ပဲဝက်စုထား ရေထမ်းသမား

တနေ့သ၌ မြို့တော်ဝယ် ပွဲသဘင်ခံကြကုန်၏၊ လူအများလည်း သူ့ထက်ငါ မြူးထူးပျော်ပါးလျက် ပွဲသဘင်ကိုကြည့်ရှုကြကုန်၏၊ ထိုအခါ မြို့တော်၏မြောက်ဘက်တံခါး၌နေ၍ ရေထမ်း၍ရောင်းချလျက် ဆင်းဆင်းရဲရဲ အသက်မွေးရရှာသော ရေသည်ယောကျ်ားတယောက်သည် ခဲခဲယဉ်းယဉ်း စုဆောင်းထားသော ပဲဝက်မျှအသပြာကို နောင်လိုခါရစေတော့ဟု မြောက်တံခါးအုတ်ခဲကြားတွင် ထားခဲ့ပြီးလျှင် တောင်တံခါးသို့ သွား၍ ရေထမ်း၍ပင် ရောင်းချလျက် အသက်မွေးပြန်၏။

မောင်မယ်ရေရောင်း အတူပေါင်း

ထိုမြို့တော်မှာပင် တောင်တံခါး၌နေကာ ရေခပ်၍ရောင်းချလျက် ဆင်းဆင်းရဲရဲအသက်မွေးရသော ရေသည်မိန်းမတယောက်လည်းရှိ၏၊ ထိုရေသည်မလည်း ရေရောင်း၍ရသော ပဲဝက်မျှအသပြာကို နောင်ခါအရေးအကြောင်းရှိလျှင် ရစေတော့ဟု ခြစ်ခြစ်ခြုပ်ခြုပ်စုဆောင်းလျက် မိမိနေရာတောင်တံခါးတွင် အုတ်ခဲကြား၌ထား၏၊ မြောက်တံခါးနေ ရေသည်ယောကျ်ားနှင့် တောင်တံခါနေ ရေသည်မိန်းမတို့သည် ဆုံတွေ့ကြရာ အတန်းအစားတူဖြစ်ကြသဖြင့် သင့်မြတ်ခါ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြကုန်၏။

တူစုံမောင်နှံ ပျော်ပါးရန်

ထိုအခါ ရေသည်မသည် မိမိ လင်ယောကျ်ားအား "အရှင်....မြို့တော်ဝယ် ပွဲသဘင်ခံကြကုန်၏၊ သူ့ထက်ငါ မြူးထူးပျော်ပါး ကစားကြကုန်၏၊ ငါတို့လည်း ကစားလိုကြသည်၊ သင့်အား တစုံတရာပစ္စည်းဥစ္စာရှိပါသလား"ဟု မေး၏၊ "ရှင်မ....ရှိပေသည်"ဟုပြော၏၊ "ဘယ်လောက်များသလဲ"ဟု မေး၏၊ "ပဲဝက်မျှဖြစ်သည်"ဟု ပြော၏၊ "ဘယ်မှာလဲ"ဟုမေး၏၊ "မြောက်တံခါးတိုင် အုတ်ကြားထဲမှာထားခဲ့သည်"ဟု ပြော၏၊ "ရှင်မ.... သင့်မှာကော ပစ္စည်းဥစ္စာ ဘယ်မျှရှိသနည်း"ဟု မေး၏၊ "အရှင်....ရှိပါသည်"ဟု ပြော၏၊ "ဘယ်လောက်များသလဲ"ဟု မေး၏၊"ပဲဝက်မျှသာဖြစ်သည်"ဟု ပြော၏၊"ဘယ်မှာလဲ" ဟုမေး၏၊ "ဤတောင်တံခါးတိုင် အုတ်ခဲကြားထဲမှာထားသည်"ဟုပြော၏၊"သင်၏ဥစ္စာကပဲဝက် ငါ၏ဥစ္စာကပဲဝက် အားဖြင့် တို့မှာ ဥစ္စာတပဲရှိခဲ့၏၊ ထိုတပဲကိုလေးပုံပုံ၊ တပုံ ပန်းဝယ်၊ တပုံနံ့သာဝယ်၊ တပုံသေအရက်ဝယ်၍ ပွဲသဘင် ကစားကြကုန်အံ့၊ ယခု အမြန်သွား၍ယူပါ"ဟု ပြောလေ၏။

ပင်ပန်းပြေးလွှား ရေထမ်းသမား

ရေသည် ယောကျ်ားသည် ငါကား မယားထံမှ စကားကိုရပေပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ "ရှင်မ.... မစိုးရိမ်လင့်၊သင့်အလိုပြည့်အောင် ယခုငါသွား၍ယူမည်" ဟု ပြောဆိုကာ အိမ်မှထွက်သွားလေ၏၊ ခရီးလမ်းကား နီးလှသည်မဟုတ်တဆယ့်နှစ်ယူဇနာဝေးကွာ၏၊ဆင်ပြောင် အားကဲ့သို့ အားကြီးလှသော ရေသည်ယောကျ်ားလည်း

ခြောက်ယူဇနာမျှ လွန်သောအခါ နေ့မွန်းတည့်ချိန် ဖြစ်၍ မီးကျီးအခင်းကဲ့သို့ ပူပြင်းလှသောသဲပြင်ကိုနင်းလျက် ဥစ္စာ လောဘဖြင့် အလွန်ရှင်လန်းအူမြူး၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကာ ထန်းရွက်နားဒေါင်းကို ပန်ဆင်လျက် ပုဆိုးတထည်ကိုခြုံ၍ သီချင်းတကျော်ကျော်သီဆိုကာ မင်း ရင်ပြင် လမ်းခရီးဖြင့် သွားလေ၏။

ရေသည်ပျော်မွေ့ မင်းနှင့်တွေ့

ထိုအခိုက်မင်းကြီးသည် ပြူတင်းပေါက်မှမြင်လျှင်၍ယောကျ်ားကား နေပူသဲပူကိုဂရုမစိုက် သီချင်းတကျော်ကျော်သီဆိုကာ ရှင်လန်းနှစ်သက်စွာ အဘယ်ကြောင့် သွားနိုင်သနည်းခေါ်၍မေးမည်ဟုကြံစည်လျက်မင်းချင်းတယောက်ကိုအခေါ်ခိုင်း၏၊ မင်းချင်းလည်း အမြန်ပြေး၍ခေါ်ရာ ရေသည်ယောကျ်ားသည် ငါနှင့်မင်းကြီး အဘယ်သို့မျှမတော်စပ် ငါလည်းမသိဟု ပြောဆို၍ သွားမြဲသွားလေ၏၊ ထိုအခါမင်းချင်းသည် ဗလက္ကာရဖြင့်ဆောင်ယူသဖြင့် မင်းကြီးထံရောက်၍ သင့်တင့်သောနေရာ၌ နေ၏။

လုလင်ချင်းအရာ မင်းမေးကာ

ထိုအခါမင်းကြီးသည်လုလင်ယောကျ်ား နေပူကြဲကြဲ မမောဘဲ ပြေးလွှားသီဆိုလာသည်ကို မေးလိုသဖြင့်—

"အို-ယောကျ်ား....မြေကြီးကား မီးကျီးကဲ့သို့ ပူလျက် ပြာပူသဘွယ်ဖြစ်သောသဲပူနှင့်တကွဖြစ်ခဲ့၏၊ သို့ပါလျက် ပုဆိုးတထည်ကိုခြုံကာ သီချင်းဆိုဘိ၏၊ သင့်မှာ ထိုအပူသည် မပူလောင်ဘဲ ရှိသလော၊ ပူလောင်ဘဲနေသလော။

"အထက်မှာနေကပူ၏၊ အောက်မှာ မြေကြီးနှင့် သဲပူကပူ၏၊ သို့ပါလျက် သင်သည် ပုဆိုးတထည်ကို မြိုလျက် သီချင်းဆိုဘိ၏၊ သင့်မှာ နေပူသဲပူတို့မပူ လောင်ဘဲရှိသလော"–

ဟု ရေသည်ယောကျ်ားအား အလွန်အံ့ဩလျက်မေး မြန်းလေ၏။

ရေသည်လျှောက်ကြားသူ့စိတ်ထား

ရေသည် ယောကျ်ားလည်း မင်းကြီး စကားကိုကြားလျှင်–

"အရှင်မင်းကြီး....အကျွန်ုပ်ကို နေပူသဲပူတို့ သည် မပူလောင်စေပါ၊ ဝတ္ထုကာမ ကိလေသာ ကာမတို့သာ ပူလောင်စေကုန်၏၊ ထိုဝတ္ထုကာမ ကိလေသာကာမကို အမှီပြု၍ဖြစ်သော အမှုကိစ္စ ကား များပြားလှ၏၊ ထိုကိစ္စတို့သည် အကျွန်ုပ်ကို ပူလောင်စေကုန်၏၊ နေပူသဲပူတို့သည် မပူလောင် စေပါ"–

ဟုမင်းကြီးအား လျှောက်ထား၏။

နေပူထက်သာ ကာမတဏှာ

ထိုအခါ မင်းကြီး သည် ရေသည် ယောကျ်ားအား "အို-ယောကျ်ား.... သင်၏ကိစ္စကား- အဘယ်ကိစ္စနည်း" ဟုမေး၏၊ "အရှင်မင်းကြီး....အကျွန်ုပ်ကားတောင်တံခါး ဝယ် ဆင်းရဲစွာသော မိန်းမနှင့် အိမ်ထောင်ကျလျက်နေ ရပါ၏၊ ပွဲသဘင်၌ကစားရန် မိန်းမက မြောက်တံခါးအုတ် ခဲကြားတွင် ထားသော ဥစ္စာကို ယူချေဟု ခိုင်းစေသဖြင့်

လာခဲ့ပါ၏၊ မိန်းမ၏ ပွဲကစားမည်ဆိုသော စကားမှာ အကျွန်ုပ် စိတ်ထဲ၌ စွဲ၍နေပါ၏၊ ထိုကာမ အပူသည် အကျွန်ုပ်ကို ပူလောင်စေပါ၏" ဟု လျှောက်ထား၏။

အလွန်စွဲမက်
ငွေပဲဝက်

"အို-ယောက်ျား…ဤကဲ့သို့ နေပူသဲပူကြီးထဲ၌ ဂရုမစိုက်ဘဲ ရွှင်လန်းစွာသွားနိုင်ပေ၏၊ ထိုရွှင်လန်း နိုင်ခြင်း အကြောင်းကား အဘယ်နည်း"ဟု မေး၏၊ "အရှင်မင်းကြီး…. ထိုဥစ္စာကိုယူခဲ့၍ မိန်းမနှင့် မွေလျော်ပျော်ပါးရတော့မည်ဖြစ်သောကြောင့် ရွှင်လန်းပါ၏"ဟု လျှောက်ထား၏၊"အို-ယောက်ျား‥သင့်ဥစ္စာကား-"တသိန်းလော" "မဟုတ်ပါ" "ငါးသောင်းလော" "မဟုတ်ပါ" လေးသောင်း, သုံးသောင်း, နှစ်သောင်း, တသောင်းစသည်ဖြင့် တပဲတိုင်မေးရာမဟုတ်ပါဟုမြစ်ပယ်သဖြင့်"ပဲဝက်လော" ဟု မေးရာမှ "ဟုတ်ပါသည်"ဟု လျှောက်ထားလေ၏။

ထီးနန်းနှင့်လဲလေ
ပဲဝက်ငွေ

ထိုအခါ မင်းကြီးသည် အလွန်အံ့ဩလျက် "အို-ယောက်ျား….မသွားလေနှင့်၊ သင့်အားပဲဝက်သောဥစ္စာကို ငါကပင်ပေးမည်"ဟုပြော၏၊ "အရှင်မင်းကြီး…. ပေးတော်မူသောဥစ္စာကိုလည်း ယူပါမည်၊ အကျွန်ုပ်ဥစ္စာကိုလည်း မစွန့်နိုင်ပါ၊ သွားပါမည်"ဟု လျှောက်ထား၏၊ ထိုအခါ မင်းကြီးသည် တပဲ,နှစ်ပဲ စသည်ဖြင့် တဖြေးဖြေးတက်၍ ကုဋေတရာ, သူဌေးရာထူး, အိမ်ရှေ့မင်း ရာထူးကျအောင် ပေးသော်လည်း ဝန်မခံ သွား၍ယူဦးမည်သာ လျှောက်ထားလေ၏၊ ထီးနန်းစည်းစိမ်ကို တဝက်ပေးမည်ဟု ပြောရာမှ သွား၍မယူတော့ပါဟုဝန်ခံလေ၏၊

အဇုမာသက မင်းအဖြစ်ရ

ထိုအခါ မင်းကြီးသည် အဆွေခင်ပွန်းအား မုတ်ဆိတ် ဆံပင်တို့ကို ပြုပြင်၍ နံ့သာရေ ချိုးစေပြီးလျှင် အဘိသိက်သွန်းကာ မင်းမြှောက်လေ၏၊ ရေသည်ယောက်ျားသည် မင်းဖြစ်ပြီး၍လည်း ဝဲဝက်သောအသပြာကို သွား၍ယူသည်သာတည်း၊ ထိုကြောင့် အဇုမာသကမင်းဟုခေါ်ဝေါ်ကြကုန်၏၊ ထိုမင်းနှစ်ပါးတို့သည် တိုင်းပြည်ကို တဝက်စီခွဲဝေကာ အုပ်ချုပ်လျက် အညီအညွတ် ဝမ်းမြောက်ဝမ်းသာနေကြကုန်၏၊ အခါကာလ ကြာမြင့် လတ်သော် မင်းနှစ်ပါးတို့သည် တနေ့သ၌ ဥယျာဉ်ကစားရန် အတူတကွ သွားကြကုန်၏။

လောဘဖေါက်ပြန် သတ်ဘို့ကြံ

ဥယျာဉ်တော်သို့ ရောက်လျှင် ဥဒယမင်းသည် အဇုမာသကမင်း၏ ပေါင်ပေါ်၌ ခေါင်းအုံး၍အိပ်၏၊ အိပ်ပျော်လတ်သော် အခြံအရံလူတို့သည် ထိုထိုအရပ်သို့ သွားနေခိုက်တွင် အဇုမာသကမင်းသည် ငါ့မှာ အခါခပ်သိမ်း တိုင်းပြည်တဝက်ကို မင်းပြုရသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤဥဒယမင်းကိုသတ်၍ တတိုင်းပြည်လုံး မင်းပြုမည်ဟု အအိမ်မှသန်လျက်ကိုထုတ်၏၊ တဘန် ဤမင်းကားဆင်းရဲစွာသောငါ့အား ကိုယ်နှင့်အတူပြု၍ မင်းစည်းစိမ်ကိုပေးဘိ၏၊ စည်းစိမ်ပေးသော ကျေးဇူးရှင်မင်းမြတ်ကိုသတ်၍ စည်းစိမ်ကိုယူရန်ဖြစ်သော အလိုရမ္မက်ဆိုးသည်စင်စစ်မကောင်းဟု သတိရလျက် သန်လျက်ကိုအအိမ်သို့ပြန်သွင်း၏၊ ဤသို့နှစ်ကြိမ်သုံးကြိမ်ကြံစည်ကာသန်လျက်ကိုထုတ်တုံ သွင်းတုံ ပြုလေ၏။

မိမိအမှားမြင် ကာမနှင့်

ထိုနောင်မှ အစုမာသက မင်းသည် ငါ့မှာ ဤစိတ်မျိုး အဘန်ဘန်ဖြစ်နေလျှင် မုချမကောင်းမှုအကုသိုလ်ဖြစ်ပေလိမ့်မည်၊ သတိတရားရကာ သန်လျက်ကိုချ၍ဥဒယမင်းကို အိပ်ရာမှ ထစေပြီးလျှင် "မြတ်သောမင်းကြီး.... သည်းခံတော်မူပါ"ဟု တောင်းပန်ကာမြေ၌ဝပ်၏၊ "သင်၌အပြစ်မရှိသည် မဟုတ်ပါလော"ဟု မေး၏၊ "အပြစ်ရှိပါသည်၊ အကျွန်ုပ်သည် ဤမည်သော အမှုကို ပြုလုပ်မိပါသည်"ဟု ပြော၏၊ "ဤလိုဖြစ်လျှင် သင့်အား ငါသည်းခံ၏၊သင်အလိုရှိသော် မင်းပြုပါ၊ ငါအိမ်ရှေ့မင်းပြုမည်" ဟု ပြော၏၊ "အကျွန်ုပ်မင်းအဖြစ်အလိုမရှိပါ၊ဤတဏှာသည် အပါယ်ဘုံ၌ ဖြစ်စေလတံ့၊ သင်မင်းကြီးသာမင်းပြုရစ်ပါ၊အကျွန်ုပ်ရဟန်းပြုတော့မည်၊ . ကာမဂုဏ်အပြစ်ကို မြင်ပေပြီ၊ ဤကာမဂုဏ်ကား ကြီးစည်လေလေ ပွါးများလာလေလေဖြစ်၏၊ ဤအခါမှစ၍ ကာမဂုဏ်ကို မကြီးစည်တော့အံ့"ဟု ပြောဆိုပြီးလျှင်—

"ဟယ်-ကာမ....သင်၏အမြစ်အရင်းကို ငါမြင်အပ်ပြီ၊ သင်ကား ကြံစည်သဖြင့် ဖြစ်လာ၏၊သင့်ကို မကြံစည်တော့ပေ၊ ဤသို့ မကြံစည်သည်ရှိသော် ငါ့ကိုယ်စိတ်အတွင်း၌ သင်သည်မဖြစ်နိုင်လတံ့"—

ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးလေ၏။

သီးနန်းဖြစ်မြင် တောသို့ဝင်

ထိုနောက်တဘန်ထီးနန်း၌စွဲလမ်းသော ကာမတဏှာကိုစွန့်လို၍—

"မြတ်သောမင်းကြီး.... နည်းပါးကုန်သော ဝတ္ထုကာမ, ကိလေသာကာမတို့သည်လည်း လု

များအား မလောက်နိုင်ကုန်၊ များသောကာမ
တို့ဖြင့်လည်း လူများသည်မရောင့်ရဲနိုင်ကုန်၊ ကာမ
တို့ကား မသာယာအပ်သော တရားတို့တည်း၊
လူမိုက်တို့ကို ငါ့ဟာ ငါ့ဥစ္စာဟု စွဲလမ်းစေကုန်၏၊
ဤကာမတို့ကို ဗောဓိပက္ခိယတရား ပွါးသောသူ
သည် ပယ်ရှားနိုင်ရာ၏"-

ဟု ကာမ၌ လုံ့လပြု၍နေသောသူတို့အား တရား ဟော၏၊ ဤသို့လျှင် အဓုမာသကမင်းသည် လူအများကို တရားဟောပြီးလျှင် မင်းအဖြစ်ကို ဥဒယမင်းအား အပ်နှင်း၍ ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြုပြီးလျှင် ဈာန် အဘိညာဉ်ကို ဖြစ်စေ၏။

ဥဒါန်းကျူးရ မသိကြ

ဥဒယ မင်းသည် အဓုမာသကမင်း ရဟန်းပြုပြီးသော အခါ၌ ဥဒယမင်း သည် ဥဒါန်းကျူးလိုသဖြင့်-

"အချင်းတို့.... ငါ၏ကြီးကျယ် မြင့်မြတ်သော
အကျိုးကား-အနည်းငယ်မျှ နေ့တဝက် ဥပုသ်ကံ၏
အကျိုးဖြစ်၏၊ ဥဒယမင်းသည် ကြီးကျယ်မြင့်မြတ်
သော မင်းစည်းစိမ်ကိုရခဲ့၏၊ အဓုမာသကမင်း
သည် ကာမကိုပယ်၍ ရဟန်းပြုခဲ့၏၊ ထိုအဓုမာသ
ကမင်းအား စင်စစ်လူ့အဖြစ်ကိုအရတော်ပေ၏"-

ဟုအပြည့်အစုံ ဥဒါန်းကျူးလေ၏၊ ထိုဥဒါန်း၏အနက် အဓိပ္ပါယ်ကို တစုံတယောက်သောသူမျှ မသိ။

မင်းကြီးမှတ်ဆိတ် သုတ်သင်ရိတ်

တနေ့သော အခါ မိဖုရားကြီးသည် မင်းကြီးအား ဥဒါန်းဂါထာ၏ အနက် အဓိပ္ပါယ်ကို မေး လျှောက် လေ၏၊

မင်းကြီးကား တစုံတရာမပြောဆို၊ ထိုအခါ မင်းကြီးအား ဂင်္ဂမာလမည်သောဆတ္တာသည် ရှိခဲ့၏၊ ထိုဆတ္တာသည် သည် မင်းကြီး၏ မုတ်ဆိတ်ဆံပင်ကို ပြုပြင်သည်ရှိသော် ရှေးဦးစွာ ဆံပင်ကိုရိတ်၏၊ နောက်မှ မုတ်ဆိတ်ကိုနုတ်၏၊ မင်းကြီးသည် ဆံပင်ရိတ်သောအခါ ချမ်းသာ၏၊မုတ်ဆိတ် နုတ်သောအခါ ဆင်းရဲ၏၊မင်းကြီး၏သဘောကား ရှေးဦး စွာမုတ်ဆိတ်ကို နုတ်စေလို၏၊ နောက်မှ ဆံပင်ကိုရိတ် စေလို၏။

မိဖုရားအကြံမှီ ဆတ္တာသည်

တနေ့သ၌ မင်းကြီးနှင့် မိဖုရားကြီးတို့ စကား ပြောနေကြရာ မင်းကြီးသည် "ရှင်မ···· ဂင်္ဂမာလကား အလွန် မိုက်၏"ဟုပြော၏၊ "အရှင်မင်းကြီး···· ဘယ်လိုပြုစေလို သနည်း"ဟုမေး၏၊ "ရှင်မ····မုတ်ဆိတ်ကိုရှေးဦးစွာနုတ် ပြီး ဆံပင်ကို ရိတ်လျှင် ကောင်းမည်"ဟု ပြောလေ၏၊ မိဖုရားကြီးလည်း ဂင်္ဂမာလကို ခေါ်၍ "အမောင်···· မင်းကြီး၏ဆံ မုတ်ဆိတ်ကို ပြုပြင်သည်ရှိသော် ရှေးဦးစွာ မုတ်ဆိတ်ကိုနုတ်လော၊ နောက်မှ ဆံပင်ကိုရိတ်လော၊ ဤလို ပြုလျှင် သင့်အားဆုပေးလိမ့်မည်၊ ပေးသောအခါ အခြား ဆုကိုမယူလင့်၊ ရွှတ်ဆိုနေကျ ဥဒါန်းဂါထာ၏ အနက် အဓိပ္ပါယ်ကို ကြားနာလိုသောဆုကိုသာယူလော၊ သင့်အား ဥစ္စာများစွာပေးမည်"ဟု မှာထားလေ၏။

မင်းဆုရက တောင်းပန်ရ

ဂင်္ဂမာလသည် မင်းကြီး၏ မုတ်ဆိတ် ဆံပင်ကို ပြုပြင်သည်ရှိသော် ရှေးအခါ ကလိုမဟုတ်ဘဲ မုတ်ဆိတ်ကိုရှေးဦးစွာ နုတ်၏၊ ဆံပင်ကိုနောက်မှရိတ်၏၊ မင်းကြီးသည် အလွန်

နှစ်သက်တော်မူသဖြင့် ဂင်္ဂမာလအား လိုရာဆုကိုယူလော့ဟုပေး၏၊ ဂင်္ဂမာလလည်း မိဖုရားကြီး မှာထားသောအတိုင်း "ဥဒါန်းဂါထာ၏ အနက်အဓိပ္ပါယ်ကို နာကြားရသောဆုကိုလိုသည်, အခြားဆုကိုမလို"ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း ဆုပေးပြီးဖြစ်၍ မငြင်းသာတော့ဘဲ ပေးမည်ဟုဝန်ခံရလေ၏။

မင်းကြီးဟောကြားဥဒါန်းများ မင်းကြီးသည် ရတနာမဏ္ဍပ်နှင့်ရတနာပလ္လင်အစရှိသည်တို့ကို စီရင်စေပြီးလျှင် လူအများကို စည်းဝေးစေ၍ ရတနာပလ္လင်၌ တင့်တယ်စွာနေလျက်-မြတ်စွာဘုရား၏ တင့်တယ်ခြင်းဖြင့်—

အချင်းတို့....ငါသည် ရှေးဘဝတွင်ဗာရာဏသီပြည်ဝယ် သူဆင်းရဲဖြစ်၍ သုစိပရိဝါရမည်သော သူဌေးကြီးအိမ်၌ အခစားလုပ်စဉ် နေ့တဝက်စောင့်သုံးခဲ့ဘူးသော ကောင်းမှု ကုသိုလ်ကံကြောင့် ဤကြီးကျယ် မြင့်မြတ်သော မင်းစည်းစိမ်ကို ရ၏၊ ကုသိုလ်ကောင်းမှုကား အလွန် နည်းပါး လှ၏၊ အကျိုးကား ကြီးကျယ်မြင့်မြတ်လှ၏၊ ငါ၏အဆွေခင်ပွန်းအဓုမာသကမင်းကား ကာမကိုစွန့်ပယ်၍ ရသေ့ရဟန်းပြုဘိ၏၊ ငါမူကား မေ့လျော့၍ မင်းပြုကာနေခဲ့၏"—

ဟု ဇာတိဿရ ဉာဏ်ဖြင့် ဥဒါန်းဂါထာ၏ အနက်အဓိပ္ပါယ်ကို ဟောကြားလေ၏၊ မိဖုရားကြီးမှစ၍ လူအများသည် ဥဒါန်းဂါထာ၏ အနက်အဓိပ္ပါယ်ကို သိရှိနားလည်ကြ၏။

ဆေတ္တာသည်ခွင့်ပန် ရဟန်းပြုမြန်

ဂင်္မာလဆေတ္တာ့သည်လည်း မင်းကြီး၏အကြောင်း အတ္တုပ္ပတ်ကို ကြားသိရလျှင် နည်းပါး လှသော နေ့တဝက်ဥပုသ်ကံကြောင့် ကြီးကျယ်မြင့်မြတ်သော မင်းစည်းစိမ်ကို ရရှိပေသေး၏၊ကုသိုလ်မည်သည်ပြုကောင်းသည်သာတည်း၊ ငါလည်း ရဟန်းပြု၍ မိမိ၏ ထောက်တည်ရာကို ပြုလျှင်ကောင်းမည်ဟုကြံစည်၍ စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ပြီးလျှင် မင်းကြီးကိုခွင့်ပန်၍ ဟိမဝန္တာသို့ဝင်ကာရသေ့ရဟန်းပြုလေ၏၊ မကြာမီ ဝိပဿနာကို ပွားသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်၍ နန္ဒမူလိုဏ်၌နေလေ၏။

မင်း သတိပေး အမည်ခေါ်မေး

ငါးနှစ် ကြာသောအခါ ဗာရာဏသီမင်းကြီးကိုကြည့်ရှုမည်ဟု ဗာရာဏသီပြည်သို့ ကြွလာ၍ ဥယျာဉ် တော်ကျောက်ဖျာ၌ နေတော်မူ၏၊ မင်းကြီးလည်း ကြားတော်မူလျှင် ပစ္စေကဗုဒ္ဓါကိုရှိခိုးမည်ဟု မြို့တော်မှ ထွက်လေ၏၊ မယ်တော်လည်းသားတော်နှင့်အတူထွက်လေ၏၊ ပစ္စေကဗုဒ္ဓါအထံသို့ရောက်လျှင် ရှိခိုး၍နေလတ်သော် မင်းကြီးကိုပဋိသန္ထာရပြုသောအခါ "ဗြဟ္မဒတ်....သင် မေ့လျော့နေသလော၊တရားသဖြင့် မင်းပြု၏လော၊ ကောင်းမှုကို ပြု၏လော" စသည်ဖြင့် မင်း၏အမည်ကိုခေါ်၍ ပဋိသန္ထာရပြုလေ၏။

ဂုဏ်ကိုမသိ အမျက်ထွက်မိ

ထိုအခါ မယ်တော်သည် အချိုးယုတ်သည် အမျိုးမြတ်သော ငါ့သားကို ဗြဟ္မဒတ်ဟု အမည်ကိုထုတ်ဖေါ် ခေါ်ရပါမည်လောဟု အမျက်ထွက်သဖြင့်—

"ဂဂ်မာလ…· သတ္တဝါတို့သည် အကျင့်ဖြင့် ယုတ်မာသောအမှုကိုစွန့်ကုန်၏၊ ဆေတ္တာသည်…· သတ္တဝါတို့သည် အကျင့်ဖြင့် အမျက်ထွက်သော အဖြစ်ကို စွန့်ကုန်၏၊ ဂဂ်မာလ…·ယခု သင်သည် အကျင့်ဖြင့် ငါ့သားကိုနှိပ်စက်၍ ဗြဟ္မဒတ် အမည်ဖြင့်ခေါ်သင့်သလော"–

ဟု ပစ္စေကဗုဒ္ဓါအား မေးလေ၏။

သီလကျိုးပြ မင်းဆုံးမ

ထိုအခါ မင်းကြီးသည် သီလရှိသော ပုဂ္ဂိုလ်တို့၏ အကျိုးကို ပြလိုသဖြင့်–

"အို-မိခင်··ခန္တီသီလ၏အကျိုးကား အလုံးစုံသောသူတို့၏ ရှိခိုးခြင်းကိုခံရ၏၊ မင်း, အမတ်နှင့် တကွဖြစ်သော ငါတို့သည် ထိုပစ္စေကဗုဒ္ဓါကို ရှိခိုးရကုန်၏၊ ခန္တီသီလ၏မျက်မှောက်ဖြစ်သောအကျိုးကို သင်တို့ရှုကြကုန်လော့"–

ဟု မယ်တော်ကို တားမြစ်ကာ ပစ္စေကဗုဒ္ဓါ၏ ဂုဏ်ကျေးဇူးကို ချီးကျူးလေ၏။

သီလကျေးဇူး ပုဂ္ဂိုလ်ထူး

မယ်တော်ကို တားမြစ်သည် ရှိသော် ကြွင်းသော လူတို့သည် တဘန် ထ၍ "မြတ်သော မင်းကြီး…· အမျိုးယုတ်သောသူက အရှင်မင်းကြီးကိုအမည်အားဖြင့် မခေါ်သင့်" ဟု ပြောဆိုကြပြန်၏၊ ထိုအခါ မင်းကြီးသည်–

"အို–အချင်းတို့…·သင်တို့သည် ရဟန်းတို့၏ ဗောဓိပက္ခိယတရားဟူသော အကျင့်ကို ကျင့်သော

အရှင်ဂဂ်မာလကို တစုံတခုသောစကားကိုမျှ မဆိုကြလင့်၊စိုးရိမ်ခြင်းကင်းသော ရဟန္တာတို့ကူးသွားရာဖြစ်သော သမုဒ္ဒရာကို အရှင် ဂဂ်မာလသည် ကူးမြောက်ပေပြီ''-

ဟု လူအများကိုလည်း တားမြစ်ပြန်၍ ပစ္စေကဗုဒ္ဓါ၏ ခြေကျေးဇူးကို ချီးကျူးပြန်၏။

ပစ္စေကဆုံးမတော်ပြန်ကြွ

ထိုနောက် မင်းကြီးသည် ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီးလျှင် ''အရှင် ဘုရား…. မယ်တော်အား သည်းခံတော်မူပါ''ဟု လျှောက်ထားလေ၏၊ ပစ္စေကဗုဒ္ဓါလည်း ''မင်းကြီး…. ငါသည်းခံ၏''ဟု မိန့်တော်မူ၏၊ တဖန် မင်းပရိသတ်ကို ကန်တော့စေ၏၊ မိမိအထံ၌ သီတင်းသုံးရန် လျှောက်ထားပြန်၏၊ ပစ္စေကဗုဒ္ဓါလည်း ခွင့်ပြုတော်မမူဘဲ မင်းကြီးနှင့် တကွ ပရိသတ်အများ မြင်စဉ်လျှင် ကောင်းကင် ခရီးဖြင့် နန္ဒမူလိုဏ်သို့ ကြွတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်- ရဟန်းတို့….

※ ထိုအခါ အဓုမာသက မင်းသည်- ယခုအခါ အာနန္ဒာ။

※ မယ်တော်သည်-မဟာမာယာ။

※ မိဖုရားကြီးသည်-ရာဟုလာမယ်တော်။

※ ဥဒယမင်းသည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိလေကာမ၊ မြစ်မူလ၊ ကြီကပွားသည်သာ။
(၂) နည်းမလောက်ဘဲ၊ များသော်လဲ၊ ရောင့်ရဲမရှိပါ။
(၃) လူတွင်မိုက်ခဲ၊ ငါ့ဟာဘဲ၊ စွဲလမ်းစေတော့သာ။
(၄) ကုသိုလ်ဘက်ကား၊ နည်းသော်ငြား၊ ကြီးမားကျိုးတို့မှာ။

ဂင်္ဂမာလ ဇာတ်ပြီး၏။

၄၂၂–စေတိယဇာတ်

ပစ္စုပ္ပန်ဝတ္ထု

အဝီစိကျလတ်ဒေဝဒတ် နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒေဝဒတ်သည် မှသားဆို၍ မြေမျိုကာ အဝီစိငရဲကြီး၌ လားရခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

နတ်များခြံရံထီးနန်းစံ လွန်လေပြီးသော ကမ္ဘာဦး အခါ လူတို့သည် အသင်္ချေယျ တိုင်အောင် အသက်ရှည်ကြကုန်၏၊ ရှေးဦးစွာသော မင်းကား မဟာသမ္မတမည်၏၊ ထိုမင်း၏ သားတော်အစဉ်အဆက်တို့ကား ဥပစရမည်သော စေတိယမင်းတိုင်အောင် ဆယ့်တဆက်တို့ ဖြစ်ကုန်၏။

ထိုစေတိယမင်းကား- စေတိယတိုင်း သောတ္ထိယမြို့၌ မင်းပြုတော်မူ၏၊ ထိုမင်း၏ တန်ခိုးတို့ကား—

(၁) ကောင်းကင်ဖြင့် သွားနိုင်ခြင်း။
(၂) နတ်သား လေးယောက်တို့သည် သန်လျက်ကို ကိုင်စွဲကာ အရပ်လေးမျက်နှာမှ စောင့်ရခြင်း။
(၃) ကိုယ်မှ စန္ဒကူးနံ့ မွှေးခြင်း။
(၄) ခံတွင်းမှ ကြာညိုနံ့မွှေးခြင်း။

ဟု လေးပါးတို့ဖြစ်ကုန်၏၊ ပုရောဟိတ် ပုဏ္ဏားကား- ကပိလမည်၏၊ ထိုပုရောဟိတ်၏ ညီကား- ကောရကလမ္ဗက မည်၏။

ပုရောဟိတ်ရာဟန်းပြု အသစ်တင်မှု

ထိုမင်းသည် ငယ်စဉ် အခါက ကောရကလမ္ဗကအား မိမိနှင့် အတတ်ပညာ သင်ကြားဘက်ဖြစ်၍ ငါမင်းအဖြစ်သို့ ရောက်လျှင် သင့်အား ပုရောဟိတ်ရာထူးကို ပေးမည် ဟု ဝန်ခံကတိပြုခဲ့ဘူး၏။

ထိုစေတိယမင်းသည် မင်းအဖြစ်သို့ ရောက်သော်လည်း အဘလက်ထက်က ပုရောဟိတ်ဖြစ်သော ကပိလအား ရာထူးမှ ကျစိမ့်သော်ငှါ မတတ်နိုင်၊ မိမိထံပုရောဟိတ် အခစားလာသောအခါ၌ကား ပူဇော်သော အချင်းအရာ ကိုပြု၏၊ ထိုအခါ ပုရောဟိတ်သည် ဤမင်းကား အရွယ်တူ သော သူကိုသာ ခစားစေလို၏ဟု မင်းအလိုကိုသိ၍ မင်း ကြီးထံ ပန်ကြားကာ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိ ညာဉ်ကို ဖြစ်စေ၍ သားကိုအမှီပြုကာ ဥယျာဉ်တော်မှာပင် နေလေ၏။

ပုရောဟိတ်ထားရန် မင်းကြီးကြံ

ကောရကလမ္ဗကလည်း အစ်ကိုကား- ရဟန်းပြု၍ သွားသော်လည်း ငါ့အား ပုရောဟိတ်ရာထူးကို မပေးခဲ့ဟု ရန်ငြိုး ဖွဲ့လေ၏၊ မင်းကြီးသည် တနေ့သ၌ ကောရကလမ္ဗကအား "အချင်း....သင်သည် ပုရောဟိတ်ရာထူးကို မရဘူးလော" ဟု မေး၏၊ "မှန်လှပါ မရပါ" ဟု ပြော၏၊ "အဘယ် ကြောင့် မရသနည်း" ဟု မေး၏၊ "မင်းကြီး.... အစ်ကို သည် ပုရောဟိတ်ပြုပေ၏"ဟုပြောသောအခါ"အချင်း.... သင့်အစ်ကို ရဟန်းပြုပြီ မဟုတ်လော" ဟု မေး၏၊ "ရဟန်းပြုပါပြီ၊ သို့သော်လည်း ရာထူးကို သားအားပေးခဲ့ ပါ၏"ဟု ပြောပြန်၏၊ "အချင်း.... သင်သည်ပင် ပုရော ဟိတ်ရာထူးကို ယူလော့"ဟု ပြော၏၊ "အနွယ်အဆက်မှ လာသော အစ်ကိုကို ပယ်၍ အကျွန်ုပ် ပုရောဟိတ်ရာထူး ကို ယူခြင်းငှါ မတတ်ကောင်းပါ"ဟု ပြော၏၊ "ငါသည် သင့်ကို အစ်ကိုပြုလုပ်၍ သင့်အစ်ကိုကို ညီပြုလုပ်မည်" ဟု ပြော၏၊ "အဘယ်အကြောင်းဖြင့် ပြုလုပ်မည်နည်း" ဟု မေး၏၊ "မှုသားဆို၍ ပြုလုပ်မည်" ဟုပြောလေ၏။

မင်း၌ရောက်ဘွယ် အန္တရာယ်

"အရှင် မင်းကြီး.... သိတော်မူသည် မဟုတ်ပါလော၊ အစ်ကိုကား- ကြီးစွာ သော အံ့ဘွယ်သရဲ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ အတတ်ကို ဆောင်၍ အံ့ဘွယ်သရဲ ဖြစ်သော ဂုဏ်ကျေးဇူးဖြင့် သင်မင်းကြီးကို လှည့်စားလိမ့်မည်၊ နတ် သားလေးယောက်တို့ကို ကွယ်စေလိမ့်မည်၊ကိုယ်နှင့်ခံတွင်း မှ မကောင်းသော အနံ့ဖြစ်စေလိမ့်မည်၊ ကောင်းကင်မှ မြေသို့ကျစေလိမ့်မည်၊ မြေမျိုလိမ့်မည်၊ ထိုအခါ သင်မင်း

ကြီးတို့သည် မိမိစကား၌ မိမိမတည်နိုင်လတံ့” ဟုပြော၏၊ “အချင်း····သင်သည် ဤလိုမမှတ်လင့်၊ ငါသည်ပြုလုပ်ခြင်း ငှါတတ်နိုင်လိမ့်မည်”ဟု ပြော၏၊ “ဘယ်အခါ၌ ပြုလုပ်အံ့ နည်း”ဟု မေး၏၊ “ယနေ့မှစ၍ ခုနစ်ရက်မြောက်နေ့၌ ပြု လုပ်အံ့”ဟု ပြောဆိုလေ၏။

မုသားအနံ့ ပြည်လုံးနှံ့

ထိုမုသား ဆိုမည်ဆိုသော စကားသည် ခဏချင်းတမြို့လုံးပြန့်နှံ့၍သွား၏၊ မင်း ကြီးသည် မုသားဆို၍ အကြီးကိုအငယ်, အငယ်ကို အကြီးပြုလုပ်၍ ရာထူးကိုပေးလိမ့်မည်၊ မုသား မည်သည် အဘယ်သို့နည်း၊ အဖြူလော,အမဲလော စသည် ဖြင့် ကြံစည်ကြကုန်သတတ်၊ ထိုအခါ လူတို့သည် မှန်သော စကားကို ဆိုသောကာလဖြစ်၍ မုသားကား ဘယ်ပုံနေ သည် ဟု မသိကြကုန်။

ပုရောဟိတ်သားသည် ထိုစကားကိုကြားလျှင် အဘ ရသေ့ထံသွား၍“ခမည်းတော်····မင်းကြီးသည် မုသားဆို ကာ ဘခင်ကို အငယ်ပြု၍ ဘထွေးကို အကြီးပြုပြီးလျှင် ပုရောဟိတ်ရာထူးကို ဘထွေးအားပေးလိမ့်မည်”ဟုပြော၏၊ “အမောင် ···· မုသားဆို၍ ပေးခြင်းငှါ တတ်နိုင်မည် မဟုတ်”ဟု ပြော၏၊ “ဘယ်နေ့၌ ဆိုလိမ့်မည်နည်း”ဟု မေး၏၊ “ခုနစ်ရက် မြောက်သောနေ့၌ ဆိုလိမ့်မည်”ဟု ပြော၏၊“ထိုနေ့၌ ငါ့ကိုလာ၍ပြောကြားလော”ဟု ရသေ့ သည် သားအား မှာထားလိုက်၏။

မင်းကြီးမုသား ရသေ့တား

လူတို့လည်း ခုနစ်ရက်မြောက်သောနေ့ ၌ မုသားကိုကြည့်ရှုကြမည်ဟု မင်းရင် ပြင်၌ ညောင်စောင်း အဆင့်ဆင့်ခင်း

ကာ နေကြကုန်၏၊ ပုရောဟိတ်သားလည်း အဘရသေ့ကို ပြောကြားလေ၏၊ ရသေ့လည်းလာ၍ မင်းကြီးရှေ့မှ နိသီဒိုင်ကိုခင်း၍ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် "မင်းကြီး.... သင်သည် မုသားဆိုကာ အငယ်ကိုအကြီးပြု၍ ပုရောဟိတ်ရာထူးကို ပေးမည်ကြားရသည်, မှန်သလော"ဟု မေး၏၊ "ဆရာ....မှန်ပါသည်"ဟု လျှောက်ထားလေ၏၊ ထိုအခါ ရသေ့သည်—

"မြတ်သောမင်းကြီး.... မုသားကို ဆိုသည်ရှိသော် တရားကိုသတ်သည်မည်၏၊ စင်စစ်သင်သတ်အပ်သော် ကြီးသူတို့အား အရိုအသေပြုခြင်းတရားသည် မိမိကိုယ်ကိုပြန်၍သတ်၏၊ မသတ်အပ်သောတရားသည် တစုံတယောက်သော သူကိုမျှ မသတ်၊ထို့ကြောင့် တရားကိုမသတ်ရာ၊အသတ်ခံရသောတရားသည် သင့်ကိုပြန်၍မသတ်ပါစေလင့်"—

ဟုမင်းကြီးကို အဆုံးအမဩဝါဒပေးလေ၏၊ထို့နောက်တဘန်—

"မြတ်သောမင်းကြီး.... ပြဿနာကိုအမေးခံရသောသင်မင်းကြီးသည် ထိုပြဿနာကိုသိလျက် မဟုတ်မမှန်ပြောကြားငြားအံ့၊ မဟုတ်မမှန်စကားဆိုသောသင်မင်းကြီးအား အစောင့်နတ်လေးပါးတို့ ဘဲသွားကြလိမ့်မည်၊ ကိုယ်နှင့်ခံတွင်းမှ အပုပ်နံ့နံလာလိမ့်မည်၊ ကောင်းကင်မှ မြေသို့ကျလိမ့်မည်"—

ဟု မုသားအပြစ်ကို ပြကာ ဆုံးမလေ၏။

မုသားဆိုဘွယ် တန်ခိုးကွယ်

မင်းကြီးသည် ရသေ့စကားကိုကြားလျှင် ထိတ်လန့် ကြောက်ရွံ့ရကား ကောရကလမ္ဗကကို ကြည့်လေ၏၊ ကောရကလမ္ဗကလည်း "မင်းကြီး····မကြောက်လင့်၊ ရှေးမဆွကပင် ဤလိုဖြစ်လိမ့်မည်ဟု အကျွန်ုပ်ပြောအပ်သည်မဟုတ်ပါလော"ဟု အားပေးလေ၏၊ မင်းကြီးလည်း ရှေးအခါက မိမိစီစဉ်ထားသောအတိုင်း (အရှင်ဘုရား····အရှင်ဘုရားကား ညီငယ်ဖြစ်၏၊ ကောရကလမ္ဗကကား အစ်ကိုကြီးဖြစ်၏)ဟု မဟုတ်မမှန် မုသားကိုဆိုလေ၏၊ မုသားဆိုခြင်းကြောင့် နတ်သားလေးယောက်တို့သည် မုသားဆိုသော မင်းကြီးအား မစောင့်ရှောက်လိုကုန်ဟု သန်လျက်တို့ကို မင်းကြီးခြေရင်း၌ချကာ ဘဲသွားကြကုန်၏၊ ခံတွင်းမှကြက်ဥပုပ်နံ့၊ ကိုယ်မှမစင်နံ့တို့သည် နံကုန်၏၊ကောင်းကင်မှ မြေသို့လျှောကျ၏၊ ဤသို့တန်ခိုးလေးပါးတို့သည် ကွယ်ပျောက်ကုန်၏။

မုသားဆိုပြန် မြေမျိုခံ

ထိုအခါ ပုရောဟိတ် ဖြစ်ဘူးသော ရသေ့ကြီးသည်မင်းကြီး၏မုသားဆိုသော အဖြစ်ကို တားဆီးလို၍—

"စေတိယမည်သောမင်းမြတ်···· သင်မင်းမြတ်သည် ဟုတ်မှန်သောစကားကို အကယ်၍ဆိုငြားအံ့၊ ရှေး၌ကဲ့သို့ဖြစ်စေလော့၊ မဟုတ်မမှန်သောစကားကို အကယ်၍ဆိုငြားအံ့၊ မြေ၌တည်လော့"—

ဟု မင်းကြီးအား အလုံးစုံသော တန်ခိုးတို့ကို ပကတိအတိုင်း ပြုမည်ဟု ပြောဆို၏၊ နောက်တဘန် "မြတ်သော မင်းကြီး···· သင်ရှုလော့၊ ရှေးဦးစွာမုသားဆိုခြင်းကြောင့်

တန်ခိုးလေးပါးတို့သည် ကွယ်ပျောက်ကုန်၏၊ ယခုလည်း ရှေးပကတိအတိုင်းပြုခြင်းငှါ တတ်ကောင်းသေး၏” ဟု ပြောဆိုဆုံးမသော်လည်းမနာယူဘဲ(သင်ကားညီငယ်ဖြစ်၏၊ ကောရကလမ္ဗကကားအစ်ကိုကြီးဖြစ်၏)ဟုနှစ်ကြိမ်မြောက် မှသားဆိုပြန်၏၊ ထိုအခါ စေတိယမင်းအား ဖမျက်တိုင် အောင် မြေမျိုလေ၏။

မင်းမှုသားပြော ရသေ့ဟော

ထိုအခါ ရသေ့ကြီးသည် မုသားပြော ခြင်းကြောင့် မင်းကြီး၌ ရောက်လတံ့ သောအပြစ်တို့ကို ပြောလို၍—

“မြတ်သောမင်းကြီး····ပြဿနာကို အမေးခံရ သော သင်မင်းကြီးသည် သိလျက် မဟုတ်မမှန်ဖြေ ဆိုငြားအံ့၊ ထိုမင်း၏တိုင်းနိုင်ငံ၌ မရွာသင့်သောအ ချိန်၌ မိုယ်းရွာတတ်၏၊ ရွာသင့်သောအချိန်၌ကား မိုယ်းမရွာလေ”—

ဟု အပြစ်ပြ၍ဆုံးမပြန်၏၊ မင်းကြီးသည် မနာယူလေ၊ ရသေ့ကြီးသည် တဖန်—

“စေတိယမည်သောမင်းမြတ်···· သင်မင်းမြတ် သည် ဟုတ်မှန်သောစကားကို အကယ်၍ဆိုငြားအံ့၊ ရှေး၌ကဲ့သို့ဖြစ်လေ၌၊ မဟုတ်မမှန်သောစကားကို ဆိုငြားအံ့၊ မြေ၌ဝင်လေ၌”—

ဟု မင်းကြီးအား ရှေးပကတိအတိုင်းပြုမည်ဟု ပြောဆို ဆုံးမပြန်၏၊ မင်းကြီးလည်းမနာယူဘဲ (သင်ကား ညီငယ် ဖြစ်၏၊ ကောရကလမ္ဗကကား အစ်ကိုကြီး ဖြစ်၏) ဟု သုံးကြိမ်မြောက် မုသားဆိုပြန်၏၊ ထိုအခါ မင်းကြီးအား ပုဆစ်တိုင်အောင် မြေမျိုလေ၏။

P.184 စေတီယမင်းသည် အဂတိလိုက်စား၍ "အငယ်ကို-အကြီး"ဟု မုသားဆိုသဖြင့် တစတစမြေမျိုနေပုံ

ဒါးထိမြေမျို မုသားဆို

ထိုအခါရသေ့ကြီးသည် တဘန် မုသားဆိုသဖြင့် အကျိုးခံစားရသော ဥပမာကိုပြလို၍—

"မြတ်သောမင်းကြီး.... ပြဿနာကို အမေးခံရသော သင်မင်းသည် သိလျက် ထိုပြဿနာကို မဟုတ်မမှန်ဖြေဆိုငြားအံ့၊ ထိုမင်း၏လျှာသည် မြွေ၏လျှာကဲ့သို့ နှစ်ခွဖြစ်၏"။

"စေတိယမည်သော မင်းမြတ်.... ဟုတ်မှန်သောစကားကို အကယ်၍ဆိုငြားအံ့၊ ရှေး၌ကဲ့သို့ ဖြစ်လော့၊ မဟုန်မမှန်သောစကားကို ဆိုငြားအံ့၊ အလွန်မြေသို့ဝင်လော့"—

ဟု မင်းကြီးအား အပြစ်ပြ၍ ဆုံးမပြန်၏၊မင်းကြီးသည် မနာယူဘဲ (သင်ကားညီငယ်ဖြစ်၏၊ ကောရကလမ္ဗက ကား အစ်ကိုကြီးဖြစ်၏) ဟု လေးကြိမ်မြောက် မုသားကိုဆိုပြန်၏၊ ထိုအခါ ဒါးတိုင်အောင် မြေမျိုလေ၏။

မုသားဆိုလုပ် ချက်တိုင်မြုတ်

ထိုအခါ ရသေ့ကြီးသည် နောက်ထပ် တဘန်မုသားဆိုကျူးလွန်သောသူအား ငါးနှင့်ဥပမာပြလိုသဖြင့်—

"မြတ်သောမင်းကြီး.... ပြဿနာကိုအမေးခံရသောမင်းသည်သိပါလျက် ထိုပြဿနာကို မဟုတ်မမှန်ဖြေဆိုငြားအံ့၊ ငါးအား လျှာသည်မဖြစ်သကဲ့သို့ ထိုမင်းအား လျှာသည်မဖြစ်ပါ"။

"စေတိယမည်သော မင်းမြတ်.... ဟုတ်မှန်သောစကားကို အကယ်၍ ပြောဆိုငြားအံ့၊ ရှေး

အခါ၌ကဲ့သို့ဖြစ်လေ့၊မဟုတ်မမှန်သော စကားကို အကယ်၍ ပြောဆိုငြားအံ့၊ အလွန် မြေထဲသို့ဝင်လေ့”—

ဟု မင်းကြီးအား အပြစ်ပြ၍ဆုံးမပြန်၏၊ မင်းကြီးသည် မနာယူဘဲ (သင်ကားညီငယ်ဖြစ်၏၊ ကောရကလမ္ဗကကား အစ်ကိုကြီးဖြစ်၏)ဟု ငါးကြိမ်မြောက် မုသားကိုဆိုပြန်၏၊ ထိုအခါ ချက်တိုင်အောင် မြေမျိုလေ၏။

ဆုံးမမလိုက်
မင်းအမိုက်

ထိုအခါ ရသေ့ကြီးသည် နောက်ထပ်တဘန် မုသားဆိုသောသူအား သားယောကျ်ား မဘွားမြင်သော အဖြစ်ကို ဆုံးမလိုသဖြင့်—

“မြတ်သောမင်းကြီး···· ပြဿနာကို အမေးခံရသော သင်မင်းကြီးသည် သိပါလျက် ထိုပြဿနာကို မဟုတ်မမှန် ဖြေဆိုငြားအံ့၊ ထိုမင်း၏ အမျိုး၌ သားမိန်းမတို့သာ ဘွားမြင်ကုန်၏၊ သားယောကျ်ားတို့ မဘွားမြင်ကုန်”။

“စေတိယမည်သောမင်းမြတ်····ဟုတ်မှန်သောစကားကို အကယ်၍ ပြောဆိုငြားအံ့၊ ရှေးအခါ၌ကဲ့သို့ဖြစ်လေ့၊မဟုတ်မမှန်သောစကားကိုအကယ်၍ပြောဆိုငြားအံ့ လွန်စွာမြေသို့ဝင်လေ့”—

ဟုမင်းကြီးအား အပြစ်ပြ၍ဆုံးမပြန်၏၊မင်းကြီးလည်း မနာယူဘဲ ရှေးနည်းအတူ ခြောက်ကြိမ်မြောက် မုသားဆိုပြန်၏၊ ထိုအခါ သားမြတ်တိုင်အောင် မြေမျိုလေ၏။

မုသားပြစ်ဒဏ်
အဝီစိခံ

ထိုအခါ ရသေ့ကြီးသည် နောက်ထပ် တဘန် မုသားကျူးလွန်ခြင်း အမှုသည် အပါယ်ငရဲသို့ ကျတတ်သော အဖြစ်ကို ဆိုးမလို၍—

"မြတ်သောမင်းကြီး....ပြဿနာကိုအမေးခံရသောသင်မင်းကြီးသည် သိပါလျက် ထိုပြဿနာကို မဟုတ် မမှန် ဖြေဆိုငြားအံ့၊ ထိုမင်းအား သားယောက်ျားတို့ မမွေးဘွားကုန်၊ မွေးဘွား ပါကုန်သော်လည်း မိဘတို့အား ကျေးဇူးမပြုကြဘဲ ထိုထို အရပ်သို့ ဘဲသွားကုန်၏"။

"စေတိယမည်သော မင်းမြတ်.... ဟုတ်မှန်သောစကားကို အကယ်၍ ပြောဆိုငြားအံ့၊ ရှေးအခါ၌ကဲ့သို့ဖြစ်လေ့၊မဟုတ်မမှန်သော စကားကို အကယ်၍ပြောဆိုငြားအံ့၊ လွန်စွာမြေထဲသို့ ဝင်ဦးလေ့"—

ဟု မင်းကြီးအား ဆိုးမပြန်၏၊ မင်းကြီးလည်း မနာယူဘဲရှေးနည်းအတူ ခုနစ်ကြိမ်မြောက်မုသားကိုဆိုပြန်၏၊ ထိုအခါ မင်းကြီးအား မြေကြီးသည် ဟင်းလင်းဖွင့်၍ ပေး၏၊အဝီစိငရဲမှ ငရဲမီးလျှံတက်ကာ ယူ၍သွားလေ၏။

မင်း၏သားများ
ရသေ့ထံသွား

ထိုအခါ လူအများသည် စေတိယမင်းကား ရသေ့ သူတော်ကောင်းကို ဆဲရေး၍ မုသားဆိုခြင်းကြောင့်အဝီစိငရဲကြီးသို့ ရောက်ရ၏ဟု ထိတ်လန့် တုန်လှုပ် ကြကုန်၏၊ မင်းသား ငါးယောက်တို့လည်း ရသေ့ကြီးခြေရင်းသို့ကပ်

က "အရှင်ဘုရား…. အကျွန်ုပ်တို့ ကိုးကွယ်ရာ ဖြစ်တော်မူပါ"ဟုလျှောက်ထားကြကုန်၏၊ရသေ့ကြီးသည်"အမောင်တို့..သင်တို့ဘခင်သည် တရားကို ဖျက်ဆီးလျက် မှသားဆို၍ ရသေ့ကို ဆဲရေးသောကြောင့် အဝီစိငရဲ၌ဖြစ်ရ၏၊ တရားကိုသတ်သော သူသည် တရားကပြန်သတ်တတ်၏၊ အမောင်တို့..ဤအရပ်၌နေခြင်းငှါ မတတ်ကောင်း"။

ရသေ့ခွဲဝေမှု တိုင်းပြည်ပြု

ထိုမင်းသားတို့တွင် အကြီးဆုံးမင်းသားကို"အမောင် … အရှေ့တံခါးဖြင့်ထွက်၍သွားလော့၊ ဆင်ဖြူရတနာကို မြင်ရာအရပ်၌မြို့တည်လော့၊ ထိုမြို့သည် ဟတ္ထိပုရမြို့ဖြစ်လိမ့်မည်" ဒုတိယမင်းသားကို "အမောင်– တောင်တံခါးဖြင့်ထွက်၍သွားလော့၊ မြင်းဖြူရတနာကိုမြင်ရာအရပ်၌ မြို့တည်လော့၊ အဿပုရမြို့ဖြစ်လိမ့်မည်"တတိယမင်းသားကို"အမောင်.. အနောက်တံခါးဖြင့်ထွက်၍သွားလော့၊ကေသရာဇာခြင်္သေ့ကိုမြင်ရာအရပ်၌ မြို့တည်လော့၊သီဟပုရမြို့ ဖြစ်လိမ့်မည်" စတုတ္ထသားကို "အမောင်…. မြောက်တံခါးဖြင့် ထွက်၍သွားလော့၊ရတနာအလုံးစုံပြည့်သောရထားလှည်းအိမ်ကိုမြင်ရာအရပ်၌မြို့တည်လော့၊ဥတ္တရပဉ္စာလမြို့ဖြစ်လိမ့်မည်" ပဉ္စမမင်းသားကို"အမောင်….ဤမြို့၌ကြီးစွာသော စေတီကိုတည်ပြီးလျှင် မြို့မှထွက်၍ အနောက်မြောက်အရပ်ဝယ် တောင်းချင်းခတ်၍ ဒတ်–ဒတ် အသံပြုရာအရပ်၌ မြို့တည်လော့၊ ဒဒ္ဒရမည်သော မြို့ဖြစ်လိမ့်မည်"ဟု အသီးအသီးအမိန့်ပေးလေ၏၊ မင်းသား ငါးယောက်တို့လည်း ဆရာရသေ့ကြီးအမိန့်အတိုင်းသွား၍ကာ မြို့တည်၍နေကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့....
※ ထိုအခါ စေတိယမင်းသည်–ယခုအခါ ဒေဝဒတ်။
※ ကပိလပုဏ္ဏားသည်–ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိုယ်နှင့်ခံတွင်း၊ပုပ်နံ့ညှီဦး၊ချွတ်ယွင်းဆိုမှုသား။
(၂) နတ်မစောင့်လို၊မြေကျုံမျို၊ပြောဆိုလိမ်မှုသား။
(၃) ချိန်ခွဲမိုးရွာ၊ချိန်မရွာ၊ဆိုကာလိမ်မှုသား။
(၄) လျှာနှစ်ခွသာ၊လျှာမွဲရော၊ဆိုကာလိမ်မှုသား။
(၅) သမီးသာရ၊သားမရ၊ဆိုကလိမ်မှုသား။
(၆) သားသမီးမွဲ၊ရပြန်ခဲ့၊ဘဲခွဲဆိုမှုသား။

စေတိယဇာတ် ပြီး၏။

၄၂၃–ဇူဠနန္ဒိယဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ရသာခွဲလျက် မယားမက်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည် အမျိုးသား တယောက်သည် စည်းစိမ်ဥစ္စာ သားမယားကို စွန့်လွှတ်ကာ မြတ်စွာဘုရားထံတော်၌ ရဟန်းပြုလေ၏။

ထိုအမျိုးသားရဟန်းသည် ဆရာဥပဇ္ဈာယ်တို့နှင့်တကွ နေလတ်သော် ထေရ်ဝါငယ်သဖြင့် ယုတ်ညံ့သော ပစ္စည်းလာဘ်လာဘကိုသာ သုံးဆောင်ရ၏၊ မယားဟောင်းထံ သွားလတ်သော် မယားဟောင်းသည် ဆွမ်းဘောဇဉ် အာဟာရတို့ကို ကောင်းစွာ စီရင်၍ပေး၏၊ ရဟန်းကြီးသည် ရသတဏှာဖြင့် နှောင်ဖွဲ့အပ်သည် ဖြစ်၍ မယားဟောင်းကိုပင် မစွန့်လွှတ်နိုင်ချေ။

မယားစုံစမ်းမှု ပရိယာယ်ပြု

တနေ့သ၌ မယားဟောင်းသည် ဤရဟန်းကြီးကား ငါ့ကို နှောင်ဖွဲ့အပ်သည် မဖွဲ့သည်ကို စုံစမ်းမည်ဟု ဇနပုဒ်သားတို့ကို အိမ်၌ညော်ခံကျွေးမွေးလျက် အိမ်ရှေ့ဝယ် လှည်းတို့၌နွားတို့ကို အသင့်တပ်၍ပြင်ဆင်လျက်ထား၏၊ထိုအခိုက်တွင် ရဟန်းကြီးသည် အိမ်ရှေ့သို့လာ၍ တံခါးတွင်ရပ်၏။

ထိုအခါ ယောကျ်ားတယောက်သည် အိမ်ရှင်မအား အိမ်ရှေ့တွင်ရဟန်းကြီးတပါး ဆွမ်းရပ်နေကြောင်း ပြောကြား၏၊အိမ်ရှင်မလည်း မသိချင်ဟန်ပြု၍ ကန်တော့ဆွမ်းပါ၊အခြားအိမ်ကြွ၍ ရပ်တော်မူပါ-ဟု အလျှောက်ခိုင်း၏၊ ယောကျ်ားလည်း အိမ်ရှင်မခိုင်းတိုင်း သွား၍ ရှိခိုးကာ လျှောက်၏၊ ရဟန်းကြီးသည် အကြိမ်ကြိမ် လျှောက်သော်လည်းမကြွဘဲ ရပ်မြဲတိုင်းရပ်လေ၏၊ ထိုယောကျ်ားသည် အိမ်ရှင်မအား ရဟန်းကြီးသည် လျှောက်သော်လည်းမရ၊ အခြားသို့မကြွကြောင်း ပြောကြားပြန်၏။

ပရိယာယ်သဘော မယားပြော

ထိုအခါ မယားဟောင်း အိမ်ရှင်မသည် အိမ်တွင်းမှထွက်၍ ''အိုဘခင်--- အခြား ရဟန်းကြီးမဟုတ်၊ ကလေးတို့

အဖေဖြစ်သည်''ဟု ပြောဆိုလျက် အိမ်မှ ဆင်းသက်၍ သပိတ်ကို လှမ်းယူပြီးလျှင် အိမ်ပေါ်သို့ပင့်၍ ဆွမ်းလုပ်ကျွေး၏၊ဆွမ်းဘုဉ်းပေးပြီးလျှင် ရှိခိုး၍ "အရှင်ဘုရား.... အရှင်တို့ကား- ဤသာဝတ္ထိ ပြည်မှာပင်ပရိနိဗ္ဗာန်ပြုရစ်ပါ၊ အကျွန်ုပ်ကား အိမ်ထောင်ပြုပါမည်၊ အိမ်ထောင်မရှိက မတင့်တယ်ပါ၊အိမ်ထောင်ပြု၍အခြားဇနပုဒ်သို့သွားပါအံ့၊ အပြစ်ရှိက သည်းခံတော်မူပါ''ဟု ဖြားယောင်း၍လျှောက်ထားလေ၏။

တဏှာနှစ်သက်
ရဟန်းထွက်

ရဟန်းကြီးသည် မယား စကားကို ကြားလျှင် နှလုံး ကွဲသကဲ့သို့ ဖြစ်၍ "ရှင်မ....သင့်ကို ငါစွန့်ခြင်းငှါ မတတ်နိုင်၊ အိမ်ထောင်မပြုပါလင့်၊ သွားလည်း မသွားပါလင့်၊ ငါယခုပင် လူထွက်မည်၊ ငါ့အဝတ် ပုဆိုးတို့ကိုပေးလော့၊ သပိတ်သင်္ကန်းတို့ကို ဆရာဥပဇ္ဈာယ်တို့ထံ အပ်နှင်းကာ အကျိုးအကြောင်းကို လျှောက်ထား၍ ပြန်လာမည်'' ဟု ပြောဆိုမှာထားပြီးလျှင် ကျောင်းသို့ပြန်ခဲ့၏။

ကျောင်းသို့ရောက်လျှင် ဆရာဥပဇ္ဈာယ်တို့ကို အကြောင်းစုံလျှောက်ထားလေ၏၊ဆရာဥပဇ္ဈာယ်တို့လည်း လူထွက်လိုသော ရဟန်းကြီးကို ခေါ်ဆောင်လျက် မြတ်စွာဘုရားထံ သွားကြကုန်၏၊ မြတ်စွာဘုရားလည်း လူထွက်လိုကြောင်းကို သိတော်မူလျှင် "ရဟန်း....သင့်ကို သာသနာတော်၌ အဘယ်သူ ငြီးငွေ့စေသနည်း''ဟု မေး၏၊"အရှင်ဘုရား.. မယားဟောင်း ငြီးငွေ့ စေပါသည်'' ဟု လျှောက်၏၊ "ရဟန်း.... ထိုမိန်းမသည် ယခုအခါ၌သာလျှင် သင်၏

အကျိုးမဲ့ကို ပြုသည်မဟုတ်၊ ရှေးအခါ၌လည်း ပြုဘူးပြီ ငါ့ကိုမှီ၍ ဆုတ်ယုတ်သော ဈာန်ကို ပြန်ရဘူးပြီ” ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

လူ့ဘောင်စွန့်မှု ရသေ့ပြု

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ပုရောဟိတ်ပုဏ္ဏားဧ၏ ပုဏ္ဏေးမဝမ်း၌ဖြစ်၍ဘွားမြင်သောနေ့၌တမြို့လုံး လက်နက်ရောင် တောက်သောကြောင့် ဇောတိပါလ ဟု အမည်မှည့်ကုန်၏။

ထိုဇောတိပါလ လုလင်သည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားပြီးလျှင် မင်းကြီးအား အတတ်ပညာတို့ကိုပြ၍ စည်းစိမ်ဥစ္စာတို့ကို ပယ်စွန့်ပြီးလျှင် တစုံတယောက်ကိုမျှ မသိစေဘဲ မြို့မှထွက်၍ တောသို့ဝင်ကာ သိကြားပေးသော ကပိဋ္ဌကမည်သော ကျောင်း၌ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို ဖြစ်စေ၏၊ များစွာသော ရသေ့အရာတို့သည် ခြံရံကြကုန်၏၊ အစည်းအဝေးကြီးလည်း ဖြစ်၏၊ တပည့်ကြီး ခုနစ်ဦးတို့လည်း ရှိကုန်၏။

အခြံအရံစုံစွာ ပျော်မွေ့ကာ

ထိုတပည့်ကြီး တို့တွင် သာလိဿရ ရသေ့သည် အရှေ့ဇနပုဒ် သောတောဒိက မြစ်နား၌ အထောင်မကသော ရသေ့တို့ခြံရံလျက်နေ၏၊မဏ္ဍိဿရ ရသေ့သည် ပဥ္စာလမင်း

နိုင်ငံ ကလမ္ဗစူဠက နိဂုံးကိုမှီ၍ အထောင်မကသော ရသေ့တို့ခြံရံလျက်နေ၏၊ ပဗ္ဗတရသေ့သည် တောအုပ်၌ ရှိသော ဇနပုဒ်ကိုမှီ၍ အထောင်မကသော ရသေ့တို့ခြံရံ လျက်နေ၏၊ ကာလဒေဝိလ ရသေ့သည် အဝန္တိဒက္ခိဏာ ပထ၌တခဲနက်သောတောအုပ်ကိုမှီ၍ အထောင်မကသော ရသေ့တို့ ခြံရံလျက်နေ၏၊ ကိသဝစ္ဆရသေ့သည် ဒဏ္ဍကီ မင်း၏ ကုမ္ဘဝတီမြို့ကိုမှီ၍ဥယျာဉ်တော်၌ တယောက်ထည်း သာနေ၏၊ အနုသိဿရသေ့သည် ဆရာဖြစ်သော သရဘင် ရသေ့ကို လုပ်ကျွေးလျက်နေ၏၊ ကာလဒေဝိလ ရသေ့၏ ညီဖြစ်သော နာရဒရသေ့သည် မဇ္ဈိမဒေသ အဉ္ဇနဂိရိ တောင်ကွန်ယက်ကြားတွင် လိုဏ်ဂူတခု၌ တယောက်ထည်း သာနေ၏။

ပြည့်တန်ဆာတပ်စွမ်း ရသေ့ဈာန်လျှောကြောင်း အဉ္ဇနဂိရိတောင်၏ အနီး၌ လူတို့ဖြင့် ရောပြွမ်းသော နိဂုံးရွာတခုရှိ၏၊တောင် နှင့် နိဂုံးအကြား၌လည်း မြစ်ကြီးရှိ၏၊ ထိုမြစ်ကြီး၌ လူများစွာတို့သည် ကူးကုန်၏၊ပြည့်တန်ဆာမ တို့လည်း ဝတ်စားတန်ဆာတို့ကို ဆင်ယင်ကြလျက် လာ လာသမျှ ယောက်ျားတို့ကို ဖြားယောင်း သွေးဆောင်၍ မြစ်ကမ်းနားမှာပင် နေကြကုန်၏။

ထိုအခါ နာရဒရသေ့သည် ပြည့်တန်ဆာမတယောက်၌ တပ်စွမ်းသော စိတ်ရှိသည်ဖြစ်၍ ဈာန်ကို ကွယ်စေလျက် ကိလေသာ၏အလိုသို့ လိုက်လျက် ခြောက်ကပ်သောကိုယ် ရှိသည်ဖြစ်၍ အစာအာဟာရကိုပင် မသုံးဆောင်တော့ဘဲ ခုနစ်ရက်ပတ်လုံး ကျောင်းတွင်သာ အိပ်လျက်နေ၏။

မိတ်ဆွေကယ်မ တော်မူခြ

ကာလဒေဝိလ ရသေ့သည် အဘိညာဉ် ဖြင့် ဆင်ခြင်လတ်သော် ထိုအကြောင်း ကိုသိ၍ နာရဒရသေ့ထံလာကာ လိုဏ်ဂူသို့ဝင်၏၊ နာရဒရသေ့သည် ကာလဒေဝိလရသေ့ကိုမြင်၍ "အရှင်···· အဘယ်ကြောင့် လာသနည်း" ဟု မေး၏၊ "အရှင်····မချမ်းသာသည်ကို ကုစားရန်လာ၏"ဟု ပြော၏၊ "အရှင်သည်··· မဟုတ်မမှန်သော စကားကိုဆို၏"ဟု မုသာဝါဒဖြင့် နှိပ်စက်၏။

ကာလဒေဝိလရသေ့သည် သာလိဿရရသေ့ မဏ္ဍိဿရ ရသေ့ ပဗ္ဗတရသေ့တို့ကို ပင့်ပြန်၏၊ ထိုရသေ့ သုံးဦးတို့ကို လည်း မုသာဝါဒဖြင့် နှိပ်စက်ပြန်၏။

မိတ်ဆွေဆုံးမ တရားပြ

ထိုအခါ သရဘင် ရသေ့ကြီးကို ပင့် ဆောင်ပြန်၏၊ သရဘင် ရသေ့သည် နာရဒရသေ့ကို ဣန္ဒြေတို့၏ အလိုသို့ လိုက်သည်ကို သိ၍—

"အို-နာရဒရသေ့····ကိလေသာ၏ အစွမ်းဖြင့် ဣန္ဒြေတို့၏အလိုသို့ လိုက်မှားသောသူသည် နှစ်ပါး သော လူ့ပြည်နတ်ပြည်တို့ကိုစွန့်၍ ငရဲသည်တို့၌ ဖြစ်ရ၏၊ အသက်ရှည်စဉ်လည်း ခြောက်ကပ်ပိန် ချုံး၏"—

ဟု နာရဒရသေ့ကို ဆုံးမ၏၊ထိုအခါ နာရဒရသေ့သည် "ဆရာ····ကာမကို မှီဝဲခြင်းမည်သည်ကား ချမ်းသာ၏၊

ဤသို့သော ချမ်းသာကိုဆရာသည်အဘယ်ကိုရည်၍ ဆင်းရဲသည်ဟု ဆိုဘိသနည်း''ဟု လျှောက်ထားလေ၏။

တဏှာဖြစ်ပြော တရားဟော

သရဘင်္ဂဆရာသည် ကာမချမ်းသာသည် အပါယ်ငရဲ စသော မကောင်းသော ဒုဂ္ဂတိသို့သာ ခံစားရကြောင်း ပြောလို၍—

''အို-နာရဒရသေ့···· သတ္တဝါတို့သည် ကာမချမ်းသာ၏ အဆုံး၌ ငရဲစသော ဆင်းရဲသို့ရောက်ရကုန်၏၊ သီလကို စောင့်ရှောက်သော ဆင်းရဲ၏ အဆုံး၌ လူ့ပြည် နတ်ပြည် နိဗ္ဗာန် ချမ်းသာသို့ ရောက်ရကုန်၏၊ သတ္တဝါဖြစ်သော သင်လည်း ဈာန်ချမ်းသာ၏ အဆုံး၌ ကာမချမ်းသာကို မှီ၍ ဖြစ်သော စိတ်ဆင်းရဲခြင်းသို့ရောက်ရ၏၊မြတ်သော ဈာန်ချမ်းသာကို အလိုရှိဦးလော့''—

ဟု ဆုံးမပြန်၏၊နာရဒရသေ့သည် ဆရာ၏ဆင်းရဲကားသည်းခံနိုင်ခဲ၏၊ အကျွန်ုပ်သည်းမခံနိုင်ဟု လျှောက်ထားပြန်၏။

တဏှာစွန့်မှ ချမ်းသာရ

ထိုအခါ သရဘင်္ဂရသေ့သည် ကိလေသာ၏ အလိုသို့ လိုက်ခြင်းသည် ဆုတ်ယုတ်၏၊စွန့်ခြင်းသည် ဆင်းရဲအပေါင်းမှ လွန်မြောက်၏ဟု ပြောလို၍—

''အို-နာရဒရသေ့···· ဆင်းရဲ ဖြစ်လာသော အခါ၌ ထိုဆင်းရဲကို သည်းခံလျက် ဆင်းရဲ၏အလို

သို့ မလိုက်သောပညာရှိသည် ဆင်းရဲ၏အဆုံးဖြစ်
သော ယောဂဟူသော ချမ်းသာကို ကောင်းစွာရ
နိုင်၏''—

ဟု ဆုံးမပြန်၏၊ နာရဒရသေ့သည် ''ဆရာ…. ကာမ
ချမ်းသာကား မြတ်သော ချမ်းသာဖြစ်၏၊ ထိုချမ်းသာကို
အကျွန်ုပ်မစွန့်နိုင်ပါ'' ဟု လျှောက်ထားပြန်၏၊ ထိုအခါ
သရဘင်္ဂရသေ့သည်—

''အို-နာရဒရသေ့….ဝတ္ထုကာမတို့ကို တောင့်
တသဖြင့် တရားမှ ရွေ့လျောခြင်းငှါမထိုက်၊အကျိုး
မဲ့ဖြစ်သဖြင့် တရားမှရွေ့လျောခြင်းငှါ မထိုက်၊ ဤ
မည်သော အကျိုးဖြစ်လိမ့်မည်ဟု အကျိုးကို လိုချင်
ခြင်းအကြောင်း ကြောင့်လည်း တရားမှရွေ့လျော
ခြင်းငှါ မထိုက်၊ ဖြစ်ပြီးသောစျာန်ကို ဖျက်ဆီး၍
တရားမှရွေ့လျောခြင်းငှါမထိုက်''—

ဟု သရဘင်္ဂဆရာသည် လေးဂါထာတို့ဖြင့်ဆုံးမပြီး၍—

ဆင်းရဲချမ်းသာ သည်းခံရာ

ကာလဒေဝိလရသေ့သည် ကိလေသာ
ကိုမှီ၍ ငိုကြွေးဆင်းရဲခြင်းကို တားမြစ်
လိုသဖြင့်—

''အို—နာရဒရသေ့…. အိမ်ရှင်တို့၏ မပျင်းမရိ
လိမ်မာခြင်းသည် ကောင်း၏၊ တရားစောင့်သော
ရသေ့ရဟန်းတို့နှင့် ဝေဘန် သုံးဆောင် ခြင်းသည်
ကောင်း၏၊ စည်းစိမ်ဥစ္စာရသောအခါ မပေါ်လွင်
မရွင်လန်းခြင်းသည် ကောင်း၏၊ စည်းစိမ် ဥစ္စာ

ပျက်စီးသော အခါ၌လည်း မဆင်းရဲ မပင်ပန်း
ခြင်းသည် ကောင်း၏”—

ဟုနာရဒရသေ့ကို ဆုံးမပြန်၏၊ ထိုနောက် သရဘင်ဆရာသည် နာရဒရသေ့ကိုခေါ်၍ “အို-နာရဒရသေ့···· ရှေးဦးစွာ ပြုလုပ်ထားရမည့်လုပ်ငန်းကိစ္စကို ပြုလုပ်မထားသောသူသည် တောသို့ဝင်သောလုလင်ကဲ့သို့ စိုးရိမ်ပူဆွေးငိုကြွေးရ၏”ဟု ပြောဆိုပြီးလျှင် အတိတ်ကိုဆောင်ပြန်၏။

အတိတ်ဝတ္ထု။

လုလင်ယောကျ်ား သားသတ်စား

လွန်လေပြီးသောအခါ ကာသိနိဂုံးဝယ် ပုဏ္ဏားလုလင် တယောက် ရှိသတတ်၊ အဆင်းလှ၏၊ ဆင်ပြောင် အားကဲ့သို့ အားနှင့်ပြည့်စုံ၏၊ ထိုလုလင်သည် လယ်လုပ်ခြင်းစသော အမှုကိုပြုလုပ်ကာ မိဘကိုလုပ်ကျွေးသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သားမယားကိုလုပ်ကျွေးသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ကုသိုလ်ကောင်းမှုကိုပြုသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါသည် တောသို့ဝင်ကာ သားတို့ကို သတ်၍စားလျက် မိမိကိုယ်ကိုသာ မွေးမြူအံ့ဟု ကြံစည်ပြီးလျှင် လက်နက်ငါးပါးကို ယူဆောင်လျက် တောသို့ ဝင်ကာ သားတို့ကို သတ်၍ မီးကျိုးတွင်ကင်၍ စားသောက်လျက် အသက်မွေးလေ၏။

အကုကျိုးပြစ် ပြိတ္တာဖြစ်

တနေ့သ၌ ငါကား အခါခပ်သိမ်း အားနှင့် ပြည့်စုံနေမည်မဟုတ်၊ အားနည်းသောအခါ စားဘို့ဟု အထူးထူးသော သားတို့ကို တောင်ကွန်ယက်သို့ သွင်းလျက် တံခါးဖွဲ့ကာ

လျှောင်၍ ထား၏ပြီးလျှင် လိုရာသားကို ပစ်၍စားလေ၏၊ နောက်အခါ သားတို့ကိုသတ်သော အကုသိုလ်ကံသည် အထွတ်အထိပ်သို့ ရောက်၍ မျက်မှောက်မှာပင် အကျိုးပေးလေ၏၊ လက်ခြေတို့သည် ထိုထို ဤဤ ရွေ့ရှားရန် မတတ်နိုင်ကုန်၊ တစုံတခုသော ခဲဘွယ်ဘောဇဉ် သောက်ရေကိုမမြင်၊ ကိုယ်အလုံးသည် ညှိုးနွမ်းလျက် လူပြိတ္တာ ဖြစ်လေ၏၊ နွေအခါ တကိုယ်လုံးမြေကြီးကဲ့သို့ အက်ကွဲ၏၊ အရေတို့လည်း စုတ်ပြတ်ကုန်၏၊ ကြီးစွာသော ဆင်းရဲကို ခံရ၏။

မင်းနှင့်တွေ့ကာ လူပြိတ္တာ

တနေ့သ၌ သိဝိမင်းကြီးသည် တောသို့ ဝင်ကာသမင်သားကို မီးကျိုးဖြင့်ကင်၍ စားမည်ဟု ကြံစည်လျက် တိုင်းပြည်ကို အမတ်တို့အား အပ်နှင်းခဲ့၍ တောသို့ဝင်ကာ လူပြိတ္တာနှင့် တွေ့လေ၏၊ ကြောက်၍ထိတ်ထိတ်ဟု တံတွေးထွေး၏၊ မင်းကြီးသည် ထိုလူပြိတ္တာအား "အမောင်···· အဘယ်သူနည်း" ဟုမေး၏၊ "အရှင်····အကျွန်ုပ်ကား လူပြိတ္တာဖြစ်ပါ၏၊ သမင်သားကိုသတ်၍ စားသဖြင့် ဤကဲ့သို့ ဒိဋ္ဌဓမ္မ အကျိုးခံစားရပါ၏၊ အရှင်လည်းအဘယ်သူနည်း"ဟုပြန်၍မေး၏၊ "အမောင်····ငါကား သိဝိမင်းဖြစ်၏"ဟုပြောသောအခါ "အရှင်····မင်းဖြစ်ပါလျက် အဘယ်ကြောင့် ဤအရပ်သို့ လာသနည်း" ဟု မေး၏၊ "အမောင်···· သမင်သားကို စားလို၍ လာသည်" ဟု ပြောသောအခါ "အရှင်···· အကျွန်ုပ်လည်း သမင်သားကို စားလို၍လာသောကြောင့် ဤကဲ့သို့ လူပြိတ္တာဖြစ်ရသည်"ဟု အကြောင်းစုံကို ပြောဆိုလေ၏။

အကုသိုလ်ကံများ မင်းလျှောက်ထား

ထိုနောက် တဖန် မိမိ၏ ပြုခဲ့သော အကုသိုလ်ကံ အကျိုး ခံစားရပုံကို လျှောက်ထားလို၍—

"အရှင်သိဝိမင်းကြီး.... အကျွန်ုပ် ကဲ့သို့သော သူသည် ရန်သူလက်၌ပျက်စီးခြင်းသို့ရောက်သကဲ့သို့ ရောက်ရ၏၊ အသက်မွေးခြင်းအမှု, အတတ်ပညာ, အလိမ်မာဉာဏ်,အကျင့်သီလ နှုံးညံ့သော အဆွေခင်ပွန်း ဟူသော စည်းစိမ်ကို ရစေတတ်သော သဘောတို့ကို စွန့်ပယ်၍ မိမိ ပြုလုပ်အပ်သော မကောင်းမှုကံဖြင့် အသပြာတထောင်မှ ရှုံးသောသူကဲ့သို့ အဆွေခင်ပွန်းမရှိ၊ မှီခိုအားထားရာမရှိဘဲ လူပြိတ္တာဖြစ်ရ၏၊ အကျွန်ုပ်သည် မြတ်သောအကျင့်ကိုဘဲကြဉ်ကာ လူပြိတ္တာဖြစ်ရသော အခြင်းအရာဖြင့် ချမ်းသာကိုအလိုရှိသောသတ္တဝါတို့ကို ဆင်းရဲစေသောကြောင့် ယခုလိုဆင်းရဲအစုသို့ ရောက်ရ၏၊ မီးသျှိုးဖြင့် ပတ်ပတ်လည်ခြံရံသကဲ့သို့ ပူလောင်နေသဖြင့် ချမ်းသာကိုမရခဲ့ပါ"—

ဟု မင်းကြီးအား ပြောဆိုပြီးလျှင်—

မင်းကိုတောင်းပန် ကုသိုလ်ပြုရန်

"အရှင်မင်းကြီး....အကျွန်ုပ်၏အဖြစ်ကို ကြည့်ရှုပါလေ၊မကောင်းမှုကိုမပြုပါလင့်၊ တိုင်းပြည်သို့ပြန်၍ ဒါနသီလစသော ကုသိုလ်ကောင်းမှုတို့ကိုပြုပါလေ"ဟုတောင်းပန်လေ၏၊ မင်းကြီးလည်း လူပြိတ္တာပြောသော စကားကို ကြားရ၍ တိုင်းပြည်သို့ပြန်ပြီးလျှင် ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် သေသည်၏အခြားမဲ့၌ နတ်ပြည်သို့လားရ၏။

ဤသို့လျှင် သရဘင်္ဂဆရာသည် အတိတ်ဝတ္ထုကိုဆောင် ကာဆုံးမသဖြင့် နာရဒရသေ့သည် သံဝေဂရ၍ ပျောက်ပြီးသောဈာန်ကို တဖန်ပြန်ရအောင် အားထုတ်လေ၏၊ သရဘင်္ဂဆရာလည်း နာရဒရသေ့အား နေမြဲလိုဏ်ဂူ၌ မနေစေဘဲ မိမိနေရာသို့ခေါ်၍ သွားလေ၏။

ဤဒေသနာတော်ကိုဆောင်၍သစ္စာကိုပြသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ နာရဒရသေ့သည်-ယခုအခါ ငြီးငွေ့သော ရဟန်း။

※ ပြည့်တန်ဆာမသည်-မယားဟောင်း။

※ သာလိဿရရသေ့သည်-သာရိပုတ္တရာ။

※ မဏ္ဍဗ္ဗရသေ့သည်-ကဿပ။

※ ပဗ္ဗတရသေ့သည်-အနုရုဒ္ဓါ။

※ ကာလဒေဝိလရသေ့သည်-ကစ္စည်း။

※ အနုပိယရသေ့သည်-အာနန္ဒာ၊

※ ကိဿဝစ္ဆရသေ့သည်-မောဂ္ဂလာန်။

※ သရဘင်္ဂရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဇာနေ္ဒြလိုလိုက်၊ငရဲဆိုက်၊လှူ၍ဆင်းရဲရာ။
(၂) ချမ်းသာဆုံးလဲ၊ဆင်းရဲမြဲ၊ဆင်းရဲဆုံးချမ်းသာ။
(၃) အိမ်နေဟူဘိ၊မပျင်းရိ၊ကောင်း၏ထုံးအလာ။
(၄) တရားကျင့်ခြင်း၊ဝေဘန်လျှင်း၊သုံးခြင်းကောင်းသည်သာ။
(၅) ဥစ္စာရလျှင်၊မပျော်ရွှင်၊လှူတွင်ကောင်းသည်သာ။
(၆) ဥစ္စာပျက်လှဲ၊ဝမ်းမနဲ၊တနဲကောင်းသည်သာ။

ဇာနိန္ဒိယဇာတ်ပြီး၏။

၄၂၄-အာဒိတ္တဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ပုဂ္ဂိုလ်ရွေးချယ်လှူဒါန်းဘွယ်

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးသည် ခုနစ်ရက်ပတ်လုံး အသဒိသဒါနကိုပေးလှူသော အခါ အလှူခံပုဂ္ဂိုလ်ကို စိစစ်၍ပေးလှူ၏။

ထိုအခါရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့.... ကောသလမင်းကြီးကား စိစစ်ရွေးချယ်၍ ကောင်းမှု၏စိုက်ပျိုးရာ လယ်တာမြေကောင်းသဘွယ်ဖြစ်သော ဘုရားအမှူးရှိသော သံဃာအားသာ ပေးလှူပေ၏"ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... ယခုအခါ ကောသလမင်းကြီးသည် စိစစ်ရွေးချယ်၍ အလှူကြီးကိုပေးလှူသည်မှာ အံ့ဘွယ်မရှိသေး၊ ရှေးပညာရှိတို့လည်း စိစစ်ရွေးချယ်၍ အလှူကြီးကို

ပေးဘူးကုန်ပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မင်းကြီးလျှစည်
မိဖုရားတိုင်ပင်

လွန်လေပြီးသောအခါ သိဝိတိုင်း ရောရုဝမြို့ဝယ် ရောရုဝမင်း မင်းပြုသည်ရှိသော် မင်းကျင့်တရား ဆယ်ပါး၌တည်လျက် လူတို့ကို သင်္ဂဟတရား လေးပါးဖြင့် ချီးမြှောက်ကာ တိုင်းသူပြည်သားတို့မိဘအရာ၌တည်၍ဆင်းရဲသောသူ ခရီးသွားသောသူ ပုန်းတောင်းယာစကာတို့အားအလှူကြီးကို ပေးလေ့ရှိ၏၊ ထိုမင်း၏မိဖုရားကြီးကား သမုဒ္ဒဝိဇယာမည်၏၊ ပညာဉာဏ်နှင့်ပြည့်စုံ၏။

တနေ့သ၌ ရောရုဝမင်းကြီးသည် အလှူတင်းကုပ်ကို ကြည့်ရှုလတ်သော် ငါ၏အလှူကို သီလမရှိလျှပ်ပေါ်သော သူတို့သာ စားကြကုန်၏၊ ထိုအလှူသည် ငါ့ကိုမနှစ်သက်စေနိုင်၊ သီလရှိသောပစ္စေကဗုဒ္ဓါတို့ကိုသာ လှူလို၏၊ ပစ္စေကဗုဒ္ဓါတို့လည်း ဟိမဝန္တာ၌ သီတင်းသုံးကြကုန်၏၊ အဘယ်သူသည်ပင့်ဘိတ်၍ ဆောင်ကျဉ်းပါမည်နည်း၊ အဘယ်သူကို စေလွှတ်ရပါမည်နည်းဟု ကြံစည်ပြီးလျှင် ထိုအကြောင်းကို မိဖုရားကြီးအား ပြောကြားလေ၏။

ပြည်လုံးစည်လည်
သီလဆောက်တည်

ထိုအခါ မိဖုရားကြီးသည် ''အရှင်မင်းကြီး.... စိုးရိမ်တော်မမူပါလင့်၊ အကျွန်ုပ်တို့အလှူ၏ အာနုဘော်၊ သီလ၏ အာနုဘော်, သစ္စာ၏အာနုဘော်ဖြင့် ပန်းတို့ကိုစေလွှတ်၍

ပင့်ပါစေမည်၊ ရောက်လာသောအခါ ပရိက္ခရာအလုံးစုံ တို့ဖြင့်ပြည့်သော အလှူကိုပေးလှူမည်''ဟု လျှောက်ထား လေ၏၊ မင်းကြီးလည်း ကောင်းပြီဟုဝန်ခံ၍ တမြို့လုံးဉပုသ် ဆောက်တည်ကြရန် စည်လည်စေပြီးလျှင် မိမိကိုယ်တိုင် လည်း ပရိသတ်နှင့်တကွ ဉပုသ်ဆောက်တည်၍ ကြီးစွာ သော လှူဘွယ်ဝတ္ထုတို့ကို စီရင်စေ၏။

မုလေးပန်းတို့ဖြင့် ပစ္စေကဗုဒ္ဓါတို့ကိုပင့်ခြင်း

မိဋ္ဌာန်ပန်းပွင့် ပစ္စေကပင့်

ထို့နောက် ရှေ့အုပ်တွင် မုလေးပန်းအ ပြည့်ထည့်လျက် ပြာသာဒ်ခေါင်မှ ဆင်း သက်ကာ မင်းရင်ပြင်၌ရပ်၍ အရှေ့ အရပ်သို့ရှေးရှုပြီးလျှင် အင်္ဂါငါးပါးတို့ကို မြေ၌တည်စေ လျက် ရှိခိုး၍ ''အကျွန်ုပ်တို့၌ တစုံတခုသောဂုဏ်ကျေးဇူး သည် အကယ်၍ ရှိငြားအံ့၊ သနား စောင့်ရှောက်တော်မူ သဖြင့် အကျွန်ုပ်တို့ဆွမ်းကို အလှူခံတော်မူပါ''ဟု လျှောက် ဆိုလျက် အရှေ့မျက်နှာသို့ ပန်းဆုပ်တို့ကိုပစ်လေ၏၊ အရှေ့ အရပ်၌ ပစ္စေကဗုဒ္ဓါတို့ မရှိသောကြောင့် နက်ဖြန်နေ့၌ မကြွလာကုန်။

နှစ်ရက်မြောက်နေ့၌ တောင်အရပ်သို့ ပန်းဆုပ်တို့ကို ပစ်ပြန်၏၊ ထိုအရပ်မှလည်းမကြွလာကုန်၊ သုံးရက်မြောက် နေ့၌ အနောက်အရပ်သို့ ပန်းဆုပ်တို့ကိုပစ်ပြန်၏၊ ထိုအ ရပ်မှလည်း မကြွလာကုန်၊ လေးရက်မြောက်နေ့၌ကား မြောက်အရပ်ကိုရှိခိုး၍ ''မြောက်ဟိမဝန္တာ၌ သီတင်းသုံး ကုန်သော ပစ္စေကဗုဒ္ဓါတို့သည် အကျွန်ုပ်တို့၏ဆွမ်းကို အ လှူခံတော်မူပါကုန်''ဟုလျှောက်ဆိုကာ ပန်းခုနစ်ဆုပ်တို့ကို

ပစ်ပြန်၏၊ ပန်းတို့သည်သွားကုန်၍ နန္ဒမူလိုဏ်၌ ပစ္စေက ဗုဒ္ဓါခုနစ်ဆူတို့ထံပါး၌ ကျကုန်၏။

အလှူခံကြွလာ ဝမ်းမြောက်စွာ

ပစ္စေကဗုဒ္ဓါတို့သည်ဆင်ခြင်လတ်သော် ရောရုဝမင်းကြီး ပင့်ဘိတ်သည့် အဖြစ်ကိုသိ၍ နက်ဖြန် သံဃာ့ထေရ်သည် ပစ္စေကဗုဒ္ဓါတို့ကိုခေါ်၍ "အရှင်တို့.... ရောရုဝမင်းကြီး အား သင်္ဂြိုဟ်ထောက်ပံ့ကြပါ"ဟု အကြောင်းကြားလေ၏၊ ပစ္စေကဗုဒ္ဓါခုနစ်ဆူတို့ ကောင်းကင်ခရီးဖြင့်ကြွ၍ မင်းအိမ် တံခါး၌ ဆင်းသက်ကြကုန်၏၊ မင်းကြီးသည် ပစ္စေကဗုဒ္ဓါ တို့ကိုမြင်လျှင် အလွန်ဝမ်းမြောက်လျက် ရှိခိုး၍ ပြာသာဒ် ထက်သို့ပင့်ကာ ကြီးစွာသောပူဇော်သက္ကာရကိုပြု၍ ဆွမ်း ဘုဉ်းပေးပြီးသောအဆုံး၌ ခြောက်ရက်တိုင် ပင့်ဘိတ်ပြီး လျှင် နေ့စဉ်ပူဇော်သက္ကာရကို ပြုလေ၏။

ခုနစ်ရက်မြောက်သောနေ့၌ အလုံးစုံသောပရိက္ခရာတို့ ကိုစီရင်၍ ရတနာခုနစ်ပါးဖြင့်ပြီးသော ညောင်စောင်းတို့ကို ခင်းလျက် ပစ္စေကဗုဒ္ဓါခုနစ်ပါးတို့ကို ညောင်စောင်းပေါ်၌ သီတင်းသုံးစေပြီးလျှင် ပရိက္ခရာတို့ကိုရှေ့၌ထား၍ ဆွမ်း ဘုဉ်းပေးပြီးလျှင်အလုံးစုံသောပရိက္ခရာတို့ကို ပစ္စေကဗုဒ္ဓါ တို့အား လှူဒါန်းလေ၏။

သံဃာ့ထေရ်ဆုံးမ တောပြန်ကြွ

ထိုအခါသံဃာ့ထေရ်သည် မင်းနှင့် မိဖု ရားတို့၏ အလှူကိုခံ၍ အနုမောဒနာ ပြု လို၍—

"မြတ်သောမင်းကြီး.... မီးလောင်၍ ပြောင် ပြောင်တောက်နေသောအိမ်၌ ယူငင်ထုတ်ဆောင်

၍ရသော အသုံးအဆောင်ကား မီးမလောင်ပေ၊ ထိုအသုံးအဆောင်သည် အိမ်ရှင်တို့အကျိုး ၄၊ ဖြစ်သကဲ့သို့၊ ထို့အတူ လောက၌ အိုခြင်းမီး, သေခြင်းမီးဖြင့် တပြောင်ပြောင်တောက်လောင်၍ နေ၏၊ အသုံးအဆောင်တို့ကိုလှူဒါန်းရသဖြင့် ထုတ်ဆောင်ရာ၏၊ ပေးလှူရသော အလှူဝတ္ထုသည်သာ ယူငင်ထုတ်ဆောင်၍ရသော အသုံးအဆောင်မည်၏”—

ဟု အနုမောဒနာပြုတော်မူ၏၊ ဤသို့ အနုမောဒနာပြုပြီးလျှင်မင်းကြီးအားဆုံးမ၍ကောင်းကင်သို့ပြန်၍ပြာသာဒ်အထွတ်ကို နှစ်ဖြာခွဲကာ နန္ဒမူလိုဏ်သို့ကြွလေ၏၊ သံဃာ့ထေရ်၏ ပရိက္ခရာတို့သည် သံဃာ့ထေရ်နှင့် အတူ ပြန်၍ နန္ဒမူလိုဏ်သို့ လိုက်၏။

ကံကိုအာရုံပြု လှူဒါန်းမှု

မင်းကြီးနှင့် မိဖုရားတို့၏ကိုယ်လုံးသည် ပီတိဖြင့်ပြည့်လေ၏၊ ကြွင်းသော ပစ္စေကဗုဒ္ဓါတို့လည်း—

“မြတ်သောမင်းကြီး.... ရဟန္တာပုဂ္ဂိုလ်ကိုအစပြု၍ဝိပဿနာပွားများနေသော ယောဂီပုဂ္ဂိုလ်တိုင်အောင် တရားထူးကို ရသောပုဂ္ဂိုလ်အား လုံးလဖြင့်ရသော ဝတ္ထုပစ္စည်း အဦးအဖျားကို ယူ၍ လှူဒါန်းသောသူသည် ယမမင်းနိုင်ငံဖြစ်သော ငရဲမှ လွတ်မြောက်၍ နတ်ပြည်သို့ရောက်ရ၏”။

“မြတ်သောမင်းကြီး....အလှူပေးခြင်း, စစ်ထိုးခြင်းတို့ကို တူမျှသည်ဟု ပညာရှိတို့ဆိုကုန်၏၊ စစ်

သည်တို့သဘောကား နည်းသော်လည်းများသော စစ်သည်တို့ကိုအောင်နိုင်၏၊ အလှူတို့သဘောလည်း နည်းသော်လည်း များသောဝန်တိုခြင်း စသော ကိလေသာတို့ကို အောင်နိုင်၏၊ နည်းသောအလှူဝတ္ထုကိုလည်း ကံကံ၏ အကျိုးကို ယုံကြည်လျက် အကယ်၍ လှူဒါန်းငြားအံ့၊ ထိုအလှူသည် တမလွန်ဘဝ၌ ချမ်းသာနှင့်ပြည့်စုံ၏”—

ရှက်ကြောက်မှုသိ ပညာရှိ

“မြတ်သောမင်းကြီး.... အလှူဝတ္ထုနှင့် အလှူခံ ပုဂ္ဂိုလ်တို့ကို စိစစ် ရွေးချယ်၍ လှူသောအလှူကို ဘုရားစသောသူတော်ကောင်းတို့ ချီးမွမ်းအပ်၏၊ ဤလူ့ပြည်၌ရှိသော ဘုရားစသော မြတ်သောအလှူခံပုဂ္ဂိုလ်တို့၌လှူအပ်သော အလှူတို့သည် လယ်တာ မြေကောင်းတို့၌ စိုက်ပျိုး အပ်သော မျိုးစေ့တို့ကဲ့သို့ အကျိုးကြီးကုန်၏”။

“မြတ်သောမင်းကြီး....သက်ရှိ သတ္တဝါတို့ကို သနားကြင်နာသဖြင့် မညှဥ်းဆဲဘဲ ကျင့်သောသူသည် သူတပါးတို့ စွပ်စွဲမည်ကို ကြောက်သောကြောင့် မကောင်းမှုကိုမပြုပါ၊ သူတပါးတို့ စွပ်စွဲမည်မှ ကြောက်သောသူကိုပညာရှိတို့ ချီးမွမ်းကုန်ကြ၏၊ သူတပါးတို့စွပ်စွဲခြင်း၌ ရဲရင့်သောသူကိုမချီးမွမ်းကြကုန်၊ သူတပါးတို့ စွပ်စွဲမည်ကို ကြောက်သောကြောင့်လျှင် သူတော် ကောင်းတို့ သည် မကောင်းမှုကို မပြုကြကုန်”။

အမြတ်ဆုံးအမှု ဝိပဿနာရှု

"မြတ်သောမင်းကြီး…ယုတ်နိမ့်သော သီလဟူသော ဗြဟ္မစရိယ အကျင့်ဖြင့် မင်းမျိုး၌ဖြစ်ရ၏၊ အလယ်အလတ် ဖြစ်သောဈာန်သမာပတ်ဟူသောဗြဟ္မစရိယအကျင့်ဖြင့် နတ်ပြည် ဗြဟ္မာ့ပြည်သို့ရောက်ရ၏၊ မွန်မြတ်သော အရဟတ္တဖိုလ် ဟူသော ဗြဟ္မစရိယ အကျင့်ဖြင့် ကာမမှ၎င်း ဝဋ်ဆင်းရဲမှ၎င်း စင်ကြယ်ရ၏"။

"မြတ်သောမင်းကြီး… စင်စစ် အလှူဒါနကို သာအများအားဖြင့် ချီးမွမ်းအပ်၏၊ အလှူဒါန ထက် သမထဝိပဿနာ တရားအစုသည် မြတ်၏၊ အမှန်စင်စစ်ကား— ဤကမ္ဘာ၏ရှေးဦး၌ ဖြစ်သော ကဿပဘုရား စသောသူတော်ကောင်းတို့သည်၎င်း၊ အလွန် ရှေးဖြစ်သော ဝေဿဘူ ဘုရားစသော သူတော်ကောင်းတို့သည်၎င်း သမထဝိပဿနာကို ပွားစေ၍ နိဗ္ဗာန်သို့ ရောက်ကြကုန်ပြီ"—

ဟု မင်းကြီးအား အမြိုက်နိဗ္ဗာန်ကို ဟောတော်မူပြီးလျှင် သံဃာ့ထေရ်နည်းတူ ပရိက္ခရာနှင့်တကွ မိမိတို့နေရာသို့ကြွကုန်၏။

မင်းကြီးနှင့်မိဖုရားကြီးတို့လည်း ပစ္စေကဗုဒ္ဓါတို့၊အဆုံးအမ၌တည်ကာ အသက်ထက်ဆုံးကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်လျက် သေလွန်သောအခါ နတ်ပြည်သို့ လားကြရကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ သမုဒ္ဒဝိဇယာမိဖုရားကြီးသည်–ယခုအခါ ရာဟုလာမယ်တော်။

※ ရောရုဝမင်းကြီးသည်–ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိးလောင်အိမ်မှ၊ ထုတ်ယူရ၊ သုံးရသုံးဆောင်နှယ်။
(၂) အို့သေမီးမှ၊ ထုတ်ယူရ၊ ဒါနလှူဒါန်းဘွယ်။
(၃) အလှူခံမြတ်၊ ပေးလှူလတ်၊ ရောက်တတ်နတ်တို့နယ်။
(၄) အလှူပေးခြင်း၊ စစ်ထိုးခြင်း၊ မယွင်းတူလှဘွယ်။
(၅) လှူစစ်နည်းငြား၊ အောင်အများ၊ နှစ်ပါးစွမ်းကြီးကျယ်။
(၆) လှူခံ၊ ဝတ္ထု၊ စိစစ်မှု၊ ချီးကျူးကျိုးများဘွယ်။
(၇) ချီးကျူးလှူဒါ၊ ဘာဝနာ၊ ကဲသာမွန်မြတ်ဘွယ်။
(၈) သမထ ဝိပဿ၊ သူတော်မြတ်၊ ရောက်လတ်နိဗ္ဗာန်နယ်။

အာဒိတ္တဇာတ်ပြီး၏။

၂၄၅–အဋ္ဌာနဇာတ်

ပဉ္စနိပါတ်၊ ဝဂ္ဂ၁

ကျေးဇူးပြစ်မှား မိန်းမများ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါး သည် မိန်းမ၌ စွန်းငြိခြင်း ကိလေသာ၏ အလိုသို့လိုက်၍ သာသနာတော်၌ ငြီးငွေ့လေ၏။

မြတ်စွာဘုရား သိတော်မူလျှင် "ချစ်သား ရဟန်း…. မိန်းမတို့ မည်သည်ကား အကျွမ်း မဝင်အပ်၊ ကျေးဇူးကို

မသိတတ်၊ အဆွေခင်ပွန်းကိုပြစ်မှားတတ်၏၊ရှေးပညာရှိတို့ သည် နေ့တိုင်းနေ့တိုင်း အသပြာတထောင် ပေးငြားလာ သော်လည်း မိန်းမတို့ကို မနှစ်သက်စေနိုင်ကုန်၊ တနေ့သော အခါ အသပြာတထောင်ကိုမရ၍ လည်ပင်း၌ကိုင်ကာ ငင် ထုတ်စေဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

တထောင်ပေးပျော်ပါး သူဌေးသား

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ထိုဗြဟ္မဒတ်မင်း၏ သားတော် ကား ဗြဟ္မဒတ္တသတို့သားမည်၏၊ ဗာရာဏသီ သူဌေး၏ သားကား မဟာဓနမည်၏၊ ထိုသူငယ် နှစ်ယောက်တို့သည် မြူမှုန်ကစားဘက် အဆွေခင်ပွန်းဖြစ်ကြကုန်၏၊ ဆရာတဦး ထည်း၌ အတတ်ပညာသင်ကြားကြကုန်၏။

မင်းသားသည် အဘသေလွန်လျှင် မင်းအဖြစ်ကိုရ၏၊ သူဌေးသားသည် ထိုမင်းအထံမှာပင်နေ၏၊ သူဌေးကြီး သေလွန်လျှင် သူဌေးရာထူးကိုရ၏၊ ဗာရာဏသီ ပြည်၌ လည်း အလွန်အဆင်းလှသော ပြည့်တန်ဆာမတယောက် ရှိ၏၊ တညလျှင် အသပြာတထောင်ပေး၍ သွားလာရ၏၊ ထိုသူဌေးသည် သူဌေးသားအဖြစ်မှစ၍ သူဌေးကြီးဖြစ် သည်တိုင်အောင် နေ့တိုင်းနေ့တိုင်း အသပြာ တထောင် ပေး၍ ထိုပြည့်တန်ဆာမနှင့် မွေ့လျော်ပျော်ပါးကာနေ၏။

အသပြာခုမရ ဆွဲထုတ်ကြ

ထိုသူဌေးကြီးသည် တနေ့ သုံးကြိမ် မင်းကြီးထံ ခစားသွားလေ့ရှိ၏၊ တနေ့ သ၌ မင်းကြီးထံမှအပြန်တွင် ညဥ့်မိုက်

၍နေသဖြင့် အိမ်သို့ပြန်၍ အသပြာတထောင်ကိုမယူတော့ဘဲ အလုပ်အကျွေးတို့ကို အိမ်သို့လွှတ်လိုက်၍ မိမိမူကား ပြည့်ဘန်ဆာမအိမ်သို့သွား၏၊ ပြည့်တန်ဆာမမြင်လျှင် "အရှင့်သား.... အသပြာ တထောင် ပါ၏လော" ဟု မေး၏၊ "ရှင်မ....ယနေ့မိုးချုပ်သဖြင့် အိမ်သို့သွားကာ မယူနိုင်၍ မပါခဲ့ပါ၊ နက်ဖြန်မှ နှစ်ထောင် ပေးပါမည်"ဟု ပြောလေ၏။

ထိုအခါ ပြည့်တန်ဆာမသည် ယနေ့ငါသည် အကယ်၍ ခွင့်ပြုငြားအံ့၊ နောက်နေ့တို့၌လည်း လက်ချည်းသာ လာခဲ့ရာ၏၊ ထိုသို့လာခဲ့သော် ငါ့အားလာဘ်လာဘ ဆုတ်ယုတ်လတံ့၊ ခွင့်ပြုခြင်းငှါမသင့်ဟု ကြံစည်၍ "အရှင့်သား.... အကျွန်ုပ်တို့ ပြည့်တန်ဆာမ မည်သည်ကား အသပြာ တထောင်ကို မပေးမူ၍ မွေ့လျော်ရခြင်းမည်သည် မရှိ၊ အသပြာတထောင်ကို ဆောင်ယူချေလော့"ဟုဆို၏၊ သူဌေးကြီးသည် အဘန်တလဲလဲတောင်းပန်၏။

မိန်းမပြစ်မြင်ကာ
တောထွက်ရှာ

ထိုအခါ ပြည့်တန်ဆာမသည် နေ့တိုင်းပေးနေသော ကျေးဇူးကို မထောက်ထားဘဲ ကျွန်မတို့အား"လည်ပင်းကို ကိုင်၍ ငင်ထုတ်ပြီးလျှင် တံခါးပိတ်ကြလော့"ဟုအမိန့်ပေးလေ၏၊ ကျွန်မတို့လည်း ပြည့်တန်ဆာမ စေခိုင်းသော အတိုင်း သူဌေးကြီးကို လည်ကိုကိုင်၍ ငင်ထုတ်ပြီးလျှင် တံခါးကို ပိတ်ကြကုန်၏။

သူဌေးကြီးလည်း ငါကား ဤမိန်းမနှင့်သာ ကုဋေရှစ်ဆယ်ဥစ္စာကို ခံစားခဲ့၏၊ တနေ့မျှ လက်ချည်းလာသည်ကို

မြင်၍ လည်ပင်းကိုကိုင်၍ နှင်ထုတ်စေ၏၊ ဤမိန်းမကား အရှက်မရှိ,ကျေးဇူးကိုမသိ,အဆွေခင်ပွန်းကို ပြစ်မှားတတ်၏ဟု ကြံစည်ကာ တပ်စွန်းခြင်းကင်းလျက် စက်ဆုပ်ရွံရှာဘွယ်ဟူသောသညာကိုရ၍အိမ်ရာထောင်ခြင်း၌ငြီးငွေ့လျက် အိမ်သို့လည်းမပြန် မင်းကြီးကိုလည်း မပန်ကြားတော့ဘဲ တောထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်ဖြစ်စေလျက် ဂင်္ဂါမြစ်နား၌သစ်သီးကြီးငယ်တို့ဖြင့် မျှတကာနေ၏။

ကျေးဇူးချေလျက် မိန်းမပျက်

မင်းကြီးလည်း သူဌေးကြီးကို မမြင်လတ်သော် မေးတော်မူ၏၊ ပြည့်တန်ဆာမသည် လည်ကိုကိုင်၍ နှင်ထုတ်ခြင်းအကြောင်းကား တမြို့လုံးထင်ရှားနေသဖြင့် လူတိုင်းသိကြ၍ ပြည့်တန်ဆာမသည် လည်ကိုကိုင်၍ နှင်ထုတ်သဖြင့် ရှက်ခြင်းကြောင့် အိမ်သို့မပြန်တော့ဘဲ တောထွက်၍ ရသေ့ရဟန်း ပြုလိမ့်မည်ဟု လျှောက်ထားကြကုန်၏၊ ထိုအခါ မင်းကြီးသည် ပြည့်တန်ဆာမကို ခေါ်စေ၍ မေးရာ ဟုတ်မှန်ကြောင်း လျှောက်ထားသဖြင့် အကြောင်းမှန်ကို သိတော်မူလျှင် "ဟယ်-ကျွန်ယုတ်မ···· သင်သည် ခုအမြန်သွား၍ ငါ့အဆွေခင်ပွန်းကို ခေါ်ဆောင်လာရမည်၊ခေါ်ဆောင်မလာနိုင်လျှင် သင့်အသက်ကိုသတ်မည်" ဟု ကြိမ်းမောင်း၍ တချက်လွှတ် အမိန့်ပေးလေ၏။

သေဘေးကြောက်လျက် ပင့်ဆောင်ထွက်

ပြည့်တန်ဆာ မလည်း သေဘေး မှ ကြောက်သဖြင့် ရထားစီးလျက် အခြံအရံများစွာဖြင့် မြို့မှထွက်၍သတင်းကို

မေးမြန်း၍ လိုက်လံရှာဖွေရာ ရသေ့အထံသို့ ရောက်လျှင် ရှိခိုး၍ "အရှင်ဘုရား....အကျွန်ုပ်အပြစ်ကို သည်းခံတော်မူပါ"ဟု လျှောက်၏၊ "ရှင်မ.... ငါသည် သည်းခံပါ၏၊ သင်နှင့်ငါ ရန်ငြိုးဖွဲ့ခြင်းမရှိ"ဟု ပြောကြား၏၊ "အရှင်ဘုရား....သည်းခံတော်မူပါ၊ အကျွန်ုပ်နှင့်အတူ ရထားစီး၍လိုက်တော်မူပါ၊ အကျွန်ုပ်အိမ်သို့ရောက်လျှင် အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို အရှင်ဘုရားအား ပေးပါမည်"ဟု တောင်းပန်လျှောက်ထားလေ၏။

လိပ်မွေးစောင်ဖြစ် ပေါင်းဖေါ်သင့်

ထိုအခါ ရသေ့သည် ပြည့်တန်ဆာမ စကားကိုကြားလျှင်—

"နှမ....ဂင်္ဂါမြစ်တို့သည် ကုမုဒြာကြာတို့ဖြင့် ဖုံးလွှမ်းလျက် မစီးသွားဘဲ ငြိမ်သက်စွာ တည်နေကုန်ရာ၏၊ ဥဩငှက်တို့သည် ခရုသင်းကဲ့သို့ ဖြူဖွေးသောအဆင်းရှိကုန်ရာ၏၊ သပြေပင်တို့သည် ထန်းသီးကိုသီးကုန်ရာ၏၊ ထိုအခါ သင်နှင့်ငါ ပေါင်းဘော်ခြင်း ဖြစ်နိုင်မည်လားမသိ"။

"နှမ....လိပ်မွေး ပန်းပွင့်ဖြင့် ရက်အပ်သော ခြုံစောင်၊ လိပ်မွေးသက်သက်ဖြင့် ရက်အပ်သော ခြုံစောင်၊ နှစ်ပါးစုံဖြင့် ရက်အပ်သော ခြုံစောင်၊ ဤသို့ သုံးပါးသော ခြုံစောင်တို့ ဖြစ်ကုန်ရာ၏၊ ဆောင်းလအခါ ခြုံကောင်းကုန်ရာ၏၊ ထိုအခါ သင်နှင့်ငါ စင်စစ်ပေါင်းဘော်ခြင်း ဖြစ်တန်ရာ၏"။

ယုန်ချိုအိမ်ဖြစ်
ပေါင်းဖေါ်သင့်

"နမ···· မှက်ခြင်တို့ ခြေထောက်ဖြင့် ကောင်းစွာပြုလုပ်အပ်သော ပြအိုးပစ္စင်သည်လူတရာတက်၍စစ်ထိုးနိုင်လောက်အောင် မတုန်မလှုပ်ခိုင်ခံ့သည်ဖြစ်ရာ၏၊ ထိုအခါ သင်နှင့်ငါ စင်စစ်ပေါင်းဘော်ခြင်းဖြစ်တန်ရာ၏"။

"နမ···· အထက် နတ်ပြည်သို့ တက်သွားလောက်အောင် ယုန်ချိုတို့ဖြင့် စောင်းတန်းလှေခါးကို ကောင်းစွာပြုလုပ်နိုင်ရာ၏၊ ထိုအခါသင်နှင့်ငါ စင်စစ် ပေါင်းဘော်ခြင်း ဖြစ်တန်ရာ၏"။

"နမ···· ကြွက်တို့သည် ယုန်ချို စောင်းတန်းလှေခါးဖြင့်တက်ကုန်လျက် လမင်းကို ခဲစားကုန်ရာ၏၊ ရာဟု အသုရိန်ကိုလည်း ပြေးစေကုန်ရာ၏၊ ထိုအခါ သင်နှင့်ငါ စင်စစ်ပေါင်းဘော်ခြင်းဖြစ်တန်ရာ၏"။

ယင်ပေါင်းမီးဆင်း
ပေါင်းသင့်ခြင်း

"နမ····တပေါင်းတစုထည်းကျက်စားလေ့ရှိကုန်သောယင်တို့သည် သေရည်အိုးတလုံးစီသောက်ပြီးလျှင် မူးယစ်ကုန်လျက် မီးကျီးထဲ၌နေခြင်းကို ပြုလုပ်နိုင်ရာကုန်၏၊ ထိုအခါ သင်နှင့်ငါ စင်စစ် ပေါင်းဘော်ခြင်း ဖြစ်တန်ရာ၏"။

"နမ···· ကျီးအာသီးမှည့်ကဲ့သို့ နီမြန်းသော နှုတ်သီးရှိလျက် ကောင်းသော ချက်နှာရှိသော မြည်းတို့သည် ကခြင်းသီခြင်း၌ လိမ္မာကုန်ရာ၏၊ ထိုအခါ သင်နှင့်ငါစင်စစ် ပေါင်းဘော်ခြင်းဖြစ်တန်ရာ၏"။

တောင်ကိုင်ကျက်ချီ ပေါင်းသင့်ပြီ

"နှမ…. ကြိုးငှက်တို့နှင့် ခင်ပုပ်ငှက်တို့သည် ဆိတ်ကွယ်ရာအရပ်သို့ ကပ်ကုန်လျက် အချင်းချင်းတိုင်ပင်ကုန်ရာ၏၊ ချစ်ခင်ကုန်ရာ၏၊ထိုအခါ သင်နှင့်ငါ စင်စစ် ပေါင်းဘော်ခြင်း ဖြစ်တန်ရာ၏"။

"နှမ….မိုဃ်းကို ကာကွယ်ခြင်းငှါ ကြာရွက် တို့ဖြင့် ပြုလုပ်အပ်သောထီးတို့သည် အလွန်ခိုင်ခံ့ကုန်ရာ၏၊ ထိုအခါ သင်နှင့်ငါ စင်စစ်ပေါင်းဘော်ခြင်းသည် ဖြစ်တန်ရာ၏"။

"နှမ….အမျိုးဇာတ်အားဖြင့် သေးငယ်သော ငှက်သည် ဂန္ဓမာဒနတောင်ကြီးကို နှုတ်သီးဖြင့် ချီမကာ ပို့သွားနိုင်ရာ၏၊ ထိုအခါ သင်နှင့်ငါစင်စစ် ပေါင်းဘော်ခြင်းဖြစ်တန်ရာ၏"။

မိန်းမယုတ်ညစ် ပယ်စွန့်ပစ်

"နှမ… သူငယ်သည် သမုဒ္ဒရာ၌ ပြေးသွားနိုင်သော ယန္တရားစက် တပ်ဆင်ကာ အလံတံခွန်နှင့်တကွ အလုံးစုံသော အဆောက်အဦနှင့်ပြည့်စုံသော သင်္ဘောလှေကြီးကို လက်ဖြင့်ယူ၍ သွားနိုင်ရာ၏၊ ထိုအခါ သင်နှင့်ငါ စင်စစ်ပေါင်းဘော်ခြင်း ဖြစ်တန်ရာ၏"–

ဟုပြည့်တန်ဆာမအား လောက၌မဖြစ်နိုင်ကောင်းသော အကြောင်းအရာတို့ကို ကြံစည်၍ ဥပမာပြုကာ ပြောဆိုဆုံးမလေ၏၊ ပြည့်တန်ဆာမလည်း ရသေ့၏စကားကို ကြားလျှင် ရှိခိုးကန်တော့ပြီးလျှင် မြို့သို့ပြန်၍ မင်းကြီးအား အကြောင်းစုံလျှောက်ကြားထားလျက် အသက်ကို ချမ်းသာပေးရန် တောင်းပန်လေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည် အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဗာရာဏသီမင်းသည်- ယခုအခါ အာနန္ဒာ။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဂုဏ်ကျေးဇူးနဲ့၊ ဖြစ်လွန်ကဲ၊ မိညဲမေ့တာ။
(၂) အသက်ရကြောင်း၊ ခေါ်ဖြားယောင်း၊ ညစ်လှောင်း ပြည့်တန်ဆာ။
(၃) မဖြစ်နိုင်ပြား၊ အကြောင်းများ၊ ကြား၍မြစ်ပယ်ရှာ။

အဋ္ဌာနဇာတ်ပြီး၏။

၄၂၆—ဒီပိဇာတ်

ပစ္စုပ္ပန်ဝတ္ထု

တောင်ကြားကျက်စား ဆိတ်ကုလားများ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရှင်မောဂ္ဂလာန်သည် တောင်တို့ဖြင့် ခြံရံအပ်သဖြင့် တံခါး

ဘခုသာရှိသော ဂိရိဗ္ဗဇ ကျောင်း၌ သီတင်းသုံးတော်မူ၏၊ ထိုတံခါးအနီး၌ စကြံတခုလည်းရှိ၏။

ဆိတ်ကျောင်းသားတို့သည် ဆိတ်ကုလားတို့ကို တောင်ကြားသို့သွင်းလျက် ကစား၍ နေကြကုန်၏၊ ညချမ်းသောအခါ ဆိတ်ကုလားတို့ကို ရုံးစု၍သွားကြရာ ဆိတ်ကုလားမတကောင်သည် အဝေးတွင် ကျက်စားနေသဖြင့် ကျန်ရစ်ခဲ့၏၊ သစ်တကောင်သည် နောက်ဆုံးမှ ထွက်လာသော ဆိတ်ကုလားမကို မြင်လျှင် စားမည်ဟု တောင်ခြေ တံခါး၌ ရပ်၏။

သစ်ဘေးလွတ်အောင် လုံ့လဆောင်

ဆိတ် ကုလားမလည်း ဟိုဟိုသည်သည်ကြည့်လတ်သော်သစ်ကိုမြင်၍ ဤသစ်ကား ငါ့ကိုစားလို၍ ရပ်နေဟန်တူသည်၊ အကယ်၍ ပြေးပါမူ မုချသေရမည်၊ ယနေ့ငါသည် ယောကျာ်းတကာတို့ ပြုရာသော လုံ့လကိုပြု၍ အသက်ဘေးမှ လွတ်အောင် ကြံမည်ဟု ဦးချိုတို့ကို ချိမြှောက်လျက် သစ်ရှိရာသို့ ရှေးရှုပြေး၍ လျင်မြန်သော အဟုန်ဖြင့် တောကိုဖြတ်ပြီးလျှင် ဆိတ်ကုလားအုပ်အတွင်းသို့ဝင်လေ၏၊ သစ်လည်း ဖမ်းမည်ဟု အားထုတ်စဉ်ပင် မမိလိုက်ဘဲ ကျန်ရစ်လေ၏။

ထိုအခါ ရှင်မောဂ္ဂလာန်သည် သစ်နှင့်ဆိတ်ကုလားမတို့ အခြင်းအရာကို မြင်လျှင် နက်ဖြန် မြတ်စွာဘုရားထံသွား၍ ထိုအကြောင်းကို လျှောက်ထား၏၊ မြတ်စွာဘုရားသည် "ချစ်သားမောဂ္ဂလာန်.... သစ်သည်ယခုအခါ၌သာ ထိုဆိတ်ကုလားမကို မဖမ်းနိုင်၊ ရှေးအခါ၌ကား မြည်

တမ်းစဉ်လျှင် ဖမ်း၍ စားဘူးပြီ” ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ရသေ့ကျောင်းနီးနား ဆိတ်ကုလားများ

လွန်လေပြီးသောအခါ မဂဓတိုင်း၌ ဘုရား အလောင်းသည် တခုသော ရွာဝယ် စည်းစိမ်ဥစ္စာကြွယ်ဝသောအမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကာမဂုဏ်တို့ကို စွန့်ပယ်၍ ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် ကြာမြင့်စွာ ဟိမဝန္တာအရပ်၌ နေလေ၏။

တနေ့သ၌ ရသေ့သည်ချဉ်ဆားမှီဝဲလိုသဖြင့် ဒေသစာရီလှည့်လည်လတ်သော် ရာဇဂြိုဟ်ပြည်သို့ ရောက်၍ ဂိရိဗ္ဗဇအရပ်၌လျှင် သစ်ရွက်မိုးသော ကျောင်းသင်္ခမ်း ဆောက်လုပ်ကာနေ၏၊ ထိုအခါ ဆိတ်ကျောင်းသားတို့သည်ဂိရိဗ္ဗဇအရပ်မှာပင် ဆိတ်ကုလားတို့ကို ကျောင်းကုန်၏၊ ညချမ်းအခါ ဆိတ်ကုလားတို့ကို မောင်းနှင်၍ ပြန်ကြရာ ဆိတ်ကုလားမတကောင်သည် ကျန်ရစ်လေ၏။

သစ်ဘေးလွတ်ဘွယ် ဆိတ်မဥပါယ်

သစ်တကောင်သည် ဆိတ်ကုလားမကို မြင်လျှင် စားမည်ဟု တံခါးတွင်ရပ်ကာ နေ၏၊ ထိုဆိတ်ကုလားမသည် သစ်ကို မြင်လျှင် ယနေ့ငါ့မှာ အသက်ရှိမည်မဟုတ်၊ စင်စစ်ငါသည် လွတ်မြောက်အောင် လုံ့လပြုသင့်သည်၊ ဥပါယ်တခုဖြင့် သစ်နှင့်စကားပြော၍ စိတ်နှလုံးနူးညံ့အောင် ပြုမည်ဟု ကြံစည်ကာ—

''ဦးရီး····သင့်မှာ ကျန်းမာပါ၏လော၊ မျှတပါ၏လော၊ ချမ်းသာပါ၏လော၊ အကျွန်ုပ်အမိသည် သင်၏ချမ်းသာခြင်းကို အလိုရှိပါ၏ ဟု ပြောဆိုပါသည်၊ အကျွန်ုပ်တို့သည် သင်၏ချမ်းသာခြင်းကို အလိုရှိပါကုန်၏''—

ဟု သစ်အား ပဋိသန္ထာရစကား ပြောကြားလေ၏။

ဆိတ်မပြစ်ရှာ စားလိုရာ

သစ်သည် ဆိတ်ကုလားမ စကားကို ကြားလျှင် ငါ့ကို ဦးရီးဟု စကားဖြင့် လှည့်စားဘိ၏၊ ငါ၏ ကြမ်းကြုတ်သည့် အဖြစ်ကို မသိလေဟု ကြံစည်ကာ—

''ဟယ်-ဆိတ်ကုလားမ····သင်သည်ငါ၏အမြီးကို နင်း၍ပုတ်ခတ်ကာ လာဘိ၏၊ ယနေ့သင်ကား ငါ့ကို ဦးရီးခေါ်သဖြင့် အသက်ဘေးမှ လွတ်လိမ့်မည် မှတ်ထင်သလော''—

ဟု ဆိတ်ကုလားမအား ပြန်ကြားပြောဆိုလေ၏၊ ထိုအခါ ဆိတ်ကုလားမသည်—

''ဦးရီး···· သင်ကား အရှေ့သို့မျက်နှာပြု၍နေဘိ၏၊ ငါကား သင့်ရှေ့မျက်နှာသို့ လာခဲ့၏၊ ငါသည် သင်၏ နောက်၌တည်ရှိသော အမြီးကို အဘယ်သို့ နင်းနိုင်မည်နည်း''—

ဟု တဖန်ပြောဆိုပြန်၏။

ထိုအခါ အသက်ဘေးမှ လွတ်မြောက်ရန် တောင်းပန်သော ဆိပ်မကို အပြစ်ရှာလိုသော သစ်သည်—

"ဟယ်- ဆိတ်ကုလားမ…. တော, တောင်
သမုဒ္ဒရာနှင့်တကွ ကျွန်းကြီး လေးကျွန်းတို့သည်
တည်ရှိကုန်၏၊ ထိုမျှလောက်သော အရပ်ကို ငါ၏
အမြီးသည် ပတ်ရံကာတည်ခဲ့၏၊ သင်ဘယ်လို ကြဉ်
ရှောင်နိုင်မည်နည်း"–

ဟု ဘယ်နေရာမျှ အမြီးနှင့်မလွတ်အောင် ပြောဆိုပြန်၏၊ ထိုအခါ ဆိတ်ကုလားမသည် သစ်၏စကားကိုကြားပြန်လျှင်–

"ဦးရီး…. ရှေးအခါ၌လျှင် မိဘမောင်ဘွားတို့
သည် ပြစ်မှားသော သစ်၏အမြီးသည် ရှည်လှ၏ဟု
ပြောဆိုသောစကားကို ငါတို့ကြားဘူးကုန်၏၊ ထို့
ကြောင့်ငါသည် ကောင်းကင်ဖြင့်လာခဲ့ပါ၏"–

ဟု အပြစ်လွတ်ရာလွတ်ကြောင်းကို တောင်းပန်ပြောဆိုပြန်၏။

ဆင်ခြေပေးလည်း အချည်းနှီး

ထိုအခါ သစ်သည် စားလို၍ ဆိတ်ကုလားမအား မလွတ်နိုင်အောင် အပြစ်ရှာလိုပြန်သဖြင့်–

"ဟယ်-ဆိတ်ကုလားမ…. ကောင်းကင်၌လာ
သော သင့်ကိုမြင်၍ ငါ့အစာဖြစ်သော သားအ
ပေါင်းတို့သည် ပြေးကြကုန်ပြီ၊ သို့အတွက် သင်
ကား ငါ၏အစာကိုဖျက်ဆီးမိ၏"–

ဟု ပြောဆိုစွပ်စွဲပြန်၏၊ ဆိတ်ကုလားမသည် ထိုစကားကိုကြားလျှင် သေဘေးမှကြောက်သဖြင့် အကြောင်းတပါးမရှာနိုင်တော့ရကား "ဦးရီး…. ကြမ်းကြုတ်သောအမှုကို

မပြုပါလင့်၊ ငါ့အား အသက်ကိုချမ်းသာပေးပါလော''ဟု တောင်းပန်ကာ မြည်တမ်းလေ၏၊ သစ်လည်း ဆိတ်ကုလားမြည်တမ်းစဉ်ပင်လျှင် ကိုက်သတ်၍စားလေ၏။

ကြမ်းကြုပ်သူမိုက် လို့လစိုက် — သဗ္ဗညုမြတ်စွာဘုရားလည်း ဘုရားဖြစ်တော်မူပြီး၍—

''ရဟန်းတို့.... သတ္တဝါတို့ အသွေးအသားကို သောက်စားသောသစ်သည် ဤသို့ မြည်တမ်းစဉ်လျှင် ဆိတ်ကုလားမ၏လည်ပင်းကိုကိုက်ဝါးလေ၏၊ ပြစ်မှား ကြမ်းကြုတ်သောသူ၌ ကောင်းစွာ ဆိုအပ်သောစကားသည် အကျိုးမရှိချေ၊ ပြစ်မှားကြမ်းကြုတ်သောသူ၌ အကြောင်းလည်းမရှိချေ၊တရားသဘောလည်းမရှိချေ၊ကောင်းစွာဆိုအပ်သောစကားလည်းမရှိချေ၊ ကြမ်းကြုတ်ပြစ်မှားသူ၌ လို့လပြုရာ၏၊ ကြမ်းကြုတ်ပြစ်မှားသူသည် စကားကောင်းကို မနှစ်သက်''—

ဟု ရဟန်းတို့အား ဆုံးမတော်မူ၏၊ ထိုစဉ်အခါရသေ့လည်း ထိုဆိတ်ကုလားမနှင့် သစ်တို့၏အဖြစ်အပျက် အမူအရာအလုံးစုံကို ကိုယ်တိုင်မြင်ရလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဆိတ်ကုလားမသည်- ယခုအခါလည်း ဆိတ်ကုလားမ။

※ သစ်လည်း- သစ်။
※ ရသေ့သည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကြမ်းကြုတ်ပြစ်မှား၊ သူ့ထံပါး၊ စကားဆိုကျိုးကြွ။
(၂) သဘောတရား၊ ကင်းမဲ့ငြား၊ ကြိုးစားလွှတ်အောင်သာ။
(၃) စကားကောင်းလျက်၊ မနှစ်သက်၊ သူပျက်ဘေးကင်းကြွ။

ဒီပိဇာတ်ပြီး၏။
အဋ္ဌကနိပါတ် စကားပြေပြီး၏။

၄၂၇-ဂိဇ္ဈဇာတ်

ပဉ္စကနိပါတ်

ဆရာဆုံးမပြန်
လက်မခံ

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဆုံးအမခက်သော ရဟန်းတပါးရှိလေ၏၊ ထိုရဟန်းသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော သာသနာတော်၌ ရဟန်းပြုပါလျက် ဆုံးမလွယ်သော သောဝစ္စဿတာ ဂုဏ်နှင့် မပြည့်စုံလေ။

ဆရာဥပဇ္ဈာယ် သီတင်းသုံးဘော်တို့က ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့၌ စောင့်ရှောက်ထိန်းသိမ်းရန် အကျိုးအကြောင်းပြ၍ ဆိုဆုံးမသောအခါ မနာယူဘဲ မိမိကိုမဆုံးမထိုက်လေဟန် မိမိနှင့် မသက်ဆိုင် လေဟန်ဖြင့် ပြုလုပ်ကာနေ၏။

ထိုအခါရဟန်းတို့သည် ထိုရဟန်း၏ အဆုံးမခက်သော အကြောင်းကို တရားသဘင်၌ စကားစပ်မိ၍ ပြောဆို နေကြရာ မြတ်စွာဘုရားကြွလာတော်မူလျှင် သိတော်မူ၍ "ရဟန်း.... သင်သည် အကျိုးစီးပွားကို လိုလား၍ ဆုံးမ သောသူတို့စကားကို အဘယ်ကြောင့် နားမထောင် မနာ ယူဘိသနည်း၊ သင်ရှေးအခါ၌လည်း ပညာရှိတို့စကားကို နားမထောင်သဖြင့် ဝေရမ္ဘလေဦး၌ မှုန့်မှုန့်ညက်ညက်ဖြစ် ၍ သေဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ် ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ဖခင်ဆုံးမ သားလင်းတ

လွန်လေပြီးသောအခါ ဂိဇ္ဈကုဋ်တောင် ၌ ဘုရားအလောင်းသည် လင်းတမျိုး၌ ဖြစ်၍၊သားဖြစ်သော လင်းတမင်းကား သုပတ္တအမည်ရှိ၏၊ အထောင်မကသောလင်းတတို့ဖြင့် ခြံရံ ၏၊အားအစွမ်းနှင့်ပြည့်စုံ၏၊မိဘအိုတို့အား လုပ်ကျွေးမွေး မြူ၏၊ အားအစွမ်းနှင့် ပြည့်စုံသောကြောင့် အလွန်ဝေးလံ သောအရပ်သို့ ပျံသန်းလေ့ရှိ၏။

ထိုအခါ အဘလင်းတအိုသည် သားလင်းတမင်းအား "အမောင်.... ဤမည်သောအရပ်ကို လွန်၍မပျံအပ်၊ ပျံ လျှင် ဝေရမ္ဘလေဦးသို့ရောက်၍ မှုန့်မှုန့်ညက်ညက်ကြေ၍ သေရတတ်သည်"ဟု ဆုံးမလေ၏။

ဆုံးမမလိုက်နာ ပျက်စီးရာ

လင်းတမင်းလည်း အဘ၏ ရှေ့တွင် ကား ကောင်းပြီဟုဝန်ခံ၏၊ တနေ့သ၌ လင်းတမင်းသည် မိုယ်းရွာပြီးသည် ရှိ သော် လင်းတအပေါင်းခြံရံလျက် ကောင်းကင်သို့ ပျံတက်

လေ၏၊ အဘစကားကိုနားမထောင်ဘဲ အခြားလင်းတတို့ကို ထားခဲ့၍အလွန်ဝေးလံမြင့်မားသောအရပ်သို့ ပျံတက်သည် ရှိသော် ဝေရမ္ဘလေဦးသို့ရောက်၍ မှုန့်မှုန့်ညက်ညက်ကြေ၍ သေရလေ၏။

ဘုရားဟောပြ နောက်ဘဝ

သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍–

"ရဟန်းတို့…ရှေးအခါ ဂိဇ္ဈကုဋ် တောင်ထိပ်ဝယ် ပရိသက်ုပထမည်သော ခရီးလမ်းသည်ရှိခဲ့၏၊ ထိုခရီးလမ်း၌ လင်းတမင်းသည်ဖြစ်ခဲ့၏၊ ထိုလင်းတမင်းသည် မိဘအိုတို့ကိုလုပ်ကျွေးမွေးမြူခဲ့၏။

ထိုလင်းတမင်းသည် မိဘအိုတို့စားသောက်ရန် များစွာသော စပါးကြီးမြွေ အသိတို့ကို ဆောင်၏၊ အဘသည် သားလင်းတမင်းကို အဝေးသို့ ပျံသန်းသည်ကိုသိ၏။

အဘသည်- ယောက်ျားတို့ အားအစွမ်းနှင့် ပြည့်စုံ၍ အဝေးသို့ ပျံသန်းတတ်သော သုပတ္တမည်သောသားကို အမောင်…ရေတွင် ပေါ်သောကြာကဲ့သို့ မြေကြီးကို မြင်ရသောအခါ, ဘေးပတ်လည်မှ သမုဒ္ဒရာရေ ခြံရံလျက် စက်ဝန်းကဲ့သို့ မြေကြီးကို မြင်ရသောအခါ အောက်သို့ ဆင်းခဲ့လော့၊ ထိုထက်လွန်၍ မပျံလင့်ဟု ဆိုဆုံးမပြီ"။

ဆုံးမခက်လှ ပျက်စီးရ

"အားအစွမ်းနှင့်ပြည့်စုံလျက်အတောင်ရှိသော လင်းတမင်းသည် လျင်မြန်သောအဟုန်ဖြင့် ပျံသန်းရာ အဘဆုံးမ

ထားသောအရပ်သို့ ရောက်ခဲ့၏၊ အောက်သို့ကြည့် လတ်သော် တောတောင်တို့ကိုမြင်ရ၏။

လင်းတ မင်းသည် အဘ ဆုံးမ ထားသော အခြင်းအရာဖြင့် ဘေးပတ်လည်မှ သမုဒ္ဒရာရေ ခြံရံလျက် စက်ဝန်းကဲ့သို့ မြေကြီးကိုမြင်ရ၏။

လင်းတမင်းသည် ထိုအရပ်ကိုလည်း လွန်၍ အထက်သို့ ပျံတက်၏၊ ထိုအခါ အားအစွမ်းနှင့် ပြည့်စုံသော လင်းတမင်းကို ထက်လှစွာသော ဝေရမ္ဘလေညှာနှင့်တို့သည် မှုန့်မှုန့်ညက်ညက် ကြေအောင် တိုက်ခတ်လေ၏။

အလွန်ဝေးလံသော အရပ်သို့ ပျံတက်သော လင်းတမင်းသည် တဘန်ပျံတက်အံ့သော ငှါမတတ် နိုင်ချေ၊ ဝေရမ္ဘလေတို့၏ နိုင်ငံသို့ရောက်သော ထို လင်းတမင်းသည် ပျက်စီးခြင်းသို့ရောက်ရလေ၏"။

လင်းတပမာပြ ဆိုဆုံးမ

"လင်းတမင်းသည် အဘ၏ အဆုံးအမ ကို မလိုက်နာ သောကြောင့် ထိုလင်းတ မင်း၏ သားမယားတို့သည်၎င်း၊ မှီ၍ အသက်မွေးကုန်သောအခြားလင်းတတို့သည်၎င်း၊ အလုံးစုံသော လင်းတ တို့သည် ပျက်စီးခြင်းသို့ ရောက်ရကုန်၏။

အဆုံးအမကို မလိုက်နာသော လင်းတမင်း ကဲ့သို့ ဤသာသနာတော်၌ နေသောသူသည်လည်း ကြမ်းကြုတ်စွာ အပိုင်းအခြားကို လွန်၍ကျင့်လျက် အကျိုးစီးပွားကိုအလိုရှိကုန်,ကြီးကုန်သော သူတို့၏

ဆုံးမစကားကိုမလိုက်နာ၊ ထိုအဆုံးအမ စကားကို
မလိုက်နာသောကြောင့် အလုံးစုံသော သူတို့သည်
ပျက်စီးခြင်းသို့ရောက်ရကုန်၏’’—

ဟု ရဟန်းတို့အား ဟောကြား ဆုံးမတော်မူ၏၊ ထိုနောက် မြတ်စွာဘုရားသည် အဆုံးမခက်သော ရဟန်းအား ‘‘ချစ်သားရဟန်း···· သင်သည် လင်းတမင်းကဲ့သို့ မပြုလင့်၊ အကျိုးစီးပွားကိုလိုလားသောသူတို့ ဆုံးမသော စကားကို လိုက်နာလေ’’ဟု ထပ်မံ သတိပေးပြန်၏၊ ထို ရဟန်းလည်း မြတ်စွာဘုရား ဆုံးမတော်မူသောအခါမှစ၍ သောဝစ္စဿတာဂုဏ်နှင့် ပြည့်စုံကာ အဆုံးအမလွယ်ကူလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ လင်းတမင်းသည်— ယခုအခါ အဆုံးအမ ခက်သောရဟန်း။

※ အဘလင်းတသည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အကျိုးလိုလား၊ ဆုံးမငြား၊ မှတ်သားလိုက်နာပါ။
(၂) အဆုံးမခက်၊သူမိုက်ပျက်၊အသက်ဆုံးရှာ၊
(၃) လေဝေရမ္ဘာ၊တိုက်သေရ၊လင်းတမင်းပမာ။

ဂိဇ္ဈဇာတ်ပြီး၏။

၄၂၇—ကောသမ္ဗီဇာတ်

ပဌမပုဏ္ဏံ ပမန်ဝဆ။

ရှေ့ဆောင်နေပြေား မထေရ်နှစ်ပါး

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဝိနည်းဆောင်ရဟန်းနှင့် သုတ္တန်ဆောင် ရဟန်းနှစ်ပါးတို့သည် ကျောင်းတိုက်တခုထည်း၌မိမိတို့၏ပရိသတ်နှင့်တကွနေကြကုန်၏၊ တနေ့သ၌ သုတ္တန်ဆောင် ရဟန်းသည် ကိုယ်လက်သုတ်သင်ရန် သန့်သက်အိမ်သို့ ဝင်၍ ရေခွက်၌ သန့်သက်ရေကြွင်းကို အမှတ်မဲ့ထားခဲ့၏။

အပြစ်မြင်တွေ့ သည်းခံလေ့

ထိုနောက် ဝိနည်းဆောင် ရဟန်းဝင်ပြန်လျှင် ထိုသန့်သက်ရေကြွင်းကို တွေ့ခဲ့၍သုတ္တန်ဆောင်ရဟန်းအား“ငါ့ရှင်··သင်သန့်သက်ရေ ကြွင်းကို ထားခဲ့ သလော” ဟုမေး၏၊ “ငါ့ရှင်····ထားခဲ့မိပါသည်”ဟုပြော၏၊ “ငါ့ရှင်····သန့်သက်ရေကြွင်းထားခဲ့သည်၌ အာပတ်သင့်သည်ကိုသင်မသိသလော”ဟုမေး၏၊“ငါ့ရှင်···မသိပါ”ဟုပြော၏၊ “ငါ့ရှင်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သန့်သက်ရေကြွင်း ထားရာ၌အာပတ်သင့်သည်”ဟုပြော၏၊“ငါ့ရှင်····အာပတ်သင့်လျှင် ကုစားပါမည်”ဟု ပြော၏၊ “ငါ့ရှင်··· စေတနာမရှိသတိလွတ်၍ပြုမိငြားအံ့၊အာပတ်မသင့်”ဟု ပြောဆိုလေ၏၊ သုတ္တန်ဆောင်ရဟန်းလည်း အာပတ်မသင့်ဟု ယူဆလျက်နေ၏။

အာပတ်နှင့်စပ် ချင်းချင်းကွဲ

ထိုနောက် ဝိနည်းဆောင် ရဟန်းသည် မိမိ တပည့် တို့အား "သုတ္တန်ဆောင် ရဟန်းကား အာပတ်သင့်လျက်မသိ" ဟု ပြောဆိုလေ၏၊ ဝိနည်းဆောင်ရဟန်း တပည့်တို့သည် သုတ္တန်ဆောင်ရဟန်းတပည့်တို့ကို မြင်လျှင် "သင်တို့ဆရာကား အာပတ်သင့်လျက် သင့်မှန်းမသိ"ဟု ကဲ့ရဲ့ကြကုန်၏၊ ထိုအခါ သုတ္တန်ဆောင် ရဟန်း တပည့်တို့သည် ထို အကြောင်းကို မိမိတို့ဆရာအား လျှောက်ထား ကြကုန်၏၊ သုတ္တန်ဆောင် ရဟန်းသည် ဝိနည်းဆောင် ရဟန်းကား ရှေးအခါ၌ အာပတ်မသင့်ဟု ပြောဆိုပြီး၍ ယခုအခါ အာပတ်သင့်၏ဟု ပြောဆိုပြန်သဖြင့် မုသား ဆိုဘိ၏ဟု တပည့်တို့အား ပြောကြားပြန်၏၊ တပည့်တို့လည်းဝိနည်းဆောင် ရဟန်းတပည့်တို့ကိုမြင်လျှင် "သင်တို့ ဆရာကား မုသား ဆိုဘိ၏"ကဲ့ရဲ့ ကြကုန်၏၊ ဤသို့လျှင် တဘက်နှင့် တဘက် အပြစ်ပြောဆိုကာ ခိုက်ရန်ဖြစ်ကြကုန်၏။

ရဟန်းတို့ စွဲ နတ်လူပါကွဲ

နောက်အခါ ဝိနည်းဆောင် ရဟန်းသည် အခွင့်ကောင်းကို ရ၍ သုတ္တန်ဆောင်ရဟန်းအား ဥက္ခေပနိယကံပြုလေ၏၊ ထိုအခါမှစ၍ နှစ်ဘက်သောရဟန်းတို့သည်၎င်း, ပစ္စည်းလေးပါး ဒါယကာတို့သည်၎င်း, အဆုံးအမခံသော ဘိက္ခုနီမတို့သည်၎င်း, အဆွေခင်ပွန်းတို့သည်၎င်း, နတ်, ဗြဟ္မာတို့သည်၎င်း နှစ်စုနှစ်သင်း ကွဲကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား တဦးနှင့် တဦး တဘက်နှင့်တဘက် မကွဲမပြားတသားတည်းညီညွတ် ကြရန် ဆုံးမတော်မူ၏၊ ဆုံးမသော်လည်း မနာယူဘဲကွဲပြ

သာ ကွဲကြကုန်၏၊မြတ်စွာဘုရားသည် ရဟန်းတို့အား သင့်တင့်ညီညွတ်ကြရန် အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

[အတိတ်ဇာတ်ကား- ဒီဃိတိ ကောသလဇာတ်ဖြစ်၏၊ ထိုဇာတ်ကို ပဉ္စကနိပါတ် အဖွဝင်၌ အကျယ်ပြဆိုခဲ့ပြီ။]

ထက်ကောင်းကင်ကြွ ဘုရားဆုံးမ ထိုသို့ဒီဃိတိ ကောသလဇာတ်ကို ဟောတော်မူသော်လည်း သင့်တင့် ညီညွတ်ခြင်းမရှိ ဆုံးမအပ်သော စကားတော်ကို မနာယူသော ရဟန်းတို့ကို မြင်တော်မူလျှင် ဘဲကြဉ်တော်မူခဲ့၍ နက်ဖြန် ဆွမ်းခံရွာမှအပြန်တွင် ဂန္ဓကုဋိတိုက်၌ ခေတ္တအပန်းဖြေပြီးလျှင် ကျောင်းအိပ်ရာနေရာတို့ကို သိမ်းခဲ့၍ ကိုယ်တော်တိုင် သပိတ်သင်္ကန်းကို ယူတော်မူပြီးလျှင် သံဃာတော်တို့အလယ် ကောင်းကင်၌ ရပ်တော်မူလျက်—

"ရဟန်းတို့.... စိတ်တူကိုယ်မျှ ဖြစ်သော ရဟန်း အပေါင်းသည် ကျယ်သော အသံရှိ၏၊ တစုံတယောက်သော ရဟန်းမျှလည်း ငါမိုက်၏ဟု မအောက်မေ့၊ သံဃာသည် လွန်စွာ ကွဲသည်ရှိသော် ငါ့ကြောင့်သံဃာကွဲ၏ဟူသောတပါးသော အကြောင်းကို မအောက်မေ့ကြကုန်။

သတိ လွတ်ကုန်လျက် ပညာရှိယောင် ပြုကာ နှုတ်ဖြင့် စကားပြောဆိုရန်သာ အာရုံပြုကုန်သော ရဟန်းတို့သည် ခံတွင်းကိုဖွင့်ဟနိုင်သလောက်ဖွင့်ဟကာပြောဆိုကြကုန်၏၊ ခိုက်ရန်သည်အရှက်မဲ့ခြင်းကိုဆောင်၏၊ခိုက်ရန်ကိုအပြစ်ရှိ၏ဟုမသိကြကုန်"။

ဆဲရေးခြင်းပြု
သည်းခံမှု

"ငါ့ကိုဆဲရေးပြီ၊ငါ့ကိုသတ်ပုတ်ညှဉ်းဆဲပြီ၊ ငါ့ကို အောင်နိုင်ပြီ၊ ငါ၏ဥစ္စာကို ဆောင်ယူပြီဟူသော အခြင်းအရာဖြင့် ရန်ငြိုးဖွဲ့သောသူတို့အား ရန်သည် မငြိမ်းလေ။

ငါ့ကို ဆဲရေးပြီ၊ ငါ့ကို သတ်ပုတ်ညှဉ်းဆဲပြီ၊ ငါ့ကိုအောင်နိုင်ပြီ၊ငါ၏ဥစ္စာကိုဆောင်ယူပြီဟူသော အခြင်း အရာဖြင့် ရန်ငြိုးမဖွဲ့သော သူတို့အား ရန်သည် ငြိမ်းအေး၏။

စင်စစ်သဖြင့် ဤလောက၌ ရန်တို့သည် ရန်တုံ့မူသဖြင့် တရံတဆစ်မျှ မငြိမ်းအေးကုန်၊ ရန်တုံ့မမူသဖြင့် သာလျှင် ငြိမ်းအေး ကုန်၏၊ ဤတရား သဘောကား ရှေး၌ဖြစ်သော တရား သဘောတည်း"။

နိုက်ရန်ဖြစ်ခြင်း
မပေါင်းသင်း

"သူမိုက်တို့သည် ဤသံဃာ အလယ်၌ ခိုက်ရန်ငြင်းခုံပြုကုန်သည်ရှိသော် ငါတို့ကား ယမမင်းနိုင်ငံသို့ လိုက်ရလိမ့်မည်ဟု မသိကြကုန်၊ ထိုရဟန်းတို့တွင် ငါတို့ကားယမမင်းနိုင်ငံသို့ လိုက်ရကုန်၏ဟု သိကုန်သောရဟန်းတို့အား ရန်တို့သည် ငြိမ်းကုန်၏။

မင်းတို့သည် သတ်အပ်သော မိဘတို့ အချိုးရှိကုန်၏၊ သတ်အပ်သော မိဘတို့အသက်ရှိကုန်၏၊ ယူဆောင်အပ်သော နွားကျွဲ မြင်းစသော ဥစ္စာရှိကုန်၏၊ တိုင်းနိုင်ငံကို လုယက် ဖျက်ဆီးကုန်၏၊ ထိုမင်းတို့အားလည်း ပေါင်းဘော်ခြင်း ဖြစ်နိုင်

သေး၏၊ သင်တို့အား အဘယ်ကြောင့်ပေါင်းဘော်ခြင်းမဖြစ်နိုင်သနည်း”။

အများမညီလင့်
တယောက်ထီးကျင့်

“ပညာရှိလျက် အတူ ကျင့်ဘက်ဖြစ်၍ ကောင်းစွာနေလေ့ရှိသဖြင့် တည်ကြည်သော အဆွေခင်ပွန်းကို အကယ်၍ ရငြားအံ့ ဘေးရန်အလုံးစုံကို နှိပ်စက်၍ ထိုအဆွေခင်ပွန်းနှင့်တကွ ဝမ်းမြောက်ဝမ်းသာ သတိရှိလျက် ကျင့်ရာ၏။

ပညာရှိလျက် အတူကျင့်ဘက်ဖြစ်၍ ကောင်းစွာနေလေ့ရှိသဖြင့် တည်ကြည်သောအဆွေခင်ပွန်းကို အကယ်၍ မရငြားအံ့ မဟာဇနကမင်းအရှင်နှမမင်းတို့သည် တိုင်းနိုင်ငံကို ပယ်စွန့်၍ တယောက်ထီးတည်းကျင့်သကဲ့သို့ရင်း, အမိကိုလုပ်ကျွေးသော သီလဝဆင်, ပါလိလေယျကဆင်တို့သည် တော၌ တစီးတည်း ကျင့်ကြသကဲ့သို့ရင်း တယောက်ထည်း ကျင့်ရာ၏”။

ထီးတည်းကျင့်မှု
ဟောကြားပြ

“တယောက်ထည်း ကျင့်ခြင်းသည် မြတ်၏၊ သူမိုက်၌အဆွေခင်ပွန်း၏အဖြစ်သည် မရှိ၊ တော၌ ဆင်ပြောင်ကြီး ကဲ့သို့ ကြောင့်ကြမဲ့တယောက်ထည်းကျင့်ရာ၏၊ မကောင်းမှုတို့ကို မပြုရာ”—

ဟု ရဟန်းတို့ကိုဆုံးမတော်မူပြီးလျှင် ရဟန်းတို့ကို သင့်တင့်ညီညွတ်ရန် မတတ်နိုင်ရကား ဗာလက္ခာသို့ ကြွတော်မူ၍ အာသဘမထေရ်ကြီးအား တယောက်ထည်းနေခြင်း၏ အကျိုးကို ဟောတော်မူပြီး၍ ထိုမှတဘန် သုံးယောက်

သော အမျိုးကောင်းသားတို့ထံသို့ကြွတော်မူ၍ သင့်တင့်ညီညွတ်ခြင်းအကျိုးကိုဟောတော်မူပြီးလျှင် ထိုမှတဘန် ပါလိလေယျကတောသို့ကြွ၍ ပါလိလေယျကဆင်မင်း၏ အလုပ်အကျွေးကို ခံယူကာ သုံးလ သီတင်းသုံးတော် မူပြီး၍ ကောသမ္ဗီပြည်သို့မကြွဘဲ သာဝတ္ထိပြည်သို့ ကြွတော်မူ၏။

ရဟန်းများညီမှု ကတိဝတ်ပြု

ထိုအခါ ကောသမ္ဗီပြည်သီတင်းသည်တို့သည် စည်းဝေးကြကုန်၍ ဤကောသမ္ဗီပြည်သား ရဟန်းတို့သည် ခိုက်ရန်ငြင်းခုန်ပြုကုန်၏၊ ၎င်းတို့နှိပ်စက်၍ မြတ်စွာ ဘုရားလည်း ကြွတော်မူရ၏၊ ငါတို့အကျိုးမဲ့ကိုပြုလုပ်ကုန်၏၊ ထို့ကြောင့် ထိုရဟန်းတို့ကို ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ ဆွမ်းမလှူကုန်၊ အရိုအသေမပြုကုန်၊ ဤသို့ပြုသည်ရှိသော် ခိုက်ရန်ငြိမ်းကုန်လတ္တံ့၊ သင့်တင့် ညီညွတ်ကြကုန်လတ္တံ့၊ ဘုရားထံသွား၍ ကန်တော့ကြကုန်လတ္တံ့၊ မြတ်စွာဘုရားသည် ဆုံးမတော်မူလတ္တံ့ဟု တိုင်ပင်ကာ ကတိကဝတ်ပြုကုန်၏။

ဆွမ်းဝတ်မရ ညီညွတ်ကြ

သီတင်းသည် တို့သည် ကတိကဝတ်အတိုင်းပြုကုန်သည်ရှိသော် ကောသမ္ဗီပြည်တွင် အရိုအသေမရ ဆွမ်းမစားရကုန်သဖြင့် မနေနိုင်တော့ဘဲ သာဝတ္ထိပြည်သို့ သွား၍ မြတ်စွာဘုရားကို ကန်တော့ကြကုန်၏၊ ခိုက်ရန် ပြေငြိမ်းကြကုန်၏၊ သင့်တင့်ညီညွတ်ကြကုန်၏။

ဇာတ်ပေါင်း

[ဇာတ်ပေါင်းလည်း ဒီဃီတိကောသလဇာတ်နှင့် တူပြီ။]

ကောသမ္ဗီဇာတ် ပြီး၏။

၄၂၉-မဟာသုဝရာဇဇာတ်

ပဉ္စ၊ ပ္ပန်ဝဿ၊

ဆွမ်းပင်ပန်းရေး မင်္ဂလိဝေး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ ကောသလဇနပုဒ်ဝယ် ပစ္စန္တရစ်ရွာကို မှီကာ တောကျောင်း၌နေ၏၊ ရွာသားတို့သည် ထိုရဟန်းအား မွန်မြတ်သော ဆွမ်းကို မလှူနိုင်ကုန်၊ လျောက်ပတ်သောကျောင်းကို ရပါလျက် ဆွမ်းပင်ပန်းရကာ မင်္ဂ,ဖိုလ်ကိုမရလေ။

ဝါတွင်းသုံးလလွန်သဖြင့် မြတ်စွာဘုရားကို ဖူးမျှော်အံ့သောငှါ သွားလတ်သော် မြတ်စွာဘုရားသည် ထိုရဟန်းအား ပဋိသန္ထာရပြုပြီးလျှင် လျောက်ပတ်၏လော ဟု မေးတော်မူလျှင် "အရှင်ဘုရား....ကျောင်းကား လျောက်ပတ်ပါ၏၊ ဆွမ်းကား မလျောက်ပတ်ပါ"ဟု လျှောက်၏။

လောဘနည်းမှု ဖြိုးဖြိုးပြ

ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားရဟန်း....လျောက်ပတ်သော ကျောင်းကို ရသည်ရှိသော် လောဘကို ပယ်၍ ရရသမျှသော ပစ္စည်းဖြင့် ရောင့်ရဲလျက် ရဟန်းတရားကို အားထုတ်သင့်၏၊ ရှေးပညာရှိတို့သည် တိရစ္ဆာန်မျိုး၌ ဖြစ်၍လည်း မိမိနေရာ၌ သစ်ပင်ခြောက်လတ်သော် အမှုန့်တို့ကို စားလျက် လောဘကို ပယ်ကာ ရောင့်ရဲတင်းတိမ်သည် ဖြစ်၍ အဆွေခင်ပွန်းအင်္ဂါကို မဖျက်ဆီးဘဲ အရပ်တပါး

သို့ မသွားကုန်၊ သင်ကား ဆွမ်းကိုသုံးဆောင်ရပါလျက် ကြမ်း၏ ဟု အဘယ်ကြောင့် လျော့ကိပတ်သော ကျောင်းကို စွန့်ဘိသနည်း”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ရောင့်ရဲကျင့်မှု ကျေးမင်းပြု

လွန်လေပြီးသောအခါ ဟိမဝန္တာဝယ် ဂင်္ဂါမြစ်အနီးရေသဖန်းပင်၌ အရာမက သော ကျေးသားတို့သည် နေကြကုန်၏၊ ထိုကျေးတို့တွင် ကျေးမင်းကား မိမိနေရာ ရေသဖန်းပင်၏အသီးတို့ကုန်လတ်သော် အစဉ်အတိုင်း ကြွင်းကျန်ရစ်သော အညွန့်,အရွက်, အခေါက်အပွေးတို့ကိုစား၍ ဂင်္ဂါရေကိုသောက်လျက် အလွန်မြတ်သော အလိုနည်းခြင်းဖြင့် ရောင့်ရဲတင်းတိမ်ကာ တရပ်တပါးသို့ မသွားချေ။

ကျေးမင်းကျင့်များ သိကြားလေးစား

ထိုကျေးမင်း၏ အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်းတို့ကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်လေ၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် ကျေးမင်းကိုမြင်၍ စုံစမ်းအံ့သော ငှါ ရေသဖန်းပင်ကို ခြောက်စေ၏၊ ရေသဖန်းပင်သည် အငုတ်မျှသာရှိလေ၏၊ အပေါက်ကြီးငယ်တို့ ပေါက်လျက် လေတိုက်သည်ရှိသော် တူရိယာကို တီးမှုတ်သကဲ့သို့ မြည်၏၊ အပေါက်တို့မှ အမှုန့်တို့သည် ထွက်ကုန်၏၊ ကျေးမင်းသည် အမှုန့်တို့ကိုစား၍ ဂင်္ဂါရေကိုသောက်လျက် အရပ်တပါးသို့ မသွားဘဲ လေနေပူတို့ကို ဂရုမစိုက် သည်းခံကာ ရေသဖန်းပင်ငုတ်၌သာနေ၏။

ကျေးမင်းနေရေး ဟသ်ာမေး

သိကြားမင်းသည် ကျေးမင်း၏ အလိုနည်းခြင်းကိုသိ၍ အဆွေ ခင်ပွန်းတို့၏ တရားကို ဟောစေပြီးလျှင် ဆုပေးကာ ရေသဗ္ဗန်းပင်ကို အမြိုက်အဆီဖြစ်အောင် ပြုမည်ဟု ကြံစည်ပြီးလျှင် ဟသ်ာမင်းအသွင် ဘန်ဆင်းလျက် သုဇာတာကို ရှေးသွားပြု၍ အနီးရှိ သစ်ပင်၏ သစ်ခက်၌နား၍—

"ကျေးမင်း··ငှက်တို့သည် သစ်ပင်ကို အသီးနှင့်ပြည့်စုံသောအခါ၌ တခက်မှ တခက်သို့ ပြောင်းရွှေ့၍ စားသောက်ကြကုန်၏၊အသီးကုန်ပြီဟု သိသောအခါ ထိုသစ်ပင်မှ အရပ်တပါးသို့ ပျံသွားကြကုန်၏"—

ဟု ကျေးမင်းအား ဤသို့သော စကားကို ပြောဆိုပြီးလျှင် တဘန်—

"နီသောနှုတ်သီးရှိသော ကျေးမင်း····အရပ်တပါးသို့ သွားပါလော၊ မသေစေလင့်၊သင်သည် အဘယ်ကြောင့် ခြောက်သွေ့သော သစ်ပင်၌ ကြိမ့်ငိုက်ကာနေဘိသနည်း၊ မိုဃ်းကာလ၌ တောအုပ်ပမာစိမ်းညိုသော အဆင်းရှိသော ကျေးမင်း···· ငါတိုက်တွန်းပါ၏၊ ပြောဆိုပါဦး၊ အဘယ်ကြောင့် ခြောက်သွေ့သော သစ်ပင်ကို မစွန့်နိုင်သနည်း"— ဟု တိုက်တွန်း မေးမြန်းပြန်၏။

သူတော်စိတ်ခွဲ ဖေါမခွဲ

ထိုအခါ ကျေးမင်းသည် သိကြားမင်း စကားကို ကြားလျှင်—

"ဟံသာမင်း…အဆွေခင်ပွန်းတို့ကား အဆွေခင်ပွန်းတို့၏ ချမ်းသာဆင်းရဲတို့၌ အသက်ကိုစွန့်ရာ၏၊ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့တရားကို အောက်မေ့လျက် အဆွေခင်ပွန်းကိုဥစ္စာကုန်ပြီဟူ၍၎င်း,မကုန်သေးဟူ၍၎င်း မစွန့်လွှတ်ကြကုန်"။

"ဟံသာမင်း…ငါသည် သူတော်ကောင်းတို့တွင် တယောက်အဝင်အပါဖြစ်၏၊ ရေသဖန်းပင်ကား ငါ၏ ဆွေမျိုးလည်းဖြစ်၏၊ အဆွေ ခင်ပွန်းလည်းဖြစ်၏၊ အသက်မွေးလိုသော ငါသည် အသီးကုန်ပြီဟု သိသော်လည်း ထိုရေသဖန်းပင်ကို မစွန့်လွှတ်နိုင်၊ စွန့်လွှတ်ခြင်းကား သူတော်ကောင်းတို့တရားမဟုတ်"—

ဟုသိကြားမင်းအား သူတော်ကောင်းတို့ တရားကို ဟောကြားလေ၏။

ကျေးမင်းကြည်ညိုဆုပေးလို

သိကြားမင်းလည်း ကျေးမင်းစကားကို ကြားလျှင် အလွန် နှစ်သက် သည် ဖြစ်၍—

"ကျေးမင်း…. အဆွေခင်ပွန်း၏ အဖြစ်သည် ကောင်း၏၊ အဆွေခင်ပွန်းနှင့် တကွနေခြင်း ပေါင်းဘော်ခြင်းသည် ကောင်း၏၊ သင်သည် ထိုသူတော်ကောင်းတရားကို အကယ်၍ နှစ်သက်ငြားအံ့၊ ပညာရှိတို့သည် ချီးမွမ်းထိုက်၏၊ အတောင်ရှိ၍ ကောင်းကင်၌သွားလျက် လည်ပင်းကောက်သော

ကျေးမင်း….သင်သည် အမှတ်မရှိသောဆုကို စိတ်ဖြင့် အလိုရှိအံ့၊ ငါပေးပါမည်၊ ထိုဆုကို တောင်းပါလော"။

ဟု ကျေးမင်းအား လိုရာဆုကို တောင်းစေ၏။

မိမိလိုကြောင်း ဆုကိုတောင်း

ကျေးမင်းလည်း မိမိလိုလားအပ်သော ရေသဖန်းပင်၏ ပြည့်စုံခြင်း၏ ဆုကို တောင်းလို၍—

"ဟသ်ာမင်း…. သင်သည် ငါ့အားဆုကို အကယ်၍ ပေးငြားအံ့၊ ဤရေသဖန်းပင်သည် တဖန် အသက်ကို ရစေလို၏၊ အကိုင်းအခက်အသီး ပတ်ဝန်းကျင်မှ ပေါက်သော ပင်စည်ရွက်နု ပျားငယ်ကဲ့သို့ ချိုမြိန်သော အသီးတို့နှင့် ပြည့်စုံလျက် တင့်တင့်တယ်တယ် တည်ရှိစေလို၏"—

ဟု သိကြားမင်းအား မိမိအလိုရှိရာဆုကို ပြောကြား၍ တောင်းလေ၏။

ကျေးမင်းလိုသမျှ သိကြားမ

ထိုအခါ သိကြားမင်းသည် ကျေးမင်း၏အလိုဆန္ဒကို ဖြည့်လို၍—

"ကျေးမင်း….သင်သည် အသီးနှင့် ပြည့်စုံ မွန်မြတ်သော ရေသဖန်းပင်ကို ရှုပါလော့၊ သင့်အား ရေသဖန်းပင်နှင့်အတူ နေပါလော့၊ ထိုရေသဖန်းပင်သည် အကိုင်း အခက် အသီး ပတ်ဝန်းကျင်မှ ပေါက်သော ပင်စည်ရွက်နု ပျားငယ်ကဲ့သို့

ချိုမြိန်သော အသီးတို့နှင့် ပြည့်စုံလျက် တင့်တင့်
တယ်တယ် တည်ရှိပါစေလော့”-

ဟု ပြောဆိုလျက် ဟင်္သာမင်း၏ ကိုယ်ကိုစွန့်၍ မိမိ၏ ငှင်း,သုဇာတာ၏ငှင်း တန်ခိုးအာနုဘော်ကိုပြ၍ ဂင်္ဂါမြစ်မှ လက်ဖြင့် ရေကိုယူ၍ ရေသဖန်းငုတ်ကို သွန်းလောင်း၏၊ လက်ဖြင့်သုံးသပ်၏၊ ခဏချင်းလျှင် အကိုင်းအခက် အရွက် အသီး ပင်စည်နှင့်ပြည့်လျက် ရေသဖန်းပင်ကြီးသည် တင့် တင့်တယ်တယ် ပတ္တမြားညိုတောင်ကြီးပမာ တည်ရှိလာ လေ၏။

ကျေးသားဆုရ ဝမ်းမြောက်လှ

ကျေးမင်းသည် ရေသဖန်းပင်ကြီးကိုမြင် လျှင် အလွန်ဝမ်းမြောက်သည်ဖြစ်၍-

“အို-သိကြားမင်း.... ယနေ့ ငါသည် အသီးစ
သည်တို့နှင့်ပြည့်စုံသော ရေသဖန်းပင်ကြီးကိုမြင်ရ
သဖြင့် ချမ်းသာသကဲ့သို့ သင်သည်လည်း အလုံးစုံ
သော ဆွေမျိုးဉာတိတို့နှင့်တကွ ချမ်းသာပါစေ”-

ဟု သိကြားမင်းအား ချီးကျူးလျက် မေတ္တာပို့လေ၏၊ သိကြားမင်းလည်း ကျေးမင်းလိုသောဆုကို ပေးပြီးလျှင် သုဇာတာနှင့်တကွ မိမိနေရာ တာဝတိံသာနတ်ပြည်သို့ သွားလေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းအား“ချစ်သားရဟန်း... ရှေးပညာရှိတို့သည် တိရစ္ဆာန်စဉ်လျက် လောဘကိုပယ် ၍ရောင့်ရဲနိုင်သေး၏၊ သင်ကားရဟန်းဖြစ်လျက် အဘယ့် ကြောင့် မရောင့်ရဲနိုင်သနည်း”ဟု မိန့်တော်မူလျှင် ရဟန်း

သည်လည်း မိမိနေရာအရပ်သို့သွား၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ သိကြားသည်- ယခု အခါ အနုရုဒ္ဓါ။

※ ကျေးမင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ချမ်းသာဆင်းရဲ၊ တူမကွဲ၊ နေမြဲခင်ပွန်းမည်။

(၂) သဖန်းငုတ်ကြွင်း၊ မစွန့်လျှင်း၊ ကျေးမင်းနေဘူးပြီ၊

(၃) သိကြားမင်းဘန်၊ ရှေးပင်ဟန်၊ အမြန်ပေါက်လာသည်။

(၄) ရောင့်ရဲသည်းခံ၊ ချမ်းသာမှန်၊ ကေန်ရတော့သည်။

မဟာသုဝရာဇဇာတ် ပြီး၏။

၄၃၀-စူဠသုဝရာဇဇာတ်

ပစ္စုပ္ပန်ဝတ္ထု

လောဘနည်းဘွယ်
ရောင့်ရဲလွယ်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်၌ “ငါ့ရှင်တို့….မြတ်စွာဘုရားသည် ဝေရဥ္စာ ပြည်၌ဝါဆိုတော်မူစဉ် မာရ်နတ်မင်းလှည့်ဖြားခြင်းကြောင့်

ဆွမ်းမရလတ်သော် ဝါတွင်းသုံးလပတ်လုံး မြင်းကုန်သည် တို့လှူဒါန်းသော တကွမ်းစားမျှသော မုယောဆွမ်းဖြင့် မျှတတော်မူလျက် အရပ်တပါးသို့ကြွတော်မမူ၊ အလို နည်းခြင်း ရောင့်ရဲလွယ်ခြင်းသည် အံ့ဘွယ်ရှိပေစွ”ဟုစကား စပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော် မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် “ရဟန်းတို့ ယခုအခါ ငါဘုရား၏အလိုနည်းခြင်း, ရောင့်ရဲခြင်းသည် အံ့ဘွယ်မရှိ သေး၊ ရှေးအခါတိရစ္ဆာန်ဖြစ်လျက် အလိုနည်းခြင်း ရောင့် ရဲလွယ်ခြင်းသည် ဖြစ်ခဲ့ဘူးပြီ”ဟုမိန့်တော်မူကာ အောက် ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

[အတိတ်ဝတ္ထုအလုံးစုံသည် ဆိုခဲ့ပြီးသော မဟာသုဝ ဏ္ဏရာဇဇာတ်နှင့်တူပြီ၊ စကားအသုံးအနှုံး ထူးနိုးရာ ဂါထာ စကားအဓိပ္ပါယ်မျှသာပြမည်၊ အဓိပ္ပါယ်ကားမထူးပြီ။]

သူတော်ကျင့်မြတ် မဲ့ဗွဂါအစ်

“အိုကျေးမင်း··အရွက်အခက် စိမ်းညို ၍အသီးများစွာရှိကုန်လျက်မြေတောင် ၌ပေါက်ရောက်သော သစ်ပင်များစွာ တို့သည်ရှိကုန်၏၊လေတိုက်သည်ရှိသော် တူရိယာသံ ကဲ့သို့ မြည်နေသော ရေသဖန်းပင်၌ အသင်ကျေး မင်း၏စိတ်သည် အဘယ်ကြောင့် အမြဲမွေ့လျော်စွာ နေဘိသနည်း”။

“အို-ဟသ်ာမင်း····မရေမတွက်နိုင် နှစ်ပေါင်း များစွာကာလပတ်လုံး ငါတို့သည်ထိုရေသဖန်းပင် ၏အသီးကို စားကြရကုန်ပြီ၊ အသီးမရှိသည်ကို သိ၍လည်း ရှေးအခါ၌ကဲ့သို့ ချစ်မြတ်နိုးပါကုန်၏။

ကျိုးနှစ်ပါးမသိက စွန့်ခွါကြ

"အို-ကျေးမင်း.... ခြောက်သွေ့လျက် လေတိုက်သည်ရှိသော် တူရိယာသံကဲ့သို့ မြည်ကာ အရွက်အညွန့်မရှိ အသီးမရှိ မြေ၌ပေါက်ရောက်သော ရေသဖန်းပင်ကို ငှက်တို့သည် စွန့်လွှတ်၍သွားကြကုန်၏၊ ကျေးမင်း...သင်သည်သွားခြင်း၌ အဘယ်အပြစ်ကို မြင်သနည်း"—

"အို-ဟင်္သာမင်း....အသီးဟူသောအကြောင်းကြောင့် ထိုရေသဖန်းပင်ကို ဆည်းကပ်ကုန်သော ငှက်တို့သည် အသီးမရှိသည်ကိုသိလတ်သော် ထိုငှက်တို့သည် စွန့်လွှတ်၍သွားကြကုန်၏၊ ထိုငှက်တို့ကား မိမိအကျိုးငှါ ပညာရှိကုန်သော်လည်း သူတပါးအကျိုးငှါ ပညာမရှိကုန်၊ မိမိအကျိုးသာ လိုလားကုန်၏"။

ကျေးမင်းကျင့်ကို လွန်ကြည်ညို

"အို-ကျေးမင်း.... အဆွေခင်ပွန်း၌ဖြစ်သော ချစ်ခြင်းသည်ကောင်း၏၊ အဆွေခင်ပွန်းဖြစ်ခြင်း ပေါင်းဘော်ခြင်းသည် ကောင်း၏၊ သင်သည် ထိုတရားသဘောကို အကယ်၍နှစ်သက်သည်ဖြစ်အံ့၊ ပညာရှိတို့သည် ချီးမွမ်းကြကုန်၏"။

"အတောင်ယာဉ်ရှိ၍ ကောင်းကင်ဖြင့်သွားလျက် လည်ပင်းကောက်သောအို-ကျေးမင်း....သင်သည် အမှတ်မရှိသောဆုကို အကယ်၍အလိုရှိပါအံ့၊ ငါ ပေးပါမည်၊ ထိုဆုကိုတောင်းပါလော့"။

မိမိဆန္ဒကို ဆိုယူလို

"အို-ဟင်္သာမင်း.... ငါသည် ထိုရေသဖန်းပင်ကြီးကို အရွက်အသီး ရှိသည်ကို အကယ် မြင်ရပြောအံ့၊ ရွှေအိုးရသော သူဆင်းရဲကဲ့သို့ ထိုရေသဖန်းပင်ကို အဘန်ဘန် နှစ်သက်ရာ၏"-

ထိုနောင်မှ သိကြားမင်းသည် အမြိုက်ရေစင်ကို ယူ၍ ထိုရေသဖန်းပင်ကိုသွန်းလောင်း၏၊ အကိုင်းအခက်တို့ဖြင့် စည်ပင်သော ထိုရေသဖန်းပင်၏ အေးမြသောအရိပ်သည် နှလုံးမွေ့လျော်ဘွယ်ရှိ၏။

ကျေးမင်းလိုသ၍ သိကြားဖြည့်

"အို-သိကြားမင်း.... ယနေ့ ငါသည် အသီးရှိသော ရေသဖန်းပင်ကိုမြင်ရ၍ ချမ်းသာသကဲ့သို့ ထို့အတူ သင်သည်လည်း အလုံးစုံသော ဆွေမျိုးဉာတိတို့နှင့် တကွ ချမ်းသာပါစေ"-

ဟုသိကြားမင်းသည် ကျေးမင်းအားလည်း ဆုကိုပေးပြီး၍ ရေသဖန်းပင်ကို အသီးရှိသည်ကို ပြုပြီး၍ မယားနှင့်တကွ တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်သို့သွားလေ၏။

[ဇာတ်ပေါင်းလည်း ရှေးဇာတ်ပေါင်းနှင့်တူပြီ။]

စူဠသုဝရာဇဇာတ် ပြီး၏။

၄၃၁-ဟရိတစဇာတ်

ပဥ္စမဝဂ္ဂ၊

မိန်းမကြောင်းပြု စွဲလမ်းမှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် တန်ဆာဆင်

သောမိန်းမကိုမြင်၍ တပ်စွန်းကာ သာသနာတော်၌ငြီးငွေ့သောရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ဥစ္စာပုံကြည့်၍ သံဝေပြု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် နိဂုံးရွာတခုတွင် ကုဋေရှစ်ဆယ် ကြွယ်ဝသော အမျိုး၌ ဖြစ်၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်း ရှိသောကြောင့် ဟာရိတစဟူသောအမည်ကို မှည့်ကြကုန်၏။

အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် ဥစ္စာပစ္စည်းကို ဖြစ်စေ၍ "မိဘတို့ကွယ်လွန်သောအခါ ဥစ္စာပစ္စည်းပုံကြီးကိုကြည့်၍ ဤဥစ္စာပစ္စည်းပုံကြီးသာလျှင် ရှိတော့၏၊ ဥစ္စာပစ္စည်းကို ရှာဖွေစုဆောင်းကြသော ဥစ္စာရှင်တို့ကား မရှိတော့ကုန်၊ငါသည်လည်းသေမင်း၏ခံတွင်း၌ မှုန့်မှုန့်ညက်ညက်ကြေကာသေရလတံ့"ဟု သတိသံဝေဂဖြစ်၍ သေဘေးမှ ကြောက်သဖြင့်ရှိရှိသမျှ ဥစ္စာပစ္စည်းပုံကြီးကို ပေးလှူ စွန့်ကြဲ ပြီးလျှင်ဟိမဝန္တာသို့ဝင်လျက် ရသေ့ရဟန်းပြု၍ ခုနစ်ရက်မျှရှိသောအခါ ဈာန်အဘိညာဉ်ကို ရလေ၏။

မင်းပင့်ထားလေ ဥယျာဉ်နေ

တနေ့သ၌ ချဉ်ဆား မှီဝဲအံ့သောငှါ ဟိမဝန္တာမှ ထွက်၍ ဒေသစာရီ ကြွချီလတ်သော် ဗာရာဏသီပြည်သို့ရောက်လေ၏၊ နံနက်မြို့တွင်းသို့ ဆွမ်းခံဝင်လတ်သော် မင်းအိမ်

တံခါးသို့ရောက်၏၊ ထိုအခါမင်းကြီးမြင်၍ ဣန္ဒြေ၌ အလွန်ကြည်ညိုသဖြင့် ပြာသာဒ်ထက်သို့ ပင့်ဆောင်ကာ ဆွမ်းကပ်လှူပူဇော်ပြီးလျှင် ဥယျာဉ်တော်၌ သီတင်းသုံးလျက်နေ့စဉ်နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးရန် လျှောက်ထားတောင်းပန်၏၊ ရသေ့လည်းခွင့်ပြု၏၊ မင်းကြီးလည်းဥယျာဉ်တော်၌ ကျောင်းသခ်မ်း ဆောက်လုပ်၍ ကိုးကွယ်လေ၏၊ ရသေ့လည်းမင်းကြီး၏နန်းတော်၌ ဆွမ်းဘုဉ်းပေး၍ ဆယ့်နှစ်နှစ်တိုင်အောင် ဥယျာဉ်တော်၌ပင် သီတင်းသုံးလေ၏။

ဒိုးသားနှိမ်သွား မင်းမှာကြား

ထိုအခါ ပစ္စန္တရစ်ကို ခိုးသူတို့သည် ဖျက်ဆီးကုန်၏၊ မင်းကြီးလည်း ဆရာရသေ့ကို ကိုယ်တိုင်ပြုစုလုပ်ကျွေးရစ်ရန် မိဖုရားကြီးကို အပ်နှင်းမှာထား၍ စစ်သည်ဗိုလ်ပါနှင့်တကွ ပစ္စန္တရစ်သို့ သွားလေ၏၊ မိဖုရားကြီးလည်း မင်းကြီးမှာထားခဲ့သောအတိုင်း ဆရာရသေ့အား မိမိလက်ဖြင့်နေ့စဉ်လုပ်ကျွေးလေ၏။

မိဖုရားနေရာထ ကိုယ်ဝတ်ကျွတ်ကျ

တနေ့သ၌ မိဖုရားကြီးသည် ဆွမ်းဘောဇဉ်တို့ကို ပြည့်စုံစွာ စီမံပြီးလျှင် နံ့သာရေချိုး၍ ပြေပြစ် ချောမွေ့သော အဝတ်ကိုဝတ်ဆင်ကာ လေသာပြူတင်းကိုဖွင့်လျက်ညောင်စောင်းငယ်၌လျောင်းစက်ကာ ဆရာရသေ့ကြွလာအံ့သည်ကို မျှော်လင့်ကြည့်ရှု၍နေ၏၊ ထိုအခိုက်ရသေ့သည် ဆွမ်းဘုဉ်းပေးရန် ကောင်းကင်ခရီးဖြင့် ကြွလာ၏၊ မိဖုရားကြီးလည်း လျှော်တေသက်န်းသံကိုကြား၍ ဆရာရသေ့ ကြွလာမှန်းသိသဖြင့် အိပ်ရာမှထလတ်သော် နူးညံ့ပြေပြစ်သော ကိုယ်ဝတ်သည် ကျွတ်၍ကျလေ၏။

တကျော်ဆီးမရ ဝိတ်ကြွမ

ကြွလာသော ဆရာရသေ့သည် ပြုတင်းပေါက်မှလှမ်း၍ မြင်လတ်သော် ဝိသဘာဂရူပါရုံနှင့် စက္ခုပသာဒပေါင်းဆုံမိကြသဖြင့် နှစ်ကုဋေ အသိန်းကာလများစွာက ငြိမ်ဝပ်၍နေသောအနုသယကိလေသာတို့သည် ကြွတ်၌ ထည့်၍ထားသောမြွေဟောက်ကဲ့သို့ ထကြွ သောင်းကျန်း လာသဖြင့် ပရိယုဋ္ဌာနကိလေသာအဖြစ်သို့ ရောက်လျက် ဈာန်အဘိညာဉ်ကို ကွယ်ပျောက်စေ၏၊ ရသေ့သည် သတိကို ဖြစ်စေခြင်းငှါ မတတ်နိုင် ရကား မိဖုရားကြီးလက်ကို ဆွဲလေ၏၊ ထိုခဏ၌ တင်းတိမ်ဝန်းရံကုန်၏၊ ရှေ့သို့ တဆင့်တက်ကာ ဝိတိက္ကမကိလေသာအဖြစ်သို့ရောက်ပြန်သဖြင့် မိဖုရားကြီးနှင့်တကွ မေထုန်အကျင့်ကိုကျင့်လေ၏၊ ဆွမ်းဘုဉ်းပေးပြီးလျှင် ဥယျာဉ်တော်သို့ပြန်၏။

မင်းကိုလျှောက်ထား ပြည်သူများ

ဟာရိတစ ရသေ့နှင့် မိဖုရားကြီးတို့ပြုကျင့်သော အမှုသည် တမြို့လုံးထင်ရှားလေ၏၊ အမတ်တို့လည်း ထိုအကြောင်းကို မင်းကြီးထံ လျှောက်လှာ ဆက်ကုန်၏၊ မင်းကြီးလည်း ဟာရိတစရသေ့ကို ဖျက်ဆီးလို၍ ကုန်းတိုက်ကြသည်ဟု ထင်မှတ်လျက် ယုံကြည်ခြင်းမရှိလေ။

ထိုနောက်မင်းကြီးသည် ပစ္စန္တရစ်ကို ငြိမ်းအေးစေပြီးလျှင် မြို့တော်သို့ပြန်၍ မြို့တော်ကို လက်ျာရစ်လှည့်ပြီးလျှင် နန်းတော်သို့ ဝင်ကာ မိဖုရားကြီး ထံသို့သွား၍ ထိုအကြောင်းကိုမေးလေ၏။

မင်းကြီးမယုံစား ရသေ့မေးမြန်း

မိဖုရားကြီးလည်း ဟုတ်မှန်ကြောင်းကို လျှောက်ထားလျှင် ယုံကြည်ခြင်း မရှိသဖြင့် ရသေ့ကိုကိုယ်တိုင်သွား၍ မေးမည်ဟု ကြံစည်လျက် ဥယျာဉ်တော်သို့သွား၍ ရသေ့ထံသို့ရောက်လျှင် လျှောက်ပတ်သောနေရာ၌ နေပြီးလျှင်—

"ဗြဟ္မာကြီးသဘွယ်ဖြစ်သော အရှင်ဘုရား…. သင်ဟရိတစရသေ့သည်စင်ကြယ်စွာနေပါ၏လော၊ ကာမဂုဏ်တို့ကို ခံစား၏ ဟူသော စကားကို အကျွန်ုပ် ကြားအပ်ပါ၏၊ ထိုစကားသည် မှန်သလော၊ အသို့နည်း အရှင်ဘုရားသည် စင်ကြယ်စွာနေပါ၏လော"—

ဟုရသေ့အား တိုက်ရိုက်လျှောက်ထားမေးမြန်းလေ၏။

မှန်ကန်မှုသစ္စာ ရသေ့ဖြေကြား

ဟရိတစရသေ့သည် မင်းကြီး၏ စကားကိုကြားလျှင် ငါသည် ကာမဂုဏ်ကို မခံစားဟု ပြောဆိုသည်ရှိသော် ဤမင်းသည် ငါ့စကားကို မုချယုံကြည်မည်ဖြစ်၏၊သို့သော်လည်း ဤလောက၌ သစ္စာနှင့်တူသော ကိုးကွယ်ရာမည်သည်မရှိ၊ သစ္စာကိုစွန့်သောသူတို့သည်ဗောဓိပင်ရင်း၌နေသော်လည်း ဘုရားမဖြစ်နိုင်၊ ငါသည် မှန်သောစကားကို ပြောဆိုခြင်းငှါသင့်၏ဟု ကြံစည်ပြီးလျှင်—

"မြတ်သောမင်းကြီး….သင်မင်းကြီးကြားအပ်သောစကားသည် ကြားတိုင်းမသွေ မှန်ပေ၏၊ ငါသည် မိုက်စေတတ်သော ကာမဂုဏ်တို့၌ မက်မောမိ၍ ခရီးမှား၌သွားမိပေပြီ"—

ဟုမင်းကြီးအား မထိန်မချန် ဟုတ်မှန်သည့် အတိုင်း ဝန်ခံလေ၏။

တဏှာယုတ်ကြမ်း ဉာဏ်မစွမ်း

မင်းကြီးလည်း မှန်ကန်စွာ ပြောဆိုသော ရသေ့၏စကားကိုကြားလျှင်—

"အရှင်ဘုရား....ဖြစ်ပေါ်လာသော ရာဂစိတ်ကို ပညာဖြင့် အဘယ်ကြောင့်မဖျောက်နိုင်သနည်း၊ ဤသို့မဖျောက်နိုင်ခဲ့သော် သိမ်မွေ့သော ကောင်းသောအကျိုးစီးပွါးကို ကြံတတ်သော ပညာကား အဘယ်အကျိုးရှိမည်နည်း"—

ဟု ရသေ့အား လျှောက်ထားပြန်၏၊ ထိုအခါရသေ့သည်—

"မြတ်သော မင်းကြီး.... လောက၌ ရာဂ-ဒေါသ-မဒ-မောဟ ဤလေးပါးသော တရားတို့သည် အလွန်အားကြီးကုန်၏၊ ပြင်းထန်ကုန်၏၊ ထိုလေးပါးသော တရားတို့၌ ပညာ ဉာဏ်သည် ထောက်တည်ရာမရနိုင်"—

ဟုပညာဉာဏ် မဖြစ်နိုင်ခြင်းအကြောင်းကို ပြောကြားလေ၏။

မကောင်းမှုအာရုံ နှိပ်စက်ပုံ

တဖန် မင်းကြီးသည် ဆရာရသေ့၏ ကိလေသာကို ဖျက်ဆီး တတ်သော ဉာဏ်ပညာကိုမေးလို၍—

"အရှင်ဘုရား.... အရှင်ဘုရားသည် ပစ္စည်း လေးပါးကိုခံထိုက်၏၊ သီလနှင့်ပြည့်စုံ၏၊ စင်ကြယ်

စွာကျင့်၏၊ ကိလေသာကို ဖျက်ဆီး တတ်သော ပညာရှိ၏၊ အကျိုးအကြောင်းကိုသိသော ပညာလည်းရှိ၏ဟု ငါတို့သည်အရှင်ဘုရားကိုသမုတ်အပ်ပါ၏''—

ဟု ရသေ့၏ဂုဏ်ကို ချီးကျူး၍ လျှောက်ထားပြန်၏၊ တဘန်ရသေ့သည်—

''မြတ်သော မင်းကြီး.... ယုတ်မာသဖြင့် တင့်တယ်သောအာရုံဟု ယူ၍ဖြစ်ကုန်သော ရာဂနှင့်စပ်ကုန်သော ဝိတက်တို့သည် ရသေ့၏ တရားကျေးဇူး၌ မွေ့လျော်သော ပညာရှိတို့အား ညှဉ်းဆဲကုန်၏''—

ဟု ပညာရှိတို့အား ညှဉ်းဆဲတတ်သော တရားတို့ကို ညွှန်ပြပြန်၏။

ပညာဉာဏ်စက် ရာဂဖျက်

တဘန် မင်းကြီးသည် ဆရာရသေ့၏ ရာဂစသော အယုတ်တရားတို့ကို ပယ်သောပညာဉာဏ်ကို ချီးမွမ်းလို၍—

''အရှင်ဘုရား.... 'အရှင်ဘုရားအား ကိုယ်မှဖြစ်သော အဆင်းကျေးဇူးကို ဖျက်ဆီးတတ်သော ဤရာဂတရားသည် ဖြစ်ပေါ်လာ၏၊ထိုရာဂတရားကို အရှင်ဘုရားသည် ပယ်ပါလေ၁့၊အရှင်ဘုရားအား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ၊ အရှင်ဘုရားကို များစွာသော လူအပေါင်းသည်လည်း ပညာရှိဟု သမုတ်အပ်ပါ၏''—

ဟု ရာဂကိုစွန့်ပယ်ရန် သတိပေးလျှောက်ထားပြန်၏၊ တဘန်ရသေ့သည်—

"မြတ်သောမင်းကြီး.... ကန်းအောင်ပြုလုပ်တတ်သဖြင့် ဆင်းရဲများစွာရှိ၍ အဆိပ်ပြန့်သော ကာမဂုဏ်တို့ကို စွန့်ပယ်ပါတော့အံ့၊ထိုကာမဂုဏ်တို့၏ မသင့်မတင့် နှလုံးသွင်းခြင်းဟူသော အမြစ်ရင်းကိုလည်း ရှာဖွေပါတော့အံ့၊ အနှောင်အဖွဲ့နှင့်တကွဖြစ်သောရာဂတရားကိုဖြတ်ပယ်ပါတော့အံ့"-

ဟုကာမဂုဏ်တို့၏အပြစ်ကို သတိရကာ စွန့်ပယ်တော့မည်ဟု ဝန်ခံလေ၏။

မင်းကိုဆုံးမ တောပြန်ကြွ

ရသေ့သည် ထိုစကားကိုပြောဆိုပြီးလျှင် "မင်းကြီး..ငါ့အား ခွင့်ပြုပါဦးလော" ဟု ခွင့်တောင်းကာ ကျောင်းတွင်းသို့ဝင်၍ကသိုဏ်းဝန်းကိုကြည့်ရှုစီးဖြန်းလျက် ပျောက်လေပြီးသော ဈာန် အဘိညာဉ်ကို တဘန် ပြန်ရစေပြီးလျှင် ကျောင်းပြင်သို့ထွက်၍ ကောင်းကင်၌ ထက်ဝယ် ဖွဲ့ခွေနေလျက် မင်းကြီးအားတရားဟောပြီးလျှင် "မြတ်သောမင်းကြီး....ငါသည် မနေအပ်သောအရပ်၌နေမိ၍ လူတို့အလယ်၌ အကဲ့ရဲ့ခံရ၏၊သင်မင်းကြီးတို့သည်မမေ့မလျော့ကုသိုလ် ကောင်းမှုကို ပြုလုပ်အားထုတ်ကြ ကုန်လော့၊ ငါမူကား မိန်းမတို့နှင့် မနီးသော တောအုပ်သို့သွားတော့မည်" ဟု ပြောဆိုပြီးလျှင် မင်းကြီး ငိုကြွေးစဉ် ဟိမဝန္တာသို့သွား၍ မယုတ်သော ဈာန်ရှိလျက် သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရလေ၏။

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကိုပြသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—
ရဟန်းတို့....
※ ထိုအခါ ဗာရာဏသီ မင်းသည် - ယခု အခါ အာနန္ဒာ။
※ ဟရိတစရသေ့သည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကာမဂုဏ်ကား၊ မက်မောငြား၊ လမ်းမှားလိုက်တတ်စွာ။
(၂) ကာမဂုဏ်ကား၊ အဆိပ်လား၊ ကန်းငြားဆင်းရဲစွာ။
(၃) မသင့်တင့်ခြင်း၊ နှလုံးသွင်း၊ မြစ်ရင်းဖြဘ်လေပေါ့။
(၄) ရာ,ဒေါ,မောဟံ၊ မာန်လေးတန်၊ ပြင်းထန်အားကြီးစွာ။
(၅) ဤလေးပါးထံ၊ ပညာဉာဏ်၊တည်ရန်မရပေါ့။

ဟရိတစ ဇာတ်ပြီး၏။

၄၃၂—ပဒကုသလမာဏဝဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ခုနစ်နှစ်အရွယ်ပင် လက္ခဏာမြင် နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ သူကြွယ်၏သားငယ်တယောက်သည် ခုနစ်နှစ်အရွယ်ကပင် ခြေရာ၌ လိမ္မာသတတ်၊ အဘသည် သူငယ်ကို စုံစမ်းလို၍ သူငယ်မသိစဉ်လျှင် အဆွေခင်ပွန်း၏အိမ်သို့ သွား၏၊

သူငယ်လည်း အဘသွားရာအရပ်ကို မမေးဘဲ ခြေရာကို အစဉ်လျှောက်၍ အဘရှိရာအိမ်သို့လိုက်၏၊ ထိုအခါ အဘသည် သားသူငယ်အား "ချစ်သား····ငါသည် သင်မသိအောင်သွားပါလျက် ငါ၏နေရာအရပ်ကို အဘယ်ကြောင့်သိသနည်း" ဟုမေး၏၊ "ဘခင်····အကျွန်ုပ်သည် ဘခင်၏ခြေရာကို သိပါ၏၊ ခြေရာ၌ လိမ္မာ၏" ဟု ပြောဆိုလေ၏။

ဖခင်နောက်လိုက် ကျောင်းတော်ဆိုက်

တနေ့သ၌ အဘသည် သားငယ်ကို စုံစမ်းဦးမည်ဟု ကြံစည်ကာ နံနက်စာစားပြီးသော် သားငယ် မသိစဉ်လျှင် အိမ်မှ ထွက်၍ အိမ်နီးချင်းအိမ်သို့ သွား၍ တဘန် သုံးခုမြောက်အိမ်သို့ ဝင်ပြန်၍ တဘန်မိမိအိမ်သို့ ပြန်လာပြီးလျှင် တဘန်မြောက်တံခါးမှ ထွက်၍ ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားထံ တရားနာလျက် နေ၏၊ သူငယ်သည် အဘကို မမြင်လျှင် ဘယ်သွားသနည်းမေးရာငါတို့မသိကုန်ဟု ဆိုလတ်သော် အဘခြေရာကို အစဉ်လျှောက်ကာ အိမ်နီးချင်းအိမ်မှစ၍ ဇေတဝန်ကျောင်းတော်တိုင်အောင် အရောက်လိုက်ပြီးလျှင် အဘထံ၌နေလေ၏။

ထိုအခါအဘသည်"ချစ်သား····သင်သည်ငါ၏အရပ်သို့လာသည့်အဖြစ်ကို သင့်ဘယ်သူပြောသနည်း"ဟု မေး၏၊"ဘခင်····အကျွန်ုပ်သည် ဘခင်ခြေရာကို သိပါ၏၊ ခြေရာအစဉ်အတိုင်းလျှောက်၍ လိုက်လာပါ၏"ဟု ပြောလေ၏ထိုအခါ မြတ်စွာဘုရားသည်"သီတင်းသည်····မြေကြီး၌

ခြေရာကိုသိခြင်းသည် အံ့ဘွယ်မရှိသေး၊ ရှေးပညာရှိတို့သည် ကောင်းကင်၌ပင် ခြေရာကိုသိဘူးကုန်ပြီ” ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ကျိန်ဆိုသမျှ ဘီလူးဖြစ်ရ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် မိဖုရားသည် လွန်ကျူးသောအကျင့်ကို ကျင့်လေ့ရှိ၏၊ မင်းကြီးသည် သိ၍ မေးမြန်းလတ်သော် “မြတ်သောမင်းကြီး.... အကျွန်ုပ်သည် မင်းကြီးကို အကယ်၍လွန်ကျူး၍ကျင့်မိပါအံ့၊ အဿမုခီမည်သော ဘီလူးမကြီးဖြစ်ရပါလို၏”ဟုကျိန်ဆို၏၊ ထိုမိဖုရားသေလွန်သည်ရှိသော် ကျိန်ဆိုမိသောအတိုင်း တောင်ခြေရင်း၌ အဿမုခီမည်သော ဘီလူးမကြီးဖြစ်၍ လိုဏ်တခုတွင်နေ၏၊ တောအုပ်ကြီးဝယ် အရှေ့စွန်းမှ အနောက်စွန်းသို့ သွားသောသူတို့ကို ဖမ်း၍စားရ၏၊ သုံးနှစ်ပတ်လုံး ဝေဿဝဏ်နတ်မင်းကြီးထံခစား၍ အလျားယူဇနာ သုံးဆယ် အနံငါးယူဇနာရှိသောအရပ်အတွင်း၌ လာသမျှသောသူတို့ကို စားခြင်းငှါ အခွင့်ရသတတ်။

ခရီးသွားပုဏ္ဏား ပေါင်းသင်းငြား

တနေ့သ၌ စည်းစိမ်ဥစ္စာကြွယ်ဝ၍ အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော ပုဏ္ဏားလုလင်တယောက်သည် အခြံအရံများစွာဖြင့် ခရီးသွားရာ ထိုတောအုပ်သို့ ရောက်လေ၏၊ အဿမုခီဘီလူးမသည် ပုဏ္ဏားလုလင်ကိုမြင်လျှင် ဖမ်းရန် တဟုန်တည်းပြေးသွားလေ၏၊ အခြံအရံလူတို့သည် ဘီလူးမ

ကို မြင်လျှင် သေဘေးမှကြောက်သဖြင့် ပြေးကြကုန်၏၊ ပုဏ္ဏားလုလင်ကား မပြေးနိုင်သဖြင့် ကျန်ရစ်ခဲ့၏၊ဘီလူးမ သည်ပုဏ္ဏားလုလင်ကိုဖမ်းယူကျောပိုးကာလိုဏ်ဂူသို့သွား၍ ရောက်လျှင် ယောကျ်ားအတွေ့ကိုရ၍ ကိလေသာ၏အစွမ်း ဖြင့် ချစ်ကျွမ်းဝင်လျက်သတ်၍မစားရက်ဘဲ လင်ယောကျ်ား ပြု၍ထား၏၊ ထိုအခါမှစ၍ ဘီလူးမနှင့် ပုဏ္ဏားလုလင်တို့ သည် သင့်တင့်ညီညွတ်စွာ ပေါင်းသင်းနေထိုင်ကြကုန်၏။

ဘီလူးနှင့်လူသား သားတယောက်ဖွါး

ဘီလူးမသည် လုလင်အား လိုဏ်ဂူ၌ ထား၍လုပ်ကျွေး၏၊ သွားသောအခါ လုလင်မထွက်နိုင်အောင် ကြီးစွာသော ကျောက်ဖျာကိုပိတ်၍သွား၏၊ မိမိမူကား လူသားကိုစား ၏၊ လုလင်အတွက်မူကား ဆန် ဆီ အဝတ် ပုဆိုးတို့ကိုယူ ဆောင်ကာ အထူးထူးသောဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏၊ ကြာမြင့်စွာနေလတ်သော် ပုဏ္ဏားလုလင်ကိုစွဲ၍ သားတ ယောက်မွေးဘွား၏၊ ဘီလူးမသည် လင်၌၎င်း,သား၌၎င်း အလွန်ချစ်ခင်သဖြင့် နှစ်ယောက်လုံးကိုပင် လိုလေသေးမရှိ ရအောင် ရှာဖွေကာလုပ်ကျွေး၏၊ သားကြီးလတ်သော် မိမိသွားသောအခါ သားအဘနှစ်ယောက်လုံး မသွားနိုင် အောင် ကျောက်ဂူကြီးကိုပိတ်၍ ထားခဲ့၏။

တောမှပြေးရန် သားအဖကြံ

တနေ့သ၌သားသည် အမိဘီလူးမသွား သောအခါ ကျောက်ဖျာကိုဖွင့်၍ အဘ ကို လိုဏ်ပြင်ပ၌ထားလေ၏၊ ဘီလူးမ ပြန်လာ၍မေးရာ သားသည် "မိခင်....မှောင်မိုက်လှ၍ ကျွန်ုပ်ဖွင့်သည်"ဟု ပြောလျှင် သား၌ချစ်သဖြင့် တစုံတရာ မပြောဆိုချေ။

တနေ့သောအခါသားသည် မိခင်ဘီလူးမ သွားသည်ရှိသော် အဘအား "ဘခင်..အဘယ်ကြောင့် မိခင်၏မျက်နှာသည်တမျိုး, သင်ဘခင်၏မျက်နှာသည် တမျိုးဖြစ်၍နေသနည်း"ဟု မေး၏၊ "ချစ်သား.... သင့်မိခင်ကား လူသားကိုစားသော ဘီလူးမဖြစ်သည်၊ ငါဘခင်ကား လူသားဖြစ်သည်၊ ချစ်သားလည်း လူသားပင်ဖြစ်သည်"ဟု ပြောလေ၏၊ "ဘခင်....အဘယ်ကြောင့် ဤအရပ်၌နေသနည်း၊ လူတို့နေရာအရပ်သို့ သွားကုန်အံ့"ဟု ပြောလေ၏၊ "ချစ်သား .... ငါတို့သားအဘနှစ်ယောက်တို့သည် အကယ်၍ ထွက်ပြေးကြငြားအံ့၊ သင့်မိခင်သည် ငါတို့ကိုစားလတံ့"ဟု ပြော၏၊ "ဘခင်..မကြောက်လင့်,လူတို့နေရာသို့ဆောင်ယူရန် အကျွန်ုပ်တာဝန်ထားပါ"ဟုဘခင်အား နှစ်သိမ့်စေ၏။

ဘီလူးမလိုက်၍ ပြန်ခေါ်လာ

နက်ဖြန်နေ့၌ အမိ သွားလတ်သော် သားသည် အဘကိုယူ၍ ပြေးလေ၏၊ ဘီလူးမ ပြန်လာသောအခါ မမြင်၍ လေကဲ့သို့ လျင်မြန်သောအဟုန်ဖြင့်လိုက်ရာ ခရီးအကြားတွင် သားအဘနှစ်ယောက်လုံး ဖမ်းမိလေ၏၊ ထိုအခါ ဘီလူးမသည် "အရှင်.... အဘယ့်ကြောင့်ပြေးသနည်း၊ဤအရပ်၌ မရသော ဝတ္ထုပစ္စည်း ရှိပါသလား"ဟု မေး၏၊ "ရှင်မ..အကျွန်ုပ်ကိုမမေးလင့်၊ သင့်သားယူ၍သွားသည်" ဟုပြောလေ၏၊ ထိုအခါဘီလူးမသည် သား၌အလွန်ချစ်သဖြင့် တစုံတရာမပြောဆိုတော့ဘဲ သားအဘနှစ်ယောက်လုံး ခေါ်၍ပြန်ခဲ့၏၊ နှစ်ရက်သုံးရက်လွန်ပြန်လျှင် သားသည် အဘကိုယူ၍ ပြေးပြန်၏၊ ဘီလူးမသိ၍ လိုက်ပြန်ရာ နှစ်ယောက်လုံးကိုမိ၍ ခေါ်လာပြန်၏။

မိခင် ပိုင်ခွား သားပြောကြား

ထိုအခါသားသည် ငါ့အမိပိုင်ဆိုင်သော အရပ်သည် အပိုင်းအခြားရှိတန်ရာ၏၊ ပိုင်ဆိုင်ရာအရပ်၌သာငါ့အမိအာဘာ လည်း ပျံနှံ့ရာ၏၊ ငါသိအောင်မေး၍ မှတ်သားပြီး လွတ် အောင်သွားမည်ဟု ကြံစည်လေ၏၊ တနေ့သ၌ သားအမိ နှစ်ယောက် သင့်တင့်စွာနေလတ်သော်သားသည် "မိခင်.. သားတို့မည်သည် အမိ၏ဥစ္စာကိုပိုင်ဆိုင်မြဲဖြစ်၏၊သို့အတွက် မိခင်ပိုင်ဆိုင်ရာ အရပ်အပိုင်းအခြားကိုသိလိုပါသည် ပြော ကြားပါ"ဟု မေးလေ၏၊ ဘီလူးမသည် ပတ်ဝန်းကျင်တို့၌ အမှတ်အသားနှင့်တကွ အလျားယူဇနာသုံးဆယ်၊အနံငါး ယူဇနာရှိအရပ်ကို မိမိပိုင်ဆိုင်ရာ အရပ်ဖြစ်ကြောင်းကို သားအားပြောကြားလေ၏။

ဖခင်ထမ်းပြေး လွတ်မြောက်ရေး

ထို့နောက် နှစ်ရက် သုံးရက်လွန်ပြန်၍ အမိဘီလူးမ တောအုပ်သို့ သွားသော အခါ အဘပုဏ္ဏားကို ပခုံးဖြင့်ထမ်းပိုး ၍ မိခင်ပြောထားသော အမှတ်အသားဖြင့် လေကဲ့သို့လျင် မြန်သောအဟုန်ဖြင့် ပြေးသွားရာ အမိဘီလူးမ ပိုင်ဆိုင်ရာ နယ်အဆုံးမြစ်ကမ်းနားသို့ရောက်လေ၏၊ အသမုခီဘီလူးမ လည်းပြေးမှန်းသိ၍ရှာဖွေရာ သားအဘနှစ်ယောက်ကိုမြင် လျှင် အတင်းလိုက်လေ၏၊ သားလည်း မိခင်ဘီလူးမလိုက် သည်ကိုမြင်ပြန်လျှင် အဘကိုထမ်းပိုး၍ မြစ်လယ်၌ကူး လေ၏။

တောမှာမနေလို သားမောင်ဆို

မိခင်လည်းလာလတ်၍မိမိပိုင်ဆိုင်သော အပိုင်းအခြား လွန်နေသည်ကို သိလျှင် မြစ်သို့မဆင်းဘဲ ကမ်းနား၌ရပ်လျက်—

P.255 ချစ်သား····သင်တို့သား,အဘ အမိထံမပြန်လိုက မန္တန်ကိုသင်ပေးမည်ဟုဆိုကာ အမိဘီလူးမသင်ပေးနေပုံ

"အမောင်…. အမောင်တို့သားအဘပြန်ခဲ့ကြပါ၊ ငါ့မှာအဘယ်အပြစ်ရှိပါသနည်း၊ မပြည့်စုံသောအရာ ရှိပါသလား ပြန်ခဲ့ကြပါ"ဟုပြော၏၊ သားသည်အဘနှင့်အတူမြစ်လယ်၌နေ၍ "မိခင်….အပြစ်မရှိပါ၊ အကျွန်ုပ်တို့ကား လူသားဖြစ်ကုန်၏၊ မိခင်ကား ဘီလူးဖြစ်ပါ၏၊သို့အတွက်အတူမနေနိုင်ပါ"ဟု ပြော၏၊"အမောင်…. အမောင်တို့ သားအဘ မပြန်ကြတော့ဘူးလား" ဟု မေးပြန်၏၊ "မိခင်…. မပြန်ကြတော့ပါ"ဟု ပြောလေ၏။

လူ့ဘောင်သက်မွေး ဂါထာပေး

"အမောင်… အကယ်၍ မပြန်ကြတော့ပါလျှင် လူတို့နေရာ၌ အတတ်ပညာမရှိလျှင် အသက်မွေးရန်မလွယ်ကူပါ၊ ငါသည် စိန္တာမဏိမန္တရားကိုတတ်၏၊ မန္တရား၏အာနုဘော်ကား လွန်ခဲ့သော ဆယ့်နှစ်နှစ်အတွင်း၌ ခိုးယူထားသောပစ္စည်းနှင့် ခြေရာအစဉ်ကိုသိခြင်းငှါ စွမ်းနိုင်၏၊ အဘိုးအနဂ္ဃထိုက်တန်၏၊ ဤမန္တရားကိုသင်ယူပါဦး၊ ငါ့သားအသက်မွေးဘို့ ဖြစ်လိမ့်မည်"ဟု ပြောဆို၍ သောကနှိပ်စက်လျက် အလွန်ဆင်းရဲနေလင့်ကစား သား၌အလွန်ချစ်သဖြင့် မန္တရားကိုသင်ပေးလေ၏။

သားလင်ခွဲလေ ရင်ကွဲသေ

သားလည်း ရေလယ်၌ရပ်၍ ရှိသေစွာ မိခင်ကိုရှိခိုးလျက် မန္တရားကိုသင်ယူလေ၏၊ မန္တရားကို နှုတ်တက်ရသောအခါ မိခင်ကိုရှိခိုးကန်တော့ပြီးလျှင် "မိခင်..ပြန်ပါ"ဟုပြောလေ၏၊ မိခင်ကြီးလည်း "အမောင်…. အမောင်တို့သားအဘပြန်မလိုက်ကြပါလျှင် ငါ့မှာ အသက် ချမ်းသာတော့မည်မဟုတ်"ဟု ပြောဆိုပြီးလျှင် ဘီလူးမသည် သားနှင့်လင်

သောကနှိပ်စက်သဖြင့် ငိုယိုမြည်တမ်းလျက် ရင်ကိုထု၍ မိန်းမောတွေဝေကာလဲလျက် ရင်ကွဲပြီး ခဏခြင်းသေလွန်လေ၏။

မန္တန်တတ်စွမ်း မင်းမှုထမ်း

သားလည်း မိခင် သေဆုံး သည်ကို သိလျှင် အဘကိုခေါ်၍သွားကာမိခင်၏ အလောင်းကို တောပန်းတို့ဖြင့်ပူဇော်၍ ထင်းပုံထက်သို့တင်၍ မီးသင်္ဂြိုဟ်ပြီးလျှင် ရှိခိုးကန်တော့၍ ငိုကြွေးလျက် အဘနှင့်အတူ ဗာရာဏသီပြည်သို့ သွားလေ၏၊ ရောက်လျှင် စိန္တာမဏိမန္တရားတတ်သဖြင့် ခြေရာတို့၌ လိမ္မာသော ပဒကုသလလုလင်သည် မင်းကြီးထံဝင်၍ ခစားလေ၏၊ မင်းကြီးလည်း "အမောင်....ဘယ်ပညာကို တတ်သနည်း"ဟုမေး၏၊ "အရှင်မင်းကြီး.... လွန်ခဲ့သော ဆယ့်နှစ်နှစ်အတွင်းက ခိုးယူထားသော ဥစ္စာနှင့် ခြေရာအစဥ်ကို သိစွမ်းနိုင်ပါသည်"ဟု ပြော၏၊ "အမောင်.... ကောင်းပြီ ခစားလော့"ဟု ပြောသော အခါ "အရှင်မင်းကြီး.... တနေ့ဥစ္စာတထောင်ရမှ ခစားနိုင်ပါမည်"ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း သဘောတူ ခွင့်ပြုသဖြင့် ခစားလေ၏။

လုလင်အစွမ်း မင်းကြီးစမ်း

တနေ့သ၌ ပုရောဟိတ်သည် မင်းကြီးထံခစား၍ "မြတ်သော မင်းကြီး.... လုလင်ငယ်ကို တနေ့ ဥစ္စာတထောင် ပေးရသည်၊ လုလင်၏ အတတ်ပညာစွမ်းကိုလည်း မသိရ၊ သိအောင် စုံစမ်းမည်ဟု လျှောက်ထားလေ၏၊ ထိုအခါ မင်းကြီးသည် သဘောတူ၍နှစ်ဦးတိုင်ပင်လျက် ကြက်သရေတိုက်ခန်းမှ ရတနာဥစ္စာနှစ်တို့ကိုယူ၍ နန်းပြာသာဒ်မှ

ဆင်းသက်ကာ မင်းအိမ်တံခါး၌ သုံးကြိမ်လှည့်ပတ်လျက် လှေကားထောင်ကာ တံတိုင်းအထက်ဖြင့် ပြင်ပသို့ ဆင်းသက်၍တရားစီရင်ရာတင်းကုပ်သို့ဝင်ပြီးလျှင် ထိုတင်းကုပ်၌ နေ၍ လှေကားထောင်ကာ တံတိုင်းအထက်ဖြင့် ဆင်းသက်၍ နန်းတွင်းရေကန်သို့သွားကာ သုံးကြိမ်လက်ျာရစ် လှည့်ပတ်၍ ဆင်းသက်ကာ ရေထဲတွင် ရတနာဥစ္စာထုပ်ကိုထားခဲ့ပြီးလျှင် နန်းပြာသာဒ်သို့တက်ကြ၏။

ဥစ္စာပျောက်ရေး လုလင်မေး

နက်ဖြန်နေ့၌ နန်းတော်တွင်းမှရတနာဥစ္စာတော်ပျောက်သည် သူခိုး ခိုးသည်ဟု တမြို့လုံး တပြိုင်နက် အုတ်အုတ်ကျက်ကျက်ဖြစ်လေ၏၊ ထိုအခါ မင်းကြီးသည် မသိဟန်ပြု၍ ပဒကုသလလုလင်ကိုခေါ်ကာ "အမောင်.... နန်းတော်မှ ရတနာဥစ္စာတို့[သူခိုး ခိုးယူသည်၊ ယခု ရအောင်ရှာဖွေလော့"ဟု အမိန့်ပေးလေ၏၊ လုလင်လည်း"အရှင်မင်းကြီး....လွန်ခဲ့သောဆယ့်နှစ်နှစ်အတွင်းက ခိုးယူထားသောဥစ္စာနှင့် ခြေရာအစဉ်ကို သိနိုင်သော အကျွန်ုပ်အားယနေ့ ခိုးယူသော ဥစ္စာနှင့် ခိုးသူကို သိရန်မခဲယဉ်းပါ၊ စိုးရိမ်တော် မမူပါလင့်"ဟု ပြောလေ၏၊ "အမောင်.... ကောင်းပြီ ယခုရှာဖွေလော့"ဟု အမိန့်ပေးလေ၏။

လုလင်ပညာစွမ်း လွန်ချီးမွမ်း

ပဒကုသလ လုလင်သည် ကျေးဇူးရှင်မိခင် ဘီလူးမကို ရှိခိုး၍ စိန္တာမဏိမန္တရားကို မန်းမှုတ်ကာ ပြာသာဒ်အပြင်၌ရပ်လျက် ကြည့်ရှုဆင်ခြင်လေ၏၊ ထိုအခါ သူခိုးနှစ်ယောက်တို့ခြေရာကိုမြင်၍"မြတ်သောမင်းကြီး....သူခိုး

နှစ်ယောက်တို့ခြေရာကို မြင်ရပါ၏''ဟု လျှောက်ထားပြီးလျှင် ကြက်သရေတိုက်ခန်းမှစ၍ ခြေရာ အစဉ်အတိုင်းလိုက်ရာ တံတိုင်းအထက်တွင် ကောင်းကင်၌ ခြေရာကိုပင်မြင်၍ လှေခါးဖြင့်တက်၍ အစဉ်အတိုင်းလိုက်ပြန်ရာ နန်းတွင်းရေကန်သို့ ရောက်၍ ရေကန်တွင်းသို့ ဆင်းသက်ပြီးလျှင် ရတနာထုပ်ကိုယူစေ၍ မင်းကြီးအား ပေးပြီးလျှင် ''မြတ်သောမင်းကြီး.... ဤသူခိုးနှစ်ယောက်တို့ကား ထင်ရှားသော သူခိုးကြီးတို့ ဖြစ်သည်၊ ဤခရီးလမ်းဖြင့် နန်းပြာသာဒ်သို့ တက်ကြသည်''ဟု ခြေရာအစဉ်ကို ပြလေ၏၊ ထိုအခါ လူတို့သည် အလွန်နှစ်သက် ဝမ်းမြောက်ကြလျက် ကောင်းချီးပေးကြကုန်၏၊ လက်ဖျားခါကြကုန်၏၊ ဦးရစ်ပုဆိုးတို့ကို ပစ်ကြကုန်၏၊

နိုးသားလူရိုင်း မင်းဖမ်းနိုင်း

မင်းကြီးသည် ဤလုလင်ကား သူခိုး၏ခြေရာကို အစဉ် လျှောက်ကာ ဥစ္စာထားရာကိုသာသိ၏၊ သူခိုးကိုကား မသိဟုကြံစည်လျက်''အမောင်..ဥစ္စာကိုယူ၍ပေးသဖြင့်ရပေပြီ၊ သူခိုးကိုလည်းဖမ်း၍ပေးပါဦး''ဟု ပြော၏၊မင်းကြီး..ဥစ္စာရပြီမဟုတ်လော၊သူခိုးကိုဖမ်းခြင်းဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ သူခိုးတို့ကား ဤအရပ်မှာပင်ရှိကြ၏၊ အဝေး၌မရှိကုန်''ဟု ပြော၏၊ ''အမောင်....အဘယ်သူတို့နည်း ညွှန်ပြပါ''ဟု မေး၏၊ ''မင်းကြီး....ဥစ္စာကိုလိုချင်သူတို့ဖြစ်ပါသည်၊သူခိုးကိုညွှန်ပြသဖြင့် အကျိုးမရှိပါ၊ မေးတော်မမူပါလင့်''ဟု ပြောသောအခါ ''အမောင်....ငါသည် သင့်အားတနေ့ဥစ္စာတထောင်ပေးရ၏၊ ယခုသူခိုးကို ဖမ်း၍ပေးလော့''ဟု ပြော၏။

ပရိယာယ်သိလောက်မင်းကိုလျှောက်

"မင်းကြီး....ဥစ္စာကိုရပြီးသော်၊ သူခိုးဖြင့်အဘယ်အကျိုးရှိအံ့နည်း"ဟု ပြော၏၊ "အမောင်.... ဥစ္စာထက် သူခိုးကပို၍အရေးကြီးသည်"ဟုပြော၏၊ "မင်းကြီး....သည်လိုဖြစ်လျှင် အရှင်မင်းတို့အား ဤသူကား သူခိုးဖြစ်သည် တိုက်ရိုက်မလျှောက်လိုပါ၊မလျှောက်ဘဲသိနိုင်ရန် ရှေးအခါဖြစ်ဘူးသော ဥဒါဟရဏ်တခုကို လျှောက်ပါမည်၊ဉာဏ်ပညာဖြင့်သိတော်မူပါကုန်"ဟု ပြောဆိုကာ အောက်ပါ ဥဒါဟရဏ်ကို ဆောင်လေ၏။

ကိုးကွယ်ရာဖြစ်သောရေ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်မှ မနီးမဝေး မြစ်နား၌ ပါဋလိမည်သော သဘင်သည်သည် သားမယားနှင့်တကွနေ၏၊ထိုသဘင်သည်သည် ပွဲသဘင်ခံသောနေ့၌ မယားကိုခေါ်၍သွားကာ စောင်းတီးခြင်း သီဆိုခြင်းဖြင့် ဥစ္စာရလေ၏၊ ပွဲသဘင်ပြီးလတ်သော် များစွာသော ထမင်းနှင့် သုရာတို့ကိုယူ၍ အိမ်သို့ပြန်ရာ မြစ်ကမ်းသို့ ရောက်လျှင်ထမင်းစား၏၊သုရာကိုလည်းများစွာသောက်၏၊ အလွန်မူးယစ်လတ်သော်မယားကိုခေါ်၍ စောင်းကိုလွယ်လျက်မြစ်ကိုကူး၏၊ စောင်းပေါက်မှရေဝင်၍ လေးသောအခါ ရေတွင်နစ်လေ၏။

မယားသည် လင်ယောက်ျား ရေနစ်သည်ကို သိလျှင် ကမ်းတဘက်သို့ကူးပြီးလျှင် ကမ်းပေါ်၌ရပ်လျက် ငါ၏လင်မှာရေနစ်၍ မုချသေရတော့မည်၊မသေမီသီချင်းတပုဒ်ကိုတောင်းယူကာ သီဆို၍ အသက်မွေးရစ်မည်ဟု ကြံစည်လျက်—

"အရှင်…. ငါ့ကို ယူဆောင်လျက် အခြား
အမြင်များ၍ ချီးမွမ်းဘွယ်ရှိသော သင်ပါဋလိကို
ဂင်္ဂါရေသည် မျောခဲ့၏၊ သင့်အား ကောင်းခြင်း
မင်္ဂလာ ဖြစ်ပါစေ၊ ငါ့အား အသက်မွေးရစ်ဘို့
သီချင်းတပုဒ်ကိုပေးခဲ့ပါ"—

ဟုရေနစ်၍ သေလုမျောပါးနေသော လင်ထံ သီချင်း
တောင်းလေ၏၊ ပါဋလိသည်—

"ရှင်မ..ဆင်းရဲသူကို ရေဖြင့် သွန်းလောင်းရ
၏၊ကြွင်နာသူကို ရေဖြင့် သွန်းလောင်းရ၏၊ ငါကား
ထိုရေအလယ်၌ မသေရတော့အံ့၊ ကိုးကွယ်ရာ ဖြစ်
သောရေမှ ဘေးဖြစ်ခဲ့ပြီ"—

ဟု မယားအား ပြောကြားဘူးလေ၏။

"မြတ်သောမင်းကြီး….ရေကား လူအများကိုးကွယ်ရာ
ဖြစ်သကဲ့သို့ မင်းလည်း လူအများ ကိုးကွယ်ရာဖြစ်ပါ၏၊
မင်းထံမှ ဘေးဖြစ်သည်ရှိသော် ဘယ်သူမျှကာကွယ်နိုင်မည်
မဟုတ်ပါ၊ "မြတ်သောမင်းကြီး….ဤဖုံးလွှမ်းသော ဥဒါ
ဟရဏ်ဖြင့် ပညာရှိသော အရှင်မင်းကြီးတို့ သူခိုးကို သိ
လောက်ပါပြီ"ဟု လျှောက်ထားလေ၏။

မင်းကြီးသည် ကျေနပ်တော်မမူသဖြင့် "အမောင်….
ငါကား ဖုံးလွှမ်းသောစကားကိုမသိ၊ သွယ်ဝိုက်၍လျှောက်
မနေလင့်၊ သူခိုးကို တိုက်ရိုက်ဖမ်း၍ ပေးလော့"ဟု မိန့်ဆို
ပြန်၏။

ဥပါယ်တမျိုးထွင်
မင်းလျှောက်တင်

ထိုအခါ ပဒကုသလ လုလင် သည်
မင်းကြီးအား အောက်ပါ ဥဒါဟရဏ်
တခုကို ဆောင်ပြန်၏။

ကိုးကွယ်ရာဖြစ်သောမြေ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တံခါးရွာဝယ် အိုးထိန်းသည်တယောက် နေသတတ်၊ ထိုအိုးသည်သည် အိုးလုပ်ရန် မြေကိုယူလတ်သော် တနေရာထည်း၌သာ ယူသဖြင့် လိုဏ်ခေါင်းကြီးဖြစ်၍နေ၏၊ တနေ့သ၌ မြေကိုယူ နေစဉ် အခါမဲ့မိုယ်းကြီးရွာသဖြင့် လိုဏ်ခေါင်းတွင်းသို့ ရေဝင်ကာ မြေပြိုကျသဖြင့် ခေါင်းပေါ်သို့ပိ၍ မထွက်နိုင် ဘဲရှိလေ၏၊ထိုအခါ အိုးထိန်းသည်သည်—

> "အချင်းတို့…. မြေ၌ မျိုးစေ့တို့သည် ပေါက် ရောက်ကြကုန်၏၊ မြေ၌ သတ္တဝါတို့သည် တည်နေ ကြရကုန်၏၊ ထိုမြေသည် ငါ၏ခေါင်းကို ဖေါက် ခွဲခဲ့၏၊ ငါ့အား ကိုးကွယ်ရာဖြစ်သော မြေမှ ဘေးဖြစ်ခဲ့ပြီ"—

ဟု ငိုကြွေး မြည်တမ်းခဲ့ဘူးပြီ။

"မြတ်သောမင်းကြီး… လူများ၏ကိုးကွယ်ရာဖြစ်သော မြေသည် အိုးထိန်းသည်၏ ဦးခေါင်းကို ဖေါက်ခွဲသကဲ့သို့ လူအများ၏ ကိုးကွယ်ရာဖြစ်သော မင်းသည် ထ၍ခိုးမှုကို ပြုလတ်သော် အဘယ်သူတားမြစ်နိုင်အံ့နည်း၊ မြတ်သော မင်းကြီး….သူခိုးကို သိလောက်ပါပြီ"ဟု လျှောက်ထား ပြန်၏။

မင်းကြီးလည်းမကျေနပ်သဖြင့် "အမောင်….ဖုံးလွှမ်း သောစကားကို အလိုမရှိ၊ ဤသူကား သူခိုးဖြစ်သည်ဟု ဖမ်း၍ပေးလော့"ဟု မိန့်ဆိုပြန်၏။

ဥပါယ်နည်းကျ သူနိုးညွှန်ပြ

ထိုအခါ ပဒကုသလ လုလင် သည် အောက်ပါဥဒါဟရဏ်တခုကို ဆောင်ပြန်၏။

ကိုးကွယ်ရာဖြစ်သောမီး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ်အိမ်တလုံး မီးလောင်သည်ရှိသော်အိမ်ရှင်ယောကျာ်းသည်ယောကျာ်း တယောက်ကို အိမ်တွင်းရှိဥစ္စာတို့ကို ထုတ်ယူရန် စေခိုင်း၏၊ ထိုယောကျာ်းသည် အိမ်တွင်းသို့ဝင်၍ ဥစ္စာတို့ကို ထုတ်ယူလတ်သော် အိမ်တံခါးသည် ပိတ်ခဲ့၏၊ မီးခိုးမွှန်သဖြင့် ထွက်ရာလမ်းမရဘဲ ကြီးစွာသောဆင်းရဲဒုက္ခရောက်လျက် အိမ်တွင်း၌ရပ်၍—

"အချင်းတို့....ထမင်းတို့ကို မီးဖြင့် ချက်ရကုန်၏၊ ချမ်းအေးခြင်းတို့ကို မီးဖြင့်ပယ်ဖျောက်ရကုန်၏၊ ထိုမီးသည် ငါ၏ကိုယ်ကို လောင်ကျွမ်းခဲ့၏၊ ငါ့အား ကိုးကွယ်ရာဖြစ်သောမီးမှဘေးဖြစ်ခဲ့ပြီ"—

ဟု ငိုကြွေး မြည်တမ်းလေ၏။

"မြတ်သောမင်းကြီး....မီးကဲ့သို့ ကိုးကွယ်ရာဖြစ်သောသူသည် ဤရတနာ့ထုပ်ကို ခိုးယူဘိ၏၊ မမေးပါလင့်" ဟု လျှောက်ထားပြန်၏၊ မင်းကြီးသည်"အမောင်....ငါ့အား သူခိုးကိုသာ ဖမ်း၍ပေးလော့"ဟု မိန့်ဆိုပြန်၏။

ထမင်းပမာပြ မင်းလျှောက်ရ

ထိုအခါ ပဒကုသလ လုလင် သည် အောက်ပါဥဒါဟရဏ်တခုကို ဆောင်ပြန်၏။

ကိုးကွယ်ရာဖြစ်သောထမင်း

လွန်လေ ပြီးသော အခါ ဗာရာဏသီ ပြည်၌ပင် ယောကျ်ားတယောက်သည် အလွန်များစွာသော ထမင်းတို့ကို စားပြီးလျှင် အစာကြေခြင်းငှါ မတတ်နိုင်ရကား ပြင်းထန်စွာသော ဆင်းရဲဝေဒနာသို့ ရောက်၍—

"အချင်းတို့.... များစွာကုန်သော မင်းပုဏ္ဏားတို့သည် ထမင်းဖြင့် မျှတကြရကုန်၏၊ စားအပ်သော ထိုထမင်းသည် ငါ့ကိုသတ်ဘိ၏၊ ငါ့အား ကိုးကွယ်ရာဖြစ်သော ထမင်းမှ ဘေးဖြစ်ခဲ့ပြီ"—

ဟု ငိုကြွေး မြည်တမ်းလေ၏။

"မြတ်သောမင်းကြီး.... ထမင်းကဲ့သို့ ကိုးကွယ်ရာဖြစ်သောသူသည် ဥစ္စာကိုခိုးယူဘိ၏"ဟု လျှောက်ထားပြန်၏၊ မင်းကြီးသည် မကျေနပ်သဖြင့် "အမောင်....သင်စွမ်းနိုင်လျှင် သူခိုးကိုသာဖမ်း၍ပေးလော့"ဟု မိန့်ဆိုပြန်၏။

ကိုးကွယ်ရာမှ ဘေးရောက်ရ

ထိုအခါ ပဒကုသလ လုလင်သည် အောက်ပါ ဥဒါဟရုဏ်တခုကို ဆောင်ပြန်၏။

ကိုးကွယ်ရာဖြစ်သောလေ

လွန်လေပြီးသော အခါ ဤဗာရာဏသီပြည်၌ပင် လူတယောက်၏ကိုယ်၌ လေထိုးကျင်သောရောဂါသည်ဖြစ်ခဲ့၏၊ ထိုအခါ ထိုသူသည် ပြင်းထန်သော ဆင်းရဲဝေဒနာသို့ ရောက်လျက် သည်းမခံနိုင်တော့ဘဲ—

"အချင်းတို့… ပညာရှိတို့သည် နွေဦးတုတို့၏ နောက်ဆုံးဖြစ်သော လ၌ လေပြေ လေအေးကို အလိုရှိကြကုန်၏၊ ထိုလေသည် ငါ၏ကိုယ်၌ထိုးကျင် ဖျက်ဆီးခဲ့၏၊ငါ့အား ကိုးကွယ်ရာလေမှ ဘေးသည် ဖြစ်ခဲ့ပြီ"—

ဟု ငိုကြွေး မြည်တမ်းလေ၏

"မြတ်သောမင်းကြီး….ကိုးကွယ်ရာမှ ဘေးဖြစ်သည်၊ သူ့ခိုးကိုဖမ်း၍ မပေးလိုပါ" ဟု လျှောက်ထားပြန်၏၊ မင်းကြီးသည် "အမောင်….သူခိုးကိုသာဖမ်း၍ ပေးပါ" ဟုမိန့်ပြန်၏။

အားထားရာမှ ဘေးရန်သင့်

ပဒကုသလလည်း အောက်ပါ ဥဒါ ဟရုဏ်တခုကိုဆောင်၍ပြပြန်သတည်း။

ကိုးကွယ်ရာဖြစ်သောသစ်ပင်ကြီး

လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်ဝယ် အကိုင်း အခက်ပင်စည်နှင့် ပြည့်စုံသော သစ်ပင်ကြီးသည် ရှိလေ၏၊ အပွင့်အသီးနှင့်လည်း ပြည့်စုံ၏၊ငှက်အပေါင်းတို့သည် အမြဲ နေထိုင်ကြကုန်၏၊တနေ့သ၌ သစ်ကိုင်းနှစ်ခုတို့သည် အချင်း ချင်း ပွတ်တိုက်ခြင်းကြောင့် မီးခိုးထွက်လာ၏၊ ထိုအခါ ငှက်မင်းသည် မီးတို့ကိုမြင်လျှင်—

"ငှက်အပေါင်းတို့…. ငါတို့သည် အကြင်သစ် ပင်ကြီးကိုမှီ၍ နေကြရကုန်၏၊ထိုသစ်ပင်ကြီးမှ မီးခိုး တို့သည် ထွက်လာကုန်၏၊ ငှက်အပေါင်းတို့….

တခြားအရပ်သို့ ဘဲသွားကြကုန်လော့၊ ငါတို့အား
ကိုးကွယ်ရာဖြစ်သောသစ်ပင်ကြီးမှ ဘေးဖြစ်ခဲ့ပြီ”–
ဟုငှက်အပေါင်းတို့အား ပြောင်းရွှေ့ကြရန် သတိပေးခဲ့ဘူး၏။

“မြတ်သောမင်းကြီး....ကိုးကွယ်ရာဖြစ်သောမင်းသည် ခိုးမှုပြုသည်ရှိသော် အဘယ်သူတတ်နိုင်အံ့နည်း၊ ခိုးသူကို ဖမ်းရန်အလိုမရှိပါလင့်”ဟု လျှောက်ထားပြန်၏၊မင်းကြီးလည်း နှစ်သက်တော်မမူသဖြင့် “အမောင်....သူခိုးကိုသာ ဖမ်းပေးလော့”ဟု မိန့်ဆိုပြန်၏။

သားမိနိုနေ ဘေးဖြစ်လေ

ထိုအခါ ပဒကုသလ လုလင်သည် အောက်ပါ ဥဒါဟရုဏ်တခုကို ဆောင်ပြန်၏။

ကိုးကွယ်ရာမှ ဘေးဖြစ်သောချွေးမ

လွန်လေပြီးသောအခါ ကာသိကရွာ၌ အမျိုးတဦး၏ အိမ်သည်ရှိလေ၏၊ ထိုအိမ်၏ နောက်ဖေး၌ ကြမ်းကြုတ်သော မိကျောင်းလည်းရှိ၏၊ထိုအိမ်၌ အဘသေလွန်သဖြင့် သားသည် အမိကို လုပ်ကျွေးမွေးမြူ၏၊ အမိလည်းသား အလိုမရှိဘဲ အမျိုးသမီးတယောက်ကို ခေါ်ယူကာ သားနှင့် လက်ထပ်လေ၏၊ ချွေးမသည် ယောက္ခမကို ရိုသေစွာ လုပ်ကျွေး၏၊ နောက်အဘို့ သားသမီးတို့ ပွားများလတ်သော် ယောက္ခမအိုကို အိမ်မှနှင်ထုတ်လို၏။

တနေ့သ၌ ချွေးမသည် အကြောင်းရှာကာ လင်ကို မုန်းတီးအောင် ကုန်းတိုက်၍“အရှင်....အရှင့်အမိအိုကို ငါမလုပ်ကျွေးနိုင်၊ သတ်ပါလော့” ဟုပြော၏၊“ရှင်မ....

လူကို သတ်ခြင်းကား လွယ်ကူသည်မဟုတ်၊ဝန်လေးလှ၏” ဟု ပြော၏၊ “အရှင်····အိပ်ပျော်နေသောအခါ ညောင်စောင်းပါယူ၍ မိကျောင်းရဲသော မြစ်၌ ချမည်၊ ထိုအခါ မိကျောင်းကိုက်၍သေလိမ့်မည်”ဟု ပြောလေ၏၊ “ရှင်မ·· ကောင်းပြီ၊သင့်အမိအိုဘယ်မှာနည်း”ဟု မေး၏၊“အရှင်·· အရှင့်အမိအိုထံမှာပင်အိပ်၏”ဟုပြော၏၊“ရှင်မ··လူမှားနေမည်၊ သင်သွား၍ ငါ့အမိအိုညောင်စောင်းကို ကြိုးချီ၍ မှတ်ထားပါ” ဟုပြောလေ၏၊ မယားလည်းလင်ခိုင်းသည့်အတိုင်း ညောင်စောင်း၌ ကြိုးချီ၍ မှတ်ထားလေ၏။

လူခြေတိတ်၍ အိပ်သောအခါ လင်မယားနှစ်ယောက်တို့သည် ကြိုးအမှတ်ပြုထားသော ညောင်စောင်းကို ချီမကာ မြစ်တွင်းသို့ချလေ၏၊မယား၏အမိအိုသည် မိကျောင်းကိုက်၍ သေလေ၏၊ နံနက်လင်းသောအခါ မယားသည် မိမိအမိအိုသေသည့်အဖြစ်ကိုသိ၍ ယောကျ်ားထံသွားကာ “အရှင်····အကျွန်ုပ်အမိအိုသေချေပြီ၊ သင့်အမိအိုကိုသတ်ဦးလော”ဟု ပြော၏၊ “ရှင်မ····ဘယ်လိုသတ်မည်နည်း” ဟုမေးပြန်၏၊“အရှင်····သုသာန်၌ ထင်းပုံပြီးလျှင် မီးရှို့၍ သတ်မည်”ဟု ပြောဆိုတိုင်ပင်ကြကုန်၏။

ညအခါ လင်၏အမိအို အိပ်သည်ရှိသော် လင်မယားနှစ်ယောက်တို့သည် ညောင်စောင်းနှင့်တကွ ယူဆောင်၍ သုသာန်သို့ သွားကုန်၏၊ ရောက်လျှင်လင်သည် “ရှင်မ···· ရှို့ဘို့မီးယူခဲ့၏လော”ဟုမေး၏၊ “အရှင်····မယူခဲ့ပါ”ဟု ပြော၏၊“ရှင်မ····သင်သွားယူချေ”ဟု ပြောလျှင်“အရှင်·· ငါသွား၍လည်း မယူဝံ့၊ သုသာန်၌လည်းစောင့်၍မနေဝံ့”

ဟုပြောသောအခါ အိမ်သို့လင်မယား နှစ်ယောက်လုံး မီးယူသွားကြကုန်၏။

ထိုအခါ သက်ကြီးအိုမသည် လေတိုက်၍ နိုးလာရာ သုသာန်ရောက်နေမှန်းသိ၍ သားနှင့် ချွေးမတို့သည် ငါ့ကို သတ်လို၍ မီးယူသွားဟန်တူသည်၊ သူတို့ငါ့ဉာဏ်စွမ်းကို မသိကြဟု ထင်းတုံးတခုကို ညောင်စောင်းပေါ်သို့တင်ကာ အပေါ်က ပုဆိုးနွမ်းဖုံး၍ ထားခဲ့ပြီးလျှင် သုသာန်ရှိအုတ်ဂူ တခုတွင်ဝင်၍နေ၏၊ လင်မယားနှစ်ယောက်တို့လည်း မီးကို ယူခဲ့ပြီးလျှင်သက်ကြီးအိုမဖြစ်မည်ဟု မှတ်ထင်ကာ ထင်းတုံး ကြီးကို မီးတိုက်၍ အိမ်သို့ပြန်ကြကုန်၏။

သူခိုးတယောက်သည် အုတ်ဂူတွင်ထားခဲ့သော ဥစ္စာ ထုပ်ကို ယူမည်ဟု လာရာ အုတ်ဂူတွင်း၌ သက်ကြီးအိုမကို မြင်လျှင် ဘီလူးမဖြစ်မည်၊ ငါ့ဥစ္စာကို သိမ်းဆည်းထားပုံ ရသည် ဟု အောက်မေ့လျက် ဆေးသမား တယောက်ကို ခေါ်၍လာပြန်၏၊ ဆေးသမားလည်း မန္တရားကို မန်းမှုတ် လျက် အုတ်ဂူသို့ ဝင်၏၊ ထိုအခါသက်ကြီးအိုမသည် ဆေး သမားကို "အမောင်.... ငါဘီလူးမမဟုတ်၊သင်လာပါ၊ ငါတို့နှစ်ယောက် ဥစ္စာထုပ်ကို ဝေ၍ယူကြမည်"ဟု ပြော သောအခါ "အဘယ်သို့သင့်စကားကို ယုံကြည်ရအံ့နည်း" ဟုပြော၏၊ "မယုံလျှင်သင့်လျှာကို ငါ့လျှာပေါ်၌တင်ထား ပါ" ကောင်းပြီဆို၍ လျှာကိုတင်၍ထား၏၊ သက်ကြီးအိုမ သည် ဆေးသမား၏လျှာကို ကိုက်၍ လဲစေ၏၊ ဆေးသမား သည် "စင်စစ်ဘီလူးမဖြစ်သည်"ဟု အော်ဟစ်ကာ လျှာ၌ သွေးယိုစီးလျက် ပြေးလေ၏။

သက်ကြီးအိုမလည်း မိုးသောက်သောအခါ ပြေပြစ်သော အဝတ်ကို ဝတ်ဆင်လျက် ဥစ္စာထုပ်ကိုယူကာ အိမ်သို့သွား၏၊ ချွေးမသည် ယောက္ခမအိုကိုမြင်လျှင် "မိခင်.... ဥစ္စာကို ဘယ်လိုရသနည်း"ဟုမေး၏၊"အရှင်မ..သုသာန်၌ ငါလိုမီးတိုက်ခံလျှင်ရသည်"ဟုပြောလေ၏၊ ထိုအခါချွေးမ မိုက်တကယ်မှတ်၍ ဥစ္စာကိုလိုချင်သဖြင့် မိမိလင်ယောကျ်ား ကိုပြောဆို၍ သုသာန်၌မိမိကို မီးတိုက်ရန်ပြောလေ၏၊ လင်မိုက်လည်း မယားနှင့် သုသာန်သို့သွား၍ မယားကိုမီးတိုက်၍ပြန်ခဲ့၏၊ နက်ဖြန်မိုးသောက်သောအခါ မိန်းမပြန်မလာလျှင် မိခင်အား"မိခင်.... သင့်ချွေးမပြန်မလာပါလား"ဟုမေး၏၊ "ဟယ်-သားမိုက်.... ယုတ်မာသော မိန်းမကား အဘယ်မှာ ပြန်လာနိုင်အံ့နည်း"ဟု ခြိမ်းချောက်၍—

> "ဟယ်-သားမိုက်.. မိန်းမကို ဝမ်းမြောက်ခြင်းကိုဖြစ်စေ၍ ပန်းနံ့သာ လိမ်းကျံ၍ ဆောင်ယူခဲ့၏၊ ထိုမိန်းမသည် ငါ့ကိုအိမ်မှ နှင်ထုတ်ဘိ၏၊ ငါ့အား ကိုးကွယ်ရာဖြစ်သောချွေးမမှ ဘေးဖြစ်လာခဲ့ပြီ"—

ဟု သားမိုက်အား ပြောကြားလေ၏။

"မြတ်သောမင်းကြီး.... ကိုးကွယ်ရာမှ ဘေးဖြစ်လာသော် အဘယ်သူတတ်နိုင်အံ့နည်း"ဟုလျှောက်ထားပြန်၏၊ မင်းကြီးသည် မနှစ်သက်၍ သူခိုးကိုသာ အတင်းအဖမ်းခိုင်းလေ၏။

ဖခင်နှင့်လိုက်သားလူမိုက်

ပဒကုသလ လုလင်သည် မင်းကြီးကို စောင့်ရှောက် လိုသဖြင့် အောက်ပါ ဥဒါန်းဟူရာ တခုကို ဆောင်ပြန်၏။

ကိုးကွယ်ရာမှ ဖြစ်သောသား

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်မှာပင် သူတယောက်သည် သားဆုကိုတောင်းသဖြင့် သားတယောက်ရခဲ့၏၊ မွေးဖွားသောအခါ ငါ့မှာသားရပြီဟု ဝမ်းမြောက်၏၊ အရွယ်သို့ရောက်သောအခါ အမျိုးသမီးတယောက်ကို ဆောင်ယူ၍ လက်ထပ်၏၊ အိုမင်း၍ အလုပ်မလုပ်နိုင်သောအခါ သားမိုက်သည် အဘကို အိမ်မှနှင်ထုတ်၏၊ အဘအိုသည် ဆင်းရဲငြိုငြင်စွာ အသက်မွေးလျက်—

"အချင်းတို့…. သားယောက်ျား မွေးဖွားလာသောအခါ နှစ်သက် ဝမ်းမြောက်ရ၏၊ သားယောက်ျားဖြစ်ထွန်းကြီးပွားခြင်းကို အလိုရှိရ၏၊ ထိုသားသည် ငါ့ကို အိမ်မှနှင်ထုတ်ဘိ၏၊ ငါ့အား ကိုးကွယ်ရာဖြစ်သောသားမှ ဘေးဖြစ်ခဲ့ပြီ"—

ဟု ငိုကြွေးမြည်တမ်းလေ၏။

"မြတ်သောမင်းကြီး…. စွမ်းနိုင်သော သားသည် အဘအိုကို စောင့်ရှောက်အပ်သကဲ့သို့ မင်းနှင့်ပုရောဟိတ်တို့သည် အလုံးစုံသော ဇနပုဒ်သားတို့ကို စောင့်ရှောက်အပ်ကုန်၏၊ ဤဘေးကား မင်းထံမှဖြစ်သော ဘေးတည်း၊ ဤအကြောင်းဖြင့် ဤသူကား သူခိုးဖြစ်သည်ဟု သိတော်မူလော"ဟု လျှောက်ထားပြန်၏၊ မင်းကြီးသည် စောင့်ရှောက်ထိန်းသိမ်းလိုသဖြင့် ပုံဥဒါဟရဏ် အမျိုးမျိုးတို့ကို ထုတ်ဆောင်၍ လျှောက်ထားပါသော်လည်း နားမထောင်ဘဲ အကုသိုလ်ကံနှိုးဆော်၍ လားမသိ ပဒကုသလလုလင်အား အတင်းသာ သူခိုးကို အဖမ်းခိုင်းလေ၏။

နန်းတွင်းသူခိုးစစ်မင်း,ပုဏ္ဏားဖြစ်

ထိုအခါ ပဒကုသလလုလင်သည် မိမိစောင့်ရှောက်ရန် ခွင့်ဝတ်ကုန်ပြီ ဟု နှလုံးသွင်းကာ "မြတ်သောမင်းကြီး·· ပရိသတ်အလယ်တွင် သူခိုးကို ဖမ်း၍ ပြရမည်လော"ဟု မေး၏၊ "အမောင်···· ဖမ်း၍ပြပါ"ဟု မိန့်တော်မူ၏၊ ထိုအခါ ပဒကုသလလုလင်သည်—

"အို-စည်းဝေးရောက်လာကြသော ဇနပုဒ်သူ ဇနပုဒ်သား နိဂုံးသူ နိဂုံးသား အပေါင်းတို့···· ကျွန်ုပ်ပြောဆိုသော စကားကို နားထောင်ကြပါ၊ မီးမရှိသောရေမှ မီးတောက်ဘိ၏၊ ဘေးမရှိသော မင်းမှ ဘေးဖြစ်လာဘိ၏။

မင်းကြီးသည်၎င်း ပုရောဟိတ် ပုဏ္ဏားသည်၎င်း တိုင်းနိုင်ငံကို လုယက်ဖျက်ဆီးဘိ၏၊ ခိုးမှုကိုပြုဘိ၏၊ သင်တို့သည် မိမိကိုယ်ကို မိမိတို့ စောင့်ရှောက်၍ နေကြကုန်လော့၊ ကိုးကွယ်ရာမှ ဘေးဖြစ်ခဲ့ပြီ"—

ဟု ပြောဆိုကာ တိုင်းသူပြည်သားတို့ကို တိုင်ကြားပြီးလျှင်"အချင်းတို့··မင်းမည်သည်ကား လူတို့၏ ကိုးကွယ်ရာဖြစ်၏၊ မင်းမှဘေးဖြစ်လာချေပြီ၊မင်းကြီးနှင့် ပုရောဟိတ်တို့သည် ဤရတနာထုပ်ကို ခိုးယူကြကုန်၏၊ ဖမ်းဆီးကြကုန်လော့၊ သူခိုးဖြစ်သောမင်းကြီးနှင့် ပုရောဟိတ်တို့ကို ဖမ်းဆီးချုပ်နှောင်၍ ပြုထိုက်သော ဒဏ်အမှုကို ပြုကြကုန်လော့"ဟု မင်းကြီးနှင့်ပုရောဟိတ်တို့ကိုဖမ်းဆီး၍ ဒဏ်ပြုစေ၏။

မင်းပုဏ္ဏားသတ်
ထိုးနန်းအပ်

ထိုအခါ စည်းဝေး ရောက်လာသော သူတို့သည် ပဒကုသလလုလင်စကားကို ကြားလျှင် မင်းကား စောင့်ရှောက်ရမည့်သူဖြစ်လျက် မစောင့်ရှောက်ဘဲ သူတပါးအပေါ်၌ အပြစ်ကိုတင်ကာ မိမိဥစ္စာကိုပင် မိမိခိုးယူ၍ ရေကန်ထဲ၌ ဝှက်ထားလျက် သူခိုးကို ရှာစေဘိ၏၊ ယခုအခါမှစ၍ နောက်ထပ်တဘန် မခိုးနိုင်အောင် ဤမင်းယုတ်ကို သတ်မည်ဟုကြံစည်ကြလျက် တုတ်- တောင်ဝှေး- ဆောက်ပုတ်စသောလက်နက်တို့ကို ကိုင်ကုန်လျက် မင်းနှင့်ပုရောဟိတ်တို့ကိုဖမ်းဆီး၍ သတ်ပုတ် ညှဉ်းဆဲကြကုန်၏၊ မင်းနှင့်ပုရောဟိတ်တို့လည်း ထိုနေရာမှာပင် သေကြကုန်၏။

ထိုအခါ စည်းဝေး ရောက်လာကြသော သူတို့သည် မင်းယုတ်နှင့်ပုရောဟိတ်ယုတ်တို့ကို သတ်ပြီးလျှင် ပဒကုသလလုလင်ကိုပင် အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်အဆုံး၌ သီတင်းသည်နှင့် သီတင်းသည်သားတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပဒကုသလလုလင်အဘသည်—ယခုအခါ ကဿပ။

※ ပဒကုသလလုလင်သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရေ,မြေ,လေ,မီး၊သစ်ပင်ကြီး၊စားပြီးထမင်းသာ။
(၂) သား,ချွေးမရှစ်၊ကိုးရာစစ်၊ဘေးဖြစ်ဥပမာ။
(၃) မင်းနှင့်ပုဏ္ဏား၊ကိုးရာထား၊ဘေးကားဖြစ်၍လာ။
(၄) ဆယ့်နှစ်နှစ်တွင်၊ခြေရာစဉ်၊မြင်နိုင်ခိုးဥစ္စာ၊
(၅) မိခင်ဘီလူး၊မန္တန်ထူး၊သားဦးပေးခဲ့ရှာ။

ပဒကုသလ ဇာတ်ပြီး၏။

၄၃၃—လောမသကဿပဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

ကိလေသပျော်မွေ့ လွန်ငြီးငွေ့

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကိလေသာ၏ အစွမ်းဖြင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

လောကပြစ်ရှု ရသေ့ပြု

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ထိုဗြဟ္မဒတ်မင်း၏ သားကား ဗြဟ္မဒတ္တ သတို့သားမည်၏၊ ပုရောဟိတ်၏ သားကား လောမသကဿပ သတို့သားမည်၏၊ ထိုသတို့သားတို့သည် ငယ်ရွယ်စဉ်ကပင် အဆွေခင်ပွန်းဖြစ်၍ ဆရာတဦးတည်းထံ မှာပင် အတတ်ပညာကိုသင်ကြားကြကုန်၏။

နောက်အဘို့၌ အဘလွန်လတ်သော် မင်းသားသည် မင်းအဖြစ်ကိုရ၏၊ ထိုအခါ ကဿပသည် ငါ၏အဆွေ ခင်ပွန်းကား မင်းအဖြစ်ကိုရပေပြီ၊ ငါ့ကိုလည်း များစွာသော စည်းစိမ်ဥစ္စာတို့ကို ပေးလတ္တံ့၊ စည်းစိမ် ဥစ္စာဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ကြံစည်ပြီးလျှင် အမိအဘနှင့် မင်းကြီးတို့ကိုပန်ကြား၍ ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြုပြီးလျှင် ခုနစ်ရက်မြောက်သောနေ့၌ အဘိညာဉ် သမာပတ်ကို ရလေ၏၊ ဆွမ်းခံသွား၍ မျှတ၏၊ အမည်ကို လောမသကဿပရသေ့ဟုအများသိကြကုန်၏။

သိကြားဆင်းသက် သီလဖျက်

ထိုအခါ ရသေ့၏ပြင်းထန်သောအကျင့်တန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်လေ၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းသိ၍ ဤရသေ့ကား ငါသိကြား၏နေရာကိုပင် တုန်လှုပ်စေနိုင်၏၊ အကျင့်သီလကိုဖျက်ဆီးရပါမှ ကောင်းလိမ့်မည်ဟု ကြံစည်လျက် ညဉ့်သန်းခေါင်ယာမ်အခါ ဗာရာဏသီမင်း၏ ကြက်သရေတိုက်ခန်းသို့သွား၍ ကောင်းကင်၌ရပ်တည်လျက်—

"မြတ်သောမင်းကြီး····သင်သည် လောမသကဿပရသေ့ကိုပင့်ဆောင်ကာ အခြေလေးချောင်းတို့ကိုသတ်၍ ယဇ်ပူဇော် စေပြောအံ့၊ သင့်အား ဇမ္ဗူဒိပ်တကျွန်းလုံး ကေရာဇ်မင်း ဖြစ်လိမ့်မည်၊ သိကြားမင်းကဲ့သို့ မအိုမသေနေရလိမ့်မည်"—

ဟု မင်းကြီးအား ပြောဆိုလေ၏။

မင်းယုံကြည်လင့်ရသေ့ပင့်

မင်းကြီးလည်း သိကြားမင်း ကိုယ်တိုင်လာ၍ ပြောကြားသည့်အတွက် အလွန်ယုံကြည်သဖြင့် နက်ဖြန်နေ့၌ သေယျအမတ်ကိုခေါ်စေ၍ "အချင်း... လောမသကဿပ ရသေ့ထံသွား၍ ငါ့စကားဖြင့်လျှောက်ထားလေပါ"ဟု ပြော၏၊ "အရှင်ဘုရား....အရှင်သည်ခြေလေးချောင်းသတ္တဝါတို့ကိုသတ်၍ အကယ်၍ ယစ်ပူဇော်ငြားအံ့၊ မင်းကြီးသည်ဇမ္ဗူဒိပ်တကျွန်းလုံး ကေရာဇ်မင်း ဖြစ်လိမ့်မည်၊ မအိုမသေနေရလိမ့်မည်၊ အရှင်ဘုရားတို့လည်း လိုရာကိုရလိမ့်မည်၊ သို့အတွက် ယဇ်ပူဇော်ရန် အကျွန်ုပ်နှင့်အတူလိုက်ခဲ့ပါ"ဟု လျှောက်ထားရန် မှာကြား၍ သေယျအမတ်ကိုစေလွှတ်လိုက်၏။

လောဘအပြစ်ရှုကျင့်ကြံမှု

သေယျအမတ်လည်း လမ်းသိသောမုဆိုးတဦးကိုရှေ့ဆောင်ပြုကာ လောမသကဿပရသေ့ထံ သွားလေ၏၊ ရောက်လျှင် မင်းကြီး မှာလိုက်သောအတိုင်း အကြောင်းစုံကိုလျှောက်ထားလေ၏၊ ထိုအခါ လောမသကဿပရသေ့သည်—

"အို-သေယျအမတ်.... ငါကား ကွဲ့ရှဲ့ဘွယ်နှင့်တကွဖြစ်လျက် သမုဒ္ဒရာ အခြံအရံနှင့်တကွ ဖြစ်၍သမုဒ္ဒရာ၏နားချောင်းသဘွယ်ဖြစ်သော ဤမြေကိုအလိုမရှိဟု သိပါလော"။

"အို-သေယျအမတ်.... ငရဲသို့ကျစေတတ်သောအမှုဖြင့်၎င်း, အစမ္မမှုကိုပြုကျင့်ခြင်းဖြင့်၎င်း, ဥစ္စာ

ရခြင်း စည်းစိမ်ရခြင်းဟူသော ကြီးပွားခြင်းကို ငါ စက်ဆုပ်လှ၏”။

ဆွမ်းခံကျင့်လေ့ လွန်မျော်မွေ့

“အို-သေယျအမတ်.... အဓမ္မမှုကို ပြု ကျင့်ခြင်းဖြင့် ပစ္စည်းဥစ္စာ ရှာမှီးခြင်း ထက် ရသေ့ရဟန်းပြု၍ သပိတ်ကိုလက် စွဲကာ ဆွမ်းခံသွား၍ အသက်မွေးရခြင်းသည် မွန် မြတ်လှ၏”။

“အို-သေယျအမတ်....လောက၌ သူတပါးကို မညှဉ်းဆဲဘဲရသေ့ရဟန်းပြု၍ သပိတ်ကိုလက်စွဲကာ ဆွမ်းခံသွားရခြင်းသည် မင်းအဖြစ်ထက် မွန်မြတ် လှ၏”–

ဟု သေယျအမတ်ကို ဆုံးမလေ၏။

ထိုအခါ သေယျအမတ်သည် ရသေ့စကားကိုကြားနာ ရလျှင် မိမိတို့အလိုသို့မလိုက်မှန်းသိ၍ ဗာရာဏသီပြည်သို့ ပြန်ကာ ထိုအကြောင်းကို မင်းကြီးအားလျှောက်ထားလေ ၏၊ မင်းကြီးသည် မလာသော် အဘယ်သို့ ပြုနိုင်အံ့နည်းဟု နှလုံးသွင်းလျက် ဆိတ်ဆိတ်သာနေလေ၏။

သိကြားလိုတိုင်း မင်းကိုနိုင်း

သိကြားမင်းသည်နေဝံတဖန်သန်းခေါင် ယာမ်၌လာလတ်၍ ကောင်းကင်တွင်ရပ် ကာ“မြတ်သောမင်းကြီး....လောမသ ကဿပရသေ့ကိုပင့်ဆောင်ကာ ယဇ်ပူဇော်စေ၏လော”ဟု မေး၏၊ “သိကြားမင်း.... အကျွန်ုပ်ပင့်ရန် စေလွှတ်သော် လည်း မလာပါ”ဟုပြော၏၊ “မြတ်သောမင်းကြီး.... သ မီးတော်စန္ဒဝတီကို တန်ဆာဆင်စေပြီးလျှင် သေယျအမတ် နှင့်အတူ စေလွှတ်၍ ရသေ့ထံသို့ရောက်သောအခါ “အရှင်

ဘုရား…. အရှင်သည် အကျွန်ုပ်နှင့်အတူလိုက်၍ အကယ်၍ ယဇ်ပူဇော်ငြားအံ့၊ ဤစန္ဒဝတီမင်းသမီးကို ပေးပါလိမ့်မည်ဟုလျှောက်ထားခိုင်းပါ၊ လောမသကဿပရသေ့သည် မင်းသမီး၌တပ်စွန်းသဖြင့် ကေန်လိုက်လာပါလိမ့်မည်”ဟု မင်းကြီးအား ပြောဆိုပြန်၏၊ မင်းကြီးလည်း နက်ဖြန်မိုးသောက်သောအခါသေယျအမတ်ကိုခေါ်ပြန်၍သိကြားမင်းအကြံပေးသောအတိုင်း မှာထားကာ စန္ဒဝတီမင်းသမီးကို သေယျအမတ်လက်သို့အပ်နှင်း၍ ရသေ့ထံလွှတ်ပြန်၏။

တဏှာနှစ်မြိုက်တော့မှလိုက်

အမတ်လည်း မင်းသမီးကိုယူ၍ ရသေ့ထံသွား၍ရှိခိုးလျက်နေ၏၊ ရသေ့လည်း မင်းသမီးကို ဣန္ဒြေကိုဖျက်၍ကြည့်သဖြင့် တပ်စွန်းသော စိတ်ရှိရကား ဈာန်မှကွယ်လေ၏။

အမတ်လည်း ရသေ့ကိုအကဲခတ်ရာ တပ်စွန်းသောစိတ်ရှိသည်ကိုသိလျှင် “အရှင်ဘုရား…. အရှင်ဘုရားတို့သည် အကျွန်ုပ်နှင့်လိုက်၍ ယဇ်ပူဇော်ငြားအံ့၊ မင်းကြီးသည် အရှင်ဘုရားတို့အား ဤစန္ဒဝတီမင်းသမီးကို အလုပ်အကျွေးပြုရန် ပေးပါလိမ့်မည်”ဟု လျှောက်ထားလေ၏၊ ရသေ့လည်း ကိလေသာဖြင့်တုန်လှုပ်ချောက်ချားလျက် “အမတ်မင်း….ကောင်းပြီ မင်းသမီးကိုရမည်ဖြစ်လျှင် ယဇ်ပူဇော်မည်”ဟု ဝန်ခံကာ ရထားပေါ်သို့တက်၍ လိုက်လေ၏။

သွီးတော်လိုမှုဝန်ခံပြ

မင်းကြီးလည်းရသေ့လိုက်လာကြောင်းကိုကြားလျှင် ယဇ်တွင်းတို့ကိုတူးစေပြီးလျှင် ယဇ်ပူဇော်ဘွယ်အလုံးစုံတို့ကို အသင့် စီမံ၍ထားနှင့်၏၊ လောမသကဿပရသေ့ ရောက်လာသည်ကိုမြင်လျှင် “ရှင်ရသေ့…. အားလုံးစီမံပြီးပြီ၊ ယဇ်

ပူဇော်လော့၊ ပူဇော်သည်ရှိသော် ငါ့မှာသိကြားနှင့်တူသည် ဖြစ်လတံ့၊ သင့်အားလည်း ယဇ်ပူဇော်ပြီးသောအခါ ဤ မင်းသမီးကို ပေးအံ့''ဟု ပြောဆိုလေ၏။

နက်ဖြန်နေ့ဝယ်မင်းကြီးသည် လောမသကဿပရသေ့ နှင့် စန္ဒဝတီမင်းသမီးတို့ကိုခေါ်၍ယဇ်ပူဇော်ရန် ယဇ်တွင်း သို့သွားလေ၏၊ယဇ်တွင်း၌လည်း ဆင်,မြင်း,ဥသဘစသော အခြေလေးချောင်းရှိ သတ္တဝါတို့ကို အစဉ်အတိုင်း ထား အပ်ကုန်၏၊ လောမသကဿပရသေ့လည်း သတ္တဝါတို့ကို ဆောင်ယူပြီးလျှင် သတ်၍ယဇ်ပူဇော်ရန် ပြင်ဆင်လျက် နေ၏။

တိုင်းပြည်လူများ ရသေ့တား

ထိုအခါ လူအများသည် စည်းဝေး ရောက်လာကုန်လျက် ငိုကြွေးမြည်တမ်း လျက် ''လောမသ ကဿပရသေ့.... သင်သည် ရသေ့တန်မဲ့ အဘယ့်ကြောင့် မသင့်လျော်သော အမှုကို ပြုဘိသနည်း''ဟု ပြောဆိုပြီးလျှင်—

''အို-ရသေ့ကြီး.... လောက၌ လမင်းသည် အားရှိ၏၊ နေမင်းသည်အားရှိ၏၊ရဟန်းပုဏ္ဏားတို့ သည် အားရှိကုန်၏၊ သမုဒ္ဒရာ၏ကမ်းသည် အား ရှိ၏၊ သို့သော်လည်း စန္ဒဝတီမင်းသမီးကား အဘ မင်းကြီး၏အကျိုးငှါ ပြင်းထန်သောအကျင့် ငြိမ် သက်သောဈာန်ရှိသော လောမသ ကဿပရသေ့ ကြီးကိုပင် ယဇ်ပူဇော်စေဘိ၏၊ ထို့ကြောင့် မိန်းမ သည်သာ အားအရှိဆုံးဖြစ်၏''—

ဟု ငိုကြွေးကာ အပြစ်တင်ကြကုန်၏။

ယဇ်ပူဇော်ဆဲ
သန်လျက်ဆွဲ

လောမသကဿပရသေ့လည်း မင်္ဂလာဆင်တော်၏ လည်ပင်းကို ဖြတ်မည်ဟု ရတနာသန်လျက်ကို မိုး၏၊ ဆင်သည် သေဘေးမှကြောက်သဖြင့် သည်းစွာသောအသံကို မြည်ဟည်း၏၊ ဆင်မြည်သံကိုကြား၍ကြွင်းသောသတ္တဝါတို့လည်း သေဘေးမှ ကြောက်သဖြင့် အသီးအသီး မြည်ဟည်းကြကုန်၏၊ လူများလည်း မြည်တမ်းကြကုန်၏။

ထိုအခါ လောမသကဿပရသေ့လည်း အုတ်အုတ်ကျက်ကျက် ဟစ်ကြွေးမြည်ဟည်းသံကြီးကိုကြားရ၍ ထိတ်လန့်တုန်လှုပ်လျက် ရှေးဦးစွာ မိမိဆံကျစ်တို့ကိုကြည့်မိ၏၊ ရသေ့အား ဆံကျစ်မုတ်ဆိတ် လက်ကတီးမွေးတို့ကိုမြင်ရ၏။

တဏှာပြစ်မြင်
သတိဝင်

ထိုအခါ ရသေ့သည် သတိရ၍ နှလုံးမသာဖြစ်ကာ ငါသည်စင်စစ်မသင့်လျော်သော အမှုကို ပြုဘိ၏ တကားဟု သတိသံဝေဂရလျက်—

"မြတ်သောမင်းကြီး.... ငါသည် ယက်မြက်သောအကျိုးရှိသည်ဖြစ်၍ကာမဂုဏ်လျှင်အကြောင်းရင်းရှိသော ယဇ်ပူဇော်ခြင်းအမှုကို စန္ဒဝတီမင်းသမီးကိုလိုချင်သောလောဘသည်ပြုအပ်ပေ၏၊ ထိုလောဘ၏အမြစ်အရင်းကို ငါသည်ရှာမှီးတော့အံ့၊ အနှောင်အဖွဲ့နှင့်တကွ ရာဂကိုဖြတ်တော့အံ့"—

ဟု မင်းကြီးအား ပြောကြားလေ၏၊ ထိုအခါမင်းကြီးသည် "ရှင်ရသေ့..မကြောက်လင့်၊ ယခုသင့်အားစန္ဒဝတီမင်း

သမီးကိုဋ်း,ရတနာခုနစ်ပါးကိုဋ်းပေးပါမည်၊ယဇ်ကိုသာ ပြီးအောင်ပူဇော်ပါလော့”ဟုတိုက်တွန်းအားပေးပြန်၏။

တကျော့မြစ်ပြတ် ချာန်မယုတ်

ထိုအခါ လောမသကဿပရသေ့သည် “မြတ်သော မင်းကြီး…. လောက၌ အလွန်များပြားသော ကာမဂုဏ်တို့ကို

စက်ဆုပ်လှ၏၊ ကာမဂုဏ်တို့ထက် အကျင့်သီလ သာလျှင် မွန်မြတ်လှ၏၊ ငါသည် ကာမဂုဏ်တို့ကို စွန့်ပယ်၍ အကျင့် သီလကိုသာ ကျင့်တော့အံ့၊ တိုင်းပြည်နှင့် စန္ဒဝတီမင်းသမီးသည် သင်မင်းကြီး ၏ဥစ္စာသာလျှင် ဖြစ်ပါစေတော့”—

ဟုမင်းကြီးအား ပြောဆိုဆုံးမပြီးလျှင် ကသိဏ်းပရိကံ ကိုအားထုတ်ကာ ခဏခြင်းလျှင် ပျောက်ကွယ်ပြီးသော ချာန်ကိုရစေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေပြီးလျှင် မင်းကြီးအား ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ ဖြစ် ရစ်လောဟု သတိပေး၍ ယဇ်တွင်းတို့ကို ဖျက်စေပြီးလျှင် သတ္တဝါတို့ကို ဘေးမဲ့ပေးစေ၍ မင်းကြီးနှင့် လူအများ တောင်းပန်စဉ်လျှင် မိမိနေရာသို့သွားလေ၏၊ မယုတ် သောချာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့ လားရ၏၊

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….
※ ထိုအခါသေယျအမတ်သည်-ယခုအခါသာရိပုတ္တရာ။
※ လောမသကဿပရသေ့သည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) လ, ခနေ, ရဟန်း၊ သမုဒ်ကမ်း၊ အားစွမ်းကြီးလှသည်။
(၂) သိုစဉ်ကြီးမား၊ မိန်းမကား၊ အားတွင်ကဲလွန်သည်။
(၃) ကျော်စောကင်းဘွယ်၊ ညစ်နွမ်းဘွယ်၊ ပျောက်ကွယ်ရျာန်မတည်။
(၄) မုန်တိုင်းအလား၊ တိုက်ခတ်ငြား၊ ထွားထွားကြေခစသည်။
(၅) သတိကြီးစွာ၊ ပညာဝ ါ၊ တည်ရာရချိမ့်မည်။

လောမသကဿပဇာတ်ပြီး၏။

၄၃၄-စက္ကဝက္ကဇာတ်

ပဉ္စပနိပါတ်

လျှပ်ပေါ်လည်မှု ဆုံးမပြု

နတ်လူတို့ ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် လျှပ်ပေါ် လော်လည်သော ရဟန်းတပါးရှိလေ၏၊ ထိုရဟန်းသည် ပစ္စည်းလာဘ်လာဘ၌ တပ်မက်မောလျက် ဆရာဉပဇ္ဈာယ်တို့ ဝတ်ကြီးဝတ်ငယ်ကို စွန့်လွှတ်ကာ နံနက်စောစောက ဝိသာခါ, အနာထပိဏ်, စူဠအနာထပိဏ်, ကောသလမင်းကြီးစသော ဒါယကာတို့ အိမ်များသို့ လှည့်လည်လျက် ကောင်းနိုးရာရာဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ရှာဖွေစားသောက်လျက်နေ၏။

ရဟန်းတို့သည်တရားသဘင်၌ စကားစပ်မိ၍ ထိုရဟန်း၏ လျှပ်ပေါလော်လည်သော အကြောင်းကို ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူသောအခါ ထိုရဟန်းကို ခေါ်တော်မူပြီးလျှင် "ရဟန်း.... သင်သည် အဘယ့်ကြောင့် လျှပ်ပေါလော်လည်ဘိသနည်း၊ ရှေးအခါ၌လည်း သင်သည် ဗာရာဏသီ ပြည်တွင် ကျက်စား၍ အားမရနိုင်ဘဲ ဂင်္ဂါမြစ်နား၌ ကျက်စားလျက် ဟိမဝန္တာသို့ဝင်ဘူးပြီ"ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဗတ္ထု၊

လျှပ်ပေါလည်လှ ကျီးလေဘ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် လျှပ်ပေါ် လော်လည်သော ကျီးတကောင်သည် ဗာရာဏသီပြည်ဝယ် အကောင်ပုပ်တို့ကိုစားလျက် မရောင့်ရဲနိုင်သဖြင့် ဂင်္ဂါမြစ်နားသို့သွား၍ ငါးအမဲတို့ကိုစားပြီးလျှင် နှစ်ရက် သုံးရက်နေ၍ သစ်သီးကြီးငယ်တို့ကိုစားကာ သွားပြန်ရာ ဟိမဝန္တာဝယ် ငါးလိပ်တို့ပေါများသော ပဒုမာကြာအိုင်ကြီးသို့ရောက်ပြန်၏။

ထိုအိုင်ကြီး၌ရွှေအဆင်းရှိသောစက္ကဝက်ငှက်နှစ်ကောင်တို့ကို မြင်ပြန်လျှင် ဤငှက်တို့သည် အလွန် အဆင်းလှကုန်၏၊ တင့်တယ်ကုန်၏၊ ၎င်းတို့စားသော အစာလည်း နှစ်သက်ဘွယ်ရှိပေလိမ့်မည်ဟုကြံစည်လျက်—

တင့်တယ်ဆင်သွေး အမည်ပေး

ထိုစက္ကဝက် ငှက်တို့ အထံသို့ သွား၍ ပဋိသန္ထာရပြုလိုသဖြင့် သစ်ခက်တွင်နားလျက်—

"ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိကုန်လျက် နှစ်ကောင်နှစ်ကောင် တွဲကာသွားလာကြလျက် အလွန်နှစ်သက်ကြသော သင်တို့ကို ငါမေးလိုပါ၏၊ အို-ငှက်တို့....သင်တို့ကို ချီးမွမ်းသောသူတို့သည် အဘယ်ငှက်တို့ဟု ပြောဆိုကာချီးမွမ်းကြကုန်သနည်း၊ တိုက်တွန်းပါ၏၊ သင်တို့၏အမျိုးကို ပြောဆိုပါလော့"—

ဟု ပဋိသန္ထာရစကား ပြောကြားကာ မေးမြန်းလေ၏။

ကိုယ်ကျင့်သဘော အမည်ပြော

ထိုအခါ စက္ကဝက်ငှက်တို့သည် မိမိတို့၏ အမည်နှင့် ကိုယ်ကျင့်တရားတို့ကို ပြောလို၍—

"လူတို့ကို ညှဉ်းဆဲတတ်သော အို-ကျီး.... ငါတို့ကိုအချင်းချင်းအစဉ်လိုက်ကုန်သောစက္ကဝက်ငှက်တို့ဟူ၍ ခေါ်ကြကုန်၏၊ ငှက်အပေါင်းတို့တွင် ငါတို့ကိုကောင်းသောငှက်ဟူ၍ သမုတ်အပ်ကုန်၏၊ ငါတို့သည်အစာအာဟာရကြောင့် မကောင်းမှုကို မပြုကြကုန်၊ ထို့ကြောင့် ငါတို့သည် ပဒုမာကြာအိုင်၌ အလွန်အဆင်းလှကုန်လျက် သွားလာကြကုန်၏"—

ဟု ကျီးအား ပြန်ကြား ပြောဆိုကုန်၏။

ကိုယ်ကျင့်တရား အသားမစား

ထိုအခါ ကျီးသည် တဘန် စားသော အစာကို မေးလိုပြန်သဖြင့်—

“အို-စက္ကဝက်ငှက်တို့..သင်တို့သည် ပဒုမာကြာ အိုင်၌ အဘယ်အသီးကိုစားကြသနည်း၊ အဘယ် အသားကို စားကြသနည်း၊ မပြတ်မလပ် အဘယ် ဘောဇဉ်ကို စားကြသနည်း၊ သင်တို့၏အားသည် ဣဝင်း, အဆင်းသည်ဝင်း များသော သဘောရှိ ကုန်၏”–

ဟု မေးမြန်းပြန်၏၊ ထိုအခါ စက္ကဝက်ငှက်တို့သည်–

“အို-ကျီး.... ပဒုမာကြာအိုင်၌ အသီးတို့မရှိ ကုန်၊ ငါတို့စက္ကဝက်ငှက်၌စားသောအသားသည် အဘယ်မှာရှိအံ့နည်း၊ ငါတို့ကား ရေမှော်ကိုသာ စားကြ၏၊ ရေမှော်ကိုစားကြသော ငါတို့သည် အစာ အာဟာရ ဟူသော အကြောင်းကြောင့် မကောင်းမှုကို မပြုကြကုန်”–

ဟု ပြန်ကြား ပြောဆိုပြန်ကုန်၏။

အဆီစားလည်း အချည်းနှီး ထိုနောက် စက္ကဝက်ငှက်တို့အား မိမိ စားသော အစာ အာဟာရကို ပြော လိုသော ကျီးသည်–

“အို-စက္ကဝက်ငှက်တို့... ငါသည် ဤအစာကို မနှစ်သက်နိုင်၊ ထိုစက္ကဝက်ငှက်ဘဝ၌ အစာနှင့် တူသော အဆင်းရှိသည်ဟု ရှေးအခါ ငါ့အား အကြံဖြစ်မိ၏၊ ငါအကြံဖြစ်သည်မှ တပါး တခြား သာဖြစ်၏၊ သင်တို့အဆင်း၌ ငါ့အား ယုံမှား ခြင်းဖြစ်၏၊ ငါသည် ဆားဆီတို့နှင့် စပ်ကုန်သော အသား အသီး အရွက် ထမင်းတို့ကို စားရ၏၊

သူရဲကောင်းသည် စစ်မြေပြင်ဦးကို အောင်မြင်၍ စားရသကဲ့သို့ ငါသည် လူတို့စားသော အစာကို စားရပါ၏၊ "အို-စက္ကဝက်တို့.... အရှင်တို့ကဲ့သို့ ငါ့အား တူသော သဘောရှိသော အဆင်း မဖြစ်ပါ"—

ဟု စက္ကဝက်ငှက်တို့အား ပြောဆိုပြန်၏။

ကျီးမိုက်ကျင့်ယုတ် အဆင်းပုပ်

ထိုအခါ စက္ကဝက်ငှက်တို့သည် ကျီးများ၏ ကိုယ်ကျင့်တရား မရှိသောအဖြစ်ကို ပြောလို၍—

"မေ့လျော့သောခဏ၌ ကျနားလေ့ ရှိသော အို-ကျီး....သင်သည် မသန့်ရှင်းသော အစာကို စား၏၊ သင်သည် ငြိုငြင်သဖြင့် ထမင်းအဖျော်ကို ရ၏၊ သင်သည် အသီးတို့ဖြင့် မနှစ်သက်၊ သင်သည် သုသာန်လယ်၌ အသားတို့ကို ချစ်မြတ်နိုး၏"။

"မေ့လျော့သော ခဏ၌ ကျနားလေ့ရှိသော အို-ကျီး..အနိုင်အထက် နှိပ်စက်သဖြင့် စည်းစိမ်တို့ကိုရ၍ သုံးဆောင်ခံစားရသော သတ္တဝါသည် ဆဲရေးခြင်းကဲ့ရဲ့ခြင်းကို ခံရ၏၊ ဆဲရေးခြင်းကဲ့ရဲ့ခြင်း ကိုခံနေရသော သတ္တဝါကား အဆင်းအားကို စွန့်ရ၏"။

ကိုယ်ကျင့်ရှိက အလွန်လှ

"ပညာရှိသည် အနည်းငယ်မျှပင် ဖြစ်သော်လည်း သူတပါးတို့ကို မနှိပ်စက်သဖြင့် ငြိမ်းအေးသော အစာကို အကယ်၍ စားရငြားအံ့၊ သူတပါးအား မနှိပ်စက်သော ပညာရှိအား အားနှင့်အဆင်းသည်ဖြစ်လာ

၏၊ စင်စစ်အလုံးစုံသော အဆင်းသည် အစာအာ
ဟာရဖြင့် ပြီးသည် မဖြစ်နိုင်''—

ဟု ကျီးအား အဆင်းလှခြင်း အကြောင်းကို ပြောကြား ပြီးလျှင် နောက်ထပ်တဘန် ''အို-ကျီး....အဆင်းမည်သည် ကား အစာအာဟာရကြောင့်သာ ဖြစ်သည်မဟုတ်၊ ကံ-စိတ် ဥတုတို့ကြောင့်လည်းဖြစ်၏'' ဟုပြောဆိုပြန်၏။

ဤသို့လျှင် စက္ကဝက်ငှက်သည် ကျီးကို များစွာသော အကြောင်းတို့ဖြင့် ကဲ့ရဲ့၏၊ ထိုအခါကျီးလည်း ရှက်သော ကြောင့် ငါ့အားသင်၏အဆင်းဖြင့် အလိုမရှိ ဟုပြောဆို၍ ကာကာ- ဟု မြည်လျက် ပြေးလေ၏။

မြတ်စွာဘုရားသည် ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာကိုပြသည်၏ အဆုံး၌ လျှပ်ပေါ် လော်လည်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ လော်လည်သော ကျီးသည်- ယခုအခါ လော်လည်သောရဟန်း။

※ စက္ကဝက်ငှက်မသည်- ရာဟုလာမယ်တော်။

※ စက္ကဝက်ငှက်သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အဝတ်အစား၊ လော်လည်ငြား၊ နွမ်းပါးဆင်းရဲမည်။
(၂) သူတပါးအား၊ မညှဉ်းငြား၊ စီးပွားရှာရမည်။
(၃) မလော်လည်ငြား၊ အဆင်းအား၊ တိုးပွားလှပမည်။

စက္ကဝက္ကဇာတ် ပြီး၏။

၄၃၅—ဟလိဒ္ဒိရာဂဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

အပျိုကြီးနှိပြ
ငြီးငွေ့မှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အပျိုကြီး ဖြားယောင်းသဖြင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ရသေ့ငယ်လှည့်စား
ဖြားယောင်းငြား

လွန်လေ ပြီးသောအခါ . အမျိုးသမီးတယောက်သည် ရသေ့ငယ်၏ သီလကို ဖျက်ဆီး၍ မိမိအလိုသို့ ပါသည်အဖြစ်ကို သိလျှင် ရသေ့ငယ်ကို လှည့်စား၍ လူတို့နေရာသို့ ခေါ်ဆောင်၍သွားမည်ဟု ကြံစည်လျက်—

''အို-ရသေ့ငယ်···· တောအရပ်၊ မြို့ရွာမှဝေးသော တောကျောင်း၌နေသောရသေ့သည် သည်းခံ

လွယ်၏၊ မြို့ရွာ၌နေလျက် သည်းခံကုန်သော ရသေ့
တို့ကား သင်တို့ထက် မွန်မြတ်ကုန်၏"–

ဟုတောမှာနေခြင်းထက် မြို့ရွာမှာနေခြင်းက မွန်မြတ်လေဟန်ပြောဆိုကာ ဖြားယောင်းသွေးဆောင်လေ၏။

လိုက်ရန်မှာကြား ရှေ့ကသွား

ထိုစကားကိုကြားလျှင်ရသေ့ငယ်လည်း ဗဟုသုတ နည်းပါးသဖြင့် အဟုတ်အမှန် မှတ်ထင်လျက် "နှမ····ငါ၏ အဘရသေ့ကြီးကား တောသို့ သစ်သီးရှာသွား၏၊ပြန်လာသောအခါ အဘကို တောင်းပန်၍ သင့်နောက်သို့ လိုက်မည်" ဟုပြောဆိုလေ၏။

ထိုအခါ အမျိုးသမီးသည် ရသေ့ငယ်၏စကားကို ကြားလျှင် ရသေ့ငယ်ကား အဘရှိပေသည်၊ အဘရသေ့ကြီး ပြန်လာသောအခါ အကယ်၍ ငါ့ကိုမြင်ငြားအံ့၊ ထမ်းပိုးစွန်းဖြင့် ရိုက်နှက်ကာ ပျက်စီးခြင်းသို့ ရောက်စေရာ၏၊ ငါသည် ရသေ့ကြီးမလာမီ ရှေးဦးစွာသွားနှင့်လျှင် ကောင်းမည်ဟု ကြံစည်လျက်"အို-ရသေ့ငယ်····ငါရှေးဦးစွာသွားနှင့်မည်၊ ငါသွားသောလမ်းခရီး၌ အမှတ်အသားပြုခဲ့မည်၊ သင်လိုက်လိုလျှင် အမှတ်အသားကြည့်၍ လိုက်ခဲ့ပါ "ဟု ပြော၍သွားလေ၏။

မြို့ရွာနေလို သားပြောဆို

ရသေ့ငယ်လည်း သတို့သမီးသွားသောအခါ လွမ်းဆွတ်ကာ ငြိုးငွေ့ပျင်းရိလျက် ထင်းလည်းမသယ် ရေလည်းမခပ် ငိုင်လျက်သာနေ၏၊ အဘရသေ့ကြီး ပြန်လာသောအခါ၌လည်း ခရီးဦးမကြိုဆိုလေ၊ အဘရသေ့ကြီးရောက်

၍ သားရသေ့ငယ်ကို မြင်လျှင် ငါ့သားကား မိန်းမ၏ အလိုသို့ လိုက်မိပေပြီဟု သိ၍ "ချစ်သား.... သင်သည် အဘယ်ကြောင့် အလုပ်မလုပ်ဘဲမှိုင်နေသနည်း"ဟုမေး၏၊ "ဘခင်.... တော၌ စောင့်ရှောက်အပ်သော သီလသည် အကျိုးမကြီး၊ မြို့ရွာ၌ စောင့်ရှောက်အပ်သော သီလသာ အကျိုးကြီး၏၊ သို့အတွက် အကျွန်ုပ်သည် မြို့ရွာသို့ သွားမည်၊အဘော်သည်ရှေ့မှသွား၍စောင့်နှင့်၏၊ ထိုအဘော်နှင့် အတူလိုက်မည်"ပြောလျက်—

လူ့ရွာနေရေး ဖခင်မေး

လူတို့နေရာ၌ အဘယ်ကဲ့သို့သောသူနှင့် ပေါင်းရမည်ကိုမေးလိုသဖြင့်—

"ဘခင်.... အကျွန်ုပ်သည် တောမှ မြို့ရွာသို့ သွားသည်ရှိသော် ဘယ်လိုသီလ ဘယ်လိုအကျင့် ရှိသောသူကို ပေါင်းဘော် မှီဝဲရမည်နည်း၊ ဘခင်သည်မေးမြန်းသော အကျွန်ုပ်အား ထိုအကြောင်းကိုပြောကြားပါ"—

ဟု မေးမြန်း တောင်းပန်လေ၏။

ပေါင်းဖေါ်မှုများ သားမှာကြား

ရသေ့ငယ် မေးကြားသော စကားကို ကြားလျှင် အဘရသေ့ကြီးသည်—

"ချစ်သား....သင်သည် ဤအရပ်မှသွားသည် ရှိသော် သင့်ကို ချစ်ကျွမ်းဝင်သောသူ၊ သင်ကချစ်ကျွမ်းဝင်သည်ကို နှစ်သက်သောသူ၊ သင့်စကားကို နားထောင်သူ၊သင့်ကို သည်းခံသောသူတို့ကို ပေါင်းဘော်မှီဝဲလော့"။

"ချစ်သား….သင်သည် ဤအရပ်မှ သွားသည်ရှိသော် ကိုယ်, နှုတ်, စိတ် သုံးပါးတွင် တပါးပါးဖြင့် မကောင်းမှုကို မပြုသောသူကို မိဘရင်းကဲ့သို့ ပေါင်းဘော်မှီဝဲလော့"။

စိတ်ပြောင်းလွယ်သူရှောင်ရှားမှု

"ချစ်သား…. သင်သည် ဤအရပ်မှ သွားသည်ရှိသော် သူစရိုက် တရားကို ပြုကျင့်သောသူ၊ သူစရိုက် တရားကို ပြုကျင့်သော်လည်း မာန်မာနမရှိသောသူ၊စင်ကြယ်သောကုသိုလ်ကမ္မပထကိုပြုလုပ်လျက် ပညာရှိသောသူတို့ကို ပေါင်းဘော်မှီဝဲလော့"။

"ချစ်သား…သင်သည် နန္ဒင်းဆိုးသကဲ့သို့ သဘောရှိသောသူ၊ မျောက်စိတ်ကဲ့သို့ မတည်ကြည်သောသူ၊ချစ်လွယ် မုန်းလွယ်သော သူတို့ကိုကား ဇမ္ဗူဒိပ်ကျွန်း၌ ပေါင်းဘော်မှီဝဲစရာ လူမရှိသော်လည်း မပေါင်းဘော် မမှီဝဲရာ"။

လူမိုက်ရှောင်ကွင်းပေါင်းဖေါ်ခြင်း

"ချစ်သား….မြွေဟောက်ကဲ့သို့အမျက်ထွက်တတ်သော သူတို့ကို ယာဉ်ဖြင့်သွားသော သူသည် မစင်လိမ်းကျံ၍ မညီညွတ်သော လမ်းမကြီးကို ရှောင်ကြဉ်သကဲ့သို့ အဝေးမှ ရှောင်ကြဉ်ပါလော့"။

"ချစ်သား….သူမိုက်ကို ပေါင်းဘော်မှီဝဲသောသူတို့အား အကျိုးမဲ့တို့သည် တိုးပွားကုန်၏၊ သင်သည် သူမိုက်နှင့် မပေါင်းဘော်လင့်၊ သူမိုက်နှင့် ပေါင်းဘော်ခြင်းသည် အခါခပ်သိမ်း ရန်သူနှင့် ပေါင်းဘော်ခြင်းနှင့်တူ၏"။

"ထိုကြောင့် ချစ်သား....ငါသည် သင့်ကိုတောင်း ပန်၏၊ ငါ၏စကားကို လိုက်နာလော့၊ သင်သည် သူမိုက်နှင့်မပေါင်းဘော်လေလင့်၊သူမိုက်နှင့်ပေါင်း ဘော်ခြင်းသည် ဆင်းရဲကိုဖြစ်စေ၏"–

ဟု ရသေ့ငယ်အား ပေါင်းဘော်ရမည့်သူနှင့် မပေါင်း ဘော်ရမည့်သူတို့ကို ပြောကြားလျက် ဆုံးမလေ၏။

ဆုံးမ–နာယူက ချွန်ကိုရ

ရသေ့ငယ်သည် ဘခင်ရသေ့ကြီး ဆုံးမ အပ်သည်ရှိသော် "ဘခင်.... ကျွန်ုပ် သည် လူတို့နေရာကို သွားသည်ရှိသော် ဘခင်ကဲ့သို့သော ပညာရှိသူတော်ကောင်းကိုရမည်မဟုတ်၊ ထို့ကြောင့် လူတို့နေရာသို့သွားရန်ကြောက်လှ၏၊ ဘခင်တို့ အထံမှာပင် နေပါတော့မည်"ဟု ပြောဆိုလေ၏။

ထိုအခါ အဘရသေ့ကြီးသည် သားရသေ့ငယ်အား အမျိုးမျိုး အကြောင်းပြ၍ ဆုံးမပြီးလျှင် ကသိုဏ်းပရိကံ ညွှန်ကြား၍ သမထကိုပွားစေလျှင် ရသေ့ငယ်သည်မကြာ မြင့်မီလျှင် အဘိညာဉ် သမာပတ်ကို ဖြစ်စေ၏၊ ရသေ့ သားအဘ နှစ်ယောက်တို့သည် မဆုတ်ယုတ်သော ဈာန် ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားရ ကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာ ကိုပြသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာ ပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ ရသေ့ငယ်သည်—ယခုအခါ ငြိုးငွေ့သော ရဟန်း။

※ သတို့သမီးသည်—အပျိုကြီး။

※ အဘ ရသေ့သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သင့်ကိုနှစ်သက်၊ချစ်နှစ်သက်၊နာလျက်သည်းခံသူ။
(၂) ကိုယ်,နှုတ်,စိတ်ဟု၊မကောင်းမှု၊မပြုကင်းစင်သူ။
(၃) သူစရိုက်ယှဉ်၊မာန်မဝင်၊ပညာရှိသသူ။
(၄) ဤသူတို့အား၊ပေါင်းဘော်ငြား၊ကျိုးများနိုင်၏ဟူ။
(၅) နန္ဒင်းဆိုးနှယ်၊မျောက်စိတ်နှယ်၊ချစ်လွယ်မုန်းလွယ်သူ။
(၆) အမျက်ကြီးသား၊သူမိုက်များ၊ရှောင်ရှားဝေးဝေးဟူ။
(၇) သူမိုက်နှင့်တွဲ၊ရန်သူနဲ၊ဆင်းရဲလိမ့်မည်ဟူ။

ဟာလိဒ္ဒိရာဂဇာတ် ပြီး၏။

၄၃၆-သမုဂ္ဂဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ကာမလိုလေ့ စိတ်ငြိုးငွေ့

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မိန်းမကိုတော င့်

တလျက် သာသနာတော်၌ ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

တောကျောင်းနီး၌ ဒါနောရက္ခိုက်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာမဂုဏ်ကိုပယ်ပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုကာ အဘိညာဉ်သမာပတ်ကို ဖြစ်စေလျက် သစ်သီးကြီးငယ်ဖြင့် မျှတကာနေ၏၊ ရသေ့ကျောင်းအနီး၌ တဦးသော ဒါနောရက္ခိုသ်သည် နေလေ၏၊ထိုဒါနောသည် ရံခါရံခါ ရသေ့ထံဆည်းကပ်၍ တရားနာ၏။

လမ်းခရီးသွား ဖမ်း၍စား

တောအုပ်၌ လာတိုင်း လာတိုင်းသော သူတို့ကို ဖမ်း၍စားလေ့ရှိ၏၊ အဆင်း အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက် ပစ္စန္တရွာ၌နေသော မထင်ရှားသော အမျိုးသမီးတယောက် သည် တနေ့သ၌မိဘတို့ကို ဖူးမြင်၍ ပြန်လာသောအခါ အခြံအရံများနှင့်အတူလာ၏၊ ထိုတောအုပ်သို့ရောက်လျှ အခြံအရံလူတို့သည် ဒါနောရက္ခိုသ်ကို မြင်သောအခါ သေဘေးမှကြောက်သဖြင့် ပြေးကြကုန်၏။

မယားချစ်ပုံ ကြုတ်နှင့်ငုံ

ဒါနောရက္ခိုသ်သည် လူတို့ပြေးကြလျှ ယာဉ်၌နေသော အမျိုးသမီးကို မြင် တပ်စွန်းသောစိတ်ရှိရကား မိမိအင သို့ပါအောင်ဆောင်ကာ မယားပြု၍ ထားလေ၏၊ ဆန်

ထောပတ်, ဆီ, ဆား, ငါး, အမဲ, သစ်သီးကြီးငယ်တို့ကို ယူဆောင်လျက် မယားကိုမွေးမြူ၏၊ ထိုမိန်းမကို စောင့်ရှောက်လိုသဖြင့် တန်ဆာဆင်၍ ကြုတ်၌ ထည့်လျက် ကြုတ်ကိုမျို၍ ဝမ်းဗိုက်၌ထား၏။

ဝိဇ္ဇာဓိုရ်နှစ်မြိုက်ရေချိုးခိုက်

တနေ့သ၌ ရေချိုး လိုသောကြောင့်ရေကန်တခုသို့သွား၍ ကြုတ်ကိုအန်ပြီးလျှင် ဖွင့်၍ မိန်းမကိုရေချိုးစေ၍ နံ့သာလူးစေလျက် အနည်းငယ်အငွေ့ယူစေတော့ဟု ကြုတ်၏အနီး၌ ထားခဲ့၍ရေချိုးသွား၏၊ ရေဆိပ်သို့ဆင်းပြီးလျှင်မိန်းမကိုယုံကြည်သဖြင့် အနည်းငယ်အဝေးသို့သွား၍ချိုးလေ၏။

ထိုအခိုက် ဝါယုပုတ္တဝိဇ္ဇာဓိုရ်သည် သန်လျက်ကိုလွယ်ကာကောင်းကင်ဖြင့်သွား၏၊ ထိုမိန်းမမြင်လျှင် လက်ရပ်၍ ခေါ်၏၊ ဝိဇ္ဇာဓိုရ်သည် လျင်မြန်စွာ ဆင်းသက်၍ ရှေးဦးစွာကြုတ်တွင်းဝင်လင့်၏၊ ဒါနဝရက္ခိုသ်လာသောအခါ မိမိကိုယ်ကိုပြ၍ ကြုတ်တွင်းသို့ဝင်ကာ ဝိဇ္ဇာဓိုရ်အပေါ်၌အိပ်လျက် မိမိအဝတ်ကို ခြုံ၍နေ၏။

မယားငုံထားဆရာထံသွား

ဒါနဝရက္ခိုသ်ရောက်လျှင် ကြုတ်တွင်း၌မကြည့်ဘဲ မိမိမိန်းမ တဦးတည်းသာရှိသည်မှတ်ထင်၍ ကြုတ်ကိုမျိုပြီးလျှင် မိမိနေရာသို့သွားလတ်သော် ငါကား- ရသေ့ကိုမဖူးမြင်ရသည်မှာကြာမြင့်ပြီ၊ဖူးမြင်ဦးမည်ဟု ကြံစည်လျက် ရသေ့ထံသို့ဝင်ရန် သွား၏။

ရသေ့လည်း အဝေးမှလာသော ဒါနဝရက္ခိုသ်ကို မြင်လျှင်—

"အို-လူသုံးယောက်တို့·· သင်တို့ကားအဘယ်
အရပ်မှ လာကြသနည်း၊ သင်တို့ လာခြင်းကား
ကောင်းသောလာခြင်းတည်း၊ လာ၍နေရာ၌ ထိုင်
ကြလော့၊ သင်တို့အား အနာရောဂါ ကင်းကြပါ
၏လော၊ သင်တို့သည် ငါ့အထံသို့ ကြာမြင့်မှလာ
ကြကုန်၏"—
ဟု အဝေးမှပင် နှုတ်ဆက်လေ၏။ —

ဆရာပြောခြား လျှောက်ထား

ထိုအခါ ဒါနေရက္ခိုသ်သည် ဆရာ ရသေ့ပြောဆိုသောစကားကိုကြားလျှင်-

"အရှင်ဘုရား···· ယခု အရှင်ဘုရား ထံသို့
အကျွန်ုပ်တယောက်ထည်းသာလာပါ၏၊ အကျွန်ုပ်
အား တစုံတယောက်သောအဘော်မရှိပါ၊ သို့ပါ
လျက် အို— လူ သုံးယောက်တို့····သင်တို့ကား
အဘယ်အရပ်မှ လာကြသနည်းဟု ဆိုရာ အရှင်
ဘယ်ကိုရည်၍ ဆိုပါသနည်း"—
ဟု မကျေမနပ်ဖြစ်၍ မေးလေ၏။

နှုတ်ငုံမယား လင်ငယ်ထား

ထိုအခါ ရသေ့သည် ဒါနောရက္ခိုသ် အား "ဒါနောရက္ခိုသ်···· သင့်အား မိန်းမရှိသည်မဟုတ်လော"ဟု မေး၏၊ "အရှင်ဘုရား····မှန်ပေ၏"ဟု လျှောက်၏၊ "ကောင်းပြီ နားထောင်လော့"ဟုဆို၍—

"အို-ဒါနောရက္ခိုသ်····သင်ကားတယောက်၊
သင်သည် ချစ်လှစွာသောမယားကို ကြုတ်၌ထည့်
ကာမျို၍ ဝမ်းတွင်ထားအပ်၏၊ သင်အခါခပ်သိမ်း



P. 295 ဒါနေ၀ရက္ခိုသ်သည် ရသေ့မိန့်ဆိုသည့်အတိုင်း ခံတွင်း၌ငုံထားသောကြုတ်ကိုချ၍ ဖွင့်လိုက်ရာ ဝိဇ္ဇာမိုရ်ထွက်သွားပုံ

စောင့်ရှောက်လို၍ ဝမ်း၌ထားအပ်သော မယားသည် ဝမ်းတွင်း၌ပင် ဝါယုပုတ္တဝိဇ္ဇာဓိုရ်နှင့် မွေ့လျော်ပျော်ပါး၍ နေဘိ၏”–

ဟု မိမိဉာဏ်ဖြင့် သိမြင်တိုင်း ပြောလေ၏။

ဒါနဝအန်ထုတ် လွှန်စက်ဆုတ်

ထိုအခါဒါနဝရက္ခိုသ်သည် ဝိဇ္ဇာဓိုရ်ကား မာယာ များလှ၏၊ အကယ်၍ သန်လျက်ပါငြားအံ့၊ ငါ၏ဝမ်းဗိုက်ကို ခွဲ၍ထွက်လတံ့ဟု အလွန် ကြောက်ရွံ့သည်ဖြစ်၍ အမြန်ကြုတ်ကိုအန်ထုတ်ပြီးလျှင်ရှေ့တွင်ထားလေ၏၊ ကြုတ်ကိုဖွင့်လျှင် ဝိဇ္ဇာဓိုရ်သည် မန္တန်ကိုမန်းမှုတ်၍ သန်လျက်ကိုကိုင်ကာ ကောင်းကင်သို့ ပျံတက်လေ၏။

ဒါနဝရက္ခိုသ်သည် ဝိဇ္ဇာဓိုရ်ကို မြင်လျှင် ရသေ့အား အလွန်နှစ်သက်ကြည်ညိုလှသဖြင့်–

“အရှင်ဘုရား.... မြိုးမြီသော အကျင့်ရှိသော အရှင်ဘုရားသည် ဤအကြောင်းကို ကောင်းစွာ မြင်အပ်ပေ၏၊ မိန်းမအလိုသို့လိုက်သောသူတို့သည် ယုတ်မာကုန်၏၊ အကျွန်ုပ်သည်မိန်းမတို့ကို အသက်ကဲ့သို့ ဝမ်းတွင်း၌ ထား၍ စောင့်ရှောက်အပ်၏၊ အကျွန်ုပ်၌ပြစ်မှား၍ ယောကျာ်းတပါးနှင့်မွေ့လျော်ဘိ၏”။

မိန်းမချစ်ခင် အပြစ်မြင်

“တော၌နေသော ရသေ့သည် မီးကို လုပ်ကျွေးသကဲ့သို့ အကျွန်ုပ်သည်မိန်းမကို နေ့ညတို့၌လုပ်ကျွေး၏၊ မိန်းမသည် တရားကိုလွန်၍ တရားမဟုတ်သည်ကို ကျင့်ဘိ၏၊ မိန်းမတို့နှင့် ပေါင်းဘော်ခြင်းကို မပြုအပ်”။

"အကျွန်ုပ်သည် ယုတ်မာ၍ ကိုယ်နှုတ် နှလုံး မစောင့်ရှောက်သော မိန်းမကို ဤမိန်းမကား ငါ့ဝမ်းတွင်း၌ တည်၏ဟူ၍ မှတ်ထင်မိ၏၊ ထိုမိန်းမ သည် တရားကိုလွန်၍ တရားမဟုတ်သည်ကို ကျင့် ဘိ၏၊ မိန်းမတို့နှင့်ပေါင်းဘော်ခြင်းကို မပြုအပ်"။

ကြုတ်ငုံထားလျက် ကျင့်ပေါက်ဖျက်

"အကျွန်ုပ်သည် ကောင်းစွာ စောင့် ရှောက်ခြင်းကို ပြုအပ်ပေပြီဟု ပညာ ရှိသည် အဘယ်သို့ အကျွမ်းဝင်ရာအံ့ နည်း၊ ဤမာတုဂါမ၌ တဘန် စောင့်ရှောက်ခြင်း သည် များစွာဆန်းကျယ်၏၊ အမှန်ကား မိန်းမတို့ သည် သမုဒ္ဒရာ၌ ဗလဝါမုခဲနှင့် တူကုန်၏၊ မေ့လျော့သော သူသည် ပျက်စီးခြင်းသို့ ရောက် ရ၏။

ထိုကြောင့် ပညာရှိတို့သည် မိန်းမတို့နှင့်ကင်း၍ ကျင့်ကုန်၏၊ပညာရှိတို့သည် ချမ်းသာကုန်၏၊ စိုးရိမ် ကင်းကုန်၏၊ မွန်မြတ်ငြိမ်သက်သောချမ်းသာ ကို တောင့်တသော သူသည် မိန်းမတို့နှင့် ပေါင်း ဘော်ခြင်းကိုမပြုရာ"—

ဟု မိန်းမတို့အပြစ်ကိုဆိုကာ ရသေ့၏ခြေတို့ကိုရှိခိုး၍—

မိန်းမ ကျင့်ပျက် စောင့်ရှောက်ခက်

"အရှင်ဘုရား.... အရှင်ဘုရားတို့ကိုမှီ ၍ အကျွန်ုပ်သည် အသက်ကိုရအပ်၏၊ ဤ မိန်းမယုတ်သည် • အကျွန်ုပ်အား ဝိဇ္ဇာမိုရ်ကိုသတ်စေ၏"ဟု ပြောဆိုကာ ရသေ့အားချီး ကျူးလေ၏။

ရသေ့သည် ဒါနေ့ာရက္ခိုသ်ကို တရားဟော၍ ဤမိန်းမ အား တစုံတရာအပြစ်မပြုလင့်၊ သီလကိုသာစောင့်ရှောက် လော့ဟု ဆုံးမပြီးလျှင်ပဥ္စသီလ၌တည်စေ၏၊ ဒါနေ့ာရက္ခိုသ် သည် "ငါကား….ဝမ်းဖြင့်လွယ်၍ စောင့်ရှောက်ပါလျက် မိန်းမကို စောင့်ရှောက်ခြင်းငှါမတတ်နိုင်၊ အခြားသူတို့ ကား အဘယ်မှာ တတ်နိုင်ကုန်အံ့နည်း"ဟု မိန်းမကိုလွှတ် လိုက်၍ မိမိနေရာ တောသို့သွားလေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး ၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည် **လေ၏။**

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ဒိဗ္ဗစက္ခုရသေ့သည်- ယခုအခါငါဘုရား ဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဗလဝါမုခ၊ ဝဲတမျှ၊ မိန်းမဓမ္မတာ။

(၂) ဝမ်းတွင်းမှာထား၊ စောင့်ရှောက်ငြား၊ လွဲမှားကျင့်သည် သာ။

(၃) မိန်းမနှင့်ကင်း၊ ချမ်းသာခြင်း၊ ကင်း၏စိုးရိမ်မှာ။

(၄) ရှာန်အဘိညာဉ်၊ တောင့်တလျှင်၊ ရှောင်ကြဉ်ဝေးဝေးခွါ။

သမုဂ္ဂဇာတ်ပြီး၏။

၄၃၇—ပူတိမံသဇာတ်

ပစ္စုပ္ပန်ဝတ္ထု

စက္ခုန္ဒြေစောင့်မှု ဟောကြားပုံ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတို့သည် စက္ခုစသောဣန္ဒြေတို့ကို မစောင့်ရှောက်ကြကုန်၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍ "ချစ်သား ရဟန်းတို့..ရူပါရုံစသည်တို့ကို ကြည့်ရှုသည်ရှိသော် သုဘ၏ အစွမ်းဖြင့် မကြည့်ရှုကြကုန်ရာ၊ အသုဘ၏အစွမ်းဖြင့်သာ ကြည့်ရှုကြကုန်ရာ၏၊ ကြည့်ရှုသင့်သောကာလ၊ မကြည့်ရှု သင့်သောကာလရှိကုန်၏၊ ကြည့်ရှုသင့်သောကာလ၌ကြည့် ရှုကြကုန်ရာ၏၊ မကြည့်ရှုသင့်သောကာလ၌ မကြည့်ရှုကြ ကုန်ရာ၊ မကြည့်ရှုသင့်သောကာလ၌ ကြည့်ရှုသည်ရှိသော် ကိလေသာတို့သည်ဖြစ်ကုန်၏" ဟုမိန့်တော်မူကာအောက် ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ဆိတ်တို့လှည့်စား ခွေးလင်မယား

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော်ဘုရားအလောင်းသည် ဟိမဝန္တာ အရပ်ဝယ် တောစိုးသစ်ပင်ကြီးတခု၌ရုက္ခစိုးနတ်ဖြစ်လေ၏၊ ထိုတော၌ တောင်ခေါင်းတခုဝယ် အရာမက များစွာသော ဆိတ်တို့သည်နေကုန်၏၊ ထိုဆိတ်တို့နေရာ မနီးမဝေးအရပ် တောင်ခေါင်းတခုဝယ် ပူတိမံသမည်သော မြေခွေးသည် ပဝေဏီမည်သော မယားခွေးမနှင့် နေလေ၏။

တနေ့သ၌ မြေခွေးလင်မယားတို့သည် ကျက်စားလတ်သော် ဆိတ်တို့ကိုမြင်၍ ဥပါယ်တမျဉ်ဖြင့် ဆိတ်တို့ကိုသတ်၍ စားမည်ဟုကြံစည်လျက် ဆိတ် တကောင် တကောင် သတ်၍စားခဲ့၏၊ ဆိတ်သားတို့ကိုစားရသဖြင့် မြေခွေးလင်မယားတို့သည် အားနှင့်ပြည့်စုံကုန်၏၊ ဝဖြိုးကုန်၏၊ ဆိတ်တို့လည်း တဖြည်းဖြည်း ကုန်ခြင်းသို့ရောက်လေ၏။

ဆိတ်မစားချင် ဥပါယ်ဆင်

ထိုဆိတ်တို့တွင် မေဏ္ဍကမာတာမည်သော ဆိတ်မတကောင်ကား ပညာရှိ၏၊ ဥပါယ်တမျဉ်၌လိမ္မာ၏၊ ပူတိမံသမြေခွေးသည် ထိုဆိတ်မကိုသတ်ခြင်းငှါ မတတ်နိုင်ချေ၊ တနေ့သ၌ မယားနှင့်တကွ တိုင်ပင်လတ်သော်“ဆိတ်တွေကုန်ခဲ့ပြီ၊မေဏ္ဍကမာတာ ဆိတ်မတကောင်သာကျန်တော့သည်၊ ထိုဆိတ်မကို ဥပါယ်တမျဉ်ဖြင့်သတ်ရန်သင့်၏၊ ၎င်းအတွက်သင်သည် ထိုဆိတ်မထံသွား၍အဆွေခင်ပွန်းဖွဲ့ချေ၊ သင်တို့ အဆွေခင်ပွန်းဖြစ်လတ်သော် ငါသေဟန်ပြု၍နေမည်၊ ထိုအခါ သင်သည် ဆိတ်မကို ငါ့လင်သေခဲ့ပြီ၊ငါ့မှာ သင်မှတပါး ကိုးကွယ်ရာမရှိ လိုက်ခဲ့ပါ၊ အလောင်းကိုသင်္ဂြိုဟ်ရအောင်ဟု ပြောဆိုပြီးလျှင်ခေါ်၍လာခဲ့၊ အနီးရောက်သောအခါ ငါထ၍ကိုက်မည်”ဟု ပြောဆိုမှာထား၍ ဆိတ်မထံလွှတ်လိုက်၏။

ပရိယာယ်ပြောကာ ဆိတ်ခေါ်ရာ

မြေခွေးမသည် လင်အကြံပေးသောအတိုင်း သဘောကျ၍ ဆိတ်မထံသွားကာ အဆွေခင်ပွန်းဖွဲ့လေ၏၊ ချစ်ကျွမ်းဝင်လတ်သော် လင်မြေခွေး မှာထားသောအတိုင်းပြောလေ၏၊-ထိုအခါ ဆိတ်မသည် “အဆွေခင်ပွန်းမ.... သင့်လင်

သည် ငါ့အမျိုးဆိတ်တို့ကိုစားအပ်ကုန်ပြီ၊ ငါကြောက်၏၊ မလိုက်ဝံ့''ဟု ပြော၏၊ ''အို-အဆွေခင်ပွန်းမ....မကြောက်ပါလင့် လိုက်သာလိုက်ခဲ့ပါ၊ သေပြီးသောမြေခွေးက သင့်ကို အဘယ်သို့ပြုနိုင်အံ့နည်း''ဟု ပြောပြန်၏၊ ''အဆွေခင်ပွန်းမ.... သင်၏လင်ကား ပရိယာယ်မာယာများ၏၊ ငါသည်ကြောက်၏''ဟု ပြောဆိုလေ၏။

ပရိယာယ်အသွင် ဆိတ်မမြင်

ထိုသို့ မြေခွေးမသည် အဘန်ဘန်တောင်းပန်သည်ရှိသော် တကယ်သေသည်ဖြစ်လိမ့်မည်ဟုယုံကြည်လျက်ဆိတ်မသည်လိုက်လေ၏၊ လိုက်သော်လည်း ဘယ်လိုပြုမည်ကို ဘယ်သူသိနိုင်မည်နည်း''ဟု မြေခွေးဖို၌ ယုံမှားသံသယရှိရကား မိမိရှေ့ကမသွားဘဲ မြေခွေးမကို ရှေ့ကသွားစေ၍ သတိနှင့်လိုက်၏၊ ပုတိမံသမြေခွေးလည်း မြေခွေးမနှင့်ဆိတ်မတို့ ခြေသံကိုကြားလျှင် ဦးခေါင်းကိုထောင်၍ကြည့်၏။

ပရိယာယ်မြင်ငြား ဆိတ်မပြေးသွား

ဆိတ်မမြင်လျှင် ဤယုတ်မာသော မြေခွေးမကား ငါ့ကိုသတ်လို၍ လင်ကိုသေဟန်ပြုစေလျက် ငါ့ကိုခေါ်ဘိ၏ဟု ကြံစည်ကာ—

''အို-မြေခွေးမ.... ပုတိမံသမြေခွေး ခေါင်း
ထောင်၍ ကြည့်ခြင်းကို ငါမနှစ်သက်ပါ၊ ဤလိုအ
ဆွေခင်ပွန်းမျိုးမှ ဝေးစွာရှောင်ကြဉ်ရာ၏''—

ဟု မြေခွေးမအား ပြောဆိုပြီးလျှင် မလိုက်ဘဲ မိမိနေရာသို့ပြန်လေ၏၊ မြေခွေးမလည်း ဆိတ်မကို ပြန်လိုက်အောင် မခေါ်နိုင်သဖြင့် ဆိတ်မအား အမျက်ထွက်လျက် မိမိလင်ထံသွားကာ မှိုင်၍နေ၏။

ချင်းချင်းဖြစ်ပြ ထိုအခါ ပူတိမံသမြေခွေးသည် မြေခွေး
ကဲ့ရဲ့ကြ မကို အပြစ်ပြောလို၍—

"ရှင်မ····သင်ပဝေဏီကား ရူးသွတ်ဘိ၏၊လင်
အထံ၌ အဆွေခင်ပွန်း ဆိတ်မကို ချီးမွမ်းဘိ၏၊
ယခုအခါ လာလျက် ပြန်၍သွားသော မေဏ္ဍက
မာတာမည်သောဆိတ်မကိုစိုးရိမ်၍ ကြံမှိုင်ဘိ၏"—
ဟု မယားမြေခွေးမကို ကဲ့ရဲ့လေ၏၊ မြေခွေးမသည်
လင်၏ စကားကိုကြားလျှင်—

"အမောင်- ပူတိမံသ····သင်သည် သေပဟန်
ဆောင်နေပါလျက် အခါမဟုတ်သည်၌ ဦးခေါင်း
ကို ထောင်၍ ကြည့်ဘိ၏၊သင်သည်သာ ရူးသွတ်၏၊
ပညာမရှိ၊ အမြော်အမြင်မရှိ"—
ဟု လင်မြေခွေးဖိုကို တဖန်ပြန်၍ ကဲ့ရဲ့လေ၏။

ဆိတ်မလိမ်ညာ ခေါ်ပြန်ရာ

ထိုနောက် ပဝေဏီမည်သောမြေခွေးမ
သည် ပူတိမံသမည်သော မြေခွေးဖိုကို
"အရှင်···· မစိုးရိမ်လင့်၊ ငါဉပါယ်
တမျဉ်ဖြင့်ဆိတ်မကိုခေါ်ခဲ့ဦးအံ့၊သင်သတိနှင့်နေရစ်လော့"
ဟု မှာထားပြီးလျှင် ဆိတ်မထံသွားပြန်၏၊ ရောက်လျှင်—

"အို- အဆွေခင်ပွန်းမ····ငါ့အား ချစ်ခြင်းဖြစ်
ပါစေ၊ ငါ၏နှစ်သက်သော ပေးကမ်းခြင်းကို သင်
ယူပါလော့၊ ငါ၏လင်သည် အသက်ရှင်၍ ထဘိ၏၊
ငါ့လင်ကို သတင်းမေးရန် ငါနှင့်လိုက်ခဲ့ပါဦး"—
ဟု ဆိတ်မအား သင်လိုက်လာခါမှ သူ့လင်သတိရ၍
အသက်ရှင်ပြီး ထလာသလို ပရိယာယ်ဆင်ကာ တဖန်
လိုက်ရန်ခေါ်ပြန်၏။

ဆိတ်မဥာဏ်ထွင်
ပရိယာယ်ဆင်

ထိုအခါ ဆိတ်မသည် ဤယုတ်မာသော မြေခွေးမကား ငါ့ကိုလာ၍ လှည့်စားပြန်၏၊ ဆန့်ကျင်ဘက်ပြုလို့မလျော်၊ ပရိယာယ်တမျိုးဖြင့်ပင် ပြန်၍လှည့်စားဦးမည် ကြံစည်လျက်—

"အို- အဆွေခင်ပွန်းမ···· သင့်အား ချစ်ခြင်းဖြစ်ပါစေ၊ သင်၏ နှစ်သက်သော ပေးကမ်းခြင်းကို ငါယူပါအံ့၊ သင်တို့ထံ အခြံအရံများစွာဖြင့် လိုက်ပါအံ့၊ အစားအစာကိုသာ စီမံထားပါ"—

ဟု လှည့်စား၍ပြောဆိုပြန်၏၊ထိုအခါ မြေခွေးမသည်—

"အို-အဆွေခင်ပွန်းမ···· အခြံအရံ များစွာအတွက် အစားအစာကို စီမံရမည်သင်ဆိုဘိ၏၊ ထိုအခြံအရံကား အဘယ်သို့ သဘောရှိသနည်း၊ အခြံအရံအလုံးစုံသည် ဘယ်အမည်ရှိကြသနည်း၊ ငါ့အား ထိုအခြံအရံကို ပြောကြားပါ"—

ဟု ဆိတ်မလှည့်စားသည်ကို အဟုတ်မှတ်၍ အခြံအရံကို မေးမြန်းပြန်၏။

ဆိတ်မဥာဏ်လျောက်
ခွေးခြိမ်းချောက်

ထိုအခါ ဆိတ်မသည် မြေခွေးလင်မယားအား ပရိယာယ် အားဖြင့် ခြိမ်းချောက်လို၍—

"အို-အဆွေခင်ပွန်းမ···· စတုရက္ခ မြေခွေး, မာဠိယမြေခွေး, ပိင်္ဂိယမြေခွေး, ထို့ပြင်ဇမ္ဗုက မြေခွေး၊ ဤမြေခွေးတို့ကား ငါ၏ အခြံ အရံတို့

ဖြစ်ကုန်၏၊ ထိုအခြံအရံတို့အတွက် အစားအစာကို စီမံထားပါ"—

ဟု ပြောဆိုပြီးလျှင် ထိုလေးကောင်သာ မဟုတ်သေး၊ ထိုလေးကောင်တို့တွင် တကောင် တကောင်မှာ အခြံအရံ ငါးရာ ငါးရာစီရှိသဖြင့် မြေခွေးနှစ်ထောင်ရှိ၏၊ ထိုမြေခွေး နှစ်ထောင် ခြံရံလျက် ငါလာမည်၊ ထိုမြေခွေးတို့သည် အစာကို မစားရလျှင် သင်တို့လင်မယား နှစ်ကောင်ကို သတ်၍ စားကြလိမ့်မည်ဟု ခြိမ်းချောက်ပြောဆိုပြန်၏။

သေဘေး ကြောက်လှ ထွက်ပြေးကြ

ထိုအခါ မြေခွေးမသည် ကြောက်လန့်ရကား ဤဆိတ်မလာခြင်း၌ အကျိုးမရှိ၊ မလာအောင် ဥပါယ်ဖြင့် ပြုဦးမည်ဟု ကြံစည်ကာ—

"အို-အဆွေခင်ပွန်းမ....သင် အိမ်မှထွက်သည် ရှိသော် ဥစ္စာဘဏ္ဍာတို့ ပျက်စီးကုန်လတံ့၊ အဆွေ ခင်ပွန်းမ၏ အနာကင်းသော အဖြစ်ကို ငါပြော ဆိုအံ့၊ ဤအရပ်၌သာ နေပါ၊ မလာပါလင့်"—

ဟု ပြောဆိုကာ သေဘေးမှ ကြောက်ရကား လျင်မြန် သော အဟုန်ဖြင့် ပြေးသွား၍ လင့်ထံသို့ သွားလေ၏၊ ထိုမြေခွေးမသည် ဆိတ်မ ရှိရာအရပ်သို့ တဘန်မလာဝံ့ တော့ချေ။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ရုက္ခစိုးနတ်သည်- ယခုအခါ ငါဘုရား ဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဇုဋ္ဌမြွေများ၊ စောင့်ရှောက်ငြား၊ တံခါးလုံခြုံစွာ။
(၂) ကြည့်ရှုချိန်ကျ၊ကြည့်ရှုက၊ မထကိလေသာ။
(၃) အချိန်မတန်၊ ကြည့်ရှုပြန်၊ ပွားရန်ကိလေသာ။

ပူတိမံသ ဇာတ်ပြီး၏။

၄၃၈—ဒဒ္ဒရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘုရားကိုရန်ပြု သတ်လိုမှု နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ် တောင်၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရားကိုသတ်ရန်အားထုတ်နေသော ဒေဝဒတ်ကိုအကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ပါမောက္ခဆရာကြီး တော၌နေမှု လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဒိသာပါမောက္ခ ဆရာကြီး တယောက်သည် တပည့်လုလင် ငါးရာတို့အား အတတ် ပညာသင်ကြားကာ နေ၏၊ တနေ့သ၌ ဆရာကြီးသည်

ဗာရာဏသီပြည်တွင်း၌ နေသဖြင့် ကြောင့်ကြ များသည်၊ လုလင်တို့အား အတတ်ပညာ မပြီးဆုံးမီပင် ဟိမဝန္တာ တောသို့ဝင်၍နေမည်ဟု ကြံစည်လျက် ဟိမဝန္တာတောသို့ ဝင်ပြီးလျှင် လမ်းခရီးနှင့် မနီးမဝေး အရပ်ဝယ် ကျောင်း ဆောက်၍ တပည့်လုလင် ငါးရာနှင့်အတူနေ၏၊ လုလင် ငါးရာတို့၏ဆွေမျိုးတို့နှင့် ပြည်သူပြည်သားတို့သည် ဆီ ဆံ ထောပတ် အစရှိသည်တို့ကို ထောက်ပံ့ကြကုန်၏။

ဆရာစုတေ ပူဆွေးလေ

မထင်ရှားသော ယောက်ျားတယောက်သည် နို့ရည် သောက်ရန် သားငယ်နှင့်တကွ နွားမကြီးကို ဆရာကြီးအား လှူဒါန်းထား၏၊ ကျောင်းအနီးတွင် သားငယ်နှစ်ကောင်နှင့် ဖွတ်မသည်နေ၏၊အနီးရှိခြင်္သေ့ ကျား တို့လည်း ဆရာကြီးထံ ရံခါရံခါ ခစားလာကုန်၏၊ အနီး၌ ဓါတကောင်လည်း အမြဲနေ၏၊ ဗေဒင်ရွတ်အံ သရဇ္ဈာယ်သံကို မပြတ်နား ထောင်သဖြင့် ဗေဒင်သုံးပုံကို တတ်မြောက်၏၊ လုလင်တို့ နှင့်လည်း အလွန်အကျွမ်းဝင်၏။

နောက်အဘို့၌ ဗေဒင်သင်၍ မပြီးဆုံးသေးမီပင် ဆရာကြီးသည် သေလွန်လေ၏၊ တပည့်တို့သည် အလောင်းကို သင်္ဂြိုဟ်ပြီးလျှင် သဲပုံစေတီတည်ကာ ပန်းတို့ဖြင့်ပူဇော်လျက် ငိုကြွေးကြကုန်၏။

ဓါပညာရှိ ဗေဒင်သိ

ထိုအခါ ဓါသည် ''အမောင်တို့.... အဘယ်ကြောင့် ငိုကြွေးကြသနည်း''ဟု မေး၏၊''အို-ဓါ....အတတ်ပညာ မပြီး

ဆုံးမိ ဆရာကြီးသေလွန်သောကြောင့် ငိုကြွေးကြသည်" ဟု ပြော၏၊ "အမောင်တို့....မစိုးရိမ်ကြလင့်၊ငါသင်ကြား ပေးမည်"ဟု ပြော၏၊ "အို-ခါ....သင်ဘယ်လို ဗေဒင်ကို တတ်လာသနည်း" ဟု မေးသောအခါ "အမောင်တို့.... သင်တို့ကို ဆရာကြီးသင်ကြားသောအသံကို ကြား၍ တတ်သည်"ဟုပြော၏၊"အို-ခါ....ရွတ်အံ၍ပြပါ"ဟုပြောကြ၏၊ ထိုအခါ ခါသည် အလွန်ခက်ခဲသော အရာတို့၌ တောင်ထိပ်မှမြစ်ရေစီးဆင်းသကဲ့သို့ ရွတ်အံ၍ပြလေ၏၊ ထိုအခါ လုလင်တို့သည် နှစ်သက်ကုန်လျက် ခါပညာရှိ ထံမှာပင် သင်ကြားကြကုန်၏၊ ခါပညာရှိလည်း တက္ကသိုလ် ဆရာကြီး၏အရာ၌တည်၏၊ လုလင်တို့သည် ခါပညာရှိကို ရွှေချိုင့်ဖြင့်ထား၍ ပျားပေါက်ပေါက် စသည်တို့ဖြင့် မွေးမြူပူဇော်ကြကုန်၏၊ ထိုအခါမှစ၍ ခါပညာရှိသည် ဇမ္ဗူဒိပ်ကျွန်း အလုံး၌ ဂုဏ်သတင်းထင်ရှားလေ၏။

သနားကင်းလျက် ရသေ့ပျက်

တနေ့သ၌၊ ဇမ္ဗူဒိပ်ကျွန်း အလုံး၌ တောင်ထိပ်သဘင် နေ့ဝယ် ကြီးစွာသောပွဲသဘင်ကို ကြွေးကြော်ကုန်၏၊ ထိုအခါ လုလင်တို့သည် ခါပညာရှိထံ ခွင့်ပန်ကြားလျက် ပွဲသဘင်ကြည့်ရှုရန် မိမိတို့မြို့ရွာသို့ပြန်ကြကုန်၏၊ ထိုအခါ သနားကရုဏာမရှိသော ရသေ့ပျက် တယောက်သည် ထိုကျောင်းသို့ ရောက်လာ၏၊ ရသေ့ပျက်သည် ဖွတ်မနှင့် ပဋိသန္ဓာရပြု၏၊ ဖွတ်မသည် ရသေ့ပျက်အား ဆန်-ဆီ-ထောပတ် စသည်တို့ကိုညွှန်ပြကာ ထမင်းချက် စားလော့ ဟု ပြောဆိုပြီးလျှင် အစာရှာသွားလေ၏။

ရသေ့ပျက်လည်း စောစောကပင် ထမင်းချက်ပြီးလျှင် ဖွတ်ငယ် နှစ်ကောင်တို့ကို သတ်၍စား၏၊ နေ့ခင်းအခါ၌ ခါပညာရှိနှင့် နွားမသားအမဲကို သတ်၍စားပြီးပြန်လျှင် သစ်ပင်ရင်း၌ လျောင်း၍ဟောက်လျက်အိပ်ပျော်ကာနေ၏၊ ဖွတ်မ အစာရှာရာမှ ပြန်လာသောအခါ သားငယ်တို့ကို မမြင်သဖြင့် ရှာဖွေလျက်သွား၏။

သူယုတ်သဘော နတ်ကပြော

ရုက္ခစိုးနတ် မြင်လျှင် တုန်လှုပ် စိုးရိမ်သော ဖွတ်မကိုမြင်၍ သစ်ပင်ခွကြား၌ နတ်၏အာနုဘော်ဖြင့် ရပ်ကာ—

"အို-ဖွတ်မ....ဤယောက်ျားယုတ်ကား အပြစ်မရှိသော သင့်သားငယ်တို့ကို သတ်၍စားခဲ့ပြီ၊ သင်ထမင်းပေးအပ်သော ဤယောက်ျားယုတ်ကိုအစွယ်တို့ဖြင့်ကိုက်၍သတ်လော့၊ အသက်ရှင်လျက် သင့်လက်မှ မလွတ်စေလင့်"—

ဟု ဖွတ်မအား သတ်ပစ်ရန် ပြောကြား တိုက်တွန်းလေ၏။

သူယုတ်ဆဲရေး ဖွတ်မ-ပြေး

ထိုအခါ အိပ်နေသော သူယုတ်ကို မြင်သဖြင့် ဖွတ်မသည်—

"အို-နတ်မင်း...ဤယောက်ျားယုတ်၌အကျွန်ုပ်သည် အစွယ်တို့ဖြင့်ကိုက်သတ်ဘို့နေရာကို မမြင်ပါ၊ ထိုယောက်ျားယုတ်ကား မကောင်းမှုဖြင့် ရောင်းမိဘိ၏၊ ကလေးထိန်းမိန်းမ၏အဝတ်ကဲ့သို့ မကောင်းမှုဖြင့် လိမ်းကျံဘိ၏၊ သူ့ကျေးဇူးကိုလည်းမသိ၊ အမြဲအခွင့်ကို ရှာလေ့ရှိသော ယောက်ျား ယုတ်အား

မြေပြင် အလုံးစုံကို ပေးငြား သော်လည်း ထို
ယောကျ်ားယုတ်သည် မနှစ်သက်နိုင်စေရာ”-

ဟု နတ်မင်းအား တရားသဖြင့် ပြောကြား ပြီးလျှင် အိပ်ရာမှနိုးလာလျှင် ငါ့ကိုလည်း သတ်၍စားပြန်ရာ၏ဟု မိမိအသက်ကို စောင့်ရှောက်လိုသဖြင့် ပြေးလေ၏။

သူဟုတ်အိပ်လေ့ ကျားနှင့်တွေ့

ခြင်္သေ့နှင့် ကျားတို့လည်း ခါပညာရှိ၏ အဆွေခင်ပွန်း ဖြစ်ကြကုန်၏၊ ရံခါရံခါ ပညာရှိကို ဖူးမြင်လေ့ ရှိကုန်၏၊ ရံခါ ခြင်္သေ့ ကျားတို့ထံ ခါပညာရှိလာ၍ တရားဟောလေ့ရှိ၏၊ ထိုနေ့၌ကား ခြင်္သေ့သည် ကျားကို “အဆွေ…ခါပညာရှိ ထံမရောက်သည်မှာ ခုနစ်ရက်ရှိပြီ၊ အကြောင်းကို သိရအောင်စုံစမ်းချေ”ဟု လွှတ်လိုက်၏၊ ကျားလည်း စုံစမ်း သွားရာ ထိုအရပ်သို့ ရောက်လျှင် ရသေ့ပျက် ဆံကြား၌ ခါမွေး, နွားရိုးတို့ကိုမြင်၍ ရှေးချိုင့်၌လည်း ခါပညာရှိကို မမြင်ရတော့သဖြင့် ဤယောကျ်ားယုတ်ကား မုချသတ်၍ စားခဲ့ပြီဟုသိ၍ ခြေဖြင့်ခတ်ကာနှိုးလေ၏၊ရသေ့ပျက်လည်း နိုး၍ ကျားကိုမြင်လျှင် အလွန်ကြောက်လန့်လေ၏။

ခါကိုသတ်သူ ကျားမေးမှု

ထိုအခါ ရသေ့ပျက်ကို ကျားသည် “ဟယ်-ယောကျ်ားယုတ်…. သင်သည် သတ္တဝါတို့ကို သတ်၍စားသလော” ဟု မေး၏၊“အရှင်….အကျွန်ုပ်သတ်၍မစားရပါ”ဟုပြော၏၊ “သင်မသတ်လျှင် အဘယ်သူ သတ်မည်နည်း၊ မှန်မှန် ပြောပါ၊မှန်မှန်မပြောလျှင် သင့်ကိုသတ်မည်”ဟု ပြော၏၊ ထိုအခါ ကြောက်သဖြင့် “အရှင်…. ဖွတ်ယော်နှစ်ကောင်

နွားသားအမိတို့ကိုသတ်၍ စားမိပါ၏၊ ခါကိုသတ်၍ မစားပါ''ဟု ပြောဆိုလေ၏၊ကျားသည် ရသေ့ပျက်၏စကားကို မယုံကြည်သဖြင့် ''ဟယ်-ယောကျ်ားယုတ်....သင်ဘယ်က လာသနည်း''ဟု မေး၏၊ ''အရှင်...ကာလိင်္ဂတိုင်းမှကုန်သည်တို့နှင့်တကွလာပါ၏၊ ဤအမှု ဤအမှုဖြင့် အသက်မွေးပါ၏''ဟု မိမိလာခဲ့ရင်းအရပ်နှင့် အသက်မွေးမှုအလုံးစုံကိုပြောကြားရလေ၏။

သူယုတ်ခေါ်သွား ခြင်္သေ့မေးပြား

ကျားသည်ရသေ့ပျက်ပြောသော်လည်း မယုံကြည်သဖြင့် ''ဟယ်-ယောကျ်ားယုတ်....ခါကိုသင်မသတ်လျှင် အဘယ်သူသတ်မည်နည်း၊လာလော့၊ခြင်္သေ့မင်းထံ သွားမည်''ဟု ပြောဆိုကာ ခြင်္သေ့ထံ အတင်းခြိမ်းချောက်ကာ ခေါ်၍ လာလေ၏။

ထိုအခါ ခြင်္သေ့မင်းသည်–

''အို-ကောင်းသောလက်မောင်းရှိသောအဆွေကျား.... သင်သည် အဘယ့်ကြောင့် လုလင်နှင့်တကွ လျင်မြန်စွာ ပြန်လည်၍လာဘိသနည်း၊ သင့်အား ငါ့ထံ၌ ဘယ်အကျိုးရှိသော အမှုကိစ္စရှိသနည်း၊ ငါ့အားပြောကြားပါ''–

ဟု ကျားအား ရောက်လျှင်ရောက်ချင်း မေးလင့်၏။

ခြင်္သေ့ကိုပင် ကျားပြောလျှင်

ကျားသည် ခြင်္သေ့ထံ မိမိလာသောအဖြစ်ကို ပြောကြားလို၍–

"အို-ခြသေ့်မင်း····အကျွန်ုပ်တို့ အဆွေခင်ပွန်း ဖြစ်၍ သဘောကောင်းသော ခါတကောင်ရှိသည် မဟုတ်ပါလော၊ ငါသည်ဤယောက်ျားယုတ်၏ အသက်မွေးဝမ်းကျောင်းမှုတို့ကို ကြားရသဖြင့် ဤယောက်ျားယုတ်ကြောင့် ခါသေရသည်ဟု ယုံမှားမိ၏၊ ယနေ့ ငါသည် ခါချမ်းသာ၏ဟု မအောက်မေ့မိပါ"–

ဟု ခြသေ့်မင်းအား အကြောင်းစုံ ပြောကြားလေ၏၊ ထိုအခါ ခြသေ့်မင်းသည်–

"အို-ကျား···· သင်သည် ဤယောက်ျား၏ အဘယ်မည်သောအသက်မွေးဝမ်းကျောင်းမှုတို့ကို ကြားရသနည်း၊ အသက်မွေးဝမ်းကျောင်းမှုဖြင့် အဘယ်မည်သော ဝန်ခံခြင်းကိုကြားရ၍ ဤလုလင်ကြောင့် ခါသေရသည်ဟု ယုံမှားသနည်း"–

ဟု ကျားအား မေးပြန်၏။

ကြောင်းကျိုးအစုံ ကျားပြောပုံ

ထိုအခါ ကျားသည် မိမိတွေ့မြင်ခဲ့သော ယောက်ျားယုတ်၏ အချင်း အရာကို ခြသေ့်မင်းအား–

" ခြသေ့်မင်း ···· ဤ ယောက်ျားယုတ်ကား ကာလိင်္ဂတိုင်းမှ ကုန်သည်တို့နှင့်အတူ လာခဲ့၏၊ ကုန်သွယ်ခြင်းအမှုကိုလည်းပြု၏၊ ကချေသည်တို့နှင့်လည်း ပေါင်းသင်း၏၊ အကျင့်သီလမရှိ၊ သတ်ဖြတ်ညှဉ်းဆဲ၏၊ အသက်မွေးဝမ်းကျောင်း မစင်ကြယ်၊ ဆံကျစ်ကြား၌ ခါမွေးလည်းတွေ့ရ၏၊ သို့အတွက်

ဖွတ်ငယ်တို့ကိုရင်း,နွားတို့ကိုရင်း, ခါပညာရှိကိုရင်း
အဘယ်မှာ မသတ်ဘဲရှိပါအံ့နည်း"—
ဟု ခြင်္သေ့မင်းအား အပြည့်အစုံပြောကြားလေ၏။

အမှန်သိလတ် ကျားကသတ်

ထိုအခါခြင်္သေ့မင်းသည် ကျား၏စကားကိုကြားရလျှင် "အို-ယောကျ်ား.... သင်သည် ခါပညာရှိကိုသတ်သလော" ဟုမေးရာ ခိုးထုပ်ခိုးထည်နှင့် မိသည့်အလား မကွယ်ဝှက်ဝံ့သဖြင့် "အရှင်....သတ်မိပါသည်"ဟု ဆိုလေ၏၊ထိုအခါ မှန်သောစကားကိုကြားရ၍ ခြင်္သေ့မင်းသည် ရသေ့ပျက်ကိုလွှတ်လို၏၊ ကျားသည်ကား ဤသူယုတ်ကို သတ်သင့်သည်ဟု ဆို၍ ကိုက်သတ်ပြီးလျှင် တွင်းတူး၍မြှုပ်လေ၏၊ လုလင်တို့လည်း လာလတ်၍ ခါပညာရှိကိုမမြင်လျှင် ငိုကြွေးကာ ပြန်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—
ရဟန်းတို့....
※ ထိုအခါရသေ့သည်- ယခုအခါဒေဝဒတ်။
※ ဖွတ်မသည်- ဥပ္ပလဝဏ်။
※ ကျားသည်-မောဂ္ဂလာန်။
※ ခြင်္သေ့သည်- သာရိပုတ္တရာ။
※ ဒိသာပါမောက္ခဆရာကြီးသည်-ကဿပ။
※ ခါပညာရှိသည်- ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူယုတ်မာကား၊ ညစ်ကြေးများ၊ သားထိန်းအဝတ်တူ။
(၂) ကျေးဇူးမပြု၊ ယုတ်ခွင့်ရှု၊ မွေးမှုမစင်ဖြူ။
(၃) ကိုယ်နှုတ်နှလုံး၊ သုံးပါးလုံး၊ သိမ်းကျုံးယုတ်လှဟူ။
(၄) လုံးစုံမြေပြင်၊ ပေးငြားပင်၊ စိတ်တွင်မကြည်ဖြူ။

ဒဒ္ဒရဇာတ်ပြီး၏။

နဝကနိပါတ်စကားပြေပြီး၏။

၄၃၉—စတုဒွါရဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

အဆုံးမခက်မှု ရဟန်းပြု

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဆုံး အမ ခက်သော ရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

မိခင်စကား မနာကြား

လွန်လေပြီးသောအခါ ကဿပဘုရား လက်ထက်တော်ဝယ် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီးတဦးရှိလေ၏၊ ထိုသူဌေးကြီးအား မိတ္တဝိန္ဒက မည်သော သားတယောက်တည်းသာ ရှိလေ၏၊ အမိ အဘ တို့ကား သောတာပန် အရိယာဖြစ်ကြကုန်၏၊သားမိတ္တဝိန္ဒကကား အဆုံးအမခက်၏၊ သီလမရှိ၊သဒ္ဓါတရားမရှိ။

နောက်အဘို့၌ ဘခင်သူဌေးကြီး သေလွန်သည်ရှိသော် မိခင်သူဌေးကတော်သည် "ချစ်သား....သင်သည် အလွန်

ရခဲသော လူ့အဖြစ်ကိုရပေ၏၊ အလှူပေးလော့၊ သီလ ဆောက်တည်လော့၊ ဥပုသ်စောင့်လော့''ဟု ပြော၏၊ ''မိခင်···· အကျွန်ုပ်သည် အလှူပေးခြင်းစသည်ကို အလိုမ ရှိ၊ တစုံတခုသောစကားကိုမဆိုလင့်၊ အလိုရှိရာကိုပြုလုပ် မည်''ဟု ပြောဆို၏၊ မိခင်၏စကားကိုနားမထောင်။

သားလိမ္မာအောင် အမိသွေးဆောင်

ထိုသို့ပင်ပြောဆိုသော်လည်း မိခင်သည် လပြည့်ဥပုသ်နေ့၌ ''ချစ်သား···· ယ နေ့ဥပုသ်နေ့ဖြစ်သည် ကျောင်းသို့သွား ၍ ဥပုသ်စောင့်ပါ တညလုံးတရားနာပြီးလျှင် ပြန်ခဲ့လော့၊ သင့်အား အသပြာတထောင်ပေးမည်''ဟု ဥစ္စာဖြင့်ဖြား ယောင်း၍ဆိုးမ၏၊ မိတ္တဝိန္ဒကလည်း ဥပုသ်မစောင့်လိုသော် လည်း ဥစ္စာ၌တပ်စွန်းသဖြင့် ကောင်းပြီဟုဝန်ခံ၍ကျောင်း သို့သွားကာ ဥပုသ်ဆောက်တည်ပြီးလျှင် နံနက်စာစား၍ တနေကုန်နေကာညအခါနေရာတခုတွင်အိပ်လျက်နံနက်မိုး လင်းသောအခါ စောစောထ၍ မျက်နှာသစ်ပြီးလျှင် အိမ် သို့ သွားလေ၏။

သီလစောင့်ရေး တထောင်ပေး

မိခင်ကြီးကား ငါ့သား ဥပုသ်စောင့်၍ တရားနာသွားသည် နံနက် စောစော ကလျှင် ဓမ္မကထိက ပုဂ္ဂိုလ်တပါးကို ပင့်၍လာလိမ့်မည် ဟု ယာဂုကိုစီရင်ကာ နေရာခင်းပြီးလျှင် သားအလာကို မြှော်လင့်၍နေရာ တယောက်ထည်း ပြန် လာသော သားကိုမြင်လျှင် ''ချစ်သား···· ဓမ္မကထိက ပုဂ္ဂိုလ်တပါးကို ဘာကြောင့် ပင့်မလာသနည်း''ဟုမေး၏၊ ''မိခင်····အကျွန်ုပ်ဓမ္မကထိက ပုဂ္ဂိုလ်ကို အလိုမရှိ'' ဟု

ပြော၏၊ "ချစ်သား····ယာဂုသောက်ပါ"ဟုပြောသော အခါ"မိခင်···အသပြာတထောင်ပေးမည်ဝန်ခံထားသည်၊ ရှေးဦးစွာပေးပါ၊ နောက်မှ ယာဂုသောက်မည်"ဟု ပြောလေ၏၊ မိခင်လည်း ကတိအတိုင်း အသပြာ တထောင်ကို ပေး၏၊ မိတ္တဝိန္ဒကလည်း အသပြာတထောင်ကို အနီး၌ ထားကာ ယာဂုသောက်ပြီးလျှင် အသပြာ တထောင်ကို ယူ၍ ကုသန်းရောင်းဝယ် ပြုလတ်သော် မကြာမြင့်မီလျှင် အသပြာ တသိန်းနှစ်သောင်းဖြစ်၍လာလေ၏။

အမိမြစ်တား ကုန်ကူးသွား

ထိုအခါ မိတ္တဝိန္ဒကသည် လှေဖြင့်ကုန်ကူးသွားရန် လှေကြီးတစင်ကို ဝယ်ပြီး လျှင်ကုန်ပစ္စည်းတို့ကိုအပြည့်အစုံစီမံ၍ "မိခင်····အကျွန်ုပ်လှေဖြင့် ကုန်ကူးသွားမည်"ဟုပြော၏၊ "ချစ်သား···· မသွားလင့်၊ သင်ကား တယောက်ထည်း သောသားဖြစ်သည်၊ အိမ်၌လည်း ဥစ္စာတွေ များစွာရှိ၏၊ သမုဒ္ဒရာတို့ မည်သည်မှာလည်း ဘေးရန်များလှ၏၊ ကူးမြောက်နိုင်ခဲ၏"ဟု ပြော၏၊"မိခင်····အကျွန်ုပ်သွားမည်၊ မတားမြစ်ပါလင့်"ဟုပြော၏၊ ထိုအခါမိခင်သည် အတင်း လက်ကို ဆွဲ၍ထား၏၊ သားမိုက်လည်း မိခင်စကားကို မနာယူဘဲ မိခင်ကိုသတ်ပုတ်ညှဉ်းဆဲကာ လဲစေပြီးလျှင် လှေကြီး ဖြင့် သမုဒ္ဒရာသို့ သွားလေ၏။

မိတ္တဝိန္ဒက သမုဒ်တွင်ချ

လှေကြီးသည် သမုဒ္ဒရာသို့သွား၍ ခုနစ်ရက် မြောက်သောနေ့၌ မိတ္တဝိန္ဒကကို အမှီပြု၍သမုဒ္ဒရာလယ်တွင်မတုန်မလှုပ် ရပ်၍ မသွားဘဲ နေလေ၏၊ထိုအခါလူတို့သည် သူယုတ်မာ

P.315 အမိကိုပြစ်မှားခဲ့၍ ငရဲခံရမည့် မိတ္တဝိန္ဒကသည် ဦးစွာနတ်ပြိတ္တာမ ၄-ဦးတို့နှင့် နတ်စည်းစိမ်ခံစားနေပုံ

စာရေးတန်မဲချလတ်သော် မိတ္တဝိန္ဒကလက်၌ သုံးကြိမ်တိုင်အောင် မဲကျလေ၏၊ လူတို့သည် ဤသူယုတ်မာတယောက်အတွက် အများမပျက်စီးစေလင့်ဟု မိတ္တဝိန္ဒကကို ဘောင်တခုဖြင့် သမုဒ္ဒရာတွင် ပစ်ချလိုက်၏၊ ထိုအခါ ဧကာချင်းလျှင်လှေကြီးသည် လိုရာအရပ်သို့ ပြေးသွားလေ၏။

သမုဒ်တွင်မျောလေ့ နတ်သမီးတွေ့

မိတ္တဝိန္ဒကလည်း ဘောင်တခုဖြင့် မျောသွားရာ ကျွန်းငယ်တခုသို့ ရောက်လေ၏၊ ထိုကျွန်းငယ်၌ ဖလ်ိမိမာန်ဝယ်လေးယောက်သော ဝေမာနိက နတ်ပြိတ္တာမ တို့သည်နေကြကုန်၏၊ ခုနစ်ရက် ဧ့ဲ၌ဆင်းရဲကို ခံစား၍ ခုနစ်ရက်နတ်စည်းစိမ်ကို ခံစားကြရကုန်၏၊ မိတ္တဝိန္ဒကလည်း နတ်ပြိတ္တာမတို့ကို မြင်လျှင် ဖလ်ိမိမာန်သို့သွား၍ နတ်ပြိတ္တာမတို့နှင့် ခုနစ်ရက်ပတ်လုံး မွေ့လျော်ကာ နတ်စည်းစိမ်ကိုခံစားရ၏၊ နတ်ပြိတ္တာမတို့လည်း ချမ်းသာလှည့်ကုန်၍ဆင်းရဲလှည့်ရောက်လတ်သော် မိတ္တဝိန္ဒကအား "အရှင်.. ဤဗိမာန်တွင် နေရစ်ပါ၊ အကျွန်ုပ်တို့ ခုနစ်ရက်ရှိသောအခါ ပြန်လာမည်" ဟုမှာခဲ့၍ သွားကြကုန်၏။

တဏှာပျော်မွေ့ လိုမပြည့်

မိတ္တဝိန္ဒကလည်း အလို ရမ္မက်ကြီးလှသဖြင့် လေးယောက်သော နတ်ပြိတ္တာမတို့နှင့် မရောင့်ရဲနိုင်ဘဲထိုကျွန်းငယ်မှ မိမိလာခဲ့ရင်း ဘောင်ဖြင့်ပင် သွားပြန်သော် ကျွန်းငယ်တခုသို့ရောက်ပြန်၍ ငွေဗိမာန်ဝယ် ရှစ်ယောက်သော ဝေမာနိက နတ်ပြိတ္တာမတို့နှင့် ခုနစ်ရက်နတ်စည်းစိမ်ကို ခံစားရပြန်၏၊ ထိုမှတဘန်သွားပြန်သော်

ကျွန်းငယ်တခုသို့ရောက်ပြန်၍ ပတ္တမြားဗိမာန်ဝယ် တကျိပ်ခြောက်ယောက်သော ဝေမာနိက နတ်ပြိတ္တာမတို့နှင့်ဇင်း၊ ထိုနောက် ကျွန်းငယ်တခုသို့ ရောက်ပြန်၍ ရွှေဗိမာန်ဝယ် သုံးကျိပ်နှစ်ယောက်သော ဝေမာနိက နတ်ပြိတ္တာမတို့နှင့် ဇင်း နတ်စည်းစိမ်ကို ခံစားရပြန်၏။

လောဘလိုက်စား ငရဲထင်မှား

ထိုနောက် သုံးကျိပ် နှစ်ယောက်သော နတ်ပြိတ္တာမတို့နှင့်လည်း မရောင့်ရဲနိုင်ပြန်သဖြင့် ထိုမှတဘန် သွားပြန်သော် သမုဒ္ဒရာအလယ်၌ တံတိုင်းကြီးဖြင့် ခြံရံကာ တံခါးလေးခုရှိသော ဥဿဒရက် ငရဲသို့ရောက်ပြန်၏၊ မိတ္တဝိန္ဒကသည် ထိုငရဲကို အကုသိုလ် ဒုစရိုက်အားကြီးသူဖြစ်၍ တန်ဆာဆင်လျက် ပျော်မွေ့ဘွယ်ကောင်းသော မြို့ကြီးသဘွယ်ထင်လာသတတ်။

ထိုအခါ မိတ္တဝိန္ဒကသည် ဤမြို့ကြီးထဲသို့ ဝင်သွားလျှင် ငါမုချစင်စစ် မင်းဖြစ်လိမ့်မည် အထင်နှင့် ဝင်သွားလေရာ ခေါင်းပေါ်၌ သင်တုန်းစက်ကိုရွက်၍ ကယ်ပါယူပါ တစာစာနှင့် ခံနေရသော ငရဲသူ သတ္တဝါကို မြင်လေ၏။

အကုပြစ်ထိုက် ငရဲနှစ်မြိုက်

ထိုအခါ မိတ္တဝိန္ဒကအား- သင်တုန်းစက်သည် ပဒုမာကြာပန်းကဲ့သို့ ထင်လာ၏၊ ရင်ပတ်၌ရှိသော အနှောင်အဖွဲ့သည် ရင်လွှမ်းတန်ဆာကဲ့သို့ ထင်လာ၏၊ ဦးခေါင်းမှ စီးဆင်းသောသွေးသည် စန္ဒကူးနံ့သာပျောင်းကဲ့သို့ ထင်လာ၏၊ ငိုကြွေးအော်ဟစ်သော အသံသည် သီချင်းသံကဲ့သို့ ထင်လာ၏။

မိတ္တဝိန္ဒကသည် ရေသူသတ္တဝါ အနီးသို့ကပ်၍ "အို–ယောကျာ်း…သင်ကား အလွန်လှပတင့်တယ်သော ပဒုမာကြာပန်းကို ပန်ဆင်ရ၏၊ ထိုကြာပန်းကို ငါ့အားပေးပါလော့"ဟုပြော၏၊ "အချင်း…. ဤဝတ္ထုကား ကြာပန်းမဟုတ်ပါ၊ သင်တုန်းစက်ဖြစ်ပါသည်"ဟု ပြော၏၊ "အို–ယောကျာ်း… ငါ့အား မပေးလို၍ ပြောပါသလော"ဟု မေးပြန်၏။

ပဒုမာထင်ကြိုက်　ရေဆိုက်

ထိုအခါ ရေသတ္တဝါသည် ငါ၏ကံကုန်သည်ဖြစ်လတ့်၊ ဤသူလည်းငါကဲ့သို့ မိခင်ကိုသတ်ပုတ်ညှဉ်းဆဲ၍ လာသူဖြစ်လတ့်၊ ငါပေးမည်ဟု ကြံစည်လျက်"အချင်း….လာလော့၊ ပဒုမာကြာပန်းကို ယူလော့"ဟုဆို၍ မိမိခေါင်းပေါ်မှ သင်တုန်းစက်ကိုယူကာ မိတ္တဝိန္ဒက ခေါင်းပေါ်သို့ ပစ်ချလိုက်၏၊ မိတ္တဝိန္ဒကလည်း ခေါင်းပေါ်သို့ရောက်မှ သင်တုန်းစက်မှန်းသိလေ၏၊ အလွန်ဆင်းရဲဝေဒနာကို ခံစားရသဖြင့် "သင်၏သင်တုန်းစက်ကို ပြန်ယူပါ၊ ပြန်ယူပါ"ဟု ငိုကြွေးအော်ဟစ်၏၊ ရေသူသတ္တဝါလည်း ကွယ်လေ၏။

အကုက်ကြွေး　နတ်ကိုမေး

ထိုအခါ ဘုရားအလောင်းသည် ရုက္ခစိုးနတ်ဖြစ်၍ အခြံအရံဖြင့် ဥဿဒရက်ရေသို့ လှည့်လည် ကြည့်ရှုလတ်သော် မိတ္တဝိန္ဒကထံသို့ ရောက်လေ၏၊ မိတ္တဝိန္ဒကမြင်လျှင်–

"အရှင်နတ်မင်း…. ဤမြို့ကား တံခါး လေးခုရှိ၏၊ သံဖြင့်ပြုလုပ်အပ်သော မြဲမြံခိုင်ခံ့သော တံတိုင်းရှိ၏၊အကျွန်ုပ်ကို အတွင်း၌ထားလျက် ပတ်

ပတ်လည် တံတိုင်းဖြင့် ကာရံပိတ်ဆို့ ဘိ၏၊
"အကျွန်ုပ်သည် အဘယ်မကောင်းမှုကံကို ပြုခဲ့ဘူး
ပါသနည်း"။

"အလုံးစုံသော တံခါးတို့ကို ပိတ်၍ထားအပ်
သော ငှက်ကဲ့သို့ အကျွန်ုပ်ကို ပိတ်၍ထားအပ်၏၊
အကျွန်ုပ်သည် အဘယ် မကောင်းမှု ကံကြောင့်
သင်တုန်းစက်ငရဲ၌ ခံရပါသနည်း"—
ဟု ရုက္ခစိုးနတ်အား မိမိမကောင်းမှုကံကို မေးလေ၏။

မိဘနှိပ်စက်ကံကြွေးတွက်

ထိုအခါ မိတ္တဝိန္ဒက ခံစားနေရသော
အဖြစ်ကိုမြင်သဖြင့် ရုက္ခစိုးနတ်သည်—

"အချင်း-မိတ္တဝိန္ဒက....သင်ကား တသိန်း နှစ်
သောင်းသော ဥစ္စာတို့ကိုရ၍ အစဉ်သနား စောင့်
ရှောက်သော ဆွေမျိုးတို့စကားကို နားမထောင်
ခဲ့လေ"။

"လှေကို စုန်စေနိုင်၍ ရတနာတို့၏ တည်ရာ
အောင်မြင်ပြီးစီးသူ နည်းပါးလှသော သမုဒ္ဒရာသို့
သွားခဲ့၏၊ လေးယောက်သော နတ်ပြိတ္တာတို့ကိုရခဲ့
၏၊ ထိုမှတဘန် ရှစ်ယောက်သော နတ်ပြိတ္တာမ၊
တကျိပ် ခြောက်ယောက်သော နတ်ပြိတ္တာမ၊
သုံးကျိပ်နှစ်ယောက်သောနတ်ပြိတ္တာမတို့ကိုရခဲ့၏"။

"အလွန် အလိုရမ္မက်ကြီးလှသော သင်သည်
အမိကို သတ်ပုတ် ညှဉ်းဆဲခဲ့သော အကုသိုလ်ကံ
ကြောင့် သင်တုန်းစက်သို့ ရောက်ရ၏၊ အလိုရမ္မက်

နှိပ်စက်သော သင်၏ဦးခေါင်းထက်၌ သင်တုန်း စက်သည် လည်ဘိ၏"။

လောဘတပ်စွဲ
ပါယ်ငရဲ

"အထက်၌ကျယ်ဝန်း၍ပြည့်နိုင်ခဲသော အလိုဆိုး၏ နိုင်ငံသို့ လိုက်သော ထို တဏှာကို အဘန်ဘန် တပ်စွန်းကုန် သော သူတို့သည် သင်တုန်းစက်ကို ဆောင်ရ ကုန်၏။"

"သင်ကား များစွာသောဥစ္စာကို စွန့်လွှတ်၍ လမ်းခရီးကို မဆင်ခြင်ဘဲသွားဘိ၏၊ လမ်းခရီးကို မဆင်ခြင်ဘဲ သွားကုန်သောသူတို့သည် သင်တုန်း စက်ကိုဆောင်ရကုန်၏"။

"အမှုကိစ္စကို ဆင်ခြင်ရာ၏၊ ပြန့်ပြောသော စည်းစိမ်ဥစ္စာကို ဆင်ခြင်ရာ၏၊ အကျိုးမဲ့နှင့်စပ် သောအလိုကိုမမှီဝဲရာ၊ အစဉ်သနား စောင့်ရှောက် သော မိဘတို့စကားကို နားထောင်ရာ၏၊ ဤသို့ သဘောရှိသူကို သင်တုန်းစက်သည်မနှိပ်စက်ရာ"-

ဟု မိတ္တဝိန္ဒကအား ပြုလုပ်ခဲ့သော မကောင်းမှုကံကို ရှင်းလင်း၍ ပြောကြားလေ၏။

ငရဲသက်များ
နတ်မေးကြား

မိတ္တဝိန္ဒကလည်း ရုက္ခစိုးနတ်စကားကို ကြားလျှင်—

"အို-နတ်မင်း.... သင်တုန်းစက်သည် ဘယ်မျှ လောက်ကြာအောင် အကျွန်ုပ်ဦးခေါင်း၌ တည် လိမ့်မည် နည်း၊ အဘယ်မျှလောက်သော နှစ်

အထောင်တို့ပတ်လုံး တည်လိမ့်မည်နည်း၊အကျွန်ုပ်အား ထိုအကြောင်းကို ပြောကြားပါ”—

ဟု ရုက္ခစိုးနတ်အား နှစ်ကာလ အပိုင်း အခြားကို ခမေးပြန်၏။

ကံကြွေးရှိသမျှ ခံစားရ

ထိုအခါ မိတ္တဝိန္ဒကသည် ခံစားရသော ငရဲသက်ကိုမေးသဖြင့်ရုက္ခစိုးနတ်သည်—

“အို-မိတ္တဝိန္ဒက···· ငါ၏စကားကိုနားထောင်ပါ၊ သင်သည် အလွန်ကြမ်းကြုတ်သော အမှုကို ပြုခဲ့မိသောကြောင့် အတိုင်း အရှည် မရှိသော ကာလပတ်လုံး ကြီးစွာသောဆင်းရဲကို အောက်မေ့ရလတ့်၊ သင်၏ဦးခေါင်း၌ သင်တုန်း စက်သည် အိုးထိန်းစက်ကဲ့သို့ လည်ဘိ၏၊ သင်တုန်းစက်ကို သင်သည် အကုသိုလ်ကံမကုန်သေးသရွေ့ အသက်ရှင်စဉ် မလွတ်စေနိုင်လတ့်”—

ဟုပြောဆိုပြီးလျှင် မိမိနေရာသို့သွားလေ၏၊ မိတ္တဝိန္ဒကလည်း ဆင်းရဲကြီးစွာ ခံစား၍သာ နေရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်ဘန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မိတ္တဝိန္ဒကသည်-ယခုအခါ အဆုံးအမခက်သောရဟန်း။

※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပြရန်အမှု၊ ဉစ္စာစု၊ ထောက်မှုဆင်ခြင်ရာ၊
(၂) မိဘစကား၊ စဉ်သနား၊ ထောင်နှားစိုက်ကြရာ၊
(၃) အကျိုးမဲ့ရှိး၊ အလိုဆိုး၊ မတိုးမလိုက်ရာ။
(၄) သင်တုန်းစက်ရ၊ ဝိန္ဒကာ၊ မှတ်ကြထုံးတဖြာ၊

စတုဒ္ဒါရဇာတ်ပြီး၏။

၄၄၀-ကဏှဒီပါယနဇာတ်

ပဉ္စပ္ပနိပါတ်

ပြုံးတော်မူမှု လျှောက်ထားပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကပိလဝတ်ပြည်နိဂြောဓာရုံ ကျောင်း၌ သီတင်း သုံးတော်မူစဉ် သံဃာအပေါင်း ခြံရံလျက် စကြံသွားတော်မူလတ်သော် မထင်ရှားသောအရပ်၌ ပြုံးတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် သိတော်မူလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အဘယ် အကြောင်းကြောင့် ပြုံးတော်မူသနည်း၊ ပြုံးတော်မူခြင်း အကြောင်းရင်းကိုမိန့်တော်မူပါ"ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် "ချစ်သား အာနန္ဒာ....ဤအရပ်တွင် ငါဘုရားသည် ကဏှရသေ့ဖြစ်ခဲ့ဘူးကြောင်းကို"မိန့်တော်မူပြီးလျှင် အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

သားတယောက်ဖွားလတ်စည်းစိမ်အပ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကုဋေရှစ်ဆယ် ကြွယ်ဝသောပုဏ္ဏားတယောက်သည် သားသမီးမရှိသဖြင့် သီလဆောက်တည်လျက် သားဆုကို တောင်းလေ၏၊ထိုအခါဘုရားအလောင်းသည်ပုဏ္ဏေးမဝမ်း၌ဖြစ်၍ ဘွားမြင်သောအခါ မည်းနက်သောအဆင်းရှိသောကြောင့် ကဏှ ဟူသော အမည်ကို မှည့်ကြကုန်၏။

အသက် တဆယ့်ခြောက်နှစ် အရွယ်ရှိသောအခါ တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားပြီးလျှင် သင့်လျော်သောအမျိုးသမီးနှင့် အိမ်ထောင်ပြုလေ၏၊အမိအဘသေလွန်သောအခါ စည်းစိမ်ဥစ္စာအလုံးစုံ အုပ်ချုပ်စီမံရ၏။

လှူဒါန်းပြီးတောထွက်
ပါ၊ ဘောင်ပြစ်တွေ့တောပျော်မွေ့

တနေ့သ၌ ကဏှသတို့သားသည် ဥစ္စာစာရင်းကို ကြည့်ရှုလတ်သော် ဥစ္စာရှင်တို့ကား ကွယ်လွန်ကြပြီ၊ ဥစ္စာတို့သာ ကျန်ရစ်ကုန်၏၊ မည်သူမျှယူမသွားချေ၊ ငါသည်ယူ၍သွားအံ့ဟုကြံစည်ပြီးလျှင် ခုနစ်ရက်တိုင်အောင် အလှူကြီးပေးလေ၏၊ ကျန်ရှိသောဥစ္စာတို့ကိုမြင်လျှင် ဘဏ္ဍာတိုက်တံခါးတို့ကိုဖွင့်၍ အလိုရှိသူတွေယူကြဟု လှူဒါန်း စွန့်ကြဲပြီးလျှင် ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြု၍ မွေ့လျော်ဘွယ်ရှိသောအရပ်ကို ရှာဖွေရာ ဤအရပ်သို့ရောက်၍ ဇာလန္ဓဝရုက္ခ မည်သော သစ်ပင်ကို ဆွမ်းခံရွာပြု၍ အမိဋ္ဌာန်ပြုပြီးလျှင် သစ်ပင်ရင်း၌နေ၏။

ရှုတင်ဆောင်ဘွယ်
ရောင့်ရဲလွယ်

အရညကင်ဓုတင်,ရုက္ခမူဓုတင်,အဗ္ဘောကာသိကဓုတင်, နေသဇ်ဓုတင် တို့ကို ဆောက်တည်၍၊သလေးမုယောဆွမ်းဘို့ကိုမစား၊သစ်သီးဆွမ်းကို တနေ့တကြိမ်သာစား၍ ဧကာသနိက်ဓုတင်ဆောက်တည်၍၊ အလွန်အလိုနည်း၍၊ မကြာမြင့်မီလျှင် ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် ဈာန်ကစားကာနေ၍၊ အရပ်တပါးသို့မသွားလေ၊ သီးချိန်၌အသီးကိုစား၍၊ ပွင့်ချိန်၌အပွင့်ကိုစား၍၊ အသီးအပွင့် မရှိသောအခါ အရွက်ကိုစား၍၊ အရွက်မရှိသောအခါ အပွေးအခေါက်ကိုစား၍၊ မြတ်သော ရောင့်ရဲခြင်းဖြင့် ဤအရပ်တွင် ကြာမြင့်စွာ နေခဲ့ဘူး၍။

တန်ခိုးစွမ်းဟု
သိကြားပူ

ထိုအခါ ကဏှာရသေ့၏ သီလ တန်ခိုးကြောင့် သိကြားမင်း၏ နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြလေ၏၊ ပူသောအခြင်းအရာတို့ကား—

(၁) သိကြားသက်ကုန်သဖြင့်ငင်း,
(၂) ကုသိုလ်ကောင်းမှုကုန်သဖြင့်ငင်း,
(၃) အာနုဘော်ကြီးသူတို့ သိကြားအရာကိုတောင့်တသဖြင့်ငင်း,
(၄) ရဟန်းပုဏ္ဏားတို့၏သီလဘန်ခိုးဖြင့်ငင်း,
(၅) ဒါနတန်ခိုးဖြင့်ငင်း,

ပူသောအခြင်းအရာကို ပြလေ့ရှိသတတ်။

ရသေ့သီလစွမ်း
သိကြားစမ်း

သိကြားမင်းသည် ကြည့်ရှု ဆင်ခြင်လတ်သော် ကဏှာရသေ့၏ မြတ်သော ရောင့်ရဲခြင်းကိုမြင်လျှင်ကြီးသောတန်ခိုး

အာနုဘော်ဖြင့် ဆင်းသက်ကာ ကဏှရသေ့ သစ်သီးယူသောသစ်ပင်ရင်း နောက်အတို့၌ရပ်လျက်—

"စင်စစ် မည်းနက်သော အဆင်းရှိသော ဤယောကျ်ားကား မည်းနက်သော မြေအရပ်၌ မည်းနက်သော အဆင်းရှိသော သစ်သီးအစာကို စားဘိ၏၊ ငါ၏စိတ်သည် မချစ်မနှစ်သက်ပါ"—

ဟု ရသေ့အား ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ဆိုလျက် အမျက်ထွက်,မထွက် စုံစမ်းလိုသဖြင့် ပြောဆိုလေ၏။

သီလစင်ကြယ်
နှစ်သက်ဘွယ်

ထိုအခါ ကဏှရသေ့သည် အဘယ်သူသည် ပြောဆို သနည်းဟု ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုလတ်သော် သိကြားမင်းမှန်းသိ၍ မကြည့်ရှုဘဲ—

"သိကြားမင်း.... အဆင်း အရောင်အားဖြင့် မည်းနက်ခြင်းသည် မည်းနက်သည်မမည်၊ စင်စစ်အားဖြင့် ကိုယ်တွင်း၌ သီလသမာဓိအနှစ်ပြည့်သောသူသည် ဗြာဟ္မဏမည်၏၊ ကိုယ်တွင်း၌ မကောင်းမှုရှိသောသူသည် စင်စစ်အားဖြင့် မည်းနက်၏"—

ဟု သိကြားမင်းအား ပြောဆိုပြီးလျှင် သတ္တဝါတို့ကို မည်းနက်အောင် ပြုတတ်သော ကံအပြားကို အကျယ်ချဲ့၍ သီလ၏ဂုဏ်ကျေးဇူးကိုချီးကျူးလျက် ကောင်းကင်၌ လပြည့်ဝန်း ထင်စေသကဲ့သို့ တရားဟောလေ၏။

ရသေ့ကြည်ညို
ဆုပေးလို

သိကြားမင်းလည်း တရားတော်ကိုနာရလျှင် အလွန် နှစ်သက်ဝမ်းမြောက်သဖြင့်—

"ရှင်ရသေ့…. ရှင်ရသေ့သည် ထိုစကားကို ကောင်းစွာ မိန့်သည်ရှိသော် လျောက်ပတ်သော စကားကိုကောင်းစွာမိန့်ဆိုသည်ရှိသော်အရှင်သည် အမှတ်မရှိ စိတ်၌အလိုရှိသောဆုကိုပေးပါအံ့"—

ဟု ရသေ့အား လျှောက်ထားလေ၏။

ရသေ့လိုကြောင်း ဆုမွန်တောင်း

ရသေ့သည် သိကြားမင်းစကားကိုကြားလျှင် သိကြားမင်း၏ ကျေးဇူးမဲ့ကိုဆိုသော်လည်းအမျက်မထွက်သောကြောင့် ကြည်ညို၍ဆုပေးလို၏၊ ထိုသိကြားမင်းသည် ငါ့ကိုသိကြားစည်းစိမ် ဗြဟ္မာမင်းစည်းစိမ်ကိုလို၍ မြတ်သောအကျင့်ကို ကျင့်သည်ဟု ထင်မှတ်ရာ၏၊ ယုံမှားသံသယကင်းစေခြင်းငှါ ဆုကိုတောင်းသင့်၏ဟု ကြံစည်ပြီးလျှင်—

"အလုံးစုံသော သတ္တဝါတို့ကို အစိုးရသော သိကြားမင်း…သင်သည် ငါ့အား အကယ်၍ဆုပေးငြားအံ့၊ ငါသည် အလွန်အမျက်မထွက်သော အဖြစ်၊ အလွန်မပြစ်မှားသောအဖြစ်၊ အလွန်တပ်စွန်းမရှိသောအဖြစ်၊ အလွန်ချစ်ခင်ခြင်းမရှိသောအဖြစ်၊ ဤလေးပါးသောဆုတို့ကို အလိုရှိ၏၊ ဤလေးပါးသောဆုကိုပေးပါ"—

ဟု သိကြားမင်းထံ ဆုလေးပါးကို တောင်းလေ၏။

သည်းခံခြင်းမှု အမေးပြု

ရသေ့သည် ဤဆုတို့ကို သိကြားမင်းထံမှာ တောင်းသဖြင့် မရအပ်သည်ကိုသိ၏၊ သို့သော်လည်း ယုံမှားသံသယကင်းစေခြင်းငှါ တောင်းခြင်းဖြစ်၏၊ထိုအခါသိကြားမင်းသည်—

"အို-ရှင်ရသေ့....သင်သည် အမျက်ထွက်ခြင်း၌၎င်း, ပြစ်မှားခြင်း၌၎င်း, တပ်စွန်းခြင်း၌၎င်း, ချစ်ခင်ခြင်း၌၎င်း အဘယ်အပြစ်ကို မြင်သနည်း၊ အကျွန်ုပ်အမေးကို ဖြေကြားတော်မူပါ"—

ဟု ရသေ့အား မေးမြန်းပြန်၏။

ခန္တီကျိုးသဘော ရသေ့ဟော

ထိုအခါ ရသေ့သည် သိကြားမင်းအား နာယူလေ့ဟုပြောဆို၍—

"သိကြားမင်း.... သည်းမခံခြင်းကြောင့် ဖြစ်သော အမျက်ထွက်ခြင်းကား ရှေးဦးစွာအနည်းငယ်ဖြစ်၏၊ နောက်များစွာဖြစ်၏၊ အဆင့်ဆင့်ပွား၏၊ ကပ်ငြိ၏၊ များစွာသော ကိုယ်စိတ်ဆင်းရဲခြင်းကိုဖြစ်စေ၏၊ ထို့ကြောင့် အမျက်ထွက်ခြင်းကို ငါမနှစ်သက်"။

"သိကြားမင်း.... ပြစ်မှားခြင်း ဒေါသကား ကောဓကြောင့်ဖြစ်၏၊ ထိုဒေါသဖြင့်အမျက်ထွက်ပြီး၍ နောက် ပြစ်မှားသူအား ရန့်ရင်းကြမ်းကြုတ်သောစကားကိုဆို၏၊ ထို့နောက်ကိုယ်လက်ဖြင့် ထိပါး၏၊ ထို့နောက် လက်ဖြင့်ပုတ်ခတ်၏၊ ထို့နောက်တုတ်လှံကန်ဖြင့်ပုတ်ခတ်၏၊ ထို့နောက်ဓားလက်နက်ဖြင့် သတ်ဖြတ်၏၊ ထို့ကြောင့် ပြစ်မှားခြင်းဒေါသကို ငါမနှစ်သက်"။

လောဘတဏှာ စွန့်ပစ်ဋ္ဌါ

"သိကြားမင်း.. တပ်စွန်းခြင်းလောဘကား လုယက်ခြင်း၊ လက်နက်ဖြင့် အနိုင်အထက်ယူခြင်း၊ လှည့်စား၍ယူခြင်း

တို့မှာ သူ့စည်းစိမ်ကိုတပ်စွန်းခြင်းလောဘရှိသူတို့၌ ထင်ရှားကုန်၏၊ ထို့ကြောင့် တပ်စွန်းခြင်းလောဘ ကို ငါမနှစ်သက်”။

“သိကြားမင်း….သတ္တဝါသခၤါရတို့၌ စေးကပ် ငြိတွယ်တတ်သော တဏှာစေးဖြင့် စေးကပ်ငြိတွယ် သော စိတ်ကြောင့်ဖြစ်သော အဘိဇ္ဈာကာယဂန္ထ စသော များစွာသော အကုသိုလ်တရားတို့သည် သတ္တဝါ သခၤါရ အာရုံတို့၌ အဖန်ဖန် ဖြစ်တတ် ကုန်၏၊ သတ္တဝါတို့ကို ပြင်းစွာပူပန်စေတတ်ကုန်၏၊ ထို့ကြောင့် အဘိဇ္ဈာကာယဂန္ထ စသောအကုသိုလ် တရားတို့ကို ငါမနှစ်သက်”–

ဟု သိကြားမင်းအား ပြဿနာကို ဖြေဆိုလေ၏။

ရောဂါကင်းမှု ဆုတောင်းပြု

သိကြားမင်းလည်း ဖြေဆိုသောစကား ကိုကြားရလျှင် အလွန် နှစ်သက် ကြည် ညိုသဖြင့်“အရှင်ရသေ့အလိုရှိရာတပါး သောဆုကို တောင်းပါဦးလော” ဟု လျှောက်ထားပြန်၏၊ ထိုအခါ ရသေ့သည်–

“သိကြားမင်း…. သင်သည် ငါ့အားဆုကို အကယ်၍ ပေးလိုသည်ဖြစ်အံ့၊ တော၌ တယောက် ထီးတည်း အမြဲနေလေ့ရှိသော ငါ့အား မြတ်သော အကျင့်၏ အန္တရာယ်ကို ပြုတတ်သော ပြင်းထန် သော အနာ ရောဂါတို့သည် မနှိပ်စက်စေကုန် သတည်း၊ ဤအန္တရာယ်ကင်းသော ဆုကို ပေးပါ လော”–

ဟု သိကြားမင်းထံ၌ တောင်းပြန်၏။

မိမိအကြောင်းပြု အကု-ပယ်မှု

ထိုအခါ သိကြားမင်းသည် ဤကဏှာ ရသေ့ကား ဆုကိုယူသည်ရှိသော်ပစ္စည်း လေးပါးနှင့် စပ်သောဆုကို မယူပေ၊ မြိုးမြီသောအကျင့်နှင့် စပ်သော ဆုကိုသာ ယူပေ၏ ဟု အတိုင်းထက်အလွန် ကြည်ညိုပြန်သဖြင့် "အရှင်ရသေ့•• အလိုရှိရာတပါးသောဆုကိုလည်း တောင်းပါဦးလော" ဟု လျှောက်ထားပြန်၏၊ ထိုအခါရသေ့သည်—

"သိကြားမင်း••သင်သည်ငါ့အားဆုကိုအကယ် ၍ပေးလိုသည်ဖြစ်အံ့၊ ငါ့အကြောင်းကြောင့် တစုံ တယောက်သော သတ္တဝါအား တရံ တခါမျှ ကာယဒွါရ,ဝစီဒွါရ,မနောဒွါရတို့၌ ဒုစရိုက်တရား တို့သည် မပွားများ စေကုန်သတည်း၊ ဤ ငါ့ အကြောင်းကြောင့် တစုံတယောက်သော သတ္တဝါ အား ဒုစရိုက် မပွားများစေမည့် ဆုကို ပေးပါ လော့"—

ဟု တောင်းပြန်၏၊ ရသေ့သည် သိကြားမင်းထံ၌ဆုကို ယူခြင်းကား ဆုမပေးနိုင်ဟု သိသော်လည်း တရားဟောလို ဆုံးမလိုသဖြင့် ယူခြင်းသာဖြစ်၏။

ရသေ့ကျင့်သမျှ ကြည်ညိုလှ

ထိုနောက် သိကြားမင်းသည် ရသေ့ကြိုး နေသော သစ်ပင်ကို ချိုမြိန်သောအသီး ဖြင့် ပြည့်စုံစေ၍ ရှိခိုးကန်တော့ပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ပြည်သို့သွားလေ၏။

ကဏှာရသေ့လည်း မယုတ်သော ဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သိကြားမင်းသည်- ယခုအခါ အနုရုဒ္ဓါ။

※ ကဏှရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရောင့်ရဲခြိုးခြံ၊ အကျင့်မှန်၊ နိဗ္ဗာန်ရောက်ကြောင်းသာ။

(၂) လက်ပေါ်ကျလင့်၊ သစ်သီးဖြင့်၊ ကျင့်လျက်ရောင့်ရဲရှာ။

(၃) ကဏှရသေ့၊ ထုံးဓလေ့၊ မမေ့ယူကြရာ။

ကဏှ ဒီပါသနဇာတ်ပြီး၏။

၄၄၁-စတုပေါသထိကဇာတ်

[ဤစတုပေါသထိက ဇာတ်သည် ပုဏ္ဏကဇာတ်၌ ထင် စွာ ဖြစ်လတ္တံ့။]

၄၄၂-သခ်ဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ပရိက္ခာရ ဒါနမှု ချီးကျူးပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ နေသော ဒါယကာတဦးသည် ဘုရားအမှူးရှိသော သံဃာ

အား ပင့်ဘိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူ၏၊ ခုနစ်ရက်မြောက်သောနေ့၌ကား ဆွမ်းဘုဉ်းပေးပြီးသော အခါ သက်န်းသပိတ် စသောအလုံးစုံသော ပရိက္ခရာတို့ကို ပေးလှူ၏၊ပေးလှူသောအခါ၌လည်း ဘိနပ်ကိုပခနထား၍ ပေးလှူ၏၊ဘိနပ်တရံလျှင်အသပြာတရာအဘိုးထိုက်တန်၏။

ထိုအခါ မြတ်စွာဘုရားသည် အနုမောဒနာ ပြုသည် ရှိသော် "ဒါယကာ.... သင်၏ အလုံးစုံသော ပရိက္ခရာ အလှူသည် မွန်မြတ်၏၊ ဝမ်းမြောက်လော့၊ ဘုရားမပွင့်မီ အခါ ဘိနပ်တရံကို ပေးလှူဘူးသော ကောင်းမှုကြောင့် သဘော်ပျက်သည်ရှိသော် ထောက်တည်ရာမရှိသောမဟာ သမုဒ္ဒရာ၌ ထောက်တည်ရာကိုရဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

နေ့စဉ်လှူဒါန်းပုံ ခြောက်သိန်းကုန်

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ကား မောဠိနီ အမည်ရှိသတတ်၊ ထိုမောဠိနီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် သခ်မည်သောပုဏ္ဏားသည် စည်းစိမ် ဥစ္စာ ကြွယ်ဝ ချမ်းသာ၏၊ သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ အိမ် တံခါး,မြို့လယ်,မြို့တံခါးလေးခု ၌ခြောက်ဌာနဝယ် အလှူ မကျပ် ခြောက်ဆောင်ဆောက်လုပ်၍ နေ့တိုင်း နေ့တိုင်း ခြောက်သိန်းသော အလှူဝတ္ထုတို့ကို ပေးလှူ၏။

ထိုသခ်ပုဏ္ဏားသည် တနေ့သ၌ ငါသည်ဥစ္စာကုန်သည် ရှိသော် မလှူနိုင်ဘဲရှိလတံ့၊ ထိုကြောင့် ဥစ္စာမကုန်မီ သဘော်ဖြင့် သုဝဏ္ဏဘူမိသို့ ကုန်ကူး သွားမည်ဟု ကြံစည်

ပြီးလျှင် သင်္ဘော၌ ကုန်ပစ္စည်းတို့ကို အပြည့်စီမံကာ သား မယားတို့အား ပြန်မလာမီ အလှူဝတ်ကို မှန်မှန်ပေးလှူ ကြရန် မှာထားခဲ့၍ ဘိနပ်ကိုစီးလျက် ထီးကိုဆောင်းကာ ကျွန်အမှုလုပ်အပေါင်းခြံရံလျက် နေမွန်းတည့်အချိန်တွင် ပဋ္ဋနသင်္ဘောဆိပ်သို့သွားလေ၏။

ပစ္စေကမြင်မှု ထီးဘိနပ်လှူ

ထိုအခိုက် ဂန္ဓမာဒနတောင်၌ နေသော ပစ္စေကဗုဒ္ဓါသည် ကြည့်ရှုဆင်ခြင်လတ်သော် သင်္ခပုဏ္ဏားကား ကုန်ကူးသွားလတ်သော် သမုဒ္ဒရာဝယ် သင်္ဘောပျက်၍ ဘေးဖြစ်လတ္တံ့၊ ယခုငါသွားလျှင် ထီးနှင့်ဘိနပ်ကို လှူလတ္တံ့၊ ထိုအလှူ၏ အကျိုးဆက်ကြောင့် သမုဒ္ဒရာ၌ ထောက်တည်ရာကို ရလတ္တံ့၊ ငါသွား၍ချီးမြှောက်မည်ဟု နေပူကြဲကြဲ၌ သဲပူကို ဘိနပ်မပါဘဲနင်းလျက် သင်္ခပုဏ္ဏားထံ ကြွတော်မူ၏။

သင်္ခပုဏ္ဏားလည်း ပစ္စေကဗုဒ္ဓါကိုမြင်လျှင်ထီးနှင့်ဘိနပ် ကိုလှူလေ၏၊ပစ္စေကဗုဒ္ဓါလည်း အလှူခံပြီးလျှင် ဂန္ဓမာဒန တောင်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏၊ သင်္ခပုဏ္ဏား လည်း အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ သင်္ဘော ဆိပ်သို့ရောက်လျှင် သင်္ဘောပေါ်သို့တက်ပြီးလျှင် သမုဒ္ဒရာ၌ သွားလေ၏။

သမုဒ္ဒရာထွက် သင်္ဘောပျက်

ခုနစ်ရက်မြောက်သောနေ့၌ သင်္ဘော သည် ပျက်လေ၏၊ ရေတို့သည် ပက်၍ မနိုင်အောင် ဝင်လေ၏၊ သင်္ဘောသား တို့သည် သေဘေးမှကြောက်သဖြင့် မိမိတို့ ကိုးကွယ်သော နတ်တို့ကို ကိုးကွယ်ရှိခိုး၍ ငိုကြွေးမြည်တမ်း ဟစ်အော်ကြ ကုန်၏။

သခ်ပုဏ္ဏားကား အလုပ်အကျွေး တယောက်နှင့်တကွ ကိုယ်ကို ဆီလိမ်းကျံ၍ ထောပတ်နှင့် သကာမှုံ့တို့ကို ဝအောင်စားကာ လင်းယဉ်တိုင်သို့ တက်ပြီးလျှင် ငါးလိပ်တို့ဘေးမှလွတ်အောင် မောဠိနိမ္မိဆီသို့မျှော်မှန်းလျက် တအားခုန်ကြရာ တဥသဘခန့်မျှအရပ်တွင် ကျကုန်၏၊ ကြွင်းသောသင်္ဘောသားတို့ကား ထိုအရပ်မှာပင်သေကြ၍ ငါးလိပ်တို့အစာ ဖြစ်ကုန်၏။

နတ်စည်းစိမ်မွေ့ မေခလာမေ့

သခ်ပုဏ္ဏားသည် အလုပ် အကျွေးနှင့် အတူ သမုဒ္ဒရာ၌ နေ့ည ပတ်လုံး ကူးလေ၏၊ ခုနစ်ရက် မြောက်သောနေ့ကား ဥပုသ်နေ့ဖြစ်သဖြင့် ဆားငန်ရေဖြင့် လုပ်ကျင်းပြီးလျှင် ဥပုသ်ဆောက်တည်၏၊ထိုအခါ လောကပါလနတ်မင်းကြီးလေးယောက်တို့သည် သမုဒ္ဒရာ၌သင်္ဘောပျက်သည်ရှိသော် ရတနာသုံးပါးကိုဆည်းကပ်သူ သီလရှိသူ မိဘကိုလုပ်ကျွေးသူတို့ကို စောင့်ရှောက် ကယ်တင်ရန် မဏိမေခလာနတ်သမီးကို အစောင့်တာဝန် ထားကုန်၏၊ ထိုမဏိမေခလာနတ်သမီးလည်း ခုနစ်ရက်ပတ်လုံး နတ်စည်းစိမ်ကို ခံစားကာ သမုဒ္ဒရာကိုမကြည့်ရှုမိဘဲ နေခဲ့၏။

သမုဒ်မျောနေ သီလစောင့်လေ

ခုနစ်ရက်မြောက်သောနေ့၌ သတိရ၍ ကြည့်ရှုလတ်သော် သခ်ပုဏ္ဏားကို မြင်လေ၏၊ ဤသခ်ပုဏ္ဏားကား အကျင့်သီလနှင့်ပြည့်စုံ၏၊သင်္ဘောပျက်သည်မှာ ခုနစ်ရက်ပင်ရှိချေပြီ၊ အကယ်၍သေကြေပျက်စီးငြားအံ့၊ ငါ့အား အလွန်ကဲ့ရဲ့ပြစ်တင်ကြပေလိမ့်မည်ဟု ထိတ်လန့် တုန်လှုပ်သည်ဖြစ်၍

ရွှေခွက်၌မွှန်မြတ်သောဘောဇဉ်ကို ပြည့်စေ၍ လျင်မြန်စွာ သွားပြီးလျှင် သခ်ပုဏ္ဏားအား၏ ရှေ့တူရူ၌ ရပ်လျက် "အို-ပုဏ္ဏား....သင်ကား ခုနစ်ရက်ပတ်လုံး ထမင်းမစားရ၊ ဤနတ်ဘောဇဉ်ကို စားပါလော့" ထိုအခါ သခ်ပုဏ္ဏား သည် နတ်သမီး၏အသံကိုကြား၍ အထက်သို့ မော်ကြည့် လျက်"သင့်ထမင်းကိုဖယ်ဦးလော့၊ငါဉပုသ်ဆောက်တည် နေသည်"ဟု ပြောဆိုမြစ်ပယ်လေ၏။

မောပန်းပူဆွေး တပည့်အားပေး

ထိုအခါ သခ်ပုဏ္ဏားနှင့်အတူ ကူးနေ သော အလုပ်အကျွေးသည် နတ်သမီး ကိုမမြင်ရဘဲ အသံကိုသာ ကြားရ၍ ဤပုဏ္ဏားကား ပကတိအားဖြင့် နူးညံ့သိမ်မွေ့၏၊ခုနစ်ရက် ပတ်လုံး အစာမစားရ၊ အလွန်ဆင်းရဲ၍ သေဘေးမှ ကြောက်သဖြင့် ငိုကြွေးမြည်တမ်းယောင်တကား-ငါသည် သက်သာရာကို ရစေမည်ဟု ကြံစည်လျက်-

"အရှင်သခ်ပုဏ္ဏား.... အရှင်ကား အကြား အမြင်များ၏၊ ပစ္စေကဗုဒ္ဓါထံ၌လည်း တရားနာခဲ့ ရ၏၊ ပစ္စေကဗုဒ္ဓါကိုလည်း ဖူးမြင်ခဲ့ရ၏၊ ထိုသို့ဖြစ် ပါလျက် အရှင်သည် စကားပြောရာ အခွင့်အခါ မဟုတ်သည်၌ မြည်တမ်း ပြောဆိုဘိ၏ တကား၊ အကျွန်ုပ်မှ တပါးသော စကား ပြောဘက်ကား အဘယ်သူနည်း"-

ဟု သခ်ပုဏ္ဏားအား မေးလေ၏။

သခ်ပုဏ္ဏားလည်း အလုပ်အကျွေး၏စကားကို ကြားလျှင် ဤသူကားနတ်သမီးကိုမမြင်ယောင်တကားဟု ကြံစည်ကာ-

"အချင်း…. အလွန်တင့်တယ်သော မျက်နှာ၊ မြတ်သောအဆင်း၊ ဆင်အပ်သော ရွှေတန်ဆာ၊ လည်ပင်း၌စွပ်အပ်သော ပတ္တမြားလည်ရွဲရှိသော နတ်သမီးသည် ကြည်ညိုသဖြင့် ထမင်းဘောဇဉ် ပြည့်သော ရွှေခွက်ကိုချီမ၍ ငါ့ကိုထမင်းစားပါဟု ဆိုလာဘိ၏၊ ထိုနတ်သမီးကို ဥပုသ်ဆောက်တည် နေသောကြောင့်မစားပါ ဟုပြောဆိုမိ၏"—

ဟု အလုပ်အကျွေးအား ကြောက်လို့မြည်တမ်းခြင်း မဟုတ် စကားပြောဘက်ရှိကြောင်းကို ပြောဆိုလေ၏။

တပည့်ကြီးပေး ပုဏ္ဏားမေး

ထိုအခါအလုပ်အကျွေးသည်နတ်သမီး အား သခ်ပုဏ္ဏားမေးရန် တိုက်တွန်း လို၍—

"အရှင်သခ်ပုဏ္ဏား…. ဤလိုနတ်သမီးကို မြင် ရလျှင် ချမ်းသာကို လိုသောသူသည် မေးမြန်းရ မည်၊ ထပါလော၊သင်ကားနတ်သမီးဖြစ်သလော၊ သို့တည်းမဟုတ် တန်ခိုးကြီးသော လူမိန်းမပင် ဖြစ်သလော ဟု ထိုနတ်သမီးကို လက်အုပ်ချီကာ မေးလိုက်ပါလော့"—

ဟု မေးမြန်းရန် တိုက်တွန်းလေ၏။

လူလားနတ်လား မေးမြန်းခြား

သခ်ပုဏ္ဏားလည်း သင့်သောစကားကို ပြောဆိုပေသည်ဟု နှလုံးသွင်းကာ—

"အို-နတ်သမီး…. သင်သည် ငါ့ကို ချစ်ဘွယ် သောမျက်စိဖြင့် ကြည့်ဘိ၏၊ ထမင်းကို စားလော့

ဟု ဆိုလာဘိ၏၊ တန်ခိုးကြီးသော နတ်သမီး....
ငါမေးမြန်းပါ၏၊ သင်သည်နတ်သမီးဖြစ်သလော၊
သို့တည်းမဟုတ် တန်ခိုးကြီးသော လူမိန်းမ ဖြစ်
သလော”—

ဟု သင်္ခပုဏ္ဏားသည် နတ်သမီးအား မေးမြန်းလေ၏။

ကယ်ဆယ်လုပ်ကျွေး စောင့်ရှောက်ပေး

ထိုနောင်သင်္ခပုဏ္ဏားမေးသောပြဿနာ
ကို ပြောလိုသော နတ်သမီးသည်—

“အို-သင်္ခပုဏ္ဏား.... ဤသမုဒ္ဒရာ အလယ်သို့
ရောက်လာသော ငါကား တန်ခိုးကြီးသော နတ်
သမီးဖြစ်ပေ၏၊ သနားကြင်နာတတ်၏၊ ပြစ်မှား
သောစိတ်မရှိ၊ သင့်အကျိုးငှါသာ ဤသမုဒ္ဒရာ
အလယ်သို့လာခဲ့၏”။

“အို-သင်္ခပုဏ္ဏား..ဤရွှေခွက်၌ထမင်းအဖျော်
သည်ဖင်း, အိပ်ရာ နေရာသည်ဖင်း, အထူးထူး
အပြားပြား များကုန်သော ဆင်ယာဉ် မြင်းယာဉ်
စသည်တို့သည်ဖင်း ငါ့မှာရှိကုန်၏၊ သင့်စိတ်ဖြင့်
လိုရာစည်းစိမ်ကိုတောင်းပါ၊ စည်းစိမ် အလုံးစုံ၏
အရှင်ပြုကာ ငါပေးပါမည်”—

ဟု လိုရာရနိုင်ကြောင်းကို ဘိတ်မန် ပြောဆိုလေ၏။

စောင့်ရှောက်မှုတွက် မေးမြန်းလျက်

ထိုအခါ သင်္ခပုဏ္ဏားသည် ဤနတ်သမီး
ကား သမုဒ္ဒရာ ရေပြင်မှာ ဖြစ်လျက်
ဤမည်ဤမည်သော စည်းစိမ်ကို ပေး
မည်ဟု ပြောဆိုလာဘိ၏၊ ဤနတ်သမီးသည် ပြုအပ်သော

ကောင်းမှုကြောင့် ပေးလိုသလော၊ သို့တည်းမဟုတ် မိမိ အစွမ်းဖြင့်ပင် ပေးလိုသလော မေးဦးမည်ဟု နှလုံး သွင်းကာ—

"တင့်တယ် ပါးလျသောကိုယ်၊ တင့်တယ်သော ပေါင်၊ တင့်တယ်သောခါး၊ တင့်တယ်သော မျက် မှောင်ရှိသော နတ်သမီး....ငါကား အလုံးစုံသော အလှူဝတ္ထုကိုပေးလှူခဲ့ပြီ၊ လာသမျှသော ဧည့်သည် တို့အား ပေးလှူခဲ့ပြီ၊ သင်နတ်သမီးသည် ငါ၏ အလုံးစုံသောကောင်းမှု၌ အစိုးရပေ၏၊ ဤသမုဒ္ဒရာ ၌ ထောက်တည်ရာရသောအကျိုးသည် အဘယ် ကောင်းမှု၏ အကျိုးပေနည်း"—

ဟု မိမိထောက်တည်ရာရသောကောင်းမှုကို မေးလေ၏။

ကုသိုလ်မှုတွက် အကျိုးဆက်

ထိုအခါ နတ်သမီးသည် မသိ၍ မေး ယောင်တကားဟု နှလုံးသွင်းကာ—

အို-သင်္ခပုဏ္ဏား....သင်သည်ပူပြင်းသောသဲပြင် ခရီးဝယ် ခြေထောက်ကို သဲပူကျောက်ပူတို့ဖြင့် ထိ ပါးလျက် ရေမွတ်သိပ်၍ပင်ပန်းလာသောပစ္စေက ဗုဒ္ဓါတပါးကို ထီးနှင့်ဘိနပ်ကိုလှူခဲ့ပြီ၊ ယခုသင်၏ ထိုမွန်မြတ်သော အလှူမျိုးစေ့သည် တောင့်တအပ် သောအကျိုးမြတ်ကိုပေး၏"—

ဟုထီးနှင့်ဘိနပ် အလှူကောင်းမှုကြောင့် ထောက်တည် ရာရကြောင်းကို ပြောကြားလေ၏။

တောင်းတိုင်းရလျက် ကံကျိုးတွက်

ထိုအခါ သန်ပုဏ္ဏားသည် နတ်သမီး စကားကိုကြားလျှင် ပစ္စေကဗုဒ္ဓါအား ထီးနှင့်ဘိနပ်ကိုလှူရခြင်းသည် ကောင်းလေစွ၊ အလှူ၏အကျိုးသည်အံ့ဘွယ်ရှိပေစွဟု ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍—

"အို-နတ်သမီး....လှေသင်္ဘောကို ဘန်ဆင်းပါလော့၊ ထိုလှေသင်္ဘောသည် စွေစပ်သောပျဉ်ချပ်များစွာနှင့်ပြည့်စုံလျက် ရေမဝင်နိုင်ဘဲ လှေဖြင့်ဆောင်ယူသွားနိုင်သည်ဖြစ်ပါစေ၊ စင်စစ်သမုဒ္ဒရာ၌ ဆင်ယာဉ် မြင်းယာဉ် စသည်တို့ သွားရာအရပ် မဟုတ်ပါ၊ ငါ့ကို ယနေ့ပင်လျှင် မောဠိနီပြည်သို့ အရောက်ပို့ပါ"—

ဟု နတ်သမီးအား တောင်းပန်ပြောဆိုလေ၏။

အကျိုးကံစ နတ်ကမ

ထိုအခါနတ်သမီးသည် ရတနာခုနစ်ပါးဖြင့်ပြီးသော လှေသင်္ဘောကိုဘန်ဆင်း၏၊ အလျားရှစ်ဥသဘ၊ အနံလေးဥသဘ၊ အစောက်တာ နှစ်ဆယ်ရှိ၏၊ ပတ္တမြားညို လင်းယဉ်တိုင်၊ ရွှေစက်ကြိုး၊ ငွေရွက်၊ ရွှေတက်မ၊ ရွှေထိုးဝါးတို့လည်း အပြည့်အစုံပါ၏၊ လှေသင်္ဘောဝယ် ရတနာခုနစ်ပါးဖြင့် ပြည့်စေပြီးလျှင် သန်ပုဏ္ဏားကို ပွေ့ယူကာ လှေသင်္ဘောထက်၌တင်၏၊ အလုပ်အကျွေးကိုကား မတင်ဘဲကြည့်၍သာ နေ၏။

ကုသိုလ်ပြုဘူး အကျိုးထူး

ထိုအခါ သန်ပုဏ္ဏားသည် သတိရ၍မိမိ အလှူ၏အဘို့ကိုအမျှပေးဝေ၏၊ အလုပ်အကျွေးသည် ဝမ်းမြောက်စွာ သာခု

ခါ၏၊ ထိုအခါမှနတ်သမီးသည် အလုပ်အကျွေးကိုလည်း ပွေ့ယူကာ သင်္ဘောပေါ်သို့တင်၍၊ ထို့နောက်လှေသင်္ဘော ကို မောင်းနှင်ပြည်သို့ရောက်စေ၍ သင်္ခပုဏ္ဏားအိမ်၌ရတနာ တို့ကို ပြည့်စေပြီးလျှင် မိမိနေရာသို့ သွားလေ၏။

သင်္ခပုဏ္ဏားလည်း မနှိုင်းယှဉ်အပ်သော ဥစ္စာကိုရ၍ အသက်ထက်ဆုံး အလှူပေးခြင်း, သီလဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုဆည်းပူးကာသေလွန် သောအခါ သားမယား အခြွေအရံနှင့်တကွ နတ်ပြည်သို့ လားရ၏။

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြသည်၏ အဆုံး၌ ဘိနပ်လှူသော ဒါယကာသည် သောတာပတ္တိ ဖိုလ်၌ တည်လေပြီ။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မဏိမေခလာနတ်သမီးသည်-ယခုအခါ ဥပ္ပလဝဏ်။

※ အလုပ်အကျွေးသည်-အာနန္ဒာ။

※ သင်္ခပုဏ္ဏားသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အလှူပေးရိုး၊ကုသိုလ်မျိုး၊အကျိုးကြီးလှစွာ။
(၂) ထီးနှင့်ဘိနပ်၊အလှူမြတ်၊လှူအပ်ပစ္စေကာ။
(၃) မြစ်သမုဒ်နက်၊သဘော်ပျက်၊ပေးဆက်သဘော်လာ။

သင်္ခဇာတ်ပြီး၏။

၄၄၃-ဂူဠဗောဓိဇာတ်

ပဉ္စပြင့်ဝဏ္ဏ၊

အမျက်ထွက်မှုဆုံးမပြု နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် အမျက်ထွက်တတ်၏၊အမျက်ထွက်ခြင်းကြောင့် ကိုယ်,စိတ်ပင်ပန်း၏၊ တုန်လှုပ်ချောက်ချား၏။

ထိုအခါ မြတ်စွာဘုရားသည် အမျက်ထွက်သောရဟန်းကို ခေါ်စေ၍ အထံတော်သို့ ရောက်လျှင် "ချစ်သားရဟန်း.... အမျက်ဒေါသ မရှိသော ငါဘုရား သာသနာတော်၌ ရဟန်းပြုပါလျက် အဘယ်ကြောင့် အမျက်ထွက်ဘိသနည်း၊ အမျက်ဒေါသကို တားမြစ်အပ်၏၊အမျက်ဒေါသမည်သည်ကား ပစ္စုပ္ပန်,တမလွန်၌ အကျိုးမဲ့ကို ပြုတတ်၏၊ရှေးပညာရှိတို့သည် သာသနာပကာလ၌ ရသေ့ရဟန်းပြု၍လည်း အမျက်မထွက်ကုန်" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

သားတယောက်ဘွားမြင်လွန်ချစ်ခြင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် မထင်ရှားသော နိဂုံးရွာ တခု၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏားသူကြွယ်တယောက်ရှိလေ၏၊ ထိုပုဏ္ဏားသူကြွယ်အား သားသမီးမရှိ၊ မယားပုဏ္ဏေးမသည် သားကိုတောင့်တ၏၊ ထိုအခါ ဘုရားအလောင်းသည် ဗြဟ္မာပြည်မှ စုတေ၍ ထိုပုဏ္ဏေးမ ဝမ်း၌ဖြစ်၏၊ မွေးဘွားသောအခါ သတို့သားကို ဗောဓိသတို့သားဟု အမည်မှည့်ကြကုန်၏။

အရွယ် ရောက်သောအခါ တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် အမိအဘတို့သည် အလိုမရှိဘဲ အမျိုးတူသော သတို့သမီးတယောက်ကို အိမ်သို့ဆောင်ယူကာ ဗောဓိသတို့သားနှင့် ထိမ်းမြား လက်ထပ်ကြကုန်၏။

လက်ထပ်ပေးငြားရာဂခေါင်းပါး

သတို့သမီးလည်း ဗြဟ္မာပြည်မှ လာသူဖြစ်၍ လက်ထပ်ခြင်း၌ အလိုမရှိ၊ အလွန်အဆင်းလှ၏၊ နတ်သမီးနှင့်တူ၏။ ထို ဇနီးမောင်နှံတို့သည် အလိုမရှိကြကုန်ဘဲ မိဘတို့ လက်ထပ် ထားသည့်အတွက် အကြင်လင်မယား ဖြစ်ကြသော်လည်း တကြိမ်တခါမျှလည်း ကိလေသာစိတ် မဖြစ်ဘူးကုန်၊ ရာဂအစွမ်းဖြင့် တယောက်နှင့်တယောက် မကြည့်စဘူးကုန်၊ အိပ်မက်၌လည်း မေထုန်အကျင့်ကို မကျင့်စဘူးကုန်၊ အလွန်စင်ကြယ်သော သီလရှိကုန်၏။

လောကပြင်ရှု တိုင်ပင်ပြ

နောက်အခါ ဗောဓိသတို့သား၏ မိဘတို့ သေလွန်သည်ရှိသော် မယားကို ခေါ်၍ "ရှင်မ.... သင်သည် ကုဋေရှစ်ဆယ်သော ဥစ္စာဖြင့် အသက်မွေးရစ်လော"ဟု မှာကြား၏။ငါရဟန်းပြု၍ မိမိကိုးကွယ်ရာကို ပြုမည်၊"အရှင်သား.. ရဟန်းအဖြစ်မှာ ယောကျ်ားများသာ အပ်ပါသလား" ဟု မေး၏၊"ရှင်မ....မိန်းမများလည်း အပ်ပါ၏"ဟု ပြောသောအခါ "အရှင်.... သည်လိုဖြစ်လျှင် အရှင်ထွေးပစ်သော တံတွေးပေါက်ကို အကျွန်ုပ်တို့မမျိုလိုပါ၊ ဥစ္စာဖြင့် ပြုဘွယ်ကိစ္စမရှိ၊ အကျွန်ုပ်လည်း ရဟန်းပြုပါမည်" ဟု ပြောဆိုလေ၏။

တောမှာတူတကွ ဥယျာဉ်ကြွ

ထိုအခါ လင်မယားနှစ်ယောက်တို့သည် အလိုဆန္ဒတူမျှကြလျက် ရှိသမျှ ပစ္စည်း ဥစ္စာတို့ကို အလှူကြီး ပေးပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုကြလျက် သင့်လျော်သော အရပ်၌ ကျောင်းသင်္ခမ်း ဆောက်လုပ်၍ နေကာ သစ်သီးကြီးငယ်ဖြင့် မျှတကြကုန်၏၊ ဟိမဝန္တာမှာပင် ဆယ်နှစ်တို့ပတ်လုံး ရဟန်းချမ်းသာဖြင့် နေကြကုန်၏၊ ဈာန်အဘိညာဉ်ကိုကား မရကြကုန်။

တနေ့သ၌ ထို ရသေ့တို့သည် ချဉ်ဆား အလို့ငှါ ဟိမဝန္တာမှ ဒေသစာရီ လှည့်လည်လတ်သော်ဗာရာဏသီပြည်သို့ရောက်၍ မင်းကြီး၏ ဥယျာဉ်တော်၌ နေကြကုန်၏။

မင်းဣန္ဒြေပျက်
ရသေ့မဖွဲ့မက်

ထိုအခါ အခြံအရံများစွာဖြင့် မင်းကြီးသည် ဥယျာဉ်ကစား လာလတ်သော် ရသေ့မကို မြင်လျှင် အလွန်တပ်စွန်းသော စိတ်ရှိလေ၏။

မင်းကြီးသည် ကိလေသာဖြင့် တုန်လှုပ် ချောက်ချားလျက် ဗောဓိရသေ့ထံကပ်ကာ "ရှင်ရသေ့....ဤရသေ့မသည် ရှင်ရသေ့နှင့် အသို့စပ်တော်ပါသနည်း" ဟု မေး၏၊ "မြတ်သောမင်းကြီး.... ရသေ့ဖြစ်သောအခါ လူမှုနှင့်မရော၊ အမျိုးတော်သည် မတော်သည်ဟု မပြောဆိုသာ၊ စင်စစ် လူဖြစ်စဉ်အခါ ငါ၏ခြေရင်းအလုပ်အကျွေးမယားဖြစ်သည်" ဟု ပြောဆိုခဲ့လေ၏။

ဒေါသဖြိရုံမှ
သည်းခံပြ

ထိုအခါ မင်းကြီးသည် ဤရသေ့ကား ယခုအခါ ရသေ့မကို မပိုင်ဆိုင်ပြီ၊ ငါမင်းအာဏာဖြင့် သိမ်းယူခဲ့သော် အဘယ်သို့ပြုအံ့နည်း၊ စုံစမ်းဦးမည်ဟု ကြံစည်ကာ ရသေ့ထံချဉ်းကပ်လျက်—

"အရှင်ရသေ့....ရှင်ရသေ့၏လူဖြစ်စဉ်မယားဖြစ်ဘူး၍ ဝန်းဝိုင်းသောမျက်စိ စဉ်းငယ်ရွှင်သောမျက်နှာရှိသောရသေ့မကိုနိုင်ထက်ကလူ အတင်းယူ၍သွားသောသူကို အဘယ်သို့ ပြုလုပ်မည်နည်း"—

ဟု မေးမြန်းလေ၏၊ မင်းကြီးစကားကို ကြားလျှင် ရသေ့သည်—

"မြတ်သော မင်းကြီး.... ငါ့အား အကယ်၍ အမျက်ဒေါသထွက်ငြားအံ့၊ ကိုယ်သန္တာန်မှ ပြင်ပ

သို့မထွက်ရာ၊ အသက်ရှည်သာမျှ ကာလပတ်လုံး ပြင်ပသို့မထွက်ရာ၊ မိုယ်းပေါက် ကြီးကြီးရွာသော မိုယ်းသည် မြူမှုန်ကိုတားမြစ်သကဲ့သို့၊ ထိုအမျက် ဒေါသကို လျင်စွာ တားမြစ်ရမည်”—

ဟု မင်းကြီးအား ပြောဆိုလေ၏။

မယားယူလျက်
အမျက်မထွက်

မင်းကြီးသည် ရသေ့၏ မွန်မြတ်သော တရားစကားကို ကြားနာရသော်လည်း အလွန် မိုက်သည်ဖြစ်၍ တပ်စွန်းသော စိတ်ကို မတားမြစ်နိုင်ရကား အမတ်တယောက်ကို စေခိုင်းကာ ရသေ့မကို အတင်းအဓမ္မနန်းတော်သို့ ယူဆောင်စေ၏၊ ရသေ့မလည်း “အချင်းတို့.... သူယုတ်မာတို့ အကျင့်ကား မလျောက်ပတ်စွတကား” ဟု စသည်ဖြင့် ငိုကြွေး မြည်တမ်းကာ အလိုမတူဘဲ လိုက်ပါရလေ၏၊ရသေ့လည်း ရသေ့မငိုကြွေးသံကို ကြားလျှင် တကြိမ်ထည်းသာ ကြည့် ပြီးလျှင် တဘန် မကြည့်တော့ပြီ။

ရသေ့ဖြစ်ရပ်
မင်းကဲခပ်

မင်းကြီးလည်း နန်းတော်သို့ ပြန်ကာ ရသေ့မကို ခေါ်စေ၍ ကြီးစွာသော မင်းစည်းစိမ်ဖြင့် ဘိတ်မန် ဖြားယောင်း သော်လည်းမရသဖြင့် အခန်းတခုတွင် ထားလေ၏၊ ထို နောက်မင်းကြီးသည် ဤရသေ့မကား သီလရှိ၏၊ ကောင်း သောအကျင့်ရှိ၏၊ရသေ့လည်းမိမိမယားဖြစ်ဘူးသော ရသေ့ ကို နိုင်ထက်ကလူ လုယူပါလျက် အမျက်မထွက်၊ ကြည့် ခြင်းမျှပင်မပြု၊ စင်စစ် ရသေ့ရဟန်းတို့မည်သည် မာယာ များကုန်၏၊ မန္တန် ဆေးဝါး မန္တရားအတတ်ဖြင့် ငါ့ကို

အကျိုးမဲ့ပြုရာ၏၊ ငါသွား၍ သိအောင်ပြုမည် ဟု ကြံစည် ပြန်လျက် ဥယျာဉ်တော်သို့သွား၍ ရသေ့ထံချဉ်းကပ်ပြန်၏၊ ရသေ့လည်း သက်နှန်းတို့ကို ချုပ်လျက်သာနေ၏၊ မင်းကြီးကို မကြည့်ချေ။

ဒေါသစိတ်ယုတ်
အမြန်နှင်ထုတ်

ထိုအခါ မင်းကြီးသည် ဤရသေ့စဉ်းလဲ ကား ငါ့ကိုအမျက်ထွက်၍ စကား မပြောဟု မှတ်ထင်လျက်—

"အရှင်ရသေ့…. ရှေး၌ ကြီးဝါးနေသည်မဟုတ် လော၊ ယခုမူကား အမျက်ဒေါသ၏ အစွမ်းဖြင့် တစုံတရာ စကားမပြောဆိုဘဲ ဒုကုဋ်သက်နှန်းကိုသာ ချုပ်လျက်နေဘိ၏တကား"—

ဟု ရသေ့အားအမျက်ဒေါသဖြင့် စွပ်စွဲလေ၏၊ ရသေ့ သည် မင်း၏စကားကိုကြားလျှင် ဤမင်းကား ငါ့ကိုအမျက် ဒေါသထွက်၍ စကားမပြောဟု မှတ်ထင်နေဘိသည်၊ အမျက်ဒေါသအလိုသို့ မလိုက်သည့်အဖြစ်ကို ဟောမည်ဟု ကြံစည်လျက်—

"မြတ်သောမင်းကြီး…. ငါ့မှာ ဖြစ်ကားဖြစ်၏၊ သို့သော်လည်း ကိုယ်သန္တာန်မှအပ၌မဖြစ်၊ အသက် ရှိသောသန္တာန်မှ မထွက်စေမူ၍ ကြီးစွာသော မိုယ်းပေါက်သည် မြူကိုပယ်ဖျောက်သကဲ့သို့ လျင် စွာပယ်ဖျောက်၏"—

ဟု အပြင်ပသို့ အမျက်ဒေါသမထွက်ကြောင်း ပြော ဆိုပြန်၏။

ဒေါသပယ်ပုံ မင်းမေးတုံ

ထိုအခါ မင်းကြီးသည် ၎င်းရသေ့ကား အမျက်ကိုရည်၍ပြောသလော၊ သို့တည်းမဟုတ်၊ အတတ်ပညာကိုရည်၍ ပြောသလော၊ မေးဦးမည်ဟုကြံစည်၍—

"အရှင်ရသေ့.... ဖြစ်၏ဟူသည် ဘာဖြစ်သနည်း၊ အသက်ရှင်သောကိုယ်သန္တာန်မှ ပြင်ပသို့မထွက်ဟူသည် ဘာမထွက်သနည်း၊ ကြီးစွာသော မိုယ်းပေါက်သည် မြူကိုပယ်ဖျောက်သကဲ့သို့ ဘယ်ဝတ္ထုကို ပယ်ဖျောက်သနည်း"—

ဟု ရသေ့အား ပြောဆိုသောစကား၌ သံသယရှိ၍ မေးပြန်၏။

ဒေါသပယ်မှု ချင်းရာစုံ

ထိုအခါ ရသေ့သည် "မြတ်သောမင်းကြီး.... ငါ့အား အမျက်ဒေါသကား ဖြစ်၏၊ သို့သော်လည်း မေတ္တာဘာဝနာဖြင့် တားမြစ်ပယ်ဖျောက်ထား၏"ဟု ပြောဆိုဆုံးမပြီးလျှင်—

"မြတ်သောမင်းကြီး.... အမျက်ဒေါသထွက်သည်ရှိသော် အကျိုးစီးပွားကိုမမြင်၊ မထွက်သည်ရှိသော် အကျိုးစီးပွားကို ကောင်းစွာမြင်၏၊ သူမိုက်တို့ကျက်စားရာအာရုံဖြစ်သော အမျက်ဒေါသသည် ငါ့အားဖြစ်၏၊ သို့သော်လည်း ကိုယ်သန္တာန်မှပြင်ပသို့ မထွက်"—

"မြတ်သောမင်းကြီး.... ဖြစ်သောအမျက်ဒေါသဖြင့် ကိုယ်စိတ်ဆင်းရဲခြင်းကို အလိုရှိကုန်သော

ရန်သူတို့သည် နှစ်သက်ကုန်၏၊ သူမိုက်တို့ကျက်စားရာ အာရုံဖြစ်သော အမျက်ဒေါသသည် ငါ့အားဖြစ်၏၊ ကိုယ်သန္တာန်မှ ပြင်ပသို့မထွက်”–

ဒေါသပြစ်မှု သည်းခံပြ

“မြတ်သောမင်းကြီး.... အမျက်ဒေါသထွက်သည်ရှိသော် မိမိအစီးအပွားကို မသိ၊ သူမိုက်တို့ ကျက်စားရာအာရုံဖြစ်သော အမျက်ဒေါသသည် ငါ့အားဖြစ်၏၊ ကိုယ်သန္တာန်မှ ပြင်ပသို့မထွက်”–

“မြတ်သောမင်းကြီး.... အမျက်ဒေါသ နှိပ်စက်ခြင်းငံရသူသည် ကုသိုလ်ကိုစွန့်၏၊ ပြန့်ပြောသော ငိမိအကျိုးစီးပွားကိုပစ်ပယ်၏၊ ကိလေသာစစ်သည်ရှိသော အားကြီးသူတို့ကိုနှိပ်နင်းနိုင်သော အမျက် ဒေါသသည် ကိုယ်သန္တာန်မှ ပြင်ပသို့မထွက်”–

“မြတ်သောမင်းကြီး.... မီးပွတ်ခုံကို မီးပွတ်သည်ရှိသော် မီးသည်ဖြစ်လာ၏၊ ထိုမီးသည်ဖြစ်လာရာ ပွတ်ခုံကိုပင်လောင်ကျွမ်း၏၊ ထို့အတူ ပညာမရှိ မိုက်မဲလျက် အကျိုးစီးပွားကိုမသိသောသူအား နင်လား ငါလား ချုပ်ချယ်သော အမျက်ဒေါသသည် ထွက်လာခဲ့၏၊ ထိုအမျက်ဒေါသသည် ဖြစ်ရာသူကိုပင် လောင်ကျွမ်း၏”–

ဒေါသပယ်ခွါ တိုးပွါးရာ

“မြတ်သောမင်းကြီး.... မြက်ချောက်သစ်ရွက်ချောက်ရှိသောအရပ်၌လောင်သောမီးသည် ပြန့်ပွားသကဲ့သို့ ပညာ

နည်းသောသူအား အမျက်ဒေါသသည်ပြန့်ပွား၏၊ ထိုအမျက်ဒေါသ ပြန့်ပွားသူအား လဆုတ်ပက္ခ၌ လမင်းကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ ဆုတ်ယုတ်၏”—

“မြတ်သောမင်းကြီး....မီးစာမရှိသောမီးသည် ငြိမ်းသကဲ့သို့ ပညာရှိအား အမျက်ဒေါသသည် ငြိမ်း၏၊ထိုအမျက်ဒေါသငြိမ်းသူအား လဆန်းပက္ခ၌ လကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ တိုးပွား၏”—

ဟု မင်းကြီးအား အမျက်ဒေါသ၏အပြစ်ကို ဥပမာ ဥပမေယျနှင့်တကွ ဟောကြားလေ၏။

မင်းကြီးကြည်ညို ရသေ့နှစ်ဦးကို

ထိုအခါဗာရာဏသီမင်းသည် ရသေ့၏ တရားစကားကို ကြားနာရလျှင် ကြည်ညိုနှစ်သက်သောစိတ်ရှိသည်ဖြစ်၍ နန်းတော်သို့ အမတ်တယောက်ကိုစေလွှတ်က ရသေ့မကို ဆောင်ယူစေ၍ “ရှင်ရသေ့.... ရှင်ရသေ့တို့သည် ရဟန်းချမ်းသာကိုခံစားလျက် ဤဥယျာဉ်တော်၌သာ နေတော်မူကြပါကုန်၊ အကျွန်ုပ်သည် ရှင်ရသေ့တို့အား တရားနှင့်ညီသော စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ပါအံ့” ဟု လျှောက်ထား၍ တောင်းပန်ဝန်ချပြီးလျှင် အကြိမ်ကြိမ်ရှိခိုး၍ ပြန်လေ၏။

ဟိမဝန္တာကြ အဘိညာဉ်ရ

ထိုရသေ့နှစ်ယောက်တို့သည် ဥယျာဉ်တော်၌ ချမ်းသာစွာ နေကြကုန်၏၊ နောက်အဘို့၌ ရသေ့မသည် သေလွန်လေ၏၊ ရသေ့လည်း ရသေ့မသေလွန်သည်ရှိသော် ဟိမ

ဝန္တာသို့ဝင်၍ အဘိညာဉ် ဈာန်သမာပတ်ကိုဖြစ်စေလျက် ဗြဟ္မဝိဟာရတရား လေးပါးကိုပွားများကာ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားလေ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည့်အဆုံး၌ အမျက်ထွက်သောရဟန်းသည် အနာဂါမိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်ဘန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ရသေ့မသည်- ယခုအခါ ရာဟုလာမယ်တော်။
※ ဗာရာဏသီမင်းသည်- အာနန္ဒာ။
※ စူဠဗောဓိရသေ့ကြီးသည်- ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မျက်ဒေါသမှာ၊ မီးပမာ၊ မှီရာလောင်သည်ပင်။
(၂) ဒေါသအမျက်၊ ပြင်မထွက်၊ ချုပ်လျက်ပညာရှင်။
(၃) မျက်ဒေါသကား၊ ကျိုးစီးပွါး၊ လျော့ပါးယုတ်သည်ပင်။
(၄) တရွေ့ရွေ့ပါး၊ စည်းစိမ်များ၊ ဆုတ်သွားလလိုပင်။

စူဠဗောဓိဇာတ်ပြီး၏။

၄၄၄—ကဏှဒီပါယနဇာတ်

ရှက်ကြောက်ရှိမှ ဟောကြားပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်း တပါးသည် သာသနာတော်၌ငြီးငွေ့လေ၏၊ မြတ်စွာဘုရားသည် ထိုရဟန်းကိုခေါ်တော်မူ၍ မေးတော်မူပြီးလျှင် "ချစ်သား ရဟန်း....ငါဘုရား၏ မျက်မှောက်တော် ပရိသတ်လေးပါး အလယ်၌ သာသနာတော်၌ ငြီးငွေ့ ပျင်းရိသောအဖြစ်ကို အဘယ်ကြောင့် ထင်ရှားစွာပြုဘိသနည်း၊ အဘယ်ကြောင့် ဟိရိဩတ္တပ္ပကို မစောင့်ရှောက်သနည်း၊ ရှေးပညာရှိတို့သည် သာသနာပ ရသေ့ရဟန်းဖြစ်လျက် ငါးဆယ့်ငါးနှစ် ပတ်လုံး ငြီးငွေ့သည့်အဖြစ်ကိုထင်ရှားစွာမပြု၊ ဟိရိဩတ္တပ္ပ ကိုစောင့်ရှောက်ကုန်၏" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မိတ်ဆွေချစ်ဘက် တောသို့ထွက်

လွန်လေ ပြီးသော အခါ ဝံသတိုင်း ကောသမ္ဗီပြည်ဝယ် ကောသမ္ဗကမင်း မင်းပြုသည် ရှိသော် အမှတ်မရှိသော နိဂုံးရွာတခု၌ ကုဋေရှစ်ဆယ်ကြွယ်ဝ၍ အချင်းချင်းအဆွေ ခင်ပွန်း ဖြစ်ကုန်သော ပုဏ္ဏားနှစ်ယောက်တို့သည် ရှိကြ ကုန်၏၊ တယောက်ကား ဒီပါယနမည်၍ တယောက်ကား မဏ္ဍဗျမည်၏။

ထိုပုဏ္ဏားအဆွေခင်ပွန်းနှစ်ယောက်တို့သည် ကာမဂုဏ် တို့၌ အပြစ်ကိုမြင်၍ အလုံးစုံသော စည်းစိမ် ဥစ္စာတို့ကို

ဘ္ဘူဒါနိုးစွန့်ကြဲခဲ့ပြီးလျှင် ရသေ့ရဟန်းပြုကာ ဟိမဝန္တာသို့ ဝင်၍ အနှစ်ငါးဆယ်တို့ပတ်လုံး သစ်သီး ကြီးငယ်တို့ဖြင့် မျှတလျက် နေကြကုန်၏၊ ဈာန်အဘိညာဉ်ကိုဖြစ်စေခြင်းငှါ မတတ်နိုင်ကုန်။

သုသာန်မျှော်မှ မဏ္ဍဗျရသေ့

အနှစ်ငါးဆယ် လွန်သောအခါ တနေ့သ၌ ရသေ့နှစ်ဦးတို့သည် ချဉ်ဆား မှီဝဲအံ့သောငှါ ကောသလတိုင်းသို့သွားကြကုန်၏၊ ထိုကောသလတိုင်း နိဂုံးရွာ တခု၌ လူဖြစ်စဉ် ဒိပါယနရသေ့၏ အဆွေခင်ပွန်း ဖြစ်ဘူးသော မဏ္ဍဗျ သူကြွယ်ထံသို့ ရောက်ကြကုန်၏၊ သူကြွယ်လည်း ကျောင်း ဆောက်၍ ရသေ့နှစ်ဦးလုံးကိုပင် ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးလေ၏။

ရသေ့တို့သည် သူကြွယ်ကျောင်း၌ နှစ်နှစ် သုံးနှစ် နေပြီးသော် သူကြွယ်ကိုပန်ကြား၍ ဒေသစာရီသွားကြရာ ဗာရာဏသီပြည်သို့ရောက်၍ အဓိမုတ္တကမည်သော သုသာန်၌ နေကြကုန်၏၊ နောက်အခါ ဒိပါယနရသေ့သည် တဘန် သူကြွယ်ထံသွား၍နေပြန်၏၊ မဏ္ဍဗျရသေ့ကား သုသာန် ၌ပင် နေရစ်၏။

ခိုးသားထင်မှတ် ရသေ့မြတ်

တနေ့သ၌ သူခိုးတို့သည် မြို့တွင်းမှ ဥစ္စာတို့ကိုခိုးယူပြီးလျှင် ဥစ္စာရှင်တို့ အတင်း လိုက်သဖြင့် သုသာန်သို့ဝင်ကာ ရသေ့ ကျောင်းတံခါးဝယ် ဥစ္စာထုပ်ကိုပစ်၍ပြေးလေ၏၊ နောက်မှ ထက်ချပ်မကွာလိုက်လာသော ဥစ္စာရှင်တို့သည် ဥစ္စာထုပ် ကိုမြင်လျှင် မဏ္ဍဗျရသေ့ကို "ဟယ်-ယုတ်မာသောရသေ့..

သင်ကား ညအခါခိုး၍ နေ့အခါ ရသေ့ယောင်ဆောင် နေဘိ၏”ဟု ဆဲရေးပုတ်ခတ်ကာ ဘမ်းယူ၍ မင်းကြီးထံ ပို့ကြကုန်၏၊ မင်းကြီးလည်း ဟုတ်မဟုတ် မစုံစမ်းမဆင်ခြင်ဘဲ တံကျင်လျှိုကြကုန်ဟု အမိန့်ပေးလေ၏။

အတိတ်ကံထိုက် ဝတ်တော်ဆိုက်

မင်းချင်းတို့သည် သုသာန်သို့ ဆောင်၍ ရှားနှစ် တံကျင်ဖြင့် လျှိုကုန်၏၊ ရသေ့ကိုယ်တွင်းမဝင်လေ၊ နောက်တမာသား တံကျင်ဖြင့်လျှိုကြပြန်၏၊ မဝင်လေ၊ နောက်သံတံကျင်ဖြင့် လျှိုပြန်ကုန်၏၊ မဝင်လေ၊ထိုအခါ ရသေ့သည် ဇာတိဿရဉာဏ်ဖြင့် ဆင်ခြင်လတ်သော် ရှေးဘဝတွင် လက်သမားဖြစ်၍ အဘ သစ်ရွေရာအရပ်၌ ယင်ယယ် တကောင်ကို ဘမ်းကာ ပင်လယ်ကသစ်မြစ်ဖြင့်ဝစွမဂ်ကို ထိုးခဲ့ဘူးသော မကောင်းမှုကံ အကျိုးပေးချိန်ရောက်လာပြီဟု မြင်လေ၏၊ ထို့နောက် “အမောင်တို့···· ငါ့ကို ပင်လယ်ကသစ်သား တံကျင်ဖြင့်လျှိုကြကုန်”ဟု ပြောလေ၏၊ မင်းချင်းတို့လည်း ရသေ့ပြောတိုင်း ပင်လယ်ကသစ်သား တံကျင်ဖြင့် လျှို၍ အစောင့်အရှောက်ထားပြီးလျှင် သွားကြကုန်၏။

တရားတော်နှစ်သက် စောင့်ရှောက်လျက်

အစောင့် အရှောက်တို့သည် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ရသေ့ထံ လာသောသူတို့ကိုကြည့်ရှုကုန်၏၊ ဒီပါယနရသေ့သည် မဏ္ဍဗျရသေ့ကို ဖူးမြင်ရန်သွားရာ တံကျင်လျှိုထားသည်ကိုတွေ့ရလျှင် “အရှင်····အပြစ်ရှိသလော”ဟုမေး၏၊ “မရှိပါ”ဟုပြော၏၊ “သို့ဖြစ်လျှင် ဘမ်းသူ တံကျင်လျှိုသူ မင်းကြီးတို့အပေါ်၌ စိတ်ပြစ်မှားသလော၊ အမျက်ထွက်

သလော''ဟု မေး၏၊ ''မပြစ်မှားပါ၊ အမျက်မထွက်ပါ''ဟု ပြောဆိုလေ၏၊ ထိုအခါ ဒီပါယနရသေ့သည် ''အရှင်ကဲ့သို့ သီလရှိသူတို့အရိပ်ကို မှီခို၍ နေရခြင်းသည် ချမ်းသာ၏''ဟု ပြောဆိုလျက် လျှိုယားသော တံကျင်တိုင်ကိုမှီ၍သာနေ၏၊ မဏ္ဍဗျရသေ့၏ကိုယ်မှ သွေးပေါက်တို့သည် ဒီပါယနရသေ့ ကိုယ်ပေါ်သို့ကျကုန်၏၊ သွေးပေါက်တို့ချောက်သောအခါ တကိုယ်လုံးမည်းနက်သောအကွက်တို့ဖြစ်ကုန်၏၊ ထိုအခါမှစ၍ ဒီပါယန ရသေ့အား ကဏှဒီပါယန ရသေ့ဟုတွင်လေ၏။

မင်းကျင့်ကိုဟော ဆုံးမပြော

မိုးသောက်သော အခါ အစောင့်အရှောက် တို့သည် ရသေ့ နှစ်ဦးထံမှ လာကြ၍ ရသေ့တို့ အချင်းချင်း ပြောဟောသော စကားကို မင်းကြီးအား လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း ငါသည် မစုံစမ်းဘဲ ပြုမိချေပြီဟု ရသေ့တို့ထံသွား၍ ''အို-ရသေ့....အဘယ်ကြောင့်တံကျင်တိုင်ကိုမှီ၍နေသနည်း''ဟုမေး၏၊ ''မြတ်သော မင်းကြီး.... ဤရသေ့ကို စောင့်၍နေပါ၏''ဟု ပြော၏၊ ''အို-ရသေ့.... ဤရသေ့မှာ အပြစ်ရှိသည် မရှိသည်ကို သိပါသလော''ဟု မေး၏၊ ''မင်းကြီး.... စုံစမ်းသဖြင့် အပြစ်မရှိကြောင်း သိရသည်''ဟု ပြောကြားပြီးလျှင် ''မင်းမည်သည် မစုံစမ်း မဆင်ခြင်ဘဲ မပြုအပ်ကြောင်းကို'' မိန့်တော် မူလျက် မင်းကျင့်တရား ဆယ်ပါးဖြင့် ဆုံးမလေ၏။

မိမိအတိတ်ကံ ယခုခံ

ထိုအခါ မင်းကြီးသည် မဏ္ဍဗျရသေ့၌ အပြစ်မရှိသည်ကိုသိ၍ တံကျင်ကို နုတ်စေကုန်၏၊ တံကျင်ကိုမနုတ်နိုင်ကြကုန်၊

ထိုအခါ ရသေ့သည် "မြတ်သောမင်းကြီး.... တံကျင်လျှို ခံရသည်မှာ မကောင်းမှုကံကြောင့်ဖြစ်ရ၏၊ ရှေးဘဝက လက်သမားသားဖြစ်စဉ် ယင်ငယ်တကောင်ကို သေးငယ် သောပင်လယ်ကသစ်မြစ်ဖြင့် ဝစ္စမဂ်ကိုထိုးခဲ့ဘူး၏၊ထိုကသစ် မြစ်သည် ယင်ငယ်၏ ကိုယ်တွင်း၌သာ တည်၏၊ သို့သော် လည်း ကသစ်မြစ်ကြောင့်မသေ၊အသက်အတိုင်း နေ၍သာ သေရ၏၊ သို့အတွက် ငါ့ကို အသက်ရှင်စေလိုလျှင် တံကျင် ကိုမနုတ်ပါလင့်၊ အရေနှင့်ညီမျှအောင်သာဖြတ်ပေးပါ"ဟု ပြောဆိုလေ၏၊ မင်းချင်းတို့လည်း ရသေ့ပြောဆိုတိုင်းပြုကြ ကုန်၏၊ ထိုအခါမှစ၍ မဏ္ဍဗျရသေ့အား အာဏိမဏ္ဍဗျ ရသေ့ဟု တွင်လေ၏။

ဆရာနှင့်တွေ့ရာ မေးမြန်းကာ

မင်းကြီးသည် ရသေ့ နှစ်ဦးကို ရှိခိုး ကန်တော့ပြီးလျှင် ဥယျာဉ်တော်၌ နေ စေလျက် လုပ်ကျွေး၏၊ အာဏိမဏ္ဍဗျ ရသေ့သည် မင်းကြီးကိုမှီ၍ ဥယျာဉ်တော်၌သာနေ၏၊ကဏှ ဒီပါယနရသေ့ကား မိမိနေရာသို့ပြန်၍ သူကြွယ်ကျောင်း ၌သာနေ၏၊မဏ္ဍဗျသူကြွယ်လည်းဆရာဖြစ်သောကဏှဒီပါ ယနရသေ့လာသည်ကို ကြားလျှင် ဆွမ်းအဖျော်တို့ကိုစီမံ၍ သားမယားနှင့်တကွ အာဏိမဏ္ဍဗျရသေ့၏ အကြောင်းကို မေးမြန်းရန် ကျောင်းသို့ သွားပြီးလျှင် ဆရာရသေ့နှင့် ပဋိသန္ထာရစကား ပြောဟောကာနေ၏။

သားမြွေခဲပြန် ဆေးကုရန်

ထိုအခိုက် မဏ္ဍဗျသူကြွယ်၏ သားဖြစ် သော ယညဒတ်မည်သောသူငယ်သည် စင်္ကြံဦး၌ ကျင်လဲ၍ ကစားနေရာ

ကျင်သည် အနီးရှိ မြွေဟောက်နေသော တောင်ပို့ပေါက်သို့ဝင်လျက် မြွေဟောက်၏ ဦးခေါင်းပေါ်၌ ကျလေ၏၊ သူငယ်သည် မြွေဟောက်မှန်းမသိသည့်အတွက် လက်ဖြင့် တွင်းသို့နှိုက်၍ ကျင်ကိုကောက်၏၊ အဆိပ်ထန်သောမြွေဟောက်သည် လက်ကိုကိုက်၏၊ သူငယ်သည် အဆိပ်ဖြင့် မိန်းမောလျက် ထိုအရပ်မှာပင် လဲလေ၏။

သူငယ်၏ မိဘတို့သည် သားငယ် လဲသွားသည်ကိုမြင်လျှင် မြွေကိုက်မှန်းသိ၍ ပွေ့ချီကာ ဆရာရသေ့ခြေရင်းတွင် အသာထား၍ "အရှင်ဘုရား.... ရသေ့ရဟန်းတို့မည်သည် တစုံတရာမန္တန်ဆေးဝါးကို နားလည်တတ်ပါ၏၊ သူငယ်ကို အနာကင်းအောင် ပြုစုတော်မူပါ" ဟု လျှောက်ထား၏၊ "ဒါယကာ.... ငါတို့မန္တန်ဆေးဝါးကို နားမလည်ပါ"ဟုပြော၏၊ "အရှင်ဘုရား.... မန္တန်ဆေးဝါးကို နားမလည်ခဲ့သော် သူငယ်အပေါ် မေတ္တာထား၍ သစ္စာပြုတော်မူပါ"ဟု လျှောက်ထားလေ၏။

မြွေကိုက်ဆေးကု သစ္စာပြု

ထိုအခါ ကဏှ ဒီပါယန ရသေ့သည် ယည္ဒတ်၏ ဦးခေါင်းပေါ်၌ လက်ကို တင်ထားကာ—

"ဒါယကာတို့....ငါသည် ရသေ့ ရဟန်းပြု၍ ခုနစ်ရက်သာ ကြည်ညိုသောစိတ်ဖြင့် ကောင်းမှုကို အလိုရှိသည်ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်ပါ၏၊ ထိုခုနစ်ရက်မှ နောက်၌ နှစ်ပေါင်း ငါးဆယ်လွန်အောင် ကာလပတ်လုံး အလိုမရှိဘဲလျက် ကျင့်ရပါ၏၊ဤသို့ မှန်သောစကားကို ဆိုရခြင်းကြောင့် ယည

P.354 မြွေကိုက်ခံရသော သားငယ်အား မြွေဆိပ်ကင်းရန် ဆရာရသေ့နှင့်အမိ၊အဘ တို့သစ္စာဆိုနေကြပုံ

ဒတ်သည် ချမ်းသာပါစေ၊ အသက်ရှည်ပါစေ၊
မြွေဆိပ်ပျောက်ကင်းပါစေ''–

ဟုသစ္စာပြုလေ၏၊ ဤသို့သစ္စာပြုသော ခဏ၌ သစ္စာ၏ တန်ခိုးကြောင့် ယညဒတ်အား သားမြတ်တည်ရာမှအထက်ပိုင်းရှိ မြွေဆိပ်သည် လျော့ကျ၍ မြေသို့ဝင်လေ၏။

ဖခင်မှန်ကန်မှု သစ္စာပြု

သူငယ်သည် မျက်စိကိုဖွင့်၍ အမိအဘတို့ကိုကြည့်ရှုကာ မိခင်ဘခင်ဟု ခေါ်၍ မှိန်းမြဲမှိန်း၍နေ၏၊ ထိုအခါ ဆရာရသေ့သည်''ဒါယကာ....ငါ၏အစွမ်းကိုပြအပ်ပြီ၊ သင်၏အစွမ်းကို ပြဦးလော''ဟု ပြောဆိုပြန်ရာ ဘခင်သည် ရင်ဘတ်ပေါ်၌ လက်တင်ထားကာ–

''အရှင်တို့.... အကျွန်ုပ်သည် အလှူကို ဘယ်အခါမျှမနှစ်သက်၊အလှူခံ ခရီးသွား ဧည့်သည်တို့ အိမ်သို့လာသောအခါ မနှစ်သက်၊ အကျွန်ုပ်၏ အလှူဒါန အလှူခံခရီးသွား ဧည့်သည်တို့ကို မနှစ်သက်သည့် အဖြစ်ကို အကြားအမြင် များသော ရဟန်းပုဏ္ဏားတို့ မသိကြကုန်၊ အလိုမရှိဘဲလျက် လှူဒါန်းပါ၏''။

''ဤသို့ မှန်သောစကားကို ဆိုရခြင်းကြောင့် ယညဒတ်သည် ချမ်းသာပါစေ၊အသက်ရှည်ပါစေ၊ မြွေဆိပ်ပျောက်ကင်းပါစေ''–

ဟု သစ္စာပြုလေ၏၊ ထိုအခါ ယညဒတ်အား ခါးမှအထက်ကိုယ်၌ မြွေဆိပ်သည်လျော့ကျ၍ မြေသို့ဝင်လေ၏၊ သူငယ်သည် ထ၍ထိုင်၏၊ရပ်ခြင်းကိုကား မပြုနိုင်သေးပေ။

မိခင် သစ္စာ
ဘေးကင်းကွာ

ထိုအခါ သူကြွယ်သည် သူကြွယ်မအား "ရှင်မ···· ငါ၏အစွမ်းကိုပြပြီ၊ သင်၏ အစွမ်းကိုလည်း ပြဦးလော့"ဟု ပြော၏၊ "အရှင်····အကျွန်ုပ်အားတခုသောသစ္စာရှိ၏၊ သို့သော် လည်း အရှင်၏မျက်မှောက်၌ ပြုခြင်းငှါ မတတ်ကောင်း ပါ"ဟု ပြော၏၊ "ရှင်မ··· ငါ့သားချမ်းသာလျှင်ပြီးရော၊ ရှိပါစေ,ပြုသာပြုပါ"ဟုခွင့်ပေးရာ သူကြွယ်မသည်—

"ချစ်သား···· ပြင်းထန်သောအဆိပ်ရှိသော မြွေဟောက်သည် တောင်ပို့တွင်းမှထ၍ သင်ချစ်သားကိုကိုက်ဘိ၏၊ ယခုအခါ ထိုကိုက်သော မြွေဟောက်၌၎င်း, ချစ်သား၏ဘခင်၌၎င်း ငါ၏မချစ်သောအဖြစ်သည် တစုံတရာထူးခြားခြင်းမရှိ၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့် ယညဒတ်သည် ချမ်းသာပါစေ၊အသက်ရှည်ပါစေ၊ မြွေဆိပ် ပျောက်ကင်းပါစေ"—

ဟု သစ္စာပြုလေ၏၊ ထိုအခါ မြွေဆိပ်အလုံးစုံသည် လျော့ကျ၍ မြေသို့ဝင်လေ၏၊ သားငယ်သည် အနာရောဂါ မရှိသဖြင့် ထ၍ကစားလေ၏။

ဆရာကျင့်ကြံမှု
လျှောက်မေးပြ

ထိုအခါ မဏ္ဍဗျသူကြွယ်သည် ကဏှ ဒီပါယနရသေ့အား လျှောက်ထားမေး မြန်းလိုသဖြင့်—

"အရှင် ရသေ့···· ရှင်ရသေ့မှတပါး ရသေ့ ရဟန်း ပြုကြကုန်သော မင်းစသော သူတို့သည် ရသေ့ရဟန်းအဖြစ်၌ မွေ့လျော်ကြကုန်၏၊ ကိလေ

သာငြိမ်းရန် ဒွါရသုံးပါးကိုဆုံးမလျက် မြတ်သော
အကျင့်ကိုကျင့်ကြကုန်၏၊ အရှင်ရသေ့ကားအဘယ်
ကြောင့် ရသေ့ရဟန်းအဖြစ်၌ ငြီးငွေ့သည်ဖြစ်၍
အလိုမရှိဘဲလျက် မြတ်သောအကျင့်ကို ကျင့်ဘိ
သနည်း”—
ဟု ကဏှဒီပါယနရသေ့၏ အလိုကို မေးမြန်းလေ၏။

မိမိကျင့်သဘော သူကြွယ်ဟော

ထိုအခါကဏှဒီပါယနရသေ့သည် မိမိ
၏ အကျင့်တရားကို ဟောကြားလို၍-

“အို-ဒါယကာ···· ဤကဏှဒီပါယန ရသေ့
ကား ကံကံ၏အကျိုးကိုယုံကြည်သျက်ရသေ့ရဟန်း
ပြုပြီးလျှင် တဖန် လူ့ဘောင်သို့ ပြန်လိုပြန်၏၊
ထိုကဏှဒီပါယန ရသေ့ကား သူအ့ သူအ-ကဲ့သို့
တကား၊ သူငယ်ကဲ့သို့ လျှပ်ပေါ်စွတကား၊ ဤကဲ့သို့
ကဲ့ရဲ့ခြင်းကို စက်ဆုပ်သည်ဖြစ်၍ ငါသည်အလိုမရှိ
ဘဲလျက် မြတ်သောအကျင့်ကိုကျင့်ပါ၏၊ ထိုရသေ့
ရဟန်းအဖြစ်ကို ပညာရှိတို့သည် ချီးမွမ်းအပ်၏၊
ပညာရှိတို့နေရာအရပ်လည်းဟုတ်၏၊ဤအကြောင်း
ဖြင့်ငါသည်ကောင်းမှုကိုပြုပါ၏”—
ဟု သူကြွယ်အား မိမိအလိုကို ပြောဆိုပြီး၍—

ရှုဒါန်းစက်ဆုပ် အမေးထုတ်

တဖန် ဆရာရသေ့သည် သူကြွယ်အား
မေးမြန်လို၍—

“အို-သူကြွယ်···· သင်သည် ရဟန်းပုဏ္ဏား
ခရီးသွား ဧည့်သည်တို့ကို ထမင်းအဖျော်ဖြင့် ရောင့်

ရဲစေ၏၊ ဆွမ်းကိုလှူဒါန်း၏၊ သင်၏အိမ်ကားရေ တွင်းရေကန်သဘွယ်ဖြစ်၏၊သင်၏အိမ်သည်ထမင်း အဖျော်လှူဘွယ်ဝတ္ထုနှင့်လည်း ပြည့်စုံ၏၊ သို့ဖြစ် လျက် အလှူဝတ္ထုနှင့် အလှူခံတို့အား အဘယ်သို့ သောကဲ့ရဲ့ဘွယ်ကို စက်ဆုပ်သည်ဖြစ်၍ အလိုမရှိ ဘဲ ပေးလှူနေဘိသနည်း''—

ဟု သူကြွယ်အား ပြန်၍မေးပြန်၏။

သူကြွယ်စိတ်ထားနှင့် လျှောက်ကြား

ထိုအခါ မဏ္ဍဗျ သူကြွယ်သည် မိဘ ဘိုးဘွားစဉ်ဆက်ဖြစ်သော ကောင်းမှု ပြုသောအဖြစ်ကို ပြောဆိုလို၍—

"အရှင်ရသေ့···· အကျွန်ုပ်၏ အဘ အဘိုး တို့သည် ကံ, ကံ၏အကျိုးကို ယုံကြည်ကြကုန်၏၊ အလှူရှင်ဖြစ်ကုန်၏၊ အလှူခံတို့အလိုကို သိကုန်၏၊ ထိုခုနစ်ဆက်မှ လာသော ကျင့်ဝတ်သို့ အစဉ် လိုက်သော အကျွန်ုပ်သည် အမျိုးစဉ် ဆက်၌ အယုတ်ဆုံး အဖျင်းဆုံး မဖြစ်ပါစေလင့်၊ ဤသို့ အယုတ်ဆုံး အဖျင်းဆုံး ဟူသော ကဲ့ရဲ့ခြင်းကို စက်ဆုပ် ရွံရှာသည်ဖြစ်၍ အလိုမရှိဘဲ အလှူကို လှူဒါန်းပါ၏''—

ဟု ရသေ့အား မိမိအလိုကို လျှောက်ထားလေ၏။

လင်မချစ်မှု အမေးပြု

ထို့နောင် မဏ္ဍဗျသူကြွယ်သည် မိမိ မယား မချစ်ခင်သော အဖြစ်ကိုမေး လို၍—

"တင့်တယ်သော ကိုယ်ရှိသော အိမ်ရှင်မ···· ပျို့ရွယ် နုနယ်၍ သတို့သမီးငယ် ဖြစ်သော သင့်ကို

စည်းစိမ်ဥစ္စာကို မစီရင်နိုင်သူဖြစ်လျက် အိမ်သို့ ခေါ်ဆောင်လာခဲ့၏၊ ငါ့အား မချစ်မနှစ်သက်ဘဲ လုပ်ကျွေး နေရပါလျက် မချစ် မနှစ်သက်သော အဖြစ်ကို ငါ့ကိုမသိစေ၊ ထိုသို့မချစ်မနှစ်သက်ပါဘဲ လျက် အဘယ်ကြောင့် ငါနှင့်ပေါင်းဘော်၍နေနိုင် ဘိသနည်း''။

ဟု မယားအား မေးပြန်၏။

မှန်ကန်စကား မယားပြောကြား

ထိုအခါ မယားသည် မိမိသဘောရင်း အမှန်ဖြစ်သော စကားကို ပြောလို၍—

"အရှင်····အကျွန်ုပ်တို့အမျိုး၌ အလွန်ဝေးလံ သော ဆွေခုနစ်ဆက်မှစ၍ မိမိယောကျ်ားကို စွန့် ပယ်၍ တပါးသော ယောကျ်ားကို ယူဘူးသော မိန်းမ မည်သည် မရှိခဲ့စဘူး၊ ထိုဆွေခုနစ်ဆက်၌ မပျက်သော အမျိုး၏အကျင့်သို့ အစဉ်လိုက်သော အကျွန်ုပ်သည်ဆွေခုနစ်ဆက်၌အယုတ်ဆုံးအဖျင်း ဆုံးသော မိန်းမ မဖြစ်စေလင့်၊ဤသို့ ဆွေခုနစ်ဆက် ၌ အယုတ်ဆုံး အဖျင်းဆုံး မိန်းမဟု ကဲ့ရဲ့ခြင်းကို စက်ဆုပ် ရွံရှာသည်ဖြစ်၍ အလိုမရှိဘဲ သင်၏ခြေ ရင်း၌ လုပ်ကျွေးပါ၏''—

ဟု လင်ယောကျ်ားအား မိမိအလိုကို ပြောကြား ပြန်၏။

မိမိအပြစ်ကံ လင်တောင်းပန်

ဤသို့လျှင် သုံးဦးသားတို့ မိမိ မိမိတို့၏ အလိုကို ပြောဆိုပြီးလျှင် သူကြွယ်မ သည် ငါကား လင်ယောကျ်ား၏ ရှေ့၌

မပြောသင့်သော စကားကို ပြောမိပြီ၊ မုချ ငါ့အား စက်ဆုပ်ရွံရှာတော့မည်ဟု ဆရာရသေ့၏ရှေ့မှာပင် ကန်တော့မည်ဟု ကြံစည်ကာ—

"အရှင်····အကျွန်ုပ်သည် သား၏အကြောင်းကြောင့် မပြောသင့်သော စကားကို ပြောဆိုမိပြီ၊ ယခု အကျွန်ုပ်အား သည်းခံတော်မူပါ၊ ဤသို့ပြောဆိုရာ၌ သား၌ ချစ်ခြင်း အကြောင်း မှတပါး အကြောင်း တစုံတရာ မရှိပါ၊ သား၌ ချစ်ခြင်း အကြောင်းကြောင့် ပြောဆိုမိပါ၏၊ အကျွန်ုပ်တို့ သား ယညဒတ်သည် အသက်ကို ရခဲ့ပြီ"—

ဟု လင်ယောကျ်ားအား ကန်တော့တောင်းပန်လေ၏။

ဆရာဆုံးမ ချမ်းသာကြ

ထိုအခါ မဏ္ဍဗျသူကြွယ်သည် "ရှင်မ·· သင့်အား ငါသည်းခံ၏၊ ဤနေ့မှစ၍ ကြမ်းတန်းသောစိတ်ကို မဖြစ်စေလင့်" ဟု ပြောဆိုဆုံးမ၏၊ကဏှဒီပါယနရသေ့လည်း "ဒါယကာ သင်သည် ကံ,ကံ၏အကျိုးကို ယုံကြည်၍ အလှူကို လှူဒါန်းလော့"ဟု ဆုံးမလေ၏၊ မဏ္ဍဗျသူကြွယ်လည်း "အရှင်ဘုရား····ရသေ့ရဟန်း အဖြစ်၌ ပျော်မွေ့စွာ မြတ်သော အကျင့်ကို ကျင့်ပါလော့"ဟု သတိပေးလေ၏။

ထိုနေ့မှစ၍ မယားလည်း လင်ယောကျ်ား၌ ချစ်ခင်လေးမြတ်လေ၏၊ သူကြွယ်လည်း ကံ, ကံ၏အကျိုးကို ယုံကြည်၍ အလှူကိုလှူဒါန်းလေ၏၊ရသေ့လည်း ရသေ့ရဟန်း အဖြစ်၌ မွေ့လျော်လျက် ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားရ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကို ပြသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါမဏ္ဍဗျသူကြွယ်သည်-ယခုအခါအာနန္ဒာ။
※ သူကြွယ်သားသည်-ရာဟုလာ။
※ အာဏိမဏ္ဍဗျရသေ့သည်-သာရိပုတ္တရာ။
※ ကဏှဒီပါယန ရသေ့သည်- ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အမှန်သစ္စာ၊ ဆိုသောခါ၊ လိုရာပြီးနိုင်သည်။
(၂) ကောင်းမကောင်းမူ၊ ကြောင်းမဟူ၊ မှန်မူသစ္စာမည်။
(၃) ယညဒတ်မှာ၊ မြွေကိုက်ရာ၊ သစ္စာဆေးကောင်းမည်။

ကဏှဒီပါယနဇာတ် ပြီး၏။

၄၄၅—နိဂြောဓဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ကျေးဇူးချေဖျက် ပြစ်မှားလျက် နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည်

ဒေဝဒတ်အား ''ငါ့ရှင်ဒေဝဒတ်.... မြတ်စွာ ဘုရားသည် သင့်အား ကျေးဇူးများ၏၊မြတ်စွာဘုရားကိုမှီ၍ သာမဏေအဖြစ် ပဉ္စင်းအဖြစ်ကိုရ၏၊ ပိဋကတ်ကို တတ်မြောက်၏၊ ဈာန်ကိုရ၏၊ ပစ္စည်းလေးပါးကိုရ၏''ဟု ပြောဆိုကုန်၏၊ ထိုအခါ ဒေဝဒတ်သည် မြက်သစ်ရွက်ကို မြှောက်ကာ ''ဤမျှလောက်လည်း ရဟန်းဂေါတမသည် ငါ့အားပြုအပ်သောကျေးဇူးမရှိ'' ဟု ပြောဆိုလေ၏။

ရဟန်းတို့သည် တရားသဘင်၌ ဒေဝဒတ်သည် ကျေးဇူးကို မသိတတ်ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူလျှင် သိတော်မူ၍ ''ရဟန်းတို့.... ဒေဝဒတ်သည် ယခုအခါ၌သာ ကျေးဇူးကို မသိတတ်သည်မဟုတ်၊ ရှေးအခါ၌လည်း ကျေးဇူးကို မသိတတ်၊ ဇာဆွေခင်ပွန်းကို ပြစ်မှားတတ်၏''ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ရွှေးမဖြစ်ပုံ
မိန်းမမြို

လွန်လေပြီးသောအခါရာဇဂြိုဟ်ပြည်ဝယ် မာဂဓမင်း မင်းပြုသည်ရှိသော်ရာဇဂြိုဟ်သူဌေးသည် မိမိသားကို ဇနပုဒ်သူဌေး၏ သမီးနှင့်လက်ထပ်လေ၏၊ ထိုသူဌေးသမီးသည် မြို၏၊ နောက်အဘို့၌ လာဘသက္ကာရသည် ဆုတ်ယုတ်ခဲ့၏၊ ငါတို့သားအိမ်၌ မိန်းမသည်မြိုခဲ့၏၊အသို့လျှင် အမျိုးအနွယ်သည် ပြန့်ပွားလတံ့နည်းဟု ပြောဆိုလျှင် သူဌေးသမီး အပေါ်သို့သာ ရောက်၏။

ကိုယ်ဝန်ဆောင်ဟန်ဈွေးမဖန်

ထိုအခါ သူဌေးသမီးသည် ထိုသို့ဖြစ်စေဦး ကိုယ်ဝန်ဆောင်မိန်းမ အမူအရာကို မြဲ့ လှည့်စားမည်ဟု ကြံစည်လျက် မိမိအကျိုးစီးပွား လိုလားသောအထိန်းမအား “မိခင်.... ကိုယ်ဝန်ဆောင်မိန်းမ ဟန်ဆောင်လိုသည်၊ ကိုယ်ဝန်ဆောင်မိန်းမနှင့်တူအောင် အဘယ်သို့ပြုရသနည်း”ဟု မေး၏၊ အထိန်းမကြီးသည် “ချစ်သမီး....ဥတုလာသောအခါ ဥတုခံ အနှီးထည့်ရသည်၊ ချဉ်သောအရသာတို့ကို စားရသည်၊ မွေးဘွားခါနီးကာလ၌ လက်ခြေတို့ဖောရောင်၍လာသည်၊သားမြတ်ဖျားတို့ မည်းနက်သည်၊ နေ့တိုင်းနေ့တိုင်း အဝတ်နွမ်းကို ဝတ်ရသည် စသည်ဖြင့် နည်းပေးလေ၏၊ သူဌေးသမီးလည်း နည်းရ၍ လင်ယောကျ်ားကို ကိုယ်ဝန်ရှိကြောင်းကိုပြောကြားကာ ကိုယ်ဝန်ဆောင် အဟန်ပြုလေ၏၊ ယောကျ်ားလည်း ဝမ်းမြောက်သဖြင့် ကိုယ်ဝန် အစောင့်အရှောက်ကို ပေးလေ၏။

ခရီးသည် သားဖွားညောင်ပင်ရင်းထား

ကိုးလလွန်၍ ဆယ်လထဲ ရောက်လျှင် ယောက္ခမနှင့်လင်ယောကျ်ားတို့ကို မိဘအိမ်သို့သွား၍ ဘွားလိုကြောင်းနှင့်ပန်ကြားကာ ရထားစီးပြီးလျှင် ရာဇဂြိုဟ်ပြည်မှ အခြံအရံနှင့် တကွထွက်လေ၏၊ ထိုသူဌေးသမီး၏ရှေ့မှ လှည်းကုန်သည် တဦးသည်သွားနှင့်၏၊ ထိုလှည်း၌ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင် မိန်းမတယောက်သည် စီး၍လိုက်လာ၏၊ လှည်းစခန်းတခုတွင် စခန်းချခိုက် အနီးရှိပညောင်ပင်ရင်းသို့သွား၍ သားယောကျ်ားကလေး ဘွားမြင်ပြီးလျှင် ငါကား လှည်းနှင့်ကင်း၍မသွားနိုင် သားငယ်ကို ယူလို့မဖြစ်၊

အသက်ရှည်သော် သားမှာရနိုင်သည်ဟု နှလုံးသွင်းကာ သားငယ်ကိုထားခဲ့၍ နံနက်စောစောကလျှင် မိမိလာခဲ့ရင်း လှည်းနှင့်အတူ လိုက်လေ၏၊ သားငယ်ကို နတ်တို့စောင့်ကုန်၏။

သားဖွားဟန်မှု သူငယ်ယူ

သူဌေးသမီးလည်း နံနက်စာ စားချိန်၌ ထိုအရပ်သို့ရောက်လျှင် ခေတ္တနားနေလျက် ကိုယ်လက်သုတ်သင် ဦးမည်ဟု အထိန်းမကိုခေါ်၍ ပညောင်ပင်ရင်းသို့ဝင်ရာ ရွှေအဆင်းနှင့်တူသော မွေးဘွားစသားငယ်ကိုမြင်လျှင် အလွန် ဝမ်းမြောက်ကာ ပွေ့ချီလျက် ရင်ခွင်ကို သွေး,ကိုယ်ဝန်အညစ်အကြေးတို့ဖြင့် လိမ်းကျံစေလျက် သားဘွားမြင်ကြောင်း ပြောကြားလေလျှင် အလုပ်အကျွေးတို့သည် တင်းတိမ်ကာ ရံကြကုန်၏၊ ကိစ္စပြီးလျှင် ယောက္ခမများထံ သတင်းစကားကို စေလိုက်၏၊ ယောက္ခမများလည်း ပြန်လာရန်မှာလိုက်သဖြင့် အခြံအရံနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ပြန်လေ၏၊ သတို့သားကို အမည်မှည့်သောနေ့၌ ပညောင်ပင်ရင်း၌ မွေးဘွားသောကြောင့် နိဂြောဓသတို့သားဟု မှည့်ကြကုန်၏။

ဘွားဘက်အတူသွား ပညာသင်ကြား

ထိုနေ့ပင်လျှင် သူဌေးငယ်၏ ချွေးမလည်းမွေးဘွားရန် မိဘတို့အိမ်သို့သွားရာ လမ်းခရီးအကြားတွင် သစ်ခက်တခု အောက်၌ မွေးဘွားသဖြင့် သာခသတို့သားဟု မှည့်ကြကုန်၏၊ ထိုနေ့ပင်လျှင် သူဌေး၏အပ်လျှိုသမားမယားသည် ပုဆိုးနွမ်းအတွင်း မွေးဘွားသဖြင့် ပေါဋ္ဌိကသတို့သားဟု အမည်မှည့်ကြကုန်၏၊ သူဌေးကြီးသည် နှစ်ယောက်သော

သတို့သားတို့ကိုလည်း နိဂြောဓသတို့သားနှင့် တနေ့တည်း မွေးဘွားသဖြင့် ဆောင်ယူစေ၍ နိဂြောဓ သတို့သားနှင့် အတူ ကြီးပွားစေကုန်၏။

သတို့သားသုံးယောက်တို့သည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာ သင်ကြားကြကုန်၏၊ သူဌေးသားနှစ်ယောက်တို့သည် ဆရာအား အသပြာနှစ်ထောင်ပေး၍ သင်ကြားကုန်၏၊ ပေါဣကကား နိဂြောဓသတို့သားထံ၌ သင်ကြား၏။

**ပညာတတ်မြန်
ရပ်ဌာန်ပြန်**

ထိုသတို့သား သုံးယောက်တို့သည် အတတ်ပညာ သင်ကြားပြီးလျှင် ဆရာကို ပန်ကြား၍ တက္ကသိုလ်ပြည်မှထွက်ကာ လှည့်လည်လတ်သော်ဗာရာဏသီပြည်သို့ရောက်၍ ညအခါ နတ်ကွန်းတခု၌အိပ်ကြလေကုန်၏၊ထိုအခါဗာရာဏသီမင်း နတ်ရွာစံသဖြင့် တမြို့လုံးစည်လည်ကာ ဖုဿရထား လွှတ်ရန် အသင့်စီမံ၍ထားကုန်၏၊ ပေါဣကသည်မိုးသောက်ထ အခါ၌ နိဂြောဓ၏ခြေတို့ကို ဆုပ်နယ်လျက်နေ၏။

**နတ်ကွန်းနေကြက်
နိုက်ရန်ပြုချက်**

ထိုအခိုက်နတ်ကွန်းရှိကြက်တို့တွင်ကြက် နှစ်ကောင်သည် အထက်အောက်အိပ်ကြရာ၊ အထက်ကြက်သည် အောက်ကြက်အပေါ်၌ ကျင်ကြီးစွန့်၍ချ၏၊ အောက်ကြက်သည် အမျက်ထွက်၍“ကျင်ကြီးစွန့်ချသူကား အဘယ်သူနည်း”ဟု မေး၏၊ အထက်ကြက်သည် “အဆွေ.... အမျက်မထွက်ပါလင့်၊ မသိ၍စွန့်ချမိပါ၏”ဟု ပြော၏၊ “အချင်း....သင်ကားငါ့ကို ကျင်ကြီးစွန့်ချရမှတ်သလော၊ ငါ၏အစွမ်းကို သင်မသိသလော”ဟု ခြိမ်းချောက်ကာ ပြောလေ၏။

ကိုယ်စွမ်းပြောလျက် အမျက်ထွက်

အထက်ကြက်လည်း တောင်းပန်၍မရ သဖြင့် အမျက်ထွက်လာ၍ "အချင်း… သင်၏အစွမ်းကား အဘယ်နည်း" ဟု မေးလေ၏၊ "အချင်း….ငါ၏အသားကိုစားသူသည် နံနက် စောစော၌လျှင် အသပြာတထောင်ကိုရလတ္တံ့၊ ထို့ကြောင့် ငါမာန်တက်၏"ဟု ပြော၏၊ "အချင်း…. အသားစား၍ အသပြာတထောင်ရစေတတ်သော အစွမ်းမျှလောက်ဖြင့် မာန်မတက်သင့်၊ ငါ၏ဆူသောအသားကို စားသောသူ သည် နံနက်စောစော၌လျှင် မင်းဖြစ်လတ္တံ့၊ မဆူမခြောက် အလယ်သားကိုစားသူသည် စစ်သူကြီးဖြစ်လတ္တံ့၊ အရိုး၌ ကပ်သောအသားကို စားသောသူသည် ဘဏ္ဍာစိုးဖြစ် လတ္တံ့"ဟု တကောင်နှင့်တကောင် အစွမ်းကိုပြ၍ မာန် တက်ကာ ပြောဆိုနေကြကုန်၏။

ကြက်ကိုသတ်စား ဥယျာဉ်သွား

ပေါင်း၌ကကြားတည့်လျှင် ငါတို့မှာ ကံ ကော်ပြီ၊ အသပြာတထောင်ဖြင့် အသို ပြုအံ့နည်းဟုသစ်ပင်သို့တက်၍ အထက် ကြက်ကိုဖမ်းကာ သတ်၍မီးကင်ပြီးလျှင် ဆူသောအသား ကို နိဂြောဓအားပေး၏၊ အလယ်သားကိုသာခအားပေး ၏၊ အရိုး၌ကပ်သောအသားကို မိမိကိုယ်တိုင်စား၏၊ စား ပြီးလျှင် "အဆွေနိဂြောဓ…. သင်သည် ယနေ့မင်းဖြစ် လတ္တံ့၊ အဆွေသာခ…. သင်လည်း စစ်သူကြီးဖြစ်လတ္တံ့၊ ငါ ကား ဘဏ္ဍာစိုးဖြစ်လတ္တံ့"ဟု ပြောလေ၏၊ ထိုအခါ နှစ် ယောက်သောသူငယ်သားတို့သည် "အဆွေ…. အဘယ် ကြောင့်သိသနည်း"ဟု မေးပြန်ရာ အကြောင်းစုံကို ပြော ကြားလေ၏၊ ထိုနောက်သတို့သားတို့သည် နံနက်စာစား

ချိန်ဝယ် မြို့တွင်းရှိ ပုဏ္ဏားတယောက်အိမ်၌ ထောပတ်သကာနှင့်ရောသော ဃနာထမင်းကို စားပြီးလျှင် မင်း၏ဥယျာဉ်တော်သို့ဝင်ကာ နိဂြောဓသည်မင်္ဂလာကျောက်ဖျာပေါ်၌အိပ်၏၊ သာခနှင့်ပေါ်ဌကတို့သည် အပြင်ပ၌အိပ်ကြကုန်၏။

ဥယျာဉ်အိပ်နိုက်ရထားဆိုက်

ထိုအခါ ပုရောဟိတ်သည် စီရင်ထားသောဖုဿရထားကို မင်းမြောက်တန်ဆာငါးပါးတင်ကာလွှတ်လေ၏၊ရထားသည် ဥယျာဉ်တော်သို့ဝင်လျက် မင်္ဂလာကျောက်ဖျာအနီးတွင်ရပ်၏၊ ပုရောဟိတ်လည်း ကျောက်ဖျာထက်၌အိပ်နေသောနိဂြောဓသတို့သားကိုမြင်လျှင် ဘုန်းရှိသူဖြစ်လိမ့်မည်ဟု ခြေကိုဖွင့်၍ကြည့်ပြီးလျှင် "အချင်းတို့···· ဤသူကားဗာရာဏသီမင်းအဖြစ်ကိုထားဘိဦး၊ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ကေရာဇ်မင်းဖြစ်ထိုက်၏"ဟု ပြောကြားပြီးလျှင် အလုံးစုံသောတူရိယာတို့ကို တပြိုင်နက်တီးမှုတ်စေ၏၊ နိဂြောဓသတို့သားနိုး၍ မျက်နှာဖွင့်ကြည့်ပြီးလျှင် အနည်းငယ်လျောင်း၍ တဖန် ထက်ဝယ်ဖွဲ့ကာထိုင်လေ၏။

နိဂြောဓ လုလင်မင်းမြောက်တင်

ပုရောဟိတ်သည် ပုဆစ်တုပ်၍ "အရှင်မင်းကြီး····ဗာရာဏသီမင်းအဖြစ်သည် အရှင် မင်းကြီးသို့ ရောက်ပါပြီ" ဟု လျှောက်ထားတောင်းပန်ပြီးလျှင် မင်းမြောက်တန်ဆာတို့ကိုဝတ်ဆင်စေ၍ အဘိသိက်သွန်းကာ မင်းမြောက်လေ၏၊ နိဂြောဓသတို့သားမင်းအဖြစ်သို့ရောက်လျှင်သာခသတို့သားအား စစ်သူကြီးအရာကိုပေး၍ မြို့တွင်းသို့ဝင်၏၊ ပေါ်ဌကလည်း မင်းကြီးနှင့်အတူလိုက်လေ၏။

မိဘခေါ်နိုင်းကြ ပေါဋ္ဌိက

မင်းကြီးသည် တနေ့သ၌ မယ်တော်ခမည်းတော်တို့ကို သတိရသဖြင့် သာခစစ်သူကြီးကို အခေါ်ခိုင်းရာ မယ်တော်ခမည်းတော်တို့ထံ ပြဘွယ်ကိစ္စမရှိဟုပယ်လေ၏၊ ထို့နောင် ပေါဋ္ဌိကကိုခိုင်းတော်မူပြန်၏၊ ပေါဋ္ဌိကလည်း မင်းကြီး၏ မယ်တော်ခမည်းတော်တို့ထံသွား၍ "သင်တို့သား နိဂြောဓသည် ဗာရာဏသီပြည်၌ မင်းဖြစ်၍နေပြီ၊ အခေါ်ခိုင်း၍ လာခဲ့သည်၊ ချမ်းသာစွာ စားသောက်နေရန် လိုက်ခဲ့ကြပါ"ဟုခေါ်သော်လည်း ငါတို့မှာ ဥစ္စာပစ္စည်းများစွာရှိ၏၊ မလိုက်လိုဟု ငြင်းပယ်ကုန်၏၊ သာခစစ်သူကြီး၏ မိဘတို့ကို ခေါ်ပြန်ရာလည်း ထိုအတူ ငြင်းပယ်ကုန်၏၊မိမိ၏ မိဘတို့ကို ခေါ်ပြန်ရာလည်း မလိုက်လို အပ်ချုပ်၍ အသက်မွေးမည်ဟု ငြင်းပယ်ကုန်၏။

ကျေးဇူးဖျက်သီး စစ်သူကြီး

ထိုအခါ ပေါဋ္ဌိကသည် ဗာရာဏသီပြည်သို့ပြန်ခဲ့၍ သာခစစ်သူကြီး အိမ်၌ အပန်းဖြေပြီးမှ နိဂြောဓ မင်းကြီးကို ဖူးမြင်မည်ဟု ကြံစည်ကာ သာခစစ်သူကြီးအိမ် တံခါးသို့ သွား၍ တံခါးစောင့်အား "အမောင်.... စစ်သူကြီးကို သင်တို့အဆွေ ပေါဋ္ဌိကလာသည် လျှောက်ထားပေးပါ" ဟု စေခိုင်း၏၊ တံခါးစောင့် သွား၍ လျှောက်ထားရာ မင်းအဖြစ်ကိုမပေး၍ ရန်ငြိုးထားခဲ့ဘူးသဖြင့် ပေါဋ္ဌိက အမည်ကိုကြားကာမျှဖြင့်ပင် အမျက်ထွက်၍ "ပေါဋ္ဌိက၏ အဘယ်အဆွေနည်း၊ ကျွန်မသား အရူးဖြစ်၏"ဟု ပြောဆိုကာ ရိုက်ပုတ်ထောင်းထုစေပြီးလျှင် လည်ပင်းကိုကိုင်၍ ထုတ်စေ၏။

ပေါဋ္ဋကပြန်ရောက်ကြောင်းစုံလျှောက်

ပေါဋ္ဋကသည် သာခကား ငါ့ထံမှ စစ်သူကြီးအရာကိုရပါလျက် သူ့ကျေးဇူးကိုမသိ၊ ကျေးဇူးရှင်အဆွေခင်ပွန်းကို ရိုက်ပုတ်ထောင်းထု၍နှင်ထုတ်စေဘိ၏၊ ငါ့အဆွေနိဗြောဓမင်းကြီးကား ပညာရှိ၏၊သူ့ကျေးဇူးကိုသိတတ်၏၊သူတော်ကောင်းတည်းဟု ကြံစည်လျက် မင်းကြီး၏ အိမ်တံခါးသို့သွား၍ တံခါးစောင့်အား "အဆွေတော် ပေါဋ္ဋကလာကြောင်း လျှောက်စေ၏"၊ မင်းကြီးလည်း ခေါ်စေ၍ နေရာမှထပြီးလျှင် ခရီးဦးကြိုဆို၍ ထမင်းစားစေပြီးလျှင် မယ်တော်ခမည်းတော်တို့အကြောင်းကို မေးသဖြင့်ပေါဋ္ဋကလည်း အကြောင်းစုံ လျှောက်ထားလေ၏။

စစ်သူကြီးရှေ့မှောက် ပေါကဋ္ဋလျှောက်

သာခ စစ်သူကြီးလည်း ပေါဋ္ဋကသည် မင်းကြီးနှင့် ငါ့ကို အချစ်ပျက်အောင် ကုန်းတိုက် လိမ့်မည်၊ ငါ့မျက်မှောက်ဖြစ်လျှင် တိုက်ဝံ့မည်မဟုတ်ဟုမင်းကြီးထံအမြန်လိုက်သွားရာ ပေါဋ္ဋကနှင့်ဆုံမိလေ၏၊ ပေါဋ္ဋကလည်း သာခစစ်သူကြီးမျက်မှောက်မှာပင် "အရှင်မင်းကြီး.... အကျွန်ုပ်သည် သာခစစ်သူကြီးအိမ်၌ အပန်းဖြေမည်ဟု မိမိလာကြောင်း ပြောကြားစေရာ သာခစစ်သူကြီးသည် ထိုသူကိုငါမသိဆို၍ ရိုက်ပုတ် ထောင်းထု၍ နှင်ထုတ်စေပါ၏၊ ယုံတော်မူပါ" ဟု လျှောက်ထားပြီးလျှင်—

"အရှင်မင်းကြီး.. ဤသူကား အဘယ်သူနည်း၊ အဘယ်သူ၏ အဆွေခင်ပွန်းနည်း၊ ဤသူကိုငါမသိဆို၍ သာခစစ်သူကြီးပြုလုပ်သကဲ့သို့ အရှင်မင်းကြီးသည် အဘယ်ကြောင့် မပြုလုပ်ပါသနည်း"။

"အရှင်မင်းကြီး···· ရိုက်ပုတ် ထောင်းထု စေပြီးမှ သာခစ်သူကြီးစကားကို လိုက်နာကုန်သော သူတို့သည် အကျွန်ုပ်ကို နှုတ်လှံ့ဆိုးကာ လည်ပင်းကိုကိုင်၍ ငင်ထုတ်ကုန်၏"။

"အရှင်မင်းကြီး····ပညာဉာဏ်မရှိ၊သူ့ကျေးဇူးကိုလည်းမသိ၊အဆွေခင်ပွန်းကိုပြစ်မှားတတ်သော အရှင်မင်းမြတ်၏ အဆွေခင်ပွန်းဖြစ်သော သာခသည် ဤသို့ သူတော်မဟုတ် သူယုတ်တို့အကျင့်ကို ကျင့်အပ်ပြီ"—

ဟု ဖြစ်ပျက်ပုံအလုံးစုံကို လျှောက်ထားပြန်၏။

ကျေးဇူးရှိဘူး မင်းချီးကျူး

ထိုအခါ နိဂြောဓမင်းကြီးသည် ပေါဋ္ဌိကကျေးဇူးကို သာခစ်သူကြီးအား ပြောလိုသဖြင့်—

"အဆွေပေါဋ္ဌိက····ဤသူကိုငါမသိဆို၍ သာခသည် ရိုက်ပုတ် ထောင်းထု၍ နှင်ထုတ်ခြင်းအမှုကို ပြုအပ်၏ဟူသော စကားကို သင်သည် ငါ့အား လျှောက်ထား၏၊ တစုံ တယောက်သော သူသည် မလျှောက်ထား"။

"အဆွေပေါဋ္ဌိက····သင်သည် ငါနှင့် သာခနှစ်ပါးစုံသော အဆွေခင်ပွန်းတို့အား ချမ်းသာစွာ အသက်မွေးကြောင်းကို ပေးသောသူ ဖြစ်ပေ၏၊ သင်သည် ငါတို့နှစ်ယောက်အား လူ့ပြည်၌ မွန်မြတ်သောမင်းစည်းစိမ်ကိုပေးသောသူဖြစ်ပေ၏"။

သူမိုက်ကျင့်ပျက်
ကျေးဇူးဖျက်

"အဆွေပေါဋ္ဌိက.... ဤမင်း စည်းစိမ်တို့ကိုငါတို့သည် သင့်ထံမှရအပ်ကုန်၏၊ ဤမင်းစည်းစိမ်ရရာ၌ ငါ့အားယုံမှားသံသယမရှိပေ၊ မီး၌ထည့်အပ်သော မျိုးစေ့သည် အပင်မပေါက် ပြာဖြစ်သကဲ့သို့ ထို့အတူ သူယုတ်မာ၌ပြုအပ်သောကျေးဇူးသည် အကျိုးမရှိပျောက်ပျက်၏"။

"ကျေးဇူးကိုသိ၍ မြတ်သောအကျင့်သီလရှိသောသူ၌ ပြုအပ်သော ကျေးဇူးကား များစွာ အကျိုးရှိ၏၊ ချိုင်း၄မ်းသော လယ်ခမြကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အပင်ပေါက်၍ မပျောက်ပျက်သကဲ့သို့ ထို့အတူ ထိုကျေးဇူးကိုသိတတ်သောသူ၌ ပြုအပ်သော ကျေးဇူးသည် မပျောက်ပျက်လေ"—

ဟု သာခ၏အပြစ်ကို ပြောဆိုလေ၏၊ ထိုအခါ သာခလည်း မင်းကြီး၏ရှေ့တော်မှာပင် တည်၏။

ကျေးဇူးမသိလတ်
လှံနှင့်ထိုးသတ်

တဘန် မင်းကြီးသည် သာခစစ်သူကြီးကို "သင်သည် ပေါဋ္ဌိကကို သိပြီလော" ဟု မေး၏၊ သာခ စစ်သူကြီးသည် ဆိတ်ဆိတ်သာနေ၏၊တဘန် နိဂြောဓမင်းကြီးသည်—

"အို-အမတ်တို့.. ယုတ်မာလျက် စဉ်းလဲ လှည့်ပတ်တတ်၍ သူယုတ်တို့အကြံကို ကြံစည်တတ်သော ဤသာခကိုလှံသေးလှံမတို့ဖြင့်ထိုးသတ်ကြကုန်လော့၊ သာခအား အသက်ရှင်ခြင်းကို ငါအလိုမရှိ"—

ဟု မင်းဒဏ် ပေးလေ၏။

ပေါဋ္ဌကလျှောက်ပြန် မင်းသည်းခံ

ထိုအခါ ပေါဋ္ဌကသည် ဤသူယုတ်ကား ငါ့ကိုမှီ၍ မပျက်စီးပါစေလင့်ဟု ကြံစည်၍—

"မြတ်သော မင်းကြီး.... ဤသူယုတ်မာအား သည်းခံတော်မူပါ၊အသက်ကိုတဘန်ဆောင်ခြင်းငှါ မတတ်ကောင်း၊ သူတော်ကောင်း၏ ဆန့်ကျင်ဘက်ရန်သူဖြစ်သောသူယုတ်မာအား သည်းခံတော်မူပါ၊ ဤသူယုတ်မာ သာခအား သတ်ခြင်းကို အကျွန်ုပ် အလိုမရှိပါ"—

ဟု သာခအား အသက်ကို ချမ်းသာပေးရန် လျှောက်ထားပြန်၏၊ မင်းကြီးသည် ပေါဋ္ဌကစကားကို ကြားလျှင် "သာခအား ငါသည်းခံ၏"ဟု ဆို၏။

ကျေးရွာဂုဏ်မြတ် ရာထူးအပ်

ထိုအခါ မင်းကြီးသည် စစ်သူကြီးရာထူးကို ပေါဋ္ဌကအား ပေးလို၏၊ ပေါဋ္ဌကမူကား အလိုမရှိ၊ မင်းကြီးသည် ပေါဋ္ဌကအား အလုံးစုံသော စစ်သူကြီးတို့ကို စီမံရသော ဘဏ္ဍာစိုးရာထူးကိုပေးလေ၏၊[ထိုဘဏ္ဍာစိုးရာထူးကား ရှေးအခါ၌မဖြစ်စဘူး၊ နိဂြောဓမင်းကြီးလက်ထက်တော်မှစ၍ဖြစ်သတတ်။]နောက်အဘို့၌ဘဏ္ဍာစိုးပေါဋ္ဌကသည် စည်းစိမ်ဥစ္စာ သားသမီးတို့ဖြင့် ကြီးပွားသည်ဖြစ်၍—

"ချစ်သားချစ်သမီးတို့..သာခစစ်သူကြီး၏ထံ၌ အသက်ရှင်နေရခြင်းထက်နိဂြောဓမင်းကြီး၏ထံ၌ သေရခြင်းကမြတ်လှ၏၊ ထို့ကြောင့် အမောင်တို့

သည် နိဂြောဓမင်းကြီးကိုသာလျှင် မှီဝဲဆည်းကပ်
ကြရာ၏၊ သာခစစ်သူကြီးကို မမှီဝဲ မဆည်းကပ်
ကြရာ''—

ဟု သားသမီးတို့အား အမြဲဆုံးမလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်
နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-
ရဟန်းတို့....

※ ထိုအခါသာခသည်-ယခုအခါဒေဝဒတ်။
※ ပေါ္ဋိကသည်-အာနန္ဒာ။
※ နိဂြောဓသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကျေးဇူးမဲ့ရေး၊ငမိုက်ခွေး၊ညစ်ထေးသူယုတ်မာ။
(၂) ကျေးဇူးသိလျှင်၊ပညာရှင်၊ဖြူစင်သူတော်စွာ။
(၃) သူယုတ်ထံဦး၊ပြုကျေးဇူး၊ထိမ်မြူးပျောက်ကွယ်ရာ။
(၄) သူတော်ထံဦး၊ပြုကျေးဇူး၊မမြူးမထိမ်ရာ၊

နိဂြောဓဇာတ် ပြီး၏။

၄၄၆-တက္ကလဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

မိမိချစ်သား အိမ်ထောင်ထား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်
စွာဘုရားသည် ဇေတဝန် ကျောင်း၌
သီတင်းသုံးတော်မူစဉ် သူဆင်းရဲမျိုး၌

ဖြစ်သော သီတင်းသည် တယောက်သည် အမိသေလွန်သည်ရှိသော် အခစားလုပ်ခြင်း လယ်ယာ ထွန်ခြင်း စသောအမှုတို့ကို ပြုလုပ်လျက် အဘကိုရှိသေစွာလုပ်ကျွေးလေ၏။

ထိုအခါ အဘသည်သားအား "ချစ်သား····သင်သည် အိမ်တွင်း အိမ်ပ အလုံးစုံသော ကိစ္စတို့ကို ပြုလုပ်ရ၏၊ တယောက်သော အမျိုးသမီးကို ဆောင်ယူ လက်ထပ်သည်ရှိသော် သင်၏ကိုယ်စား အိမ်တွင်းမှုကို ပြုလုပ်ဘော်ရလတ့်"ဟု ပြော၏၊"ဘခင်····လက်မထပ်ပါလင့်၊ မိန်းမတို့မည်သည် အိမ်သို့ ရောက်သည်ရှိသော် ဘခင်၏၎င်း၊ အကျွန်ုပ်၏၎င်း စိတ်ချမ်းသာခြင်းကို ပြုလုပ်လိမ့်မည် မဟုတ်"ဟုတားမြစ်၏၊ ဘခင်သည် တားမြစ်သော်လည်း မနာယူဘဲ အတင်းဆောင်ယူကာ လက်ထပ်လေ၏။

ဖခင်နှင့်သားတိုက် ချွေးမမိုက်

အမျိုးသမီးသည် အိမ်သို့ရောက်စအခါ၌ ယောက္ခမအား၎င်း, လင်အား၎င်း အိမ်ဦးနတ်ကဲ့သို့ ရှိသေစွာ လုပ်ကျွေး၏၊ထိုအခါ လင်ယောကျ်ားသည် အဘအား ပြုစုဘော်ရပေသည်ဟု နှစ်သက်သဖြင့် မယားအားသာ အစားအစာ ပစ္စည်းဥစ္စာတို့ကို အပ်နှင်းလေ၏၊ မယားသည် နောက်အခါ လင်နှစ်သက်မှန်း သိလျှင် မာန်တက်၍ ယောက္ခမအား ရိုသေစွာ မလုပ်ကျွေးတော့ဘဲ အမြဲဆန့်ကျင်ဘက်ကိုသာ ပြုလေ၏။

တနေ့သ၌ တအိမ်လုံး အညစ်အကြေးတို့ဖြင့် လိမ်းကျံစေလျက် လင်ယောကျ်ားလာသောအခါ အဘသက်ကြီးအိုပြုလုပ်ကြောင်း အတူတကွ မနေနိုင်တော့ကြောင်းကို

ပြောဆိုကုန်းတိုက်လျက် ဤအိမ်မှ သက်ကြီးအိုကိုလည်း နှင်ချပါ၊ သို့တည်းမဟုတ် မိမိမူလည်းဆင်းသွားမည်''ဟု ပြောဆိုလေ၏။

ထိုအခါ လင်ယောက်ျားလည်းသင်မာ

သည်ရှိလေ၏၊ ထိုသားသည် အမိအဘတို့ကို လုပ်ကျွေး၏၊ နောက်အခါ အမိ သေလွန်သည် ရှိသော် အဘကိုလုပ်ကျွေး၏။

ထိုအခါ အဘသည် သားအလိုမရှိဘဲ အဘန် ဘန် ပြင်းဆန်ပယ်ပါလျက် အမျိုးသမီးတယောက်ကို အိမ်သို့ ဆောင်ယူကာသားနှင့်လက်ထပ်လေ၏၊ ထိုအမျိုးသမီးသည် အဘအားရင်း, လင်ယောကျ်ားအားရင်း ရှိသေစွာလုပ်ကျွေး၏၊ နောက်အဘို့၌ ယောက္ခမအိုနှင့်လင်ယောကျ်ားကို ကုန်းတိုက်လေ၏။

ချွေးမစိတ်ရိုင်း အဖသတ်နိုင်း

"အရှင်....သက်ကြီးအိုကားအကျွန်ုပ်ကိုအမြဲ ခိုက်ရန်ပြုဘိ၏၊ခက်ထန်ကြမ်းကြုတ်၏၊သင့်အဘနှင့်အတူမနေနိုင်ပါ၊ သင့်အဘလည်း အိုမင်းပြီ၊ မချုတ်လျှင် နှစ်ရက် သုံးရက် လွန်လျှင် သေလတ့်၊ ့သို့အတွက် သုသာန်သို့ ဆောင်ယူ၍ သတ်ရမည်" ဟု ပြောဆိုလေ၏၊ လင်ယောကျ်ားလည်း မိန်းမယုတ်ကုန်းတိုက်သည်ကို ယုံကြည်သဖြင့် "ရှင်မ.... လူတယောက်ကို သတ်ရသည်မှာ လွယ်ကူသော အလုပ် မဟုတ်၊ဘယ်လိုသတ်ရမည်နည်း"ဟုပြော၏၊"အရှင်.... မည်သည့်ရွာ၌ အမိ၏ဥစ္စာရှိသည် ဘခင်အသက်ရှင်စဉ် တောင်းမှ ရမည်ဟုဆို၍ လှည်း၌တင်ကာ သုသာန်သို့ ဆောင်ယူပြီးလျှင် တွင်း၌ထည့်၍ ပေါက်တူး နှောင့်ဖြင့် ရိုက်သတ်ပြီး မြေမြှုပ်ခဲ့ရမည်"ဟုနည်းပေးလေ၏။

ဖခင်သတ်ရန် သားမိုက်ကြံ

လင်ယောကျ်ား ဖြစ်သော သဝိဋ္ဌကသည် မယားစကားကိုနားထောင်ကာ သုသာန်သို့သွားရန် စီစဉ်လေ၏။

ထိုသဝိဋ္ဌကအား ခုနစ်နှစ်အရွယ် သားတယောက်ရှိ၏၊ ပညာရှိ၏၊မိဘတို့တိုင်ပင်သော စကားကို ကြားလျှင် ငါ့အမိ ကားယုတ်မာ၏၊ အဘကိုပိတုဃာတကကံ ပြုလုပ်ရန်တိုက် တွန်းဘိ၏၊ငါနည်းပြု၍ ဆုံးမမည်ဟု ကြံစည်၍ အဘိုးနှင့် အတူအိပ်၏၊ သဝိဋ္ဌကလည်း မယားပြောကြားသောအချိန် ၌ ယာဉ်ကိုက၍ ဘခင်အား "ဘခင်....လာပါ၊မြို့တောင်း သွားမည်" ဟု ဆို၍ လှည်းပေါ်သို့တက်စေ၏၊ သားငယ် သည် ရှေးဦးစွာယာဉ်သို့တက်နှင့်၏၊ သဝိဋ္ဌကလည်း တား မြစ်ခြင်းငှါ မတတ်နိုင်၊ သားငယ်နှင့် အတူသာလျှင် သုသာန်သို့ မောင်းနှင်၏၊ရောက်လျှင် အဘနှင့်သားငယ်ကို တနေရာမှာထား၍ ပေါက်တူးကိုယူလျက် ပုန်းကွယ်ရာ၌ တွင်းကို တူးလေ၏။

သားငယ်မေးမှု ပြောကြားပုံ

ထိုအခါ သားငယ်သည် ယာဉ်မှ ဆင်း သက်၍ အဘထံသို့ သွားကာ—

"ဘခင်....သုသာန်တောအလယ်၌ သထွေးဥ, ကညင်ဥ,ပိန်းဥ,မျောက်ဥတို့ မရှိကုန်၊ သို့ပါလျက် သင်သည် တယောက်ထီးတည်း ဘယ်အကျိုးငှါ တွင်းကို တူးဘိသနည်း"—

ဟု ဘခင်အား ပဋိသန္ဓာရ စကားဖြစ်စေ၍ တွင်းတူး ခြင်းအကြောင်းကို မေးလေ၏၊ သဝိဋ္ဌကလည်း သားငယ် စကားကိုကြားလျှင်—

"ချစ်သား.... သင့်အဘိုးကား အလွန်အား နည်းပြီ၊ အိုမင်းခဲ့ပြီ၊ အနာများစွာနှိပ်စက်ခဲ့ပြီ၊

ထိုကြောင့် ငါသည် ယနေ့ ဤတွင်း၌ သင့်အဘိုးကို မြှုပ်သတ်မည်၊ စင်စစ်သင့်အဘိုး၏ အားနည်း အိုမင်း ဆင်းရဲလျက် အသက်ရှည်ခြင်းကို ငါမနှစ် သက်"–

ဟု သားငယ်အား တွင်းတူးခြင်းအကြောင်းကို ပြော ဆိုလေ၏။

ဘိုးအိုသတ်ဘွယ် သားဥပါယ်

ထိုအခါ သားငယ်သည် ဘခင်အား ဥပါယ်တခုဖြင့် ဆုံးမပြောဆိုလို၍–

"ဘခင်....သင်ကား ယုတ်မာစွာ အဘိုးကို ဆင်းရဲမှ လွတ်စေကြောင်းအကြံကို ရအပ်ပြီ၊ သင်သည် ပစ္စုပ္ပန် သံသရာနှစ်ဖြာသော အကျိုး စီးပွားကိုလွန်သောကြမ်းကြုတ်သောပိတုဃာတက ကံကို ပြုဘိ၏"–

ဟု ဘခင်အား အကြောင်းပြ၍ ပြောဆိုပြီးလျှင် ဘခင် လက်မှပေါက်တူးကိုယူ၍ မနီးမဝေး အရပ်၌ တွင်းတခုကို တူးပြန်၏၊ "ဘခင်သည် သားငယ်အား အဘယ်ကြောင့် တွင်းကိုတူးပြန်သနည်း"ဟုမေးလေ၏၊ သားငယ်သည်–

"ဘခင်....သင်ဘခင်ပြုသော အမှုကို အကျွန်ုပ် နည်းလမ်းရပေပြီ၊ အကျွန်ုပ်လည်း သင်ဘခင် အိုမင်းသောအခါ မြှုပ်သတ်မည်ဟု တွင်းကို တူး အပ်၏၊ ဘခင်၏အလေ့အကျင့်ကို အတုယူ၍ ကျင့် ကာ သင်ဘခင်ကို ဤတွင်း၌ မြှုပ်သတ်မည်"–

ဟု ဘခင်အား သတိရအောင် ပြောဆို၏။

ကံကြီးမြစ်မှား သားကတား

ထိုအခါ သဝိဋ္ဌကသည် သားငယ်ပြောသော စကားကို ကြားသဖြင့် ကဲ့ရဲ့လို၍–

"ချစ်သား....သင်သည် ရုန့်ရင်း ကြမ်းကြုတ်သောစကားတို့ဖြင့် ငါ့ကို နှိပ်စက် ထိပါး၍ ဖြေဆိုဘိ၏၊ ချစ်သား...သင်သည် ငါ၏ရင်၌ဖြစ်သောသားဖြစ်ပါလျက် ငါ၏အကျိုးစီးပွားကို အလိုမရှိသည်ဖြစ်၏"–

ဟု သားငယ်အား ဆုံးမစကားပြောဆိုပြန်၏၊ ပညာရှိသော သားငယ်သည်–

"ဘခင်....အကျွန်ုပ်ကား သင်ဘခင်၏အကျိုးစီးပွားကို အလိုမရှိသည် မဟုတ်၊ သင်ဘခင်၏အကျိုး စီးပွားကို အလိုရှိခဲ့၏၊ ယုတ်မာသော အနန္တရိယကံကိုပြုကျင့်မည်ဖြစ်သော သင်ဘခင်ကို အကျွန်ုပ်သည် တားမြစ်ထိုက်ပါ၏၊ ထိုထက်အလွန် သင်ဘခင်သည် အကျွန်ုပ်တို့ကို တားမြစ်ထိုက်ပါ၏"။

မိဘ ဂုဏ်ထူး သားငယ်ချီးကျူး

"ဘခင်..ယုတ်မာသော အကျင့်ရှိသော သားသည် မပြစ်မှားထိုက်သော အမိအဘတို့ကို သတ်ပုတ်ညှဉ်းဆဲဘိ၏၊ အမိအဘတို့ကို သတ်ပုတ်ညှဉ်းဆဲသော ထိုသားယုတ်သည် သေ၍ တမလွန်ဘဝ၌ ယုံမှားမရှိ ငရဲသို့လားရ၏"။

"ဘခင်....ကောင်းသော အကျင့်ရှိသော သားသည် အမိအဘတို့ကို ထမင်း အဖျော်တို့ဖြင့် လုပ်

ကျွေးမွေးမှု၏၊ အမိအဘတို့ကို လုပ်ကျွေး မွေးမြူသော သားလိမ်မာသည် သေ၍တမလွန်ဘဝ၌ ယုံမှားမရှိ နတ်ရွာသုဂတိသို့ လားရ၏”–

ဟုဘခင်အား ဥဒါန်းဂါထာတို့ကို ကျူးရင့်ကာတရား ဟောလေ၏။

သားငယ်ဟောပြ သဘောကျ

သားငယ်၏ ပြောကြားသော တရားစကားကို ကြားရလျှင် ဘခင်သည်–

“ချစ်သား.... သင်ကား ငါဘခင်၏ အကျိုးစီးပွားကို အလိုမရှိသည်မဟုတ်၊ အလိုရှိပေ၏၊ ချစ်သား သင့်မိခင်သည် တိုက်တွန်းအပ်သည်ဖြစ်၍ ငါသည် ဤသို့သဘောရှိသော ကြမ်းကြုတ်သော အနန္တရိယကံကို ပြုမည်ဟု ကြံစည်မိပါ၏”–

ဟု သားငယ်အား ပြောဆို၍ အမှန်အတိုင်း ဝန်ခံလေ၏၊ သားငယ်သည် “ဘခင်.... မိန်းမတို့သည် ဒေါသဖြစ်လာသော် မနှိပ်ငြားအံ့၊ အဘန်တလဲလဲ မကောင်းမှုကို ပြုတတ်၏၊ ထို့ကြောင့် နောက်ထပ်တဘန် မကောင်းမှုကို မပြုဝံ့အောင်ပုတ်ခတ်ကြိမ်းမောင်းပါ”ဟုပြောဆိုပြီးလျှင်–

“ဘခင်....သင်၏ မယားသည် ယုတ်မာသောသဘောရှိ၏၊ထိုမယားသည် သင်ဘခင်အား တပါးသော ဆင်းရဲကိုလည်း ဖြစ်စေရာ၏၊ဘခင်၏မယားကား အကျွန်ုပ်ကို မွေးဘွားသော အမိရင်းလည်းမှန်၏၊ ထိုမိခင်ကို အိမ်မှ နှင်ထုတ်ပါ”–

ဟု မိခင်၏ အပြစ်ကို ပြောဆို၍ ဆုံးမရန် နည်းပေး၏။

ပြန်လာတူတွဲ
မယားဆဲ

သဝိဋ္ဌကလည်း သားပညာရှိ၏ စကားကို ကြားရလျှင် ဝမ်းမြောက် သဖြင့် ချစ်သား သွားမည်ဆို၍ သားအဘ မြေးအဘိုးတို့သည် ယာဉ်ဖြင့် အိမ်သို့ပြန်ကြကုန်၏။

ယုတ်မာသော မယားလည်း အသရေမရှိသော သက်ကြီးအို သူယုတ်သည် ငါ့အိမ်မှ ထွက်လေပြီ ဟု အလွန်နှစ်သက်ရွှင်လန်းလျက် အိမ်ကိုနွားချေးစိုတို့ဖြင့် လိမ်းကျံပြီးလျှင် ယနာနို့ထမင်းကို ချက်၍ လင်နှင့်သားတို့ လာရာလမ်းခရီးကိုသာ ကြည့်မြော်၍ နေနှင့်၏၊ ပြန်လာသော သားအဘ မြေးအဘိုးတို့ကို မြင်လျှင် အိမ်မှထွက်လေပြီးသော သက်ကြီးအိုသူယုတ်ကို ပြန်၍ခေါ်လာပြန်ပြီ ဟု လွန်စွာ အမျက်ထွက်လျက် "ဟယ် -ကောက်ကျစ်စဉ်းလဲသောသူယုတ်..အိမ်မှ ထွက်လေပြီးသော အသရေမရှိတဲ့ သက်ကြီးအိုသူယုတ်ကို တဘန်ပြန်၍ ခေါ်လာပြန်ပြီ" ဟု ဆဲကြိုဆဲရေးကာ ရန်တွေ့လေ၏။

ရိုက်ပုတ်နှင်ထုတ်
မယားယုတ်

သဝိဋ္ဌကလည်း တစုံတရာစကား မဆိုသေးဘဲ ယာဉ်ကို ချွတ်ပြီးလျှင် "ဟယ်- မိန်းမယုတ်....နင်ဘယ်စကားကို ဆိုသနည်း" ဟု ပြောဆိုငေါက်ငမ်းကာ မယားကို ပြင်းထန်စွာ ရိုက်ပုတ်ညှဉ်းဆဲထောင်းထုပြီးလျှင် "ဤနေ့မှစ၍နင်ဤအိမ်သို့မဝင်ရ" ဟု ကြိမ်းမောင်းကာ ခြေနှစ်ချောင်းကို ကိုင်၍ ထုတ်လေ၏၊ ထိုနောက် အဘအိုနှင့် သားငယ်တို့ကို ရေချိုးစေပြီးလျှင် သားအဘမြေးအဘိုး သုံးယောက်တို့သည် အတူတကွ ထမင်းစားကုန်၏၊ မိန်းမယုတ်ကား နှစ်ရက် သုံးရက် အခြားအိမ်၌သာနေရ၏။

ထိုအခါ သားငယ်သည် "ဘခင်…. ငါ့အမိသည် ဤသို့ ကြမ်းမောင်းကာမျှဖြင့် သိမည်မဟုတ်၊ မိခင် နှလုံးမသက် သာအောင်ပြုရန် မည်သည့်ရွာ၌ ဦးရိုး၏သမီးကိုဆောင်ယူ၍ အိမ်ရှင်မ ပြုမည်ဟု သတင်းလွင့်ကာ ပန်းနံ့သာစသည်တို့ကိုစီရင်၍ လှည်းတို့ကိုကလျက် လယ်တောသို့သွားပြီးလျှင် ညချမ်းအခါ၌ ပြန်လာခဲ့လော့"ဟု ဘခင်အားနည်းပေးပြန်၏၊ ဘခင်လည်း သားပညာရှိ နည်းပေးတိုင်း ပြုလုပ်လေ၏။

မယားမာနကျ ကံတော့ဝန်ချ

အိမ်နိုးချင်းမိန်းမတို့သည် ထိုမိန်းမအား "အမိ…. သင့် လင်ယောကျ်ားသည် အခြားမိန်းမတယောက်ကို ဆောင်ယူရန် ဤမည်သောရွာသို့ သွားသတတ်"ဟု ပြောကြားကြကုန်၏၊ ထိုမိန်းမသည် ယခုငါသည် ပျက်စီးချေပြီ၊ ဤနေ့မှစ၍ တဘန်လင့်အိမ်၌နေခွင့်မရှိပြီဟု ကြောက်ရွံ့သည်ဖြစ်၍ ကိုးကွယ်ရာမဲ့ဖြစ်ကာ သားပညာရှိထံသို့သွား၍"ချစ်သား… မိခင်မှာ ချစ်သားမှတပါး ကိုးကွယ်ရာမရှိပါ၊ ဤနေ့မှစ၍ သင်ချစ်သား အဘကိုရင်း, အဘိုးကိုရင်း တန်ဆာဆင်ထားသောဂူပုထိုးကဲ့သို့ ရိုသေစွာလုပ်ကျွေးပါမည်၊ အိမ်သို့ဝင်ခွင့်ပြုပါ"ဟု တောင်းပန်လေ၏။

သားငယ်ဟောပြ တူနေကြ

သားငယ်သည် "မိခင်…. နောက်တဘန် ဤသို့သောမကောင်းမှုကို မပြုပါလင့်၊ သတိနှင့်နေပါ"ဟု ပြောဆိုဆုံးမပြီးလျှင် ဘခင်လာသောအခါ–

"ဘခင်…. သင်ဘခင်၏မယားသည် ယုတ်မာသောအကျင့်ရှိ၏၊ ထိုမယားသည် အကျွန်ုပ်ကိုမွေး

ဘွားသောအမိရင်းမှန်ပါ၏၊ ယုတ်မာသောအကျင့်
ရှိဘူးသောငါ့မိခင်သည် ယခုအခါ ယဉ်ကျေးသော
ဆင်မကဲ့သို့ ယဉ်ကျေးလာပါပြီ၊ အလွန်ကောင်း
သော စိတ်နှလုံးရှိလာပါပြီ၊ အိမ်သို့တဘန်ဝင်ခွင့်
ပြုပါ”—

ဟု မိခင်ကိုပြန်လာစေရန် ဘခင်အား တရားဟောပြီးလျှင် သွား၍ မိခင်ကိုအိမ်သို့ဆောင်ယူလေ၏၊ မိခင်သည် လင်ကိုရင်း, ယောက္ခမကိုရင်း ကန်တော့တောင်းပန်၍၊ ယဉ်ကျေး၍လာ၏၊ သား,လင်,ယောက္ခမတို့ကို ရိုသေစွာ လုပ်ကျွေးမွေးမြူလေ၏၊ ထိုနှစ်ယောက်သော ဇနီးခင်ပွန်းတို့လည်း သားပညာရှိ၏ အဆုံးအမ၌တည်၍ ကုသိုလ်ကောင်းမှုကိုပြုကုန်လျက် သေလွန်သောအခါ နတ်ပြည်သို့လားကြကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ အဘကိုလုပ်ကျွေးသော ဒါယကာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ အဘ သား ချွေးမတို့သည်- ယခုအခါ
　လည်း အဘ သား ချွေးမ။
※ သားငယ်ပညာရှိသည်- ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိခင်ဘခင်၊ ကျေးဇူးရှင်၊ အစဉ်လုပ်ကျွေးရာ။
(၂) မိဘမွေးမြူ၊ သူတော်မူ၊ နိဗ္ဗူရောက်ကြောင်းသာ။
(၃) ကျွေးတို့မကျွေး၊ လူ့အလေး၊ မြဲကြွေးဆက်တိုင်းပါ။

တက္ကလဇာတ်ပြီး၏။

၄၄၇-ဓမ္မပါလဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

နတ်တို့လှည့်စား ဘုရားလျှောက်ထား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရှေးဦးစွာ ကြွတော်မူသဖြင့် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သုဒ္ဓေါဒနမင်းကြီးသည် ရဟန္တာနှစ်သောင်းနှင့်တကွ မြတ်စွာဘုရားကို နန်းတော်သို့ပင့်ဘိတ်၍ ယာဂုခဲဘွယ်ကိုကပ်လှူပြီးလျှင် ဆွမ်းမဘုဉ်းပေးမီ ဝမ်းမြောက်ဝမ်းသာ စကားပြောဟောစဉ် မြတ်စွာဘုရားအား ဒုက္ကရစရိယာကျင့်တော်မူခိုက် နန်းတော်သို့ နတ်တို့လာ၍ ကောင်းကင်မှာရပ်လျက် သိဒ္ဓတ္ထမင်းသား အာဟာရပြတ်၍သေကြောင်း ပြောကြားကုန်၏၊ ထိုအခါ အကျွန်ုပ်သည် နတ်တို့အား "ငါ့သားတော်သိဒ္ဓတ္ထမင်းသားမှာ ဗောဓိမဏ္ဍိုင်၌ ဘုရားမဖြစ်မီ သေရခြင်းမည်သည်မရှိ"ဟု ပြောဆို၍ မယုံကြည်ခဲ့ကြောင်း လျှောက်ထားလေ၏။

ထိုအခါမြတ်စွာဘုရားသည် "ခမည်းတော်မင်းကြီး.... သင်မင်းကြီးသည် ယခုအခါ၌သာ မယုံကြည်သည်မဟုတ်၊

ရှေးအခါ၌ မဟာဓမ္မပါလပုဏ္ဏားဖြစ်စဉ် တက္ကသိုလ်ဆရာကြီးသည် သင့်ထံလာ၍ ဆိတ်ရိုးတို့ကိုပြကာ သင့်သား ဓမ္မပါလသေပြီဟု ပြောသော်လည်း မယုံကြည်'' ဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ဓမ္မပါလသတို့သား ပညာသင်သွား

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကာသိတိုင်း၌ ဓမ္မပါလမည်သောရွာသည် ရှိလေ၏၊ ထိုဓမ္မပါလ ရွာသားတို့သည် ကုသလ ကမ္မပထတရားဆယ်ပါးကို စောင့်ရှောက်ကြကုန်၏၊ ထိုရွာ၌ မဟာဓမ္မပါလမည်သော ပုဏ္ဏားကြီးသည်ရှိလေ၏၊ ထိုပုဏ္ဏားကြီး၏သားကား ဓမ္မပါလ သတို့သားမည်၏။

ထိုဓမ္မပါလသတို့သား အရွယ်သို့ရောက်လတ်သော် အဘပုဏ္ဏားကြီးသည် ဆရာအတွက် အသပြာတထောင်ပေး၍ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်စေလွှတ်၏၊ ဓမ္မပါလသတို့သားလည်း တက္ကသိုလ်ဆရာကြီးထံရောက်လျှင် အသပြာတထောင် ဆရာစားပေး၍ ပညာသင်ကြား၏၊ တပည့်ငါးရာတို့၏ အကြီးအမှူးဖြစ်လေ၏။

ငယ်ရွယ်သေမှု ကဲ့ရဲ့ပြ

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီး၏ သားကြီးသည် သေလွန်ခဲ့၏၊ ဆရာကြီးသည် ဆွေမျိုးဉာတိ တပည့်လုလင်တို့ကို သုသာန်၌ သင်္ဂြိုဟ်စေ၏၊ ဆရာကြီးနှင့် တပည့်တို့သည်

အဘန်ဘန် ငိုကြွေးကြကုန်၏၊ ဓမ္မပါလ သတို့သားကား မငိုကြွေးလေ၊သုသာန်မှပြန်လာသောအခါ တပည့်လုလင်တို့သည် "အဆွေတို့.... အကျင့်စာရိတ္တနှင့် ပြည့်စုံလျက် နုပျိုငယ်ရွယ်သော သတို့သားစဉ်လျက် သေလွန်ရ၏"ဟု ဝမ်းနည်းစွာ ပြောဆို ကြကုန်၏၊ ထိုအခါ ဓမ္မပါလ သတို့သားသည် "အဆွေတို့.... နုပျို ငယ်ရွယ်စဉ် အခါ မသေသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သေရ သနည်း"ဟုပြော၏၊ "အဆွေ.... သင်သည် သတ္တဝါတို့ သေရမြဲဓမ္မတာကိုမသိသလော"ဟုမေး၏၊ "အဆွေတို့.... သိပါ၏၊ သို့သော်လည်း နုပျိုငယ်ရွယ်စဉ်မသေ၊ ကြီးရင့် အိုမင်းမှသေသည်"ဟု သိပါ၏၊ "အဆွေ.... ကြီးရင့် အိုမင်းမှ သေခြင်းမှာ သင်တို့ အမျိုး အစဉ် အဆက် ပေလော"ဟု မေး၏၊"အဆွေ....မှန်ပေ၏၊ ငါတို့အမျိုး အစဉ်အဆက်မှာ ငယ်ရွယ်သူတို့ သေရိုးမရှိကုန်၊ ကြီးရင့် အိုမင်းမှသာ သေရိုးရှိကုန်၏"ဟု ပြောဆိုလေ၏။

လုလင်ပြောကြား စုံစမ်းသွား

လုလင်တို့သည် ဓမ္မပါလ ပြောသော စကားကို ဆရာကြီးအား ပြောကြား ကုန်၏၊ ထိုအခါ ဆရာကြီးသည် ဓမ္မပါလကိုခေါ်၍ "အမောင်.... အမောင်တို့ အမျိုးမှာ ငယ်ရွယ်သူတို့မသေကုန်ဟု ကြားရသည် မှန်သလော"ဟု မေး၏၊ "ဆရာ....မှန်ပါ၏"ဟု ပြောကြားလေ၏၊ ဆရာ ကြီးသည် ဤဓမ္မပါလကား အလွန်လျှင် အံ့ဩဘွယ် စကားကိုဆိုဘိ၏၊ သူ့အဘထံ ငါသွား၍ စုံစမ်းမည်၊ အကယ်၍ဟုတ်မှန်ငြားအံ့၊ အသက်ရှည်ကြောင်းဖြစ်သော နည်းလမ်းကောင်းကို ငါလည်းရခဲ့ပေမည်ဟုကြံစည်လျက်

ခုနစ်ရက်ရှစ်ရက်လွန်လျှင် ဓမ္မပါလကိုခေါ်၍ တပည့်တို့ကို အတတ်ပညာသင်ကြား ဆုံးမရန် အပ်နှင်းခဲ့ပြီးလျှင် သင့်အဘထံ ငါကိုယ်တိုင်သွား၍ စုံစမ်းမည်ဟု ပြောဆို မှာထားခဲ့၍ ဆိတ်ရိုးတို့ကို အိတ်၌ ထည့်ပြီးလျှင် အလုပ်အကျွေး တယောက်ကိုခေါ်ကာ တက္ကသိုလ်ပြည်မှထွက်၍ အစဉ်အဘိုင်း ဓမ္မပါလရွာသို့ သွားလေ၏။

စုံစမ်းမှုသဘော ဆရာပြော

ဓမ္မပါလရွာသို့ ရောက်လျှင် ဓမ္မပါလ၏ ဘခင်ထံသားဆရာဖြစ်သောတက္ကသိုလ် ဆရာကြီး ရောက်လာကြောင်း ပြောကြားစေ၏၊မဟာဓမ္မပါလလည်း လျှင်မြန်စွာတံခါးအနီးသို့ လာ၍ ခရီးဦးကြိုဆို၍ အိမ်ပေါ်သို့ပင့်ဆောင်ကာ ဝတ်ကြီးဝတ်ငယ်ကို ပြုစေပြီးလျှင် ကောင်းမြတ်သော ခဲဘွယ် ဘောဇဉ် ထမင်းတို့ဖြင့် လုပ်ကျွေးပြုစုစေ၏၊ ထမင်းစားပြီးသောအခါ တက္ကသိုလ်ဆရာကြီးသည် မဟာဓမ္မပါလ ပုဏ္ဏားကြီးအား “အို-ပုဏ္ဏားကြီး···· သင့်သားဓမ္မပါလကား ပညာရှိ၏၊ဗေဒင်သုံးပုံ,တဆယ့်ရှစ်ရပ်သောအတတ်တို့၌ တဘက်ကမ်းရောက် တတ်မြောက်ပေ၏၊ သို့ပါသော်လည်း ယခုအခါ တစုံတရာ ရောဂါဖြင့် သေလွန်ခဲ့ပြီ၊ ခပ်သိမ်းသော သင်္ခါရတို့သည် အမြဲမရှိကုန်၊ စိုးရိမ်ပူဆွေးခြင်း မပြုပါလင့်”ဟု ပြောဆိုလေ၏။

မယုံကြည်ဘွယ် ပြောင်လှောင်ရယ်

ထိုအခါမဟာဓမ္မပါလသည်လက်ခုတ်တီး၍ ပြင်းစွာရယ်မောလေ၏၊ ဆရာကြီးသည် “ပုဏ္ဏားကြီး···· အဘယ်ကြောင့် ရယ်မောသနည်း” ဟု မေး၏၊“ ဆရာကြီး····

အကျွန်ုပ်သားဓမ္မပါလကားမသေပါ၊တစုံတယောက်သော သူသေသည်ဖြစ်ပါလိမ့်မည်”ဟု ပြော၏၊“ပုဏ္ဏားကြီး…. ယုံကြည်လော၊ ဤအရိုးတို့ကား သင့်သားအရိုးတို့တည်း” ဟု အိတ်တွင် ထည့်လာသော အရိုးတို့ကို ထုတ်၍ ပြ၏၊ “ဆရာကြီး….ဤအရိုးတို့ကား ဆိတ်ရိုး ခွေးရိုးတို့ ဖြစ်လိမ့်မည်၊ အကျွန်ုပ်သား ဓမ္မပါလကားမသေ၊ အမှန်စင်စစ်ကား… ကျွန်ုပ်တို့အမျိုး၌ ဆွေမျိုး ခုနစ်ဆက် လည်သည်တိုင်အောင် ငယ်ရွယ်သူတို့ သေလွန်ဘူးသော မည်သည်မရှိကုန်၊ သင်သည် မုသားဆိုဘိ၏၊ ထိုခဏ၌ လူအပေါင်းတို့သည် လက်ခုတ်တီးကာ ပြင်းစွာရယ်မောကြကုန်၏။

ငယ်စဉ်မသေမှု အမေးပြု

ထို ဒိသာ ပါမောက္ခ ဆရာကြီးသည် မဖြစ်ဘူးမြဲ အံ့ဘွယ်သရဲကို မြင်လျှင် ဝမ်းမြောက်သည်ဖြစ်၍ ငယ်သူတို့မသေခြင်းမှာ အကြောင်းမဲ့မဟုတ်၊ အကြောင်းရှိသည် ဖြစ်တန်ရာ၏၊ မေးမည်ဟုကြံစည်ကာ—

“ပုဏ္ဏားကြီး….သင်၏ အသက် ရှည်ကြောင်း အကျင့်ကား အဘယ်နည်း၊ အဘယ် မည်သော မြတ်သောအကျင့်ကိုကျင့်သနည်း၊ ဤအသက်ရှည်ခြင်းအကျိုးသည် ကောင်းစွာ ကျင့်အပ်သော အဘယ်မည်သော အကျင့်၏ အကျိုးနည်း၊ ထိုအသက် ရှည်ကြောင်း ဖြစ်သော အကျင့်ကို ပြောကြားပါ၊ အဘယ်ကြောင့် သင်တို့အမျိုး၌ ငယ်သူတို့ မသေကုန်သနည်း”—

ဟု ပုဏ္ဏားကြီးအား အသက်ရှည်ကြောင်း အကျင့်ကို မေးလေ၏။

ကမ္မပထပြကြောင်း ရှာသူပေါင်း

မဟာ ဓမ္မပါလ ပုဏ္ဏား ကြီးလည်း ဒိသာပါမောက္ခ ဆရာကြီး စကားကို ကြားလျှင်—

"ဆရာကြီး····အကျွန်ုပ်တို့သည် ဒါန, သီလ စသော ကုသိုလ်ကမ္မပထတရား ဆယ်ပါးကိုကျင့်ကြပါကုန်၏၊ မဟုတ်မမှန်သော စကားကိုမဆိုကြကုန်၊ မကောင်းမှုတို့ကို ကြဉ်ရှောင် ကြပါကုန်၏၊ အလုံးစုံသော သူယုတ်တို့အကျင့်ကို ကြဉ်ရှောင်ကြပါကုန်၏၊ ထိုကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ"။

"ဆရာကြီး···· အကျွန်ုပ်တို့သည် သူယုတ်တို့တရား, သူတော်ကောင်းတို့တရား နှစ်မျိုးလုံးကို နာကြားကြပါကုန်၏၊ သူယုတ်တို့တရားကိုနာကြားပါသော်လည်း မနှစ်သက်ကြကုန်၊ သူယုတ်တို့ကို စွန့်၍ သူတော်ကောင်း တို့ကို မစွန့်ကြပါကုန်၊ ထိုကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ"။

သုံးတန်မိုင်းမှု ဒါနပြ

"ဆရာကြီး····အကျွန်ုပ်တို့သည် မလှူမီရှေးအဘို့၌ ဝမ်းမြောက်ကြပါကုန်၏၊ လှူစဉ်ဆဲဆဲ၌လည်း ဝမ်းမြောက်ကြပါကုန်၏၊ လှူပြီး နောက်အဘို့၌လည်း ဝမ်းမြောက်ကြပါကုန်၏၊ နောင်တဘန်ပူပန်ခြင်းမရှိကြပါကုန်၊ ထိုကြောင့် အကျွန်ုပ်တို့ အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ"။

"ဆရာကြီး.... အကျွန်ုပ်တို့သည် ရဟန်း ပုဏ္ဏား အရိယာသူတော်ကောင်းတို့ကိုဖြင်း, ခရီး သွားတို့ကိုဖြင်း, သီချင်းဆို၍ တောင်းသူတို့ကိုဖြင်း, သာမန်လာ၍ တောင်းသောသူတို့ကိုဖြင်း,သူဆင်း ရဲတို့ကိုဖြင်း ထမင်း အဖျော်တို့ဖြင့် လုပ်ကျွေးကြ ပါကုန်၏၊ ထိုကြောင့်အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ် သူတို့ မသေကြပါ"။

ကံငါးပါးလုံအောင် ကျင့်ကြံဆောင်

"ဆရာကြီး.... အကျွန်ုပ်တို့သည် မိမိ မယားကို ကျော်လွန်၍ တပါးသော မိန်းမတို့၌သွားလာခြင်းမရှိကြပါကုန်၊ မယားတို့လည်း အကျွန်ုပ်တို့ကိုကျော်လွန်၍တပါး သောယောကျ်ားတို့၌ သွားလာခြင်းမရှိကြပါကုန်၊ သူ့လင် သူ့မယားတို့မှ ရှောင်ကြဉ်၍ မြတ်သော အကျင့်ကိုကျင့်ကြပါကုန်၏၊ ထိုကြောင့်အကျွန်ုပ်တို့ အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ"။

"ဆရာကြီး....အကျွန်ုပ်တို့သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြပါကုန်၏၊ အရှင်မပေး သောသူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြပါကုန် ၏၊ သေရည် သေရက် မသောက် ကြပါကုန်၊ မုသားမဆိုကြပါကုန်၊ ထိုကြောင့် အကျွန်ုပ်တို့ အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ"။

ဆွေစဉ်တလျှောက် တရားစောင့်

"ဆရာကြီး.... ကောင်းမွန် မြင့်မြတ် သော အကျင့်ရှိသော မိဘတို့မှပေါက် ပွါး လာသော သားကောင်း သမီး

ကောင်းတို့သည် လျှင်သောပညာ အခါခပ်သိမ်း သိစွမ်းနိုင်သော ပညာရှိကြကုန်၏၊ အကြားအမြင်များကြကုန်၏၊ မြဲမြံခိုင်ခံ့သောသီလစသော ဂုဏ်ရှိကြကုန်၏၊ထိုကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ"။

"ဆရာကြီး....အကျွန်ုပ်တို့အမျိုး၌ အမိ,အဘ, အမ,နှစ်မ, ညီ, နောင်, သားသမီး,မယားအလုံးစုံသောသူတို့သည် တမလွန်ဘဝ၌ အပါယ်လားရမည်မှ ကြောက်သောကြောင့် ကုသိုလ် ကမ္မပထတရား ဆယ်ပါးကို ကျင့်ကြကုန်၏၊ ထိုကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ"။

ကျွန်အမှုလုပ်အစုံ တရားလုံခြုံ

"ဆရာကြီး.... အကျွန်ုပ်တို့ အမျိုး၌ ကျွန်ယောကျ်ား, ကျွန်မိန်းမကို မှီ၍ အသက်မွေးသောသူ အလုပ်အကျွေး အမှုလုပ် အလုံးစုံသော သူတို့သည် တမလွန်ဘဝ၌ အပါယ် လားရမည်မှ ကြောက်သော ကြောင့် ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်ကြကုန်၏၊ ထိုကြောင့် အကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့မသေကြပါ"—

ဟု ဒိသာပါမောက္ခဆရာကြီးအား ငယ်ရွယ်သူတို့မသေခြင်းအကြောင်းဖြစ်သော အမျိုး၏ အကျင့်စာရိတ္တကိုပြောကြားလေ၏။

တရားစောင့်ပုံ ချင်းရာစုံ

ထို့နောင်ပုဏ္ဏားကြီးသည်ကုသိုလ်ကမ္မပထတရားတို့၏ အကျိုးကိုပြောလို၍—

"ဆရာကြီး····ကုသိုလ်ကမ္မပထတရား ဆယ်ပါးသည်ကျင့်သောသူကို စင်စစ် စောင့်ရှောက်ပေ၏၊ ကောင်းစွာကျင့်အပ်သောကုသိုလ်ကမ္မပထတရားဆယ်ပါးသည် ချမ်းသာသုံးပါးကိုဆောင်တတ်၏၊ ကုသိုလ် ကမ္မပထတရား ဆယ်ပါးကို ကျင့်သောသူသည် အပါယ်သို့ မလားရ၊ ဤသို့အပါယ်သို့ မလားရခြင်းသည် ကောင်းစွာ ကျင့်အပ်သော ကုသိုလ်ကမ္မပထတရား ဆယ်ပါး၏ အကျိုးဖြစ်၏၊ ကြီးစွာသောထီးသည်မိုယ်းရွာသောအခါဆောင်းသောသူကို မိုယ်းမှစောင့်ရှောက်သကဲ့သို့ ကုသိုလ်ကမ္မပထတရားဆယ်ပါးသည် ကျင့်သောသူကို စင်စစ်စောင့်ရှောက်၏၊ မိမိ စောင့်ရှောက်အပ်သောတရားကို စောင့်ရှောက်နေသော ငါ့သားဓမ္မပါလသည် ချမ်းသာစွာအသက်ရှည်၏၊ ဆရာကြီးဆောင်ယူခဲ့သောအရိုးတို့ကား တပါးသော သတ္တဝါ၏ အရိုးတို့သာဖြစ်၏"—

ဟု ဆရာကြီးအား အကျင့်စာရိတ္တနှင့်တကွ အကျိုးအာနိသံသကိုပါ ပြောကြားပြန်၏။

ရွှေပေရေးကူး တရားထူး

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးသည်ငါလာခဲ့ခြင်းကား အကျိုးကြီးလှ၏ဟု ဝမ်းမြောက်ဝမ်းသာ ဓမ္မပါလ၏ ဘခင်ပုဏ္ဏားကြီးကိုကန်တော့၍ "ပုဏ္ဏားကြီး····အကျွန်ုပ်လာခြင်းကာ စုံစမ်းရန်လာခြင်းသာဖြစ်၏၊ ဤအရိုးတို့ကား သင့်သား၏အရိုးတို့မဟုတ်ကုန်၊ သင့်သားကားအနာရောဂါမရှိ၊ ကျန်းမာပါ၏၊ အသင်တို့ စောင့်ရှောက်အပ်

သောတရားကို ပေးပါလော့''ဟု တောင်းပန်ကာ ရွှေပေတွင်ရေး၍ နှစ်ရက်သုံးရက်နေပြီးလျှင် တက္ကသိုလ်ပြည်သို့ ပြန်လေ၏၊ ဓမ္မပါလသတို့သားကိုလည်း အတတ်ပညာကို သင်ယူစေပြီးလျှင် အခြံအရံများစွာနှင့်တကွ ပို့လိုက်၏။

ဤဒေသနာတော်ကိုဆောင်၍သစ္စာကိုပြသည်၏အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါမယ်တော်ခမည်းတော်တို့သည်-ယခုအခါ သာကီဝင်မင်းမျိုးများ။

※ ဒိသာပါမောက္ခဆရာကြီးသည်- သာရိပုတ္တရာ။

※ ဒိသာပါမောက္ခဆရာကြီး တပည့်ပရိသတ်သည်- ဘုရားပရိသတ်။

※ ဓမ္မပါလသတို့သားသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကုသိုလ်ဆယ်အင်၊ ကျင့်ကြံလျှင်၊ ငယ်စဉ်မသေနိုင်။
(၂) သူတော်တရား၊ နှစ်သက်ငြား၊ ငယ်ကားမသေနိုင်။
(၃) လှူသောအခါ၊ ဝမ်းမြောက်ရာ၊ ငယ်ခါမသေနိုင်။
(၄) အလှူခံများ၊ ပေးလှူငြား၊ ငယ်ကားမသေနိုင်။
(၅) ငါးပါးသီလ၊ စောင့်သုံးကြ၊ ငယ်ကမသေနိုင်။

(၆) ပညာရှိသား၊ ကြားမြင်များ၊ ငယ်ကားမသေနိုင်။
(၇) ယုတ်မာမှုကြဉ်၊ မကောင်းကြဉ်၊ ငယ်စဉ်မသေနိုင်။
(၈) တရားကိုစောင့်၊ ပြန်၍စောင့်၊ ဖြောင့်ဖြောင့်နိဗ္ဗာန်တိုင်။

ဓမ္မပါလဇာတ်ပြီး၏။

၄၄၈—ကုက္ကုဋဇာတ်

ပစ္စုပ္ပန်ဝတ္ထု

အသက်သေစေမှု ရန်ငြိုးပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ရန် လုံ့လပြုခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

စွန်ဥပါယ်ပြုပြား ကြက်တို့စား

လွန်လေ ပြီးသောအခါ ကောသမ္ဗီပြည် ဝယ် ကောသမ္ဗကမင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ဝါးတောတခုဝယ် ကြက်မျိုး၌ ကြက်အပေါင်း ခြံရံလျက်နေ၏၊ ထိုကြက်မင်း၏ မနီးမဝေးအရပ် စွန်တကောင်သည် နေလေ၏၊ ဥပါယ်တမျဉ်ဖြင့် ကြက်တကောင် တကောင်ကိုဖမ်းယူ၍စားခဲ့ရာ ကြက်အပေါင်းကုန်၍ ကြက်မင်းတကောင်သာကျန်ရစ်တော့၏၊ ကြက်မင်းသည် မမေ့မလျော့သည်ဖြစ်၍ ထွက်သင့်သော အခါ၌သာ ထွက်၍ကျက်စားကာ ဝါးတောမှာပင် နေ၏။

ကြက်မင်းစားလို ဥပါယ်ဆို

စွန်သည် ကြက်မင်းကို ဖမ်းယူခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ တခုသောဥပါယ် တမျဉ်ဖြင့် ဖြားယောင်းကာ ဖမ်းယူမည်ဟု ကြံစည်၍ ကြက်မင်း၏ မနီးမဝေး အရပ်တွင် သစ်ခက်တခု၌ နားနေလျက် ''အဆွေကြက်မင်း.... ငါ့ကို အဘယ်ကြောင့် ကြောက်သနည်း၊ အသင်နှင့် အဆွေ ခင်ပွန်းဖွဲ့လိုပါသည်၊ ဤမည်သော အရပ်၌ အစာပြည့်စုံ၏၊ ထိုအရပ်၌ ကျက်စား၍ အချင်းချင်း ချစ်ချစ်ခင်ခင်နေလိုပါ၏'' ဟု ပြောလေ၏၊ ထိုအခါ ကြက်မင်းသည် ''အချင်းစွန်....သင်နှင့်ငါ အကျွမ်းဝင်ခြင်းမရှိ၊ သင်သွားလော့''ဟု ပြော၏၊ ''အဆွေကြက်မင်း....ငါသည် ရှေးအခါ၌ မကောင်းမှုကို ပြုမိသောကြောင့် ငါ့ကိုမယုံကြည်၊ ဤနေ့မှစ၍ မကောင်းမှုကို မပြုတော့ပါ'' ဟု ပြော၏။

သူမိုက် စွန်ယုတ် ပေါင်းသင်းမလုပ်

''အချင်းစွန် .... ငါ့မှာ သင်ကဲ့သို့ မကောင်းမှုပြုသောသူကို အဆွေခင်ပွန်း မဖွဲ့လို၊ သင်သွားလော့'' ဟု သုံးကြိမ် မြောက်ပယ်၍ မကောင်းမှုပြုသော သတ္တဝါနှင့် အကျွမ်းဝင်ခြင်းငှါ မသင့်ဟု တောအုပ်ကို ပဲ့တင်ထပ်စေလျက် နတ်တို့ ကောင်းချီးပေးလတ်သော် ကြက်မင်းသည်–

''အို-နတ်များတို့..မကောင်းမှုကို ပြုသောသူ,
မုသားကိုဆိုလေ့ရှိသောသူ, မိမိအကျိုးကို အလိုရှိ၍
ဆည်းကပ် ခစားလာသောသူ, မိမိကိုယ်၌ ဂုဏ်ရှိ
သကဲ့သို့ ပြုသောသူတို့နှင့် အကျွမ်းမဝင်ရာ''။

"အို- နတ်များတို့…· အချိုသော သူတို့သည် ရေငတ်သော နွားကဲ့သို့ ဖြစ်ကုန်လျက် နှုတ်ဖြင့်သာ အဆွေခင်ပွန်းကဲ့သို့ ဆက်ဆံကုန်၏၊ ကိုယ်ဖြင့်ကား မဆက်ဆံကုန်၊ ထိုနှုတ်ဖြင့် အဆွေခင်ပွန်းဖွဲ့သော သူတို့နှင့် အကျွမ်းမဝင်ရာ"။

ရှက်ကြောက်ကင်းသူ ရှောင်လွှဲမှု

"အို-နတ်များတို့····အချည်းနှီး လက်အုပ်ချီကုန်လျက် နှုတ်ဖြင့်သာ ဤမည်သော အမှုကိုပြုမည်၊ ဤမည်သော ဥစ္စာကို ပေးမည်ဟု ဖုံးလွှမ်း၍ ပြောဆိုသောသူ၊ အရှက်အကြောက် အနှစ်သာရကင်း၍ မရှက် မကြောက်သောသူ၊ သူပြုဘူးသော ကျေးဇူးကို မသိသောသူတို့နှင့် အကျွမ်းမဝင်ရာ"။

"အို-နတ်များတို့··· မုန်းလွယ် ချစ်လွယ်သော စိတ်ရှိသော မိန်းမ,ယောကျာ်း၊ အထူးထူးသော အကြောင်းတို့ဖြင့် ရောနှောသည်ကို ထင်စွာပြု၍ ဘေးအန္တရာယ်ကို ပြုတတ်သောသူတို့နှင့် အကျွမ်း မဝင်ရာ"။

ပရိယာယ်ပြောလင့် မပေါင်းသင့်

"အို-နတ်များတို့····သူယုတ်တို့အမှုသို့ သက်ဝင်သောသူ၊ ခိုင်မြဲသော စကား မရှိသောသူ၊ အဝတ် ပုဆိုးတို့ဖြင့် ဖုံးလွှမ်းအပ်သော သန်လျက်ကဲ့သို့ သတ္တဝါ ခပ်သိမ်းတို့ကို ညှဉ်းဆဲသောသူတို့နှင့် အကျွမ်းမဝင်ရာ"။

"အို-နတ်များတို့····လောက၌ စကားပြေပြစ်၍ စိတ်ကမပါဘဲ အဆွေခင်ပွန်း သဘောဖြင့်

အထူးထူးသော အကြောင်းတို့ဖြင့် အခွင့်ကောင်းကို ရှာနေသောသူတို့နှင့် အကျွမ်းမဝင်ရာ"။

ကြက်မင်းဆုံးမပေး စွန်ထွက်ပြေး

"အို-နတ်များတို့....အဆွေခင်ပွန်းအိမ်၌ တွေ့မြင်သော ထမင်း ခဲဘွယ်နှင့် အခြားပစ္စည်းဥစ္စာကို မြင်၍ ပြစ်မှားသောသူ၊ အဆွေခင်ပွန်းကို ဖျက်ဆီးသော သူတို့နှင့် အကျွမ်းမဝင်ရာ"–

ဟု နတ်အပေါင်းအား အကျွမ်းမဝင် ကောင်းသော သူတို့ကို ဟောကြားလေ၏၊ ထိုနောက် ကြက်မင်းသည် စွန်ကို ခေါ်၍"အချင်းစွန်....သင်သည် ဤအရပ်၌ အကယ်၍ နေငြားအံ့၊ သင့်အားပြုအပ်သော အမှုကို သိရပေလိမ့်မည်"ဟု ပြောဆို ခြိမ်းချောက်လေ၏၊ စွန်လည်းကြောက်သဖြင့် ထိုအရပ်မှ ဘဲ၍ အရပ်တပါးသို့ ပြေးလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ စွန်သည်-ယခုအခါ ဒေဝဒတ်။

※ ကြက်မင်းသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မကောင်းပြုလို၊ မုသားဆို၊ ကျိုးလိုဆည်းကပ်လာ။

(၂) ဂုဏ်ရှိမာန်ပြု၊ နွားရေကျု၊နှုတ်မျှဆက်စပ်ကာ။

(၃) ပေးမည်ပြုမည်၊ နှုတ်လိမ်လည်၊ တမည့်ရှက်ကြောက်ကွာ။

(၄) ကျေးဇူးပစ်ပယ်၊ မုန်း,ချစ်လွယ်၊ အန္တရာယ်ပြုတတ်စွာ။
(၅) စကားမမြဲ၊ ယုတ်ဘက်လွဲ၊ ညှဉ်းဆဲသတ္တဝါ။
(၆) ခင်ပွန်းယောင်နေ၊ နှုတ်ပြစ်ပြေ၊ ရှာဖွေခွင့်ကောင်းသာ။
(၇) ခင်ပွန်းအိမ်တွင်၊ ဥစ္စာမြင်၊ လိုချင်တတ်သူသာ။
(၈) ဆိုပြီးခဲ့တုံ၊ အလုံးစုံ၊ မယုံမကျွမ်းရာ။

ကုက္ကုဋဇာတ် ပြီး၏။

၄၄၉-မဋ္ဌကုဏ္ဍလိဇာတ်

ပစ္စုပ္ပန်ဝတ္ထု

သားချစ်သေရေး သောကဆွေး နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည် ဝယ်သူကြွယ်တယောက်အား ချစ်လှစွာသော တယောက် ထည်းသော သားသည် သေလွန်ခဲ့လေ၏။

ထိုသူကြွယ်သည် သားသေ၍ သောက နှိပ်စက်သဖြင့် ရေမချိုး၊ ထမင်းမစား၊ အမှုကိစ္စတို့၌ မစီရင်၊ မြတ်စွာ ဘုရားထံ ခစားဆည်းကပ်ခြင်းငှာလည်းမသွား၊ သားသည် ရှေးဦးစွာ ငါ့ကိုစွန့်ပစ်၍ သွားဘိ၏ဟု တဖြစ်တောက် တောက် ငိုကြွေးမြည်တမ်းကာသာ နေတော့၏။

ပုဏ္ဏားအိမ်ကြွ ဘုရားဟောပြ သဗ္ဗညုမြတ်စွာဘုရားလည်း မိုးသောက် ထအခါ သတ္တလောကကြီးကို ကြည့်ရှု ဆင်ခြင်လတ်သော် ထိုသောကနှိပ်စက် နေသော သူကြွယ်၏မဂ်ဖိုလ်ရခြင်းငှာ အားကြီးသော အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ဆွမ်းခံကာ

ဆွမ်းစားခြင်း ကိစ္စပြီးလတ်သော် သံဃာတော်တို့ကို လွှတ်လိုက်၍ ညီတော်အာနန္ဒာကို ခေါ်ကာ ထိုသူကြွယ်အိမ်သို့ ကြွလာ၏၊ သူကြွယ်လည်း မြတ်စွာဘုရားထံ ဆည်းကပ်လျက် လျှောက်ပတ်သောနေရာ၌ နေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ဒါယကာ....တမလွန်ဘဝသို့ ပြောင်းသွားသော သားငယ်ကို စိုးရိမ်ပူဆွေး၍ နေသလော" ဟုမေးတော်မူ၏၊ "အရှင်ဘုရား.... မှန်လှပါ" ဟု လျှောက်၏၊"ဒါယကာ....ရှေးပညာ ရှိတို့သည် သားသေသည့်အတွက် စိုးရိမ်သောက နှိပ်စက်၍ ငိုကြွေးမြည်တမ်းကြကုန်သော်လည်း ပညာရှိတို့စကားကို ကြားရသောအခါ တောင့်တ၍မရကောင်းသော အရာဟုသိ၍ အနည်းငယ်မျှ စိုးရိမ်ပူဆွေးခြင်းကို မပြုကြကုန်" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

သားသေပူဆွေး အလွန်ငိုကြွေး

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် စည်းစိမ်ဥစ္စာများစွာ ကြွယ်ဝသော ပုဏ္ဏားတယောက်သည် ရှိလေ၏၊ ထိုပုဏ္ဏား၏သားသည် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ အနာနှိပ်စက်၍ သေလွန်သဖြင့် တာဝတိံသာ နတ်ပြည်၌ ဖြစ်လေ၏၊ အဘပုဏ္ဏားသည် သားသေလွန်သောအခါမှစ၍ သုသာန်သို့ သွားကာ ပြာပုံကို လှည့်လည်လျက် ငိုကြွေးမြည်တမ်း၏၊ အလုံးစုံသော အမှုကိစ္စ

တို့ကို စွန့်လွှတ်ကာ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းလျက် သာ နေတော့၏။

နတ်သားဆင်ခြင် ပရိယာယ်ဆင်

ထိုအခါ သားဖြစ်ဘူးသော နတ်သားသည် လူ့ပြည်သို့ ကြည့်ရှု လတ်သော် အဘပုဏ္ဏားကို မြင်လျှင် ငါသည်တခု သော ဥပါယ်တမျဉ်ကို ပြု၍ စိုးရိမ်ပူဆွေး ငိုကြွေးမြည် တမ်းခြင်းကို ပယ်ဖျောက်အံ့ဟု ကြံစည်လျက် ပုဏ္ဏား၏ သားလုလင် အသွင်ကို ဘန်ဆင်း၍ တန်ဆာဆင်ကာ တခုသော နေရာ၌ရပ်လျက် လက်နှစ်ဘက်ကို ဦးခေါင်း ပေါ်၌တင်ထား၍ သည်းစွာငိုကြွေးလေ၏၊ ပုဏ္ဏားသည် ငိုသံကို ကြားလျှင် သားလုလင်အသွင် ဘန်ဆင်း၍ ငိုကြွေး နေသော နတ်သားကိုမြင်လျှင် သားကဲ့သို့ ချစ်ခင်လျက်–

လုလင်ကိုမေး အဖြေပေး

ထိုငိုကြွေးနေသော လုလင်၏ အနီးတွင် ကြည့်ရှုလျက် ပုဏ္ဏားကြီးရပ်ကာ–

"ချစ်သား····သင်ကား တန်ဆာဆင်၍ ပြေပြစ်သောရွှေနားဒောင်းကို ဝတ်ဆင်လျက်ဆန်း ကြယ်သောပန်းကိုပန်ဆင်ပြီး မွှေးကြိုင်သောစန္ဒကူး နံ့သာ လိမ်းကြံကာ လက်တို့ကို မြှောက်၍ သုသာန် အလယ်မှာ ဘယ်သို့သော ဆင်းရဲ နှိပ်စက်သဖြင့် ငိုကြွေးမြည်တမ်းပါသနည်း"–

ဟု လုလင်အား မေးမြန်းလေ၏၊ထိုအခါ လုလင်သည်–

"ဘခင်ပုဏ္ဏား····အကျွန်ုပ်အား ရွှေဖြင့်ပြီး၍ ပြိုးပြိုးပြက် အရောင်ထွက်သော ရထားအိမ်ရှိပါ၏၊ ထိုရထားအိမ်၌ တပ်ဘို့ လှည်ဘီးအစုံကို မရပါ၊

P.400 သားသေသဖြင့်ငိုကြွေးနေသော ဘခင်အား သတိရစေရန် လ-နေတို့ကို တမ်းတ၍ငိုကြွေးသော သားနတ်သားပုံ

ထိုမရခြင်းကြောင့် ဖြစ်သော ဆင်းရဲဖြင့် အသက်ကို စွန့်ရပါတော့မည်”—

ဟု ပုဏ္ဏားအား ပြောဆိုလေ၏။

လ-နေယူလို လုလင်ဆို

ထိုအခါ ပုဏ္ဏားသည် “ချစ်သား.... ရွှေဖြင့် ပြီးသော လှည်းဘီး, ပတ္တမြားဖြင့်ပြီးသော လှည်းဘီး, ကြေးဖြင့်ပြီးသော လှည်းဘီးတို့တွင် လိုရာကိုပြောဆိုပါ၊ သင့်အတွက် ရထားကိုပြုလုပ်ပါမည်၊လှည်းဘီး အစုံကို ရအောင် ပြုလုပ်ပေးပါမည်”—

ဟုလုလင်အား လိုရာ ရထားဘီးဖြင့် ဘိတ်လေ၏၊ လုလင်လည်း—

“ဘခင်.... ကောင်းကင်၌ ညီနောင်ဖြစ်ကုန်သော နှစ်ပါးစုံသော လ, နေတို့သည် ရှိကုန်၏၊ ထိုလ,နေအစုံဖြင့် ရွှေဖြင့်ပြီးသော အကျွန်ုပ်ရထားသည် တင့်တယ်ပါ၏”—

ဟု ပုဏ္ဏားအား ပြောဆိုပြန်၏။

ပရိယာယ်ဆင်ပြော တရားဟော

ထို့နောင် ပုဏ္ဏားသည် ငိုကြွေးသော လုလင်ကို ကဲ့ရဲ့ပြောဆိုလိုသဖြင့်—

“ချစ်သား.... သင်သည် မတောင့်တကောင်းသည်ကို တောင့်တဘိ၏၊ သင်သည် စင်စစ်မိုက်လှ၏၊ သေသော်လည်း ရနိုင်လိမ့်မည်မဟုတ်၊ လ, နေတို့ကို မရနိုင်ဟု ငါအောက်မေ့၏”—

ဟု လုလင်အားပြောဆိုပြန်၏၊ ထိုနောင်လုလင်သည်—

"ဘခင်…ထွက်ရာဝင်ရာအရပ်သည် ထင်ရှား၏၊ လ, နေ၏ အဆင်းသဏ္ဍာန်သည် ထင်ရှား၏၊ ဤကောင်းကင်၌ လ,နေနှစ်ပါး သွားသောခရီးလမ်းသည် ထင်ရှား၏၊ တမလွန်ဘဝသို့သွားသောသူသည်ကား မထင်ရှားသည်သာတည်း၊ ငိုကြွေးသော သူနှစ်ယောက်တို့တွင် အဘယ်သူ သာလွန်မိုက်သနည်း"—

ဟု ပုဏ္ဏားအား မေးမြန်းကာ သတိပေးလေ၏။

လုလင်ပြောပြသဘောကျ

ထို့နောင် ပုဏ္ဏားသည် လုလင်ပြောဆိုသောစကားကို သတိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်၍—

"ချစ်သား… သင်သည် မှန်သောစကားကို ဆိုဘိ၏၊ သင်သည် ငိုကြွေးလျက် လ,နေ တို့ကို တောင့်တသကဲ့သို့ ငါသည်လည်း ငိုကြွေးလျက် သေလွန်ပြီးသော သားကို တောင့်တဘိ၏၊ ထိုငိုကြွေးသော သူနှစ်ယောက် တို့တွင် ငါသည်သာ အလွန်မိုက်က်လှ၏"—

ဟု သတိရသဖြင့် မိမိမိုက်ကြောင်းကို ဝန်ခံလေ၏။

သောကငြိမ်းကြောင်းတရားကောင်း

ထို့နောင် ပုဏ္ဏားသည် လုလင်စကားကို ကြားရသောကြောင့် စိုးရိမ်ပူဆွေးခြင်း ကင်းပျောက်လျက်—

"ချစ်သား… ထောပတ်ဖြင့် သွန်းလောင်းအပ်သော မီးကို ရေဖြင့် ငြိမ်းအေးစေသကဲ့သို့ ရဲရဲတောက်သောကမီးလောင်နေသောငါ့ကိုစင်စစ်

ငြိမ်းအေးစေပြီ၊ အလုံးစုံသော စိတ်၏ပူပန်ခြင်းကို ငြိမ်းအေးစေပြီ၊ ချစ်သား.... စိုးရိမ်ခြင်း နှိပ်စက်လျက် ငါ၏စိတ်နှလုံး၌ မှီနေသော သား၌ဖြစ်သော စိုးရိမ်ခြင်းကို သင်သည် နုတ်ပယ် အပ်ပေပြီ၊ သင်သည် ငါ၏ စိုးရိမ်ခြင်း ဟူသော ငြောင့်ကို နုတ်ပယ်အပ်ပြီတကား''။

''ချစ်သား.... ငါသည် စိုးရိမ်ခြင်း ဟူသော ငြောင့်ကို နုတ်ပယ်အပ်ပြီးသည်ဖြစ်၍ စိုးရိမ်ခြင်း ကင်းလျက် စိတ်၏နောက်ကျုခြင်းမရှိပြီ၊ သင်၏ စကားကို ကြားနာရသောကြောင့် မစိုးရိမ်တော့ ပါ၊ မငိုကြွေးတော့ပါ''—

ဟု လုလင်အား ချီးကျူးကာ ဝန်ခံလေ၏။

သားကဟောပြ တရားကျ

ထိုအခါလုလင်သည်''ဘခင်ပုဏ္ဏား.... သင်ကား သား၏အကျိုးငှါ ငိုကြွေး ဘိ၏၊ ဘခင်၏သားကား အကျွန်ုပ်ပင် တည်း၊ အကျွန်ုပ်သည် နတ်ပြည်၌ဖြစ်၏၊ ဤနေ့မှစ၍ မစိုးရိမ်ပါလင့်၊ အလှူကို ပေးပါလော့၊ သီလကို ဆောက် တည်ပါလော့၊ ဥပုသ်ကိုစောင့်ပါလော့''ဟု အဆုံးအမ ပေးပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ရွာသို့ သွား လေ၏။

ပုဏ္ဏားလည်း သားဖြစ်ဘူးသော နတ်သား၏ အဆုံး အမ၌တည်၍ ကုသိုလ်ကောင်းမှုကိုပြုကာ သေလွန်သော အခါ နတ်ပြည်၌ ဖြစ်လေ၏။

ဤ ဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြသည်၏ အဆုံး၌ သားသေသောသူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

သူကြွယ်....

※ ထိုအခါ နတ်သားသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သားရင်းသေလွန်၊ သူကြွယ်မွန်၊ ပူပန်နှိပ်စက်ခဲ့။
(၂) သားဖြစ်ဘူးလတ်၊ ဝတိံနတ်၊ ချဉ်းကပ်ဆုံးမခဲ့။
(၃) ရေသွန်းမီးမျှ၊ ပူသောက၊ မထငြိမ်းသတဲ့။

မဋ္ဌကုဏ္ဍလီဇာတ် ပြီး၏။

၄၅၀-ဗိလာရကောသိယဇာတ်

ပဉ္စနိပါတ်ဝဏ္ဏ။

ဓမ္မဒါနပြုလှူ၍ လွန်ပျော်မွေ့

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတပါးသည် ရဟန်းပြုသော ကာလမှစ၍ အလှူပေးလေ့ရှိ၏၊ အလှူပေးခြင်း၌ မွေ့လျော်၏၊ သပိတ်တွင်းရှိ ဆွမ်းကိုပင်

မလှူဘဲစားလေ့မရှိ၊ ရေမျှကိုလည်း သူတပါးအား မလှူမူ၍မသောက်၊ ဤသို့ လှူဒါန်းပေးကမ်းခြင်း၌ အလွန်မွေ့လျော်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စကားစပ်မိ၍ ထိုရဟန်းအကြောင်းကို ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာ တော်မူ၍ ထိုအကြောင်းကို သိတော် မူလျှင် "ရဟန်းတို့····ရှေးအခါ ဤရဟန်းသည် သဒ္ဓါတရားမရှိ၊ အလှူခံတို့ကိုမြင်၍ ကြည်ညိုခြင်းမရှိ၊ မြက်ဖျားတွင်ကပ်သောဆီပေါက်မျှ ကိုလည်း သူတပါးအား မပေးလေ၊ ထိုသူကြွယ်ကို ငါဆုံးမ၍ အလှူကိုလှူစေပြီးလျှင် ဘ၀တပါးသို့ ရောက်၍ပင် မစွန့်"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

လှူဒါန်းစဉ်ဆက် မျိုးမပျက်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သူဌေးမျိုး၌ဖြစ်၍အရွယ်သို့ရောက်လတ်သော် ပစ္စည်းကိုဖြစ်စေ၏၊ အဘသေလွန်လျှင် သူဌေးရာထူးကို ရလေ၏။

တနေ့သ၌ ဥစ္စာများစွာကိုမြင်လျှင် ငါအလှူကြီးပေးမည်ဟု ကြံစည်လျက် အလှူတင်းကုပ်ဆောက်၍ အသက်ထက်ဆုံးပေးလှူပြီးလျှင် အသက်၏အဆုံး၌ ဤအလှူဝတ်ကိုမဖျက်လင့်ဟု သားကိုမှာထားခဲ့ပြီးလျှင် သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်လေ၏။

ဘိုးဘွားစဉ်လာ မျက်ဆီးကာ

သူဌေးသားလည်း အလှူဝတ်ကို မဖျက်ဘဲ သေလွန်သောအခါ စန္ဒနတ်သား ဖြစ်လေ၏၊ ထိုသူဌေး၏သားသည် သူရိယနတ်သားဖြစ်လေ၏၊ ထိုသူဌေး၏ သားသည် မာတလိနတ်သားဖြစ်လေ၏၊ ထိုသူဌေး၏ သားသည် ပဉ္စသိခနတ်သား ဖြစ်လေ၏၊ ဤသို့အစဉ်အတိုင်း လာခဲ့ရာ ခြောက်ယောက် မြောက်သော သားကားကြောင်မျက်စိကဲ့သို့ မျက်စိ ရှိသောကြောင့် ဗိလာရကောသိယမည်၏၊ ထိုသူဌေးသည် သဒ္ဓါတရားမရှိ၊ အလှူခံတို့အားချစ်မြတ်နိုးခြင်းမရှိ၊ စိတ်ခက်ထန်၏၊ ဝန်တို၏၊ အလှူ တင်းကုပ်ကို မီးတိုက်ပြီးလျှင် အလှူခံတို့ကို ရိုက်ပုတ် နှင်ထုတ်စေ၏။

ဘိုးသိကြားမြင်ရာ ယုဝရာလာ

ထိုအခါ သိကြားမင်းသည် မိမိ၏ ရေးကောင်းမှုကံကို ကြည့်ရှုလတ်သော်ငါ၏ သားမြေး အဆက်ဆက်တို့ကား စန္ဒနတ်သား၊ သူရိယနတ်သား၊မာတလိနတ်သား၊ပဉ္စသိခနတ်သားတို့ဖြစ်ကြကုန်၏၊ ခြောက်ယောက် မြောက်သောသားကား အနွယ်အဆက် ဖြတ်သည်ကို. မြင်လေ၏၊ ထိုအခါ ဤသူယုတ်မာကို ဆုံးမ၍ အလှူ၏အကျိုးကို သိစေမည်ဟု ကြံစည်လျက် စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိ နတ်သား၊ ပဉ္စသိခ နတ်သား တို့ကို ခေါ်၍ ထိုအကြောင်းကို ပြောကြား ပြီးလျှင် ထိုသူဌေးသားကို ဆုံးမရန် နတ်သား လေးယောက်နှင့်တကွ ဗာရာဏသီပြည်သို့ သွားလေ၏။

ပုဏ္ဏားအိုဟန်သွင်အလှူခံဝင်

ထိုခဏ၌ သူဌေးသည် မင်းကြီးကိုခစားရန်သွားရာ ခုနစ်ခုမြောက်တံခါးမုခ်သို့ ရောက်၍ ခရီးလမ်းမကို ကြည့်ရှုလျက် စကြံသွားကာနေ၏၊ သိကြားမင်းလည်း ငါဝင်ပြီးမှအစဉ်အတိုင်း လိုက်ခဲ့ကြဟု မှာထားပြီးလျှင် ပုဏ္ဏားအဟန်ဖြင့် သူဌေးထံ၌ရပ်၍“အို-သူဌေးကြီး····ငါ့အားထမင်းပေးပါလော့”ဟု ပြော၏၊ “ပုဏ္ဏား····ဤ အိမ်၌ သင့်ပေးဘို့ ထမင်းမရှိ၊ အခြားအိမ်သို့ သွားလေ”ဟု နှင်၏၊ “အို-သူဌေးကြီး····ပုဏ္ဏားတို့ ထမင်းတောင်းသော် မုချပေးရမည်”ဟု ပြော၏၊ “ပုဏ္ဏား···· ငါ့အိမ်၌ ချက်ပြီးထမင်း, ချက်လတံ့ ထမင်းမရှိ၊အခြားအိမ်သို့ သွားလေ”ဟု တဖန်နှင်ပြန်၏၊ “အို-သူဌေးကြီး···· တစုံတခု ချီးမွမ်းသော ဂါထာကို ရွတ်ဆိုမည်၊ နားထောင်ပါ” ဟု ပြော၏၊ “ပုဏ္ဏား·· မထောင်လိုဘူး၊ ငါ့အိမ်မှာ မရွတ်လင့်”ဟု တားမြစ်လေ၏။

ဒါနကျိုးတရားသူဌေးဟောကြား

သိကြားမင်းသည် သူဌေး ပြောသော စကားကို မကြားဟန်ပြု၍—

“အို-သူဌေးကြီး···· သူတော်ကောင်းတို့သည် မချက်ရသော်လည်း ဆွမ်းခံ၍ရသော ထမင်းကိုပင် လှူလိုကြကုန်၏၊ သင်ကားချက်ရပါလျက် အဘယ်ကြောင့် မလှူသနည်း၊ မလှူခြင်းသည် မလျောက်ပတ်”။

“အို-သူဌေးကြီး···· အလှူမည်သည်ကို ဝန်တိုခြင်းကြောင့်၎င်း၊ မေ့လျော့ခြင်းကြောင့်၎င်း၊ ဤ

အကုသိုလ်တရား နှစ်ပါးတို့ကြောင့်မလျှ၊ အလျှ၏ အကျိုးကို လိုလားတောင့်တသော ပညာရှိသည် လျှအပ်သည်သာတည်း”—

ဟု သူဌေးအား ဂါထာရွတ်ဆိုကာတရားဟောလေ၏။

သူဌေးကြီးသည် သိကြားမင်း စကားကို ကြားလျှင် ကောင်းပြီ အိမ်ထဲဝင်နေပါ၊ ထမင်းအနည်းငယ် ရလိမ့်မည်ဟု ပြော၏၊ သိကြားမင်းသည် အိမ်သို့ဝင်၍ ဂါထာကိုသာ ရွတ်ဆို၍နေ၏။

ဒါနကျိုးသဘော ပုဏ္ဏားဟော

ထိုနောက် စန္ဒနတ်သားလည်း ပုဏ္ဏား အဟာန်ဖြင့် “အို-သူဌေးကြီး....ထမင်း ပေးပါလော့” ဟု ပြောလာပြန်၏၊ “ပုဏ္ဏား.... သင့်ဘို့ထမင်းမရှိ၊ သွားလော့”ဟု နှင်ပြစ်ပြန်၏၊ “သူဌေးကြီး....သင့်အိမ်တွင်း၌ ပုဏ္ဏားတယောက်ရှိ၏၊ဆွမ်းကျွေးလိမ့်ယောင်တကား”ဟုပြောဆိုပြီးလျှင်—

“အို- သူဌေးကြီး.... ဝန်တိုသော သူသည် တော်မွတ်ခြင်း ဆာလောင်ခြင်းဘေးမှ ကြောင့်ကြ သဖြင့်သာမလျှလေ၊ထိုတော်မွတ်ခြင်းဆာလောင်ခြင်း ဘေးသည်လည်း မလျှသော သူအားသာ နှိပ်စက် ဘိ၏၊ဝန်တိုသောသူသည် တော်မွတ်ခြင်းဆာလောင် ခြင်းဘေးမှကြောက်၏၊ ပစ္စုပ္ပန်တမလွန်လောက၌ တော်မွတ်ခြင်း ဆာလောင်ခြင်းဘေးသည် ဝန်တို သောသူကိုသာ နှိပ်စက်ဘိ၏၊ ထိုကြောင့် ဝန်တို ခြင်းမစ္ဆေရကို ပယ်ဖျောက်၍ မစ္ဆေရ ဟူသော အညစ်အကြေးကို နှိမ်နင်း၍ပေးလျှပါ၊ ကောင်းမှု

တို့ကား တမလွန်လောကအဆက်ဆက်၌ သတ္တဝါ
တို့၏ ထောက်တည်ရာဖြစ်ကုန်၏”—

ဟု တရားဟောပြန်၏၊သူဌေးကြီးသည် စန္ဒနတ်သား၏ စကားကို ကြားပြန်လျှင် ကောင်းပြီ အိမ်ထဲဝင်နေပါ၊ ထမင်းအနည်းငယ် ရလိမ့်မည်ဟု ပြော၏၊ စန္ဒနတ်သား လည်း ဝင်၍ သိကြားမင်းအထံ၌နေ၏။

ဣသိုလ်ပြုခြား သုဂတိလား

ထိုနောက် သူရိယ နတ်သားသည် လာပြန်၍ ထမင်းတောင်းပြီးလျှင်—

“အို-သူဌေးကြီး….သူယုတ်မာတို့သည်လှူနိုင်ခဲ
သောအလှူဒါနကို ပေးလှူကုန်သော ပြုနိုင်ခဲသော
ကုသိုလ်ကောင်းမှုကို ပြုကုန်သော သူတော်ကောင်း
တို့သို့ အတုလိုက်၍ မပြုကုန်၊ သူတော်ကောင်းတို့
အကျင့်ကို သူယုတ်မာတို့လိုက်နိုင်ခဲ၏၊ ထိုကြောင့်
ဤပစ္စုပ္ပန်ဘဝမှ သေလွန်သည်ရှိသော် သူတော်
ကောင်းတို့လားရာဂတိနှင့် သူယုတ်မာတို့ လားရာ
ဂတိသည် ထူးခြားလှ၏၊ သူယုတ်မာတို့ကား ငရဲ
သို့လားရ၍ သူတော်ကောင်းတို့ကား နတ်ပြည်သို့
လားရကုန်၏”—

ဟု တရားဟောပြန်၏၊ သူရိယ နတ်သား ကိုလည်း ကောင်းပြီ၊အိမ်ထဲဝင်နေပါ၊ ထမင်းအနည်းငယ် ရလိမ့်မည် ဟု ပြော၏၊သူရိယနတ်သားလည်း ဝင်၍နေပြန်၏။

ကံကိုအာရုံပြု လှူဒါန်းမှု

ထိုနောက် မာတလိ နတ်သားလည်း လာပြန်၍ ထမင်းတောင်းပြီးလျှင်—

"အို-သူဌေးကြီး.... အချို့သော ပညာရှိတို့သည် အနည်းငယ်သောအလှူဝတ္ထုကိုလည်း လှူကြကုန်၏၊ အချို့သော ဝန်တိုသောသူတို့သည် အလှူဝတ္ထုများစွာတို့နှင့် ပြည့်စုံပါလျက်လည်း မလှူကြကုန်၊ ထံ,ထံ၏ အကျိုးကို ယုံကြည်၍ အနည်းငယ်မျှလှူအပ်သောအလှူဒါနကိုအသပြာတထောင်ကိုစွန့်၍လှူအပ်သော အလှူဒါနနှင့် အတူအမျှနှိုင်းယှဉ်အပ်၏"—

ဟု တရားဟောပြန်၏၊ သူဌေးကြီးသည် မာတလိနတ်သားကိုလည်း အိမ်ထဲဝင်၍ နေစေပြန်၏။

ဓမ္မိယလဒ္ဓ မွန်မြတ်လှ

ထိုနောက် ပဉ္စသိခ နတ်သားသည် လာပြန်၍ ထမင်းတောင်းပြီးလျှင်—

"အို-သူဌေးကြီး....တရားကိုကျင့်သောရဟန်းသည် တရားနှင့်အညီ ရှာမှီးခြင်းဟူသော ဆွမ်းခံအကျင့်ကိုသာ ကျင့်ရာ၏၊ သားမယားကို ကျွေးမွေးသောသူသည် အလှူဝတ္ထု အနည်းငယ်ပင်ရှိသော်လည်း လှူဒါန်း၍သာ တရားကိုကျင့်ရာ၏၊ သူတပါးတို့ကို နှိပ်စက်၍ရသော ဥစ္စာတထောင် တထောင်ကို စွန့်လှူသော သူတသိန်းတို့၏ အလှူတို့သည် တရားသဖြင့်ရသောသူဆင်းရဲ၏ အလှူကို တဆယ့်ခြောက်စိတ်စိတ်၍ တစိတ်မျှ မမှီနိုင်ကုန်"—

ဟု အလှူ၏အကျိုးတရား ဟောပြန်၏။

ဒါနအကျိုးက ဆန်းကြယ်လှ

ထိုအခါ သူဌေးကြီးသည် ပုဏ္ဏားပြောကြားသော အဓိပ္ပါယ်ကို မသိသည်ဖြစ်၍—

"အို-ပုဏ္ဏား....ဥစ္စာတသိန်းကိုစွန့်လှူအပ်သော အလှူသည် အဘိုး များစွာ ထိုက်သောကြောင့် အကျိုးများစွာသင့်ပါလျက်၊ ထိုအလှူသည်အဘယ် ကြောင့် တရားသဖြင့်ရသော ဥစ္စာအနည်းငယ်ကို စွန့်လှူအပ်သောအလှူကို မမှီနိုင်သနည်း"။

အို-ပုဏ္ဏား....သူတပါးတို့ကိုနှိပ်စက်၍ရသော ဥစ္စာ တထောင် တထောင်ကို စွန့်လှူသောသူ တသိန်းတို့၏ အလှူတို့သည် အနည်းငယ် လှူအပ်သော သူဆင်းရဲ၏အလှူကိုအဘယ်ကြောင့်တဆယ့်ခြောက်စိတ်စိတ်၍ တစိတ်မျှ မမှီနိုင်ကုန်သနည်း"-ဟု ပဥ္စသိခနတ်သားကိုမေးလေ၏။

ထူးဆန်းကျိုးပေး ဒါနရေး

ထိုအခါ ပဥ္စသိခ နတ်သားသည် သူဌေးကြီးအား ဒါန အကျိုး၏ ထူးဆန်းစွာပေးပုံကိုပြောလို၍-

"အို-သူဌေးကြီး...မညီမညွတ်သော ကာယကံစသည်၌တည်သောအချို့သောသူတို့သည်သူတပါးတို့ကိုပင်ပန်းစေ၍၎င်း,သတ်ဖြတ်ညှဥ်းဆဲစေ၍၎င်း, စိုးရိမ်ပူပန်စေ၍၎င်း လှူဒါန်းကြကုန်၏၊ မျက်ရည်ကျစေလျက် ဒဏ်ပေးခြင်းနှင့်တကွဖြစ်၍ တရားနှင့်မညီသော ထိုအလှူသည် တရားနှင့် ညီသော အနည်းငယ်သော အလှူကို မမှီနိုင်"။

"အို-သူဌေးကြီး.... ဤသို့လျှင် သူတပါးတို့ကို နှိပ်စက်၍ရသော ဥစ္စာတထောင်တထောင်ကို စွန့်လှူသောသူတသိန်းတို့၏ အလှူသည် အနည်းငယ်

လျှာအပ်သော သူဆင်းရဲ၏အလှူကို တဆယ့်ခြောက်
စိတ် စိတ်၍ တစိတ်မျှမရှိနိုင်”—

ဟု အမိပ္ပါယ်ကို ရှင်းလင်းစွာ ဖြေဆိုလေ၏။

နွားစာကြွေးမှု သူဌေးအရှု

သူဌေးကြီးသည် ပဉ္စသိခ နတ်သားကို လည်း အိမ်ထဲသို့ဝင်စေပြန်၏၊ ဤသို့ လျှင်သိကြားမင်းနှင့်တကွ လေးယောက်သောနတ်သားတို့သည် စုမိကုန်၏၊ ထိုအခါ ဗိလာရကောသိယသူဌေးကြီးသည် ကျွန်မကို ပုဏ္ဏားတို့အား တကွမ်းစားသောစပါးနှံကို ပေးရန်စေခိုင်း၏၊ ကျွန်းမလည်းစေခိုင်းတိုင်းပြု၏၊ ပုဏ္ဏားတို့လည်းအလှူမခံကုန်၊ တဘန်ဆန်ကိုပေးရန် စေခိုင်းပြန်၏၊ အလှူမခံကုန်၊ တဘန်နွားစားဘို့ချက်ထားသော ထမင်းကိုပေးစေပြန်၏၊ ထိုအခါ ကျွန်မသည် နွားစာထမင်းတို့ကို ခူး၍ပေးပြန်၏။

ပုဏ္ဏားတို့ဟန်ဆောင် နင်သေယောင်

ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းနှင့်တကွ နတ်လေးယောက်တို့သည် ထိုနွားစာထမင်းကို အသီးအသီးဆုပ်၍ ခံတွင်း၌ထည့်၍ လည်ချောင်း၌နင်စေလျက် မျက်ဖြူလန်ကုန်၍ မိန်းမောကုန်လျက် သူသေကဲ့သို့လျောင်းကြကုန်၏၊ ကျွန်မသည် ပုဏ္ဏားတို့ကိုမြင်လျှင် သေပြီမှတ်ထင်၍ သူဌေးကြီးထံသွား၍ နွားစာထမင်းကြမ်းကိုမမျိုနိုင်ဘဲ ပုဏ္ဏားတို့သေကုန်ပြီဟု ပြောကြားလေ၏၊ သူဌေးကြီးလည်း ယခုအခါ ယုတ်မာသောသူဌေးသည် နွားစာထမင်းကိုကျွေး၍ နူးညံ့သောပုဏ္ဏားတို့ မမျိုနိုင်သဖြင့် သေကြရကုန်၏၊ မုချ

ကဲ့ရဲ့ကြမည်ဟု ကြံစည်လျက် ကျွန်မကို နွားစာထမင်း တို့ကိုပယ်စွန့်စေပြီးလျှင် မွန်မြတ်သော အရသာရှိသော သလေးထမင်းတို့ကို ပေးစေပြန်၏။

သူဌေးသဘော မှသားပြော

ထိုနောက်သူဌေးကြီးသည် ခရီးလမ်းမှ သွားသောသူတို့ကိုခေါ်၍ စည်းဝေးစေပြီးလျှင် "အချင်းတို့....ကြည့်ရှုကြပါကုန်၊ ငါစားသောနည်းဖြင့် မွန်မြတ်သော သလေးထမင်း ကိုပေးပါလျက် လောဘကြီးလှ၍ ထမင်းလုပ်ကြီးစွာခွန့် သောပုဏ္ဏားတို့သည် မမျိုနိုင်ဘဲ နင်၍သေကြကုန်၏၊ ငါ၏ အပြစ်မဟုတ်ကြောင်း သိကြပါကုန်"ဟု ပြောဆိုတိုင် ကြားလေ၏။

သူဌေးလိမ်မှု ကဲ့ရဲ့ပြ

ထိုအခါ ပုဏ္ဏားတို့သည်ထကုန်၍ လူအ ပေါင်းကိုကြည့်ရှုလျက်"အို-လူအပေါင်း တို့.... နားထောင်ကြကုန်လော့၊ ဤသူ ဌေးကြီးကား မဟုတ်မမှန်သောစကားကို ပြောဆိုဘိ၏၊ ရှေးဦးစွာ နွားစာထမင်းကိုပေး၍ ငါတို့သေဟန်ဆောင် နေသောအခါမှ သလေးထမင်းကိုခူး၍ ထားစေ၏"ဟု ပြောဆိုလျက်စားပြီးထမင်းတို့ကိုအန်ထုတ်ကာ မြေ၌ထွေး ၍ပြကြကုန်၏၊ ထိုအခါလူအပေါင်းတို့သည် "ဟယ်သူဌေး မိုက်.... သင်သည် လျှူဒါန်းမြဲအနွယ်အဆက်ကို ဖျက်ဆီး ဘိ၏၊ အလှူတင်းကုပ် မီးတိုက်စေဘိ၏၊ အလှူခံတို့ကိုလည်း ရိုက်ပုတ်ကာ လည်ကိုကိုင်၍ နှင်ထုတ်စေဘိ၏၊ နူးညံ့သော ပုဏ္ဏားတို့အားလည်း ကြမ်းထန်သော နွားစာထမင်းကို ပေးဘိ၏၊ သင့်အိမ်ရှိသောဥစ္စာတို့သည် လည်ပင်း၌ဆွဲ၍

သွားရမည်လော''ဟု ပြောဆိုလျက် ကဲ့ရဲ့ပြစ်တင်ကြကုန်၏။

သိကြားပြောပြ ဖြစ်စဉ်ဘဝ

ထိုခဏ၌ သိကြားမင်းသည် ''အချင်းတို့···· ဤအိမ်၌ရှိသော ဥစ္စာတို့သည် မည်သူ့ ဥစ္စာတို့နည်း၊ သိကြကုန်၏လော''ဟု မေး၏၊ ''အရှင်····မသိပါကုန်''ဟု ပြောကုန်၏၊ ''အချင်းတို့···· ဤမြို့ဝယ် ဤမည်သောမင်းလက်ထက် မဟာသူဌေးကြီးသည် အလှူတင်းကုပ်ကိုဆောက်၍ အလှူကြီးကိုပေး၏ဟု ကြားဘူးကြသလော''ဟု မေး၏၊ ''အရှင်···· ကြားဘူးကြပါ၏''ဟု ပြောကြ၏၊ ''အချင်းတို့···· ထိုအလှူကြီးကို ပေးလှူသောသူဌေးကြီးကား ငါပင်ဖြစ်၏၊ ငါကား အလှူကြီးကိုပေးလှူသဖြင့် သိကြားမင်းဖြစ်ရ၏၊ ငါ၏သား မြေးအဆက်ဆက်တို့ကား စန္ဒနတ်သား, သူရိယနတ်သား, မာတလိနတ်သား, ပဉ္စသိခနတ်သားတို့ ဖြစ်ကြရကုန်၏''ဟု ပြောဆိုကာ နတ်သားအသီး အသီးတို့ကို ပြလေ၏၊ အထူးအားဖြင့် ပဉ္စသိခနတ်သားကား ထိုသူဌေးယုတ်၏ အဘပင်တည်း။

ကောင်းကင်ပျံကြွ သိကြားဆုံးမ

ဤသို့လျှင် အလှူမည်သည် အကျိုးရှိ၏၊ ပညာရှိတို့သည် လှူဒါန်းကြကုန်၏ဟု ပြောဆိုပြီးလျှင် လူတို့ယုံကြည်လောက်အောင် ငါးဦးလုံး နတ်သိကြားအသွင်ဖြင့် ကောင်းကင်သို့ ပျံတက်၍ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေကုန်၏။

ထို့နောက် သိကြားမင်းသည် ကောင်းကင်မှနေ၍ ''အို-လူအပေါင်းတို့···· ဤသူဌေးယုတ်ကား အနွယ် အ

ဆက်မှ ဆင်းသက်လာသောအလှူကိုဖျက်ဆီး၍ အလှူခံတို့ကို နှင်ထုတ်သည့်အတွက် ငရဲသို့ ကျရမည်ကို သနား၍ ဤအရပ်သို့လာရ၏''ဟု ပြောဆိုပြီးလျှင် ဒါနသီလစသော ကုသိုလ်ကောင်းမှု၏ အကျိုးကို ဟောပြောဆုံးမလေ၏။

ဘိုးဘွားစဉ်မပျက် ကုသိုလ်ဆက်

ဗိလာရကောသိယသူဌေးလည်းသိကြားမင်း၏စကားကိုကြားရလျှင် သတိရ၍ လက်နှစ်ဘက်ကိုဦးခေါင်း၌တင်၍ လက်အုပ်ချီကာ "အရှင်သိကြားမင်း....အကျွန်ုပ်သည် ယနေ့မှစ၍ အနွယ်အဆက်မှဆင်းသက်လာသော အလှူဝတ်ကို ဆက်၍ပေးပါအံ့၊ အယုတ်သဖြင့် ရေဒန်ပူကိုအစပြု၍ပေးလှူပါအံ့"ဟု ဝန်ခံလေ၏။

သိကြားမင်းလည်း ဗိလာရကောသိယသူဌေးကိုဆုံးမ၍ ငါးပါးသီလ၌တည်စေပြီးလျှင် နတ်သားလေးယောက်နှင့် တကွ မိမိတို့နေရာ တာဝတိံသာနတ်ပြည်သို့ သွားလေ၏၊ သူဌေးလည်း အသက်ထက်ဆုံးအလှူပေး၍ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗိလာရကောသိယ သူဌေးသည်- ယခုအခါ ပေးလှူသောရဟန်း။

※ စန္ဒနတ်သားသည်- သာရိပုတ္တရာ။

※ သုရိယနတ်သားသည်- မောဂ္ဂလာန်။
※ မာတလိနတ်သားသည်- ကဿပ။
※ ပဉ္စသိခနတ်သားသည်-အာနန္ဒာ။
※ သိကြားမင်းသည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိုယ်,နှုတ်,စိတ်ကား၊ မမျှငြား၊ ထား၍လှူခဲ့မူ၊
(၂) ပင်ပန်းခဲ့စေ၊ သက်ညှင်းလေ၊ ဖြစ်စေစိုးရိမ်ဟူ။
(၃) မျက်ရည်ယိုစေ၊ ဒဏ်ထားသေ၊ မှတ်လေမတရားလှူ။
(၄) ဥစ္စာမတရား၊ လှူဒါန်းငြား၊ များလည်းကျိုးနဲ့ဟူ။
(၅) တရားဥစ္စာ၊ လှူဒါန်းရာ၊ များစွာကျိုးများဟူ။

မိလာရကောသိယဇာတ် ပြီး၏။

၄၅၁-စက္ကဝါက ဇာတ်

ပစ္စုပ္ပန်ဝတ္ထု

တပ်ခြင်းလောဘ သိမ်းဆည်းမရ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ပစ္စည်းလေးပါး၌ လျပ်ပေါ် လော်လည်သော ရဟန်း တပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင် တော်မူသတည်း။

အတိတ်ဝတ္ထု

လောဘသိမ်းမရ ကျီးဘဝ

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် လောဘကြီးသောကျီးတကောင်

သည် ဗာရာဏသီမြို့နား၌ ဆင်သေကောင်ပုပ်စသည်တို့ကို စားသောက်ရသော်လည်း မရောင့်ရဲနိုင်သည်ဖြစ်၍ တော အရပ်သို့ ပျံသွားကာ သစ်သီး ကြီးငယ်တို့ဖြင့်မရောင့်ရဲနိုင် ပြန်သဖြင့် ဂင်္ဂါမြစ်နားသို့ ပျံသွားသောအခါ စက္ကဝက်ငှက် တို့ကို မြင်လျှင် ဤငှက်တို့ကား အလွန်တင့်တယ်ကုန်၏၊ ဤငှက်တို့အစာကိုစား၍ ဤငှက်တို့ကဲ့သို့အဆင်းလှအောင် ပြုမည်ဟု ကြံစည်ပြီးလျှင် အနီးသို့ ချဉ်းကပ်၍—

"အို-စက္ကဝက်ငှက်....သင်ကား နှစ်သက်ဘွယ် အဆင်းရှိ၏၊ အလွန်အဆင်းလှ၏၊ တခဲနက်သော ကိုယ်ရှိ၏၊ ဦးသစ်သော ရွှေအဆင်းနှင့် တူ၏၊ ကောင်းသော ကိုယ်သဏ္ဌာန်ရှိ၏၊ ကြည်လင်သော မျက်နှာဝဏ္ဏရှိ၏"။

အို-စက္ကဝက်ငှက်.... ဂင်္ဂါမြစ်နား၌ နေသော သင်သည် ငါးဖယ်, ငါးသိုင်း, ငါးပတ်, ငါးရံ့, ငါးကြင်း ဤအစာတို့ကို စားရသလော"—

ဟု စက္ကဝက်ငှက်၏ အစာကို မေးလေ၏။

စားကောင်းစားလျက်
ဆင်းမထွက်

စက္ကဝက်ငှက်သည် ကျီး၏ ပြော သောစကားကိုကြားလျှင်—

"အဆွေကျီး..ငါသည်မှော်သေးမှော်ကြီးတို့ကို ကြဉ်ဖယ်၍ ကုန်းသတ္တဝါတို့အသားနှင့် ရေသတ္တဝါ တို့အသားတို့ကို မစားပါ၊ မှော်သေးမှော်ကြီးသာ လျှင် ငါ၏အစာ ဖြစ်ပါ၏"—

ဟု ကျီး၏စကားပယ်၍ ပြောဆို၏၊ ထိုနောက်မှ ကျီး သည်—

"အို-စက္ကဝက်ငှက်....ငါသည် ရွာ၌ ဆားဆီတို့ဖြင့် ကြော်ချက်အပ်သော အသား၊ လူတို့ ချက်ပြုတ်အပ်သော စင်ကြယ်သော သားပွဲမြင်း ထမင်းဟူသော အစာကို စားရပါ၏။

သို့ပါလျက်လည်း ငါ့အားသင်၏အဆင်းကဲ့သို့ အဆင်းမရှိ၊ ထို့ကြောင့် သင်သည်မှော်သေး မှော်ကြီးဖြစ်သော အစာကို စားသည်ဆိုရာ ငါမယုံကြည်နိုင်ပါ"—

ဟု ပြောဆို ပြန်၏။

လော်လည် ကျင့်ယုတ် ဆင်းရောင်ပုပ်

ထိုအခါ စက္ကဝက် ငှက်သည် ကျီးပြောသောစကားကို ကြားရသဖြင့်—

"အဆွေကျီး....သင်သည် ရန်နှင့် ယှဉ်သော စိတ်ကို ကိုယ်၌ မြင်နေရသည်ဖြစ်၍ ထိတ်လန့်ကြောက်ရွံ့လျက် စားရ၏၊ လူသတ္တဝါတို့ကို နှိပ်စက်ညှဉ်းဆဲလျက် ထိတ်လန့်ကြောက်ရွံ့လျက် စားရ၏၊ ထို့ကြောင့် သင်၏အဆင်းသည် မလှပါ"။

"အဆွေကျီး....သင်သည် မကောင်းမှုဖြင့် လူ အပေါင်းတို့နှင့် ဆန့်ကျင်ခဲ့၏၊ ရအပ်သောအစာကိုလည်း မနှစ်သက်၊ ထို့ကြောင့် သင်၏အဆင်းသည် မလှပါ"။

"အဆွေကျီး....ငါကား အလုံးစုံသော သတ္တဝါတို့ကို မညှဉ်းဆဲမူ၍ ရရသမျှသော မှော်သေးမှော်

ကြီးကိုစားပါ၏၊ ကြောင့်ကြခြင်း ရွံ့ရှာခြင်း စိုးရိမ်ခြင်းမရှိ ဘေးမရှိသည်ဖြစ်၍ နေရ၏"။

အဆုံးမပေး ကျီးထွက်ပြေး

"အဆွေကျီး… သင်သည် ကောင်းသော အကျိုးကိုပွားတိုးစေတတ်သော လုံ့လဝီရိယကို ပြုပါလော့၊ သီလမရှိသည် အဖြစ်ကိုလွန်၍ ကောင်းစွာ ကျင့်ပါလော့၊ သတ္တဝါတို့ကို သနားခြင်း ကရုဏာနှင့် ယှဉ်၍ ကျင့်ပါလော့၊ ငါ့မှာလူတို့ ချစ်အပ်သော အကျင့်ရှိသကဲ့သို့ သင့်မှာလည်း ရှိပါစေလော့"။

"အဆွေကျီး…သင်သည် သတ္တဝါတို့ကို မသတ်ဖြတ်မညှဉ်းဆဲပါလင့်၊ ဥစ္စာဆုံးရှုံးအောင် မပြုပါလင့်၊ ပြုအောင်လည်း မတိုက်တွန်းပါလင့်၊ခပ်သိမ်းသော သတ္တဝါတို့၌ မေတ္တာပွားပါ၊ သတ္တဝါတို့ကို မသတ်ဖြတ် မညှဉ်းဆဲသူအား တစုံတယောက်သောသူနှင့် ရန်မည်သည်မရှိ"—

ဟု ကျီးအားတရားဟောလေ၏၊ ကျီးသည် သင်တို့ကား မိမိတို့ စားသော အစာကို ဟုတ်မှန်စွာ မပြောကုန် ဟု ကာကာ မြည်လျက် ပျံသန်းကာ ဗာရာဏသီမြို့ ကျင်ကြီးစွန့်ရာအရပ်၌ သက်ဆင်းလေ၏။

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြသည်၏အဆုံး၌ လျပ်ပေါ်လော်လည်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ကျီးသည်-ယခုအခါ လျှပ်ပေါ်သော ရဟန်း၊
※ စက္ကဝက် ငှက်မသည်-ရာဟုလာမယ်တော်။
※ စက္ကဝက် ငှက်မင်းသည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရှန်သူမြင်ကာ၊ ကြောက်ထိတ်ကာ၊ စားရာဆင်းမလှ။
(၂) သတ္တဝါလူ၊ ညှဉ်းရမူ၊ စားသူဆင်းမလှ။
(၃) ဆန့်ကျင်လုယက်၊မနှစ်သက်၊ စားလျက်ဆင်းမလှ။
(၄) ကြောက်ထိတ်ဘေးကွာ၊ ရောင့်ရဲကာ၊ စားရာရုပ်ဆင်းလှ။
(၅) သက်သတ်ရှောင်ရှား၊ မေတ္တာပွား၊ စားသူရုပ်ဆင်းလှ။

စက္ကဝါက ဇာတ်ပြီး၏။

၄၅၂—ဘူရိပညဇာတ်

[ဤဘူရိပညဇာတ်သည် မဟာဥမင်ဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။]

၄၅၃-မဟာမင်္ဂလဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ရူပါရုံမြင်မှု မင်္ဂလာပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်

စည်းဝေးရာစရပ်၌ လူအပေါင်းတို့စည်းဝေးကြရာမင်္ဂလာ ရှိ၏၊ မင်္ဂလာမရှိဟူသော စကားကိုစွဲ၍ ဘယ်အရာဝတ္ထု၊ ဘယ်တရားသည် မင်္ဂလာမည်သနည်းဟု အမေးပြဿနာ တခုသည် ပေါ်ထွက်လာလေ၏။

လူအပေါင်းတို့တွင် လူတယောက်သည် "အချင်းတို့.... ကောင်းသော ရူပါရုံကို မြင်ရခြင်းသည် မင်္ဂလာမည်၏၊ အမှန်အားဖြင့် နံနက် စောစောထ၍ ကိုယ်လုံး ဖြူသော နွားလားဥဿဘကိုငင်း၊ ကိုယ်ဝန်ဆောင် မိန်းမကိုငင်း၊ ငါးကြင်းကိုငင်း၊ ရေပြည့်အိုးကိုငင်း၊ ဆီဦး, ထောပတ်, နွားနို့ ဃနာထမင်းကိုငင်း၊ အစာမချေသေးသော ပုဆိုး ကိုငင်း မြင်ရ၏၊ ဤသို့မြင်ရခြင်းသည် မင်္ဂလာမည်၏"ဟု ပြောဆိုလေ၏။

ကြားသိတွေ့မြင်
မင်္ဂလာထင်

လူတယောက် သည် "အချင်းတို့.... ကောင်းသောရူပါရုံကို မြင်ရခြင်းသည် မင်္ဂလာမမည်၊ ကောင်းသော သဒ္ဒါရုံ ကိုကြားရခြင်းသာ မင်္ဂလာမည်၏၊ အမှန်မှာ ပြည့်ဝ၏၊ ပွါး၏၊ တက်၏၊ ချမ်းသာ၏၊ စားလော့၊ သောက်လော့ ဟူသောအသံကိုကြားရ၏၊ ဤသို့ကြားရခြင်းသည်မင်္ဂလာ မည်၏"ဟု ပြောဆိုပြန်၏။

တဘန် လူတယောက်သည် "အချင်းတို့....ကောင်း သောရူပါရုံကို မြင်ရခြင်း၊ ကောင်းသော သဒ္ဒါရုံကိုကြား ရခြင်းသည် မင်္ဂလာမမည်၊ ကောင်းသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိရခြင်းသည်သာ မင်္ဂလာမည်၏၊ အမှန်မှာ နံနက် စောစောကပင် မြေကြီးကိုသုံးသပ်ရ၏၊ စိမ်းလန်းသော နေဇာမြက်ကိုငင်း၊ နွားချေးစိုကိုငင်း၊ စင်ကြယ် သန့်ရှင်း

သောပုဆိုးကိုရင်း၊ ငါးကြင်းကိုရင်း၊ ရွှေခွက်ငွေခွက်ကိုရင်း၊ သုံးသပ်ထိတွေ့ရ၏၊ ဤသို့ သုံးသပ် ထိတွေ့ရခြင်းသည် မင်္ဂလာမည်၏”ဟုပြောဆိုပြန်၏။

မင်္ဂလာပြင်းခုန် သိကြားလျှောက်ပုံ

ဤသို့ဒိဋ္ဌမင်္ဂလာအယူရှိသောသူ၊ သုတမင်္ဂလာ အယူရှိသောသူ၊ မုတမင်္ဂလာအယူရှိသောသူဟူ၍လူတို့သည်သုံးစုကွဲကြကုန်၏၊ အချင်းချင်း စွဲစပ်ခြင်းငှါ မတတ်နိုင်ကုန်၊ ဘုမစိုးနတ်မှစ၍ ဗြဟ္မာ့ဘုံတိုင်အောင်ကွဲကုန်၏၊ မင်္ဂလာအမှန်ကို ဖြေရှင်းဆုံးဖြတ်နိုင်သူမရှိ၊ အမြဲပြင်းခုန်၍သာနေကြကုန်၏။

ထိုအခါ သိကြားမင်းသည် ဤမင်္ဂလာ ပြဿနာကို အမှန်အားဖြင့် လောကသုံးပါး၌ မြတ်စွာဘုရားမှတပါး ဖြေကြားနိုင်သူမရှိ၊ မြတ်စွာဘုရားကို လျှောက်ထားမည်ဟု ကြံစည်လျက် ညအခါ မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင်“ဗဟူဒေဝါမနုဿာစ”အစရှိသော ဂါထာစကားဖြင့် မြတ်စွာဘုရားအား မင်္ဂလာပြဿနာကို လျှောက်ထားလေ၏။

ဘုရားဟောကြား မင်္ဂလာတရား

ထိုအခါ မြတ်စွာဘုရားသည် “အသေဝနာစဗာလာနံ” အစရှိသော ဂါထာစကားတို့ဖြင့် သုံးဆယ့် ရှစ်ပါးသော မင်္ဂလာတရားတော်တို့ကို ဟောကြားတော်မူ၏၊ သိကြားမင်းလည်း မင်္ဂလာတရားတော်ကိုကြားနာပြီးလျှင် မိမိနေရာတာဝတိံသာနတ်ပြည်သို့ သွားလေ၏။

ရဟန်းတို့သည် တရားသဘင်၌ မင်္ဂလာ ပြဿနာကို ဖြေကြားတော်မူခြင်းနှင့်စပ်၍ ပညာတော်ကိုချီးကျူးအံ့ဩ

၍နေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍သိတော်မူလျှင် "ရဟန်းတို့…ယခုအခါ မင်္ဂလာပြဿနာ ဖြေကြားခြင်းကား အံ့ဩဘွယ်မဟုတ်သေး၊ ရှေးအခါ အလောင်းတော်ရက္ခိတ ရသေ့ဖြစ်စဉ် အကျဉ်းဖြေကြားဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

လောကဖြစ်ရှုတော့ပျော်မှု

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် တခုသောရွာငယ်တွင် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော ပုဏ္ဏားမျိုး၌ဖြစ်၍ ရက္ခိတဟူသော အမည်ကို မှည့်ကြကုန်၏၊ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် စည်းစိမ်ဥစ္စာတို့ကို သိမ်းဆည်းကာ သားမယား မွေးမြူလျက်နေရာ မိဘတို့သေလွန်သဖြင့် စည်းစိမ်ဥစ္စာတို့ကို ကြည့်ရှုလတ်သော် ထိတ်လန့်သောစိတ်ရှိသည်ဖြစ်၍ အလှူကြီးပေးပြီးလျှင် ကာမဂုဏ်တို့ကိုစွန့်ပယ်၍ ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် သစ်သီးကြီးငယ်တို့ဖြင့် မျှတကာနေ၏၊ တဖြည်းဖြည်း တိုးပွါးလာသဖြင့် ငါးရာသော တပည့် အခြံအရံတို့သည် ဖြစ်ကုန်၏။

မင်္ဂလာပြောကြားအခြင်းပွါး

တနေ့သ၌ တပည့်ငါးရာတို့သည် ဆရာရသေ့ကို ခွင့်ပန်ကာ ချဉ်ဆားမှီဝဲအံ့သောငှါ ဒေသစာရီ သွားကြသည်

ရှိသော် ဗာရာဏသီပြည်သို့ရောက်၍ မင်းဥယျာဉ်၌နေကြကုန်၏၊ ဆရာဖြစ်သောရက္ခိတရသေ့ကြီးကားဟိမဝန္တာ၌ပင်နေရစ်၏၊ ဗာရာဏသီပြည်သားတို့သည် ရသေ့ငါးရာတို့အား ကိုးကွယ်ဆည်းကပ်ကြကုန်၏။

ထိုအခါ ဗာရာဏသီပြည်ဝယ် မင်းတို့စုဝေးတိုင်ပင်ရာစရပ်၌ မင်္ဂလာပြဿနာသည် ဖြစ်လေ၏၊ အချို့ကားဒိဋ္ဌမင်္ဂလာကို အယူရှိကုန်၏၊ အချို့ကားသုတမင်္ဂလာကိုအယူရှိကုန်၏၊ အချို့ကား မုတမင်္ဂလာကိုအယူရှိကုန်၏၊ မည်သည့်အရာဝတ္ထုသည် မင်္ဂလာမည်၏ဟု အမှန်အကန်ဖြေရှင်းဆုံးဖြတ်နိုင်သူမရှိ၊ သူတဖုံငါတခြား အမျိုးမျိုးအငြင်းပွါး၍သာနေကုန်၏။

ဆရာအထံသွား မင်္ဂလာမေးကြား

မင်းနှင့်တကွ လူတို့သည် ရသေ့ငါးရာတို့ထံသွား၍ မင်္ဂလာပြဿနာကို မေးလျှောက်ကြကုန်၏၊ ရသေ့ တို့လည်း "မြတ်သောမင်းကြီး.... ငါတို့ကား မင်္ဂလာ ပြဿနာကို မဖြေဆိုနိုင်ကုန်၊ သို့သော်လည်း ဟိမဝန္တာ၌ နေသောငါတို့ဆရာ ရက္ခိတ ရသေ့ကြီးကား ပညာရှိ၏၊နတ်လူတို့စိတ်နှလုံးကိုယူကာ မင်္ဂလာပြဿနာကို ဖြေဆိုနိုင်လတ့်" ဟုပြော၏၊ "အရှင်တို့.... အကျွန်ုပ်တို့သွား၍ မနာယူနိုင်ပါကုန်၊ အရှင်တို့သာသွား၍ သင်ကြား နာယူခဲ့ပြီးလျှင် အကျွန်ုပ်တို့ကိုလည်း ဖြေဆိုဟောကြားတော်မူပါ" ဟု လျှောက်ထားတောင်းပန်၏။

ဆရာတောင်းပန် မင်္ဂလာဟောရန်

ရသေ့ငါးရာတို့သည် မင်းကြီးတောင်းပန်ခြင်းကို အရင်းပြုကာ ဟိမဝန္တာသို့သွား၍ ဆရာရသေ့ကြီးထံ ရောက်လျှင်

ရှိသေစွာ ရှိခိုးကုန်၍ မင်္ဂလာပြဿနာ ဖြစ်ပေါ်လာခြင်းကို အစမှလျှောက်ထားပြီးလျှင် ဗာရာဏသီမင်းကြီး တောင်းပန်၍ လာခဲ့ရကြောင်း၊ မည်သည့်အရာဝတ္ထုသည် မင်္ဂလာ မည်ကြောင်း ဖြေဆို ဟောကြား တော်မူပါမည့်အကြောင်း လျှောက်ထားကြကုန်၏၊ ရသေ့တို့တောင်းပန်ပြီးသောနောက်မှ တပည့်ကြီးသည်—

"အရှင်ဘုရား…. အကြင်သူသည် မင်္ဂလာကို တောင်းပန် သောအခါ၌ အဘယ် အတတ်ကို ရွတ်ဘတ်သရဇ္ဈာယ်လျက် ဘယ်ဗေဒင်ကို သင်၍ သင်ကြားအပ်သော အတွင်း အဘယ်အတတ်ကို သင်၍ ထိုသူသည် ပစ္စုပ္ပန် တမလွန် လောက၌ စင်ကြယ် ခြင်းသို့ ရောက်သဖြင့် စောင့်ရှောက်အပ်သည်ဖြစ်၍ အဘယ်မည်သော အမှတ်ဖြင့် ပြုလုပ် ရသနည်း ဟောကြားတော်မူပါ"—

ဟု မင်္ဂလာပြဿနာကို မေးလျှောက်လေ၏။

နှုတ်တော်ဖွင့်ဟ မင်္ဂလာစမ္မ

ထိုအခါ ရက္ခိတရသေ့ကြီးသည် နတ်လူတို့ ယုံမှားကို ဖြတ်လျက် ဤမည်ဤမည်သော အရာဝတ္ထု၊ အကြောင်းသည် မင်္ဂလာမည်၏ဟု ဘုရား၏ တင့်တယ်ခြင်းဖြင့်—

ပဌမ မင်္ဂလာ

"တပည့်တို့….ဘူမိဗိုဝ်းနတ်အစရှိသော ကာမာဝစရနတ်တို့ကိုရင်း, ရူပါဝစရဗြဟ္မာ အရူပါဝစရဗြဟ္မာတို့ကိုရင်း, ကျောရှည် သတ္တဝါ တို့ကိုရင်း, ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသော သတ္တဝါတို့ကိုရင်း မေတ္တာဖြင့် အခါခပ်သိမ်း လေ့ကျက် ပွါးများ

ကုန်၏၊ ခပ်သိမ်းသောသတ္တဝါတို့၌ မေတ္တာပွါးစေခြင်းကို အပြစ်မရှိ စင်ကြယ်သော မင်္ဂလာ ဟူ၍ ပညာရှိတို့ ဟောကုန်၏"—

ဟု ပဌမ မင်္ဂလာကို ဟောကြားတော်မူ၏၊ ထို့နောက် တဖန်—

ဒုတိယ မင်္ဂလာ

"တပည့်တို့····ခပ်သိမ်းသောလူအပေါင်းတို့အား နှိမ်ချသောဖြစ်ခြင်းရှိ၏၊ သူယ် မိန်းမ ယောက်ျားတို့၏ မကောင်းသဖြင့် ဆိုအပ်သော ဖရုသဝါစာကို သည်းခံလေ့ရှိ၏၊ သူတော်ကောင်းတို့အား လျော်သောစကားကိုသာ ဆိုလေ့ရှိ၏၊ ထိုသည်းခံခြင်းကို အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏"—

ဟုဒုတိယမင်္ဂလာကိုဟောကြားတော်မူ၏၊ထို့နောက်-

တတိယမင်္ဂလာ

"တပည့်တို့···· မြဲသောအဆွေ ခင်ပွန်း တို့ကို အတတ်ပညာဖြင့်ငှင်း၊ အမျိုး၏ ပြည့်စုံခြင်းဖြင့်ငှင်း၊ ဥစ္စာဖြင့်ငှင်း၊ ဇာတ်ဖြင့်ငှင်း မထေမဲ့မြင် မပြု၊ အကျိုးအကြောင်း ဖြစ်လာသောအခါ နှစ်သက်အပ်ကောင်းမြတ်သောပညာအကျိုးအကြောင်းကို ပိုင်းခြား စီရင်နိုင်သော ပညာရှိဖြစ်၍ အဆွေခင်ပွန်းတို့ကို မထေမဲ့မြင်မပြု၊ ထိုအဆွေ ခင်ပွန်းတို့၌ မထေမဲ့မြင်မပြုခြင်းကို အပြစ်မရှိ စင်ကြယ်သောမင်္ဂလာဟူ၍ ပညာရှိတို့ဟောကုန်၏"—

ဟု တတိယမင်္ဂလာကိုဟောကြားတော်မူ၏၊ထို့နောက်-

စတုတ္ထ မင်္ဂလာ

"တပည့်တို့····မချွတ်ယွင်းစေတတ်သောအလေ့ရှိသူအား အကျွမ်းဝင်ခြင်းသို့ရောက်သော ပညာရှိသူတော်ကောင်းတို့သည် စင်စစ် အဆွေ ခင်ပွန်းဖြစ်ကုန်၏၊အဆွေခင်ပွန်းတို့အကျိုးစီးပွါးကိုမဖျက်ဆီးတတ်၊ မိမိဥစ္စာဖြင့် အဆွေ ခင်ပွန်း တို့အားခွဲခြမ်းဝေဘန်လေ့ရှိ၏၊ အဆွေခင်ပွန်းရှိခြင်း အဆွေခင်ပွန်းတို့အား ဥစ္စာဆက်ဆံ ဝေဘန်ခွဲခြမ်းခြင်းကိုအပြစ်မရှိ စင်ကြယ်သောမင်္ဂလာဟူ၍ ပညာရှိတို့ဟောကုန်၏"-

ဟု စတုတ္ထမင်္ဂလာကို ဟောကြားတော်မူ၏၊ထို့နောက်-

ပဉ္စမ မင်္ဂလာ

"တပည့်တို့···· အရွယ်တူ၏၊ အညီ အညွတ်ဝမ်းမြောက်ဝမ်းသာ နေလေ့ရှိ၏၊ လင်၏အလိုသို့လိုက်၏၊ သူစရိုက်ဆယ်ပါးကို လိုလား နှစ်သက်၏၊ မိန်းမမြုံမဟုတ်၊ အမျိုးမြတ်၏၊ သီလရှိ၏၊ လင်ကိုရိုသေ၏၊ ဆိုခဲ့ပြီးသောဂုဏ်နှင့်ပြည့်စုံသော မယားကောင်းရှိခြင်းကို အပြစ်မရှိစင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏"-

ဟု ပဉ္စမ မင်္ဂလာကို ဟောကြားတော်မူ၏၊ထို့နောက်-

ဆဋ္ဌမ မင်္ဂလာ

"တပည့်တို့···· စင်ကြယ်သော အဖြစ်၊ လုံ့လရှိသောအဖြစ်၊ နှစ်ဖြာ မကွဲလတ္တံသော အဖြစ်

ရှိသည်ဖြစ်၍ ဤသူကား စိတ်နှလုံး ကောင်း၏ဟု မင်းနှင့်တကွ လူအပေါင်းသည်သိ၏၊ ဆိုခဲ့ပြီးသော ဂုဏ်နှင့်ပြည့်စုံ၍ စိတ်နှလုံးကောင်းခြင်းကို အပြစ်မရှိစင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏”—

ဟု ဆဋ္ဌမ မင်္ဂလာကိုဟောကြားတော်မူ၏၊ထို့နောက်-

သတ္တမမင်္ဂလာ

“တပည့်တို့····ကံ,ကံ၏အကျိုးကို ယုံကြည်သည်ဖြစ်၍ ထမင်း,အဖျော်, ပန်း,နံ့သာ, နံ့သာပျောင်းတို့ကို ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာလှူဒါန်း၏၊ ထိုလှူဒါန်း ပေးကမ်းခြင်းကို အပြစ်မရှိ စင်ကြယ်သောမင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏”—

ဟု သတ္တမ မင်္ဂလာကိုဟောကြားတော်မူ၏၊ထို့နောက်-

အဋ္ဌမ မင်္ဂလာ

“တပည့်တို့···· ပညာ ကြီးကုန်သော ငြိမ်သက်သောစိတ်ရှိကုန်သော အကြားအမြင် ရှိကုန်သော သီလရှိကုန်သော အရိယာတို့သည် နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ ကောင်းမြတ်သော အကျင့်ဖြင့် သုတ်သင်ကုန်၏၊ထိုရဟန္တာတို့အလယ်၌ရအပ်သော အရဟတ္တဖိုလ်ကို အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကြားကုန်၏”—

ဟု အဋ္ဌမ မင်္ဂလာကို ဟောကြားတော်မူ၏။

မင်္ဂလာကျိုးတရား ဆရာဟောကြား

ဤသို့လျှင် အရဟတ္တဖိုလ်ကို အထွတ်တင်ကာ မင်္ဂလာကြီး ရှစ်ပါးတို့ကို ဟောကြားတော်မူပြီး၍ တဘန်—

"တပည့်တို့....လောက၌ဤရှစ်ပါးသောမင်္ဂလာကြီးကိုသာ အပြစ်မရှိ စင်ကြယ်သော မင်္ဂလာ မည်ကုန်၏၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်၏၊ နိဗ္ဗာန်တိုင်အောင် မြတ်သောချမ်းသာကို ဖြစ်စေတတ်ကုန်၏၊ ဤလောက၌ ပညာရှိသောသူသည် ဤရှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာလျှင် မှီဝဲရာ၏၊ အဘယ်ကြောင့်နည်း—ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂ, မုတမင်္ဂလာ၌ တခုသော မင်္ဂလာမျှလည်း ပရမတ္ထသစ္စာ မည်သည်မရှိ၊ ထိုကြောင့် ရှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာ မှီဝဲရာ၏"—

ဟု ရှစ်ပါးသော မင်္ဂလာကြီးတို့ကို ချီးကျူးကာ နိဂုံးစကား မြွက်ကြားတော်မူပြန်၏။

မင်္ဂလာရှစ်ပါး ပြန်ဟောကြား

တပည့်အပေါင်းတို့လည်းရှစ်ပါးသော မင်္ဂလာကြီးတို့ကို သင်ကြား နာယူပြီးလျှင် ဆရာ ရသေ့ကြီးကို ပန်ကြား၍ ဗာရာဏသီပြည်သို့ သွားကာ မင်းအမှူးရှိသော ပရိသတ်အား ဆရာရသေ့ကြီးဟောသောနည်းအတိုင်းမင်္ဂလာကြီး ရှစ်ပါးကို ဟောကြားဖြေရှင်းပြီးလျှင် ဟိမဝန္တာသို့ တဘန် ပြန်၍လာကြကုန်၏၊ထိုအခါမှစ၍ လောက၌မင်္ဂလာတရားသည် ထင်ရှားဖြစ်လာ၏၊ မင်္ဂလာတရားကို ကောင်းစွာ ကျင့်ကုန်သောကြောင့် သေတိုင်းသေတိုင်းသော သူတို့သည်

နတ်ပြည်၌ ဖြစ်ရကုန်၏၊ ရက္ခိတ ရသေ့ကြီးလည်း ဗြဟ္မ ဝိဟာရ တရားကို ပွားများလျက် သေလွန်သော အခါ တပည့်အပေါင်းနှင့်တကွ ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ တပည့်အပေါင်းသည်- ယခုအခါ ဘုရား ပရိသတ်။

※ တပည့်ကြီးရသေ့သည်- သာရိပုတ္တရာ။

※ ရက္ခိတရသေ့သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သတ္တဝါအား၊ မေတ္တာပွား၊ မှတ်သားမင်္ဂလာ။
(၂) စိတ်ကိုနှိမ်ချ၊ သည်းခံက၊ မှတ်ကြမင်္ဂလာ။
(၃) မထေမဲ့ဝေး၊ ဆွေတဝေး၊ မှတ်ရေးမင်္ဂလာ။
(၄) ဆွေခင်ပွန်းတွေ၊ ဥစ္စာဝေ၊ မှတ်လေမင်္ဂလာ။
(၅) ပြည့်စုံဂုဏ်ကောင်း၊မယားကောင်း၊မှတ်ကြောင်းမင်္ဂလာ။
(၆) ပြည့်စုံဂုဏ်ကောင်း၊ နှလုံးကောင်း၊ မှတ်ကြောင်းမင်္ဂလာ။
(၇) ကံ,ကျိုးကိုယုံ၊ လျှုဒါန်းတုံ၊ မှတ်ယုံမင်္ဂလာ။
(၈) သုတ်သင်ကျင့်ကို၊ နောက်ဆုံးမိုလ်၊ မှတ်လိုမင်္ဂလာ။
(၉) ပြစ်မဲ့,စင်ကြယ်၊ ဤရှစ်သွယ်၊ မှီဘွယ်မင်္ဂလာ။

မဟာမင်္ဂလဇာတ် ပြီး၏။

၄၅၄-ဃဋပဏ္ဍိတဇာတ်

ပစ္စုပ္ပန်ဝတ္ထု

သားသေကြောင်းပြု ဟောကြားမှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သားသေသော သူကြွယ်ကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထုသည် မဋ္ဌကုဏ္ဍလီဇာတ်နှင့်တူပြီ။]

အတိတ်ဝတ္ထု

သမီးတော်ဖွါးလတ် လက္ခဏာဖတ်

လွန်လေပြီး သောအခါ ဥတ္တရာပထ တိုင်းဝယ် ကံသမင်းမျိုးတို့ နေရာဖြစ်သော အသိတဉ္စနမြို့၌ မဟာကံသမင်း မင်းပြုလည်ရှိသော် ထိုမင်းအား ကံသ,ဥပကံသမည်သော သားတော်နှစ်ယောက်တို့သည် ရှိကုန်၏၊ ဒေဝဂဗ္ဘာမည်သော သမီးတော်တယောက်လည်းရှိ၏၊ ထိုမင်းသမီးမွေးဘွားသောအခါ နိမိတ်ဖတ်တတ်သော ပုဏ္ဏားတို့ကိုမေးမြန်းရာ ပုဏ္ဏားတို့သည် ထိုမင်းသမီးက မွေးဘွားသောသားတို့သည် ကံသမင်းတို့၏ အမျိုးအနွယ်ကိုဖျက်ဆီးကုန်လတ္တံ့ဟု လျှောက်ထားကြကုန်၏၊ မဟာကံသမင်းကြီးလည်း သမီးတော်ကိုအလွန်ချစ်သောကြောင့် ဖျက်ဆီးခြင်းငှါမတတ်နိုင်၊ မောင်တော်တို့သိလိမ့်မည်ဟု နှလုံးသွင်းကာ အသက်ထက်ဆုံးတည်၍ နတ်ရွာလားတော်မူ၏။

နှမတော်ချစ်ပြား တပင်တိုင်ထား

မဟာကံသမင်းကြီး နတ်ရွာလားလတ်သော် ကံသမင်းသားသည်မင်းဖြစ်လေ၏၊ ဥပကံသမင်းသားသည် အိမ်ရှေ့

မင်းဖြစ်လေ၏၊ ထိုမင်းညီနောင်တို့သည် နှမတော်ဒေဝဂဗ္ဘာကို အကဲ့ရဲ့ခံရမည်မှ ကြောက်သောကြောင့် မဖျက်ဆီးဝံ့ကြကုန်၊ တစုံတယောက်သောမင်းအား မပေးစားဘဲ တပင်တိုင်နန်းပြာသာဒ်၌ထား၍ နန္ဒိဂေါပါကျွန်မနှင့် ၎င်း၏လင်အန္ဓကဝေဏှုကို အလုပ်အကျွေးအစောင့်အရှောက်ထားကြကုန်၏။

မိတ်ဆွေမင်းသားချီးမြှောက်ထား

ထိုအခါဥတ္တရမဓုရပြည်၌ မဟာသာဂရမင်းမင်းပြု၏၊ထိုမင်းအားလည်း သာဂရ,ဥပသာဂရဟု သားနှစ်ယောက်တို့သည်ရှိကုန်၏၊ခမည်းတော်နတ်ရွာလားသောအခါသာဂရမင်းသားသည် မင်းဖြစ်လေ၏၊ ဥပသာဂရမင်းသားကား အိမ်ရှေ့မင်းဖြစ်လေ၏၊ ထိုဥပသာဂရမင်းသားကား ဥပကံသမင်းသားနှင့် တဦးတည်းသောဆရာထံ အတတ်ပညာသင်ဘက် အဆွေခင်ပွန်းဖြစ်သတတ်။

တနေ့သ၌ ဥပသာဂရမင်းသားသည် နောင်တော်သာဂရမင်းကြီး၏ နန်းတွင်း၌ ပြစ်မှားမိသဖြင့် နောင်တော်ကိုကြောက်သောကြောင့်ထွက်ပြေးလာရာ အသိတဥ္စနမြို့ အိမ်ရှေ့မင်း ဥပကံသထံရောက်လေ၏၊ အိမ်ရှေ့မင်းလည်း ဥပသာဂရမင်းသားကို နောင်တော်ကံသမင်းကြီးအား ပြလေ၏၊ ကံသမင်းကြီးလည်း ဥပသာဂရအား ကြီးစွာသော စည်းစိမ်ကိုပေး၍ မြှောက်စားလေ၏။

နှမတော်မြင်လျက်ချင်းချင်းစုံမက်

ထိုဥပသာဂရမင်းသားသည် ဥပကံသမင်းသားနှင့်အတူ ကံသမင်းကြီးထံ အခစားသွားသောအခါ တပင်တိုင်နန်း

ပြာသာဒ်ကိုမြင်၍မေးရာ နှမတော် ဒေဝဂဗ္ဘာမင်းသမီး ၏စံရာ နန်းပြာသာဒ်ဖြစ်ကြောင်း သိရလျှင် မင်းသမီး၌ တပ်စွန်းသောစိတ်ရှိလေ၏၊ ဒေဝဂဗ္ဘာမင်းသမီးလည်း တနေ့သ၌ မောင်တော် ဥပကံသမင်းသားနှင့် အတူသွားသော ဥပသာဂရမင်းသားကိုမြင်၍မေးမြန်းရာ မဟာသာဂရမင်းကြီး၏သားတော် ဥပသာဂရမင်းသားဖြစ်ကြောင်း သိရလျှင် မင်းသား၌ တပ်စွန်းသောစိတ်ရှိလေ၏။

ကျူးလွန်မျော်မိ ကိုယ်ဝန်ရှိ

တနေ့သ၌ ဥပသာဂရ မင်းသားသည် နန္ဒိဂေါပါ အထိန်းတော်ကြီးထံသွား၍တံစိုးလက်ဆောင်ပေးပြီးလျှင်"နှမ•• ဒေဝဂဗ္ဘာမင်းသမီးထံ ပို့နိုင်ပါမည်လော" ဟု မေး၏၊ "အရှင့်သား···· ဝန်မလေး၊ လျှောက်ထားပါဦးမည်"ဟု ဆို၍ ဒေဝဂဗ္ဘာမင်းသမီးအား ထိုအကြောင်းကိုလျှောက်ထားလေ၏၊ ဒေဝဂဗ္ဘာမင်းသမီးလည်း ပင်ကိုကပင် ဥပသာဂရမင်းသား၌ တပ်စွန်းသောစိတ်ရှိနေရကား ကောင်းပြီဟု ဝန်ခံလေ၏၊ နန္ဒိဂေါပါလည်း မင်းသမီးထံမှအခွင့်ရလျှင် ဥပသာဂရမင်းသားကို အမှတ်ပေး၍ ညဉ့်အခါ၌မည်သူမျှမသိရအောင် နန်းပြာသာဒ်ထက်သို့တင်လေ၏၊ မင်းသမီးနှင့် မင်းသားတို့သည် အလိုရှိတိုင်း မွေ့လျော်ပျော်ပါးကြကုန်၏၊ မွေ့လျော်ပျော်ပါးဘန်များလတ်သော် ဒေဝဂဗ္ဘာမင်းသမီး၌ ကိုယ်ဝန်တည်သဖြင့် ထင်ရှား၍လာလေ၏။

လက်ထပ်ပေးစား သမီးဖွါး

ထိုအခါ မောင်တော်တို့သည် နန္ဒိဂေါပါကိုခေါ်၍ မေးကြကုန်၏၊ နန္ဒိဂေါပါလည်းကြောက်ရွံ့သဖြင့် ဘေးမဲ့တောင်း

၍ ဟုတ်မှန်သောအတိုင်း အကြောင်းစုံကို လျှောက်ထားလေ၏၊ မောင်တော်တို့လည်း နှမတော်ကို မဖျက်ဆီးနိုင်သဖြင့် သမီးဘွားလျှင်ထားမည်၊ သားဘွားလျှင် ဖျက်ဆီးမည်ဟု ကြံစည်လျက် ဥပသာဂရမင်းသားနှင့် လက်ထပ်ကြကုန်၏၊ နောက်အခါ ကိုယ်ဝန်ရင့်၍ သမီးကိုဘွားမြင်၏၊ မောင်တော်တို့ကြားလျှင် အလွန်နှစ်သက်ကုန်၍ အဉ္စနဒေဝီဟု အမည်မှည့်ကုန်၏၊ နှမတော်နှင့် ယောက်ဖတော်တို့အားလည်း ဝဍ္ဎမာနမည်သော ရွာကို ကံကျွေးပေးကုန်၏၊ ဥပသာဂရမင်းသားလည်း ဒေဝဂဗ္ဘာကိုယူ၍ မိမိတို့စားရသော ဝဍ္ဎမာနရွာ၌ နေလေ၏။

လိမ်လည်ပြောကြား သမီးတော်ဖွါး

နောက်အခါ ဒေဝဂဗ္ဘာ မင်းသမီး၌ ကိုယ်ဝန်တည်ပြန်၏၊ နန္ဒိဂေါပါလည်း ထိုနေ့၌ပင် ကိုယ်ဝန်တည်၏၊ ကိုယ်ဝန်ရင့်လတ်သော် တနေ့ထည်းပင် ဒေဝဂဗ္ဘာသည် သားယောကျ်ားမွေးဘွား၍နန္ဒိဂေါပါသည်သမီးမိန်းမမွေးဘွား၏၊ ဒေဝဂဗ္ဘာလည်း ဖျက်ဆီးမည်ကို ကြောက်သဖြင့် မိမိသားကို လျှို့ဝှက်၍ နန္ဒိဂေါပါအားပေးပြီးလျှင် နန္ဒိဂေါပါသမီးကိုယူ၍ မိမိ၏သမီးပြုလုပ်ကာ မောင်တော်တို့အား သမီးဘွားမြင်ကြောင်း လျှောက်စေ၏၊ မောင်တော်တို့လည်း သမီးတော်ဘွားမြင်လျှင် မွေးကြဟုခွင့်ပြုကုန်၏။

မနှတော်သား တကျိပ်ဖွါး

ဤနည်းဖြင့် ဒေဝဂဗ္ဘာမင်းသမီးသည် သားတကျိပ် မွေးဘွား၏၊ နန္ဒိဂေါပါသည် သမီးတကျိပ်မွေးဘွား၏၊ သားနှင့်သမီးကို လဲလှယ်ကြ၍ သားတကျိပ်တို့သည် နန္ဒိဂေါပါ

ထံ၌ ကြီးပြင်းကြကုန်၏၊ သမီးတကျိပ်တို့သည် ဒေဝဂဗ္ဘာ ထံ၌ ကြီးပြင်းကြကုန်၏၊ ထိုအကြောင်းကို မည်သူမျှမသိ လေ၊ သားတကျိပ်တို့တွင် ပဌမသားကား ဝါသုဒေဝမည် ၏၊ ဒုတိယသားကား ဗလဒေဝမည်၏၊ တတိယသားကား စန္ဒဒေဝမည်၏၊ စတုတ္ထသားကား သူရိယဒေဝမည်၏၊ ပဉ္စမသားကား အဂ္ဂိဒေဝမည်၏၊ ဆဋ္ဌမသားကား ဝရုဏ ဒေဝမည်၏၊ သတ္တမသားကား အဇ္ဇုနမည်၏၊ အဋ္ဌမသား ကား ပဇ္ဇုနမည်၏၊ နဝမသားကား ဃဋပဏ္ဍိတမည်၏၊ ဒသမသားကား အင်္ကုရမည်၏၊ထိုညီနောင်တကျိပ်တို့သည် အန္ဓကဝေဏ္ဍု ကျွန်သားညီနောင်တို့ဟူ၍ အလွန်ထင်ရှား ကုန်၏။

မင်းဘဏ္ဍာလုယက်
ဆိုးစွမ်းလျက်

ထိုကျွန်သားညီနောင် တကျိပ်တို့သည် အရွယ် သို့ရောက်သော အခါ အား အစွမ်းနှင့်ပြည့်စုံကုန်၏၊ အလွန်ကြမ်း ကြုတ်ခက်ထန်ကုန်၏၊ လုယက်ဖျက်ဆီးကုန်၏၊ မင်းအား ဆက်သသော လက်ဆောင်ပဏ္ဏာကိုပင် လုယက်ဖျက်ဆီး ကုန်၏၊ထိုအခါလူတို့သည် နန်းရင်ပြင်၌ ကျွန်သားညီနောင် တို့တနိုင်ငံလုံးလုယက်ဖျက်ဆီးနေကြပါသည်ဟု ဟစ်အော် ကြွေးကြော်ကုန်၏၊ ကံသမင်းကြီးသည် အန္ဓကဝေဏ္ဍုကို ခေါ်စေ၍ "အဘယ်ကြောင့် သားတို့ကို လုယက်ဖျက်ဆီး စေဘိသနည်း"ဟု ခြိမ်းချောက်၏၊ ဤသို့လျှင် လူတို့သည် နှစ်ကြိမ်သုံးကြိမ်တိုင်အောင် ကြွေးကြော်ကြပြန်၏၊ အန္ဓက ဝေဏ္ဍုကိုခေါ်စေ၍ ခြိမ်းချောက်ပြန်၏၊ ထိုအခါ အန္ဓက ဝေဏ္ဍုသည်သေဘေးမှကြောက်သဖြင့် အလုံးစုံအကြောင်း မှန်ကို လျှောက်ထားလေ၏။

မင်းဥပါယ်ဆင်
ဖမ်းရန်ပြင်

မင်းကြီးလည်း အလွန်ကြောက်သဖြင့် အဘယ်အကြောင်းဖြင့် မင်းသားတို့ကို ဖမ်းကြမည်နည်း ဟု အမတ် တို့ကို မေးတော်မူ၏၊ အမတ်တို့လည်း မင်းသားတို့ကား လက်ဓွေ့သတ်ခြင်း လက်ပမ်းလုံးခြင်းကို ပြုလေ့ရှိကုန်၏၊ လက်ဓွေ့ပွဲ လက်ပမ်းပွဲပြုလုပ်၍ မင်းသားညီနောင် လာသောအခါ ဖမ်းမည်ဟု လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း သဘောကျသဖြင့် စာဏူရလက်ပမ်းသည်နှင့် မုဋ္ဌိကလက်ပမ်းသည်တို့ကို စေလွှတ်၍ ဤနေ့မှခုနစ်ရက်မြောက်သောနေ့၌ လက်ဓွေ့သတ်ပွဲ လက်ပမ်းလုံးပွဲကြီး ပြုလုပ်မည် ဟုစည်လည်စေ၏၊ မင်းရင်ပြင်၌ မဏ္ဍပ်ကြီးဆောက်လုပ်ကာ တန်ဆာဆင်၍ သူကောင်ချရာတွင်းကိုလည်းစီရင်၏။

မင်းသားလာလတ်
လက်ဓွေ့သတ်

ခုနစ်ရက်မြောက်နေ့၌ ပွဲသဘင်ကြီးခံလတ်သော် ကံသမင်းကြီးနှင့် အိမ်ရှေ့မင်းတို့ကိုယ်တိုင် ကြီးကြပ်၏၊ လူတို့လည်း ညောင်စောင်း အဆင့်ဆင့်ဖြင့် ကြည့်ရှုကြကုန်၏၊ ထိုအခါ စာဏူရလက်ပမ်းသည် မုဋ္ဌိကလက်ပမ်းသည်တို့သည် တန်ဆာဆင်၍ ပွဲအလယ်တွင် ကြွေးကြော်ကြုံးဝါးကာ လက်ပမ်းပေါက် တဖြောင်းဖြောင်းခတ်လျက် သွားကုန်၏၊ မင်းသားညီနောင်တို့လည်း အဝတ်ပန်းနံ့သာတို့ကို လုယက်လိမ်းကျံဝတ်ဆင်ကာ ကြွေးကြော် ကြုံးဝါးလျက် လက်ပမ်းပေါက် တဖြောင်းဖြောင်းခတ်ပြီးလျှင် ပွဲသဘင်တွင်းသို့ ဝင်လာကြကုန်၏။

လက်ဓွေ့လှူစွမ်း
မင်းသားဖမ်း

ထိုခဏ၌စာဏူရသည် လက်ပမ်းပေါက်ခတ်ကာ ပွဲသဘင်အလယ်၌ လှည့်ပတ်

လျက်နေ၏၊ ဗလဒေဝ မင်းသားသည် ဤလက်ပမ်းသည်ကို လက်ဖြင့်မထိစေအံ့ဟု ဆင်တင်းကုပ်မှ ကြီးစွာသော ဆင်ချည်သောကြိုးကိုယူခဲ့၍ ကြုံးဝါးလျက် ကြိုးကိုပစ်၍ စာရုရ၏ဝမ်း၌ ရစ်ပတ်ကာ လွန်နှစ်စကို တပေါင်းတည်းကျစ်ပြီးလျှင် အထက်သို့မြှောက်၍ ခေါင်းထက်၌ ချာချာလည်အောင် ဇွေ့ရမ်းကာ မြေ၌ ရိုက်ခတ်ပြီးလျှင် ပွဲပြင်သူကောင်ချရာတွင်း၌ ပစ်ချလိုက်၏။

မင်းလက်ဇွေ့သမား သတ်ပြန်ငြား

စာရုရလက်ပမ်းသည် သေလတ်သော် ကံသမင်းကြီးသည် မုဋ္ဌိက လက်ပမ်းသည်ကို စေလွှတ်ပြန်၏၊ မုဋ္ဌိကလက်ပမ်းသည်လည်း လက်ပမ်းပေါက်ခတ်ကာ ပွဲသဘင်အလယ်၌ လှည့်လည်လျက်နေ၏၊ ဗလဒေဝလည်း မုဋ္ဌိက လက်ပမ်းသည်ကို ပုတ်ခတ်၍ အရိုးအသားတို့ကို ကြေစေပြီးလျှင်“အမောင်···· လက်ပမ်းသည်လော”ဟု မေး၏၊ “ငါလက်ပမ်းသည် ပေတကား”ဟု ပြောဆိုစဉ်ပင်“ငါသည် သင်လက်ပမ်းသည် ဟုတ်သည်ကိုရင်း, မဟုတ်သည်ကိုရင်းငါမသိ”ဟု ပြက်ရယ်ပြုကာ လက်၌ကိုင်၍ မြေ၌ ရိုက်ခတ်ကာ သေစေပြီးလျှင် ပွဲပြင်သူကောင်ချရာတွင်း၌ ပစ်ချလိုက်ပြန်၏၊ မုဋ္ဌိကလည်း သေခါနီးတွင် ဗလဒေဝကို စားရလို၏ဟု ဆုတောင်းကာ ဘီလူးဖြစ်၍ ကာလမတ္တိက တောအုပ်၌နေ၏။

ဦးရီးသတ်လျက် ထီးနန်းတက်

ထိုအခါ ကံသမင်းကြီးသည် ကျွန်သားညီနောင်တို့ကို ဖမ်းကြကုန်ဟု ပြောဆိုကာထလေ၏၊ ဝါသုဒေဝ မင်းသားသည် စက်လက်နက်ကိုပစ်၍၊ ဦးရီးတော် မင်းညီနောင်

နှစ်ပါးတို့ ခေါင်းထက်၌ကျ၍ နတ်ရွာလားကုန်၏၊ ထိုအခါ သူအပေါင်းတို့သည် အလွန်ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် မင်းသားညီနောင် တကျိပ်တို့၏ ခြေရင်း၌ဝပ်ကုန်လျက် ကျွန်ုပ်တို့ ကိုးကွယ်ရာဖြစ်ပါကုန်ဟု လျှောက်ထားကုန်၏၊ မင်းညီနောင် တကျိပ်တို့သည် အသိတဉ္စနမြို့၌ မင်းပြုကြကုန်၏၊ မယ်တော် ခမည်းတော်တို့ကိုလည်း ထိုမြို့မှာပင် ထားကြကုန်၏။

မြို့ကိုသိမ်းရန် ကောင်းကင်ပျံ

မင်းညီနောင်တို့သည် ဇမ္ဗူဒိပ် တကျွန်းလုံးမင်းအဖြစ်ကို ယူမည်ဟု မြို့မှထွက်၍ အစဉ်သဖြင့် ကာလယောနကမင်းကိုဖမ်း၍ အယုဇ္ဈပြည်ကိုယူပြီးလျှင် ဒွါရာဝတီမြို့သို့ သွားကြကုန်၏၊ ထိုမြို့ကား မျက်နှာတဘက်၌သမုဒ္ဒရာ၊ မျက်နှာတဘက်၌ တောင်ရှိ၏၊ ဘီလူးတို့သိမ်းဆည်းသော မြို့ဖြစ်သတတ်၊ မြို့ကိုစောင့်ရှောက်သော ဘီလူးသည် ရန်သူကိုမြင်လျှင် မြည်းအသွင်ဖြင့်မြည်၏၊ ထိုအခါ မြို့သည် ပျံတက်ကာ သမုဒ္ဒရာအလယ် ကျွန်းငယ် တခု၌ တည်၏၊ ရန်သူတို့သွားလတ်သော် တဘန်မိမိနေရာသို့ပြန်၍ တည်မြဲတိုင်းတည်၏။

ဆရာ လျှောက်ထား နည်းပြောကြား

ထိုမင်းညီနောင် တို့သည် ဒွါရာဝတီမြို့သို့ ရောက်လတ်သော် ဘီလူး သည် မြည်းအသွင်ဖြင့်မြည်၏၊ မြို့သည်ပျံတက်၍ သမုဒ္ဒရာအလယ် ကျွန်းငယ်တခု၌တည်၏၊ မြို့ကိုမမြင်၍ ပြန်ကုန်လတ်သော်တဖန်မြို့လည်းတည်မြဲတိုင်းတည်ပြန်၏၊ နောက်တကြိမ် လာသောအခါလည်း ရှေးနည်းတူပင် ဖြစ်ပြန်၏၊ မင်းသား တို့သည် သိမ်းယူခြင်းငှါ မတတ်

နိုင်သဖြင့် ကဏှာဒီပါယနရသေ့ထံသွားကာ ထိုအကြောင်းကိုလျှောက်ထားကုန်၏၊ ရသေ့သည် "မင်းသားတို့.... ကျုံးအပြင်၌ မြည်းတကောင်ရှိ၏၊ ထိုမြည်းသည် ရန်သူကိုမြင်လျှင် မြည်၏၊ ထိုခဏ၌ မြို့သည် ကောင်းကင်သို့ ပျံတက်၍သွား၏၊ သင်တို့သည် မြည်း၏ခြေတို့ကိုကိုင်ကြကုန်သိမ်းယူနိုင်လိမ့်မည်"ဟု ပြောဆိုလေ၏။

မြို့စောင့်တောင်းပန်အောင်မြင်ရန်

ထို့နောက် မင်းညီနောင်တို့သည်မြည်းထံသို့သွား၍ ခြေတို့ကိုကိုင်ကာ ဝပ်၍ "အရှင်.... အကျွန်ုပ်တို့မြို့ကို သိမ်းယူသောအခါ မမြည်ပါလင့်"ဟု တောင်းပန်၏၊ "မင်းသားတို့.... ငါမမြည်ဘဲမနေနိုင်၊ ရှေးဦးစွာလေးယောက်သောသူတို့သည် သံချောင်းကြီးလေးခုတို့ကိုယူ၍ သံကွင်းတပ်ပြီးလျှင် မြို့တံခါးလေးမျက်နှာတို့၌ ကြီးစွာသော သံတံတင်းတို့ကိုစိုက်ထားကြကုန်၊ မြို့ပျံမည်ပြုသောအခါ သံချောင်းရှိသံကွင်းတို့ကို သံတံတင်း၌ စွပ်ထားကြကုန်၊မပျံနိုင်လတံ့"ဟု ပြောလေ၏၊ မင်းသားတို့လည်း မြည်းပြောတိုင်း အသင့်စီမံ၍ထားကြကုန်၏၊ ထိုခဏ၌ မြည်းသည်မြည်၏၊ မြို့သည်ပျံတက်ရန်ကြိုးစား၏၊ တံခါးလေးမျက်နှာရှိ မင်းသားလေးယောက်တို့သည် သံချောင်းတို့ကိုကိုင်ကာ ထိုသံချောင်းရှိသံကွင်းတို့ကို စိုက်ထားသောသံတံတင်း၌ စွပ်ကြကုန်၏၊မြို့သည်ပျံမတက်နိုင်လေ၊ ထိုအခါမင်းသားတို့သည် မင်းကိုသတ်၍ မြို့ကိုသိမ်းယူကြကုန်၏။

ခွဲဝေယူရမင်းလုပ်ကြ

ဤသို့လျှင် ဇမ္ဗူဒိပ်ကျွန်းဝယ် ခြောက်သောင်းသုံးထောင်သောမင်းတို့ကို ဖမ်း၍ခြောက်သောင်းသုံးထောင်သောမင်း

တို့ကိုသိမ်းယူပြီးလျှင် ကေရာဇ်မင်းပြုလျက် ဒွါရာဝတီမြို့မှာ ပင် နေကြကုန်၏။

ဇမ္ဗူဒိပ်တကျွန်းလုံး ရရှိသောအခါ မင်းသားတို့သည် ဆယ်စုပြု၍ဝေကုန်၏၊ နှမတော် အဉ္ဇနဒေဝီအတွက် သတိမရဘဲကျန်ရစ်ခဲ့၏၊ ထို့နောင် ဆယ့်တစုပြု၍ဝေကြမည်ရှိရာ အင်္ကုရမင်းသားသည် အကျွန်ုပ်၏အစုကို နှမတော်အား ပေးပါ၊ ကုန်သွယ်၍အသက်မွေးပါမည်၊ ကင်းခွန်ကိုလွှတ်ပါဟုတောင်းပန်၏၊ နောင်တော်တို့လည်း ကောင်းပြီဆို၍ အင်္ကုရမင်းသား၏အစုကို နှမတော်အားပေး၍ နှမတော် အဉ္ဇနဒေဝီနှင့် မောင်တော်ကိုးယောက်တို့သည် ဒွါရာဝတီ မြို့၌ နေကြကုန်၏။

သားသေပူဆွေးမှု ပရိယာယ်ပြု

အင်္ကုရမင်းသားသည် ကုန်သွယ်၍ အသက်မွေး၏၊ နောက်အဘို့၌ သားသမီးတို့ကိုပွားကုန်၏၊ ကြာမြင့်သော် မယ်တော်ခမည်းတော်သို့လည်း သေလွန်ကုန်၏၊ ထိုအခါ လူတို့အသက်တန်းကား နှစ်ပေါင်းတသောင်းရှည်သတတ်။

ထိုအခါ ဝါသုဒေဝမင်းကြီးအား သားတော်တယောက် သေလွန်လေ၏၊ မင်းကြီးသည် သောက အလွန်နှိပ်စက်လျက် ညောင်စောင်းပေါင်၌ဘက်ကာ အိပ်၍သာနေတော့၏၊ ညီတော်ဃဋပဏ္ဍိတသည် နောင်တော်၏သောကကို ငါမှတပါး ဖျောက်နိုင်သူမရှိ ပရိယာယ်ဖြင့်ဖျောက်အံ့ဟု ကြံစည်ကာ သူရူးအသွင်ကိုယူလျက် ငါ့အား ယုန်ပေးပါ၊ ယုန်ပေးပါဟု ဆိုမြည်တမ်းကာ ကောင်းကင်သို့မော်ကြည့်လျက် တမြို့လုံးလှည့်လည်၏။

ညီတော်ဖြစ်အင်မင်းလျှောက်တင်

ထိုအခါ ဃဋပဏ္ဍိတမင်းသား ရူးပြီဟု တမြို့လုံး ချောက်ချားလေ၏၊ ထိုခဏ၌ ရောဟိဏေယျ အမတ်သည် ဝါသုဒေဝ မင်းကြီးထံသွား၍—

"အရှင်မင်းကြီး.... ထတော်မူပါ၊ အဘယ် ကြောင့်အိပ်ဘိသနည်း၊ အရှင်မင်းကြီးအား အိပ် ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အရှင်မင်းကြီး ၏ ညီတော်ရင်းဖြစ်သော ဃဋပဏ္ဍိတကား နှလုံး သည်းပွတ်နှင့်တူ၏၊ လက်ျာမျက်စိနှင့်တူ၏၊ ထိုညီ တော်သည် နှလုံးကိုလေခတ်သဖြင့် ရူးသွပ်ကာ ယုန်ပေးပါ၊ ယုန်ပေးပါဟု မြည်တမ်းဘိ၏"—

ဟု လျှောက်ထားလေ၏။

ညီတော်ဖြစ်ရေး မင်းကြီးမေး

မင်းကြီးလည်း လျင်မြန်စွာထ၍ ဃဋ ပဏ္ဍိတထံသွားပြီးလျှင် လက်နှစ်ဘက် တို့ကို ကိုင်လျက်—

"အို-ညီထွေးဃဋပဏ္ဍိတ.... အဘယ့်ကြောင့် သူရူးကဲ့သို့ဖြစ်ရသနည်း၊ အဘယ်ကြောင့် ဤဒွါရာ ဝတီ တမြို့လုံးကိုလှည့်လည်လျက် ယုန်ပေးပါ၊ ယုန် ပေးပါဟု မြည်တမ်းဘိသနည်း၊ အဘယ်သူသည် သင့်ယုန်ကို ခိုးယူထားသနည်း"—

ဟု မေးမြန်းလေ၏၊ ဃဋပဏ္ဍိတသည် ဝါသုဒေဝမင်း ကြီးမေးသော်လည်း မပြောသေးဘဲ အဘန်ဘန် ယုန်ပေး ပါ၊ ယုန်ပေးပါ ဟု မြည်တမ်းမြဲသာ မြည်တမ်းလျက် နေ၏၊ ထိုအခါမင်းကြီးသည်—

"အို-ညီတွေးယင့ပဏ္ဍိတ.... သင့်အား ရွှေဖြင့်ပြီးသောယုန်, ငွေဖြင့်ပြီးသောယုန်, ပတ္တမြားဖြင့်ပြီးသောယုန်, ကြေးနီဖြင့် ပြီးသောယုန်, ခရုသင်း, ကျောက်သလင်း, သန္တာဖြင့် ပြီးသောယုန်တို့ကို ပြုလုပ်စေမည်၊ ထိုမှတပါး တောခ္ဓကျက်စားသောယုန်ငယ်တို့ကိုလည်း သင့်အားဆောင်ယူ၍ပေးမည်၊ သင်သည် ဘယ်သို့သောယုန်ကို အလိုရှိသနည်း"—

ဟု မေးမြန်းပြန်၏။

ညီငယ်လျှောက်တင်မင်းဆင်ခြင်

ညီတော်သည် နောင်တော်၏မေးသောစကားကို ကြားလျှင်—

"အို-နောင်တော်မင်းမြတ်.... အကျွန်ုပ်သည် မြေကြီး၌မှီ၍နေကုန်သော ယုန်တို့ကို အလိုမရှိပါ၊ လ၌ထင်သောယုန်ကို အလိုရှိပါ၏၊ ထိုယုန်ကိုချဆောင်၍ ပေးပါ"—

ဟု ပြောဆိုလျှောက်ထားလေ၏၊ ထိုစကားကိုကြားလျှင် နောင်တော်မင်းကြီးသည် ညီတော်ကား မုချရူးချေပြီဟု နှလုံးမသာသည်ဖြစ်၍—

"အို-ညီတွေးယင့ပဏ္ဍိတ.... သင်ကား လ၌ထင်သော မတောင့်တ ကောင်းသော ယုန်ကို တောင့်တဘိ၏၊ သင်ကား ကောင်းမြတ်သော အသက်ကိုမူလည်း စွန့်ရလိမ့်မည်၊ ထိုယုန်ကိုရနိုင်မည်မဟုတ်"—

ဟု ပြောဆိုလေ၏။

မတောင့်တအပ်မှု လျှောက်ထားပြု

ထိုအခါ ဃဋပဏ္ဍိတသည် နောင်တော် စကားကို ကြားလျှင် မတုန် မလှုပ် ရပ်လျက်—

''အို-နောင်တော်မင်းမြတ်···· ဤသို့လဒ္ဓထင် သောယုန်ကို မရနိုင်ဟုသိ၍ သူတပါးကို အကယ် ၍ ဆိုးမသည်ဖြစ်အံ့၊ ထိုသို့သိပါလျက် ရှေးလေး လလောကက သေလွန်ပြီးဖြစ်သောသားကို ယခု ထက်တိုင်အောင် အဘယ်ကြောင့် စိုးရိမ်ဘိ သနည်း''—

ဟု မေးမြန်းလျှောက်ထားပြီးလျှင် ခရီးလမ်းမ၌ ရပ် လျက်ပင်—

''အို-နောင်တော် မင်းမြတ်···· ဖြစ်ပြီးသော သားသည် တဘန်မသေပါစေလင့်ဟု လူ, နတ်, ဗြဟ္မာတို့သည် တောင့်တ၍မရအပ်ကုန်၊ထို့ကြောင့် တောင့်တ၍ မရအပ်သောသဘောကို တောင့်တ နေသဖြင့် အဘယ်မှာရနိုင်အံ့နည်း''။

ညီတော်လျှောက်တင်သောကစင်

''အို-နောင်တော်မင်းမြတ်·· သင်ကား တမလွန်ဘဝသို့ သွားလေပြီးသော သူ ကို အဘယ်ကြောင့် စိုးရိမ်ဘိသနည်း၊ မန္တရား, ဗေဒင်, မြစ်ပေါင်းဆေး, အလူးလူးသော ဆေး, ဥစ္စာပေးခြင်းတို့ဖြင့် တဘန် ဆောင်ခြင်းငှါ မတတ်ကောင်းပါ''—

ဟု ကျိုးကြောင်းပြကာ တရားဟောလေ၏။

ထိုအခါ နောင်တော် ဝါသုဒေဝမင်းကြီးသည် ညီတော့် စကားကို ကြားလျှင် သတိရ၍ ငါ့အား စိုးရိမ်သောကကို

ဖျောက်ခြင်းငှါ ညီတော်သည် ဤသို့သောပရိယာယ်ကို ပြု ပေ၏ဟုချီးကျူးလေ၏၊ ငိုကြွေးမြည်တမ်းခြင်းကိုမပြု သော ကငြိမ်းလေ၏။

ရသေ့စုံစမ်းရန် ကိုယ်ဝန်ဟန်

ထို့နောင် မင်းညီနောင် တကျိပ်တို့၏ သားတော်မင်းသားတို့သည်"အမောင်တို့.... ကဏှဒီပါယန ရသေ့ကြီးသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရသည်ဟု ပြောစမှတ်ပြုကြ၏၊ငါတို့ သိရအောင်စုံစမ်းမည်ဟု တိုင်ပင်ညီညွတ်ကာ မင်းသား ငယ်တယောက်ကို တန်ဆာဆင်၍ ကိုယ်ဝန်ဆောင်မိန်းမ အဟန်ဆောင်စေပြီးလျှင် ရသေ့ကြီးထံ ခေါ်ဆောင်ပြီးလျှင် "အရှင်ဘုရား....ဤသူငယ်မသည် အဘယ်ကို ဘွားမြင် လတံ့နည်း"ဟု လျှောက်ထားကုန်၏။

ရသေ့ပြောကြားက သတ်ပုတ်ကြ

ထိုအခါ ရသေ့ကြီးသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုလတ်သော် မင်းညီနောင်တကျိပ်တို့ ပျက်စီးချိန် ရောက်သည်၏အဖြစ်ကိုဂင်း, ယနေ့ပင် မိမိသေရမည့်အဖြစ်ကို ဂင်းသိ၍ "မင်းသားတို့...ဤသားဘွားမြင်ခြင်းအကြောင်း ဖြင့် အဘယ်အကျိုးရှိမည်နည်း"ဟု ပြော၏၊ "အရှင် ဘုရား..အမိန့်ရှိတော်မူပါ"ဟုမေးပြန်၏၊ "မင်းသားတို့.. ဤနေ့မှစ၍ ခုနစ်ရက်မြောက်နေ့၌ ရှားသားတို့ကို ဘွား မြင်လတံ့၊ ထိုရှားသားတုံးဖြင့် ဝါသုဒေဝမင်းမျိုးပျက်စီး လတံ့၊စင်စစ်သော်ကား သင်တို့သည် ဘွားမြင်သော ရှား သားတုံးကိုယူ၍ မီးဖုတ်ပြီးလျှင်ပြာကိုမြစ်၌ချကြလော့"ဟု မိန့်တော်မူ၏၊ ထိုအခါ မင်းသားတို့သည် "ဟယ်-စဉ်းလဲ သောရသေ့ပျက်....ယောကျ်ားသည် သားဘွားသောမည်

သည် မရှိခဲ့တကား”ဟု ပြောဆိုကာ ကြီးဖြင့်ထန်းဖူးစီး စီး၍ ညှဉ်းဆဲသတ်ပုတ်ကြကုန်၏၊ ရသေ့ကြီးလည်း ထိုအ ရပ်မှာပင် သေလွန်လေ၏။

ရသေ့ဟောသမျှ ပျက်စီးရ

မင်းကြီးလည်း မင်းသား ငယ်တို့ကို ခေါ်စေ၍ မေးတော်မူရာ အကြောင်း စုံလျှောက်ထား ကြလျှင် အလွန် ကြောက်လန့်တော်မူ၏၊သူငယ်ကိုလည်းအစောင့်အရှောက် ပေးတော်မူ၏၊ ခုနစ်ရက်မြောက်နေ့၌ ရှားသားတုံးကို ဘွားမြင်လေ၏၊ ယူပြီးလျှင်မီးဖုတ်၍ ပြာကိုမြစ်၌ မျှောကြ ကုန်၏၊ ထိုပြာသည် မြစ်ကမ်းပါးတဘက်၌ တင်လေ၏၊ ထိုနောက် မြိန်းမြက်တို့သည် ပေါက်ကုန်၏။

တနေ့သ၌ မင်းသားတို့သည် မြစ်ဝ၌ မဏ္ဍပ်ဆောက် လုပ်ပြီးလျှင် အကြီးအကျယ် ရေပွဲသဘင် ကစားကုန်၏၊ စားကြသောက်ကြစဉ် ခြေလက်ထိပါးသဖြင့် နှစ်စုကွဲကာ ကြီးစွာသော ခိုက်ရန်ကို ပြုကုန်၏၊ ရိုက်နှက်ရန်လက်နက် မရသဖြင့် မြိန်းရွက်တို့ကို ကိုင်ကုန်၏၊ ကိုင်တိုင်းကိုင်တိုင်း သော မြိန်းရွက်တို့သည် ရှားသား ကျည်ပွေ့ဖြစ်ကုန်၏၊ ထိုရှားသားကျည်ပွေ့ဖြင့် အချင်းချင်းသတ်ပုတ်ကာ ကြီးစွာ သော ပျက်စီးခြင်းသို့ ရောက်ကုန်၏။

လက်ဖွေ့ဟန်ကြွား ညီကိုစား

ထိုအခါ ဝါသုဒေဝမင်းကြီး၊ ဗလဒေဝ မင်းကြီး၊ နှမတော်အဉ္စနဒေဝီ၊ ပုရော ဟိတ်ပုဏ္ဏား ဤလေးယောက်တို့သည် ရထားစီး၍ ပြေးကြကုန်၏၊ ကာလမိတ္တိက တောအုပ်သို့ ရောက်လျှင် ရန်သူဖြစ်ဘူးသော ဘီလူးကြီးသည် ဗလဒေဝ မင်းကြီး လာသည်ကိုမြင်လျှင် တောအုပ်၌ ရွာဘန်ဆင်း

၍ လက်ပမ်းသည် အသွင်ဖြင့် ဘယ်သူလက်ဖွဲ့ သတ်လိုသနည်း၊ လက်ပမ်းလုံးလိုသနည်း ဟုကြုံးဝါးကြွေးကြော်လျက် လက်ပမ်းပေါက်ခတ်ကာ လှည့်လည်၏၊ ဗလဒေဝမင်းကြီးသည် နောင်တော်အား လက်ဖွဲ့သတ်လိုသည် ဟုပြောဆိုလေ၏၊ ဝါသုဒေဝမင်းကြီး တားမြစ်စဉ်လျှင်ရထားမှ ဆင်း၍ ဘီလူးထံသွားကာ ဟစ်အော်ကြုံးဝါးလျက် လက်ပမ်းပေါက်ခတ်၏၊ဘီလူးသည် ဆန့်သောလက်ဖြင့်သာ ကိုင်၍ ကြာစွယ်ကြာရင်းကို စားသည့်အလားစားလေ၏။

မုဆိုးလုံချက်မင်းသက်ထွက်

ဝါသုဒေဝမင်းကြီးလည်း ဗလဒေဝမင်းကြီး သေလွန်သည်ကိုသိလျှင် နှမတော်အဉ္စနဒေဝီနှင့် ပုရောဟိတ်တို့ကို ယူ၍ညဥ့်သုံးယာမ် ပတ်လုံး သွားရာ နံနက်မိုးသောက်သောအခါ တခုသော ရွာစွန်အရပ်သို့ ရောက်လျှင်ထမင်းချက်၍ယူခဲ့ဟု မှာထား၍ နှမတော်နှင့် ပုဏ္ဏားကိုလွှတ်လိုက်၏၊ မိမိမူကား ခြုံတခုထဲတွင် အိပ်လေ၏၊ ထိုအခါဇရာမည်သော မုဆိုးတယောက်သည် ခြုံလှုပ်သည်ကိုမြင်လျှင် ဝက်ဖြစ်လိမ့်မည်ထင်၍ လှံဖြင့် ထိုးလိုက်၏၊ ဝါသုဒေဝမင်းကြီး၏၊ ခြေ၌လှံစူးလေ၏၊ မင်းကြီးသည်သတိထား၍ထပြီးလျှင် ဦးရီး မကြောက်လင့်၊ လာပါဟုခေါ်၏။

ဒွါရဝတီမြို့ကြီးလွှန်ပျက်စီး

မုဆိုး လာလတ်သော် အမည်ကိုမေး၍ဇရာမည်ကြောင်း လျှောက်ထားလျှင်ဇရာမည်သောသူ ထိုး၍ သေလိမ့်မည်ပညာရှိတို့ ပြောဘူးသတတ်၊ မချွတ်လျှင် ယနေ့ငါသေရ

တော့မည်၊ လှံကိုနှုတ်၍ ကြပ်စည်းပါဟု ခိုင်းလေ၏၊မှူဆိုး လည်း ကြပ်စည်းပြီးလျှင် သွားလေ၏၊ ဝါသုဒေဝမင်းကြီး သည်ဝေဒနာပြင်းထန်လှသဖြင့် နှမတော်တို့ ဆောင်ယူခဲ့ သော ထမင်းကိုပင် မစားနိုင်တော့ချေ။

သေခါနီးလတ်သော် နှမနှင့်ပုဏ္ဏားတို့ကို ခေါ်၍ သင် တို့သည် နူးညံ့သိမ်မွေ့ကုန်၏၊တစုံတခုသောအမှုကို ပြုလုပ် ၍ အသက်မွေးနိုင်ကြမည် မဟုတ် ဟု ပြောဆိုဆုံးမပြီး လျှင် မန္တန်တခုသင်ပေး၍ လွှတ်လိုက်၏၊ မင်းကြီးသည် ထိုမြို့ထဲမှာပင် နတ်ရွာစံလေ၏၊ ဤသို့လျှင် အဥ္စနဒေဝီ ကိုထား၍ မင်းညီတော်တကျိပ် သားမြေးတို့နှင့် ဒွါရာဝတီ ပြည်သူပြည်သားတို့သည် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏။

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သားသေသော သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည် လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ရောဟိဏေယျသည်-ယခုအခါ အာနန္ဒာ။

※ ဝါသုဒေဝမင်းကြီးသည်-သာရိပုတ္တရာ။

※ ကြွင်းသောပရိသတ်သည်-ဘုရားပရိသတ်။

※ ဃဋပဏ္ဍိတသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တောင့်တမရ၊ သဘာဝ၊ တောင့်တမပြုရာ။

(၂) တေဘူမက၊ သင်္ခါရ၊ မုချပျက်စီးရာ။

(၃) သေသူရည်ပြု၊ ကုသိုလ်စု၊ ပေးမှုဘိုဘာဂါ။

ဿဠပဏ္ဏာသ်ဇာတ်ပြီး၏။

ဒသကနိပါတ်စကားပြေပြီး၏။

ဆဋ္ဌမတွဲ ပြီးပြီ။